
www.burmeseclassic.com



# ရှေ့ဆောင် ရွာသော်မကြွ

# THE VILLAGE THAT WOULDN'T DIE

[By]

NGUYEN NGOC

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး……………………ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး…………ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး……………ဒို့အရေး
ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်
ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်
အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း
သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်
ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အထောက်တော်လှအောင်

# ချေသော်မကျေ

ဗီယက်နမ်နိုင်ငံ စာရေးဆရာအသင်းမှ
ချီးမြှင့်သော
အမျိုးသားစာပေ ပထမဆုရ

# The Village That Wouldn't Die

By

NGUYEN NGOC

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၂၁၃၃၃၊ ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ် ၁၅၉၈ / ၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၁၃ / ၂၀၀၄ (၄)
ထုတ်ဝေသည့်အကြိမ် တတိယအကြိမ်
၂၀၀၄ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀
အဖုံးနှင့်အတွင်းသရုပ်ဖော် ကိုစိုးအောင်
ဖလင် ကိုလှဝင်း
စာအုပ်ချုပ် ပပစိုး
ထုတ်ဝေသူ ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ - ၀၁၉၄၅)
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် ရတနာအော့ဖ်ဆက်
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး ၈၀၀ - ကျပ်

## မြန်မာပြန်သူ၏အမှာ

စာတစ်အုပ် ရေးဖြစ်ခြင်းသည် ကျွန်တော့်အတွက် သားရတနာတစ်ပါး ဖွားမြင်ခြင်း မည်ပါသည်။

ကျွန်တော့်သားသည် ရုပ်ချောရုပ်လှ ဖြစ်ချင်မှ ဖြစ်မည်။ အိုနာကျိုးကန်း ဖြစ်ချင် ဖြစ်မည်။

သို့သော် ကျွန်တော့်သားသည် . . .

အရုပ်ဆိုးအကျင့်ယုတ်သောသား မဖြစ်စေရပါ။ မြို့ရွာကို အန္တရာယ်ပေးသည့် သား မဖြစ်စေရပါ။ တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်သောသား မဖြစ်စေရပါ။

မိတ်သက်ဆွေပြောင်းသောသား မဖြစ်စေရပါ။ မယုံကြည်ဘဲနှင့် ရှေ့တန်း အတက် ထောက်ခံပြီး နောက်ကျောမှာ ဖွက်ဝှင်ခင်းသည့်သား မဖြစ်စေရပါ။ တိရစ္ဆာန်လို အထက်ပင့် အောက်ဖိသည့်သား မဖြစ်စေရပါ။

ဘယ်သူသေသေ ငတေမာပြီးရော သဘောထားတတ်သည့်သား မဖြစ်စေရပါ။ တစ်တိုင်းတစ်ပြည်လုံး ငါ့လိပ်စာထိုင်တားနေသည်ဟူသော စိတ်ထားဖြင့် မောက်မာရိုင်းစိုင်းသည့်သား မဖြစ်စေရပါ။

အမှန်တရား၊ အရှိတရား၊ အဖြစ်တရားများကို ဖုံးကွယ်ပိတ်ဆို့သည့်သား မဖြစ်စေရပါ။ အခွင့်အရေးနှင့် တန်ခိုးအာဏာကို အကာအကွယ်ယူပြီး အရှက်မဲ့သော၊ အသိပျက်သော၊ စည်းကမ်းပျက်သော၊ ယုံကြည်ချက်ပျက်သော၊ ယုံချက်ပျက်သောသား မဖြစ်စေရပါ။

မကောင်းတရားများ ရှိလျက်နှင့် အကောင်းတရားများသာ ဖြစ်တွန်းသည့် ဟန်ဆောင်၊ အမှားတရားများ ရှိလျက်နှင့် အမှန်တရားများသာ ဖြစ်ပေါ်ဟု မြင်အောင်၊ အပျက်တရားများ ရှိလျက်နှင့် အဖြစ်တရားများသာ

www.burmeseclassic.com

www.burmeseclassic.com

တည်သည်ဟု ယုံကြည်အောင်၊ ဗောင်းတော်ညိတ် စိတ်တော်သိသောသာ မဖြစ်စေရပါ။

ယခု သည်ဝတ္ထုကို ကျွန်တော် ဘာသာပြန်ပါသည်။ ဝတ္ထုရေးရတောင်း လားဟု ကျွန်တော့်မိတ်ဆွေများက ကျွန်တော့်ကို ရယ်သွမ်းသွေးကြပါသည်။

ကျွန်တော့်ရင်ကို ပုတ်ခတ်လှိုင်းထန်စေသည့် အကြောင်းအရာပေါင်း မြောက်မြားစွာ၊ စကားလုံးပေါင်း မြောက်မြားစွာတို့ ပါဝင်နေသောကြောင့် သည်ဝတ္ထုကို ရွေးပြီး ဘာသာပြန်ရခြင်း ဖြစ်ပါသည်။ ယင်းတို့အနက် စကားလုံး အချို့ကို ကောက်နုတ်ဖော်ပြပါမည်။

*××× ကိုညိုပုရယ်၊ ကျွန်မက ပါတီဝင်ရဲ့မယားဆိုတော့ ကျွန်မပဲ အနစ်နာခံပါ့မယ်၊ ကျွန်မပဲ အငတ်ခံပါ့မယ် ×××*

*××× တို့ပါတီဝင်တွေက အနစ်နာခံပြီး လုပ်ပြမှ ကျွန်တဲ့ရွာသားတွေ မနိုင်မကပ် လုပ်ကြမှာပေါ့၊ တို့က အခွင့်အရေးရှာပြီး အချောင်သမားလုပ်နေရင် သူတို့ကို ဘယ်လိုလုပ် စည်းရုံးလို့ရမလဲ ×××*

*××× ကိစ္စမရှိဘူး။ တို့က ပါတီဝင်၊ တို့ အငတ်ခံမယ်၊ ရွာသားတွေကို ရှိသမျှဆန် ဝေသာပေးလိုက် ×××*

*××× ဘာအခွင့်အရေးမှ မယူနဲ့၊ အနစ်နာခံစရာရှိရင် ကိုယ်အရင်ခံ၊ စံစရာရှိရင် ရွာသားတွေ စံပစေ ×××*

*××× စံပြသူရဲကောင်းဘွဲ့ ကျွန်တော့်ကို မပေးပါနဲ့ဗျာ၊ ဦးလေးပါကိုသာ ပေးလိုက်ပါ။ ဘွဲ့လိုချင်လို့ တိုက်ခဲ့တာ မဟုတ်ပါဘူး ×××*

*မျောက်ဥ ကြွေးဥကိုစား၊ ဆားအဖြစ် ပြာကိုလျက်၊ ကျောက်လက်နက်ကို ကိုင်စွဲပြီး ဖိနှိပ်သူကို ခုခံတော်လှန် တိုက်ခိုက်ကြလေရာ ×××*

ထိုစကားလုံးများသည် ကျွန်တော့်ရင်ကို ဦးစွာ လာရောက် ပုတ်ခတ်ကြပါသည်။ ပြီးတော့ ကျွန်တော့်ရင်တွင်းမှာ ကြီးစွာ လှိုင်းထန်စေပါတော့သည်။

နောက်ပြီးတော့ ကျွန်တော့် တစ်ကိုယ်လုံးကိုလည်း ကြက်သီးဖြန်းဖြန်း ထစေပြန်ပါသည်။ နောက်ထပ်ပြီးတော့ ကျွန်တော့်ရင်ကို နှမ်းဟိုက်တုန်မောစေခဲ့သည်။ ထိုအရာခပ်သိမ်းတို့၏ နောက်ဆုံးတွင် ကျွန်တော် ပြုံးလိုက်မိပါသည်။

မှန်ပါသည်။

အလွန်တရာ အင်အားကုန်ခန်း ပန်းလျှနွမ်းနယ်သော မချိလွန်းသည့် အပြုံးဖြင့် ပြုံးလိုက်မိခြင်း ဖြစ်ပါသည်။

သည်မျှဆိုလျှင် သည်စာအုပ်ကို ကျွန်တော် ရွေးချယ်ရသည့် ရည်ရွယ်ချက်အကြောင်း စာဖတ်သူ သဘောပေါက်ပြီ ဖြစ်ပါသည်။

သည်စာအုပ်တွင် လူအမည်၊ မြို့ရွာအမည်နှင့် ပတ်သက်၍ မြန်မာအမည်များကို အများအပြား ဖတ်ရှုရပါမည်။

ဗီယက်နမ်လူမျိုးတို့၏ အမည်များသည် ကျွန်တော်တို့ မြန်မာအမည်များနှင့် အလွန် နီးစပ်ပါသည်။ ဥပမာ ဤစာအုပ်ပါ အမည်များအနက် . . .

| | |
|---|---|
| ဦးလေးပါ | Bok Pa |
| မောင်ထွန်း | Tun |
| မလေးယု | Lieu |
| ရဲဘော်ဌေး | Thê |
| မေ | May |
| မောင်ချစ်ကြီး | Chip |

စသည်များသည် ကျွန်တော်တို့ မြန်မာအမည်များနှင့် နီးစပ်လွန်းပါသည်။ ထို့ကြောင့် မှတ်ရ လွယ်ကူစေရန် မြန်မာအမည်များနှင့် အသံဖလှယ်ယူလိုက်ပါသည်။

ချွတ်ချော်တိမ်းပါးမှု လုံးဝ မရှိရန် တတ်စွမ်းသမျှ ကြိုးစားပါသည်။ တစ်စုံတစ်ရာ ပါရှိနေဦးမည် ဆိုပါက ခွင့်လွှတ်ပါရန် ညွတ်နူးစွာ ပန်ကြားအပ်ပါသည်။

**အထောက်တော်လှအောင်**

သုဝဏ္ဏ၊
၁၉၇၅၊ ဩဂုတ်လ ၂၁။

www.burmeseclassic.com

www.burmeseclassic.com

# မလေးယု

"မအေးရေ အယ်လိုလဲဟေ့၊ ကောက်ရိုးမီးရှို့ လက်တွေ ကိုင်နေပြီလား။ ဟိုမှာ မြေကြီးညိုလိုက်တာမယ်ပဲ၊ ငှက်ကလေးတွေရဲ့ အတောင်တွေ နေရောင်လက်နေ တာ မလှဘူးလားကွ"

ဖခင်ကြီးတစ်စုသည် လယ်ကွင်းထဲမှာ စပါးနှံများကို ကောက်ယူနေကြ၏။ မချိုသူ တစ်စုတစ်ဝေးတက်မှ သူတို့ကို ကြောက်လန့်ခြင်း မရှိ၊ သို့သော်လည်း လည်ချောင်းကိုဆန့်၍ ဝေါ်များကိုအော်ကာ ပံသာသို့ပြန်ကြပြီး ဗုန်းခနဲ ထပျံသွား ကြသည်။ သူတို့၏ အတောင်ပံများဖြင့် နေရောင်ကို သယ်ဆောင်သွားကြ သမယောင် ထင်မှတ်ရလေသည်။

မအေးသည် ကောက်ရိုးပုံများမှ စပါးများကို ရွေးနေရင်းတန်းလန်းက မလေးယု လှမ်းပြောလိုက်သော စကားကြောင့် ထပျံသွားသည့် ငှက်အုပ်ဆီသို့ မျှော်ကြည့်ရင်း ပြုံးလိုက်သည်။ တစ်ဆက်တည်း မလေးယုကိုလည်း ပြန်ပြောလိုက် သည်။

"မကျိန်းသေပါဘူး မမယ်၊ အလုပ်မှ မဟုတ်ဘဲဟာ မလုပ်ရသေးဘဲ၊ ဒါပေမယ့် ကျွန်မတို့ မြို့မြို့ငြိမ်ငြိမ်လုပ်ကြမှနော်၊ နွေးနွေးထွေးထွေး လုပ်နေရင် ရှိသမျှ စပါးတွေကို မြင်းသစ်တွေ လာသယ်သွားတော့ ကားစရာ မကျန်ဘဲ ဖြစ်နေဦးမယ်။ ဒါမှမဟုတ်ရင် ဒီအခါကျတော့မှ စောဆဲသွားပြီး မှောက်၍၊ ကြွေး၍ ထုံးစားနေမှာ"

မအေးနှင့် မလေးယုသည် စကားစမြတ်သွားကာ ကောက်ရိုးများကို ဆက်၍မြန်ကြရင်းဖြင့် သီချင်းတစ်ပုဒ်ကို သံပြိုင်ဆိုနေကြသည်။

"စပါးရွှေဝါ မှည့်ဝင်းလိုလာ၊ ငှက်ကလေးတွေရော အဝေးသို့ပျံပါ
ကောက်သစ်ချိန် ဆွမ်းတော်တင်ဖို့ ရည်မှန်းတာ၊



ပြီးတော့မှ ပြန်လာကာ ကျန်တာကို စားပါ၊
မင်းတို့အတွက် ကောက်သင်းတွေ အများကြီးကျန်မှာ၊
ပေါ်ပြီးပေါ်းကတော့ တို့အတွက်ပါ၊
မနက်ဖြန်ညပါ တိုတစ်တွေမှာ၊
တောင်းကိုယ်မီးတို့ လယ်တော့သွားရတာ၊
တိုလက်ကျဖြစ်တဲ့ စပါးရွှေဝါ၊
တို့ကိုယ်တိုင်စိုက်တဲ့ စပါးရွှေဝါ...”

တစ်ပြိုင်ပြိုင်း အချိန် ကုန်လာသည်နှင့်အမျှ သူတို့ ကျောပေါ်တွင် သိုင်းထွယ်ထားသည့် တောင်းများသည်လည်း စပါးများဖြင့် ပြည့်လာ၏။ မလေးယုသည် မအေးကို နှိုက်ကြည့်၍ သုံးကြိမ် လှမ်းကြည့်လိုက်သည်။ ထို့နောက် မအေး အိန်းသို့ ကပ်သွားကာ မေးလိုက်သည်။

"မအေးရေ့ မနက်ဖြန်က သီအိုနီးစမ်းချောင်းမှာ ရေသွားခပ်သေးသလား"

"ခပ်တယ် မမ၊ ကျွန်မ သုံးခေါက်ရခဲ့တယ်၊ ဘာဖြစ်လို့လဲ၊ ရေဆာလို့လား၊ တဲထဲမှာ သွားသောက်ချေလေ"

မလေးယုသည် ခေါင်းကို အသာယမ်းခါလိုက်ရင်း နဖူးပေါ်သို့ ကျလာ သည့် ဆံပင်များကို လက်တစ်ဖက်ဖြင့် သိမ်းတင်လိုက်သည်။

"ရေဆာလို့ မဟုတ်ပါဘူးကွယ်၊ မသောက်တော့ပါဘူး။ မမ မေးချင်တာ မအေး။ မင်း သီအိုနီးစမ်းချောင်းကို ရောက်တုန်းက ကိုညိုနဲ့ တစ်ယောက်ယောက်များ မတွေ့မိဘူးလား။ တောင်းတစ်လုံးလွယ်၊ ဓားတစ်ချောင်းကိုင်ပြီး ဒီဘက်မှာချောင်း ဘက်ကို ဆင်းသွားတာလေ"

"တွေ့တယ် မမ၊ အစ်ကိုညိုမှရယ်၊ ဒီဝိုးကို ဆွားဖယ်သွားမလို့တဲ့"

မလေးယုသည် လှစ်လက်စ အလုပ်များကို ချိန်နားကာ မအေးကို လေသံ ဖြင့် ပြန်ပြောလိုက်သည်။

"မဟုတ်ဘူး ညီမရဲ့၊ ကိုညိုမ အိမ်ရှေ့ကို သွားတာ"

မလေးယုသည် မျက်နှာငယ်တစ်ချက် ကုတ်လိုက်ရင်း သူ့စကားကို ဆက် ပြန်၏။

"အဲ့ တောင်ပေါ့ရွာက မြင်းသစ်ကို ထောက်ခံတာ မဟုတ်ဘူး။ မြင်းသစ်ကို ဘိုကို ချေးတစ်လာသည့်အခါ အတယ်စ်းက လိုက်ဖမ်းလိုလဲ။ အိုကို အစ်ကိုကတို့ နှင့်လည်း ဆိုတာ မပေးဘူး မဟုတ်လား။ အဲဒီ သူတို့ လိုက်ရှင်လည်း အကိုမှုမြီး တောင်ပေါ်ကို တိုက်တွက်ပြေးကြတယ်။ ဒါကြောင့် မြင်းသစ်တွေကို

www.burmeseclassic.com



အန်ခေးကို တို့ အခုသွားရင် တို့ကိုဖမ်းပြီး ထောင်ထဲများ သွင်းထားမလားကွ

"သူတို့ သိရင်တော့ ဖမ်းပြီး ထောင်ချထားမှာ သေချာပါတယ်။ ဒါပေမ

အစ်ကိုညိုပုကတော့ အန်ခေးကိုသွားတာ မဟုတ်ပါဘူး။ အစ်ကိုညိုပု ဒီပိုး

သွားတာပါလို့ သူ့အမေက ကျွန်မကို ပြောတာပဲ"

"ကိုညိုပုက သူ့အမေကို အမှန်အတိုင်းပြောတာ မဟုတ်ပါဘူးကွယ်။

အန်ခေးကို သွားချင်နေတယ်။ တကယ်လည်း အန်ခေးကို သွားတာပါပဲ။

ပါးစပ်ကသာ ဒီပိုးကို သွားတာပါလို့ သူ့အမေကို ပြောတာ။ သူ အန်ခေး

သွားမယ်လို့လည်း မမတို့ သူ ပြောဖူးတယ်"

BURMESE CLASSIC

"ဘာသွားလုပ်မှာတဲ့လဲ"

"မြင်သစ်တွေကို ကြည့်ချင်လို့တဲ့"

"မြင်သစ်တွေကို ကြည့်ချင်လို့၊ သူမို့လို့ မကြောက်တယ် မမရယ်။

ဖမ်းထားလိုက်ရင် သူ ဘယ့်နှယ်လုပ်မလဲ"

မလေးယုသည် သူ့ရင်ထဲမှာ တင်းကျပ်နေသည့် အစိုင်အခဲကြီး သက်သာ

သက်သာခြား မတူးကို အကျိုးအကြောင်း ပြောပြလိုက်ခြင်း ဖြစ်သည်။ သို့သေ

လည်း သူထင်သလို မဖြစ်။ သောကက ပို၍သာ ကြီးထွားလာလေသည်။

* * *

တိုနေ့ မနက်က သီအုန်းစမ်းချောင်းသို့အသွား ကိုညိုပုကို မလေး

တွေ့ခဲ့သည်။ ကိုညိုပုသည် စမ်းချောင်းအလယ်ရှိ ကျောက်တုံးတစ်ခုပေါ်

ရပ်နေသည်။ စမ်းချောင်းရေတို့သည် သူ့ခြေထောက်ပေါ်မှ ကျော်ဖြတ်စီးဆ

နေကြ၏။ ရေစီးသည် ညင်သာလှပါ၏။ သို့သော်လည်း ကျောက်တုံးတစ်ဝို

တွင်မူ ရေစီးအားဖြင့် ကျောက်တုံးကို ပြေးလာတိုးတိုက်ရင်း ဒေါသတကြီးဖြ

ရေပန်းရေမြှုပ်များ ပြန့်ကျဲထွက်သွားသည်။ ကိုညိုပုသည် စမ်းချောင်းမှရေ

လက်ခုပ်ဖြင့် ခပ်ယူသောက်လိုက်သည်။ ပြီးတော့ အမျိုးသမီးခါးစည်း တစ်ခု

မလေးယုအား လှမ်းပေးလိုက်သည်။

"မင်းအတွက် ကိုယ်ပေးတာပါ"

မလေးယုက ရှင်မြူးစွာ လှမ်းယူလိုက်သည်။ ခါးစည်းကို သူ့ခါးမှာ ပ

ကြည့်လိုက်သည်။ ပြီးတော့ ရှက်စနိုးဖြင့် ခေါင်းငုံ့ချလိုက်သည်။ တောက်ရှိန်

သည့် သူ့မျက်လုံးများကို ဖုံးကွယ်လိုက်သည့်သဘောပင်။

"ညတုန်းက ကိုညိုပု ပလွေမှုတ်နေတာ ကျွန်မ ကြားတယ်။ နားထောင်

သိပ်ကောင်းတာပဲ။ ဒါထက် အခု ဘယ်သွားမလို့လဲ"



"ကိုယ် အန်ခေးကို သွားမလို့"

မလေးယုသည် အံ့ဩတကြီးဖြင့် သူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့ အန်ခေးကို သွားမှာလဲ၊ မြင်သစ်တွေကို မကြောက်ဘူးလား။ ပြီးခဲ့တဲ့လက ဘာလန်းရွာသားတွေ ချွေးတပ်ဆွဲတာ မလိုက်လို့ သူတို့ရွာကို မြင်သစ်က ပုံးလာကြတယ်လေ။ ရွာသား သုံးဆယ်တောင် သေသွားပါရော လား။ တစ်မြန်နေ့တုန်းကလည်း ဒေတန်းရွာသားတွေ မျှော်ရုံမှာ အစည်းအဝေး လုပ်နေကြတုန်း စက်သေနတ်နဲ့ လာပစ်လို့ ဆယ့်ခုနစ်ယောက်တောင် သေသွား တယ်။ ကျွန်မတို့ ဘာနားလူမျိုးတွေကို မြင်သစ်တွေက သိပ်မုန်းနေတာ။ ဘာဖြစ် လို့များ ဒီမြင်သစ်တွေကို သွားကြည့်ချင်ရတာလဲ ကိုညိုပုရယ်"

ကိုညိုပုသည် ကျောက်တုံးပေါ်မှာ ကပ်နေသည့် ရေမှော်ပင်ကလေးများ ကို သူ့ခြေဦးဖြင့် ထိုးခွာနေသည်။

"မလေးယု၊ တို့ ဘာနားလူမျိုးပေါင်း များစွာကို မြင်သစ်တွေက သတ်ခဲ့ ကြပြီ။ ဒါကြောင့် သူတို့ကို ပြန်တိုက်ရင် ရနိုင်မလားဆိုတာ သိချင်လို့ သွားကြည့် မှာပဲ။ ကဲ ကိုယ်သွားတော့မယ်။ နေတောင် အတော် မြင့်လာပြီ"

မလေးယုသည် ဘာမှ မတတ်နိုင်တော့။ နေရာမှ မရွေ့ဘဲ ကိုညိုပု သွားရာကို လှမ်းမျှော်ကြည့်နေသည်။ ကိုညိုပု၏ ဆံပင်များသည် လေထဲမှာ ဝဲပျံ့သွား၏။ ပြီးတော့ သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

မလေးယုသည် ကိုညိုပု ပေးသွားသည့် ခါးစည်းကိုဖြုတ်ကာ ပျော့ပျောင်း သွားစေရန် ရေထဲတွင် နှစ်လိုက်သည်။ ပြီးတော့ အလိုက်သင့်ခွေပြီး တောင်းထဲ ထည့်ကာ အောက်ဆုံးတွင် ဝှက်ထားလိုက်သည်။ ထို့နောက် ကမ်းပေါ်သို့ တက်ကာ လယ်ကွင်းဘက်သို့ လျှောက်လာခဲ့၏။

ကိုညိုပု၏ လယ်ကွင်းများကို ဖြတ်ကျော်မိသောအခါ မလေးယုသည် လယ်တွင်းများကို ရပ်ပြီး ကြည့်နေမိ၏။ စပါး အားလုံး ကောင်းစွာ ဝင်းမှည့်နေ ကြပြီ။ တကုန်းကုန်းဖြင့် ကောက်ရိတ်နေသော ကိုညိုပု၏မိခင်ကိုလည်း လှမ်းမြင် ရသည်။ ကိုညိုပု၏လယ်များသည် အလွန် ဖြစ်ထွန်းအောင်မြင်၏။အလွန်လည်း ကျယ်ပြော၏။ မိမိတို့ ကောင်ဟွာရွာတွင် ကိုညိုပု၏လယ်က အကျယ်ဆုံး ဖြစ်သည်။ သူ့လယ် အကျယ်အဝန်းကို တစ်စုံတစ်ယောက်က တစ်ထွာ၊ နှစ်ထွာ၊ တစ်တောင်၊ နှစ်တောင် တိုင်းတာ၍ပင် လွယ်မည်မဟုတ်။ တစ်ထွား နှစ်ထွာ တိုင်းရုံမျှဖြင့် အဆုံးသို့ ရောက်နိုင်အံ့မထင်။ အပြန့်ကျယ်သလို အလျားလည်း ရှည်လွန်းသော လယ်ကွင်းများ ဖြစ်သည်။

www.burmeseclassic.com

သည်လယ်ကွင်းကို ကိုညိုပ မရင်းမီက မြေရိုင်းသက်သက် ဖြစ်သည်။ ကြီးမားသော သစ်ပင်ကြီးများဖြင့် ပြည့်နှက်နေသည်။ လူလေးယောက်၊ ငါးယောက် ဖက်၍သော်လည်း မဖက်နိုင်လောက်အောင် ကြီးမားသည့် သစ်ပင်ကြီးများ ရှိသည်။ ထိုမျှမကသေး ငှက်တစ်ကောင်၏ အရွယ်မှ ကျွဲတစ်ကောင် အရွယ်အထိ ကြီးမားသော ကျောက်တုံးကြီးများဖြင့်လည်း ဖုံးလွှမ်းပြန့်ကျဲနေသော မြေရိုင်းများ ဖြစ်သည်။

ကိုညိုပသည် မှတ်ဆိုး ဖြစ်၏။ သူ နှစ်နှစ်သား အရွယ်ကတည်းက သူ့အဖေ ဆုံးခဲ့သည်။ မိခင်အိုနှင့် ညီငယ်တစ်ယောက်သာ ရှိသည်။ ညီငယ်ကလည်း အိမ်မည် တာမပြောက်သေး။

သန်မာသော ကိုညိုပသည် ကိုယ်အားကိုယ်ကိုးသူ ဖြစ်၏။ ကြီးမားသည့် သစ်ပင်ကြီးများကို ကိုယ်တိုင်လှဲသည်။ ကြီးမားသည့် ကျောက်တုံးကြီးများကို ကိုယ်တိုင် ဖယ်ရှားသည်။ တောတန်းကို ရှုတ်ဆိုင်းရှင်းလင်းပစ်သည်။ လယ်ကွင်းကို စတင်ကြိုးပမ်းသောအခါ စမ်းချောင်းတစ်ခုကို တွေ့သည်။ ထို့ကြောင့် သည် ထိုမှာ ဆည်ပိတ်သည်။ ချောင်းချောင်းလည်း ဖြစ်လာကြတော့သည်။

ဦးလေးပါနှင့် ဘကြီးဆန်းတို့ ကဲ့သို့သော ရွာမိရွာဖများက ကိုညိုပ၏ အလုပ်ကို သဘောတကြသည်။ အကြံပေးသည်။ ရွာလယ်မှ လူကြီးများ စကားပြောလျှင် ကိုညိုပ အကြောင်းကိုသာ သူတို့ စကားဦး လှည့်မိကြသည်။

“မောင်ညိုပတို့ကတော့ကွယ်၊ ရာမရှားသကွယ်။ လိမ္မာရေးခြားကလည်း အလွန်ရှိလှတာကွယ်။ ကြိုးစားတတ်သကွယ်။ ရွာထဲက လူငယ်တွေ အတွက် ကောင်းတဲ့ စံနမူနာ ပဲ။ ရွာထဲမှာ တစ်ယောက်ယောက် နေမကောင်း ဖြစ်ရင် တောထဲမှ ဆေးရှာခဲ့တာ မောင်ညိုပပဲ။ ရွာထဲမှာ တစ်ယောက်ယောက် အဖြစ်အပျက် ရှိရင်လည်း ခေါင်းဆောင်တာလည်း မောင်ညိုပပဲ။ ကျွန်ုပ်တို့ ရွာမှာ လက်ရှုတဲ့ကလည်း မောင်ညိုပ ပဲ။ သူ့ကို ဘာတစ်ခု မှ ပြောစရာ မရှိဘူး။ တကယ့် လူတော်လူကောင်းကလေးပါကွယ်”

မလေးယသည် ကန်သင်းရိုးပေါ်မှာ မလုံမယုံ ရပ်ရင်း ကိုညိုပ အကြောင်းကို တမျှင်တန်းတန်း စဉ်းစားနေမိသည်။ သို့ဖြစ်၍ ကိုညိုပ



ဝမ်းမြောက်သည်နှင့် အမှုကျောက်ရှိက်မှုကိုပင် မမေ့လျော့နေမိသည်။

မလေးယကို မတ်း လှမ်းကြည့်လိုက်သောအခါ ကျောက်ပြတ်များကို တင်ရင်း မလုံမယုံကာ ရပ်ကာ အဝေးသို့ ငေးမျှော်နေသည့် မလေးယကို တွေ့ရသည်။ မလေးယ ချောင်း၏အောက်ဘက်တွင် ခါးစည်းပြုလျက် ဝတ်ထားသည်ကိုလည်း စောစောပိုင်းက မတ်း တွေ့ခဲ့ရသေးသည်။ ကိုညိုပပေးသည့် ဖိနပ်မရှိမှ အတ်ပသိလိုက်သည်။ သို့တိုင်မှာလည်း အနည်းငယ် စိုနေဖြစ်သွားသည်။

အခါကြင်းဆိုလျှင် မလေးယသည် အလွန် တည်ငြိမ်သူ ဖြစ်၏။ အလွန် အေးဆေးသူ ဖြစ်၏။ သို့သော် ယနေ့ တွေ့ရသော မလေးယသည် အလွန် စိတ်လှုပ်ရှားနေပုံရသည်။ အသိန်တရာ စိတ်မတည်မငြိမ် ဖြစ်နေပုံရသည်။ သည်သို့ ဖြစ်နေတော့လည်း မလေးယ၏အတွက် မတ်း စိတ်မကောင်း ဖြစ်မိပြန်သည်။

မတ်းသည် မလေးယ၏နောက်သို့ တိတ်တဆိတ် ကပ်သွားပြီး ရုတ်တရက် အော်ဟစ်၍ လန့်လိုက်သည်။ ရုတ်တရက်မို့ မလေးယ လန့်သွားကာ လက်ထဲမှ တောင်း လွတ်ကျတော့မတတ် ဖြစ်သွား၏။ ပြီးမှ အလန့်ပြေသွားကာ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ရယ်မောမိကြသည်။ မတ်းသည် မလေးယ၏မျက်နှာကို လက်ညှိုးထိုးကာ . . .

“ဟော ဖိုးမိုး။ မမ မျက်လုံးတွေက ကျောက်လိုင်းတွေကို ကြည့်နေပေမယ့် မမ စိတ်ကတော့ အခြားတစ်ခုခု အကြောင်းကို စဉ်းစားနေတယ် မဟုတ်လား။ မှားနေသလား၊ မှန်မှန်ပြော”

မလေးယသည် မတ်း၏ လက်နှစ်ဖက်ကို ဖမ်းယူဆုပ်ကိုင်လိုက်၏။ ရက်သေးကြောင်း ပါးနှစ်ဖက်မှာ သွေးရောင်လွှမ်းသွားသည်။ နှုတ်ခမ်းပေါ်သို့လည်း အပြုံးများ ဝေဖြာလာသည်။ ခေါင်းကိုယမ်းကာ ဆံပင်များကို သိမ်းတင်လိုက်ရင်း . . .

“ဟယ် တောက်တိုးတောက်တဲ့ ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ သွားစမ်း”

ဟု ရက်ရက်ဖြင့် ဗလုံးဗထွေး ပြန်ပြောလိုက်သည်။

ကိုညိုပသည် သီချင်းစမ်းချောင်းလေးကို ဖြတ်လျှောက်သွားသည်။ ထိုမှ တစ်ဆင့် တောတန်းအတွင်း အနည်းငယ် လျှောက်မိသောအခါ တစ်မှာ ချောင်းသို့ ရောက်လာသည်။ ကိုညိုပတို့၏ ကောင်တွေ့ရှာသည့် ကျွဲတွေမှာ

www.burmeseclassic.com

ချောင်း၏ တစ်ဖက်ကမ်းတွင် တည်ရှိကာ အခြား တစ်ဖက်ကမ်းတွင် ဘာလန်းရွာ တည်ရှိလေသည်။ ထိုကျေးရွာနှစ်ရွာသည် လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက တရင်းတနှီး ကူးလူးဆက်ဆံမှု ရှိခဲ့ကြသောရွာများ ဖြစ်၏။ ကောက်ရိတ်သိမ်းချိန်တွင် ကောင်ပွာနှင့် ဘာလန်းရွာသားတို့သည် တစ်ရွာနှင့်တစ်ရွာ အပြန်အလှန် သွားလာလည်ပတ်ကာ မောင်းများကို တည်ည် တီးရင်း မြိမ့်မြိမ့်သဲ ပွဲတော်များ ကျင်းပလေ့ရှိသည်။

ဘာလန်းရွာသားတို့သည် ဒတ်ပွာချောင်းသို့ လာရောက်ပြီး သားငါးရှာဖွေစားသောက်လေ့လည်း ရှိ၏။

မကြာသေးမီကပင် ပြင်သစ်တို့ ချေးတပ်ဆွဲခြင်းကို လည်းကောင်း၊ မတရား အခွန်အတုတ်ကောက်ခံခြင်းကို လည်းကောင်း ဘာလန်းရွာသားတို့က ငြင်းဆန်ခဲ့ကြသည်။

ထိုသို့ ငြင်းဆန်ပြီး မကြာမြင့်မီမှာပင် ပြင်သစ်တို့၏ စစ်လေယာဉ်များ ရောက်လာသည်။ အန္တရာယ်ကို မသိရှာသော ကလေးငယ်တို့သည် ပျော်ရွှင်မြူးထူးစွာဖြင့် အပြင်သို့ ပြေးထွက်ကာ လေယာဉ်ပျံများကို တအံ့တသြ ကြည့်ကြသည်။

ထိုအခိုက်မှာပင် လေယာဉ်များက ကြဲချလိုက်သော နပန်းမီးလောင်ဗုံးများ ကျလာသည်။ ရွာသားပေါင်း များစွာ၊ လူနေအိမ်ခြေ အဆောက်အအုံပေါင်းများစွာ၊ သစ်ပင်ကြီးငယ်ပေါင်း များစွာတို့သည် တစ်မုဟုတ်ချင်း အတွင်းမှာပင် လောင်မီးတိုက်ခြင်းကို ခံလိုက်ကြရရှာ၏။

အသက်ရှင်လျက် ပြေးလွှားလူးပ်ရှားနေကြသော လူသားစင်စစ်တို့သည် မီးသွေးတုံးဘဝသို့ တစ်မုဟုတ်ချင်း ကူးပြောင်းသွားကြရရှာ၏။ အချို့ အမျိုးသမီးများသည် သားငယ်ကို ရင်မှာပိုက်ရင်း လက်ညှိုးတစ်ဖက်က လေယာဉ်ပျံများရှိရာသို့ ညွှန်ပြရင်း မြေပြင်ပေါ်မှာ မီးသွေးတုံးဘဝဖြင့် ပုံပန်းမပျက် အသေဆိုးနှင့် သေကြရရှာ၏။ အဘိုးအို၊ အဘွားအိုပေါင်း များစွာတို့သည်လည်း ဆံပင်၊ မုတ်ဆိတ် အမွေးအမှင်များ ပြောင်သလင်းခါကာ ကျောက်တုံးများပေါ်၌ တွန့်လိမ်ကောက်ကွေးလျက် အသက်ပျောက်နေကြရရှာ၏။

မသေကြွင်း မသေကျန်တို့သည်လည်း သူတို့ ခိုအောင်းပုန်းလျှိုးနေရာ ဂူများအတွင်းမှ အပြင်သို့ မထွက်ရဲကြတော့။ သူတို့ စိုက်ပျိုးထားရာ လယ်တောများ၊ တောင်ယာများဆီသို့ မသွားဝံ့ကြတော့။ တောတွင်းမှ ရတတ်ရာရာ သစ်ဥ၊ သစ်ဖုများကို တူးဖော်စားသောက်ကြရင်းဖြင့် လူသားစင်စစ်မှ တောရိုင်းတိရစ္ဆာန်



...၏ ဘဝမျိုးသို့ ကျရောက်ကြရရှာသည်။ ထိုသို့သော ဘေးအန္တရာယ်မျိုးစုံကို ...ဝါးစွာ ခံစားနေကြရသည့်ကြားမှပင် . . .

"ငါတို့ထံ အကြွင်းမဲ့လက်နက်ချခြင်းသည် သင်တို့အတွက် အကောင်းဆုံး ...သည်။ ကျောက်တုံးကျောက်ဆောင်များကိုပင် စိစိညက်ကြေ ပြာဖြစ်စေမည့် ...လောင်ဗုံးများ ငါတို့လက်တွင် အမြောက်အမြား ရှိနေသေးသည်။ သင်တို့ ...စ်တွေ ဆက်လက် ခေါင်းမာနေလျှင် သင်တို့ မှီတင်းနေထိုင်ရာ တောများ၊ ...ာင်များကိုပင် ပြာပုံဘဝသို့ ပြောင်းလဲပစ်ရမည်" အစရှိသော လူမဆန်သည့် ...လေးသံများကို ပြင်သစ်တို့က အဆက်မပြတ် ပို့လျက်ရှိကြသည်။

သို့ဖြင့်ပင် ဘာလန်းရွာသားတို့သည် အားမတန်သဖြင့် မာန်လျှော့ကြရ...၏။ ပြင်သစ်တို့ ချေးတပ်ဆွဲရာနောက်သို့ ခေါင်းငုံ့လိုက်ကြရရှာ၏။ ပြင်သစ်...တ မတရားသဖြင့် စည်းကြပ်သည့် အခွန်အတုတ်များကို ပေးဆပ်ကြရရှာ၏။

သို့သော်လည်း သူ့ကျွန်မခံလိုသော ရွာသားအချို့တို့သည် ပြင်သစ်တို့...တ်တွင် အညံ့မခံဘဲ ဒတ်ပွာချောင်း တစ်ဖက်ကမ်းသို့ ကူးပြောင်းလာကာ ...ပြီးတိုင် ပုန်းအောင်းနေထိုင်ကြသည်။ ပြင်သစ်လေယာဉ်ပျံသံ ကြားသောအခါ ...ားလွတ်ရာမှာ ရှောင်တိမ်းကြသည်။ ချောင်းကြိုချောင်းကြား၊ တောကြိုတော...ြားများတွင် ဖြစ်သလို နေထိုင် ရှာဖွေစားသောက်နေကြရင်းဖြင့် အစာရေစာ...တ်မွတ်ခေါင်းပါးကာ အရိုးပေါ်အရေတင်များ ဖြစ်လာကြတော့သည်။

ဤမျှ ကြီးမားဆိုးဝါးသော ဘေးဒုက္ခများကို ဘာလန်းလူမျိုးစုများသည် ...ယ်နံ့ရောအခါကမျှ မခံစားခဲ့ကြရဘူးချေ။

ပြင်သစ်တို့လက် ဝကွက်၍ အညံ့ခံလိုက်ကြရသော ဘာလန်းရွာသားတို့...ည် ချေးတပ်စခန်းများမှာ လနှင့်ချီ၍ ကြာမြင့်စွာ အလုပ်ကြမ်းများကို လုပ်ကိုင်...ရ၏။ ရတတ်သမျှလေးများထဲမှ ဖဲ့ပြီး အခွန်အတုတ်များကိုလည်း ပေးကြရ...။ ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်ရပ်ကိုယ့်ရွာကို တမ်းတမျှော်မှန်းကာ လွမ်းရုံမှ ...စ်ပါး ဘာမှလဲ သူတို့ မတတ်နိုင်ကြ။ ဒုက္ခမျိုးစုံကို မခံနိုင်တော့သောအခါတွင် ...ချေးတပ်စခန်းများမှ ထွက်ပြေးကြရသည်။ တစ်လ၊ နှစ်လ ကြာသောအခါ ...သစ်စစ်တပ်များနှင့် ပြန်လည် တွေ့ဆုံကာ အဖမ်းခံရပြီး ချေးတပ်စခန်းများသို့ ...ပို့ခြင်း ခံရကြပြန်၏။ အခွန်စည်းကြပ်ခြင်းများကို ခံကြရပြန်၏။

သည်လိုဖြင့်ပင် ဒုက္ခသံသရာသည် ခြားရဟတ်လို လည်ပတ်လျက်ရှိ...ည်။ ဤဒုက္ခ၏ ကျွတ်ရာ၊ ကုန်ရာ၊ ဆုံးရာသည် အဘယ်မှာနည်း။ အဘယ်...ချိန်မှာနည်း။ မည်သူမျှ မှန်းမျှော်နိုင်စွမ်း မရှိတော့သည့်ဘဝပင် ဖြစ်ချေသည်



www.burmeseclassic.com

www.burmeseclassic.com

တကာ။

ဒတ်ဟာခေါင်း၏ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ယောက်ျားကလေးတစ်ယောက်ကို ကျောပိုးထားသည့် အဘိုးအိုတစ်ယောက်နှင့် ကိုညိုပု တွေ့သည်။ အဘိုးအို၏ ကျောပေါ်တွင် ကလေးငယ်က သိုင်းဖက်ထားသည်။ နငယ်ပိုင်းကလေးမှတစ်ပါး အခြား ဘာမှ မရှိ။ ရှိသမျှသော သူ၏ အဝတ်အစားတို့သည် မြင်သစ်တော ကြိုးချုံများ မီးလောင်တောတို့၏ ဝါးမီးလောင်ဖြတ်ခြင်းကို ခံခဲ့ကြရပြီ။ ကိုညိုပုသည် စိတ်ထိခိုက်စွာဖြင့် ကလေးငယ်၏လက် [illegible] ကိုင်ပြီး အဘိုးအိုကို မေးလိုက်သည်။

"ဘယ်နယ်မှည်း ဘယ်လိုခေါ်သလဲ"

"မှော်ဝေ"

"ဘယ်မှာတွေ့ရော"

"ခါးတုပ်တွေ့ခဲ့သွားပြီ နှစ်ယောက်စလုံး သေရှာပါရောလား"

ကိုညိုပု၏ ညီငယ်သည်လည်း မှော်ဝေပင်ဖြစ်သည်။ ထိုကြောင့်လည်း မိခင်နှင့်ညီလေး မှော်ဝေကို ကိုကိုခံ ပြေးမြင်မိသည်။ ကိုညိုပုသည် မျက်ရည်ကျ မြင်နေ တိခမ်းကို တင်းတင်းကိုကိုင်ရင်း ချာခံ [illegible] ထွက်လာခဲ့သည်။ အဘိုးအိုကို နှုတ်ဆက်ရန်ပင် သူ သတိမရတော့။

* * *

ဒိပ်ရွာသို့ရောက်အောင် တစ်နေ့ကုန် လှမ်းလျှောက်ခဲ့ရသည်။ ဒိပ်ရွာသို့ ရောက်ပြန်တော့လည်း ဆွားဝယ်မရ။ ကိုညိုပုတို့ တောင်ပေါ်သားများ အတွက် ဆားသည် မရှိမဖြစ်သော အရေးပါသည့် ပစ္စည်းဖြစ်သည်။ မြေပြန့်မှ ဆားမလာလျှင် သူတို့နယ်သားများ ကြိုးစာ အတိုင်း ရောက်ကြရမည် ဖြစ်သည်။ ထို့ကြောင့် အနီးဆုံး ဆားဝယ်လို့ရနိုင်မည့် ဒိပ်ရွာသားတစ်ယောက်ကို အဖော်ခေါ်ရပြန်သည်။

ဒိပ်ရွာသားတို့သည် မြင်သစ်တို့ ခံခဲ့ကြရပါ၏။ သို့သော်လည်း နောက်ဆုံးတွင် အားမလျှော့ဘဲ အသည်းခိုင်ခဲ့ကြရသည်။ ဒိပ်ရွာသား တစ်ယောက်ယောက်ကို အဖော်ပြု၍ အနီးဆုံးသို့ သွားလျှင် မြင်သစ်၏ ရွာအရာလယ်မှ လွတ်မြောက်နိုင်ကြောင်း ကိုညိုပု သိသည်။

ထို့ကြောင့် ကိုညိုပုသည် ဒိပ်ရွာသားတစ်ဦးကို အဖော်ပြု၍ ခရီးဆက်ခဲ့သည်။ အနီးခေါ်နိုင်သော ဘဲမလာသည်နှင့် အမျှ တော်သည် ညမှုမြင်ပြီး မီးလော ၏။ ကိုညိုပုသည် သူ့ဘဝတစ်လျှောက်လုံး တွေ့ကြုံမျက်မြင်ခဲ့ရသမျှသော





နေထိုင်ခဲ့သူ ဖြစ်၏။ ယခု တောမည်ကာမတ္တကို သူ တွေ့ရပြီ။ မျက်စိတစ်ဆုံး ကျယ်ပြောသော မိုးကောင်းကင်ကြီးကို တဝတပိုး မြင်ရပြီ။ သူ့ပတ်လည်မှ တောင်တို့သည် မိုးထိုးနေကြ၏။ တောင်ပေါ်မှာသာ နေခဲ့သော ကိုညိုပုသည် ယခု တောင်များက သူ့အပေါ် မိုးနေခြင်းကို ကြုံရခြင်း ဖြစ်သည်။ မြင်ကွင်းက အဆန်းတကြယ် ဖြစ်သည်မို့ ပတ်လည်ကိုငေးရင်း သူ့ခြေလှမ်းများ နှေးလာသည်။

'အန်ခေးကို ငါ သွားတာများ အမေသိရင် ဘယ်လောက် ငိုလိုက်မလဲ မသိဘူး။ မြင်သစ်တွေကသာ ငါ့ကို ဖမ်းမိပြီ ဆိုရင်တော့ ငါ့အမေ သေမှာပဲ'

ကိုညိုပုသည် အမေ့အကြောင်းကို စဉ်းစားမိရင်း နောက်သို့ ပြန်လှည့်ကာ ချလေးတောင်တန်းကြီးကို မျှော်ကြည့်မိသည်။ သည်တောင်တန်းကြီးပေါ်မှာ မိမိတို့၏ ကောင်ဟွာရွာ ရှိသည်။ ထိုကောင်ဟွာရွာထဲမှာ မိမိ၏ မိခင်အိုကြီးနှင့် ဥမမည် စာမမြောက်သေးသော ညီလေးမောင်စ ရှိသည်။ သူတို့နှင့်အတူ မိမိ၏ ရွာသားများ။ ပြီးတော့ မိမိချစ်သူ မလေးယု။

ကိုယ့်အရစ်ကို လှမ်းမျှော်ရင်း လွမ်းသလိုလို ဖြစ်လာသည်။ သူ အဖော်ခေါ်လာသည့် ဒိပိုးရွာသားက လှမ်းအော်လိုက်သောအခါကျမှ သတိပြန်ဝင်လာသည်။

"လာပြီ လာပြီ၊ ခြေထောက်ကို ပုရွက်ဆိတ်ကိုက်နေလို့ဗျာ"

အတွေးမျှင်ပြတ်ကာ အရှက်ပြေပြောရင်း ခရီးဆက်ခဲ့ကြပြန်သည်။ သို့သော် ကိုညိုပု၏စိတ်သည် ရွာသို့ ပြန်ရောက်မြဲ ရောက်နေပြန်၏။ မနေ့ညက ရွာလယ်ဓမ္မာရုံမှာ ထုံးစံအတိုင်း သူတို့ ဆုံခဲ့ကြသည်။

ထိုနေ့ ညနေက ကိုညိုပု ထင်းခွေပြီး တောကအပြန် နောက်ကျခဲ့သည်။ ညစာကို ကသုတ်ကရက်စားကာ ဓမ္မာရုံသို့ အပြေးအလွှား သွားခဲ့ရ၏။ သူ ရောက်တော့ ရွာသူရွာသား လူကြီးလူငယ်တို့ စုံနှင့်ကြပြီ။ မောင်ချစ်ကြီးက အကျအနထိုင်ကာ ပတ္တလားတီးလျက် မတူက ဘာနားလူမျိုးတို့၏ နယ်မြေ အလှကို ဖွဲ့ဆိုထားသောသီချင်းကို သီဆိုလျက်။

'တို့ဘိုးဘွားပိုင်တဲ့မြေ တို့ပိုင်တဲ့မြေ၊ တို့အမွေ၊ တို့အသည်းနှလုံးက ချစ်မြတ်နိုးသလေ။

လယ်ယာမြေ၊ မြစ်ချောင်းအင်းအိုင်အစုံပေ၊ မြစ်ဆိပ်ကမ်းသာ ရှုပတင့် တယ်ကာနေ။

တို့ဘိုးဘွား တည်ထားခဲ့တဲ့ တို့ရွာပေါင်းမှာ အိမ်ပေါင်းများရဲ့ ကျက်

www.burmeseclassic.com

www.burmeseclassic.com



သရေ၊ ကျွဲစားကျက် နွားစားကျက်တို့နဲ့ စိမ်းလန်းကာစိုပြည်၊
တငြိမ့်ငြိမ့်စီးကာ တေးဆိုနေတဲ့ စမ်းချောင်းရေ အမြဲတမ်း ချမ်းမြကာနေ၊
တို့အသည်းနှလုံးက ချစ်မြတ်နိုးသလေ။
တောအနှံ့ တောင်အနှံ့ တို့ပျော်ရာမြေ၊ ငှက်အပေါင်းတို့ ခိုအောင်းပျော်
ရာမြေ၊ စမ်းချောင်းလေးရဲ့ ကမ်းနှစ်ဖက်မှာ လန်းပွင့်လို့ဝေ၊ ပန်းပေါင်းစုံရာ
မြေ၊ တို့ဘိုးဘွားပိုင်တဲ့မြေ၊ တို့အမွေ၊ တို့အသည်းနှလုံးက ချစ်မြတ်နိုး
သလေ”

သာယာငြိမ့်ညောင်းသော မောင်ချစ်ကြီး၏ ပတ္တလားသံနှင့် မတူး၏ တေးသံတို့သည် အပြင်သို့ လွင့်ထွက်သွားသည်။

ဘကြီးဆန်းသည် ဆေးတံတွင်းသို့ ဆေးတစ်ဆုံထည့်ကာ မီးဖိုမှ မီးစကို ယူပြီး မီးညှိနေသည်။ ဆေးတံကို ဖွာရှိုက်လိုက်သောအခါ မီးစမှ မီးတောက်က ဟုတ်ခနဲ တစ်ချက် ထတောက်ကာ ပြန်ငြိမ်းသွားသည်။ ပြီးတော့ ညစဉ် ပုံပြော နေကျဖြစ်သည့် သူ့ဝသီအတိုင်း ပုံတစ်ပုံကို စတင် ပြောလေတော့သည်။ ယနေ့ ည သူပြောသည့်ပုံသည် သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူး၏ပုံပင် ဖြစ်သည်။

“မင်းတို့ နားထောင်ကြည့်ကြစမ်း၊ ဘာသံကြားရသလဲ၊ အခု ကြားနေရတာဟာ သီအုန်းစမ်းချောင်းက ရေစီးနေသံပေါ့ကွယ်။

ဒီစမ်းချောင်းက ရေတွေဟာ ဒုတ်ဟွာချောင်းကြီးထဲကို စီးဝင်သွားတယ်။ ဒုတ်ဟွာချောင်းကတစ်ဆင့် ဘားမြစ်ကြီးထဲမှာ သွားပေါင်းကြတယ်။ ဘားမြစ်ဟာ ဗိုလ်အောင်ထူးရဲ့ ရွာနားက ဖြတ်ပြီး စီးဆင်းသွားတဲ့မြစ်ပေါ့။ ပြီးတော့ မြေပြန့်မှာနေကြတဲ့ ကင်းလူမျိုးတွေရဲ့နယ်မြေကို ဖြတ်တယ်။

ကင်းလူမျိုးတွေဟာ တို့ဗီယက်နမ်တိုင်းပြည်မှာတော့ လူဦးရေ အလွန်များတဲ့ လူမျိုးစုတစ်စု ဖြစ်သကွယ့်။ ကင်းလူမျိုးတွေ နေထိုင်ရာ မြေပြန့်ရောက်တဲ့ အခါမှာ ဘားမြစ်ကြီးဟာ သိပ်ကို ကျယ်နေပြီ။ တစ်ဖက်ကမ်းနဲ့ တစ်ဖက်ကမ်းကို လူကူးလို့ မလွယ်တော့ဘူး။ အဲဒီကနေတစ်ဆင့် ကမ်းမမြင် လမ်းမမြင်ရတဲ့ အင်မတန် ကျယ်ပြောတဲ့ ပင်လယ်ကြီးထဲကို စီးဝင်ပြီး ပေါင်းဆုံသွားတယ်”

လူငယ်တို့သည် ဘကြီးဆန်း၏ ပုံပြင်ထဲမှာ နစ်မျောပါနေကြသည်။ သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူးကိုယ်တိုင် သူတို့ရှေ့မှောက်တွင် လာရပ်နေသယောင် သူတို့စိတ်ထဲ၌ ထင်မြင်နေကြသည်။

“သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူးဟာ အရပ်က ထောင်ထောင်မောင်းမောင်း၊ မုတ်ဆိတ်ကျင်စွယ်နဲ့ ပါးမြိုင်းမွေးက ခပ်ပါးပါးကွယ့်။ သူ့မျက်လုံးတွေဟာ





အမြဲ တောက်ပကြည်လင်နေတယ်။ ပြီးတော့ အင်မတန်ရှည်တဲ့ ဓားတစ်ချောင်းဟာ သူ့ခါးမှာ အမြဲတမ်း တွဲလောင်းပါလေ့ရှိတယ်။ အလွန် ခံ့ညားတဲ့ သူ့ရဲကောင်းကြီးပေါ့။

တို့နိုင်ငံ အလယ်ပိုင်းဟာ ကုန်းပြင်မြင့်တွေ ဖြစ်တယ်။ ဒီကုန်းပြင်မြင့်ရဲ့ အနောက်ခြမ်းမှာ ဘာနား၊ အီဒေး၊ ကင်း၊ မနောင်း၊ ဆီဒန်း ဆိုတဲ့ လူမျိုးစုတွေ နေထိုင်ကြတယ်။

ဒီလူမျိုးစုတွေ အားလုံးထဲမှာရှာကြည့်၊ ဗိုလ်အောင်ထူးရဲ့ဓားမျိုး ဘယ်မှာမှ တွေ့ရမှာ မဟုတ်ဘူး။ သူ့ဓားဟာ သာမညောင်ညဓား မဟုတ်ဘူး။ အလွန် အစွမ်းထက်တဲ့ဓား၊ အလွန် ဘုန်းသမ္ဘာရှိတဲ့ဓား။

ဒီလို ဓားမျိုးတစ်လက် တို့မှာရှိရင် ဘယ်လိုလူမျိုးမှ တို့အနားကို မကပ်ရဲဘူး။ တို့နယ်မြေ၊ တို့တိုင်းပြည်ကို ဘယ်လိုလူမျိုးမှ မကျူးကျော် မသိမ်းပိုက်ရဲဘူး။ ဘယ်လို နယ်ချဲ့ကျူးကျော်သူကမှ တို့ကို ချွေးတပ် မဆွဲရဲဘူး။ မတရားသဖြင့် အခွန်အတုတ် မကောက်ရဲဘူး။

တို့လယ်၊ တို့ယာကို တို့စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ထွန်နိုင်၊ ယက်နိုင်၊ စိုက်ပျိုးနိုင်တယ်။ တို့ချောင်း၊ တို့မြောင်းထဲမှာ တို့သဘောနဲ့တို့ သားငါးရှာဖွေစားသောက်နိုင်တယ်။ တို့တောင်၊ တို့တောမှာ တို့သဘောနဲ့တို့ အမဲလိုက်နိုင်တယ်။ ကိုယ့်ဝမ်းစာကိုယ် အေးအေးလူလူ ရှာဖွေစားသောက်နိုင်တယ်။ ကိုယ့်ရက်ကန်းစင်နဲ့ကိုယ် စိတ်တိုင်းကျ ရက်နိုင်၊ ဝတ်နိုင်တယ်။ လွတ်လွတ်လပ်လပ် သီဆိုတီးမှုတ်နိုင်တယ်။ ကနိုင်၊ ခုန်နိုင်တယ်။

တောထဲတောင်ထဲကို သွားမလား၊ တို့စိတ်တိုင်းကျ သစ်တွေ၊ ဝါးတွေ ခုတ်နိုင်တယ်။ ကိုယ့်ရွာကိုယ် သယ်နိုင်တယ်။ ကောက်ရိတ်ချိန်မှာ ဆိုရင်လည်း ကောက်ရိတ်ပွဲတော်တွေကို လွတ်လွတ်လပ်လပ် လုပ်နိုင်တယ်။

တစ်ချိန်တုန်းကဆိုရင် ဘာနားပြည်သူတွေဆီကို ပြင်သစ်တွေ ရောက်လာကြဖူးတယ်။ ရွာသူရွာသားတွေကို အတင်းအဓမ္မ ချွေးတပ်ဆွဲတယ်။ ဒါပေမယ့် သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူး ရှိနေတာပဲ၊ ဘယ်ကြောက်ပါ့မလဲ။ ပြင်သစ်တွေ ရောက်လာတာနဲ့ တစ်ပြိုင်တည်း ဗိုလ်အောင်ထူးဟာ သူ့ဓားကိုဆွဲပြီး ထွက်တိုက်တော့တာပဲ။ တို့ကို လာစော်ကားတဲ့ ပြင်သစ်တွေ အရှုံးကြီးရှုံးပြီး ခွေးပြေးဝက်ပြေး ပြေးလိုက်ကြတာ အမြီးကို တန်းနေတာပဲ။ ပြီးတော့ ရှိသေးတယ်. . .”

လူငယ်တို့သည် ဘကြီးဆန်း၏ ပုံပြင်တွင် မျောပါရင်း အသက်မျှ မရှူနိုင်အောင် စိတ်ဝင်စားနေကြသည်။ ဘကြီးဆန်း၏ စကားကိုသာ မျက်တောင်



www.burmeseclassic.com

www.burmeseclassic.com



မခတ် စောင့်နားထောင်နေကြသည်။

"တစ်နေ့ကျတော့ မိုးသက်မုန်တိုင်းကြီး ကျပါလေရော။ မုန်တိုင်းကထန်၊ မိုးကြိုးတွေက တခြိမ်းခြိမ်းပစ်၊ ဘားမြစ်ကြီးဟာလည်း ဒေါသအမျက် ခြောင်းခြောင်းထွက်နေသူလို ရေတွေ တရကြမ်း လျှံလာတယ်။ ပတ်လည်မှာရှိတဲ့ ရွာတွေ၊ လယ်တွေ အားလုံး လျှံလာတဲ့ ဘားမြစ်ရေအောက်မှာ စုပ်စုပ်မြုပ်တော့မယ့်အတိုင်းပါပဲ။

အဲဒီလို ဖြစ်လာတာနဲ့ တစ်ပြိုင်တည်း တို့သူရဲကောင်းကြီး ဗိုလ်အောင်ထူးဟာ ဓားကိုဆွဲပြီး ထွက်တော့တာပဲ။ မိုးပြိုခမန်း ရွာနေတဲ့မိုးကိုရော၊ ကမ္ဘာပျက်ခမန်း တိုက်နေတဲ့ မုန်တိုင်းကြီးကိုရော သူ့လက်သုံးတော်ဓားနဲ့ တအား ခုတ်တော့တာပေါ့။ သူ့ပြည်သူတွေကို ဒီသဘာဝဘေးဒုက္ခထဲက သူ ကယ်ရတော့မယ် မဟုတ်လား။

ဗိုလ်အောင်ထူးရဲ့ ဓားချက်နဲ့ မုန်တိုင်းရော သည်းသည်းထန်ထန် ရွာနေတဲ့မိုးရော တစ်မုဟုတ်ချင်း ရပ်သွားတော့တယ်။ ဒါပေမယ့်ကွယ် . . ."

ဒဏ္ဍာရီ နားထောင်နေကြသော ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်၊ အပ်ကျသံကိုပင် ကြားရမလောက် မှောင်ရုံထဲမှာ တိတ်ဆိတ်နေသည်။ ဘကြီးဆန်း ဆက်ပြောမည့်စကားကို အားလုံးက နားစွင့်နေကြသည်။

"ဗိုလ်အောင်ထူးက အလွန် ခွန်အားဗလနဲ့ ပြည့်စုံတဲ့ သူရဲကောင်း မဟုတ်လား။ မုန်တိုင်းနဲ့မိုးကို သူ့ဓားနဲ့ တအား ခုတ်တော့ ဓားရိုးကျွတ်ပြီး ဓားသွားဟာ ဘားမြစ်ထဲကို ကျသွားပါလေရော။ သူ့လက်ထဲမှာတော့ ဓားရိုးပဲ ကျန်ရစ်တော့တယ်။ အရှိန်ပြင်းပြင်းနဲ့ စီးနေတဲ့ဘားမြစ်ရေဟာ ဗိုလ်အောင်ထူးရဲ့ ဓားသွားကို သူနဲ့ တစ်ပါတည်း သယ်သွားတော့တယ်။

ဒီဓားသွားဟာ မြေပြန့်ကို ရောက်သွားပြီး ကင်းလူမျိုးတွေက ရသွားကြသကွယ့်။ သောင်းလူမျိုးတွေရဲ့ လက်ထဲမှာတော့ ဓားရိုးပဲ ကျန်ခဲ့တော့တယ်။ ဒီလူမျိုးစု နှစ်စုကလည်း တစ်စုနဲ့တစ်စု အနေဝေးကြတယ်။ ဓားရိုးနဲ့ဓားသွား ပြန်တပ်ခန်းကို မရောက်နိုင်တော့ဘူး။

ပြင်သစ်တွေ ပြန်ရောက်လာတဲ့အခါကျတော့ တို့လက်မှာ ခုခံတိုက်ခိုက်ဖို့ ဘာလက်နက်မှ မရှိတော့ဘူး။ ဒါကြောင့် တို့ဒူးထောက်ပြီး အရှုံးပေးလိုက်ရတာပေါ့။ ပြင်သစ်တွေဟာ တို့တိုင်းပြည်ကို အလွယ်တကူ သိမ်းပိုက်နိုင်လိုက်ကြတယ်။ တို့တစ်တွေကို အလွယ်တကူ ချေးတပ်ဆွဲနိုင်ကြတယ်။ အခွန်အတုတ်တွေ အမျိုးမျိုး ကောက်ခံကြတော့တယ်"





လူငယ်တို့သည် ဒဏ္ဍာရီပြောနေသူ ဘကြီးဆန်း၏ မျက်လုံးအစုံကို စူးစိုက်ကြည့်နေကြ၏။ သို့သော် သူတို့ မြင်သည်ကား ဘကြီးဆန်း၏ မျက်လုံးအစုံကို မဟုတ်၊ အလွန်တရာ ကြည်လင်စူးရှပြီး တောက်ပြောင်သည့် သူရဲကောင်းကြီး ဗိုလ်အောင်ထူး၏ မျက်လုံးအစုံသာ ဖြစ်ချေသည်။

ဘကြီးဆန်းသည် ဆေးကုန်သွားသည့် သူ့ဆေးတံကို တစ်ချက် ခေါက်ပြီး ခါထုတ်လိုက်၏။ ပြီးတော့ ဆေးဘူးထဲမှ ဆေးတစ်ဆုံစာကို နှိုက်ယူကာ အနေတော် လုံးခြေပြီး ဆေးအိုးထဲသို့ ထည့်လိုက်သည်။ မီးညှိပြီးသောအခါ ခပ်ပြင်းပြင်း တစ်ချက် ဖွာရှိုက်ထုတ်လိုက်သည်။

အတွင်းသို့ နက်ရှိုင်းစွာ ဝင်နေပြီဖြစ်သော မျက်လုံးအစုံ၊ အရေးအကြောင်းအရေးဖြင့် တွန့်လိမ်နေသည့် သူ့ပါးပြင်နှစ်ဖက်နှင့် ဖြူဖွေးကာ ရှည်လျားလှသော သူ့မုတ်ဆိတ်မွေးများသည် သူ ဖွာထုတ်လိုက်သည့် ဆေးတံမီးခိုးလုံးများကြားမှာ ပျောက်ကွယ်သွားတော့သည်။ ဘကြီးဆန်းသည် မီးခိုးများ ပြယ်လွင့်သွားသည် အထိ စောင့်ဆိုင်းနေ၏။ လူငယ်များကလည်း ဘကြီးဆန်း၏စကားကို နားစွင့်နေကြ၏။

"ဘကြီးရဲ့အဘိုး အဘိုးသိန်းတို့၊ ဘကြီးရဲ့အဖေ ဦးကုလားတို့က သူတို့သားသမီး၊ မြေးမြစ်တွေကို ပြောတတ်တဲ့ စကားတစ်ခုရှိတယ်။

ဘာလဲဆိုရင် ကင်းလူမျိုးတွေဆီကိုသွားပြီး သူတို့လက်မှာရှိတဲ့ ဗိုလ်အောင်ထူးရဲ့ ဓားသွားနဲ့ တို့လက်မှာရှိတဲ့ဓားရိုးကို ဆက်ရမယ်တဲ့။ ဒီလိုဆက်ပြီး ပြင်သစ်တွေကို တိုက်ရမယ်တဲ့။ ရန်သူကို အနိုင်တိုက်ဖို့ကတော့ ဒီတစ်နည်းပဲ ရှိတော့တယ်ကွယ့်"

ဘကြီးဆန်းက သူ့ဒဏ္ဍာရီကို နိဂုံးချုပ်လိုက်သည်။ ညဥ့်သည်လည်း တော်တော်နက်လာပြီ။ ရွာထိပ်မှ ကြက်တွန်သံများကိုလည်း တိမ်းမူးစဖွယ် ကြားနေရချေပြီ။ ချူလေးတောင်ဆီမှ ကျားဟိန်းသံသည်လည်း လေရှူးနှင့်အတူ တောက်ဆီသို့ လွင့်ပျံ့ရောက်လာ၏။

သက်ကြီးရွယ်အိုများ အားလုံး ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ကာ အိပ်စက်အနားယူကြပြီ။ လူငယ် ဆယ်ယောက်ခန့်သာလျှင် အိမ်သို့ မပြန်ကြသေးဘဲ လိုက်ရုံအတွင်း၌ မီးဖိုဘေးမှာ စုထိုင်ကြရင်း ကိုယ့်အတွေးဖြင့်ကိုယ် တိတ်ဆိတ်နေသက်နေကြ၏။

သီအုန်းစမ်းချောင်းမှ ငြိမ့်ညောင်းသော စမ်းရေစီးသံကို ကြားနေရသည်။ မိုးရေသည် တစ်ညလုံး စီးဆင်းသွားကာ နောက်တစ်နေ့တွင် ဘားမြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက် ပေါင်းဆုံလိမ့်မည်။ ညနေပိုင်းသို့ ရောက်သောအခါ ဘားမြစ်သည် သူရဲကောင်းကြီး ပိုလ်အောင်ထူး၏ ရွာအနီးမှ ရစ်ခွေလဲလျောင်းကာ ဖြတ်သန်းစီးဆင်းသွားပေဦးတော့မည်။

သူရဲကောင်းကြီး ပိုလ်အောင်ထူး ကွယ်လွန် အနိစ္စရောက်ခဲ့သည်မှာ အဘယ်မျှ ကြာမြင့်ခဲ့ပြီနည်း။ ဘာနားလူမျိုးတို့သည် ကင်းလူမျိုးများရှိရာသို့ သွားကာ မားရိုးနှင့်မားသွား ဆက်ရေးကို အဘယ်အတွက်ကြောင့် မပြုလုပ်ဘဲ နေခဲ့ကြသနည်း။ ထိုမားသွားသည် ယခု အဘယ်မည်သော အရပ်သို့ ရောက်နေချေပြီနည်း။

ကောင်ဟွာရွာသားများသည် ချွေးတပ်ဆွဲခံရသဖြင့် အန်ခေးသို့ ရောက်ခဲ့ကြဖူးပါ၏။ ဦးလေးပါ၊ ကိုညိုပုနှင့် မောင်ချစ်ကြီးတို့သည် အန်ခေးတွင် ကင်းလူမျိုးတို့နှင့် တွေ့ဆုံခဲ့ကြဖူးပါ၏။ ကင်းလူမျိုးတို့သည်လည်း သောင်းလူမျိုးများ ခံစားခဲ့ကြရသော ချွေးတပ်ဆွဲခံရသည့်ဒုက္ခ၊ အခွန်အတုတ် စည်းကြပ်ခံကြရသည့် ဒုက္ခများကို တန်းတူ ခံစားခဲ့ကြရပါ၏။

ပိုလ်အောင်ထူး၏ မားသွားသည် အဘယ်မှာနည်း။ မည်သူ တစ်စုံတစ်ယောက်မျှ မသိကြ။ ပိုလ်အောင်ထူး၏မား မရှိဘဲနှင့် ယခု ခံစားနေကြရသော ဘေးဒုက္ခအပေါင်းမှ ဘယ်နံ့ရောအခါတွင် လွတ်မြောက်ကြမည်နည်း။ မည်သူ တစ်စုံတစ်ယောက်မျှ မသိကြ။

လွန်ခဲ့သည့် ၁၉၂၅ ခုနှစ်က မာထရန်လုံ အမည်ရှိ မနောင်းလူမျိုးတစ်ဦးသည် ရရာလတ်နက် စွဲကိုင်ကာ ပြင်သစ်ကို တိုက်ခိုက်ခဲ့ဖူး၏။ ယခုဆိုလျှင် ဆယ်နှစ်ခန့် ကြာမြင့်ခဲ့ပြီ။ သို့သော်လည်း မျိုးချစ်ပုဂ္ဂိုလ်ကြီး မာထရန်လုံသည် ပြင်သစ်များကို အညံ့ခံ အရှုံးပေးလိုက်ရရှာ၏။ မာထရန်လုံခမျာသည်လည်း ပိုလ်အောင်ထူး၏မားကို တွေ့မသွားရရှာပါတကား။

မီးတောက်သည် တဖြည်းဖြည်း အရှိန်နည်းလာကာ အလင်းရောင်အားပျော့လာ၏။ ထင်းတုံးတို့သည် မီးများ တောက်လောင်ပြီး မီးကျီးခဲများအဖြစ်သို့ ပြောင်းလဲလာကြချေပြီ။ မှောင်ရုံထဲမှာလည်း တိတ်ဆိတ်မှုက ကြီးစိုးဆဲ ကြီးစိုးနေသည်။ ထိုတိတ်ဆိတ်မှုကို စတင် ဖျက်ဆီးလိုက်သူမှာ ကိုသီဟာပင် ဖြစ်သည်။

"လယ်ကွင်းထဲက စပါးတွေ မှည့်ကုန်ပြီ၊ ပြင်သစ်တွေ မကြာခင် ရောက်လာကြတော့မှာ သေချာတယ်"

ရုတ်တရက် ပြောချလိုက်သော ကိုသီဟာ၏စကားသည် မီးဖိုပတ်လည်တွင် ထိုင်နေကြသူများ အားလုံးကို သောကပွားစေတော့၏။ အမှောင်ထဲတွင် ထိုင်





နေသည့် ကိုမောင်စစ်သည် ခြင်တစ်ကောင်ကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက်ရင်း သူကိုယ်သူ ပြောသလို ညည်းတွားလိုက်၏။

"ဘာလန်းရွာဟာ တံခါးပေါက်နဲ့တူပြီး ငါတို့ ကောင်ဟွာရွာဟာ အိမ်မကြီးလို ဖြစ်နေတယ်။ ပြီးခဲ့တဲ့လက ဘာလန်းရွာကို ပြင်သစ်တွေ ဝိုင်းကြခဲ့တယ်။ ဘာလန်းရွာသားတွေ အထိအနာကြီး နာခဲ့ကြတယ်။ ဒီလတော့ ပြင်သစ်တွေတာ တို့ရွာကို သေချာပေါက် လာကြတော့မှာပဲ"

ကိုမောင်စစ်၏စကား ဆုံးသောအခါ မောင်ချစ်ကြီး၏ သက်ပြင်းချသံကို ကြားလိုက်ရသည်။ မောင်ချစ်ကြီးသည် ဤရွာထဲတွင် ပလွေမှုတ် အတော်ဆုံးဖြစ်၏။ ပတ္တလားအတီးလည်း ကောင်း၏။ သူသည် စောင်တစ်ထည်ဖြင့် သူ့ကိုယ်သူ လုံအောင်ပတ်ရင်း အမှောင်ရိပ်ထဲမှာ ထိုင်နေသည်။ တွန့်လိမ်ကောက်ကွေးနေသည့် သူ့ဆံပင်များကိုသာလျှင် တစ်ချက်တစ်ချက်တွင် မီးရောင်ဖြင့် တလက်လက် မြင်တွေ့ရ၏။ သက်ပြင်းချသံ ဆုံးသောအခါ သူ့အသံပါ ပေါ်လာသည်။

"မကြာခင်မှာ တို့အိမ်တွေကို တို့စွန့်ရတော့မယ်။ တို့လယ်တွေကို တို့ပစ်ခဲ့ရတော့မယ်။ တောထဲတောင်ထဲမှာ သွားပုန်းနေပြီး မျောက်ဥ၊ ကြွေးဥ တူးစားကြရတော့မယ်။ တို့လယ်ကွင်းတွေထဲမှာ တို့စပါးတွေ ရှိနေတာတော့ မှန်ပါရဲ့။ ဒါပေမယ့် တို့စပါးကို တို့စားရဖို့ မသေချာဘူး။ တော်တော် ယုတ်မာမိုက်ရိုင်းတဲ့ ပြင်သစ်တွေကွာ။ ဒီကောင်တွေကျတော့ သေခြင်းဆိုးနဲ့ မသေကြဘူးလား"

မောင်ချစ်ကြီး၏စကား ဆုံးသောအခါ လူငယ်တစ်ယောက်၏ အသံတစ်သံကလည်း ဒေါသတကြီးဖြင့် ပေါက်ကွဲထွက်လာပြန်၏။

"ဒီတစ်ကြိမ်တော့ ကျုပ်တို့ မပြေးကြစို့နဲ့ဗျာ။ ဒီကောင်တွေကို ဖြစ်တဲ့နည်းနဲ့ ပြန်တိုက်ကြရအောင်။ ဒီကောင်တွေကို အကုန်သတ်ပြီးမှ ကျုပ်တို့ဆန်စပါးကို ကျုပ်တို့ စားနိုင်တော့မယ်။ ကျုပ်တို့ အဘိုးအဘေးတွေလည်း ပြင်သစ်ကို တိုက်ခဲ့ကြတာပဲ။ အခု ကျုပ်တို့ခေတ်ကျမှ ဘာဖြစ်လို့ ပြန်မတိုက်ကြရမှာလဲ၊ ထစ်ခနဲရှိတိုင်းသာ ကျုပ်တို့ တစ်ပြေးတည်း ပြေးနေကြမယ်ဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်ကြတော့မှာလဲ။ ဘာနားလူမျိုးတွေ အကုန်လုံး သေကုန်ဖို့ပဲ ရှိတော့တယ်"

လူငယ်သည် သူ့ခန္ဓာကိုယ်ကို စောင်ဖြင့် သိုင်းခြုံထား၏။ ပါးစပ်မှာလည်း ဆေးတံကို ခဲထားသည်။ နံရံပေါ်မှာ ထိုးကျနေသည့် သူ့အရိပ်သည် ဒေါသဖြင့် ယိမ်းထိုးလှုပ်ရှားနေသည်။ နားရွက်မှ မေးစေ့အရောက် ပြည့်နေသော ပါးမြိုင်း



www.burmeseclassic.com

www.burmeseclassic.com

မွေးများကြားမှ အရောင်တဖိတ်ဖိတ် တောက်နေသည့် သူ့မျက်လုံးအစုံကို မြင်တွေ့ကြရသည်။

မောင်ချစ်ကြီးက ညည်းသံဖြင့် မသက်မသာ ပြန်ပြော၏။

"ကျွန်တော်တို့ကတော့ ပြင်သစ်ကို မတိုက်နိုင်တော့ပါဘူး အစ်ကိုညိုပုရာ၊ ဒီလိုပဲ လွတ်ရာကျွတ်ရာကို ထွက်ပြေးနေကြရတော့မှာပါပဲ။ ကျွန်တော်တို့ဘိုးအေ၊ ဘွားအေတွေလည်း ပြင်သစ်ကို မတိုက်နိုင်ခဲ့ကြပါဘူး။ ကျွန်တော်တို့အဘိုး၊ အဘွားတွေ ရှုံးခဲ့ကြရတာရော အစ်ကိုညိုပု မသိဘူးလား"

ကိုညိုပုသည် ဖွာလက်စဆေးတံကို ဖြုတ်လိုက်ရင်း မောင်ချစ်ကြီးဘက်သို့ လှည့်ကာ ပြန်မေးလိုက်သည်။

"တို့က ဒီကောင်တွေကို ဘာဖြစ်လို့ မတိုက်နိုင်ရမှာလဲကွ"

ကိုညိုပု၏ စူးရှသောမျက်လုံးများသည် အမှောင်တွင်းသို့ စူးစိုက်ကြည့်လိုက်သည်။ အမှောင်ရိပ်မှာ ထိုင်နေသော မောင်ချစ်ကြီးက ပို၍ မှောင်သည့် ထောင့်အတွင်းသို့ တိုးကပ်ဝင်သွားသည်။ နောက်ကို ဆုတ်လိုက်သဖြင့် မီးနှင့် ပိုဝေးသွားသောကြောင့် ကြမ်းကြားမှ လေအေးသည် စိမ့်၍ တိုးဝင်လာ၏။ ထိုအအေးဓာတ်ကြောင့် သူ့ခေါင်းကိုလုံအောင် စောင်နှင့် ဆွဲဖုံးလိုက်သည်။

ကိုနှောင်းသည် မီးစများကို နေသားတကျ ဖြစ်သွားအောင် ပြင်ဆင်လိုက်ရင်း စကားဝိုင်းတွင်းသို့ ဝင်လာ၏။ သည်အုပ်စုထဲမှာ ကိုနှောင်းသည် အသက်အကြီးဆုံး ဖြစ်သည်။

"ပြင်သစ်တွေလက်မှာ မော်တော်ကားတွေ ရှိတယ်၊ လေယာဉ်ပျံတွေ ရှိတယ်၊ အမြောက်ကြီး အမြောက်ငယ်တွေ ရှိတယ်။ တို့ဘိုးဘွားတွေလည်း သူတို့ကို မတိုက်နိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်တွေကို မြားနဲ့ပစ်ရင် သွေးမထွက်ဘူးကွ"

စောစောပိုင်းက အတွေးကိုယ်စီဖြင့် ငြိမ်ချက်သားကောင်းနေသော သူတို့အုပ်စုသည် ကိုနှောင်း၏ စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူတစ်ပေါက် ငါတစ်ပေါက်ဖြင့် ငြင်းကြခုံကြ လုပ်လာသည်။

ပြင်သစ်လူမျိုး ဟူသည်မှာ သာမန်လူသားပင် ဖြစ်သောကြောင့် သူတို့ကို မြားနှင့်ပစ်ပါက သွေးထွက်ရမည်ဖြစ်ကြောင်း အချို့က ပြောကြသည်။

အချို့တလည်း ပြင်သစ်များသည် ကျောက်တုံး ကျောက်ဆောင်များနှင့် တူကြောင်း၊ သစ်ပင်များနှင့်လည်းတူကြောင်း၊ အမှန်မှာမူ လူမဟုတ်ဘဲ နတ်သိကြားများ ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိုးပေါ်သို့ ပျံနိုင်ကြောင်း၊ ရေထဲ





တွင်လည်း ငုပ်လျှိုးနေနိုင်ကြောင်း၊ သူတို့ကို မြားနှင့် စူးအောင်ပစ်သော်လည်း သွေးမထွက်ကြောင်း၊ ဘကြီးဆန်း၏အဖေ ဦးကုလားသည် ပြင်သစ်များကို မြားနှင့် ပစ်ခဲ့ဖူးကြောင်း၊ သို့သော်လည်း သူတို့သည် သွေးမထွက်၊ သေလည်း မသေကြောင်းဖြင့် အချို့က ထင်မြင်ချက် ဝင်ပေးကြပြန်သည်။

အပြင်ဘက်တွင် ငှက်များ အိပ်တန်းထကာ အသံစုံ ကျူးရင့်နေသည့် နံနက် အရုဏ်တက်ချိန်အထိ သူတို့သည် ငြင်း၍ခုံ၍ ကောင်းနေကြဆဲပင် ဖြစ်သည်။ မောင်ချစ်ကြီးသည် ခေါင်းကို တစ်ယမ်းတည်းယမ်းကာ ညည်းညူမြည်းညူနေ၏။ ကိုညိုပုမှတစ်ပါး ကျန်လူငယ်အများစုက မောင်ချစ်ကြီးနှင့် တစ်သဘောတည်း ရှိနေကြသည်။

ကိုညိုပုသည် မီးမသေသေးသော သူ၏ဆေးတံကို ကြီးမားတုတ်ခိုင်လှသည့် သူ၏လက်များဖြင့် ပွတ်သပ်နေရင်း သူကိုယ်သူ ပြောသလို တတွတ်တွတ် စကားပြောနေသည်။

"ဒီကောင်တွေ သွေးမထွက်ဘူးဆိုတာ ဟုတ်သလား၊ မဟုတ်ဘူးလား။ ငါ့ဟာငါ အရင်ဆုံး စမ်းသပ်ကြည့်မှ ဖြစ်မှာပါပဲ"

မောင်ချစ်ကြီးတို့လူသိုက် ငြင်းခုံ၍ ကောင်းနေကြသည့် ညတုန်းက မလေးယုသည် သူ့အိပ်ရာထဲမှာ အိပ်မပျော်နိုင်ဘဲ နိုးနေသည်။ မျက်စိကြောင်နေဆဲမှာပင် ညင်းပျောင်းသော တယောသံသည် ဝေးဝေးမှ လွင့်ပျံ့လာသည်။ တောတွင်းရှိ သစ်ပင်များ၊ သစ်ရွက်များအကြားသို့ လေပြည်လေညင်း သုတ်ဖြူးခိုက်တွင် ကြားရတတ်သော ဂီတသံစဉ်ကဲ့သို့ တယောသံက သာယာငြိမ့်ညောင်းနေသည်။

ကိုညိုပု၏ တယောသံများ ဖြစ်လေမည်လားဟု မလေးယု နားစွင့်နေမိသည်။ ကိုညိုပု၏လက်သံကို မလေးယု ကောင်းစွာ သိပါသည်။ ကိုညိုပု၏ တယောသံကို ကြားရလေတိုင်း အလုပ်ခွင်သို့ စောစောစီးစီးသွားရန် သူ့ကို တိုက်တွန်းနေသယောင် မလေးယု ထင်သည်။ တောင်ယာခင်းသို့ စောစောသွားလျှင် သူ စိုက်ပျိုးထားသည့် အသီးအနှံပင်များ အကြီးမြန်မည်။ သူ့တယောသံကို ကြားရလေတိုင်း မလေးယု၏ လက်အစုံတို့သည် ဗိုင်းငင်လိုစိတ်ကြောင့် ရှိုးတိုးရှတ ဖြစ်လာစမြဲပင်။ ပြီးတော့ သူ့အသည်းနှလုံးမှာ မေတ္တာစမ်းရေများ စီးဆင်းစမြဲပင်။

ကိုညိုပုသည် စကားဝိုင်းသိမ်းလိုက်သောအခါ အိမ်သို့ပြန်ကာ အိပ်ရာဝင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ သို့သော်လည်း တစ်မေးမျှ အိပ်မပျော်။ အိပ်မပျော်သည့်အဆုံး ခပ်စောစောပင် အိပ်ရာမှ ထခဲ့တော့၏။ တောင်းတစ်လုံးကို နောက်ကျောမှာလွယ်ပြီး တောခုတ်ဓားတစ်ချောင်းကို လက်မှာကိုင်ကာ မိခင်ဖြစ်သူကို နှုတ်ဆက်သည်။

"အမေရေ အိမ်မှာလည်း ဆားကုန်နေပြီ။ ကျွန်တော် ဒီပိုးကို သွားဝယ်လိုက်ဦးမယ်။ ပြင်သစ်တွေ ရောက်လာပြန်ရင် ဟင်းသီးဟင်းရွက်ကိုပဲ အားကိုးပြီး စားနေရဦးမှာ။ ဆားမရှိရင် မဖြစ်ဘူး"

"ပြင်သစ်တွေနဲ့ တို့ကလည်း ကဏ္ဍကောစ ဖြစ်နေတော့ တို့ကို မျိုးပြုတ်အောင် သတ်ပစ်ချင်နေတာ။ အစစအရာရာ သတိထားသွားနော်"

သူ့ကို သတိပေးနေသည့် မိခင်ကိုကြည့်ရင်း ကိုညိုပုသည် မိမိ အန်ခေးသို့ သွားမည့်အကြောင်း အမှန်အတိုင်း ပြောမိတော့မလို ဖြစ်သွား၏။ သူ့စိတ်ကိုသူ မနည်းကြီး ထိန်းလိုက်ရသည်။ အန်ခေးသို့သွားမည့် အကြောင်းရင်းအမှန်ကို သိလျှင် အမေ ငိုချေတော့မည်။

ရွာပြင်ဘက်သို့ လျှောက်လာရင်း သူ့လယ်ကွင်းများသို့ ရောက်သောအခါ မျက်စိတစ်ဆုံးတွင် ဝင်းမှည့်နေသည့် စပါးများကို ငေးကြည့်နေမိသည်။ သူကိုယ်တိုင် ချွေးနှင့်ရင်းကာ စိုက်ပျိုးထားသည့် သူပိုင်လယ်ကွင်းများ ဖြစ်သည်။ စပါးများ အလွန် အောင်မြင်နေသည်ကို တွေ့ရသောအခါ ကိုညိုပု ရင်ထဲမှာ ဒေါသ အစိုင်အခဲများ ကြီးထွားလာသည်။

"ငါ့အမေ စိတ်ဆင်းရဲအောင်လုပ်တဲ့ ခွေးမသားတွေ၊ သွေးမထွက်ဘူးဆိုတဲ့ ကောင်တွေ တွေ့ကြရောပေါ့ကွာ။ မင်းတို့ သွေးထွက်တဲ့အထိ ငါ တိုက်ပြမယ်"

* * *

ဘာလန်းရွာကို ပြင်သစ်များ အနိုင်ရခြင်းသည် မိမိတို့၏ အိမ်တံခါးပေါက်ကို ဖွင့်ခြင်းနှင့် အတူတူဖြစ်ကြောင်း ကိုမောင်စစ် ပြောသောစကားသည် မှန်လွန်းလှ၏။

ပြင်သစ်တို့သည် ဘာလန်းရွာကို အနိုင်ရပြီးသည်နှင့် တစ်ပြိုင်တည်း ကောင်ဟွာရွာကို တိုက်ရန် ပြင်ဆင်ကြသည်။ ဘာလန်းရွာသားများကိုပင် အတင်းအဓမ္မ လမ်းပြခိုင်းကြသည်။ ပထမတွင် ဘာလန်းရွာသားများက ငြင်းဆန်ကြပါသေး၏။ နောက်ဆုံးတွင် အားမတန် မာန်လျှော့ကြရစမြဲအတိုင်း ပြင်သစ်တို့၏ စေသည့်ကျွန် ထွန်သည့်နွားပမာ ဖြစ်ကြရတော့သည်။

စပါးများ စုံစုံညီညီ ရိတ်သိမ်းအပြီး၊ ရွာတွင်းရှိ စပါးကျီများမှာ အပြည့်အသိပ် စပါးသိုလှောင်အပြီးမှာပင် ကောင်ဟွာရွာသို့ ပြင်သစ်များ ရောက်လာကြ





တော့သည်။

တစ်မနက်ခင်း ရွာသူရွာသားတို့ လုပ်ငန်းခွင်သို့ ဝင်နေခိုက်မှာပင် သေနတ်သံများကို စတင် ကြားရတော့သည်။

ဘေးအန္တရာယ်သည် သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာချေပြီ။ ပြင်သစ်တို့ လာကြပြီ။

သေနတ်သံများသည် စောစောပိုင်းက ခပ်လှမ်းလှမ်းမှ ဖြစ်၏။ တစ်စတစ်စနှင့် နီးလာသည်။ သေနတ်သံမှုသာမက အမြောက်သံများပါ ရောစွက်လာသည်။

ရွာသူရွာသားများခမျာ အိမ်တွင်းရှိ ပစ္စည်းပစ္စယများကို သယ်ဆောင်ပြေးချိန် မရ။ ဝက်များ၊ ကျွဲများကို ဆွဲခေါ်သွားချိန် မရ။ ယုတ်စွအဆုံး အဝတ်အစားမျှကိုပင် သိမ်းဆည်းယူငင်နိုင်ခြင်း မရှိကြချေ။ ဆန်တစ်တောင်းမျှကိုပင် အနိုင်နိုင်သယ်ကာ ချုံလေးတောင်ဆီသို့ ပြေးကြရသည်။

ကိုညိုပု၏အမေသည် သားငယ်ကို ကျောပိုးပြီး အဝတ်နှင့် သိုင်းချီလိုက်၏။ နဂိုက ခပ်ကုန်းကုန်းခါးသည် ပို၍ ကိုင်းသွားသည်။ အဘွားအိုသည် အလွန်တရာ ကြောက်ရွံ့ထိတ်လန့်နေသည်။ မည်သည့်ပစ္စည်းကို မည်သို့ ယူရမည်ဟုပင် မသိနိုင်တော့။ ထို့ကြောင့်လည်း အဲယောင်ယောင်အမှားမှားဖြင့် ထုံးအိုးကို ပြေးဆွဲကာ ပါးစပ်မှလည်း သံကုန်အော်နေသည်။

"ဟဲ့ ညိုပု၊ ဒီဆန်တောင်းကို သယ်ခဲ့စမ်း။ မြန်မြန်လုပ်ပါဟဲ့။ ဒီတစ်ချီတော့ ကိုယ်ကျိုးနည်းကြပါပြီတော်။ ဒီအိမ်လည်း ပြာကျတော့မှာပါပဲ။ မွေးထားသမျှ ဝက်တွေ၊ ဆန်တွေလည်း ကုန်မှာပါပဲ၊ ဘုရား ဘုရား"

ကိုညိုပုသည် လေးနှင့်မြားကိုကိုင်ကာ မွှာရုံမှ ပြန်ရောက်လာခါစ ဖြစ်သည်။ အမေ ပြောသည့်အတိုင်း ဆန်တောင်းကိုသယ်ကာ လှေကားမှ ဒရောသောပါး ဆင်းလာပြီး အနီးရှိ ကိုမောင်စစ်ကို လှမ်းပေးလိုက်သည်။

"ဟေ့ မောင်စစ်၊ မင်း ဒီဆန်တောင်းကို သယ်ပြီး အမေနဲ့လိုက်သွား"

"ခင်ဗျားက ဘာဖြစ်လို့လဲ"

"ငါ နေခဲ့မယ်၊ ပြင်သစ်တွေကို တိုက်မယ်"

"ဟာ မဟုတ်တာဘဲ ကိုညိုပုရာ၊ မဖြစ်နိုင်တာဘဲ"

သို့သော်လည်း ကိုညိုပုသည် ကိုမောင်စစ်၏လက်တွင်းသို့ ဆန်တောင်းကို ထည့်ပေးခဲ့ပြီး ဖြစ်၏။ ကိုညိုပု၏ တောက်ပြောင်နေသော မျက်လုံးအစုံကို ကြည့်ခြင်းအားဖြင့် မိမိ တားသော်လည်း အချည်းနှီး ဖြစ်မည်ကို ကိုမောင်စစ်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လိုက်သည်။ ထို့ကြောင့်လည်း သူ့ကို ကျောခိုင်းကာ အခြားရွာသားများနှင့်အတူ ရွာပြင်သို့ ပြေးထွက်ခဲ့သည်။

ရွာထိပ်သို့ ရောက်သောအခါ ကိုညိုပု၏ မိခင်သည် သားဖြစ်သူကို မတွေ့သောကြောင့် သောကရောက်သွားရှာသည်။ သောကနှင့်အတူ မျက်ရည်များစီးကျလာကာ သားဖြစ်သူကို တကြော်ကြော် အော်ဟစ်ခေါ်တော့သည်။

"ညိုပုရေ. . . ဟေ ညိုပု"

မိခင်၏ အော်ဟစ်ခေါ်သံကြောင့် ကိုညိုပုသည် ရွာထိပ် မိခင်ရှိရာသို့ ပြေးထွက်လာ၏။

"သွားအမေ သွား၊ ဘာမှ မပူနဲ့။ မောင်စစ်ကို ဆန်တောင်းသယ်ခိုင်းလိုက်ပြီ။ ကျွန်တော်တော့ မလိုက်သေးဘူး။ ပြင်သစ်တွေကို ပြန်တိုက်လို့ ရ မရ စောင့်ကြည့်ဦးမယ် အမေ။ အမေသာ သွားနှင့်ပါ။ ဒီကောင်တွေ သေးထွက်တဲ့အထိ ကျွန်တော် တိုက်ကြည့်မယ်။ ပြီးတော့ အမေတို့ဆီ ကျွန်တော် လိုက်ခဲ့မယ်။ ကျွန်တော့်အတွက် ဘာမှ မပူနဲ့ အမေ"

ကိုညိုပုသည် သူ့အမေ စိတ်မပူရန် တတွတ်တွတ် ပြော၏။ သူ အန်ခေးက ပြန်လာကတည်းက သူ့အမေ ညစဉ် ငိုခဲ့ရသည်။ သူ့သားကို နည်းမျိုးစုံဖြင့် ဖျောင်းဖျခဲ့သည်။

"သားရယ်၊ အမေ့ကို သနားပါဦး။ အမေ့ကို အမှန်အတိုင်း ဘာဖြစ်လို့ မပြောတာလဲ။ အမေ့ကို သတိမပေးဘဲ ဘာဖြစ်လို့ အန်ခေးကို သွားတာလဲ။ သူတို့ကို မထောက်ခံတဲ့လူ မှန်သမျှကို ထောင်ထဲထည့်နေတာလည်း ငါ့သား သိလျက်သားနဲ့ ဘာဖြစ်လို့ အန်ခေးကို သွားရတာလဲ။ ငါ့သားဟာ ပြင်သစ်ကို ထောက်ခံတဲ့လူလည်း မဟုတ်ဘူး" စသည်ဖြင့် မနားတမ်း ပြောလေ့ရှိသည်။

"ဟုတ်တယ် အမေ၊ ပြင်သစ်တွေကိုတော့ ဘယ်တော့မှ ကျွန်တော် ထောက်ခံမှာ မဟုတ်ဘူး။ အန်ခေးကိုသွားပြီး ဒီကောင်တွေကို ကျွန်တော် လေ့လာကြည့်တာပါ။ ဒါမှ နောင်ကျရင် သူတို့ကို ကျွန်တော် ပြန်တိုက်နိုင်မယ် မဟုတ်လား။

ဒီကောင်တွေရဲ့လက်မှာ အံ့သြစရာကောင်းလောက်အောင် အမြောက်ကြီးငယ်တွေ၊ မော်တော်ကားတွေ၊ လေယာဉ်ပျံတွေ ရှိနေတာ မှန်ပါတယ်။ ဒါပေမယ့် ဒီကောင်တွေဟာ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ နတ်သိကြားတွေ ဆိုတာတော့ မဟုတ်ဘူး။ သူတို့လည်း ကျွန်တော်တို့လို သာမန်လူတွေပါပဲ။ ဒီကောင်တွေဟာ သွေးထွက် မထွက် သိရအောင် တစ်နေ့ကျမှ ကျွန်တော် မြားနဲ့ပစ်ပြမယ်"



"မဖြစ်နိုင်တာဘဲ သားရယ်၊ သူတို့ကို မင်းကိုယ်တိုင်တိုက်လို့ မဖြစ်ပါဘူး"

"မဟုတ်သေးဘူး အမေ၊ ဒီကောင်တွေကို ကျွန်တော်က အရင်စပြီး တိုက်ပြမှ ကျန်တဲ့ရွာသားတွေပါ ကျွန်တော့်နောက်ကို လိုက်လာကြတော့မှာပေါ့" စသည်ဖြင့် ခေါင်းမာစွာ ပြန်ပြောခဲ့သည်။

ယခု ပြင်သစ်များ တကယ် ရောက်လာကြပြီ။ ကိုညိုပုသည် သူဆုံးဖြတ်ချက်အတိုင်း ပြင်သစ်များကို ခုခံတိုက်ခိုက်တော့မည်။

အမေသည် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သားဖြစ်သူသည် ကောင်းစွာ လူလားမြောက်နေပြီ။ မိမိထက်လည်း ခေါင်းတစ်လုံးသာသာ ပိုမိုအရပ်ရှည်လျက်ရှိပြီ။ လူငယ်များ နားဝင်လက်ခံလာအောင် မိမိတို့လူကြီးများအနေဖြင့် နားချ၍ လွယ်ကူနိုင်မည် မဟုတ်ကြောင်း သဘောပေါက်မိသည်။

ထို့မျှမက သား၏မျက်နှာကို စူးစိုက်ကြည့်ရင်း တုတ်ခိုင်မာကျောသည့် မေးရိုးကြီးများကို သတိပြုမိသည်။ သူ့အဖေသည်လည်း ဤကဲ့သို့သော မေးရိုးကြီးများဖြင့် အလွန် ခေါင်းမာတတ်သည်။ တစ်စုံတစ်ခုကို ယုံကြည်မိပြီဆိုလျှင် အလွယ်တကူဖြင့် ကန့်ကွက်၍ မရစဖူးချေ။

အမေသည် စီးကျလာသည့် မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်သည်။ အခြား ရွာသားများနှင့်အတူ တောတွင်းသို့ ပြေးဝင်ပုန်းအောင်းရန်အတွက် ခြေလှမ်း ပြင်လိုက်သည်။

သို့သော်လည်း ရင်မှဖြစ်သည့် သားအတွက် ရတက် မအေးနိုင်သောကြောင့် သမင်လည်ပြန်လှည့်ကာ အော်၍ မှာမိအောင် မှာလိုက်သေးသည်။

"မောင်ညိုပုရေ၊ အစစအရာရာ သတိထားပါ သားရယ်။ ရှေ့ကိုချည်း လောကြီးမနေနဲ့။ အန္တရာယ်ကြီးရင် ကိုယ့်ပြေးလမ်းကိုလည်း ကိုယ်ကြည့်ထားနော်"

* * *

ဓမ္မာရုံထဲမှာ ထိုင်ပြီး ရန်သူအလာကို ကိုညိုပု စောင့်နေသည်။ နေလည်း အတော်မြင့်ပြီ။ ဓမ္မာရုံရှေ့ရှိ သရက်ပင်ထိပ်ဖျားကို နေရောင်ထိုးနေပြီ။ ရင်တထိတ်ထိတ်ဖြင့် ရန်သူအလာကို စောင့်နေသည်။ သရက်ပင်ထိပ်ဖျားမှ နေရောင်သည် အကိုင်းများပေါ်သို့ ထိုးကျလာသည်။ ထို့မှတစ်ဆင့် ပင်စည် တစ်ပင်လုံးကို နေရောင်လွှမ်းထားပြီ။

သေနတ်သံများ တစ်စတစ်စဖြင့် ကျဲလာသည်။ ပြင်သစ်များ အခြားလမ်းဘက်သို့ ဦးတည် ထွက်ခွာသွားကြလေပြီလားဟု ကိုညိုပု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းသာ ဆိုပါက ခဲလေသမျှ သဲရေကျ ဖြစ်တော့မည်။ ထို့ကြောင့် မမှာရုံ ထဲမှထွက်ပြီး သီအုန်းစမ်းချောင်းဘက်သို့ ထွက်ခဲ့သည်။

စူးစူးဝါးဝါး အနံ့တစ်မျိုးကို သူ ရလိုက်၏။ ကိုညိုပုသည် ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။ ကျားများ ဖြစ်လေမည်လားဟု သူ စဉ်းစားလိုက်သည်။

ထိုအခိုက် တောင်စောင်းမှ ကျောက်ခဲတစ်ခဲ လိမ့်ဆင်းလာကာ သူ့ကျော ကို လာထိသည်။ ကျားမဖြစ်နိုင်ပါ။ ဤအနံ့နှင့် ဤအသံသည် ပြင်သစ်သာလျှင် ဖြစ်ရမည်။ သူတို့၏အနံ့သည် ကျားနံ့ကဲ့သို့ စူးစူးဝါးဝါး ဆိုးလှ၏။ အနံ့ခေးသို့ သွားစဉ်တုန်းက ဤကဲ့သို့သော အနံ့မျိုးကို ကိုညိုပု သတိထားခဲ့မိဖူးသည်။

သူသည် နောက်ကြောင်းသို့ ပြန်လှည့်ကာ ပြေးရန် ကြံလိုက်၏။ ပတ်လည်သို့ လှည့်ကြည့်သည်။ လောက်လောက်လားလား ချုံတစ်ခုမျှ မတွေ့ရ။ ကွယ်စရာ ကပ်စရာ ကြီးကြီးမားမား သစ်ပင်တစ်ပင်မျှ မတွေ့။ မြက်တောထူထူ ကြီးများကိုသာ တွေ့ရသည်။ ပြင်သစ်များကို တိုက်ခိုက်ရန်အတွက် အကာ အကွယ်ယူဖို့ သစ်ပင်ကြီးကြီးတစ်ပင် လိုသည်။ သို့တည်းမဟုတ် ချုံကောင်း ကောင်းသော် လည်းကောင်း၊ ကျောက်တုံးကောင်းကောင်းသော် လည်းကောင်း တစ်ခုခု လိုနေသည်။

အကာအကွယ်ကောင်းကို ရှာမရတော့သည့် အဆုံးတွင် ကိုညိုပုသည် ရွာဘက်သို့ ပြန်ပြေးခဲ့ကာ ပင်စည်ကောင်းသည့် သရက်ပင်ကြီးတစ်ပင်၏ နောက်ကွယ်တွင် ပုန်းအောင်းနေလိုက်သည်။ သူသည် ဒူးထောက်ထိုင်ချလိုက် ရင်း လေးနှင့်မြားကို အသင့်ပြင်ထားလိုက်သည်။

ပြင်သစ်စစ်သားတစ်ယောက် ရောက်လာသည်။ ပြီးတော့ နှစ်ယောက်၊ နောက်သုံးယောက်၊ လေးယောက်၊ ဆယ်ယောက်။

သူတို့ကို မျက်တောင်မခတ်ဘဲ ကိုညိုပု စိုက်ကြည့်နေ၏။ ပြင်သစ်စစ်သား များက သူ့ကို မမြင်၊ သူတို့သည် ပွင့်နေသည့် တံခါးများမှ အိမ်များအတွင်းသို့ လှမ်းကြည့်ကြသည်။ သစ်ပင်များ၊ ချုံပုတ်များကို မသင်္ကာသော မျက်လုံးများဖြင့် ကြည့်ကြသည်။ အရာရာသည် သူတို့အတွက် စိမ်းနေသည်။ ထို့ကြောင့်လည်း အထိတ်တလန့် ဖြစ်နေကြ၏။

ကိုညိုပုသည် လေးနှင့်ပစ်တော့မည်ကဲ့သို့ ဟန်ပြင်လိုက်၏။ ပြီးတော့မှ သူ့စိတ်ကို သူထိန်းကာ လေးကို အောက်သို့ ငိုက်လိုက်သည်။ ကိုမောင်စစ်၏ စကားကို သူ ပြန်ကြားနေသည်။ ပြင်သစ်များသည် သေနတ်ပါမည်လော။ မိမိ လေးဖြင့် ပစ်သော်လည်း မသေခဲ့သော် သူတို့လက်မှ လွတ်မြောက်အောင်





မည်သို့ ပြေးရမည်နည်း။

ပြင်သစ်စစ်သားများသည် မမှာရုံအတွင်းသို့ ဝင်သွားကြ၏။ အတွင်းမှ ကွဲသံရှသံများ ပေါ်ထွက်လာသည်။ အိုးကြီး၊ အိုးငယ်များကို ရိုက်ခွဲနေကြခြင်း ဖြစ်သည်။ အချို့ကို အဆောက်အအုံ အပြင်ဘက်သို့ ပစ်ထုတ်နေကြသည်။

ကိုညိုပု တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ မမှာရုံအတွင်းသို့ ပြေးဝင်သွားကာ တိုက်ခိုက်လိုစိတ်များ တဖွားဖွား ပေါ်လာသည်။

ထိုအခိုက်မှာပင် ပြင်သစ်စစ်သားတစ်ယောက်၏ခေါင်း ပေါ်လာကာ ပတ်ဝန်းကျင်ကို ဂရုတစိုက် လှမ်းကြည့်သည်။ ပြီးတော့ မမှာရုံပေါ်မှဆင်းကာ ကိုညိုပု ပုန်းနေသည့် သရက်ပင်ရှိရာသို့ တန်းတန်းမတ်မတ် ဦးတည်လာနေ သည်။ တဖြည်းဖြည်းနှင့် နီးကပ်လာ၏။ ကိုညိုပုကလည်း သူ့ကိုပင် မျက်တောင် မခတ် စူးစိုက်ကြည့်နေသည်။ သို့သော် ပြင်သစ်စစ်သားသည် သူ့ကို မမြင်၊ အန္တရာယ်မရှိသည့်အလား မတွန့်မဆုတ် လာမြဲ လာနေသည်။

အကျႌ မရှိသော သူ့ကိုယ်အထက်ပိုင်းကို ကောင်းစွာ မြင်နေရသည်။ ရင်ဘတ်ပေါ်မှာ အမွေးများ ထူထဲစွာ ပေါက်နေကြသည်။ သူ့မျက်လုံးများသည် အပြာရင့်ရောင် ပေါက်နေကြ၏။ ဆံပင်က အညိုရောင်သန်းသည်။ ထူးဆန်း သော တိရစ္ဆာန်အရိုင်းတစ်ကောင်နှင့် ဘာမှ မခြားနားချေ။

ကိုညိုပုသည် ကျားပစ်ခဲ့သည့် အကြောင်းများကို ပြန်စဉ်းစားနေမိသည်။ ပြင်သစ်သည် ကျားနှင့်အတူတူပင်။ ယခု ထိုကျားသည် သူနှင့် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်၏။ နောက်ထပ် ခြေတစ်လှမ်း ရှေ့သို့ တိုးလိုက်လျှင် သူ့ကို မြင်တော့မည်။ ထိုကျား၏ လက်ထဲမှ ရိုင်ဖယ်သေနတ်သည် မိုးပေါ်သို့ ထောင် နေ၏။ သို့သော်လည်း သူ့ဝမ်းဗိုက်ကိုသာ ကိုညိုပု မြင်နေသည်။ သူသည် ဘာမှ မစဉ်းစားနိုင်တော့။ ဝမ်းဗိုက်ကို ချိန်ရွယ်ပြီး မြားနှင့်ပစ်လိုက်သည်။

မြားသည် ပြင်သစ်၏ ဝမ်းဗိုက်အလယ်တည့်တည့်သို့ စူးဝင်သွား၏။ နောက်ထပ် ဆက်မပစ်ဘဲ အရိပ်အခြည်ကို စောင့်ကြည့်နေသည်။ စစ်သား၏ လက်ထဲမှ ရိုင်ဖယ်သေနတ်သည် လွင့်စဉ်ကာ လွတ်ကျသွား၏။ ခန္ဓာကိုယ်သည် လည်း မြေကြီးပေါ်သို့ ဗုန်းဗုန်းလဲကျသွားကာ ဒဏ်ရာရသော ကျွဲတစ်ကောင် တဲ့သို့ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

ထိုအော်သံကြောင့် အခြား ပြင်သစ်စစ်သားများ ပြေးထွက်လာကြသည်။ တစ်ယောက်မဟုတ်၊ နှစ်ယောက်မဟုတ်၊ တစ်ပြုံကြီး ပြေးထွက်လာကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုပု ရင်ထဲမှာ စိုးရိမ်မှုများ ကြီးစိုးလာသည်။ ထို့ကြောင့် ပုန်းအောင်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက်ချင်၏။ သို့သော်လည်း ပြင်သစ်၏ ခန္ဓာကိုယ်မှ သွေးထွက် မထွက်ကို ကြည့်ချင်သေးသည်။

ဒဏ်ရာရသော ပြင်သစ်သည် မြေကြီးပေါ်တွင် ပက်လက်လန် လဲကျလျက် ရှိ၏။ သူ ပစ်လိုက်သောမြားကလည်း ဝမ်းဗိုက်တည့်တည့်မှာ စူးဝင်နေသည်။ ဝမ်းဗိုက်သားသည် မိုးနှင်းကဲ့သို့ ဆွတ်ဆွတ်ဖြူသည်။ သို့သော် သွေးတစ်စက်မျှ ထွက်လာသည်ကို မတွေ့ရ။

အဘယ်ကြောင့်နည်း။ အဘယ်ကြောင့် သွေးမထွက်သနည်း။ အများပြောကြသည့် စကားသည် မှန်လေပြီလော။ အခြား ပြင်သစ်တစ်ယောက်က ဒဏ်ရာနှင့် လဲနေသူ၏ ဝမ်းဗိုက်မှမြားကို ဆွဲနုတ်လိုက်သည်။

အလားလား၊ ရဲရဲနီသောသွေးတို့သည် ဝေါက်ခနဲ ပန်းထွက်လာသည်။ နည်းနည်းကလေး မဟုတ်။ မြောက်မြားစွာသောသွေးများ ဒလဟော ပန်းထွက်နေကြခြင်း ဖြစ်သည်။ ဖြူဖွေးသော ဝမ်းဗိုက်ပြင် တစ်ခုလုံးသည် နီရဲသောသွေးတို့ဖြင့် ချင်းချင်းနီချေပြီ။ ထိုမျှမက ကိုညိုပုတို့ ချစ်မြတ်နိုးသော ကောင်ဟွာရွာ၏မြေကိုလည်း ပြင်သစ်သွေး စွန်းချေပြီ။

ကိုညိုပုသည် ပုန်းအောင်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့သည်။ သူ့နောက်မှ ပြင်သစ်များ၏ အော်သံကို ကြားလိုက်ရသည်။

"ပြေးပြီ . . . ပြေးပြီ၊ လိုက် . . . လိုက်"

နောက်ဘက်မှ သေနတ်သံများကို ကြားရသည်။ မော်တာ ပေါက်ကွဲသံများပါ ပေါ်ထွက်လာသည်။ ကျည်ဆန်တို့သည် သူ့ဘယ်ဘက်မှလည်း လွင့်ပျံထွက်သွား၏။ ညာဘက်မှလည်း ဖြတ်သန်းကျော်ထွက်သွား၏။ မော်တာကျည်ဆန်တို့သည်လည်း သူ့ပတ်ဝန်းကျင်မှာ ပေါက်ကွဲကြ၏။

သို့သော် ကိုညိုပုသည် တောတွင်းသို့ အောင်မြင်စွာ ရောက်ခဲ့ချေပြီ။ သစ်ပင်များကို အကာအကွယ်ယူရင်း မြွေလိမ်မြွေကောက် ပြေးခဲ့သဖြင့် ကျည်ဆန်ကို ရှောင်နိုင်တိမ်းနိုင်ခဲ့ချေသည်။ သစ်ရွက်များပြတ်ပြီး သူ့ကိုယ်ပေါ်သို့ တဖွဲဖွဲ ကျလာသည်။

မနားတမ်း ပြေးခဲ့ရင်းဖြင့် သေနတ်သံများ စဲသွားသည်။ ယာယီအားဖြင့်တော့ ဘေးလွတ်ရာသို့ ရောက်လာပြီဟု သူ သဘောပေါက်လိုက်သည်။

ညဘက်သို့ လှုလာပြီ ဖြစ်သဖြင့် မှောင်ရီသန်းလာပြီ။ ငှက်အပေါင်းတို့လည်း အိပ်တန်းတက်ကြပြီ။ ပြင်သစ်တို့သည် ကောင်ဟွာရွာတွင်းမှာပင်





ဆက်လက် စခန်းချနေကြသေးသည်။ ကိုညိုပုသည် တောင်တန်းများဆီသို့ ဦးတည်သွားရင်း သူ့ရွာသားများကို ရှာ၏။ သူ လျှောက်ခဲ့ရသည့်ခရီးသည် အလွန် ရှည်လျားလှပြီ။ သို့သော်လည်း ရွာသား တစ်ယောက်တလေကိုမျှ မမြင်တွေ့ရသေး။

သူသည် လက်ယာဘက် လမ်းကြောင်းအတိုင်း လိုက်ကြည့်၏။ တစ်ယောက်တလေကိုမျှ မတွေ့။ လက်ဝဲဘက် လမ်းကြောင်းကို ပြောင်းလိုက်ပြန်သည်။ တစ်စုံတစ်ဦးကိုမျှ မမြင်ရ။ တစ်ခါတစ်ရံ ခြေသံလိုလို ကြားမိသည်။ ရွာသားများ အထင်ဖြင့် စောင့်ကြည့်သည်။ တစ်ဆက်တည်းမှာပင် ဟိန်းသံကို ကြားရသည်။ ရွာသား မဟုတ်ပါ။ လူသားစားသည့်ကျားနှင့် တွေ့နေရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း လွတ်ရာသို့ ရှောင်ခဲ့ရပြန်သည်။

တစ်နေကုန် ပြေးခဲ့လွှားခဲ့ရသဖြင့် ပင်ပန်းလှပြီ။ ထို့ကြောင့် သစ်ပင်တစ်ပင်အောက်မှာ ထိုင်ချလိုက်ပြီး သစ်မြစ်ကို ခေါင်းအုံးလိုက်သည်။ မြက်ခြောက်များကို မျက်နှာပေါ်သို့ ဖုံးအုပ်ပြီး အိပ်ပစ်လိုက်သည်။

သို့သော် မိနစ်ပိုင်းအတွင်း ပြန်နိုးပြန်သည်။ တောကြီးမျက်မည်းထဲတွင် အဖော်မပါဘဲ အိပ်၍ မဖြစ်ကြောင်း သူ နားလည်သည်။ ပြင်သစ်၏ လက်ချက်ဖြင့် အသက်မသေဘဲ ကျားစာ ဖြစ်သွားမည်။ ထိုအခါတွင် ပြင်သစ်များသည်လည်း အခြားသော လူသားများကဲ့သို့ပင် သွေးထွက်ကြောင်း၊ သေလည်း သေတတ်ကြောင်း သူ့ရွာသားများကို ပြန်ပြောမည့်သူ ရှိတော့မည် မဟုတ်ချေ။

ပြင်သစ်များသည် တန်ခိုးတ္တဗိုဒ်ပါဒ်ရှိသော နတ်သိကြားများ မဟုတ်ကြောင်း အခိုင်အမာ ပြောပြနိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် သူသည် တစ်ညပတ်လုံး မနားတမ်း လျှောက်ခဲ့သည်။

ယခု သူကိုယ်တိုင် တွေ့ကြုံခဲ့ပြီ။ ပြင်သစ်များ အကြောင်းကို ကောင်းစွာ သိပြီ။ မိမိတို့ ပိုင်ဆိုင်သမျှပစ္စည်းများ၊ ဆန်စပါးများကို ပြင်သစ်များက မတရားနိုင်လုယက် တိုက်ခိုက်ယူနေကြခြင်းဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ပြီ။ ထိုဘေးဒုက္ခများကို ခံစားနေကြရသည့် မိမိအမေအိုနှင့်အတူ ဘဝတူ ရွာသူရွာသားများကိုလည်း သနားကရုဏာသက်မိပြီ။

အမေအို ဘယ်အရပ်သို့ ရောက်နေပြီနည်း။ မိမိအတွက် မည်သူတွေ့ မျက်ရည်ကျနေကြပြီနည်း။ မိမိချစ်သူ မလေးယု ဘယ်မှာ ရှိသနည်း။ ဘေးအန္တရာယ်အပေါင်းမှ သူတို့ လွတ်မြောက်ကြပါ၏လော။

တစ်ညလွန်မြောက် တစ်မိုးသောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုပုကား မနားတမ်း ဆက်လက် လျှောက်မြပင်။

နှင်းများကွဲပြီ။ ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်ရပြီ။ ကိုညိုပုကား ဆက်လက် လျှောက်မြပင်။

ထိုအခိုက်မှာပင် စမ်းချောင်းရေစီးကြောင်းအတိုင်း မျောပါလာသည့် သစ်ရွက်စိမ်းများကို မြင်တွေ့လိုက်ရသည်။ မိမိ၏ ရွာသားများပင် ဖြစ်ရမည်ဟု တထစ်ချ တွက်လိုက်သည်။

မှန်ပါသည်။ ကလေး လေးငါးခြောက်ယောက်ကို မြင်တွေ့လိုက်ရသည်။ သူ့ရွာသားများ အမှန်ပင် ဖြစ်သည်။ သို့သော်လည်း သူ့ခြေသံကို ကြားရသည်နှင့် တစ်ပြိုင်တည်း ခြေဦးတည့်ရာသို့ ပြေးကြတော့သည်။ အချို့ကလည်း နီးရာ ချုံပုတ်အတွင်းသို့ ပြေးဝင်ပုန်းအောင်းကြသည်။ ကိုညိုပုသည် လက်ဝါးနှစ်ဖက်ကို ဝိုင်း၍ ပါးစပ်တွင်တေ့ကာ အသံကုန် လှမ်းအော်လိုက်သည်။

"မပြေးကြနဲ့၊ မပြေးကြပါနဲ့။ ကျွန်တော် ညိုပုပါ။ ရန်သူ မဟုတ်ဘူး"

ထိုအခါကျမှ ပြေးသူများ ရပ်ကာ ပြန်လှည့်လာကြ၏။ ချုံပုတ်များအတွင်း ပုန်းအောင်းနေကြသူများ ချုံပြင်သို့ ထွက်လာကြသည်။

"ဟုတ်တယ်ဟေ့၊ ဟုတ်တယ်ကွ၊ အစ်ကိုညိုပုကွ"

"အမေရေ၊ ဟောဒီမှာ အစ်ကိုညိုပုကြီး ပြန်လာပြီ။ မငိုနဲ့တော့ အမေရေ အစ်ကိုညိုပုကြီး ပြန်ရောက်လာပြီ"

"အောင်မလေး အစ်ကိုညိုပုရယ်၊ သေနတ်သံတွေ၊ မော်တာသံတွေကြား လို့ ကျွန်တော်တို့က ကိုညိုပုတော့ ကိစ္စများပြီ ထင်နေကြတာ။ ကျုပ်တို့ဖြင့် ငိုလိုက်ကြရတာဗျာ။ မျက်လုံးတွေတောင် ရောင်နေပြီ"

တစ်ယောက်တစ်ပေါက် အော်ကြဟစ်ကြ ပြောကြဆိုကြရင်းဖြင့် ကိုညိုပု ပတ်လည်သို့ ဝိုင်းအုံလာကြသည်။ ကိုညိုပု၏မိခင်လည်း မျက်ရည်စက်လက်ဖြင့် ရောက်လာသည်။ သူတို့သားအမိကို ရွာသူရွာသားများက ကရုဏာမျက်လုံးများ ဖြင့် ဝိုင်းကြည့်ကြသည်။

"အမေနဲ့ ရွာသူရွာသားများ ခင်ဗျား၊ ကျွန်တော် ပြင်သစ်တစ်ယောက်ကို လေးနဲ့ ပစ်ခဲ့ပါတယ်။ ကျွန်တော့် မြားဒဏ်ရာကြောင့် အဲဒီ ပြင်သစ်ဟာ သွေး လည်း ထွက်ပါတယ်။ သေလည်း သေပါတယ်။ ပြင်သစ်တွေဟာ နတ်သိကြား မဟုတ်ပါဘူး။ ဒီကောင်တွေကို ကျွန်တော်တို့ တိုက်နိုင်ပါတယ်"

ကိုညိုပု၏ စကားကို လူငယ်များက စိတ်ဝင်စားစွာ၊ တက်ကြွစွာဖြင့် နားစိုက်ထောင်ကြသည်။ မောင်ချစ်ကြီးကမူ စကားဝိုင်းဘေးမှ ရပ်ရင်း တတွတ်





တွတ် ရေရွတ်နေသည်။

"အစ်ကိုညိုပု အမှန်တွေ ပြောနေတာလားဗျာ"

လူငယ်များက မောင်ချစ်ကြီးကို လှမ်းကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် မဟာနဖူးပြောင်ပြောင်ဖြင့် ဦးလေးပါ ရောက်လာကာ လူငယ်များကို တွန်းထိုးဖယ်ရှားပြီး ကိုညိုပုရှေ့တွင် ရပ်လိုက်၏။

ပြီးတော့ ကိုညိုပုပခုံးပေါ်သို့ လက်တင်ကာ . . .

"ဟေ့ မောင်ညိုပုဟာ ဘယ်တုံးက မမှန်တာ ပြောဖူးလို့လဲကွ။ အခု သူ ပြောတာကို မင်းတို့ ကောင်းကောင်း နားထောင်ကြ" ဟု ဝင်ပြောလိုက်သည်။

မောင်ချစ်ကြီးသည် ခပ်ကုပ်ကုပ်ဖြင့် နောက်ဆုတ်သွားကာ သစ်ပင် တစ်ပင်၏ နောက်ကွယ်တွင် ရပ်နေလိုက်သည်။ ကျွက်ကျွက်ညံနေသည့် ပြော ဆိုသံများကို သူ ကြားနေရသည်။ ဦးလေးပါ၏ မှတ်ချက်ချသံကိုလည်း ကြား လိုက်ရသည်။

"မောင်ညိုပု လုပ်ခဲ့တာနဲ့ ပတ်သက်ပြီး ငါ သဘောတူတယ်။ အခုဆိုရင် ပြင်သစ်တစ်ယောက် သေသွားပြီ။ ဒါကြောင့် တို့ကောင်ဟွာရွာအပေါ်မှာ အမြဲတမ်း ရန်ငြိုးသိုတော့မယ်။ ဒါကြောင့် တို့ရွာနဲ့ ပိုပြီးဝေးတဲ့ အရပ်မှာပဲ တို့သွားနေကြရတော့မယ်"

"ကျွန်တော်တော့ မသွားချင်ဘူး ဦးလေးပါ။ ကျွန်တော်တို့ ကောင်ဟွာရွာ ကိုပဲ ပြန်ချင်တယ်။ ပြင်သစ်တွေလာရင် ကျွန်တော်တို့ ရွာထဲက လူငယ်တွေနဲ့ ပေါင်းပြီး ပြန်တိုက်ရမယ်" ဟု ကိုညိုပုက ပြန်ပြောသည်။

မောင်ချစ်ကြီး မျက်လုံးများ ပြူးကျယ်သွားသည်။ သူသည်လည်း ရွာနှင့် ဝေးရာအရပ်သို့ မသွားချင်။ ကောင်ဟွာရွာသို့သာ ပြန်ချင်သည်။ ကိုယ့်ရွာကိုယ် ပြန်နေရင်းဖြင့် စိတ်ကြိုက်ဝါးများကို ရှာဖွေခုတ်ယူကာ ပတ္တလားကို စိတ်ကြိုက် လုပ်နိုင်မည်။ ပလွေများကိုလည်း စိတ်ကြိုက် ဖောက်နိုင်မည်။ ပြီးတော့ သီအုန်း စမ်းချောင်းဘေးတွင် သွားထိုင်ကာ ဂီတရေလျဉ်ကြောမှာ မျောနိုင်သည်။

ထို့ကြောင့် မောင်ချစ်ကြီးသည်လည်း ကိုညိုပုကဲ့သို့ပင် ကိုယ့်စိတ်ကူးနှင့် ကိုယ် ကောင်ဟွာရွာနှင့် ဝေးရာသို့ မသွားချင်။

* * *

ရွာသား အားလုံးတို့သည် တစ်တောဝင် တစ်တောင်တက်ဖြင့် ငါးရက် လုံးလုံး ခရီးကြမ်းကြီးကို နှင်ခဲ့ကြသည်။ တစ်နေကုန် လမ်းလျှောက်ကြသည်။ ညပိုင်းသို့ ရောက်သောအခါ ရောက်ရာအရပ်တွင် စခန်းချကြသည်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးသူများ၊ မိန်းမများနှင့် ကလေးများက အိပ်စက် အနားယူကြသည်။ ကိုညိုပုနှင့် လူငယ်များက ရန်သူဘေး၊ သားရဲတိရစ္ဆာန်ဘေးမှ ကင်းဝေးစေရန် ကင်းစောင့်ပေးကြသည်။

ဦးလေးပါသည် ညစဉ်ညတိုင်း ကိုညိုပုနှင့် စကားလာပြောလေ့ ရှိ၏။ ဦးလေးပါ၏ ဇနီးသည် မကြာသေးမီကမှ ကွယ်လွန်သွားခဲ့သည်။ အရွယ်မရောက်သေးသော သားငယ်ကလေးတစ်ယောက် ကျန်ခဲ့သည်။ ထိုမိတဆိုးသားငယ်ကလေးကို သူသွားလေရာ ကျောပိုးပြီး သွားနေရသည်။

သူတို့ ရွာသားများ၏ ရှေ့ရေးနှင့် ပတ်သက်ပြီး တိုင်ပင်ကြသည်။ ကောင်ဟွာရွာသို့မူ သူတို့ ပြန်၍ မဖြစ်ကြတော့။ အစစအရာရာတွင်လည်း အဆင်သင့်ပြင်ဆင်ပြီး မဖြစ်ကြသေး။ လက်စားချေသည့် အနေဖြင့် ပြင်သစ်များက သူတို့အားလုံးကို သတ်ပစ်မည်သာ ဖြစ်သည်။

"ကျွန်တော်တို့ အဝေးကြီးကို သွားကြရမှာပဲ၊ မဟုတ်ဘူးလား ဦးလေး။ ဒါပေမယ့် ဘယ်ကိုသွားကြမလဲ"

"ဘာလန်း၊ ကုန်းမာ၊ ဒေးတာ၊ ငါးကျိုးနဲ့ ဟာရိုးရွာတွေ အားလုံးလည်း ပြင်သစ်ဆီမှာ အညံ့ခံလိုက်ကြပြီ။ အခုဆိုရင် ချူလေးတောင်တစ်ဝိုက်မှာ ကုန်းခါးရယ်၊ ဟာနန်းရယ်၊ ကောင်လီရယ်ပဲ ပြင်သစ်ကို အညံ့မခံဘဲ ကျန်နေတော့တယ်။ ဒါကြောင့် တို့ကောင်ဟွာရွာဟာလည်း အဲဒီရွာတွေနဲ့ မလှမ်းမကမ်းမှာ ရွာတည်ပြီးမှ တို့ရပ်တည်နိုင်မယ်။ တို့ချည်းပဲ ထီးထီးကြီးနေလို့ မဖြစ်ဘူး"

ဦးလေးပါသည် အခြေအနေ အရပ်ရပ်ကို ချင့်ချင့်ချိန်ချိန်ဖြင့် ပြောပြနေသည်။

"ဒါကိုလည်း တို့အားလုံး သဘောတူကြပါတယ်။ ရန်သူနဲ့ဝေးရာမှာ ရွာတည်ပြီး လေးတွေ၊ မြားတွေ လုပ်ကြရမယ်။ ပြင်သစ်လာရင် တိုက်ကြရမယ်။ ဒါပေမယ့် ဦးလေးသားက သိပ်ငယ်လွန်းနေတယ် မောင်ညိုပုရယ်။ သူ့ကို ထားခဲ့ပြီး ပြင်သစ်ကို ထွက်တိုက်ဖို့ ဦးလေးအဖို့တော့ ခပ်ခက်ခက်ပဲ။ ဒါကြောင့် ဦးလေးအနေနဲ့ တခြား ဘာလုပ်ရင်ကောင်းမလဲ၊ ပြောစမ်းပါဦး။ ဦးလေးနဲ့ သင့်တော်တာကို မညည်းမညူ လုပ်ပါ့မယ်"

"လူငယ်တွေကို လေးတွေ၊ မြားတွေ လုပ်ခိုင်းရမယ်။ ဦးလေးက အတွေ့အကြုံရှိပြီးသား၊ ကျွမ်းကျင်ပြီးသား။ ဒါကြောင့် ဦးလေး ပြောသမျှ၊ ခိုင်းသမျှကို လူငယ်တွေက နားထောင်ကြမှာပါ"

ကိုညိုပု၏ စကားကို ဦးလေးပါ သဘောပေါက်သည်။ ထို့ကြောင့် သူ





တာဝန်ကိုသူ ထမ်းဆောင်ရန် ချက်ချင်း ဆုံးဖြတ်လိုက်သည်။ သားငယ်ကို ကျောပေါ်သို့ တင်လိုက်ရင်း လုပ်ငန်းစရန် ခြေလှမ်းပြင်လိုက်သည်။

ကိုညိုပုသည် ဦးလေးပါ၏ ဘေးမှာရပ်ရင်း အခြေအနေ အရပ်ရပ်နှင့် ပတ်သက်ပြီး အလေးအနက် စဉ်းစားနေသည်။ သူတို့သည် ပြင်သစ်များကို တိုက်ကို တိုက်ရချေတော့မည်။ တိုက်နိုင်သည့် အခြေအနေသို့လည်း ရောက်လာသည်။

စမ်းချောင်းရေသည် သူ့ခြေထောက်ပေါ်မှဖြတ်ပြီး စီးဆင်းလျက် ရှိသည်။ ထိုရေကို ငုံ့ကြည့်လိုက်သောအခါ သူ့အနီးမှာ နောက်ကျိပြီး၊ အဝေးမှာ ကြည်နေပြန်သည်။ သူ့မျက်လုံးများသည် စမ်းချောင်းရေကို စူးစိုက်ကြည့်နေသော်လည်း သူ့အတွေးသည် အခြားသို့ ရောက်နေ၏။

ကုန်းခါးရွာနှင့် နေ့တစ်ဝက် ခရီးခန့်အကွာ စမ်းချောင်းတစ်ခု၏ နံဘေးတွင် သူတို့၏ ရွာသစ်ကလေးကို တည်ဆောက်လိုက်ကြသည်။ ထိုရွာသစ်ကလေးတွင် ကောင်ဟွာရွာသားတို့ ဘေးအန္တရာယ်ကင်းစွာဖြင့် တစ်နှစ်ကြာမျှ အေးအေးချမ်းချမ်း နေခွင့်ရခဲ့ကြလေသည်။

* * *

ကိုညိုပုသည် ခြေတံရှည်အိမ်တစ်လုံး၏အောက် အမှောင်ထဲမှာ ရပ်နေမိသည်။ ကလေးများ၏ အော်ဟစ် ငိုယိုသံကိုလည်း သူ ကြားနေရသည်။ သူ့ရင်ထဲမှာ လှုပ်ရှားထိခိုက်လာသည်။ ပြီးတော့ ဒေါသစိတ်တို့သည်လည်း တဖွားဖွားပေါ်လာသည်။

ဦးလေးပါ၏သားငယ် မောင်ထွန်းအကြောင်းကို သူ စဉ်းစားနေမိသည်။ မောင်ထွန်းသည် မိတဆိုးလေး ဖြစ်၏။ မိခင်နို့ကို ငတ်ခဲ့ရသောကလေး ဖြစ်၏။ သူ နို့ဆာသည့်အချိန်တိုင်းတွင် သူ့အဖေသည် ပြောင်းဖူးနုနုများကို ဝါးကာ စိတ်ရှည်လက်ရှည် ကျွေးပြီး ပိုးမွေးသလို မွေးခဲ့ရသည့်ကလေး ဖြစ်သည်။

ဦးလေးပါသည် မောင်ထွန်းကို ပက်လက်သိပ်ကာ ပြောင်းဖူးကိုဝါးပြီး ခွံ့လေ့ရှိ၏။ ပြောင်းဖူးရည်တို့သည် မောင်ထွန်း၏ မေးစေ့ကလေးပေါ်မှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ စီးဆင်းသွားတတ်၏။ ကြီးမားတုတ်ခိုင်သော လက်ကြီးများဖြင့်လည်း မောင်ထွန်းကလေးကို ပွေ့ပိုက်ထားသည်။ ကြက်မကြီးက ကြက်ကလေးများကို အတောင်ဖြင့် ဖြန့်ကြက်ထားသည်နှင့် တူပါသည်။ သို့သော်လည်း မိခင်၏ မေတ္တာမျိုးကိုမူကား ထိုကလေးငယ် မရရှာပါချေ။

"ဦးလေးပါ ဘယ်ရောက်နေပြီလဲ၊ အခုလို ညမိုးဆိုရင် မောင်ထွန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ငိုလှရောပေါ့။ ဦးလေးပါက ဘယ်လောက်ချော့ချော့ မောင်ထွန်းကလေးကတော့ အငိုရပ်မှာ မဟုတ်ပါဘူး။ အလွန် ယုတ်မာတဲ့ ခွေးမသား ပြင်သစ်တွေ"

ကိုညိုပုသည် စိတ်ကူးနေရုံသာမဟုတ် နှုတ်ဖျားမှလည်း တတွတ်တွတ် ရေရွတ်နေမိသည်။

ဦးလေးပါသည် ယနေ့ မနက်ပင် သူ့သားနှင့်အတူ အဖမ်းခံခဲ့ရ၏။

လွန်ခဲ့သောလက ကုန်းလယ်ရွာသို့ ပြင်သစ်များ ရောက်လာခဲ့ကြသည်။ ရွာသူရွာသားတို့သည် ပြင်သစ်တို့ထံတွင် အညံ့မခံကြဘဲ နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးခဲ့ကြ၏။ နောက်ဆုံးတွင်မူ မတတ်သာတော့ဘဲ အညံ့ခံကာ ပြင်သစ်တို့၏ ခွေးတပ်ဆွဲခြင်းကို ခေါင်းငုံ့ခံခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းကမူ ကောင်ဟွာရွာ၏ လယ်ကွင်းများ အတွင်းသို့ ပြင်သစ်တို့ ရောက်ခဲ့ကြသည်။

ထိုအချိန်က ဆားဝယ်ရန်အတွက် ကုန်းခါးရွာသို့ ကိုညိုပု သွားနေသည်။ ရွာသို့ အချိန်မီ ပြန်ရောက်မလာနိုင်ခဲ့။ ရွာရှိ လူငယ်များသည် လေးမြားတို့ဖြင့် အစွမ်းရှိသမျှ ခုခံကြပါ၏။ သို့သော်လည်း ပြင်သစ်တို့၏ ခေတ်မီလက်နက်များဖြင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်မှုဒဏ်ကို မခံနိုင်ဘဲ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ဦးလေးပါနှင့်သား မောင်ထွန်း၊ မအုန်း၊ ကိုဘဂျမ်းနှင့် ကိုသီဟတို့ အဖမ်းခံကြရသည်။ ညနေပိုင်းတွင် ပြင်သစ်တို့ ပို့ခိုင်းသည့် ရာဇသံကို ကုန်းလယ်ရွာသားတစ်ဦးက ယူဆောင်လာခဲ့သည်။ ထိုရာဇသံတွင် . . .

ကောင်ဟွာရွာသား ငါးဦးကို မိမိတို့ ပြင်သစ်များက ထောင်သွင်း အကျဉ်းချထားလိုက်ပြီ ဖြစ်သည်။ ကျန်ရှိနေသေးသည့် ရွာသားအားလုံး မိမိတို့ထံ လက်နက်ချမည် ဆိုပါက ယခု ဖမ်းထားသည့် ရွာသားငါးဦးစလုံးကို ပြန်လွှတ်ပေးမည်။ လက်နက် မချလျှင် ယခု ဖမ်းထားသူများ အားလုံးကို ခေါင်းဖြတ်ကာ ကွပ်မျက်ပစ်မည် စသည်ဖြင့် ဖော်ပြပါရှိလေသည်။

ကိုညိုပုနှင့်အတူ ဘကြီးဆန်း၊ ကိုမောင်စစ်၊ မောင်ချစ်ကြီးနှင့် မတူးတို့ ရပ်နေကြသည်။

"ဘကြီးပြောမယ် မောင်ညိုပု၊ ကိုပါ သေတာကို ငါ မလိုလားဘူး။ မောင်ထွန်း သေမှာကိုလည်း ငါ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် တို့လက်နက်ချကြမှဖြစ်မယ်။ ဒါပေမယ့် အယောင်ဆောင် လက်နက်ချတာမျိုးပဲ ဖြစ်ရမယ်"

ဘကြီးဆန်း၏ စကားကို နားထောင်ရင်း ကိုညိုပု၏စိတ်များ လှုပ်ရှားနေ





သည်။

"လက်နက်ချတယ်ဆိုတာ ဘယ်လိုလဲ၊ ကျွန်တော် နားမလည်ဘူး"

"ကိုပါရယ်၊ မောင်ထွန်းကလေးရယ်၊ မအုန်းရယ်၊ မောင်ဘဂျမ်းရယ်၊ မောင်သီဟရယ် အသတ်ခံကြရမယ်ဆိုရင် မင်းစိတ်ထဲမှာ ဘယ်လိုရှိမလဲ"

ကိုညိုပု အဖြေမပေးနိုင်။ ထို့ကြောင့်လည်း နှုတ်ခမ်းကိုသာ ပြတ်လုမတတ် ကိုက်ထားလိုက်မိသည်။ သူ့မျက်လုံးများသည် မီးကဲ့သို့ အရောင် တဖျပ်ဖျပ် တောက်နေသည်။ သူ့ရင်များ တင်းကျပ်ပြီး အသက်ပင် မရှူနိုင်။

မိမိတို့သည် မည်သည့်အတွက်ကြောင့် ပြင်သစ်တို့ကို အမြဲတစေ ရှုံးနိမ့်နေကြရသနည်း။ ယခု ကုန်းလယ်ရွာ ရှုံးနိမ့်သွားရပြီ။ မနက်ဖြန် သို့မဟုတ် သန်ဘက်ခါတွင် ကုန်းခါးနှင့် ဟာနန်းရွာများ လက်နက်ချကြရဦးမည်။ သို့ဆိုလျှင် မိမိတို့၏ ကောင်ဟွာရွာသည် မည်သို့ ရပ်တည်ရမည်နည်း။ မိမိတို့ ဘာနားလူမျိုးများ နေထိုင်ရန် ဤကမ္ဘာမြေပေါ်တွင် မြေကွက်ဟူ၍ ကျန်ရှိပါဦးမည်လော။ ကင်းလူမျိုးများ၏လက်တွင် သူရဲကောင်းကြီး ဗိုလ်အောင်ထူး၏ဓား ရှိနေသလော။ သို့ဆိုလျှင် ပြင်သစ်များကို ကင်းလူမျိုးတို့ အဘယ်ကြောင့် တိုက်ခိုက်ခြင်း မပြုကြသနည်း။ ကိုညိုပုသည် အမျှင်တန်းတန်း စဉ်းစားရင်း အဖြေကို ရှာမတွေ့နိုင်အောင် ဖြစ်လာသည်။

ကိုညိုပုသည် မလှုပ်မယှက် ရပ်နေမိ၏။ ခုနစ်စဉ်ကြယ်ပြောင် အမြီး ထောင်နေပြီ ဖြစ်သောကြောင့် သန်းခေါင်တိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဘကြီးဆန်း၏အကြံကို လက်ခံရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီကိုလည်း သူ သဘောပေါက်လာသည်။

ထို့ကြောင့် သူ့စိတ်ကိုသူ ဒုန်းဒုန်းချလိုက်သည်။ ဘကြီးဆန်းနှင့် ရွာသားတစ်ဝက်တို့သည် ပြင်သစ်များထံတွင် လက်နက်ချခြင်းဖြင့် ဦးလေးပါတို့လူစု၏ အသက်ကို ကယ်ကြမည်။

မလေးယု၊ ကိုမောင်စစ်၊ မောင်ချစ်ကြီး၊ မတူး စသူတို့သည် ကျန်ရွာသားများနှင့်အတူ ကိုညိုပု၏ ခေါင်းဆောင်မှုကို နာခံကာ ပို၍နက်သည့် တောအတွင်းသို့ ပြောင်းရွှေ့နေထိုင်ကြမည် ဖြစ်သည်။ ကုန်းခါးရွာနှင့် မနီးမဝေး တောတွင်း တစ်နေရာမှာ ရွာသစ်တစ်ရွာကို တည်ထောင်ကြမည်။ ရွာပတ်လည်မှာ ပြောင့်များ ထောင်ရုံမက ထောင်ချောက်များပါ ပြုလုပ်ကာ ရွာလုံခြုံရေးကို စီမံကြမည် ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကုန်းခါးနှင့် ဟာနန်းရွာများသည် ပြင်သစ်လက်အောက်သို့ ကျရောက်သွားသည်။ ပြင်သစ်တို့ ချွေးတပ်ဆွဲသမျှ၊ နိုင်ထက်စီးနင်းပြုမူ မှန်သမျှတို့ကို ခါးစည်းပြီး ခံနေကြရပြီ ဖြစ်သည်။

ကောင်ပွှာရွာသည် ရန်သူပတ်လည်ဝိုင်းနေသည့် ကြားထဲတွင် အထီးကျန် ဖြစ်နေသည်။ စမ်းချောင်းအလယ်မှ ကျောက်ဆောင် ကျောက်တုံးကဲ့သို့လည်း ဖြစ်နေသည်။ ရွာလယ်သို့ မျက်စိလည် လမ်းမှားရောက်လာပြီး ရွာသားအများ တို့၏ဝိုင်းခြင်း ခံနေရသော သမင်မငယ်တစ်ကောင်နှင့်လည်း တူညီနေပြီ ဖြစ်သည်။ ပြင်သစ်ကလည်း ရာဇသံ ထပ်မံ ပေးလိုက်ပြန်၏။ ထို့ကြောင့် ပို၍ဝေးသည့် တောတွင်းသို့ ပြောင်းရွှေ့သွားရန် ကိုညိုပုက စိတ်ဆန္ဒ ပြင်းပြနေသည်။

"ကျုပ်တို့အားလုံး မျက်ကန်းဘဝ ရောက်ကုန်ကြပြီ။ ဘယ်ကို သွားရမှန်းလဲ မသိတော့ဘူး။ လွတ်လမ်းလည်း မရှိတော့ဘူး။ ရှိရှိသမျှ တောတွေ၊ တောင်တွေ အားလုံး ပြင်သစ်လက်ထဲ ရောက်ကုန်ပြီ။ ဘယ်သူမှလဲ ကျုပ်တို့နဲ့ အတူတူ ပူးပေါင်းပြီး ပြင်သစ်ကို မတိုက်ကြတော့ဘူး"

ဟု ကိုမောင်စစ်က စိတ်ပျက်အားငယ်သံဖြင့် ပြောသည်။

ကောင်ပွှာရွာ၏ နောက်ဆုံး ကျန်ရှိနေသော အမာခံ အိမ်ထောင်စု ဆယ်စုတို့သည် ပြင်သစ်ထံသို့ ပြန်လည် လက်နက်ချရန်မှတစ်ပါး အခြား အကြောင်းကို မမြင်နိုင်တော့ချေ။

သူတို့ အားလုံး၏စိတ်များ လေးလံထိုင်းမှိုင်းနေကြသည်။ လူတန်းရှည်ကြီးသည် အလွန် တိတ်ဆိတ်နေကြသည်။ အချို့သည် ကလေးငယ်များကို ချီပိုးလာကြသည်။ အချို့သည် အထုပ်အပိုးများကို နိုင်သမျှ သယ်လာကြသည်။ အချို့တို့သည် ဝက်များကို ကြိုးဖြင့်ချည်ကာ ဆွဲလာကြသည်။

သူတို့သည် ပြင်သစ်များ၏ ကျေးကျွန်များအဖြစ်ဖြင့် ခိုင်းလိုရာခိုင်း၊ စေလိုရာစေ၊ ပြုသမျှ နုကြရန်အတွက် ပြင်သစ်များထံသို့ အညံ့ခံရန် ပြန်ကြခြင်း ဖြစ်ချေသည်တကား။

သီအုန်းစမ်းချောင်းကလေးကို ဖြတ်သောအခါ ခေတ္တ ရပ်နားကြသည်။ လူအုပ်ကြီး၏ နောက်ဖျားမှ လိုက်ပါလာသူသည် ကိုညိုပု ဖြစ်သည်။ စမ်းချောင်း အလယ်ရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် သူ ရပ်နေ၏။ စမ်းချောင်းရေသည် သူ့ခြေထောက်များပေါ်မှ ဖြတ်သန်းစီးဆင်းသွားသည်။

ကလေးငယ်တို့သည် စမ်းချောင်းရေစပ်သို့ ပြေးလွှားဆင်းကာ ပျော်မြူးနေကြ၏။ အပူအပင် အကြောင့်အကြ ကင်းမဲ့စွာဖြင့် ဆော့ကစားနေကြ၏။ ဆဲသောသောဖြင့် ရယ်မောနေကြ၏။ ဘေးဒုက္ခနှင့် ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်းကို သူတို့ လုံးဝ မသိရှာကြ။ အလွန် တိုတောင်းသည့် အချိန်ကလေး အတွင်းမှာပင် ကြီးမားသော ဘေးအန္တရာယ်များ၏ ဖိစီးနှိပ်စက်ခြင်းကို ခံကြရတော့မည်ဖြစ်ကြောင်း သူတို့ လုံးဝ မသိနားမလည်ကြ။

ကလေးငယ်များကို ကိုညိုပု လှမ်းကြည့်လိုက်သည်။ သူ့ရင်ထဲမှာ နာကျင်လာသည်။ ကလေးများအတွက် စိတ်မချမ်းမသာ ဖြစ်လာသည်။ တောတောင်တွင်း၌ တသုန်သုန် တိုက်ခတ်နေသည့် လေပြည်လေညင်းသည် တောတောင်များကို တိုးဝှေ့ကာ အလွန် သာယာနာပျော်ဖွယ်ကောင်းသော တေးဂီတသံကို ဖန်ဆင်းလျက်ရှိသည်။ ငြိမ်းချမ်းသာယာသည့် အချိန်ဆိုလျှင် မည်မျှ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းချိမ့်မည်နည်း။ ငြိမ်းချမ်းသာယာသည့် အချိန်တွင် ဘဝင်အေးမြဖွယ် ပတ္တလားသံကို နားခံရမည် ဆိုပါက မည်မျှ ကြားနူးဖွယ်ရာ ကောင်းချိမ့်မည်နည်း။

ပြင်သစ်တို့၏လက်အောက်တွင် ပတ္တလားသံကိုလည်း နားခံကာ သာယာရွှင်လန်းနိုင်ကြတော့မည် မဟုတ်။ ယာမြေ ကျယ်ကျယ်ဝန်းဝန်းကိုလည်း မီးရှို့ ရှင်းလင်းနိုင်ကြတော့မည် မဟုတ်။ အိမ်ကြီးကြွခိုင်များကိုလည်း ဆောက်လုပ်နိုင်ကြလိမ့်မည် မဟုတ်။ မြစ်ချောင်း အင်းအိုင်များသို့သွားကာ သားငါးရှာဖွေခြင်း၊ တောတွင်းသို့ဝင်ကာ ဟင်းသီးဟင်းရွက်၊ သစ်ဥသစ်ဖု ရှာဖွေခြင်းများကိုသည်း ပြုလုပ်နိုင်ကြလိမ့်မည် မဟုတ်။

အချိန်ရှိသမျှ ပြင်သစ်တို့ ချွေးတပ်ဆွဲခေါ်ရာ နောက်သို့ လိုက်ကြရမည်သာ ဖြစ်၏။ ဘာနအးလူမျိုးများကို တိုက်ခိုက်နှိမ်နင်းရန် စစ်ထွက်မည့် ပြင်သစ်များကို လမ်းပြရင်းဖြင့် အချိန်ကုန်ကြရမည်သာ ဖြစ်၏။ သူတို့ စိုက်ပျိုးသမျှသော သီးနှံများကိုလည်း စားသုံးခွင့် ရကြမည် မဟုတ်။ ပြင်သစ်တို့ အားလုံးသာ စားသောက်ကြပေလိမ့်မည်။ မိမိတို့ကိုယ်တိုင်မှာမူ မသေရုံတစ်မည် မြက်များကို စားရင်းဖြင့် အသက်ရှင်ကြရဦးမည်။ မိမိတို့ ဆာလောင်မွတ်သိပ်သည့်အခါများတွင် မျောက်ဥ၊ ကြွေးဥ ရှာရန်အတွက် တောတွင်းသို့ သွားခွင့်ပြုမည် မဟုတ်။ မိမိတို့ ရှာဖွေရရှိလာသည့် ပျားရည်များကို မိမိတို့၏ သားသမီးများအား ကျွေးမွေးခွင့် ရမည် မဟုတ်။ ဆိုဦးထောပတ် မှန်သမျှကို ပြင်သစ်တို့ကသာ လုယူကြပေလိမ့်မည်။ အနိုင့်အထက် ပြုလုပ်ကြပေလိမ့်မည်။

စမ်းချောင်းနံဘေးတွင် ထိုင်ကာ အနားယူကြသည့် ကောင်ပွှာရွာသားလေးဆယ်တို့ကို ကိုညိုပု ငေးကြည့်နေမိသည်။ ထိုလူအုပ်ထဲတွင် သူ့ဇနီးခင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အမေ့ဆံပင်များသည် ဆွတ်ဆွတ်ဖြူလျက် ရှိချေပြီ။

*ကိုညိုပု၏ လည်ချောင်းထဲမှာ ခြောက်ကပ်ပြီး တင်းကျပ်လာသည်။* တံတွေးကို အကြိမ်ကြိမ် မျိုချသော်လည်း တင်းကျပ်မှုသည် လျော့ပါးမသွား။ နေသည်လည်း မွန်းတည့်ချေပြီ။ ရေပြင်ပေါ်သို့ ထိုးကျနေသည့် နေရောင်သည် သူတို့အားလုံး၏ မျက်စိကို ကျိန်းစပ်စေလျက် ရှိသည်။

"ရှာသူရှာသားအပေါင်းတို့ ခင်ဗျား၊ ကျွန်တော် စကားနည်းနည်း ပြောပါရစေ။ ပစ္စည်းကောင်းကလေးများရှိရင် တောထဲမှာ ဝှက်ထားခဲ့ကြပါ။ စဉ့်အိုးကောင်းကောင်း၊ ပန်းကန်ခွက်ယောက် ကောင်းကောင်းတွေကို ပြင်သစ်တွေရှိတဲ့ ရွာကို ယူမသွားကြပါနဲ့။ ကျုပ်တို့ဆီက အားလုံး လုယူပါလိမ့်မယ်။ ဒါကြောင့် ဒီမှာပဲ ဝှက်ထားခဲ့ကြပါ။ ပြင်သစ်တွေကို ပြန်တိုက်နိုင်ဖို့အတွက် သူတို့လက်ထဲက ကျွန်တော်တို့ လွတ်မြောက်လာတဲ့အခါမှာ ဒီကို ပြန်လာပြီး၊ ကျွန်တော်တို့ ပစ္စည်းတွေကို ကျွန်တော်တို့ ပြန်ယူပါ့မယ်"

ဟု ကိုညိုပုက ရှာသူရှာသားများကို လှမ်းပြောလိုက်သည်။

"သူတို့လက်ကနေ ကျုပ်တို့ ဘယ်တော့ လွတ်မှာတုံး" ဟု ကိုညိုပု စကားအဆုံးတွင် ကိုမောင်စစ်က ပြန်မေးသည်။

"အခုတော့ ငါလည်း မသိသေးဘူး။ ဒါပေမယ့် တို့လွတ်မှာ အမှန်ပါပဲ။ သူတို့နဲ့ အတူတူနေဖို့ဆိုတာက မဖြစ်နိုင်ဘူး မဟုတ်လား"

✤ ✤ ✤



## ဒုတိယပိုင်း

တော်လှန်ရေးကြီးသည် လေနီကြမ်း မွှေသကဲ့သို့ အနောက်ဘက် ကုန်းမြင့်ဒေသများမှာ တောမီးလို ပျံ့နှံ့လျက် ရှိသည်။

မရေမတွက်နိုင်သော တောင်တန်းများ၊ မရေမတွက်နိုင်သော မြစ်ချောင်းအင်းအိုင်များကို အမှီအခိုပြုကာ နေထိုင်ကြသည့် မြောက်မြားလှစွာသော အဖိနှိပ်ခံ တိုင်းရင်းသားများသည် ဖိနှိပ်မှုကို မခံနိုင်တော့သောအခါတွင် ကမ္ဘာဦးလူများ နေနှင့်လကို မျှော်လင့်တောင့်တကြသကဲ့သို့ တော်လှန်ရေးကို လက်ကမ်းကြိုဆိုကြပေတော့သည်။

သာယာလှပသည့် နံနက်ခင်းတစ်ခုတွင် ထိုတော်လှန်ရေး၏ အကြောင်းကို တောင်ပျာရွာသားများ ကြားကြရခြင်း ဖြစ်သည်။

လယ်ကွင်းများ အတွင်းရှိ စပါးတို့လည်း ကောင်းစွာ မှည့်ကြကုန်ပြီ။ ဘာနားလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း လူငယ်တို့သည် တောတွင်းသို့ဝင်ကာ ဝါးများ ခုတ်ကြ၏။ ထိုဝါးများကို သင်ယူကာ ကြိုးများကျစ်လုပ်ပြီး တစ်ပင်နှင့်တစ်ပင်ဆက်၍ ကြိုးရှည်ကြီး ပြုလုပ်ကြသည်။ ထိုကြိုး၏ တစ်စကို မှည့်သော လယ်ကွင်းအတွင်း၌ ချည်နှောင်ခဲ့ကာ ကျန်တစ်စကို ရွာအဝင်ပေါက်သို့ ဆွဲယူလာပြီး သွယ်တန်းချည်နှောင်ကြလေသည်။ မှည့်ဝင်းသည့် စပါးများ သွားရမည့် လမ်းကြောင်းကို ညွှန်ပြသည့်အဓိပ္ပာယ် ဖြစ်သည်။

ထိုနှစ် စပါးမရိတ်သိမ်းမီကလေးမှာပင် ကိုညိုပုနှင့် မလေးယုတို့ လက်ထပ်လိုက်ကြသည်။

လယ်ကွင်းမှ ကြိုးရှည်ကို ရွာဝင်ပေါက်သို့ ဆွဲယူလာကြခိုက်မှာပင် တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပြေးလာသံကို ကြားရသည်။ လှည့်ကြည့်လိုက်သောအခါ ဘာလန် ရွာသား ကိုဦးကို တွေ့ကြရသည်။

"ဂျပန်တွေ တို့ကို ချွေးတပ်ဆွဲရအောင် လာကြပြန်ပြီနဲ့တူတယ်။ တို့စပါး တွေကိုပစ်ပြီး ပြေးကြရဦးမှာပါပဲ" ဟု ရုတ်တရက် သူတို့ တွေးမိကြသည်။

လွန်ခဲ့သော မတ်လအတွင်းက ဂျပန်များ အန်ခေးမြို့သို့ ရောက်လာကာ ပြင်သစ်များအပေါ် အောင်ပွဲခံလိုက်သည်။ စောစောပိုင်းကမူ ဂျပန်တို့သည် အမှန်တကယ် အကြင်နာတရား ရှိသူများ ဖြစ်သည်ဟု ဘာနားလူမျိုးတို့က ယုံစားခဲ့ကြ၏။ ကောင်ဟွာရွာသားတို့လည်း ပြင်သစ်တို့ ပြန်လည် နေရာချထား ပေးထားသည့် အရပ်ကို စွန့်ခွာကာ ၎င်းတို့ မူလ ရွာဟောင်းသို့ ပြန်ပြောင်းခဲ့ ကြသည်။

ဂျပန်တို့၏ စစ်ဦးကို ရပ်တန့်သွားအောင် မခုခံနိုင်သောအခါ ပြင်သစ်တို့ သည် ကောင်ဟွာရွာကို ဆုတ်ခွာထွက်ပြေးကြ၏။

ကိုညိုပုသည် ဂျပန်များရှိရာသို့သွားပြီး ထိုအကြောင်းကို သတင်းပို့သည်။ အသက်ဘေးအတွက် တစ်ပြေးတည်း ပြေးကာ မိမိရွာသို့ ရောက်လာသည့် ပြင်သစ်များကို ဂျပန်တို့ ဖမ်းဆီးနိုင်ရန် လမ်းပြလုပ်ကာ ဂျပန်တပ်ကို ခေါ် ဆောင်လာခဲ့သည်။

ထိုအချိန်မှာပင် ရိုင်ဖယ်သေနတ် ငါးလက်နှင့် ကျည်ဆန် အမြောက် အများကို ကိုညိုပု ရခဲ့သည်။ ထို့ကြောင့် သူ အလွန် ပျော်နေသည်။ သို့သော် လည်း ဂျပန်များကို သူ မယုံကြည်။ သို့ဖြင့်ပင် သေနတ်ကျည်ဆန်များ အားလုံးကို တစ်နေရာမှာ ဝှက်ထားလိုက်သည်။

နောက်ပိုင်းတွင်မူ ဒေတန်းရွာသားတစ်ဦးက ဂျပန်များကို ထိုအကြောင်း သတင်းသွားပေးလိုက်သည်။ ဂျပန်များ ကိုညိုပုရှိရာသို့ လိုက်လာပြီး သေနတ်များ ထုတ်ပေးရန် တောင်းသည်။ မလွှဲသာသည့်အဆုံးတွင် သေနတ်ငါးလက်စလုံး အပ်လိုက်ရသည်။ သို့သော်လည်း ကျည်ဆန်များ အကြောင်းကိုမူ ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။

ကိုညိုပု၊ ဦးလေးပါ၊ ဘကြီးဆန်းနှင့် ကိုမောင်စစ်တို့သည် ကျည်ဆန်များ ဝှက်ထားနိုင်ရန်အတွက် တောတွင်းမှာ တစ်ညလုံး အချိန်ကုန်ခဲ့ကြရသည်။

ရွာသူရွာသားတို့သည် မကြာခဏ ဆိုသလို တောင်အောက်သို့ ဆင်းသွား ကာ ဂျပန်များကို လေ့လာအကဲခတ်လေ့ ရှိကြသည်။ ဂျပန်တို့သည် မိမိတို့ လူမျိုးများအပေါ်တွင် အမှန်တကယ် စေတနာထားသူများ ဟုတ်၊ မဟုတ်





စုံစမ်းကြသည်။ ထိုသို့ သွားရောက်လေ့လာ စုံစမ်းပြီး၍ ပြန်လာတိုင်း ကိုညိုပုက ပြောလေ့ရှိ၏။

"ဒီကောင်တွေလည်း အလကားပဲ။ သူတို့ဟာ တို့လူမျိုး မဟုတ်ဘူး။ တို့ တိုင်းပြည်က မဟုတ်ဘူး။ အလွန်ဝေးတဲ့အရပ်က လာကြတဲ့လူတွေ။ ဒီကောင် တွေဟာ ပြင်သစ်တွေလို ချွေးတပ်လည်း ဆွဲမပေးရဘူး။ အခွန်အကောက်လည်း ပေးရတာ မဟုတ်ဘူး။ ဆန်စပါးလည်း စိုက်ပျိုးရတာ မဟုတ်ဘူး။ ဒါပေမယ့် ဆန်စပါးကိုတော့ သူတို့ စားကြတယ်။ တို့မြေပေါ်မှာ ဒီကောင်တွေ ကြာကြာ နေရင် ပြင်သစ်တွေလိုပဲ ကျင့်ကြံလာကြမှာပဲ"

ကောင်ဟွာရွာသားတို့သည် ပူပန်သောက ရောက်ကြပြန်၏။

ယခု ကိုဦး ပြေးလာသည်ကို မြင်ကြရသည်။ ကိုဦးသည် ကိုညိုပု၏ အမည်ကို တကြော်ကြော်ခေါ်ရင်း ပြေးလာသည်။

"နောက်ဆုံးတော့လည်း ဂျပန်တွေဟာ ပြင်သစ်တွေလို လုပ်လာကြမှာ ပဲဆို" ဟု ကိုညိုပုနှင့် မလေးယုတို့ရှေ့မှာ ရပ်ရင်း ကိုဦးက ပြောလိုက်သည်။

သူသည် တဟောဟော မောနေ၏။ သူ့မျက်နှာပေါ်မှာ ချွေးများ ရွှဲရွှဲစို နေသည်။

"အခုတော့ ဒီလို မဟုတ်တော့ဘူးဗျို့၊ ဂျပန်တွေ မဟုတ်တော့ဘူး။ ကျွန်တော်တို့ လူမျိုးတစ်ယောက်က ဂျပန်တွေကိုရော ပြင်သစ်တွေကိုပါ အနိုင် တိုက်ထုတ်လိုက်ပြီတဲ့။ ကျွန်တော်တို့ လူမျိုးတွေက ကုန်းတန်းတို့၊ ပလေကူးတို့၊ အန်ခေးတို့ ဆိုတဲ့ မြို့တွေကို ရန်သူတွေလက်ထဲက သိမ်းလိုက်ပြီတဲ့"

ကိုညိုပု၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒါ အမှန်ပဲလား"

ကိုညိုပုသည် ကိုဦးထံမှ အဖြေကိုပင် မစောင့်တော့ဘဲ တောင်းနှင့် တော ခုတ်ဓားမကို လမ်းလယ်တွင် ပစ်ချထားခဲ့ကာ ဦးလေးပါ ရှိရာသို့ တန်းပြေးလေ တော့သည်။

"ဂျပန်တွေ ရှုံးကုန်ပြီတဲ့၊ ပြင်သစ်တွေ ရှုံးကုန်ပြီတဲ့၊ တို့လူမျိုးတစ်ယောက် က ဂျပန်ကိုရော၊ ပြင်သစ်ကိုရော အနိုင်တိုက်ပစ်လိုက်ပြီတဲ့"

ရွာသူရွာသားတို့သည် လယ်ကွင်းအတွင်းမှ ဆွဲယူလာကာ ရွာအဝင်တံခါး နှင့် သွယ်တန်းရန် ပြင်ဆင်နေသည့် ကြိုးများကို လည်းကောင်း၊ လုပ်လက်စ အလုပ်များကို လည်းကောင်း၊ လက်တွင်းရှိ ပစ္စည်းများကို လည်းကောင်း ပစ်ချ ခဲ့ကာ ကိုညိုပုရှိရာသို့ စုပြုံပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပဲတဲ့လား"

"ဒါ တကယ်ပဲတဲ့လား"

"ခင်ဗျားကို ဘယ်သူ ပြောတာလဲ"

"နေစမ်းပါဦး၊ ဂျပန်နဲ့ ပြင်သစ်ကို အနိုင်တိုက်လိုက်နိုင်တယ်ဆိုတဲ့ လူရဲ့ နာမည်က ဘယ်သူတဲ့လဲ"

ဦးလေးပါက ဝင်မေးသည်။

"သူ့ဆီမှာ ဗိုလ်အောင်ထူးရဲ့ ဓား ရှိသလား"

ဘကြီးဆန်းကလည်း ဝင်စုံစမ်းသည်။

သို့သော် ကိုဦးသည် မည်သည့် မေးခွန်းကိုမျှ မဖြေနိုင်။ သူသည်လည်း ဒေတန်းရွာထဲရှိ ရွာသားတစ်ဦးထံမှ ကြားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း . .

"ကျွန်တော်လည်း တစ်ဆင့် ကြားခဲ့ရတာပါပဲ။ ပါးမြိုင်းမွေးနဲ့ အဘိုးကြီး တစ်ယောက် ဆိုတာလောက်ပဲ သိခဲ့ရတယ်"

ဟုသာ ဖြေနိုင်ပြီး သူ့မုတ်ဆိတ်မွေးများကို ပွတ်သပ်နေသည်။

ရွာသား အများတို့သည် အလွန် စိတ်အားထက်သန်နေကြ၏။ အချို့က လည်း မယုံသင်္ကာ ဖြစ်နေကြသည်။ သို့သော်လည်း အားလုံးကမူ ဤသတင်းကိုသာ ကျွက်ကျွက်ညံအောင် ပြောဆိုနေကြသည်။

ညဘက် အိပ်ရာဝင် မီးငြိမ်းပြီးသောအခါ ကိုညိုပုသည် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ နဖူးပေါ် လက်တင်ရင်း ပါးမြိုင်းမွေး ထူလပျစ်ရှိသော အဘိုးအို တစ်ယောက်ကို သူ့မျက်စိထဲတွင် မြင်ယောင်နေသည်။

သူ ဘယ်အရပ်မှာ နေသနည်း။ ဤကဲ့သို့ အောင်ပွဲများ ခံနိုင်အောင် သူ မည်ကဲ့သို့ တိုက်ခိုက်ခဲ့သနည်း။ သူသည် အလွန် တော်သောသူ ဖြစ်၏။ ပြင်သစ်များနှင့် ဂျပန်များကို အခွန်အတုတ်ပေးရသည့်ဒုက္ခ၊ ချွေးတပ်ဆွဲခံရသည့် ဒုက္ခများကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့သူ ဖြစ်ရချိမ့်မည်။

ပြင်သစ်နှင့် ဂျပန်များ ရှုံးနိမ့်အောင် မည်ကဲ့သို့သော အရည်အချင်းများ ရှိနေသနည်း။ ကိုညိုပုသည် ထောင်ပေါင်း များစွာသော မေးခွန်းများဖြင့် လုံးလည်ချာလပတ်လိုက်နေသည်။ သို့သော် မည်သို့သော အဖြေကိုမျှ သူ ရမလာ။

နောက် ငါးရက်မျှ ကြာသောအခါ ဘာလန်းရွာမှ ရွာသားတစ်ဦး ထပ် ရောက်လာပြန်သည်။ ပို၍ ပြည့်စုံသောသတင်းကို သူ့ထံမှ ကြားကြရပြန်၏။

"ပြင်သစ်နဲ့ ဂျပန်တွေကို အနိုင်တိုက်လိုက်တဲ့ ပုဂ္ဂိုလ်ကြီးဟာ အန်ခေးမှာ





ရှိသတဲ့။ ရွာတိုင်းရွာတိုင်းက ကိုယ်စားလှယ် ငါးယောက်စီ သူ့ရှိရာ အန်ခေးကို လာပြီး ဆွေးနွေးရမယ်လို့ ဆင့်ခေါ်လိုက်တယ်။ ကျုပ်တို့ အားလုံးက တောအန္တ တောင်အန္တမှာ နေကြတော့ နေရာတိုင်းကို သူ သွားဖို့ မဖြစ်နိုင်ဘူးတဲ့"

ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍စေလွှတ်ကာ ပါးမြိုင်းမွေးနှင့် ပုဂ္ဂိုလ်ကြီးအား တွေ့ဆုံရန် ကောင်ဟွာရွာသား အားလုံးက စိတ်ထက်သန်နေကြသည်။ ထို့ကြောင့်လည်း ကိုယ်စားလှယ်အဖွဲ့ ဖွဲ့ရန် ဦးလေးပါကို တိုက်တွန်းကြသည်။

ဦးလေးပါသည် လူအုပ်အလယ်မှာ ရပ်ရင်း အဖွဲ့ဝင်များ၏ အမည်ကို ကြေညာလိုက်သည်။

"ဦးဘာသိန်း"

ကိုညိုပုသည် လူအုပ်အတွင်းမှာ ရောက်နေ၏။ ဦးလေးပါ၏ နှုတ်ခမ်းများကို မျက်တောင်မခတ်ဘဲ သူ စူးစိုက်ကြည့်နေသည်။

"ဦးဘာသိန်း ရှိသလား။ ဦးဘာသိန်း ဘယ်မှာလဲ"

"ကျွန်တော် ရှိပါတယ်၊ ကျွန်တော် သွားပါ့မယ်"

"မောင်နွဲ့၊ ကိုခင်၊ မောင်နှောင်း"

ကိုညိုပုသည် လူအုပ်၏ ရှေ့ပိုင်းကျရာ ဦးလေးပါနှင့် နီးစပ်ရာကို တိုး သွားလိုက်သည်။ သူ့ကို ဦးလေးပါ လှမ်းမြင်နိုင်စေရန် ခြေဖျားထောက်လိုက် သည်။ ထို့မျှမကသေး သူ့ကို သတိထားမိနိုင်စေရန်အတွက် ချောင်းဟန့်သံလည်း ပေးလိုက်သည်။ သို့သော် ဦးလေးပါသည် သူ့ကို လုံးဝ မကြည့်။ သူ့နှုတ်ခမ်းမွေး နှင့် မုတ်ဆိတ်မွေးများကို လက်တစ်ဖက်ဖြင့် သပ်လိုက်ရင်း ပြုံးလိုက်သည်။

"အခု လေးယောက်ရသွားပြီနော်၊ အဲ နောက်တစ်ယောက်ကတော့ ကျွန်တော်ပါပဲ။ ဒါဆိုရင် ကိုယ်စားလှယ် ငါးယောက် ပြည့်သွားပါပြီ"

ကိုညိုပု၏ မျက်လုံးများ မီးဝင်းဝင်း တောက်သွားသည်။ လူအုပ်ကြီးကို အတင်း တွန်းဖယ်ကာ ဦးလေးပါ ရှိရာသို့ တိုးလာရင်း မေးလိုက်သည်။

"ဦးလေးပါ၊ ကျွန်တော့်ကိုတော့ ဘာဖြစ်လို့ ကိုယ်စားလှယ်အဖွဲ့ထဲမှာ မထည့်တာလဲ"

ဦးလေးပါက လေသံဖြင့်သာ စကားပြန်သည်။

"အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ တို့ မသိရသေးဘူး။ ဒီအချိန်မျိုးမှာ မင်းသွားလို့ မတော်ဘူး မောင်ညိုပု။ သူတို့ဟာ တကယ် ကောင်းသူတွေလား၊ မကောင်းသူတွေလား ဆိုတာ ဘာမှ မသိရသေးဘူး။ တကယ်လို့ မင်းကို သူတို့က ဆီးပြီး ဖမ်းထားလိုက်ရင် တို့ ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြစ်ရင် ဦးလေးကတော့ ဘာဖြစ်လို့ လိုက်သွားမှာလဲ"

ကိုညိုပု၏ စကားကြောင့် ဦးလေးပါက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဦးလေးလား၊ မင်းနဲ့ ဘယ်တူပါ့မလဲကွယ်။ ဦးလေးက အိုပြီ၊ အသက်ကြီးပြီ။ ဦးလေးက အရင်သွားရမယ်၊ တို့လို သက်ကြီးရွယ်အိုတွေ အဖမ်းခံရမယ်ဆိုရင် ကျန်ရစ်ခဲ့တဲ့ ရွာသူရွာသားတွေနဲ့ တို့ရွာကို မင်း စောင့်ရှောက်နိုင်တယ်"

နှစ်ရက်ကြာသောအခါ ကိုယ်စားလှယ်အဖွဲ့ဝင် ရွာသားငါးဦးစလုံး ပြန်ရောက်လာကြသည်။ သူတို့ ပတ်လည်မှာ ရွာသားများ ဝိုင်းဝိုင်းလည်နေကြပြန်၏။ မေးခွန်းများ မမောတမ်း မေးကြပြန်၏။

"ခေါင်းဆောင်ဆိုတဲ့ အဘိုးကြီးကို တွေ့ခဲ့ရသလား"

"အခုတော့ မတွေ့ရသေးဘူး။ ကင်းလူမျိုးနဲ့ သောင်းလူမျိုးတွေ အများကြီးကိုတော့ တွေ့ခဲ့ရတာပဲ။ သူတို့ပြောတဲ့ စကားတွေကို ကြားရပေမယ့် တို့ ကောင်းကောင်း နားမလည်ဘူး။ ဘာပဲဖြစ်ဖြစ် သူတို့ကို ကြည့်ရတာ ကောင်းပုံရပါတယ်။ ဆယ်ရက်လောက်အတွင်းမှာ ရွာတိုင်းရွာတိုင်းက ကိုယ်စားလှယ်နှစ်ဦးစီ အန်ခေးကို လွှတ်ပေးရဦးမယ်။ အခမ်းအနားတစ်ခုကို တက်ရမယ်တဲ့"

ထိုအခြေအနေထိ ကိုညိုပုအဖို့ ဘာတစ်ခုကိုမျှ နားမလည်သေး။ သူသည် စိတ်ဇောဖြင့် မောနေသည်။

နောက်ဆယ်ရက်ကြာသောအခါ ကိုညိုပုနှင့် ဦးလေးပါကို ကိုယ်စားလှယ်အဖြစ် ရွာသားများက စေလွှတ်လိုက်၏။ အန်ခေးသို့ရောက်အောင် တစ်နေကုန် လမ်းလျှောက်ကြရသည်။ အန်ခေးမှာ တစ်ညနေကြသည်။ နောက်နေ့တွင် သူတို့ ပြန်လာကြသည်။

ယခုအချိန်တွင်မူ အရာရာကို သူတို့ ကောင်းစွာ နားလည်ကြလေပြီ။

ဓမ္မာရုံရှေ့ရှိ စင်မြင့်ပေါ်သို့ ကိုညိုပု တက်လိုက်သည်။ သူ့အပေါ်ပိုင်းတွင် အင်္ကျီပင် မဝတ်နိုင်ဘဲရှိသည်။ လူအုပ်ကြီးထဲတွင် မြုပ်နေသည့် ဇနီးဖြစ်သူ မလေးယုက ကိုညိုပုကို စိတ်အားထက်သန်စွာဖြင့် လှမ်းကြည့်နေသည်။

နေရောင်သည် သူ့ခင်ပွန်း၏ ရင်ဘတ်ပေါ်တွင် ကျရောက်နေသည်။ ထိုနေရောင်သည် ကိုညိုပု၏ မျက်လုံး၊ မျက်ခုံးနှင့် ပြုံးနေသည့် နှုတ်ခမ်းများပေါ်သို့ ရောင်ပြန်ဟပ်နေသည်။ သူ့အရပ်သည် ထောင်ထောင်မောင်းမောင်း ရှိ၏။ သူ့ဟန်ပန်သည် အလွန် ခံ့ညားကာ ကြည့်ကောင်းနေ၏။

အများ မျှော်လင့် စောင့်စားနေကြသည့် သူ့အသံကို ကြားကြရသည်။



ကိုညိုပုသည် သူ့ရွာသူရွာသားများကို စကား စတင်ပြောသည်။

"ကျုပ်တို့ ကောင်ပွာရွာသူရွာသားတွေဟာ ပြင်သစ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတယ်။ ဒီလို တိုက်ခိုက်တဲ့အခါမှာ ကျုပ်တို့ဟာ အရှုံးနဲ့သာ ရင်ဆိုင်ခဲ့ကြရတယ်။ အခုဆိုရင် ခေါင်းဆောင်ကြီးဟာ ကျုပ်တို့ တိုင်းရင်းသားတွေကို စည်းရုံး လှုံ့ဆော်နိုင်ခဲ့ပြီ။ မျက်စိဖွင့်ပေးနိုင်ခဲ့ပြီ။ ပြင်သစ်ကို ခုခံတိုက်ခိုက်ဖို့အတွက် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ပြီ။ ဒါကြောင့် ပြင်သစ်တွေလည်း ရှုံးနိမ့်သွားကြပြီ။ ကျုပ်တို့ ပြည်သူတွေဟာ ကျုပ်တို့ပိုင်တဲ့နယ်မြေတွေ အားလုံးကို ပြန်လည်သိမ်းပိုက် ရယူနိုင်ခဲ့ကြပြီ။ ကျုပ်တို့အားလုံး အခု လွတ်လပ်ကြပါပြီ"

"လွတ်လပ်ပါပြီဆိုတာ ဘာအဓိပ္ပာယ် ရှိသလဲ"

ရွာသူရွာသားများက ပြန်မေးကြသည်။ နေရောင်သည် ကိုညိုပု၏ မျက်နှာပေါ်တွင် ထွန်းတောက်စွာ လက်လိုက်သည်။ သူက ပြုံးလိုက်၏။

"လွတ်လပ်ရေးဆိုတာ ပြင်သစ်တွေ ချွေးတပ်ဆွဲတာကို မခံရတော့ဘူး။ ပြင်သစ်တွေကို အခွန်ဘဏ္ဍာ မဆက်သရတော့ဘူး။ ကိုယ့်လယ် ကိုယ့်ယာမှာ အလုပ်လုပ်ချင်သူတွေဟာ လွတ်လွတ်လပ်လပ် လုပ်နိုင်ပြီ၊ စိုက်ပျိုးရိတ်သိမ်းနိုင်ပြီ၊ သားငါး ရှာဖွေစားသောက်ချင်သူဟာ လွတ်လွတ်လပ်လပ် ရှာဖွေစားသောက်နိုင်ပြီ။ တောထဲကိုသွားပြီး ပျားဖွပ်လိုသူဟာ ကိုယ့်သဘောနဲ့ကိုယ် ဖွပ်နိုင်ပြီ။ တောင်ပေါ်မှာ နေထိုင်တဲ့ တောင်တန်းသားတွေ၊ တောင်ပေါ်သားတွေဟာ သူတို့ရဲ့ ထွက်ကုန်တွေကို လွတ်လွတ်လပ်လပ် သယ်ယူပြီး တောင်အောက်ကို ဆင်းနိုင်ပြီ။ တောင်အောက် မြေပြန့်ဒေသမှာရှိတဲ့ ဆား၊ အဝတ်အထည်၊ ဓားတွေနဲ့ လဲနိုင် လှယ်နိုင်ပြီ။ ကျုပ်တို့တစ်တွေဟာ ဟိုတုန်းကလို တောထဲတောင်ထဲမှာ နှစ်ရှည်လများ ပုန်းအောင်းနေဖို့ မလိုတော့ဘူး"

"ကောင်းတယ်၊ ကောင်းတယ်"

"ဟိုတုန်းကဆိုရင် ကျုပ်တို့ ဘာနားလူမျိုးတွေဟာ ပြင်သစ်ကို ခုခံတိုက်ခိုက်တဲ့အခါမှာ ဘယ်သူ့ဆီကမှ အကူအညီ မရခဲ့ဘူး။ အခုဆိုရင် ကျုပ်တို့ကို ဦးလေးဟိုနဲ့ အစိုးရက အကူအညီပေးနေပြီ"

ရွာသားများက မေးကြမြန်းကြပြန်၏။

"နောက်ပြီးတော့ ပါးမြိုင်းမွေးနဲ့ ခေါင်းဆောင်ကြီး အကြောင်းက ဘယ်လိုလဲ၊ သူ့ကိုရော တွေ့ခဲ့ရသလား"

"အခု မတွေ့ခဲ့ရသေးဘူး၊ ပါးမြိုင်းမွေးနဲ့ လူကြီးဆိုတာကတော့ ဦးလေးဟိုဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဟိုဆိုတာ ကျုပ်တို့ တိုင်းပြည်ကလား၊ ဘယ်ကလူလဲ"

"သူဟာ ကျုပ်တို့တိုင်းပြည်က ကျုပ်တို့လူမျိုး ဖြစ်ပါတယ်"

"သိပ်ဟုတ်ပါလားဗျာ၊ ဘာကြောင့်များ သူ့ ဒါလောက်တောင် အတိုက်အခိုက် ကောင်းရတာလဲ"

ဤကိစ္စနှင့် ပတ်သက်၍ ကိုညိုပုရော၊ ဦးလေးပါပါ မသိကြချေ။ ဦးလေးဟိုသည် အလွန် ပါရမီထူးသူ ဖြစ်ကြောင်း၊ လုပ်ငန်းကိုင်ငန်းနှင့် ပတ်သက်၍လည်း အလွန်တော်ကြောင်း၊ အသက်ကြီးသူ၊ ငယ်သူ မှန်သမျှတို့ကိုလည်း လေးစား ချစ်ခင်တတ်ကြောင်း၊ ပြီးတော့ သူ့တိုင်းပြည်ကိုလည်း အလွန် ချစ်သူ ဖြစ်ကြောင်း များကိုသာ သူတို့နှစ်ယောက် သိသည်။

"ဦးလေးဟိုဟာ အန်ခေးမှာ နေတာလား၊ တခြားမှာ နေတာလား"

ရွာသားများက မေးကြပြန်သည်။

"အန်ခေးမှာတော့ မဟုတ်ဘူး၊ ဒီကနေဆိုရင် သိပ်ဝေးတယ်။ ကျွန်တော်တို့ ကြားခဲ့ရတာကတော့ ဟန့်ကိုင်မြို့မှာ သူ နေတယ်ဆိုတာပါပဲ"

မည်သည့်အရပ်တွင် ဟန့်ကိုင်မြို့ ရှိကြောင်းကို မည်သူမျှ မသိကြ။ သို့သော်လည်း အားမလိုအားမရစိတ်ဖြင့် သူတို့ ရေရွတ်ကြသည်။

"ဟာ သိပ်အဝေးကြီးလား၊ သူ ဒီမှာ မနေတာ စိတ်မကောင်းလိုက်တာ။ ဒီမှာသာ ရှိမယ်ဆိုရင် သူ့ကို တို့သွားကြည့်ရရဲ့"

"စောစောက ကိုညိုပုပြောတဲ့ ဦးလေးအစိုးရ ဆိုတာရော ဘယ်လိုနေသလဲ၊ ဦးလေးအစိုးရက ဘယ်မှာ နေတာလဲ၊ သူရော အသက်ကြီးပြီလား"

ထိုမေးခွန်းကို ဦးလေးပါက ဝင်ဖြေသည်။

"အစိုးရဆိုတာ လူမဟုတ်ဘူး၊ သိပ်ကြီးတယ်"

သို့သော်လည်း အစိုးရ ဆိုသည်မှာ မည်သည့်အရာ ဖြစ်ကြောင်း ရွာသားများ နားမလည်ကြချေ။ ထို့ကြောင့် ကိုညိုပုက ဝင်ပြီး ရှင်းပြရသည်။

"အစိုးရဆိုတာ ကျုပ်တို့ တိုင်းသူပြည်သားတွေ အများကြီး ပါဝင်ထားတာ။ ဘာနားလူမျိုးတွေ၊ ကင်းလူမျိုးတွေ၊ အီဒေးလူမျိုးတွေ စတဲ့ တိုင်းရင်းသားတွေ စုပေါင်းဖွဲ့စည်းထားတာ။ သူတို့က ကျုပ်တို့တိုင်းပြည်ရဲ့ ပြည်သူပြည်သားတွေကို စောင့်ရှောက်ထိန်းသိမ်းရတယ်။ ပြင်သစ်တွေ၊ ဂျပန်တွေက ကျုပ်တို့ နယ်မြေတွေကို လုယူမသွားနိုင်အောင် ကာကွယ်ရတယ်"

ထိုစကားဆုံးသောအခါ ပရိသတ်ကြီးသည် ဝမ်းသာအားရဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်ကြသည်။





"သိပ်ကောင်းတာပဲဟေ့၊ ဒါမှ တကယ့် လွတ်လပ်ရေးကွ"

ယခု လွတ်လပ်လာပြီ ဖြစ်သောကြောင့် တောတွင်း၌ ဝှက်ထားသမျှသော ပစ္စည်းများကို ပြန်လည် ယူဆောင်အသုံးပြုနိုင်ကြပြီ ဖြစ်ကြောင်းကို ညိုပုက ပြောကြားလိုက်သည်။

ရွာသူရွာသားများသည် ပြင်သစ်နှင့် ဂျပန်တို့ လုယက် ယူငင်သွားမည်ကို စိုးရွံ့သောကြောင့် ဝှက်ထားသမျှများကို ပြန်လည် ဖော်ထုတ်ယူကြ၏။ မောင်ချစ်ကြီးသည် သူ ဝှက်ထားသည့် ပလွေကလေးကို သွားယူကာ ဝမ်းသာအားရ တေးကျူလေတော့သည်။

ရွာသား အားလုံးတို့သည် ကောက်ရိတ်ချိန်ထက် ပိုမို ပျော်မြူးကြ၏။ ကောက်ပဲသီးနှံများ မတန်တဆ အထွက်တိုးသည်ထက် ပိုမို ပျော်မြူးကြ၏။

အန်ခေးတွင် ရှိခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အကြောင်းကလေးများကို ကိုညိုပု မမေ့နိုင်ချေ။

ထိုနေ့က ကင်းအမျိုးသားတစ်ယောက်သည် ပရိသတ်ကြီးကို မိန့်ခွန်းပြောသည်။ ထို့နောက် သောင်းအမျိုးသားတစ်ဦးက မိန့်ခွန်းဆက်ပြောပြန်သည်။ သူတို့၏နောက် စင်မြင့်ပေါ်တွင် ရွှေရောင်တောက်သည့် ကြယ်ပွင့်ကြီးပါသော အလံနီကြီးကို ချိတ်ဆွဲ၍ ထားလေသည်။

အန်ခေးမြို့ပေါ်ရှိ လမ်းများအားလုံး လူများဖြင့် ပြည့်ကျပ်နေသည်။ နက်ကြုတ်နေသည့်ခေါင်းများ၊ နီရဲနေသည့်အလံများကိုသာ မြောက်မြားစွာ မြင်တွေ့ရ၏။ ကင်းလူမျိုးနှင့် သောင်းလူမျိုးက အများစု ဖြစ်သည်။ ကင်းလူမျိုးနှင့် သောင်းလူမျိုးတို့ ချစ်ကြည်ရင်းနှီးစွာဖြင့် လက်တွဲသွားလာနေကြခြင်းကို ကိုညိုပုဘဝတွင် ပထမဦးဆုံး မြင်တွေ့ရခြင်း ဖြစ်သည်။ သူတို့သည် တပျော်တပါးဖြင့် ဆူဆူညံညံလည်း စကားပြောဆိုလျက် ရှိကြ၏။ ဘားမြစ်ဝှမ်းအတွင်း၌ ရေစီး အလွန်သန်သည့် အချိန်တွင် မြည်ဟည်းနေသည့် အသံများကို ကိုညိုပု ကြားယောင်နေမိသည်။ သူတို့သည် ဘာနားဘာသာ၊ အီဒေးဘာသာ၊ ကင်းဘာသာ၊ ဆီဒန်းဘာသာစကားများကို ပြောဆိုကြ၏။ တစ်ဦးနှင့်တစ်ဦးတို့သည်လည်း ဘာသာစကား အခက်အခဲကြောင့် မည်သည့် စကားကို ပြောဆိုနေကြောင်း နားမလည်ကြ။ သို့သော် သူတို့၏ စိတ်ဓာတ်သည်ကား အလွန်တရာ တက်ကြွကာ အလွန်တရာလည်း ပျော်ရွှင်နေကြလေသည်။

ကိုညိုပုသည် ဦးလေးဟို၏ အကြောင်းကို စဉ်းစားမိပြန်သည်။ ဦးလေးဟိုသည် မည်ကဲ့သို့သော လူစားမျိုး ဖြစ်လေသနည်း။ သူသည် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် ဤမျှ ပါရမီရင့်သန်နေရသနည်း။ စောစောပိုင်းက ကောင်ဟွာရွာသည် ပြင်သစ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့၏။ အထီးတည်း စီးဆင်းနေသော စမ်းချောင်းငယ်တစ်ခုနှင့် ပုံသဏ္ဌာန် တူညီ၏။ သစ်တောအိုကြီးတစ်ခုထဲတွင် စီးဆင်းနေသည့် ထိုတစ်ကိုယ်တော် စမ်းချောင်းငယ်သည် မည်သည့် အရပ်သို့မျှလည်း ဆိုက်ရောက်သွားခြင်း မရှိ။ သို့ဆိုလျှင် တစ်ချိန်သောအခါတွင် ထိုစမ်းချောင်းငယ်သည် ခြောက်ခန်းသွားမည် ဖြစ်ကြောင်း ကိုညိုပု သဘောပေါက်ခဲ့သည်။

ယခုတော့ ဦးလေးဟိုကို ကျေးဇူးတင်မိသည်။ ဤတိုင်းပြည်သည် အလွန်ကျယ်ပြော၏။ မရေမတွက်နိုင်သော စမ်းချောင်းပေါင်း များစွာတို့လည်း ရှိကြကုန်၏။ ထိုစမ်းချောင်းများ၏ စီးဆင်းရာလမ်းကြောင်းကို ဦးလေးဟိုက ဖွင့်လှစ်ပေး၏။ မြစ်ကြီးတစ်စင်း အတွင်းသို့ စီးဆင်းစေ၏။ ထိုမြစ်ကြီးသည် မြောက်မြားစွာသော စမ်းချောင်းများ၏ ပေါင်းစည်းခြင်းအားကြောင့် တဖြည်းဖြည်း ကြီးမားသည်ထက် ကြီးမားလာ၏။ ကျယ်ပြောသည်ထက် ကျယ်ပြောလာ၏။

ပြင်သစ်တို့သည် စမ်းချောင်းများ အတွင်း၌ ရှိနေသည့် ရာပေါင်းများစွာသော ကျောက်ဆောင် ကျောက်တုံးများနှင့် အလားသဏ္ဌာန် တူညီ၏။ သို့သော် အပြောကျယ်သော မြစ်ကြီးကမူ ထိုကျောက်ဆောင်များကို ကျော်ဖြတ်ကာ စီးဆင်းခဲ့ချေပြီ။

ဦးလေးဟိုသည် မည်သည့် ရုပ်ရည်မျိုး ရှိကြောင်း ကိုညိုပု မသိပါ။ သို့သော်လည်း ဦးလေးဟိုသည် သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူးနှင့် ရုပ်ချင်း တူမည်ဖြစ်ကြောင်း ကိုညိုပု စိတ်ကူးထဲမှာ ခံစားနေမိလေသည်။

* * *

ဆယ့်ငါးရက်ခန့် ကြာသောအခါ ကောင်ဟွာရွာသူရွာသားများသည် ဦးလေးဟိုကို မြင်တွေ့ကြရလေတော့သည်။ သို့သော် ဦးလေးဟို အစစ်ကို လူကိုယ်တိုင် မြင်ရခြင်းကား မဟုတ်။ ဓာတ်ပုံကို မြင်ရခြင်းသာ ဖြစ်သည်။

ထိုမျှမက ဦးလေးဟို စေလွှတ်လိုက်သည့် နိုင်ငံရေးကေဒါတစ်ယောက်ကိုလည်း သူတို့ မြင်တွေ့ရ၏။ ထိုကေဒါကို ရွာသားများက 'ရဲဘော်'ဟု ခေါ်ကြ၏။ သူသည်လည်း တိုင်းရင်းသားလူမျိုးစု တစ်ခုမှဖြစ်ပြီး ဘာနားဘာသာစကားကို အနည်းငယ် ပြောဆိုနိုင်လေသည်။ သို့သော်လည်း သူသည် ခြေဟန်လက်ဟန် အမူအရာများဖြင့် ပြော၏။ ထို့ကြောင့် သူ ပြောသည်ကို အများက နားလည်သဘောပေါက်ကြသည်။ ရယ်လည်း ရယ်ရသည်။





ကိုညိုပုသည် ကေဒါရဲဘော် သွားသမျှ အရပ်များသို့ တကောက်ကောက်လိုက်ရ၏။ ကေဒါရဲဘော် ဆိုလိုသည့် အဓိပ္ပာယ်ကို သူ ချက်ချင်း သဘောပေါက်နားလည်လာသည်။ ထို့ကြောင့်လည်း ဘာနားလူမျိုးများကို သူက တစ်ဆင့် ဘာသာပြန်ဆိုပေးရသည်။ သို့ဖြင့် ကိုညိုပုသည် ကေဒါရဲဘော်၏ စကားပြန်သဖွယ် ဖြစ်လာ၏။

ယနေ့ တစ်မျိုးထူးခြားလာသည်။ ကျေးရွာအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ တစ်ဦး ရွေးရန်နှင့် ကျေးရွာကာကွယ်ရေးခေါင်းဆောင်တစ်ဦး ရွေးရန် ကေဒါရဲဘော်က ရွာသားများကို တိုက်တွန်းပြောဆိုသည်။

"ပြင်သစ်တွေဟာ အခုထက်ထိ ကျွန်တော်တို့ တိုင်းပြည်ကို လက်မလွှတ်ချင်သေးဘူး။ ကျွန်တော်တို့ တိုင်းပြည်ကို စွန့်ခွာပြီး မသွားချင်သေးဘူး။ သူတို့ဟာ ရွာထဲကို ဝင်လာတဲ့ ကျားတစ်ကောင်လိုပါပဲ။ သူ့ကိုဆက်ပြီး မတိုက်ခိုက်တော့ဘူးဆိုရင် ပြန်လာပြီး အန္တရာယ်ပေးဦးမှာပဲ"

စသည်ဖြင့် ကေဒါရဲဘော်က ရှင်းပြသည်။

သို့သော် ရွာသူရွာသားများက သဘောမတူနိုင်ဘဲ စောဒကတက်ကြသည်။

"ရန်သူကို တိုက်စရာရှိရင် ကျွန်တော်တို့အားလုံး လက်တွဲပြီး အတူတကွ တိုက်ကြမှာပါပဲ။ ကောက်ပဲသီးနှံ စိုက်စရာပျိုးစရာ ရှိရင်လည်း စုပေါင်းစိုက်ကြမှာပါပဲ။ ပြင်သစ်တွေဟာ ကျေးရွာတွေမှာ သူကြီးတွေ ခန့်ခဲ့တယ်။ အဲဒီ သူကြီးတွေက ချေးတပ်ဆွဲပေးတာတို့၊ အခွန်စည်းကြပ်ပေးတာတို့ လုပ်ခဲ့ကြတယ်။ ဒါကြောင့် ကျေးရွာဥက္ကဋ္ဌကို ဘာဖြစ်လို့ ရွေးကောက်တင်မြှောက်နေဦးမှာလဲ"

ကေဒါရဲဘော်သည် ကျေးရွာအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကာကွယ်ရေးခေါင်းဆောင်တစ်ယောက် ရွေးကောက်တင်မြှောက်သင့်ကြောင်းကို ထပ်ကာထပ်ကာ ရှင်းပြသည်။ မည်သူကမျှ လက်မခံ။ ကိုညိုပု ကိုယ်တိုင်ကလည်း ခေါင်းကိုသာ တွင်တွင်ခါနေလေသည်။

"မဟုတ်သေးဘူး ရဲဘော်၊ ဒီအစီအစဉ်ကို ကျွန်တော်ကိုယ်တိုင် သဘောမတူနိုင်ဘူး။ ကောင်ဟွာရွာသားတွေဟာ ပြင်သစ်နဲ့ဂျပန်ကို နိုင်အောင်တိုက်လိုက်နိုင်ကြတယ်ဆိုရင် သူတို့အားလုံး လက်တွဲတိုက်ခိုက်ကြလို့ နိုင်တာသာဖြစ်တယ်။ အကြီးအမှူးလုပ်ချင်တဲ့သူ ကျွန်တော်တို့ထဲမှာ တစ်ယောက်မှ မရှိဘူး"

ညနေပိုင်းတွင် ကေဒါရဲဘော်သည် ကိုညိုပု၊ ဦးလေးပါတို့နှင့် ထပ်မံဆွေးနွေးပြန်သည်။ သူသည် စက္ကူတစ်ရွက်တွင် ဆေးထည့်ကာ ပွဆေးလိပ်တစ်လိပ်ကို လိပ်လိုက်၏။ တံတွေးဖြင့် ကပ်ကာ မီးညှိသည်။ သို့သော်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



မဖွာဖြစ်။ စိတ်အားထက်သန်စွာ ဆွေးနွေးရင်းဖြင့် ပွတ်ချွန်းဆေးလိပ်က တိုလာသည်။

"ရွာသူရွာသားတွေဟာ ညီညီညွတ်ညွတ်နဲ့ လက်တွဲပြီး ပြင်သစ်ကို တိုက်မယ်၊ စိုက်ပျိုးရေး အတူလုပ်ကြမယ်လို့ ခင်ဗျားတို့ပြောတာ မှန်ပါတယ်။

ဒါပေမယ့် အောင်မြင်မှုတွေ ပိုပြီး ရလာအောင်တော့ တစ်ယောက်ယောက်က ကျန်တဲ့အများကို ခေါင်းဆောင်ရမယ်ဗျာ။ ကျွန်တော်တို့မှာ ပြည်သူတွေ အများကြီးရှိတယ်။ အားလုံးကလည်း ပြင်သစ်ကို မုန်းတီးကြတယ်။ ဒါပေမယ့် သူတို့ကို ခေါင်းဆောင်မယ့်လူ မရှိဘူး။ လူတချို့က ဟောဒီလို တစ်ဖက်က တိုက်မယ်၊ ကျန်လူတချို့က ဟောဒီလို တခြားတစ်ဖက်က တိုက်မယ်ဆိုရင် ကျွန်တော်တို့ အရေးနိမ့်မှာ သေချာတယ်။

ဒါကြောင့် အစစအရာရာကို ကြီးကြပ်ကွပ်ကဲဖို့၊ ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လူတစ်ယောက်လိုတယ်။ ဒီလူဟာ ရှင်ဘုရင် မဟုတ်ဘူး၊ မှူးကြီးမတ်ရာ သေနာပတိ မဟုတ်ဘူး။ ရှင်ဘုရင်ဆိုတာ ဘာမှ လုပ်တဲ့လူမျိုး မဟုတ်ဘူး။ အမိန့်တွေကိုသာ ထုတ်နေတဲ့လူ၊ ပြည်သူတွေကိုသာ ဖိနှိပ်ညှဉ်းပန်းနေတဲ့လူ၊

ရဲဘော် ဆိုတာကတော့ ရှင်ဘုရင်နဲ့ ကွာတယ်။ ပြည်သူတွေကို အကူအညီပေးတယ်။ လုပ်စရာအလုပ် ပေါ်လာရင် သူက အရင်လုပ်တယ်။ သူများတကာထက်လည်း ပိုပြီး ကောင်းအောင်လုပ်တယ်။ ပိုပြီး ကြိုးစားတယ်။ ဘယ်လိုလူမျိုးကိုမှ သူဟာ ရိုက်ပုတ်ညှဉ်းပန်းလိမ့်မယ် မဟုတ်ဘူး။ ပြည်သူတွေ ယုံကြည်သက်ဝင်လာအောင်၊ သဘောပေါက် နားလည်လာအောင် ဆွေးနွေးယူလိမ့်မယ်"

ကေဒါရဲဘော်၏ ဆွေးနွေးချက်များကို ကိုညိုပုသည် လေးလေးစားစား နားထောင်၏။ သန်းခေါင်အချိန်သို့ ရောက်သောအခါ သူ သဘောပေါက် နားလည်လာသည်။ လက်ခံနိုင်လာသည်။

သို့ဖြင့်ပင် ရွာသူရွာသားများကို တစ်အိမ်ဆင်း တစ်အိမ်တက်ဖြင့် ကိုညိုပု ရှင်းပြသည်။ တစ်ယောက်ချင်းကို နားလည်သဘောပေါက်လာအောင် အကျိုးအကြောင်း ပြောပြသည်။ နောက်ဆုံးတွင် ရွာသူရွာသားတို့သည်လည်း သဘောပေါက်နားလည်ကာ လက်ခံလာကြ၏။

ဦးလေးပါသည် ကျေးရွာအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်လာသည်။

ပြင်သစ်များကို အလွန် မုန်းတီးစက်ဆုပ်သူ၊ ကိုယ်တိုင်ကိုယ်ကျလည်း ရရာလက်နက်စွဲကိုင်ပြီး တိုက်ခိုက်သူ ကိုညိုပုသည် ကာကွယ်ရေးခေါင်းဆောင်





ဖြစ်လာသည်။

ရွာသူရွာသား အားလုံးက သူတို့နှစ်ဦးကို တညီတညွတ်တည်း သောင်းသောင်းဖြဖြ ရွေးကောက်တင်မြှောက်လိုက်ကြလေသည်။

ကေဒါရဲဘော်သည် အခြား မြောက်မြားစွာသော အကြောင်းအရာများကိုလည်း ကိုညိုပု နားလည်အောင် သွန်သင်ပြသပေးသည်။

ပြင်သစ်ကို တိုက်ခိုက်ရန်အတွင် တိုက်ခိုက်မည့်သူသည် ပထမဦးဆုံး ပြင်သစ်ကို မုန်းတီးဖို့လိုကြောင်း၊ တစ်ချိန်တည်းမှာပင် အခြားသူများသည်လည်း သူနှင့်အတူ ပါဝင်ပူးပေါင်း တိုက်ခိုက်လာအောင် စည်းရုံးနိုင်ရန်လိုကြောင်းများကို ကိုညိုပု ယခု သဘောပေါက်လာပြီ။

ကိုညိုပုသည် ကေဒါရဲဘော်နှင့် အတူတကွ နေချင်၏။ စည်းရုံးရေးလုပ်ငန်းများ အတူလုပ်ချင်၏။ ပြင်သစ်ကို အတူလက်တွဲ တိုက်လို၏။ နိုင်ငံရေးသဘောတရားများနှင့် အခြား အတွေ့အကြုံများကို သူ့ထံမှ ရယူလို၏။

သို့သော်လည်း ကေဒါရဲဘော်သည် ကိုညိုပုတို့နှင့် ကြာရှည်လေးမြင့် မနေနိုင်။ တာဝန်ပေးချက်အရ မြေပြန့်သို့ ပြန်ဆင်းသွားရတော့သည်။ ရွာသားအားလုံးကမူ သူ့ကို တမ်းတနေကြဆဲ၊ ပြန်လာနိုးဖြင့် မျှော်ကိုးနေကြဆဲပင်။

"ဦးလေးဟို၏တပ်များ လာနေပြီ"

ဟု ကောင်ဟွာရွာကို ကေဒါရဲဘော် ခွဲမသွားမီက ပြောခဲ့ဖူးသည်။

ထို့ကြောင့်လည်း ကောင်ဟွာရွာသူရွာသားများက ဦးလေးဟို၏ တပ်များကို လည်တဆန့်ဆန့်ဖြင့် မျှော်ကြသည်။ အချိန်များက တစ်စတစ်စဖြင့် ကုန်လွန်လာခဲ့သည်။ သို့သော် သူတို့ မျှော်နေကြသည့် ဦးလေးဟို၏တပ်များကား ရောက်မလာချေ။ ထိုမျှသာမက သူတို့ရွာနှင့် လက်ပွန်းတတီး နေခဲ့သော၊ ရွာ၏ အုပ်ချုပ်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဖြစ်စေခဲ့သော ကေဒါရဲဘော်သည်လည်း ပြန်ရောက်မလာ။ အဘယ်ကြောင့်နည်း။ အဖြေကို သူတို့ မသိရှာကြ။

တစ်နေ့တွင်မူ ကုန်းတွင်းရွာဘက်ဆီမှ သေနတ်သံများကို အဆက်မပြတ်ကြားကြရသည်။ ထိုမှတစ်ဆက်တည်း ပလွေကူးနှင့် မန်းကျိုင်းမြို့နယ်များဘက်ကလည်း ကြားလာရပြန်သည်။ ကိုညိုပုနှင့် ကိုမောင်စစ်တို့သည် အကျိုးအကြောင်းကို သိနိုင်ရန် အမှတ် (၁၉) လမ်းမကြီးဆီသို့ ထွက်လာခဲ့ကြသည်။

ပြင်သစ်ကို တိုက်ခိုက်နေသည့် လူအုပ်ကြီးကို တွေ့ကြရသည်။ မိမိတို့၏ တိုင်းရင်းသားများပင် ဖြစ်သည်။ ညနေပိုင်းတွင် ယင်းလူအုပ် တစ်အုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ရွာနားမှ ဖြတ်သွားကြသည်ကို တွေ့ရပြန်သည်။ အကျိုးအကြောင်းကို စုံစမ်းကြည့်သောအခါတွင် ထိုလူများသည် ဦးလေးဟိုး၏ စစ်တပ်များဖြစ်ကြောင်း သူတို့ သိကြရလေသည်။

ဦးလေးဟိုး၏ တပ်များသည် ဒဏ်ရာရနေသည့် စစ်သားတစ်ယောက်ကိုလည်း သယ်ပိုးသွားကြ၏။ ဒဏ်ရာနှင့် စစ်သားသည် လုံးဝ စကားမပြောနိုင်တော့။ သို့သော် သူ မငို။ ထိုစစ်သားအတွက် မျက်ရည်ကျမိသူများကား ကောင်ဟွာရွာတွင်းမှ သက်ကြီးရွယ်အိုများသာ ဖြစ်ချေသည်။

ယင်းအချိန်သည် ကောက်ရိတ်ချိန် မဟုတ်သေး။ စပါးများ မမှည့်ကြသေး။ ကိုညိုပုသည် ပြောင်းဆန်များကို တောင်းများနှင့်ထည့်ကာ စစ်သားများကို ပေးလိုက်သည်။ ရွာသားများသည် စစ်သားများနှင့်အတူ လမ်းလျှောက်ကြသည်။ ပြောင်းဆန်များကို အလျှံပယ် ပေးကြသည်။ စစ်သားများကမူ ဘာနားဘာသာစကားကို မတတ်ကြ။ သို့သော်လည်း ရွာသားများကို ဖက်လှဲတကင်းရှိကြသည်။ ပျူပျူငှာငှာ ရှိကြသည်။ သည်ရွာတွင် သူတို့ အချိန် မဖြုန်းနိုင်။ ချက်ချင်းပင် ရှေ့ခရီးဆက်ကြပြန်သည်။

နောက်တစ်နေ့ ရောက်သောအခါ သေနတ်သံများ လျော့ပါးသွားသည်။ အန်ခေးမြို့ကို ပြင်သစ်များ ပြန်လည် သိမ်းပိုက်လိုက်ကြပြီဖြစ်ကြောင်း သူတို့ ကြားကြရလေတော့၏။

ထိုရက်မှစပြီး သေနတ်သံများကို လုံးဝ မကြားရတော့။ တိုက်ပွဲများ လုံးဝ မဖြစ်ပွားတော့။ ပြင်သစ်တို့သည်လည်း အန်ခေးမြို့တွင် အခြေစိုက်ကြပြီ၊ အန်ခေး အနီးတစ်ဝိုက် ဒေသများတွင် စစ်စခန်းများ ဖွင့်ကြပြီ။ ပတ်ပတ်လည်မှာ ပြင်သစ်စစ်သားများချည်း ဖြစ်နေသည်။

ပြည်သူများကို ချွေးတပ်များ ပြန်လည် ဆွဲကြပြန်ပြီ။ ဖိနှိပ်ချုပ်ချယ်မှုများကို ပြုလုပ်ကြပြန်ပြီ။ ဒီပိုး၊ ဒီမိုး၊ ဘာလန်း၊ တုန်းမဲ၊ ကုန်းချိုင့်၊ ကုန်းမဲ စသည့် ကျေးရွာများ အားလုံး ပြင်သစ်တို့ထံ လက်နက်ချ အညံ့ခံကြပြီ။

တစ်နယ်လုံးတွင် ပြင်သစ်ထံ လက်နက်မချဘဲ ကြံ့ကြံ့ခံကာ ခေါင်းမာနေသည့် တစ်ခုတည်းသောရွာကား ကောင်ဟွာရွာပင်တည်း။

"ဟိုတုန်းက တို့ပြည်သူတွေဟာ ပြင်သစ်က ချွေးတပ်ဆွဲရင် ခေါင်းငုံ့ခံကြတယ်။ မင်းလည်း ခေါင်းငုံ့ခံခဲ့တာပဲ။ အခုလည်း ပြင်သစ်ချွေးတပ်ဆွဲသမျှတို့ တို့ပြည်သူတွေ ခေါင်းငုံ့ခံကြပြန်ပြီ။ ဒီတစ်ချီကျတော့ မင်း ဘာဖြစ်လို့ ခေါင်းငုံ့မခံဘဲ ငြင်းဆန်နေရတာလည်း မောင်ညိုပု" ဟု ဦးလေးပါက မေးသည်။



"ဟိုတုန်းကတော့ ကျွန်တော် ဘာမှ နားမလည်ဘူး။ ဘာမှ မသိဘူး။ အခုတော့ လူတိုင်းကို ခေါင်းဆောင်မှုပေးနေတဲ့ ဦးလေးဟိုး ဟန္ဒိုင်မြို့မှာ ရှိကြောင်း ကျွန်တော် သိပြီ။ ပြင်သစ်ကို တိုက်ခိုက်နေတာဟာ ကျွန်တော်တို့ရဲ့ ကောင်ဟွာတစ်ရွာတည်း မဟုတ်ကြောင်း ကျွန်တော် သိပြီ။ တခြားလူတွေ ယုံကြည်လာအောင် ဘယ်လိုလုပ်ရမယ် ဆိုတာလည်း ကျွန်တော် သိပြီ။

ဦးလေးပါဟာ ကျွန်တော်တို့ရွာရဲ့ဥက္ကဋ္ဌ ဖြစ်တယ်။ ကျွန်တော်က ကာကွယ်ရေးခေါင်းဆောင် ဖြစ်တယ်။ ကျွန်တော်တို့ ကောင်ဟွာရွာဟာ ပြင်သစ်တွေကို တိုက်နိုင်ရမယ်။ တိုက်လည်း တိုက်ရမယ်။ ကျွန်တော်တို့ အကြာကြီး တိုက်နေရမှာ မဟုတ်ပါဘူး ဦးလေးရယ်။ ဦးလေးဟိုးဆီက တပ်တွေ ရောက်မလာခင် တလေးသာ တိုက်ရမှာပါ"

သူတို့သည် ဦးလေးဟိုးထံမှ တပ်များကို တစ်လ စောင့်၏။ နှစ်လ စောင့်၏၊ သုံးလ၊ လေးလ စောင့်၏။ သို့သော် မည်သူ တစ်စုံတစ်ယောက်မျှ ရောက်မလာ။

ကိုညိုပုသည် ရွာတွင်းရှိ ရွာမိရွာဖများနှင့် တိုင်ပင်လျက်ရှိသည်။ ယခင်က လယ်ယာများတွင် ချောင့်များထောင်ပြီး တောဝက်နှင့် ဝက်ဝံတို့၏ရန်ကို ကာကွယ်ခဲ့သလို ယခုလည်း ပြင်သစ်တို့၏ရန်ကို ကာကွယ်သည့် အနေဖြင့် ချောင့်များ ပိုမို များပြားစွာ ထောင်ကြရန် ပြောသည်။ ထိုမျှမက ထောင်ချောက်များကိုပါ ပြည့်ပြည့်စုံစုံ ပြုလုပ်လာကြသည်။ ပြင်သစ်တို့သည် တောရိုင်းတိရစ္ဆာန်တို့ထက် ပိုမို ဆိုးဝါးစွာ မိမိတို့ လယ်ယာများကို ဖျက်ဆီးမည့်သူများဖြစ်ကြောင်း သူတို့ ကောင်းကောင်း သဘောပေါက်ထားကြပြီ မဟုတ်ပါလား

* * *

သူတို့သည် နောက်နှစ် ကောက်စိုက်ချိန်တိုင်အောင် ဦးလေးဟိုးထံမှ စေလွှတ်မည့်သူကို စောင့်ကြသည်။ သူတို့ စောင့်ရကျိုးနပ်ပါသည်။ ဦးလေးဟိုး စေလွှတ်လိုက်သည့် ရဲဘော်တစ်ယောက် ရောက်လာသည်။ စောစောက ကေဒါရဲဘော်နှင့်တော့ ကွာခြားမှုများ ရှိပါသည်။

ယခု ရဲဘော်သည် အညိုရောင်ယူနီဖောင်းကို ဝတ်သည်။ ကိုယ်လုံးကိုယ်ဖန် သေးငယ်သည်။ ကင်းလူမျိုး ဖြစ်သည်။ ဘာနားဘာသာစကားကို တောင်းစွာ ပြောတတ်သည်။ သူ့အမည်သည် ရဲဘော်ခင် ဖြစ်၏။

ဦးလေးဟိုးသည် ဟန္ဒိုင်တစ်ဝိုက်တွင်ရှိသော ပြင်သစ်များကို တိုက်ခိုက်နေကြောင်း၊ ဆိုင်ဂုံမြို့တွင်လည်း မိမိတို့တပ်များက ပြင်သစ်များကို တိုက်ခိုက်

www.burmeseclassic.com



နေကြခြင်း တစ်ပြည်ထောင်လုံးတွင် မိမိတို့ပြည်သူများက တိုက်ခိုက်နေ ကြပြီဖြစ်ကြောင်းဖြင့် ရဲဘော်ခင်က ပြောပြသည်။

ရဲဘော်ခင်သည် ကိုညိုပုအိမ်တွင် နေထိုင်လျှက် ရှိသည်။

တစ်ညတွင် ရဲဘော်ခင်သည် ကိုညိုပုနှင့် တစ်အိပ်ရာတည်း အိပ်လျှက် ရှိ၏။ ဆောင်းရာသီ ဖြစ်သဖြင့် အလွန် အေးနေသည်။ အပြင်မှာ လေတိုးသံတ ကြီးစိုးနေသည်။ ကိုညိုပု၏အမေသည်.မကြာခဏ အိပ်ရာမှ ထလာကာ မီးဖို တွင်းသို့ ထင်းများ ထည့်ပေးရင်း သူ့လက်ကို နွေးအောင် မီးကင်းပေးလေ့ ရှိ၏။ ထိုသို့ မီးလာကင်တိုင်း ရဲဘော်ခင်နှင့် ကိုညိုပုတို့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စကားပြောနေသံကို ကြားနေရသည်။ သူတို့နှစ်ယောက်သည် ကြက်ဦးတွန်ချိန် သို့တိုင်အောင် စကားကောင်းနေကြဆဲ ရှိသည်။

ရဲဘော်ခင် ဘယ်ကလာသည်ကို ကိုညိုပုအမေ မသိ။ သူ့မှာ မိဘများ ရှိသေးသလော။ လယ်ပိုင်ယာပိုင်နှင့်လော။ ဘာမှ မသိ။ သူသည် ဦးလေးဟို၏ သား ဖြစ်သလော၊ သို့တည်းမဟုတ် အခြားသူ တစ်ဦးဦး၏သား ဖြစ်သလော စသည်ကိုပင် သူ မသိချေ။

ကိုညိုပုသည်လည်း ရဲဘော်ခင်နှင့် စကားပြောရင်း မအိပ်နိုင်ဘဲ ရှိနေ သည်။ သူ့ဘဝတွင် ကင်းလူမျိုးတစ်ယောက်နှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် တစ်အိပ်ရာတည်း အိပ်ဖူးခြင်း ဖြစ်သည်။

ရဲဘော်ခင်၏ အသက်ရှူသံကို သူ ကြားနေရသည်။ သူ ဝတ်ထားသည့် စွပ်ကျယ်သည် ရင်ဘတ်မှာ စုတ်ပြဲနေသည်။ ကင်းလူမျိုး အားလုံးတို့သည် ဦးလေးဟိုနှင့် တွေ့ဆုံဖူးကြပြီး ဦးလေးဟို သွန်သင်ပေးသမျှကို တတ်မြောက်လာ ကြသည်ဟု ကိုညိုပု ထင်လေသည်။ ထို့ကြောင့်လည်း ကင်းလူမျိုးများသည် အလွန်တော်၊ အလွန် ကောင်းနေကြခြင်း ဖြစ်သည်။

ရဲဘော်ခင်သည် မိမိတို့ရွာသို့ မလာမီက မည်သည့်အရပ်တွင် နေထိုင်ခဲ့ သနည်း။ သူသည် မည်သည့်အတွက်ကြောင့်များ မိမိတို့ ဘာနားစကားကို ကောင်းစွာ တတ်ကျွမ်းနေသနည်း။

"ဒီမှာ ရဲဘော်၊ ခင်ဗျားတို့ ကင်းလူမျိုးတွေ အားလုံး ကျုပ်တို့ ဘာနား စကား တတ်ကြသလား" ဟု မေးကြည့်မိသည်။ ထိုအခါ ရဲဘော်ခင်က ရယ်၏။

"မတတ်ပါဘူး၊ ကျွန်တော်သာ ကုန်းတွင်းရွာမှာနေရင်း သင်ခဲ့လို့"

"ဟုတ်လား၊ ကုန်းတွင်းရွာမှာ နေဖူးသလား"

"ဟုတ်တယ်၊ လေးနှစ်လောက် ကြာတယ်။ တခြား ရဲဘော်တွေနဲ့အတူ ပြင်သစ်ကိုတိုက်ရင်း ကျွန်တော် အဖမ်းခံရတယ်။ ကုန်းတွင်းရွာမှာပဲ ထောင်ချ ခံရတယ်"

"ကင်းလူမျိုးတွေဟာ အရင်ကတည်းက ပြင်သစ်ကို တိုက်ခဲ့ကြတာလား"

"ဟုတ်ပါတယ်၊ ဆင်းရဲတဲ့ ကျွန်တော်တို့ ကင်းလူမျိုးတွေဟာ ပြင်သစ်ကို တိုက်ခဲ့ကြတာ ကြာလှပါပြီ။ ဆင်းရဲတဲ့လူဆိုရင် ဘယ်မှာပဲဖြစ်ဖြစ်၊ ကင်းလူမျိုးပဲ ဖြစ်ဖြစ်၊ သောင်းလူမျိုးပဲဖြစ်ဖြစ် အားလုံးဟာ ပြင်သစ်ကို တိုက်ကြတာပဲ။

အဲဒီအချိန်တုန်းက ကျွန်တော်တို့ဟာ ဦးလေးဟိုနဲ့ မတွေ့သေးဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့ ရှုံးခဲ့ကြတာပေါ့ဗျာ။ ဦးလေးဟိုနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းမှာ ပြင်သစ်တွေကို ကျွန်တော်တို့ ဖယ်ရှားပစ်နိုင်ခဲ့တယ်။ ဦးလေးဟိုရဲ့ ကျေးဇူးတွေပါပဲ"

ကိုညိုပုသည် အမှောင်တွင်းသို့ စူးစိုက်ကြည့်နေမိသည်။ မီးဖိုချောင် အတွင်းမှ မီးသည် မီးရှိန်လျော့ကျသွားသည်။ ထင်းတုံးအခြောက်မှ တစ်ချက် တစ်ချက်တွင် မီးထပေါက်နေသည်။ မီးထပေါက်လိုက်တိုင်း မီးပွားကလေးများ အပေါ်သို့ လွင့်စဉ်တက်သွားကြသည်။ သိပ်မြင့်မြင့်သို့ မတက်နိုင်ဘဲ မီးငြိမ်းကာ ပြာများအဖြစ်နှင့် အောက်သို့ ပြန်ကျလာလေ့ ရှိ၏။ သို့သော်လည်း ကိုညိုပု၏ စိတ်ထဲတွင်မူ မြောက်မြားလှစွာသော မီးပွင့်နီနီများကိုသာ မြင်တွေ့နေရလေ သည်။

"ဦးလေးဟိုက ဘယ်က လာတာလဲဗျ"

"ဦးလေးဟိုဟာ လူပျို့ပေါက်အရွယ်ကတည်းက ပြင်သစ်တွေကို တိုက်ခဲ့ တယ်။ ဒါကြောင့် ပြင်သစ်တွေက သူ့ကို ထောင်ချပစ်လိုက်ကြတယ်။

အဲဒီနောက် ထောင်ထဲကနေ ထွက်ပြေးလို့ လွတ်ခဲ့တယ်။ ထောင်က လွတ်တာနဲ့ တစ်ပြိုင်တည်း တစ်တိုင်းတစ်ပြည်လုံး အနှံ့အပြား လျှောက်သွားပြီး ပြည်သူတွေကို စည်းရုံးတယ်၊ ပြင်သစ်နဲ့ဂျပန်ကို တိုက်ဖို့ လှုံ့ဆော်တယ်"

ရဲဘော်ခင်၏အသံ ပျောက်သွားသည်။ မှန်မှန် အသက်ရှူနေသံကို ကြား ရပြန်သည်။ ရဲဘော်ခင် အိပ်ပျော်သွားပြီဟု ကိုညိုပု ထင်၏။ ထို့ကြောင့်လည်း သူ့ကို အနှောင့်အယှက် ဖြစ်မည်စိုးသောကြောင့် တိတ်တဆိတ် နေလိုက်သည်။ သို့သော် တာရှည်မနေနိုင် သူ သိချင်သည့်အကြောင်းများကို မမေးဘဲ မနေနိုင်။

"ရဲဘော်ခင် အိပ်ပြီလားဗျ။ ဒီမှာ ရဲဘော်ခင်၊ ခင်ဗျား ကျွန်တော်တို့ရွာ ဘာတုန်းက ကျွန်တော်တို့ ဘာနားလူမျိုးတွေကို ဦးလေးဟိုက တစ်ခုခုများ မှာလိုက်ဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ မှာလိုက်တာပေါ့ဗျာ။ ဦးလေးဟိုက ခင်ဗျားတို့ ဘာ လူမျိုးတွေကို နှုတ်ဆက်လိုက်ပါတယ်။ မေတ္တာလည်း ပို့လိုက်ပါတယ်။ ပြင်သ တွေဟာ ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံးကို သိမ်းယူချင်နေတဲ့အကြော ဦးလေးဟိုက ဘာနားလူမျိုးတွေ သိစေချင်တယ်။

ဒါပေမယ့် ကျွန်တော်တို့ဟာ အခု ပြောင်းလဲလာပြီ။ အရင်တုန်း ကျွန်တော်တို့ တိုင်းပြည်ကို သူတို့ သိမ်းပိုက်နိုင်ခဲ့ပေမယ့် အခု မသိမ်းနိုင်တော့ ဘူး။ ကျွန်တော်တို့ ပြည်သူလူထုကြီး တစ်ရပ်လုံးဟာ အုံကြွလာပြီး သူတို့ အမှုန့်ခြေတော့မယ်။

ဘာပဲဖြစ်ဖြစ် သူတို့အပေါ် အောင်ပွဲခံဖို့ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူးပေါ့။ အခုဆိုရင် သူတို့က အင်အားကြီးတယ်။ ကျွန်တော်တို့ အင်အားနည်းတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ရေရှည်စစ်ပွဲကို ဆင်နွှဲရမယ် ရေရှည်စစ်ပွဲ ဆင်နွှဲနိုင်အောင် လှုံ့ဆော်စည်းရုံးရမယ်။ အချိန်ကာလ ရှည်ရှည် ကြာကြာကြီး တိုက်ရလေ သူတို့အင်အား နည်းပါးသွားလေပဲ။ နောက်ဆုံး တော့ အရှုံးနဲ့ပဲ သူတို့ ရင်ဆိုင်ရမယ်။

ရေရှည်စစ်ပွဲကို ဆင်နွှဲမယ်ဆိုရင် ကျွန်တော်တို့ဟာ ဘာကိုမဆို စွန့်လွှတ် နိုင်ရမယ်။ အနစ်နာခံနိုင်ရမယ်။ ဘေးဒုက္ခပေါင်းစုံကို ခံနိုင်ရည်ရှိရမယ်။ ပြင်သစ် ဆိုတဲ့ အကောင်တွေက ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားတွေ၊ နေရာတကာမှာ သက်သောင့်သက်သာ နေသားကျလာတဲ့ အကောင်တွေ၊ တကယ့် ဆင်းရဲဒုက္ခ မျိုးကို ဒီကောင်တွေ မခံနိုင်ပါဘူး။

ကျွန်တော်တို့မှာ ခံနိုင်ရည်ရှိတယ်၊ ဇွဲရှိတယ်၊ စွန့်လွှတ်နိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ မုချ အောင်ပွဲခံရမယ်"

ရဲဘော်ခင်သည် စကားကို ခေတ္တ ဖြတ်လိုက်ပြီး အိပ်ရာမှ ထလိုက်၏ ကိုညိုပုလည်း သူနှင့်အတူ ရောထလိုက်သည်။ အပြင်မှာ ကြက်တွန်ပြီ။

"ကိုညိုပု၊ ကျုပ်တို့ဟာ ပြင်သစ်ကို အနိုင်ယူ မောင်းထုတ်နိုင်ဖို့အတွက် ရေရှည်စစ်ပွဲ နွှဲမယ်ဆိုရင် ကျုပ်တို့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ရင်းနှီးကြဖို့ လိုတယ်။ ကျုပ်တို့ဟာ စိုက်ကွင်းတွေ အများကြီး တိုးချဲ့ လိုတယ်။ ဆန်စပါးတွေ အများကြီး စိုက်ဖို့လိုတယ်။ စားစရာတွေ အများကြီး စုဆောင်းထားဖို့ လိုတယ်။ ရွာသူရွာသားတွေ၊ တောင်သူလယ်သမားတွေ စည်းရုံးနိုင်ဖို့ လိုတယ်။ ဒါမှသာ ကျုပ်တို့ရဲ့ လွတ်လပ်ရေးကို ကျုပ်တို့ ပြန်ရ သေချာမယ်"





ထိုညက သူတို့နှစ်ယောက် ညလုံးပေါက် စကားပြောကြသည်။ ထိုနေ့ည ကိုညိုပု တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ချေ။

ကောင်ဟွာရွာသို့ ရဲဘော်ခင် ရောက်လာသည့် အချိန်မှစပြီး ကိုညိုပုနှင့် တွဲတွဲ ဖြစ်နေကြသည်။ သူ သွားလေရာသို့ ကိုညိုပု လိုက်ပါလေ့ ရှိသည်။ ခါတစ်ရံတွင် တစ်နေကုန် အိမ်ပြန်ရောက်မလာဘဲ ရှိနေတတ်၏။ ကိုညိုပု မသည် ထမင်းပွဲပြင်ကာ စောင့်ရင်းဖြင့် အချိန်ကုန်သောကြောင့် သိမ်းလိုက် သည့် အကြိမ်ပေါင်းမှာလည်း များလှပြီ။ အိမ်ပြန်ရောက်သောအခါများတွင် ည်း အချိန်က အလွန် နောက်ကျနေတတ်လေသည်။

တစ်ညတွင် ကိုညိုပု မိခင်သည် သူတို့နှစ်ယောက် ပြန်အလာကို စောင့် နေ၏။ ထမင်းစားသောက်ပြီး ရဲဘော်ခင် အိပ်ရာဝင်သွားသည့် အချိန်ကျမှ ပြောလိုသည့် စကားများကို သားဖြစ်သူအား ပြောနိုင်တော့သည်။

"ငါ့သား ဘယ်တွေရောက်ခဲ့သလဲ"

"ဘာလန်း၊ တာလမ်း၊ ကုန်းမာ၊ ဒေးတားနဲ့ ကုန်းချိုင့်ကို ရောက်ခဲ့တယ် အမေ"

"ဘာသွားလုပ်တာလဲ"

"ပြင်သစ်ကို ဘာကြောင့် တိုက်ရမယ်ဆိုတဲ့အကြောင်း အဲဒီ ရွာတွေက တွေကို သွားပြောတာ အမေ"

ထိုစကားကို ကြားသောအခါ အမေလုပ်သူသည် စိုးရိမ်ကြောင့်ကြခြင်း မိ၏။

"တို့ရွာထဲကနေပြီး ပြင်သစ်ကို ငါ့သား တိုက်နိုင်သားပဲကွယ်။ တခြားရွာက တွေ ပါဝင်တိုက်လာအောင် လုပ်ဖို့ ဆိုတာတော့ ငါ့သား ငယ်ပါသေးတယ်"

ကိုညိုပုသည် သူ့အမေကိုကြည့်ကာ ပြုံးလိုက်မိသည်။

"ကျွန်တော့်ကို အစစအရာရာ သွန်သင်ပေးနေတဲ့ ရဲဘော်ခင် ရှိပါသေး သယ် အမေရဲ့။ အခု ကျွန်တော် ကောင်းကောင်း ဟောတတ် ပြောတတ်ပါပြီ"

ကိုညိုပုသည် ယုံယုံကြည်ကြည်ဖြင့် အလေးအနက် ပြောနေခြင်း ဖြစ် သည်။ ကောင်ဟွာရွာတွင်းရှိ လူငယ်တို့သည် ပြင်သစ်ကို တိုက်ခိုက်ရန်အတွက် စည်းတရုံးတည်း ဖွဲ့စည်းရန် သဘောတူ လက်ခံကြပြီး ဖြစ်သည်။ လူငါးဆယ် သော ပြောက်ကျားတပ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် ကိုညိုပုကို ရွေးကောက် င်မြှောက်ကြသည်။

သူတို့သည် ဓမ္မာရုံမှာ စုဝေးကြပြီး တစ်စုလျှင် ဆယ်ယောက်ပါ ပြောက်



www.burmeseclassic.com

www.burmeseclassic.com



ကျားတပ်ဖွဲ့များ ဖွဲ့စည်းကြသည်။ ထိုတစ်စုတွင် ခေါင်းဆောင်တစ်ဦး တ
မြှောက်သည်။ ကိုညိုပုသည် ပြောက်ကျားတပ်ဖွဲ့ အားလုံး၏ ခေါင်းဆော
ဖြစ်သည်။

ထိုသို့ ပြောက်ကျားတပ်ဖွဲ့များကို စနစ်တကျ ဖွဲ့စည်းပြီးသည်နှင့် တ
မြိုင်တည်း ကျေးရွာလုံခြုံရေးအတွက် ပြောင့်များ ပြုလုပ်ခြင်း၊ ထောင်ချော
များ ပြုလုပ်ခြင်းဖြင့် ကာကွယ်ရေးလုပ်ငန်းများကို စတင်ကြလေတော့သည်

ထို့မှမက အိမ်ထောင်စု ဆယ်စုကို ကိုညိုပုက စည်းရုံးယူသည်။ ထိုအိ
ထောင်စုများက အလွန် ကျယ်ပြောသည့် လယ်ကွင်းတစ်ခုကို ရှင်းလင်း ခု
ထွင်ကာ စုပေါင်းလယ်ယာကို ပြုလုပ်ကြရန် ဖြစ်သည်။

လူငယ်တို့သည် ရပ်ရွာလုံခြုံရေးနှင့် ပြင်သစ်ကို မောင်းထုတ်နိုင်ရေ
အတွက် စစ်ရေးကိစ္စများဖြင့် မအားမလပ် ရှိနေကြ၏။ ထိုအချိန်တွင် ဆယ်အိ
ထောင် ပါဝင်သည့် စုပေါင်းလယ်ယာဝင်များက ၎င်းတို့၏ လယ်ယာမှထွ
သည့် ကောက်ပဲသီးနှံများကို လူငယ်များအား ခွဲဝေကျွေးမွေးရမည် ဖြစ်သည်
ထိုလုပ်ငန်းသည် ကောင်းစွာ အောင်မြင်လျက် ရှိချေပြီ။

ရဲဘော်ခင်သည်လည်း ပုဆိုးခါးတောင်းကျိုက်ကာ တောခုတ်ဓားမ ကိုင်
ရွာသူရွာသားများနှင့် ဒူးတင်ပေါက်ဖက် လုပ်ငန်းခွင်သို့ ဝင်လာသည်။ စိုက်ကွ
သစ်များအတွက် ကွင်းရှင်းရာတွင် သစ်ပင်ကြီးများကို ခုတ်လှဲနေသည့် ရဲဘော်
ခင်ကို ရွာသားများ မြင်တွေ့ကြရသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကို မီးရှို့ရှင်းလ
ကာ ပြောင်းခင်းများအဖြစ် ပျိုးကြနေသည့် ရဲဘော်ခင်ကို အများမြင်ကြရတော့
သည်။ အလုပ်လုပ်သည့်အခါတွင် သူသည် သီချင်းတအေးအေး သီဆိုလေ့ရှိ၏

ထိုသို့သောအခါမျိုးတွင် ပလွေတိုတစ်ချောင်းဖြင့် တေးတကျူးကျူး ရှိနေ
သူကား မောင်ချစ်ကြီးပင်တည်း။ ရဲဘော်ခင်သည် မောင်ချစ်ကြီးထံတွင် ပလွေ
မှုတ်သင်လျက် ရှိသည်။ တစ်ပြန်တစ်လှည့် အနေဖြင့် သူက မောင်ချစ်ကြီးတ
ကင်းလူမျိုးတို့၏ တေးသီချင်းများ ပြန်သင်ပေးနေသည်။ ထို့ကြောင့်လည်း သူတ
မောင်ချစ်ကြီးက အလွန် ခင်နေသည်။

တစ်ညတွင် ရဲဘော်ခင်သည် ညစာ စားနေ၏။ ကိုညိုပု၏ မိခင်က သူတ
ကြည့်ရင်း လှမ်းမေးသည်။

"ငါ့သားမှာ အိုးတွေ အိမ်တွေများ ရှိသလား"

"အိမ်ရှိပါတယ် အမေ"

ရဲဘော်ခင်က ရယ်မောလျက် ပြန်ဖြေသည်။





"အဖေတွေ၊ အမေတွေရော ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဦးလေးဟိုဆိုတာ ငါ့သားရဲ့အဖေလား"

"ကျွန်တော်တို့ ကင်းလူမျိုးတွေဟာ လူကြီးလူငယ်မရွေး ဦးလေးဟိုကို
ကျွန်တော်တို့ရဲ့ ဖခင်ကြီးအဖြစ် သတ်မှတ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ ဖခင်ကြီး
လို့လည်း ခေါ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော့် မိဘတွေကတော့ ကင်းလူမျိုး
တွေပါပဲ။ အသက် သိပ်ကြီးကြပါပြီ"

အမေသည် ရဲဘော်ခင်ကို စိုက်ကြည့်နေ၏။ အမေ့ ခေါင်းပေါ်မှ ဆံပင်
ဖြူများကို လေတစ်ချက် ဝေ့လိုက်သဖြင့် မီးပေါ်မှာ ပျံဝဲသွားသည်။ မျက်ရည်
တို့သည် အမေအို၏ မျက်လုံးအိမ်ထဲမှာ ပြည့်လာသည်။

"မင်းဟာ လူလိမ္မာကလေးပဲ။ အလွန်ဝေးတဲ့ နေရာကနေပြီး ဒီကိုရောက်
အောင် မင်း လာခဲ့တယ်။ မြင့်မားတဲ့တောင်ကြီးတွေကို တက်ခဲ့တယ်။ မိကျောင်း
တွေ ပြည့်နှက်နေတဲ့ ဘားမြစ်ကြီးကိုလည်း မင်း ကူးဖြတ်ခဲ့တယ်။ တို့လယ်တော
တွေထဲမှာ မင်း အလုပ်လုပ်တယ်။ တောင်းရက်၊ ပလိုင်းရက်လည်း လုပ်နေ
တယ်။ ပြီးတော့ တို့စားသလိုပဲ မင်း စားနေတယ်။ ဒီလို လုပ်နေတဲ့အတွက်
မင်းလယ်ယာ၊ မင်းချောင်းမြောင်း၊ မင်းအဖေ၊ မင်းအမေတွေနဲ့ ကင်းကွာမနေ
ရပေဘူးလား"

ရဲဘော်ခင်သည် အမေအိုကိုကြည့်ကာ ကရုဏာသက်သွားမိသည်။

"သူတို့နဲ့ ကျွန်တော် ကင်းကွာနေရတာပေါ့ အမေ။ ဒါပေမယ့် ဘယ်တတ်
နိုင်မလဲ။ ဦးလေးဟိုရဲ့ သွန်သင်ချက်တွေကို ကျွန်တော် ကျိုးကျိုးနွံနွံ နာခံတယ်။
ပြင်သစ်တွေကို တိုက်ဖို့အတွက် ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မိဘတွေကို စွန့်ခွာ
ခဲ့ရတယ်။ ကျွန်တော့် မိဘတွေကလည်း ကျွန်တော့်ကို ခွဲခွာလိုက်ကြရတာပါ
ပဲ၊ ဒါပေမယ့် ဦးလေးဟိုရဲ့ သွန်သင်ချက်တွေကို သူတို့လည်း လက်ခံကြတော့
ကျွန်တော့်ကို ခွင့်ပြုကြတယ်။ ပြင်သစ်တွေဟာ ရက်စက်ကြမ်းကြုတ်လွန်းတယ်
အမေ။ သူတို့ကို ကျွန်တော်တို့ တိုက်မထုတ်နိုင်ရင် ကျွန်တော်တို့ လူမျိုးတွေ၊
ကျွန်တော်တို့ တိုင်းရင်းသားတွေ အသက်ရှင်ပြီး နေနိုင်ကြမှာ မဟုတ်ဘူး"

အမေသည် ကိုညိုပုထံသို့ မျက်လုံးများ တစ်ချက် ဝေ့လိုက်သည်။ သူ့
သားသည် လူကောင်ကြီးထွားထွား ဖြစ်နေပြီ။ သူ့မျက်လုံးများသည် ယခင်က
ထက် ပိုမိုပြီး အလွန် တောက်ပနေကြသည်။ သူ စကားပြောသည့်အခါတိုင်း
ကြွက်သားကြီးများနှင့် သန်မာသည့်အကြောကြီးများ၊ ဖြိုင်းဖြိုင်းထနေသည့်

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တုတ်ခိုင်သော လက်ချောင်းကြီးများကို နိမ့်ချည်မြင့်ချည် လှုပ်ရှားကာ အားပေး တရ ပြောလေ့ရှိသည်။ သူမိခင်ကို ပြောသည့်အခါတွင်လည်း ထိုနည်းတူပင် ဖြစ်သည်။ သူ့လက်ချောင်းကြီးများသည် ရေထဲတွင် ငါးကို ဝှေ့ယမ်းသကဲ့သို့ ဝင့်တည်း။

သားဖြစ်သူသည်လည်း ရဲဘော်ခင်ကဲ့သို့ ဖြစ်ချင်နေကြောင်း အမေ တွေးထင်မိသည်။ ဦးလေးဟို၏ သွန်သင်ချက်များကို သူ ကြားနိုင် နာနိုင်ပါစေ

အမေအို၏ စိတ်ထဲမှာ ပူပန်မှုများ၊ ဆန္ဒပြင်းပြမှုများ ရောထွေးနေသည်။ ရောပြွမ်းသောစိတ်များဖြင့်ပင် မလေးယု အလုပ်လုပ်နေရာသို့ ထလာခဲ့သည်။ လင်ကို ပါရမီဖြည့်နေသည့် သူ့ချွေးမကို ပို၍ သနားကရုဏာ သက်မိနေ၏။

* * *

အမေသည် မပြောပလောက်သော အကြောင်းကလေး တစ်ခုကြောင့် ကိုညိုပုကို နှစ်ရက်တာမျှ စိတ်ကွက်နေမိသည်။

ဗိုလ်အောင်ဒွန်း၏တပ်များသည် အလုံးအရင်းဖြင့် ချီတက်လာကြ၏။ ပြင်သစ်တို့ စခန်းချထားရာ ပိုးလယ်ဘုံစခန်းကို တိုက်ခိုက်သိမ်းပိုက်နိုင်ရန် ကိုညို ပုက လမ်းပြသည်။ ပထမ တစ်ကြိမ်တွင် မအောင်မြင်ချေ။ ဒုတိယ တစ်ကြိမ် တွင် ဗိုလ်အောင်ဒွန်း၏တပ်များက အပြင်းအထန် နှိမ်နင်းကာ သိမ်းပိုက်ရရှိ လိုက်လေတော့သည်။ ကိုညိုပုသည် အပျော်ကြီး ပျော်နေ၏။ ထို့ကြောင့် အိမ်သို့ တစ်ချီးတည်း ပြန်ပြေးကာ သူ့အမေကို အကျိုးအကြောင်း ပြောပြသည်။

"အမေရေ၊ ပြင်သစ်တွေ ဆယ့်ငါးယောက်တောင် ကျသွားသဗျ"

ထိုအကြောင်းကြောင့်ပင် ကိုညိုပုကို အမေ စိတ်ဆိုးတော့သည်။

"မင်း ပြင်သစ်တွေကို ဒါလောက်တောင် ကရုဏာသက်နေသလား။ သူတို့ ဘယ်နှယောက် ကျသလဲလို့ မင်းကိုများ ငါ မေးဖူးလို့လား။ ပြင်သစ်တွေ ဘယ်လောက် သေသွားတယ်ဆိုတာ ငါ့အလုပ် မဟုတ်ဘူး။ ဒီကောင်တွေ အကုန် သေသွားလည်း အေးတာပဲ။ တို့ဘက်ကလူတွေ ဘယ်လောက် ကျတယ် ဆိုတာတော့ မင်း ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ။ တို့တပ်သားတွေထက်ပဲ ပြင်သစ်တွေကို မင်းက သနားကရုဏာ ပိုနေတာလား"

ကိုညိုပုသည် အမေ့ကို အကျိုးအကြောင်း ရှင်းပြပါ၏။ သို့သော် သူ ရှင်းပြသည်ကို အမေက နားမထောင်တော့ချေ။ နောက်နှစ်ရက်အကြာ သူတို့ တပ်ဖွဲ့များ ပြန်ရောက်လာသောအခါကျမှ အမေ စိတ်ဆိုးပြေတော့သည်။

ကောင်ဟွာရွာသို့ စစ်တပ်များ ပြန်ရောက်လာသည့်နေ့သည် ရွာသားများ





အလွန်ပျော်သည့်နေ့ ဖြစ်လေသည်။ စောစောပိုင်းကမူ ရွာသား အပေါင်းတို့ သည် ပူပန်သောကကြောင့် နေမထိထိုင်မသာ ဖြစ်နေကြ၏။ ဘာနားလူမျိုးများ နေထိုင်သည့်ရွာများ အမြောက်ကျည်ဆန်မိုး အရွာခံခဲ့ရသည့် အဖြစ်အပျက် များကို ပြန်ပြောင်းသတိရနေမိကြသည်။

စစ်သားများ အနီးသို့ ကိုညိုပုနှင့် ဦးလေးပါမှတစ်ပါး မည်သူမျှ မကပ်ရဲကြ ချေ။ ခဏကြာသောအခါ ဦးလေးပါ၏သားငယ် မောင်ထွန်းသည် စစ်သားများ အနီးသို့ကပ်ပြီး သေနတ်များကို ကြည့်နေလေသည်။ ထိုအချိန်က မောင်ထွန်း သည် (၁၂) နှစ်သားအရွယ်မျှသာ ရှိသေးပြီး ရွာတွင်းရှိ ကလေးများအနက် သူ့စိမ်းကို အကြောက်ဆုံးကလေး ဖြစ်သည်။

မောင်ထွန်းသည် စစ်သားတစ်ယောက်၏ သေနတ်ကို ကိုင်တွယ်ကြည့်ရှု နေ၏။ ထိုသို့ ကြည့်နေသည်ကို သေနတ်ပိုင်ရှင်စစ်သား မြင်သောအခါ မောင် ထွန်းကို ဆွဲယူပြီး သူ့သေနတ်ကို သေသေချာချာ ပြနေသည်။ မောင်ထွန်း၏ မျက်လုံးများသည် သူ့အဖေ၏ မျက်လုံးများကဲ့သို့ပင် တောက်ပနေ၏။ နှာခေါင်း က အပေါ်သို့ အနည်းငယ် လန်နေသည်။ မောင်ထွန်းနှင့် စစ်သားသည် ရင်းနှီး သွားကြပြီ ဖြစ်သည်။ ထိုအဖြစ်အပျက်ကို မြင်သောအခါကျမှ အခြား ရွာသား များလည်း စစ်သားများ အနီးသို့ ကပ်ဝံ့ကြလေတော့သည်။ မောင်ထွန်းသည် စစ်သားများကို ပြေးကာလွှားကာ ရေတွက်လျက် ရှိသည်။ သို့သော်လည်း ဆယ်ယောက်ထက်ပိုပြီး သူ မရေတတ်။ စစ်သားများကို ရေပြီးသောအခါ ဦးလေးပါ ရှိရာသို့ ပြေးသွားသည်။

"အဖေရေ စစ်သားတွေ ဆယ်ယောက်တောင် ရှိတယ်ဗျ"

သူ့စကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။ စစ်သားများကလည်း ရယ်ကြသည်။ သို့ဖြင့်ပင် စစ်သားများကို ရွာသားတို့ ကြောက်ရွံ့နေခြင်းသည် လည်း ပြေပျောက်သွားလေတော့သည်။

ကောင်ဟွာရွာတွင်းမှာ စစ်တပ် စခန်းချသည်။ စစ်သားတို့သည် ရွာသား များ ဆန်ထောင်းနေလျှင် ဝင်ရောက် ကူညီကာ ထောင်းပေးကြ၏။ ဝက်များ အစာကျွေးလျှင်လည်း ဝိုင်းဝန်းကူညီ ကျွေးပေးကြ၏။ ထမင်းချက်လျှင်လည်း ချက်ရာပြုတ်ရာမှာ၊ တောင်းရက် ပလိုင်းရက်လျှင်လည်း ရက်ရာမှာ သူတို့ ပါကြသည်။ ထိုနည်းဖြင့် စစ်သားများနှင့် ရွာသူရွာသားတို့သည် ဆွေရင်းမျိုးခြာ များပမာ တစ်သွေးတစ်သားတည်း ဖြစ်သွားကြတော့သည်။

နောက်ရက်များတွင် မန်းကျိုင်း၊ ဒတ်ပိုနှင့် အေဒန်းရှိ ပြင်သစ်စစ်စခန်း



www.burmeseclassic.com

www.burmeseclassic.com



များကို တက်ရောက် ချေမှုန်းသိမ်းပိုက်ကြပြန်သည်။ သူတို့ အောင်ပွဲရနေသည့် သတင်းများ နောက်ပိုင်းသို့ ပြန်ရောက်လာတိုင်း ရွာသူရွာသားတို့ ပျော်မဆုံး ရှိကြသည်။

ရွာတွင်းရှိ လူငယ်တို့သည် စစ်မြေပြင်သို့ စစ်တပ်များနှင့်အတူ လိုက်ပါ သွားကာ လေ့ကျင့်လျက် ရှိကြပြီ။ မောင်ချစ်ကြီးနှင့် ကိုမောင်စစ်သည် တော တွင်းသို့သွားကာ ကျည်ဆန်သေတ္တာများကို ယူဆောင်လာကြသည်။ ယခင် ဂျပန်များ ပြင်သစ်ကို တိုက်စဉ်က သူတို့ ရရှိပြီး ဝှက်ထားခဲ့သည့် ကျည်ဆန်များ ဖြစ်သည်။ ယခု ထိုကျည်ဆန်များကို ယူလာပြီး စစ်တပ်ကို ပေးအပ်ကြသည်။

ယင်းစစ်တပ်နှင့် လေးငါးရက်ကြာမျှ အတူတကွ နေထိုင်ပြီးသောအခါ တွင် ရွာတွင်းရှိ ကလေးတို့သည် ဟိုချီမင်းသီချင်းကို တကြော်ကြော် အော်ဟစ် ကာ သံပြိုင်ဆိုတတ်နေကြချေပြီ။

ရွာသူရွာသားတို့သည်လည်း လယ်ယာများမှာ ကောင်းစွာ လုပ်ငန်းခွင် ဝင်နိုင်ကြပြီ။ တောတွင်းသို့ဝင်ကာ သစ်ဝါးများခုတ်ပြီး ရွာတွင်း၌ သက်ငယ်တဲ ကြီး ငါးလုံးကို စစ်တပ်အတွက် ဆောက်လုပ်ပေးကြချေပြီ။ လက်နက်ခဲယမ်းမီး ကျောက်များ သိုလှောင်ရန် ဂိုဒေါင်ကြီး ငါးလုံးကိုလည်း ဆောက်လုပ်ပေးကြချေ ပြီ။

ထိုသို့ လိုအပ်သည်များ လုပ်ကိုင်ကြရာတွင် ကိုညိုပုသည် ထုံးစံအတိုင်း သူများအရင် ရှေ့ဆုံးမှ ထွက်ခဲ့သူ ဖြစ်သည်။ လုပ်စရာရှိသည်များကို ရှေ့ဆုံးက လုပ်ပြသည်။ ပြီးတော့မှ သူ့ကို နမူနာယူကာ ကျန်ရွာသားများက သူ့နောက် လိုက်ကြသည်။ သည်လိုဖြင့်ပင် တပျော်တပါး အလုပ်များကို လုပ်ကိုင်ခဲ့ကြ၏။

"ကျုပ်တို့ စစ်တပ်အတွက် ဘယ်နှရက်ပဲ လုပ်ပေးရ လုပ်ပေးရ မပင်ပန်း ပါဘူးဗျာ" ဟုလည်း သူတို့ပါးစပ်က တတွတ်တွတ် ပြောကြသည်။

သည်ရွာမှာ သည်စစ်တပ်ကို တစ်သက်ပတ်လုံး နေစေချင်သည်။ မိမိတို့ တိုင်းပြည်သည် အင်အား အလွန် တောင့်တင်းမည် ဆိုပါက မည်မျှ ဝမ်းမြောက် ဖွယ်ကောင်းမည်နည်းဟု ကိုညိုပု တွေးတောနေမိသည်။

သို့သော်လည်း ဒုတ်ပတ္တာစမ်းချောင်းအတွင်းမှာ အရှိန်အဟုန် လျင်မြန်စွာ ဖြင့် ရေများ စီးဆင်းသွားသကဲ့သို့ သူတို့ ပျော်ရွှင်ခဲ့ရသည့် ရက်များသည်လည်း ကုန်ဆုံး ပျောက်ကွယ်သွားရတော့သည်။

၁၉၄၈ ခု နှစ်ကုန်ပိုင်းတွင် စစ်တပ်များသည် မြေပြန့်သို့ ရွှေ့ပြောင်းသွား ကြသည်။ သူတို့ နေထိုင်ခဲ့ကြသည့် တန်းလျားရှည်ကြီး ငါးလုံးသည် လူသူ





တင်းမဲ့နေသည်။ မီးဖိုချောင်ပေါင်း မြောက်မြားစွာတို့သည် မီးမရှိဘဲ အငွေ့ အသက် တင်းမဲ့နေသည်။

ထိုတပ်များ၏ အကြီးအကဲ ဗိုလ်အောင်ဒွန်းသည် ဘကြီးဆန်း၏အိမ်တွင် နေထိုင်သူ ဖြစ်သည်။ ဘကြီးဆန်း၏ မွေးစားသားသဖွယ် ဖြစ်နေသည်။ ယခု ဗိုလ်အောင်ဒွန်း မရှိတော့ပြီ။ ဘကြီးဆန်းသည် ရက်ပိုင်းအတွင်း ပို၍ အိုစနာ သွားသည်။

ဆန်ဖွပ် မောင်းထောင်းနေကြသည့် အမျိုးသမီးများသည် လှုပ်ရှားမှု ကင်းမဲ့နေကြသည်။ မောင်းတံမှ ကျည်ပွေ့များကိုကြည့်ကာ ငေးငေးငူငူ ဖြစ် နေကြသည်။ စစ်သားတို့သည် ဤမောင်းများဖြင့် သူတို့အတွက် ဆန်များ ဖွပ် ပေးခဲ့ကြ၏။ သူတို့၏ အလုပ်များကိုလည်း မညည်းမညူ ကူလုပ်ပေးခဲ့ကြ၏။ ယခု သူတို့ မရှိပြီ။ အမျိုးသမီးများ၏ မျက်လုံးအိမ်များတွင် မျက်ရည်များဖြင့် ပြည့်လျှံနေသည်။

ကိုညိုပုသည် ညဘက်တွင် တစ်ရေးနိုးသောအခါ ရဲဘော်ခင်ကို စမ်းကြည့် မိသည်။ ရဲဘော်ခင်ကို မတွေ့သောအခါ အိပ်ရာမှ ငေါက်ခနဲ ထထိုင်မိသည်။ အအေးဓာတ်က ဖုံးလွှမ်းမင်းမူနေသည်။ ထို့ကြောင့် မီးဖိုတွင် မီးထည့်ပြီး သူ့လက် များ နွေးလာအောင် မီးနှင့်ကင်လိုက်သည်။

မီးကင်နေသည့် သူ့လက်များကို ကြည့်ရင်းကြည့်ရင်းဖြင့် ရဲဘော်ခင်ကို ပို၍ သတိရလာသည်။ ဤရွာမှ ရဲဘော်ခင် ထွက်ခွာသွားသည့်နေ့ကို သူ သတိရနေသည်။ စမ်းချောင်းနံဘေးတွင် သူတို့နှစ်ယောက်သည် တစ်ယောက် လက်ကိုတစ်ယောက် တင်းတင်း ဆုပ်ကိုင်ကာ ရပ်နေကြ၏။ ထိုစဉ်က ရဲဘော် ခင် ပြောသွားသည့်စကားများကို သူ ပြန်လည် ကြားယောင်နေမိသည်။

"ကိုညိုပုရေ ခင်ဗျားကတော့ ဒီရွာမှာ ကျန်ရစ်ခဲ့မယ့် ရဲဘော်ကောဒါ တစ်ယောက်ပါပဲ။ ကျုပ်တို့ မျိုးချစ်တပ်မတော်တွေကို ဂရုစိုက်ပါ။ ပြင်သစ်ကို သူတို့ တိုက်ခိုက်အောင်ပွဲခံနေတာ မြင်ရပါလိမ့်မယ်။

ဦးလေးဟိုက ကျုပ်တို့ကို သွန်သင်ထားတာ ရှိသေးတယ်။ 'လယ်ယာမြေ တွေ များများဖော်ထုတ်၊ ဆန်စပါးတွေ များများစိုက်၊ တစ်ယောက်နဲ့တစ်ယောက် စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့နေ။ ပြင်သစ်တွေကို ရေရှည်စစ်ဆင်နွှဲ၊ အဲဒီ နောက်မှာ ကျုပ်တို့ရဲ့တပ်တွေဟာ အောင်ပန်းဆင်ပြီး ပြန်လာကြလိမ့်မယ်။ ကျုပ်တို့ မြေကြီးလက်ခတ်မလွဲ အောင်ပွဲရကြမယ်။ ကျုပ်တို့ တိုင်းပြည်ဟာ မလွဲမသွေကို လွတ်လပ်ရမယ်'လို့ ဦးလေးဟိုက မိန့်ကြားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ရွာသူရွာသားတို့သည် လယ်ယာများ အတွင်းသို့ လုပ်ငန်းခွင် မဝင်မီ မမွှာရုံရှေ့တွင် စုဝေးနေကျအတိုင်း စုဝေးကြသည်။ ကိုညိုပုက ရွာသူရွာသားများကို မိန့်ခွန်းပြောသည်။

"အခုဆိုရင် ရဲဘော်ခင်နဲ့ ကျုပ်တို့ရဲ့ စစ်တပ်ဟာ စစ်မြေပြင်ကို ထွက်ခွာသွားကြပြီ။ ကျုပ်တို့တစ်တွေဟာ ပြင်သစ်ကို တိုက်နိုင်ဖို့အတွက် အခါတိုင်းထက် ပိုပြီး ပြင်ဆင်ကြရမယ်။ ဒီရွာမှာ ကျုပ်တို့ စစ်တပ် မရှိတော့ဘူး ဆိုတာကို ပြင်သစ်တွေသိရင် မလွဲမသွေ ကျုပ်တို့ကို လာတိုက်လိမ့်မယ်။

ဒီကနေ့ကစပြီး မနက်တိုင်း လယ်တောဆင်းတဲ့အခါမှာ လူငယ်တွေက လေးမြား ဆွဲကိုင်ပြီး ရှေ့က သွားကြရမယ်။ ကျုပ်တို့ သွားရမယ့်လမ်းမှာ ပြင်သစ်တွေ ရှိ၊ မရှိ ကင်းထောက်ကြည့်ရမယ်။ ကျုပ်တို့ တပ်တွေဟာ မလွဲမသွေ ပြန်လာမှာ ဖြစ်တယ်။ သူတို့ ပြန်အလာကို စောင့်ချင်တယ်ဆိုရင် ကျုပ်တို့ဟာ ခြောင့်တွေ ပိုလုပ်ရမယ်။ ထောင်ချောက်တွေ ပိုထောင်ရမယ်"

ရွာသားများ လယ်တောဆင်းသွားသောအခါတွင် မောင်ထွန်းကလေးသည် သူ့ဘာသာ အိမ်မှာ နေရစ်ခဲ့၏။ သူသည် မမွှာရုံရှေ့ နေရောင်အောက်တွင် ထိုင်လျက် ရှိသည်။ ယင်တစ်ကောင်သည် သူ့မျက်လုံးရှေ့မှာ ဥဒဟို ပျံသန်းနေသည်။ သို့သော် သူ့စိတ်သည် ထိုယင်ကောင်ထံတွင် မရှိ။ ဦးလေးဟို အကြောင်း ရေးဖွဲ့ထားသည့် ဟိုချိမင်းသီချင်းထဲမှာသာ နစ်မြုပ်နေသည်။

* * *

တော့အုပ်ပေါ်နှင့် ချုံလေးတောင်ပေါ်သို့ ထိုးကျနေသည့် နေရောင်သည် မီးလျှံများနှင့် အထင်မှားလောက်သည်။ နွေရာသီတွင် ရေခန်းလေ့ရှိသည့် အတိုင်း စမ်းချောင်းများတွင် ကျောက်ဆောင်များသာ ပေါ်လာသည်။ ထို ကျောက်တုံးတို့ကို တစ်ခုပြီးတစ်ခု ဖယ်ရှားကာ ရွာသားတို့ ရေရှာကြရသည့် ဒုက္ခမှာ ကြီးမားလွန်းလှသည်။ လယ်ကွင်းများတွင်လည်း ပပ်ကြားအက်များ ပြည့်နှက်နေပြီ။ ရိုးပြတ်တို့သည်လည်း ခြောက်သွေ့နေကြပြီ။

အခက်အခဲတို့သည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာ၏။ ထိုသို့ ရာသီဥတု ပူပြင်းခြောက်သွေ့ကာ ဆိုးဝါးနေသည့် ကြားထဲမှ အဆိုးဝါးဆုံးသော ဒုက္ခသည်ကား ဆားရှားပါးမှုပင် ဖြစ်လေသည်။

ရွာတွင်း၌ ဆားပြတ်ပြီ။ အိမ်တိုင်းအိမ်တိုင်း ဆားအခက်အခဲနှင့် ကြုံတွေ့နေကြရပြီ။ ရွာသားတို့သည် စောစောက ဆားသိုလှောင်ထားခဲ့ဖူးရာ ဆားတွင်းများအတွင်းသို့ ရေများလောင်းချပြီး တစ်ညထားကာ ရေကို အကြည်ခံကြရ





၏။ နောက်တစ်နေ့ ရေကြည်သောအခါကျမှ ထိုဆားရေကြည်ကို ခပ်ယူကာ စားသုံးနေကြရသည်။

ယခု ရှိရှိသမျှ ဆားတွင်းတို့သည်လည်း ရေလောင်းရဖန် များသဖြင့် ဆားမာတ်ကုန်ပြီ။ အငန်မာတ် ခန်းခြောက်ပြီ။ ဆား မစားရသည့် ကလေးငယ်တို့သည် တကျိုကျို ငိုယိုကာ မိခင်၊ ဖခင်တို့အား တမ်းတပြီး ဆားတောင်းကြပြီ။

မိခင်၊ ဖခင်တို့သည်လည်း ဆားငတ်သည့် ရင်သွေးငယ်၏ဒုက္ခကို ကြည့်ကာ ငိုကြွေးရုံမှတစ်ပါး အခြား ဘာမှ မတတ်နိုင်ကြပြီ။ ရွာသားတိုင်း၏ အသားအရောင်သည်လည်း ဖြူဖပ်ဖြူရော်ဖြစ်ကာ အားအင်ကုန်ခန်းနေကြပြီ။ မိန်းမ ဖျိုတို့၏ ပါးအစုံတို့သည်လည်း ခြောက်ခန်းကာ စိုပြည်သည့် အသွေးအရောင်များ ကွယ်ပျောက်ကြပြီ။

ဆားမစားရသည့်အတွက် အသက်ကြီးသူ နှစ်ဦးသည် အသက်ရှူကျပ်ကာ နောက်ဆုံးတွင် စားသမျှအစာ ပြန်အန်ထွက်ပြီး သေမင်းခေါ်ရာသို့ လိုက်ခဲ့ကြရပြီ။

ကိုညိုပုသည် ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်လျက် ရှိ၏။ ထိုင်ရာမှ ထရန် သုံးလေးကြိမ် သူ ကြိုးစားကြည့်၏။ သို့သော်လည်း သူ့ခြေထောက်များက သူ့အမိန့်ကို မနာခံကြတော့ချေ။ သူ့ကို အာခံကြချေပြီ။

နေရောင်ကို ကြည့်လိုက်သောအခါ အဝါရောင်များကိုသာ မြင်တွေ့နေရသည်။ ပြီးတော့ အားလုံး မှေးမှိန်သွားသည်။ နောက်ဆုံး သူ ဘာကိုမှ မမြင်ရတော့။

သူသည် ထိုင်နေရာမှ လဲကျတော့မည်ကဲ့သို့ ဖြစ်သွား၏။ သူ့မျက်လုံးများကို ဖွင့်နိုင်ရန် ကြိုးစားကြည့်သည်။ သူ့မျက်လုံးများကို ဖွင့်နိုင်ရမည်ဟု သူ ထင်သည်။ သို့သော်လည်း မျက်လုံးများကား ပိတ်မြဲ ပိတ်လျက်ပင်။

မျက်လုံးထဲမှာ ပူလောင်သည့် အနီရောင်ကြီး ပေါ်လာသည်။ ပြီးတော့ အဖြူရောင်အဖြစ်သို့ ကူးပြောင်းသွားသည်။ သူသည် ထိုင်ရာမှထရန် ကြိုးစားပြန်သည်။ သူ၏ ခြေထောက်များက သူ့အမိန့်ကို မနာခံဘဲ အာခံမြဲ အာခံပြန်၏။ သူ့ခြေထောက်များကိုပင် သူ မပိုင်တော့သည့်ဘဝပါတကား။

ဆားမစားရသည့် အာဟာရပြတ်မှုကို သူ ကြီးစွာ ခံနေရပြီ။ ဝမ်းဗာ ဆာသဖြင့် အစာများကို စားသည်။ သို့သော်လည်း မတင်းတိမ်နိုင်။ အာဟာရ မဖြစ်နိုင်။ သူ့ဝမ်းဗိုက်ကို တစ်စုံတစ်ရာဖြင့် ခြစ်နေသကဲ့သို့ ခံစားရသည်။ သူ့ ရင်တွင်းရှိ အသည်းနှလုံးများကို ဝါးကြောဖြင့် ထိုးဆွလှီးဖြတ်နေသကဲ့သို့ ခံစား



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ အလွန် ဆိုးဝါးသည့်ဝေဒနာ ဖြစ်ချေသည်တကား။ ခံနိုင်ခက်သည့် ဒုက္ခ ဖြစ်ချေသည်တကား။

ဘုရား ဘုရား၊ သူကဲ့သို့ သန်မာထွားကျိုင်းသူ အသက်အရွယ်ငယ်သေးသူ ပင်လျှင် ဤမျှ ကြီးမားသောဝေဒနာကို ခံစားနေရမည် ဆိုပါက အသက်အရွယ် အိုမင်းသည့်လူကြီးများ အသို့ ရှိကြချေမည်နည်း။ ခွန်အားနည်းပါးသည့် မိန်းမသားများ မည်သို့ ခံစားကြရမည်နည်း။ အလွန်တရာ နုနယ်သည့် ကလေး သူငယ်များ အဘယ်သို့ အသက်ရှင်နိုင်ကြမည်နည်း။

ကိုညိုပု ကလေးဘဝက ဆားငတ်သည့်ဒဏ်ကို အလူးအလဲ ခံခဲ့ရဖူး သည်။ ကျူးကျော်သူ ပြင်သစ်ကို အဘိုးသိန်းတို့ ခေါင်းဆောင်ပြီး တော်လှန် တိုက်ခိုက်ကြသည်။ အင်အားချင်း မမျှသောအခါတွင် အဘိုးသိန်းတို့၏ ကောင် ဟွာတစ်ရွာလုံး တောင်ပေါ်သို့ ပြောင်းရွှေ့ ထွက်ပြေးခဲ့ကြရသည်။ ထိုတောင် ပေါ်မှာပင် တစ်နှစ်ပတ်လုံး ဆားမစားရဘဲ နေခဲ့ကြရသည်။

လူတို့သည် လူရုပ် မပေါ်တော့ချေ။ သရဲတစ္ဆေရုပ်များသဖွယ် ပုံပျက်ပန်း ပျက် ဖြစ်နေကြသည်။ ဒယိမ်းဒယိုင်ဖြင့် မတွန်းဘဲနှင့် အလိုလို လဲကျကြတော့ မည့် အခြေအနေသို့ ရောက်ရှိလာကြသည်။ ထိုအတွေ့အကြုံကို ကလေးဘဝက ရင်ဆိုင်ခဲ့ရသည့် ကိုညိုပုသည် ဆားမစားရသော ဒုက္ခအကြောင်းကို ကောင်း ကောင်း သိခဲ့သည်။ ထိုအဖြစ်အပျက်သည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။ နောက်ပိုင်းတွင် ဆားကို ဖောဖောသီသီ စားခွင့်လည်း ကြုံခဲ့ကြရ၏။

ပြင်သစ်တို့ကမူ ကောင်ဟွာရွာသားများ ဆားမစားရအောင် နည်းမျိုးစုံဖြင့် ပိတ်ပင်တားမြစ်ခဲ့သည်မှာ မှန်၏။ သို့သော်လည်း ရွာသားတို့သည် မြေပြန့်သို့ တိတ်တဆိတ် သွားကြကာ ဆားကို ဝယ်ယူနိုင်ခဲ့ကြသည်။ တောင်ပေါ်ထွက် ပစ္စည်းများဖြင့် လဲလှယ်ယူနိုင်ခဲ့ကြသည်။

ယခုမူ ထိုသို့ မဟုတ်ပြီ။

ဗိုလ်အောင်ဒွန်းတို့၏တပ်များနှင့် ရဲဘော်ခင်တို့ ဆုတ်ခွာသွားကြသည့် နောက်ပိုင်းမှစပြီး နေရာတိုင်းမှာ ပြင်သစ်တို့က ထိုးစစ်များ ဆင်နွှဲလာသည်။ တောင်ပေါ်သားတို့သည် မြေပြန့်သို့ဆင်းရန် ခက်ခဲလာသည်။ အထူးသဖြင့် ပြင်သစ်ကို တစ်စဉ်တစ်စိုက်တည်း ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ကောင်ဟွာရွာ သားတို့အဖို့ ပိုမို ခက်ခဲလာသည်။

ဘာလန်း၊ ဒေးတား၊ ကုန်းမဲ၊ ကုန်းမာ၊ ကုန်းချိုင့်နှင့် ဟားရိုးရွာတို့သည် ဆားတစ်ပွင့် ရရှိရေးအတွက် ပြင်သစ်တို့ထံတွင် အညံ့ခံ လက်နက်ချလိုက်ကြ





ရလေပြီ။

ရွာတိုင်းမှာ ကျေးရွာသူကြီးများကို ပြင်သစ်တို့က ခန့်ထားသည်။ ထိုသူကြီး များမှတစ်ဆင့် အခွန်အတုတ်များ ကောက်ခံသည်။ သူတို့၏ သစ္စာတော်ခံများ မှတစ်ဆင့် ကြေညာချက်များကို အရပ်တကာသို့ ထုတ်ပြန်လိုက်သည်။ ယင်း ကြေညာချက်တွင် . . .

ကောင်ဟွာရွာသားတို့သည် အလွန် ခေါင်းမာကြ၏။ ထိုသို့ ခေါင်းမာ နေသောကြောင့်လည်း ဆားမစားရသည့်ဘဝသို့ ဆိုက်ရောက်နေကြ သည်။ နောင်တွင် ထိုသို့ ခေါင်းမာသူများ မှန်သမျှသည် ခေါင်းဖြတ်ခြင်း ခံရမည်။ ကောင်ဟွာရွာသားများ မိမိတို့ထံ လက်နက်ချ မချ စောင့်ကြည့် မည် စသည်ဖြင့် ပါရှိလေသည်။

ယင်းကြေညာချက်ကို ကြားရသောအခါ ကောင်ဟွာရွာသားများအဖို့ ဦးခေါင်းပေါ်သို့ ရေခဲရေလောင်းချခြင်း ခံရသကဲ့သို့ ခံစားကြရသည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် ကောင်ဟွာရွာကို ပြင်သစ်တို့ ဝင် တိုက်ကြလေသည်။ ရွာသားတို့ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရ သည်။ သို့သော်လည်း မောင်နှောင်းနှင့် မောင်ကောင်းတို့ နှစ်ယောက်မှာမူ ရန်သူလက်တွင် အဖမ်းခံလိုက်ကြရပြီး ပြင်သစ်အကျဉ်းစခန်းတွင် ချုပ်နှောင် ထားခြင်းကို ခံကြရလေသည်။ ထိုသို့ ရွာကို ဝင်စီးအပြီး လက်နက်ချရန်လည်း ရာဇသံ ထပ်မံ ပေးကြပြန်သည်။

ကိုညိုပုသည် အိပ်မပျော်နိုင်။ သူ့ပတ်လည်မှာ ခြင်များ တဝီဝီမြည်ကာ ပျံသန်းတိုက်ခဲနေကြသည်။ အိမ်အောက်မှာရှိသော ကျွဲ၏အမြီးယမ်းသံကိုလည်း တစ်ချက်တစ်ချက် ကြားနေရသည်။ မျက်လုံးကို စုံမှိတ်လိုက်သောအခါ မောင် နှောင်းနှင့် မောင်ကောင်းတို့၏ မျက်နှာများက ပေါ်လာပြန်သည်။ ထို့ကြောင့် မျက်လုံးကို ဖွင့်လိုက်ရပြန်၏။ ငိုချင်စိတ်များ သူ့ရင်ထဲမှာ ကြီးစိုးလာသည်။ မောင်နှောင်းနှင့် မောင်ကောင်းတို့သည် ဤရွာတွင် အလုပ်အကြိုးစားဆုံးနှင့် အတော်ဆုံး ဖြစ်သည်။ ယခု သူတို့ကို မည်သို့ ကယ်တင်မည်နည်း။

"ဥက္ကဋ္ဌကြီးနှင့် ကာကွယ်ရေးခေါင်းဆောင်ကြီး ခင်ဗျား၊ မောင်နှောင်းနဲ့ မောင်ကောင်းကို ကျွန်တော်တို့ ဒီအတိုင်း အဆုံးခံလိုက်ကြရတော့မှာလား"

စသည်ဖြင့် ရွာသားတို့ကလည်း မရပ်မနား မေးနေကြပြီ။

အဖမ်းခံနှစ်ယောက်တို့၏ အမေများသည် တက်မတတ် ချက်မတတ် ငိုကြွေးကြ၏။ ကိုညိုပုလည်း သူတို့အတွက် စိတ်မချမ်းမသာ ဖြစ်ရသည်။



www.burmeseclassic.com

သို့သော်လည်း သူတို့လွတ်မြောက်ရေးအတွက် သူ ဘာမှ မတတ်နိုင်။ အဖမ်းခံနှစ်ယောက် လွတ်မြောက်ရေးအတွက် ရွာသားများ လက်နက်ချကြရမည်လော။ မဖြစ်နိုင်ပါ။ လက်နက်ချမည်ဆိုလျှင် ကိုယ့်သေတွင်းကိုကိုယ် မြန်မြန်တူးခြင်းနှင့်သာ တူပေလိမ့်မည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်ကို အဆုံးခံရန်မှတစ်ပါး အခြားနည်း မရှိပြီ။ ကိုညိုပုသည် ပြင်သစ်များကို အလွန်တရာ စက်ဆုပ်မုန်းတီးရှာပါ၏။ တတ်နိုင်လျှင် ကျူးပင်ခုတ် ကျူပ်ငုတ်မကျန်အောင် သုတ်သင်ပစ်ချင်သည်။

ရဲဘော်ခင်ကို သတိရမိသည်။ စစ်တပ်များ သို့မဟုတ် ကေဒါရဲဘော်များသည် ဘာကြောင့် ရောက်မလာကြသနည်း။ ဦးလေးဟိုသည် ဟန္နိုင်မြို့တွင် ရှိနေသေးသလော။ ကောင်ဟွာရွာသားများသည် ယနေ့ထက်တိုင်အောင် ပြင်သစ်များကို တော်လှန်တိုက်ခိုက်လျက် ရှိနေကြသေးကြောင်း ဦးလေးဟို သိပါလေစ။

အိမ်အောက်ကကျွဲသည် အမြီးကိုယမ်းရင်း ခြင်ခြောက်ပြန်၏။ ဆားမစားရသောကြောင့် သားသည်အမေတို့သည် နို့မထွက်ကြတော့။ နို့မျက်သည့် ကလေးငယ်တို့၏ ငိုသံများသည် ဟိုမှသည်မှ ပေါ်ထွက်လာပြန်သည်။ အမေတို့သည် ကလေးငိုသံကြောင့် လန့်နိုးကြသော်လည်း ရှိုက်ညည်းရုံမှတစ်ပါး အခြား မတတ်နိုင်ပြီ။

အိပ်ရာထဲမှာ ကိုညိုပု ကြာရှည်မနေနိုင်ပါ။ အိပ်ရာမှထပြီး တံခါးပေါက်သို့ ထွက်ခဲ့သည်။ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ကြယ်များကို မိုးလုံးအနှံ့ တွေ့ရသော်လည်း လမိုက်ရက် ဖြစ်နေသည်။

"မောင်ညိုပု ဘယ်လဲ" ဟု အမေက လှမ်းမေးသည်။

"အမေ နိုးနေပြီလား၊ ကျွန်တော် ဦးလေးပါဆီသွားပြီး မောင်နှောင်းနဲ့ မောင်ကောင်းတို့ကိစ္စ တိုင်ပင်ဦးမယ်"

ဦးလေးပါလည်း မအိပ်နိုင်ဘဲ ရှိနေသည်ကို တွေ့ရသည်။

"မောင်ညိုပုရေ တို့တော့ ဟန်ဆောင်လက်နက်ချကြဦးမှ ဖြစ်မယ်ထင်တယ်"

"မဖြစ်နိုင်ဘူး ဦးလေး၊ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ လက်နက်ချရင် သေဘေးနဲ့ပဲ တွေ့ရလိမ့်မယ်။ လက်နက်ချတာထက် သေရတာက ကောင်းသေးတယ်။ ကျွန်တော်တို့ ကောင်ဟွာရွာဟာ တော်လှန်ရေးတပ်တွေကို လက်ခံထားကြောင်း၊ စစ်တန်းလျားတွေ ဆောက်ပေးထားကြောင်း





ပြင်သစ်တွေ သိနေတာပဲ။ ဒါကြောင့် ကျွန်တော်တို့ လက်နက်ချရင် ကျွန်တော်တို့ အားလုံးကို ထောင်ချပြီး သတ်ပစ်မှာပေါ့"

ထိုကြားထဲကပင် မောင်နှောင်းနှင့် မောင်ကောင်းတို့၏ မိသားစုထဲမှ ငါးယောက်သည် ကိုညိုပုတို့၏ စကားကို နားမထောင်ဘဲ ရွာမှ တိတ်တဆိတ် ထွက်သွားကာ ပြင်သစ်များထံတွင် လက်နက်ချလိုက်သည်။ လေးရက်ကြာသောအခါ ၎င်းတို့အနက် သုံးယောက်သည် စိတ်မချမ်းမြေ့ဖွယ် သတင်းများနှင့်အတူ ရွာသို့ ပြန်ရောက်လာကြသည်။

ပြင်သစ်တို့က မိမိတို့ကို နားရွက်များ၊ နှာခေါင်းများနှင့် လက်များကို ဖြတ်ပစ်ကြောင်း၊ မိမိတို့ သုံးယောက်သာလျှင် အပြေးကောင်းသောကြောင့် လွတ်မြောက်ခဲ့ကြောင်း၊ မောင်နှောင်းနှင့် မောင်ကောင်း အပါအဝင် ကျန်လေးယောက်တို့သည် နှာခေါင်းပြတ်၊ နားရွက်ပြတ်၊ လက်ပြတ်ဖြင့်ပင် သေဆုံးကြရရှာပြီဖြစ်ကြောင်း ပြောပြကြသည်။

ကိုညိုပုသည် မျက်စိကို မှိတ်ထား၏။ မငိုမိအောင် ကြိုးစားနေ၏။ သို့သော်လည်း မှိတ်ထားသည့် မျက်စိတွင်းမှ မျက်ရည်များ စီးကျလာသည်။

"ကျွန်တော် ပြောသားပဲဗျာ၊ လက်နက်ချရင် ကိုယ့်သေတွင်း ကိုယ်တူးတာပါလို့"

ကိုညိုပုသည် ကျောက်ဆောင်ပေါ်မှာထိုင်ရင်း အဖြစ်ဆိုးသူ လေးယောက်တို့အကြောင်းကို စဉ်းစားနေမိသည်။ သွေးသွေးများ ဆူလာသည်။ လက်ထဲမှ လေးကို တင်းတင်းဆုပ်ကာ ထိုင်ရာမှ ထလိုက်သည်။ အနားမှ သစ်ရွက်တစ်ရွက်ကို လှမ်းဆွဲကာ ဒေါသဖြင့် ဝါးပစ်လိုက်သည်။ ရွာသားများကို အကျိုးအကြောင်း ပြောရမည်။ ပြင်သစ်ကို မလွှဲမသွေ တိုက်ရမည်။

သူသည် စဉ်းစားရင်းဖြင့် ရဲဘော်ခင် ပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်နေမိသည်။

"ပြင်သစ်တွေဟာ ကျုပ်တို့ကို တိုက်ခိုက်ပြီး ကျုပ်တို့ တိုင်းပြည်ကို သိမ်းဖို့ ရောက်လာကြတာ ဖြစ်တယ်။ သူတို့မှာ လက်နက်အပြည့်အစုံ စွဲကိုင်ထားကြတယ်။ ဒါကြောင့် ကျုပ်တို့ကလည်း လေးတွေမြားတွေ၊ ဓားတွေလှံတွေ ရရာ လက်နက်ကို စွဲကိုင်ပြီး သူတို့ကို ပြန်တိုက်ထုတ်ရမယ်။ သူတို့လက်ထဲက ကျုပ်တို့ တိုင်းပြည်ကို ပြန်ရအောင် ယူရမယ်။ တခြားနည်းလမ်း မရှိဘူး"

ကိုညိုပုသည် ရွာသားများရှိရာသို့ ထွက်လာရင်း တွေးနေမိသည်။

"ပြင်သစ်တွေဟာ ဘာဖြစ်လို့ ကိုယ့်တိုင်းပြည်မှာ ကိုယ်မနေကြတာလဲ။

www.burmeseclassic.com

ဘာဖြစ်လို့ တို့တိုင်းပြည်ကို လုယက်သိမ်းပိုက်ရတာလဲ။ ဘာဖြစ်လို့ ဘာနား လူမျိုးတွေ၊ တို့တိုင်းရင်းသားတွေကို သတ်ဖြတ်နေရတာလဲ။ ဘာဖြစ်လို့ တို့ ဘာနားလူမျိုးတွေကို ဆားစားခွင့် မပေးတာလဲ။ အဝတ်ဝတ်ခွင့်၊ အလုပ်လုပ်ခွင့် မပေးတာလဲ။

မင်းတို့မှာ ကိုယ်ပိုင်တိုင်းပြည် ရှိရဲ့သားနဲ့ ဘာကြောင့် တို့ဆီကို လာကြတာလဲ'

* * *

"ကောင်ဟွာရွာကို ကျုပ်တို့ စွန့်ခွာကြမလား"

"ဟုတ်တယ်၊ ကျုပ်တို့ တခြားကို သွားကြရမယ်"

"ဘယ်ကိုသွားမလဲ"

"ချူလေးတောင်ပေါ်ကို သွားမယ်၊ ချူလေးတောင်မှာ ဆင်ခြေလျှောတွေ အများကြီး ရှိတယ်။ ကျောက်ဆောင် ကျောက်တုံးတွေ အများကြီး ရှိတယ်။ ကျုပ်တို့ ဟိုမှာ ရွာသစ်တည်ကြမယ်။ ကျုပ်တို့နောက်ကို မြင်သစ်လိုက်လာရင် ဖြစ်တဲ့နည်းနဲ့ ပြန်ချမယ်"

ကိုညိုပု စကားမဆုံးမီမှာပင် သုံးလကြာမျှ ဆားမစားခဲ့ရသဖြင့် ခြောက်ကပ်နေသည့် လည်ချောင်းပေါင်း တစ်ရာကျော်တို့သည် ကျွက်ကျွက်ညံသော ကန့်ကွက်သံများဖြင့် ပြည့်သွားသည်။

"တို့ဘိုးစဉ်ဘောင်ဆက်ကတည်းက နေခဲ့တဲ့ တို့ရွာကို စွန့်သွားရမှာလား။ ဒီရွာကို ကျောခိုင်းပြီး ဘယ်အရပ်ကို သွားရမှာလဲ"

"စားစရာ ဆားမရှိဘဲနဲ့ တို့ ဘာသွားလုပ်ရမှာလဲ။ ဘာလုပ်နိုင်မှာလဲ။ မင်းက အသက်ငယ်ငယ်ကလေး ရှိသေးတယ်။ မင်း ခြေထောက်တွေက သန်သန်မာမာကြီး ရှိသေးတယ်။ တောင်ပေါ်ကို မင်းကတော့ ကောင်းကောင်း တက်နိုင်မှာပေါ့။ ငါ့မှာ ဆား မရှိဘူး။ ငါတော့ မတက်နိုင်ဘူး"

"တို့ ဒီမှာပဲနေမယ်၊ ဘယ်မှ မသွားဘူး"

ကလေးငယ်များသည် ရုတ်တရက် စီစီညံညံ ငိုလိုက်ကြ၏။

"ကလေးတွေ ရှိသေးတယ်၊ ဒီကလေးတွေပါ ခေါ်ပြီး တောင်ပေါ် ပြောင်းသွားရင် ကလေးတွေ အကုန် သေကုန်လိမ့်မယ်။ ဒီကလေးတွေကို တောင်ပေါ်မှာ အသေခံရမလား၊ တို့ ဒါလောက် ရက်စက်ရမှာလား"

"ဆား . . . ဆား၊ အရေးအကြီးဆုံးက ဆားပဲ။ ဆား မရှိဘဲနဲ့ တို့ ဘယ်တို့ သွားနိုင်ပါ့မလဲ"

ထိုအခိုက် လူအုပ်ထဲမှ အသံတစ်သံ ပေါ်ထွက်လာသည်။

"မြင်သစ်လက်အောက်ကို ပြန်သွားကြစို့၊ မြင်သစ်တွေက တို့ကို ဆား ပေးလိမ့်မယ်"

ထိုအသံ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြီးသည် ငြိမ်သွားသည်။ အားလုံး ကြက်သေသေသွားသည်။ ခဏအကြာတွင် တစ်ယောက်တစ်ပေါက်ဖြင့် ပြောကြဆိုကြပြန်သည်။

"ဘာပြောတယ်ကွ၊ ဒီစကားပြောတာ ဘယ်သူလဲ"

"ချွေးတပ်ဆွဲခံဖို့အတွက် ပြန်သွားရမှာလား"

"ဒါ ဘယ်သူလဲဟေ့"

မည်သူ ပြောလိုက်ကြောင်း လူအုပ်ကြီးက မသိ။ အသံရှင်သည် လူအုပ်ကြီးအတွင်းမှ အမှတ်တမဲ့ ဟစ်ပြောလိုက်ကာ လူအုပ်အတွင်းမှာပင် ပျောက်ကွယ် နစ်မြုပ်သွားသည်။

ဦးလေးပါကို ကိုညိုပု လှမ်းကြည့်လိုက်သည်။ ယနေ့ မနက်ပင် ဦးလေးပါနှင့် ကိုညိုပုတို့ သဘောတူညီမှု ရကြပြီး ဖြစ်၏။ ချူလေးတောင်ပေါ်သို့ သူတို့ ပြောင်းကြမည်။ တောင်ပေါ်တွင် ရွာသစ်တည်ကြမည် စသည်ဖြင့် သဘောတူပြီး ဖြစ်သည်။ သို့သော် ယခု ဦးလေးပါကို ကိုညိုပု လှမ်းကြည့်လိုက်သောအခါ တစ်ယောက်တစ်ပေါက် ပြောသံဆိုသံ၊ ငြင်းသံခုံသံများကြားတွင် အဘိုးကြီး မေ့ဝေါ ဖြစ်နေပုံရသည်။

"ဒါ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တို့မှာ ဆားမရှိဘူး မောင်ညိုပု၊ ဆားဟာ အရေးအကြီးဆုံးပဲ"

"တို့ သွားလို့ မဖြစ်နိုင်ပါဘူး မောင်ညိုပုရယ်" ဟု ဘကြီးဆန်းကလည်း ဝင်ပြောလာသည်။

အဆုံးအဖြတ်ပေးရမည့် အစည်းအဝေးကြီးတွင် ကိုညိုပုကို ထောက်ခံမည့်သူ မရှိသလောက် ဖြစ်သွားသည်။ ကိုမောင်စစ် တစ်ယောက်သာလျှင် သူ့ကို ထောက်ခံသည်။ ကိုမောင်စစ်သည် ကိုညိုပု ရပ်နေရာသို့ လူအုပ်ကြီးကို တိုးဝှေ့ပြီး ရောက်လာသည်။ ကိုညိုပု မျက်လုံးအစုံတွင် မီးဝင်းဝင်း တောက်နေပြီ။ ကိုမောင်စစ်၏ ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။

မြင်သစ်များ လက်အောက်သို့ ပြန်သွားရန် မည်သူပြောကြောင်း ကိုညိုပု သိပါသည်။ ဤအကြံကို လူအုပ်ကြားမှ ပုန်းလျှိုးကွယ်လျှိုး တင်ပြလာသူမှာ မောင်အုန်းပင် ဖြစ်သည်။ မောင်အုန်းသည် သူ့မိဘများထံမှ အမွေများရပိုက်ပြီး





www.burmeseclassic.com

www.burmeseclassic.com



ဤရွာထဲတွင် ပစ္စည်းဥစ္စာ တောင့်တင်းသူ ဖြစ်သည်။ အတွင်းပစ္စည်း အတော် အသင့် ရှိသည်။ ကြေးအိုး အလုံးခုနစ်ဆယ် ရှိသည်။ ကျွဲဆယ့်လေးတော် ရှိသည်။ ထို့ကြောင့်လည်း သူသည် တောင်ပေါ်သို့ ပြောင်းမလိုက်နိုင်။ ပြင်သ များကို မတိုက်နိုင်။ ရွာသားအများနှင့်အတူ တောင်ပေါ်သို့ ပြောင်းလိုက်မည် ဆိုပါက သူ့ကြေးအိုး အလုံးခုနစ်ဆယ်ကို မည်သူက ကူထမ်းပေးမည်နည်း သူ့ကျွဲများကို မည်သူက ဆွဲသွားပေးမည်နည်း။

လေးဖက်လေးတန်ရှိ လူအုပ်ကြီးသည် အသံပေါင်းစုံဖြင့် လက်ပံပင် ဆ ရက်ကျသလို ဖြစ်နေသည်။ ဆား မစားရသဖြင့် အာဟာရ မဖြစ်သော ကလေ ငယ်များက သံပြိုင်ငိုနေကြသည်။အသက်ကြီးသည့် အဘိုးအို၊ အဘွားအိုများ လည်း ပြင်သစ်ထံ လက်နက်ချရန်ကိုသာ လျှာလေးအာလေးဖြင့် အတော မသတ်နိုင်အောင် ပြောနေကြသည်။ လူငယ်များကလည်း အပြင်းအထ ကန့်ကွက်နေကြသည်။ ပရိသတ် ငြိမ်သွားအောင် ကိုညိုပုက သံကုန်အော်ဟ လိုက်သည်။ ထိုအခါကျမှပင် ငြိမ်ကျသွားပြီး လူစုလည်း ကွဲသွားတော့၏။

ကိုညိုပု၏ အမေနှင့် ဇနီးသည် အိမ်ပေါ်သို့ တက်သွားကြသည်။ ခေါင် မိုးရှိ အပေါက်ပေါင်း များစွာမှ နေရောင်ထိုးကျနေသည်။ အမေသည် ခေါင်မိုး သက်ငယ်ခြောက်များကို လက်တစ်ဆုပ်စာ ဆွဲယူလိုက်ရင်း ညည်းညည်းည ပြောသည်။

“တို့လည်း ကိုယ့်အိမ်ခေါင်မိုး ကိုယ် ပြန်စားနေကြရပြီ”

မလေးယုက အမေ့လက်ထဲမှ သက်ငယ်ခြောက်များကို လှမ်းယူကာ အိုးခြမ်းကွဲတစ်ခုထဲသို့ ထည့်ပြီး မီးရှို့လိုက်သည်။ သက်ငယ်ခြောက်တို့သည် တစ်မုဟုတ်ချင်း မီးကျွမ်းကာ ညစ်ပုပ်ပုပ်အရောင် ပြာများ ဖြစ်သွားသည်။ မိသားစုတို့သည် သက်ငယ်ခြောက်ပြာရှိရာ အိုးခြမ်းကွဲပတ်လည်မှာ ဝိုင်းထိုင်ကြ သည်။ပြီးတော့ ကြွေးဥများကို ယင်းပြာများဖြင့် တို့ကာတို့ကာ စားကြလေသည်။

ကောင်ပှာရွာသားတို့သည် မိမိတို့ အိမ်ခေါင်မိုးများကို ဆားအဖြစ်နှင့် တစ်လလုံးလုံး စားသောက်နေကြရ၏။သက်ငယ်ခြောက်ပြာသည် ခါးသက်သက် အရသာ ရှိ၏။ စူးစူးဝါးဝါး အနံ့ထွက်၏။ မျိုချလိုက်သောအခါ လည်ချောင်း တွင်းမှာ ရှတတဖြင့် အဝင်ဆိုးလှသည်။ သို့သော်လည်း ဆားအစစ်ကို မျှော်ကိုး ပြီး အငတ်ခံနေရခြင်းထက် ဤနည်းက ပို၍ သေချာလေသည်။

စောစောပိုင်းက ကိုင်းတောများရှိ ကိုင်းပင်များကို ပြာချကာ စားခဲ့ကြ သည်။ နောက်ပိုင်းတွင်မှ ခေါင်မိုးတွင် ခြောက်နေသည့် သက်ငယ်များက ပို၍





အရသာကောင်းကြောင်း သိကြသည်။ သို့ဖြင့် အိမ်ထောင်စုတိုင်းက ကိုယ့် ခေါင်မိုး ကိုယ်စားနေကြရလေရာ အိမ်တိုင်းစေ့သည် ကြယ်မြင်လမြင်များ ဖြစ် နေကြရတော့သည်။

စား၍သောက်၍ မပြီးမီမှာပင် ကိုညိုပုသည် ဝိုင်းမှထကာ အပြင်သို့ ထွက်သွားသည်။ အမေက သူ့ကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ ချွေးမဖြစ်သူ မလေးယုကို လှည့်ကြည့်သည်။

ကိုညိုပုသည် တစ်အိမ်တက်ဆင်း လျှောက်သွား၏။ သူ ရောက်လေရာရာ အိမ်တိုင်းတွင်လည်း . . .

“သက်ငယ်ခြောက်ပြာကို စားရတာ အင်မတန် ဒုက္ခကြီးပါတယ်ဗျာ။ ခင်ဗျားတို့ ဒုက္ခဖြစ်သလိုပဲ ကျွန်တော်လည်း ဒုက္ခဖြစ်တာပါပဲ။ ဒါပေမယ့် ဒီ သက်ငယ်ခြောက်ပြာကို ကျွန်တော်တို့ စားမယ်ဆိုရင် ကျွန်တော်တို့ပဲ ဒုက္ခ ရောက်မှာပါ။ ကျွန်တော်တို့ သားစဉ်မြေးဆက် ဒုက္ခရောက်မှာ မဟုတ်ပါဘူး။ ဒီလိုမှ မဟုတ်ဘဲ ပြင်သစ်ကျွေးတဲ့ဆားကို စားမယ် ဆိုရင်တော့ ကျွန်တော်တို့ သေတဲ့အထိ ဒုက္ခရောက်ကြရမယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက် တစ်လျှောက်လုံး ဒုက္ခရောက်ကြရမယ်” အစရှိသော စကားကိုသာ တွင်တွင် ပြောလေတော့သည်။

နောက်တစ်အိမ် ရောက်ပြန်တော့လည်း သည်စကားကိုပင် အပ်ကြောင်း ထပ်ပြန်သည်။ ယခုအချိန်တွင်မူ ရွာသားတို့သည် သူ့စကားကို ကန့်ကွက်ခြင်း မပြုကြတော့။ မလှုပ်မယှက်ဖြင့် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ကြွေးဥကို ပြာနှင့်တို့ကာ စက်ရုပ်လို မျိုချနေကြသည်။ မျိုမကျသောအခါ အသက်ကို အောင့်ပြီး ဇွတ်မျိုချကြသည်။ သူတို့ မျက်နှာများသည် ရဲရဲနီလာကြ၏။ သူတို့ သည်ပင်းမှ အကြောများသည် ပြိုင်းပြိုင်း ထောင်ထလာကြ၏။

ကိုညိုပု တစ်ယောက်တည်း စိတ်ရှည်လက်ရှည်ဖြင့် တစ်အိမ်တက်ဆင်း စည်းရုံးနေရာ နှစ်ရက်မြောက်နေ့တွင် သူ့သဘောထားကို ဦးလေးပါ လက်ခံလာ သည်။ ထို့ကြောင့် ဦးလေးပါ၊ ကိုမောင်စစ်တို့နှင့်အတူ အင်အားဖြည့်ကာ စည်း ရုံးရေးကို ဆက်လုပ်ကြသည်။ တတိယမြောက်နေ့တွင်ကား ဘကြီးဆန်းသည် သူတို့ကို ထောက်ခံလေတော့၏။

စတုတ္ထမြောက်နေ့တွင် ရွာလုံးကျွတ် စည်းဝေးပွဲကြီးလုပ်သည်။ ဦးလေးပါ က မတ်တတ်ရပ်ပြီး စကားစပြောသည်။

“ကျွန်တော်တို့ ရွာသူရွာသား အားလုံးကို အကြောင်းစုံအောင် မောင်ညိုပု



www.burmeseclassic.com

www.burmeseclassic.com



က ပြောပြီးပါပြီ။ အခုဆိုရင် ရွာသူရွာသား တချို့ဟာ မောင်ညိုပုနဲ့ ကျွန်တေ
တို့ရဲ့ လမ်းစဉ်ကို သဘောကျ လက်ခံလာကြပါပြီ။ ကျုပ်တို့တစ်တွေဟာ ခေါ
ဆောင်ကြီးဦးလေးဟို ပို့မယ့်ဆားတွေကို စောင့်ရင်း ဟောဒီရွာကို မီးတင်
လိုက်ဖို့ ပြီးတော့ ချူလေးတောင်ပေါ်မှာ ရွာသစ်တည်ဖို့၊ တောင်ယာစိုက်ခ
တွေ အသစ်ဖော်ဖို့၊ အဲဒီလို ရေကြည်ရာ မြက်နုရာရှာရင်း ပြင်သစ်တွေ
တော်လှန်တိုက်ခိုက်ဖို့ သဘောတူကြပြီး ဖြစ်ပါတယ်။ ဒါပေမယ့် တချို့ကတေ
ပြင်သစ်လက်အောက်ခံ တခြား ရွာတွေကို ရွှေ့ပြောင်းသွားပြီး ပြင်သစ်တေ
ချွေးတပ်ဆွဲတာကို ခေါင်းငုံ့ခံချင်ကြပါတယ်။ ဒီတော့ ချူလေးတောင်ပေါ်
ဘယ်သူလိုက်မလဲ"

အနိုးပေါ် အရေတင်သည့် လက်ချောင်းများ ရှိသော၊ ကွေးကောက်သေ
အိုမင်းမစွမ်းလည်း ရှိသော၊ ထင်းတုံးခြောက်နှင့်တူသော လက်တစ်ချောင်းသ
လူအများ၏ ခေါင်းပေါ်သို့ မြောက်တက်လာ၏။ လက်ပိုင်ရှင်ကား ဘကြီးဆ
ပင်တည်း။

နောက်ထပ် လက်တစ်ချောင်း မြောက်လာပြန်သည်။ ကိုမောင်စစ်
လက် ဖြစ်သည်။ ဤလက်သည်လည်း အာဟာရပြတ်သဖြင့် ခြောက်ခန်းနေ
"မောင်ညိုပုနဲ့ ကျုပ် တစ်သဘောတည်း ရှိပါတယ်။ ချူလေးတောင်ေ
ကိုတက်ဖို့ အင်မတန် ခက်ခဲတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် တောင်ပေါ်မ
စိတ္တသုခတည်းဟူသော စိတ်၏ချမ်းသာရာကို အမှန်ရမှာ ဖြစ်ပါတယ်။ ကျ
တို့တစ်တွေဟာ ချွေးတပ်ဆွဲခံကြမလား။ ဒါဟာ စိတ်ကူးထဲမှာတောင် မထ
သင့်ပါဘူး။ ကျုပ်တို့ အညှဉ်းခံပြီး ချွေးတပ်ဆွဲခံကြမယ်ဆိုရင် ဗိုလ်အောင်ဒွန်း
ပြန်တွေ့ဖို့၊ ရဲဘော်ခင်ကို ပြန်တွေ့ဖို့၊ ခေါင်းဆောင်ကြီးဟိုရဲ့ လက်နက်တိ
တပ်ဖွဲ့ဝင်များနဲ့ ပြန်တွေ့ဖို့ လုံးဝ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် ကျုပ်
ကောင်ဟွာရွာဟာ အညှဉ်းမခံဘူး၊ သူ့ကျွန်မခံဘူး"

ဘကြီးဆန်းက တက်ကြွစွာ ပြောသည်။

ခေါင်းများအထက်သို့ လက်များ တစ်ချောင်းပြီးတစ်ချောင်း မြောက်တ
လာသည်။ မလေးယု၊ မတူး၊ မောင်ထွန်းကလေး၊ ဘကြီးဆန်း၊ မောင်ဟ
စသည်ဖြင့် ထောက်ခံသည့်လက်များ၊ နောက်ထပ်၍လည်း ထောက်ခံသ
လက်များ ပေါ်လာမဆုံး ရှိနေသည်။

ဖြူသောလက်၊ မည်းသောလက်၊ ညိုသောလက် အရောင်မျိုးစုံသည
သို့သော် တုတ်ခိုင်သောလက်၊ သန်မာသောလက်ကိုကား မတွေ့ကြရ။ အားလ





အနိုးပေါ် အရေတင်များ ဖြစ်သည်။ အားအင်ချည့်နဲ့နေသောလက်များ ဖြစ်သည်။ ထိုအထဲတွင် အလွန် သေးငယ်လင့်ကစား အများထက် အပေါ်သို့ ထင်ထင်ရှားရှား ပေါ်လွင်ရန် ကြိုးစားနေသော လက်ကလေးတစ်ချောင်းကို အများ မြင်ကြရပါသည်။

ထိုလက်သည်ကား မောင်ထွန်းကလေး၏လက်ပင် ဖြစ်သည်။ သို့သော် အရွယ်ငယ်လွန်းသေးသောကြောင့် သူ့ဆန္ဒ မအောင်မြင်ရှာပါ။ လူအုပ်ထဲမှာ မြုပ်မြဲ မြုပ်နေဆဲပင်။

"ကျုပ်တို့အားလုံး ကိုညိုပုနဲ့အတူတူ သွားကြမယ်"

မြေတုန်ဘနန်းသော ထောက်ခံသံသည် တစ်ခဲနက် ပေါ်ထွက်လာသည်။

ထောင်ထားသည့်လက်များကို ကိုညိုပု ရေတွက်ကြည့်သည်။ အားလုံးပေါင်း ကိုးဆယ်တီတီ။ လက်မထောင်သူ လေးဆယ်တီတီ ကျန်သေးသည်။ သူတို့သည် ပြင်သစ်လက်အောက်ခံ ကျေးရွာများသို့ သွားကြမည့်သူများ ဖြစ်သည်။ ပြင်သစ်တို့ ပြုသမျှ နုကြတော့မည့်သူများ ဖြစ်သည်။

သူ့ကျွန်မခံမည့်လူပေါင်း ကိုးဆယ်တို့သည် လူတန်းကြီး လုပ်လိုက်ကြ၏။ ထိုလူတန်းကြီး၏ ရှေ့ဆုံးမှ ပုဂ္ဂိုလ်သည် ဦးလေးပါ ဖြစ်သည်။ လူတန်းကြီး၏ လက်ထဲတွင် တောခုတ်ဓားများ၊ ပုဆိန်များ၊ ဆန်စပါးများ၊ အဝတ်အထည်များ တို့ သယ်ပိုးလာကြသည်။ သူတို့သည် ကျန်ရှိနေသေးသမျှသော ခွန်အားကို အကုန် ထုတ်ယူကာ သီခေါင်မြင့်မားသည့် ချူလေးတောင်ပေါ်သို့ တရွေ့ရွေ့ တက်လာကြသည်။

တောင်ခါးပန်း တစ်နေရာသို့ ရောက်သောအခါ ခေတ္တ ရပ်နားကြသည် တောင်ခြေသို့ ငုံ့ကြည့်လိုက်သောအခါ ဘိုးစဉ်ဘောင်ဆက်ကတည်းက သူတို့ တည်ထောင် နေထိုင်ခဲ့ကြသည့်၊ သူတို့ အလွန်တရာလည်း မြတ်နိုးတွယ်တာသည့် ကောင်ဟွာရွာသည် ဇရာမမီးတောက်ကြီးများအောက်မှာ တစ်စတစ်စဖြင့် ပြာကျနေရှာလေပြီ။ ဤမီးကား သူတို့ရှို့သည့် မီးပင်တည်း။ သူတို့ ချစ်မြတ်နိုးသည့်ရွာကို သူတို့ကိုယ်တိုင် သူတို့လက်များဖြင့် မီးတင်ရှို့ခဲ့ကြခြင်းပင်တည်း။

"တို့တစ်ရွာလုံးကို မီးဝါးနေပြီ၊ တို့ရွာထဲမှာ ဘယ်ပြင်သစ် တစ်ကောင် တစ်မြီးမှ မနေရဘူး"

ညဦးရောက်သောအခါ တောင်ကျချောင်း ကမ်းနဖူးတစ်ခုသို့ သူတို့ ရောက်လာကြသည်။

"ဒီချောင်းကို ဘုံပြာချောင်းလို့ ခေါ်တယ်။ ဒီနေရာဟာ နေရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ရွာသစ်တည်ဖို့အတွက် ဒီနေရာကိုပဲ ရွေးကြစို့။ အစစ အဆင်အပြေဆုံး ဖြစ်လိမ့်မယ်"

ဟု သက်ကြီးရွယ်အိုများက ပြောကြသည်။

ရွာသားအားလုံး ပါလာသမျှ အထုပ်အပိုးများကို ချလိုက်ကြသည်။

ကိုညိုပုသည် သူ့ရွာရှိရာသို့ လှမ်းမျှော်ကြည့်နေ၏။ ညနေခင်း လေညင်းက တိုက်ခတ်လာသည်။ သူ့ရွာကိုသူ ပြန်လွမ်းလာသည်။ သူ့ရွာတစ်ဝိုက်မှ စမ်းချောင်းများ၊ မြင်ကွင်းများ၊ တောတောင်များကို မြင်ယောင်လာသည်။ မငိုမိအောင် သူထိန်း၏။ သို့သော်လည်း မျက်ရည်တို့က မျက်လုံးအိမ်မှာ ပြည့်လျှံကာ အတွင်းသို့ ချိုင့်ဝင်စ ပြုနေပြီဖြစ်သော ပါးများပေါ်သို့ စီးကျလာလေသည်။

ပြင်သစ်ကို မောင်းထုတ်မည့် ကောင်ဟွာရွာ၏ တကယ့် တော်လှန်ရေးသည် ယခုအချိန်တွင် အမှန်တကယ် စတင်ပြီဖြစ်ကြောင်း သူ နားလည်သဘောပေါက်လိုက်သည်။ သည်တော်လှန်ရေးသည် အခက်အခဲပေါင်းစုံတို့ ရောပြွမ်းနေသော တော်လှန်ရေး ဖြစ်သည်။ ဘေးဒုက္ခ အန္တရာယ်ပေါင်း များစွာတို့ ရောပြွမ်းနေသည့် တော်လှန်ရေး ဖြစ်သည်။

ကိုးဆယ်သော ရွာသူရွာသားတို့သည် သူ့နောက်ကို လိုက်ပါကြရ အတွက် ကိုယ့်ရွာကို ကိုယ့်လက်ဖြင့် မီးတင်ရှို့ခဲ့ကြပြီ။ ယခင်တုန်းက သူ့ရွာသူ ရွာသားများအပေါ် ထူးထူးခြားခြား ချစ်မြတ်နိုးခဲ့သည်တော့ မဟုတ်။ လိုအပ်သည်ထက် ပို၍လည်း ကြိုးကြိုးစားစား အလုပ်လုပ်ခဲ့သည် မဟုတ်။

ယခုတော့ သူ့ဘဝသူ နားလည်ပြီ။ သူ့ရွာသားများကို အခါတိုင်းထက် ပိုချစ်တော့မည်။ သူ့ရွာသားများအတွက် အခါတိုင်းထက် ပိုအလုပ်လုပ်တော့ မည်။ မိုးလေထန်သည့် ညများမှာ ရွာသူရွာသားတို့သည် ရွာလယ်ဓမ္မာရုံအတွင်း မီးဖိုပတ်လည်မှာ စုဝေးထိုင်လေ့ ရှိ၏။ ထိုသို့သော ညများတွင် ဘကြီးဆန်းတ လည်း ပုံတိုပတ်စများကို ပြောလေ့ရှိ၏။ သူ့အတွေ့အကြုံများ၊ ရှေးဟောင်း နှောင်းဖြစ်များ၊ ကြားဖူးနားဝများကို စိတ်ဝင်စားဖွယ် ပြန်ပြောင်းပြောလေ့ ရှိ၏။

သူ ပြောလေ့ရှိသော ပုံတိုပတ်စများသည် တောများအကြောင်း၊ တောင် များအကြောင်း၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးအကြောင်း၊ ပြီးတော့ မြစ် ချောင်းအင်းအိုင်များနှင့် ပင်လယ်သမုဒ္ဒရာအကြောင်းများ ဖြစ်သည်။

ယင်း ရေမြေတောတောင်တို့သည် လူသားတို့အတွက် အသုံးမဝင်သည့် အရာများမဟုတ်။ တောနှင့်တောင်တို့သည် ဖျားရည်နှင့် သစ်ဝါးများကို ပေးနိုင် စွမ်း၏။ မြစ်ချောင်းအင်းအိုင်တို့သည် သောက်ရေ၊ သုံးရေနှင့် စားစရာ ငါးတို့





ပေး၏။ စမ်းချောင်းငယ်တို့သည် အရပ်တကာကို ဖြတ်သန်းစီးဆင်းရင်း သစ်ရိပ် ကောင်းကောင်း၊ ဝါးရိပ်ကောင်းကောင်းများတွင် အေးရိပ်သာယာကိုပေးကာ လူသားတို့အား အပန်းပြေစေ၏။

လေသည် ကောက်ရိတ်သူနှင့် တူ၏။ တစ်ခါတစ်ရံ တောလိုက်မုဆိုးနှင့် တူ၏။ ဝမ်းဗိုက်ကို အာဟာရဖြည့်ပြီးသော တောလိုက်မုဆိုးသည် လေးနှင့်မြား စွဲကိုင်ကာ သားကောင်ရှိရာသို့ လိုက်၏။ လေသည်လည်း ထိုနည်းတူစွာ တောအုပ်များ၏ သစ်ပင်ထိပ်ဖျားပေါ်မှာ သူ့ခြေကို ဖွဖွနင်းကာ လျှောက်၏။ တောကောင်များ လန့်မပြေးစေရန် တိုးတိတ်ညင်းပျောင်းသည့်အသံကို သာယာ စွာပြု၏။ ကျောက်တုံး ကျောက်ဆောင်တို့သည် အလွန်တရာ အပျင်းထူကြ၏။ တစ်နေရာတည်းမှာပင် တစ်နှစ်ပတ်လုံး မလှုပ်မယှက် ငြိမ်သက်စွာဖြင့် အပျင်း ထူကြလေ့ရှိ၏ စသည့် အကြောင်းများ။

သို့သော်လည်း တစ်ခါတစ်ရံတွင်မူ မိုးနှင့်မြေတို့သည် ဒေါသအမျက် ခြောင်းခြောင်းထွက်တတ်ကြ၏။ ရေတို့သည် အော်ဟစ်ဆူညံကာ စီးဆင်းတတ် ကြ၏။ စိုက်ခင်းပျိုးခင်းများကို ဖုံးလွှမ်းပစ်တတ်၏။ သစ်ပင်ကြီးငယ်များကို တိုက် စားပစ်ကာ ရေစီးနှင့်အတူ မျောပါစေတတ်၏။ ထိုမျှသာ မကသေး၊ လူသား တို့၏ အသက်ကိုပင် ဆွဲခေါ်သွားကာ ဘားမြစ်အတွင်းသို့ ပို့ပေးတတ်၏။

လေတို့သည်လည်း ကျားရဲအကောင် တစ်ထောင်တစ်သောင်း တစ်ပြိုင် နက် သံကုန်ဟိန်းသကဲ့သို့ မြည်ဟည်းတတ်၏။အရာဝတ္ထု အားလုံးတို့ကို ဗုန်းဗုန်း လဲကျစေ၏။ အလွန်တရာ ကြီးမားသည့် သစ်ပင်ကြီးများကို ချိုးဖဲ့ချေမှုန်းပစ်နိုင် ၏။ သို့သော် ထို့ထက် ကြောက်မက်ဖွယ်ကောင်းသောအရာမှာ ကျောက်တုံး များ၊ ကျောက်ဆောင်များပင် ဖြစ်သည်။

တစ်နှစ်ပတ်လုံး အပျင်းထူနေတတ်သည့်၊ မလှုပ်မယှက်လည်း နေတတ် သည့် ကျောက်တုံး ကျောက်ဆောင်များသည် သည်းခံနိုင်စွမ်း မရှိတော့သော အခါ၊ သူတို့၏ ဒေါသကို မထိန်းချုပ်နိုင်သောအခါတွင် ခြေဦးတည့်ရာသို့ ပြေးတတ်လွှားတတ်ကြ၏ စသည့် အကြောင်းများ ဖြစ်သည်။

ဘကြီးဆန်း ပုံပြောကောင်းသဖြင့် သူ့ပုံများကို တစ်ရွာလုံးက သဘောကျ ကြ၏။

ကိုညိုပုသည်လည်း ခုနစ်နှစ်၊ ရှစ်သားလောက်တုန်းက ကျောက်တုံးများ ပြေးလွှားကြသည်ကို တစ်ကြိမ် မြင်ခဲ့ဖူးသည်။ အလွန် ကြောက်မက်ဖွယ်ကောင်း သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် လေနှင့် ရေတို့သည် ဒေါသအိုး ပေါက်ကွဲကြ၏။ နေ့ပိုင်းသို့ ရောက်သောအခါ သူတို့အားလုံး အနည်းငယ် တည်ငြိမ်သွားကြပြန်သည်။ လေသည် အတန်ငယ် ကျန်ရေသွား၏။ ရေတို့သည်လည်း အနည်းငယ် အမျက်ပြေသလို ရှိသွားသည်။

ထိုသို့သော အချိန်မျိုးမှာပင် ချူလေးတောင်ထိပ်ရှိ အကြီးမားဆုံးသော ကျောက်တုံး ကျောက်ဆောင်ကြီးတို့သည် ရုတ်တရက် အမျက်ထွက်ကာ တောင်အောက်သို့ ခုန်ပျံပြေးဆင်းလာကြလေသည်။ မဟာပထဝီမြေသည် သိမ့်သိမ့်တုန်၏။ ထို့နောက်တွင် တောင်တစ်ခုလုံးသည် ကျွမ်းသန္တာလန်သလို ထိန်းမနိုင်သိမ်းမရ ဖြစ်လေတော့သည်။

ကျောက်တုံးတို့သည် သူတို့သွားရာ လမ်းတစ်လျှောက်ရှိ သစ်ပင်ကြီးများကို တွန်းလှဲသွားတတ်ကြသည်။ ပြေးရင်းလွှားရင်းဖြင့် ကျောက်တုံးတစ်တုံးသည် အခြား ကျောက်တုံးတစ်တုံးနှင့် လမ်းခုလတ်မှာ ဆုံ၏။ တစ်တုံးက အခြားတစ်တုံးကို တွန်း၏။ အရှိန်သည် ပို၍ မြန်သွားတတ်သည်။ အင်အားသည် ပို၍ ကြီးမားသွားတတ်သည်။ တောင်နှင့် တောတို့လည်း သိမ့်သိမ့်ခါပြီ။ မြေနီမှုန့်တို့သည်လည်း ပလူပျံကာ ကောင်းကင်တစ်ခုလုံး ချင်းချင်းနီပြီ။

လူတို့သည် အလန့်တကြားဖြင့် အိမ်များအတွင်းသို့ ပြေးဝင်ကြ၏။ အတွေ့အကြုံရှိသော လူကြီးသူမများက အိမ်တွင်း မဝင်ရန် အော်ဟစ်ပြောဆိုသတိပေးကြ၏။

"ကျောက်တုံးတွေ ပြေးပြီဟေ့၊ အိမ်ထဲကို ဘယ်သူမှ မဝင်ကြနဲ့၊ တောင်အောက်က ချောင်းအရောက်ပြေးကြ၊ ချောင်းအရောက်ပြေးကြ"

ဟု တကြော်ကြော် အော်ကြသည်။

ရွာသားတို့သည် အိမ်အသီးသီးမှ ထွက်ကာ တောင်အောက်ရှိ ချောင်းရှိရာသို့ ကြောက်လန့်တကြား ပြေးကြသည်။ ကလေးငယ်များ မျက်နှာမှာသွေး မရှိတော့ပြီ။ လူကြီးများလည်း အသက်ရှူမှားကြပြီ။

တောင်ထိပ်မှ အပြေးအလွှား ဆင်းလာကြသော ကျောက်တုံးများသည် ရွာနှင့် တွေ့သောအခါ ရွာတွင်းသို့ ဝင်ကြသည်။ အိမ်များကို ဖြိုဖျက်ကြသည်။ စပါးကျီများကို တိုက်ခိုက်ကြသည်။ စပါးများ လွင့်စဉ်ကုန်သည်။

သို့သော် ကျောက်တုံးတို့သည် ထို့ထက်ပို၍ မပြေးနိုင်။ သူတို့ အရှိန်ကုန်သွားသည်။ ရွာအနားမှာပင် မလှုပ်မယှက် ရပ်နားကြသည်။ တောင်ခြေချောင်းအတွင်းမှာ ပုန်းအောင်းနေကြသည့် ရွာသားများ လွတ်မြောက်သွားကြသည်။





ထိုတစ်ကြိမ်က အလွန် ကံကောင်းပါသည်။ လူတစ်စုံတစ်ယောက်မျှ အထိအခိုက် မရှိ။ ကျွဲငါးကောင်၊ ဝက်ရှစ်ကောင်နှင့် ကြက်အချို့သာ အသေအပျောက်ရှိသည်။

ဘုံပြာချောင်းနံဘေးတွင် ရွာသစ်တည်ပြီး၍ တစ်လမျှ ကြာသောအခါ ကိုညိုပုသည် ချူလေးတောင်တန်းတွင် နေရာကောင်းကို ရှာဖွေလေတော့သည်။ ပြင်သစ်များကို ခုခံတိုက်ခိုက်ရန်အတွက် အကွင်းအကွက် ရှာခြင်း ဖြစ်သည်။

အလွန် မတ်စောက်သည့် တောင်ကမ်းပါးယံ တစ်ခုပေါ်သို့ ခက်ခက်ခဲခဲ တက်ခဲ့သည်။ ကျောက်တုံးကြီး တစ်ခုပေါ်တွင် သူကိုယ်သူ မနည်းထိန်းကာ ရပ်လိုက်သည်။ သို့သော်လည်း ဆားမစားရသဖြင့် အာဟာရပြတ်နေသောကြောင့် သူကိုယ်သူ မဟန်နိုင်။ ထို့ကြောင့် ထိုင်ချလိုက်ပြီး အမောဖြေနေရသည်။

ကျောက်တုံးပေါ်တွင် အမောဖြေရင်း တောင်အောက်သို့ ငုံ့ကြည့်လိုက်၏။ ဘကြီးဆန်း ပြောလေ့ရှိသည့် ကျောက်တုံးများ ပြေးသည့်အကြောင်း သူ့စိတ်ထဲသို့ ရောက်လာသည်။ သူငယ်စဉ်က ကြုံခဲ့ရသည့် ကျောက်တုံးများပြေးသည့် အတွေ့အကြုံကိုလည်း ပြန်ပြောင်းသတိရလာသည်။

"ဒီကျောက်တုံးတွေဟာ တို့ပိုင်တာပဲ။ ဒီကျောက်တုံးတွေ ဒေါသဖြစ်အောင် ဆွပေးပြီး ပြင်သစ်တွေကို တိုက်ရရင် သိပ်ကောင်းမယ်"

ဟု စိတ်ကူး မိသည်။

သူသည် ရှိသမျှခွန်အားကို ညှစ်ထုတ်ကာ ကျောက်တုံး ခပ်ကြီးကြီးတစ်ခုကို မ,ယူလိုက်သည်။ သူ့မျက်လုံးများ ပြာသွားသည်။ အားအင်ကုန်ခမ်းနေသောကြောင့် အသက်ရှူ မှားလာသည်။ သူသည် အားတင်းကာ ထိုကျောက်တုံးကို တောင်အောက်သို့ တွန်းချလိုက်၏။ ကျောက်တုံးသည် တောင်ကမ်းပါးယံတစ်လျှောက် ဒေါသတကြီးဖြင့် အရှိန်ပြင်းစွာ ပြေးဆင်းသွားသည်ကို မြင်တွေ့လိုက်ရသည်။

"ဒီနည်း သိပ်ကောင်းတယ်၊ ပြင်သစ်တွေကို ဒီနည်းနဲ့ တိုက်ရမယ်၊ ဒင်းတို့တော့ သေဖို့သာ ပြင်ကြပေရော့"

ဟုလည်း နှုတ်ဖျားမှ ရေရွတ်မိသည်။

ထိုနေ့က ကိုညိုပု အလွန် စိတ်ဓာတ်တက်ကြွနေသည်။ ခွန်အားလည်း ပိုရှိလာသည်ဟု ထင်ရသည်။ ညစာစားသောအခါ သက်ငယ်များကို အငွေ့ တကုပင် မျှိုချလိုက်နိုင်သည်။ သူလည်းချောင်းအတွင်းမှာ အထစ်အငေ့ လုံးဝ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်စစ်ကိုခေါ်ပြီး ရွာဖျားသို့ ထွက်ခဲ့သည်။ ပြီးတော့ တောင်အောက်သို့ ငုံ့ကြည့်လိုက်သည်။

ဘုံပြာချောင်းသည် တောင်ခါးပန်းမှာ တွဲလွဲချိတ်နေသယောင် ထင်မှတ်ရသည်။ ထိုချောင်း၏ အောက်ဘက်ခြမ်းတွင်မူ စိမ်းစိုသော တောတို့သည် မျက်စိတစ်ဆုံး ရှုမျှော်၍ပင် မဆုံးနိုင်။

"ဒီအနားမှာ ကျောက်တုံးကြီးတွေကို စုပုံထားမယ်၊ ဟောဟို လမ်းကြောင်းအတိုင်း ပြင်သစ်တွေ တက်လာရင် ကျောက်တုံးတွေကို တွန်းချမယ်၊ ကျောက်တုံးတွေ လိမ့်ဆင်းသွားပြီး ပြင်သစ်တွေ အရိုးတခြား အသားတခြား ဖြစ်ကုန်လိမ့်မယ်"

ဟု ကိုညိုပုက ကိုမောင်စစ်ကို ပြောပြသည်။

ညနေပိုင်းတွင် ရွာလူကြီးများနှင့် ထိုကိစ္စကို တိုင်ပင်ကြသည်။ ကိုညိုပု၏ အစီအစဉ်ကို လူကြီးအားလုံးကလည်း သဘောကျကြသည်။ လူငယ်များကို ရှင်းပြသောအခါတွင်လည်း ကန့်ကွက်မည့်သူ မရှိ။ တက်တက်ကြွကြွ ထောက်ခံကြပြန်၏။

နောက်နေ့တွင် ကိုညိုပုနှင့် လူငယ်များ တောတွင်းသို့ သွားကြသည်။ ဝါးများခုတ်ကာ လေးထောင့်ဝါးကပ်ကြီးတစ်ခုကို ရက်လုပ်ကြသည်။ နွယ်ပင်များကိုဖြတ်ကာ ကြိုးလေးချောင်း ပြုလုပ်ပြီး ယင်းဝါးကပ်၏ ထောင့်လေးထောင့်မှာ ချည်နှောင်ကာ သစ်ပင်ပေါ်တွင် တွဲလောင်းချိတ်ကြသည်။

ထို့နောက် ကျောက်တုံးများကို သယ်ပြီး ယင်းဝါးကပ်ပေါ်သို့ တင်ကြ၏။ အချို့ ကျောက်တုံးများသည် လူဦးခေါင်းခန့်ရှိပြီး အချို့ကာမူ ဝက်တစ်ကောင်မျှ ကြီးမားလေသည်။ နောက်ထပ် နွယ်ကြိုးတစ်ချောင်းဖြင့် ယင်းဝါးကပ်ကို ချည်နှောင်ကာ ထိန်းထားသည်။ ကိုညိုပုသည် ချုံတစ်ခုတွင်း၌ ထိုင်ကာ ထိုကြိုးကို ဆောင့်ဆွဲလိုက်၏။ ကျောက်တုံးများ တင်ထားသည့် ဝါးကပ်သည် တစ်ဖက်သို့ စောင်းသွားကာ ရှိရှိသမျှ ကျောက်တုံးများ အားလုံး လွင့်စဉ်ကျကာ တောင်စောင်းအတိုင်း ဒလဟော လိမ့်ဆင်းသွားကြသည်။

ကိုညိုပု၏ အပြုအမူကို အနီးမှ စောင့်ကြည့်နေသည့် ရွာသူရွာသားများသည် သဘောကျလွန်းသဖြင့် လက်ခုပ်လက်ဝါးတီးကာ ထောမနာပြုကြသည်။

"မအေပေး ပြင်သစ်တွေ၊ ဒင်းတို့ အမေကိုတောင် တ,ချိန်ရလိုက်မှာ မဟုတ်ဘူး၊ ဦးလေးဟို ပို့မယ့် ဆားကို တို့စောင့်နိုင်ပြီဟေ့"

ထိုအောင်ပွဲသည် ရွာသားတို့အဖို့ ပိုမို စိတ်ဓာတ်တက်ကြွလာစေသည်။





ခြောင့်များ၊ လေးများ၊ မြားများကို တစ်ဆတိုးပြီး လုပ်ကြသည်။ ရွာပတ်ဝန်းကျင်ရှိ လမ်းများကို ကောင်းစွာ ရှင်းကြသည်။ ကျောက်တုံးများ လိမ့်ချသည့်အခါတွင် ရှောရှောရှုရှုဖြင့် အရှိန်ပြင်းစွာ ပြေးဆင်းသွားနိုင်ရန် ဖြစ်သည်။ ပြီးတော့ လမ်းကြောင်းများတစ်လျှောက် ဘေးတစ်ဖက် တစ်ချက်တွင်လည်း ခြောင့်များကို စိုက်ထူထားကြသည်။ နာတာရှည်ရောဂါ၏ ဖိစီးနှိပ်စက်မှုကြောင့် အရိုးပေါ်အရေတင် ဖြစ်နေကြသည့် ရွာသားကိုးဆယ်တို့သည် သူတို့၏ ဘုံပြာရွာပတ်လည်ကိုလည်း ခြံစည်းရိုးများ ကာရံကြသည်။ သို့မှသာလျှင် ဦးလေးဟို ပို့လိုက်မည့် ဆားကို သူတို့ စောင့်နိုင်ကြမည် ဖြစ်သည်။

ဧပြီလတွင် မလေးယု သားဦးကလေး မျက်နှာမြင်သည်။ ထိုအချိန်က ကိုညိုပုသည် ချောင်းတွင်း၌ ငါးမျှားနေခိုက် ဖြစ်သည်။ မိန်းမ မျက်နှာမြင်ပြီဟု ကြားသည်နှင့် တစ်ပြိုက်တည်း သားဦးကို မြင်လိုသောဇောဖြင့် အိမ်သို့ ဒရောသောပါး ပြန်ပြေးခဲ့သည်။ ကျောက်တုံးပေါ်တွင် တင်ထားသည့် တောခုတ်ဓားကိုပင် ယူရန် သတိမရတော့။

"ငါနဲ့ တူမလား၊ သူ့အမေနဲ့ တူမလား"

ဟူသော သိလိုစိတ်သည်လည်း ကိုညိုပု ရင်ထဲမှာ အစိုင်အခဲ ဖြစ်နေသည်။

ထို့ကြောင့်လည်း မြန်နိုင်သမျှ မြန်အောင် ခြေကို လှမ်းခဲ့သည်။ အိမ်သို့ရောက်၍ ကလေးငိုသံကို ကြားလိုက်ရသောအခါ သူ့ရင်ထဲမှ နှလုံးသားသည် တဆတ်ဆတ် တုန်လာသည်။ သူ့မျက်လုံးအစုံတွင်လည်း ဝမ်းသာသော မျက်ရည်များ ပြည့်နေပြီ။ သားငယ်၏ ဖြူဖွေးပြီး သေးငယ်သည့် လက်ချောင်းကလေးကို သူ၏ တုတ်ခိုင်သောလက်ကြီးဖြင့် ကိုင်လိုက်သည်။ သူသည် သူ့သား၏ လက်ကလေးကို စိုက်ကြည့်နေရင်း တစ်ချက် ပြုံးလိုက်သည်။ ပြီးတော့ . . .

"အို တကယ့် ပေါက်စ သေးသေးကလေးပါလား၊ မွေးခါစကလေးနဲ့ တူလိုက်တာ"

ဟု အယောင်ယောင်အမှားမှား စကားများကို ပြောမိလျှက်သား ဖြစ်သွားသည်။

ကလေးသည် သူနှင့် တူသည်ဟု သူ့စိတ်ထဲမှာ ထင်သည်။

"သိပ်ကောင်းတယ်၊ ငါ့သား ကြီးလာရင် တို့တိုင်းပြည်လည်း လွတ်လပ်ပြီ၊ ငါ့သား စားဖို့ ဆားတွေ အများကြီး ပေးနိုင်မယ်"

ထိုနေ့ တစ်မနက်စာလုံး သူ့သားနားမှာ သူ နေသည်။ မွန်းလွဲပိုင်း ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တောတွင်းသို့ဝင်ပြီး သစ်ပင်များကို ခုတ်လှဲနေ၏။ နေဝင်ဖို့ရှ ရောက်ခါမှ လုပ်လက်စကို ရပ်နားကာ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ လှဲခဲ့သည့် သစ်ပင်တို့သည် မြောက်မြားလှချေပြီ။ ပါးစပ်တစ်ပေါက် တိုးလာပြီ မဟုတ်လား။

စိုက်ခင်းများ အားလုံးကို မီးရှို့ပြီးပြီ ဖြစ်သည်။ မျိုးကြဲရန်လည်း အဆင်သင့်ပေ၊ ရာသီဥတုလည်း သာယာနေသည်။ မီးလောင်မြေများတွင် မြေအေးသည်နှင့် တစ်ပြိုင်တည်း မျိုးကြဲကြမည် ဖြစ်သည်။ များသောအားဖြင့် ဧပြီလကုန်ပိုင်းတွင် မျိုးစတင်ကြဲလေ့ ရှိ၏။ ထုံးစံအားဖြင့် မေလတွင် မိုးဖြိုင်ဖြိုင်ကျလေ့ရှိသည်။ မျိုးကြဲအပြီး မိုးရွာသောအခါ ကောက်ပင်တို့သည် တစ်ဟုန်ထိုးကြီးထွားသန်မာလာကြသည်။ စက်တင်ဘာလတွင် စပါးများ ကောင်းစွာ မှည့်ပြီဖြစ်သဖြင့် ရိတ်သိမ်းလေ့ ရှိသည်။ စပါးရိတ်သိမ်းပြီးသောအခါ ရွာသားများအားလပ်သွားကြသည်။ သားငါးရှာဖွေခြင်း၊ ပျားရည်ရှာခြင်းဖြင့် အချိန်ဖြုန်းကာ နောက်တစ်နှစ် စပါးစိုက်ချိန်ကို စောင့်ကြရပြန်သည်။ သည်လိုဖြင့်ပင် သူတို့ဘဝသည် သံသရာလည်ရစမြဲပင်။

သို့သော်လည်း ထိုညက မိုးသည်းထန်စွာ ရွာသည်။ ဧပြီလဆန်းပင် ရှိသေးသဖြင့် မည်သူကမျှ မိုးရွာလိမ့်မည် မထင်။

မိုးခေါ်ဖားတို့သည် နားကွဲမတတ် ကျွက်ကျွက်ညံအောင် အော်နေကြ၏။ ချောင်းရေသည်လည်း ပြည့်လျှံလာသည်။ ကမ်းနှစ်ဖက်ရှိ ကျောက်တုံးများကိုပင် မြုပ်စေသည်အထိ ရေတက်လာသည်။ ငှက်တို့သည်လည်း မိုးကြီးသောကြောင့် အသိုက်များအတွင်းမှ မထွက်ရဲကြ။

မိမိတို့၏ တဲများအတွင်းမှာ ကိုယ်စီကိုယ်စီ မိုးခိုနေကြရသည့် ကောင်ဟွာရွာသားတို့သည် မျှော်လင့်ခြင်း ကြီးစွာဖြင့် ကောင်းကင်ကို မော့ကြည့်ကြသည်။ မျိုးကြဲရန် အသင့်ပြင်ထားသည့် မျိုးစပါးတောင်းများကို ဘေးမှာထားရင်း ပူပန်သောက ရောက်ကြရသည်။

"အင်တော်ဘေးနဲ့တော့ ကြုံကြရတော့မှာပါကလား"

ဟု သူတို့ နှုတ်ဖျားမှ ရေရွတ်မိကြသည်။

မိုးသည် ငါးရက်လုံးလုံး သည်းထန်စွာ အဆက်မပြတ် ရွာသည်။ မိုးစဲသည်နှင့် တစ်ပြိုင်တည်း သူတို့ အသင့်ပြင်ထားခဲ့သည့် တောင်ယာများ၊ လယ်တောများဆီသို့ အလုအယက် ပြေးလွှားသွားခဲ့ကြသည်။

စိုက်ခင်းတို့သည် မီးရှို့ပြီးစပင် ဖြစ်၏။ သို့သော်လည်း ငါးရက်လုံးလုံး





ရွာလိုက်သည့်မိုးကြောင့် မြက်ပင်များ၊ တောရိုင်းပင်များ အကြားမရှိအောင် ပေါက်နေချေပြီ။ မြေပြင်တစ်ခုလုံးမှာ အပင်ရိုင်းတို့ဖြင့် ပြည့်နှက်လျက် ရှိသောကြောင့် မျိုးကြဲရန် နေရာလပ် မရှိတော့။

ကျောက်တုံးများ ပေါ်များသည့် စိုက်ကွင်းအချို့တွင်သာ ပြောင်းအနည်းငယ်ကို ခက်ခက်ခဲခဲ ကြဲနိုင်မည် ဖြစ်သည်။ ကျောက်ကြိုကျောက်ကြားတွင် ကျန်ရှိနေသေးသည့် နေရာလပ်ကလေးများတွင် ဟိုနည်းနည်း သည်နည်းနည်း ကြဲနိုင်မည် ဖြစ်သည်။

သို့သော်လည်း စိုက်ခင်း အများစုတို့တွင် ကျောက်တုံး အနည်းငယ်သာ ရှိ၏။ စိုက်ခင်းလုပ်သည် ဆိုကတည်းက ကျောက်တုံးများကို ဖယ်ရှားပစ်ခဲ့ကြရသည်။ မိုးကြောင့် ပေါက်လာသည့် အပင်ပေါက်တို့သည်လည်း သံချောင်းကဲ့သို့ မာကျောကာ အနှိမ်နင်းရ ခက်ချေပြီ။ မီးပြန်ရှို့၍လည်း လောင်နိုင်ဖွယ်ရာ အကြောင်း မရှိတော့။

သည်တစ်ရွာလုံးမှာ အိမ်ထောင်စု နှစ်ဆယ် ရှိသည်။ သူတို့သည် စိုက်ခင်း သုံးဆယ်ကို ရှင်းလင်း ခုတ်ထွင်ခဲ့ကြ၏။ ယခု အခါမဟုတ်မိုးကြောင့် စိုက်ခင်း နှစ်ဆယ်ကို စွန့်ပစ်လိုက်ကြရပြီ။ ကျန်စိုက်ခင်း ဆယ်ခုသည်လည်း အားကိုးလောက်သည့် အခြေအနေတွင် မဟုတ်။ အဖြစ်လွယ်သည့် ဝါပင်ကို စိုက်စေဦးတော့ ဝါထွက်သင့်သလောက် ထွက်မည် မဟုတ်ချေ။

စက်တင်ဘာလလောက်ကစပြီး အင်တော်ဘေးကို သူတို့ စတင် ကြုံတွေ့ကြရတော့သည်။ ဤရွာတွင် သူများတကာထက် ဦးပြီး အစောဆုံး ငတ်သူကား မောင်ချစ်ကြီး၏ မိသားစုပင်တည်း။ သူသည် ဤရွာတွင် လက်ကြောမတင်းချင်ဆုံးသူတစ်ဦး ဖြစ်သည်။ အပျင်းအကြီးဆုံးသူတစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း ရွာသားများက သူနှင့် ပတ်သက်ပြီး မှတ်ချက်ချသည်မှာ . . .

"မောင်ချစ်ကြီးဟာ ကျောက်တုံးကြီးတွေနဲ့ အပျင်းပြိုင်နိုင်တယ်"

ဟူသတည်း။ ထိုမျှသာမကသေး အပျင်းထူတတ်သည့် အခြားသူများကိုလည်း. . . .

"မောင်ချစ်ကြီးလောက် အပျင်းထူတတ်တဲ့ကောင်"

ဟု နှိုင်းယှဉ်တတ်ကြသည်။

နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ရွာသူရွာသားများသည် တောင်ယာလုပ်ငန်း မရှိသဖြင့် သားငါးရှာဖွေခြင်း၊ အမဲလိုက်ခြင်းလုပ်ငန်းများတို လုပ်ကိုင်လေ့ ရှိကြ၏။ ထိုအခါများတွင် မောင်ချစ်ကြီးသည် သားငါး



www.burmeseclassic.com

www.burmeseclassic.com



ရှာသူများနှင့်အတူ လိုက်၏။ သို့သော် သားငါးရှာခြင်းကိုကား မပြု။ သူပလွေတို ကိုသာ မနားမနေ မှုတ်နေလေ့ ရှိသည်။ မတ်လမှ စက်တင်ဘာလအထိ ရွာသား များ တောင်ယာနှင့် လယ်များတွင် အလုပ်များနေကြခိုက်လည်း မောင်ချစ်ကြီး သည် အချိုးမပြောင်း။

အမေလုပ်သူ၏ ဆူပူကြိမ်းမောင်းမှုကြောင့် စိုက်ခင်းများဆီသို့ကား သွားပါ ၏။ သို့သော် စိုက်ပျိုးရန် မဟုတ်။ မလုမ်းမကမ်း တစ်နေရာမှာထိုင်ရင်း အလုပ် လုပ်နေသူများကို ကြည့်မည်။ နောက်ပြောင်မည်။ ပြီးတော့ မိန်းကလေးများ အနီးသို့သွားကာ ပရောပရီ လုပ်မည်။ ရယ်စရာစကားများ ပြောရင်း တဝါးဝါး တဟားဟား လုပ်နေမည်။

မောင်ချစ်ကြီး ပလွေမှုတ်ကောင်းသည်မှာ မှန်၏။ ထို့မျှမက အဆိုလည်း ကောင်း၏၊ အသံလည်း ကောင်း၏၊ သူ့အသက် မငယ်တော့၊ လူပျိုဟိုင်း အရွယ်သို့ ရောက်စပြုပြီ။ သို့သော်လည်း မောင်ချစ်ကြီး မိန်းမ မရနိုင်။ သည်ရွာ အတွင်းမှာ သူ မိန်းမရဖို့ အလွန်ခက်သည်။ သူနှင့် ပတ်သက်ပြီး ဤရွာအတွင်း ရှိ မိန်းကလေးများက ပြောစမှတ် ပြုထားသည်မှာ . . .

"ကိုမောင်ချစ်ကြီးကိုများ ယူရင်တော့ နှစ်ယောက်စလုံး ငတ်သေဖို့သာ မြင်ထား၊ ကလေးတွေများ မွေးဦးမယ်ဆိုရင် အဲဒီ ကလေးတွေပါ လျှာမြက် ပေါက်ပြီး သေကုန်လိမ့်မယ်"

ဟူသော စကားပင် ဖြစ်ချေသည်။

ယခု တစ်ရွာလုံး အငတ်ဘေးနှင့် ရင်ဆိုင်ကြရပြီ ဆိုတော့ အများထက် အရင်စောပြီး ဦးဦးဖျားဖျား ငတ်သူမှာ မောင်ချစ်ကြီး ဖြစ်သည်။ သည်လို ငတ်ပြန်တော့လည်း တစ်နေရာမှာ အငူသား ထိုင်နေတတ်သည်။ တောထဲသို့ သွားပြီး မျောက်ဥ၊ ကြွေးဥ ရှာရန်လည်း သူ စိတ်မကူး။ ရွာသားများထံတွင် ဆန်ကလေး၊ ပြောင်းကလေး ချေးငှားရန်လည်း ဝေလာဝေး။ ဤသို့ ချေးငှားရ တောင်းရရမ်းရခြင်းသည် အလွန် ရှုယ်ဖွယ်ကောင်းသည့် အလုပ်ဟု မောင်ချစ် ကြီး အရိုးစွဲအောင် ယုံကြည်ထားသည်။

"မောင်ချစ်ကြီး မင်း ဆာနေပြီလားကွ"

ဟု ကိုညိုပုက မေး၏။

"မဆာသေးပါဘူးဗျာ၊ ပင်ပန်းတာ တစ်ခုပါပဲ"

"ဘာဖြစ်လို့ ပင်ပန်းရတာလဲကွ"

"မပြောတတ်ပါဘူးဗျာ"





ဟု ညည်းညည်းတွားတွား ပြန်ပြောလေ့ ရှိသည်။

မောင်ချစ်ကြီး၏ မျက်လုံးများသည် ယခင်ကနှင့် မတူတော့။ အာဟာရ တ်သဖြင့် မျက်တွင်းများ တဖြည်းဖြည်း နက်လာပြီ ဖြစ်သည်။ ကောက်သော ဝင်များ ပြည့်နေသည့် သူ့ခေါင်းသည် သူ့မျက်နှာထက် ပိုကြီးလာ၏။ သို့သော် ည်း သူ့ပါးစပ်ကမူကား . . .

"မဆာသေးပါဘူးဗျာ၊ ဘာဖြစ်လို့ ပင်ပန်းမှန်း မပြောတတ်ပါဘူး"

ဟူသော စကားကိုသာ တွင်တွင်ပြောနေလေ့ ရှိသည်။

တစ်ရွာလုံး အငတ်ဘေးနှင့် ရင်ဆိုင်နေရချိန်တွင် မောင်ချစ်ကြီးလို လက် ကြောမတင်းချင်သော လူမျိုးအတွက် ဆိုဖွယ်ရာ မရှိပြီ။ သည်တစ်ရွာလုံးတွင် လုပ် ကြိုးကြိုးစားစား လုပ်ကိုင်လေ့ ရှိကြသည့် ကိုညိုပုတို့မိသားစု၊ ဦးလေးပါ ကြီးဆန်းနှင့် မတူးတို့ မိသားစုများသည်ပင်လျှင် နောက်ထပ် တစ်လ၊ နှစ်လ မျှ စားစရာဆန် ကျန်တော့သည်။

"အမေရေ မောင်ချစ်ကြီးကိုတော့ ဆန် နည်းနည်းပေးဦးမှ ဖြစ်မယ်။ ကောင်ကြီး ထမင်း မစားရတာ ကြာပြီ"

ဟု ကိုညိုပုက အမေ့ကို လှမ်းပြောသည်။

"ပြောင်းရိတ်ချိန်က ခြောက်လလောက် လိုသေးတယ်၊ ဒီအထဲက သူ့ကို န်ခွဲပေးလိုက်ရင် မလေးယုနဲ့ မင်း သားကို ဘာသွားကျွေးမလဲ"

ဟု အမေက ပြန်ပြော၏။ ကိုညိုပုကိုလည်း နားမလည်နိုင်သလို ကြည့်နေ တ်သည်။

အမေ့စကားကို ကြားရသဖြင့် ကိုညိုပုသည် သားဖြစ်သူကို ဝမ်းပန်း နည်းဖြင့် ငေးကြည့်နေမိသည်။

ပြည်သူတို့သည် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်ကြောင်း၊ အစာ ှာ အပြည့်အဝ ထားရှိကာ အူမ,တောင့်မှ ရန်သူကို အနိုင်တိုက်နိုင်မည် ကြောင်း၊ ခေါင်းဆောင်ကြီး ဦးလေးဟိုက သူ့ကို သင်ကြားခဲ့သည်။

ယခု မိမိတို့ ရွာသားများသည် မည်သည့် အတွက်ကြောင့် အလုပ်ကို းစားပမ်းစား မလုပ်နိုင်ခဲ့ကြသနည်း။ မိမိတို့ ရွာသားများ အငတ်ဘေးနှင့် ဆိုင်နေရကြောင်း ဦးလေးဟိုသာ ကြားရမည် ဆိုပါက မည်မျှ စိတ်မကောင်း ခိုမ့်မည်နည်း။

အလွန် ကျယ်သည့် စိုက်ကွင်းကြီး လေးခုကို ယခုနှစ် ကိုညိုပု ရှင်းထား ည်။ သို့သော်လည်း မိုးအကျစောသဖြင့် စိုက်ကွင်းများ ပျက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့စိုက်ကွင်းများကို စောစောစီးစီး ရှင်းချင်သည်။ စိုက်ကွင်းတွင် ကျက်အောင် စောစောစီးစီး မီးရှို့ချင်သည်။ သို့မှသာ မိုးမကျမီ စိုက်နိုင်ပျိုး မည် ဖြစ်၏။

သို့သော်လည်း လူကြီးများက ခွင့်မပြုကြ။ တောင်ယာများ စော ခုတ်ထွင်ခြင်းကို နတ်မကြိုက်။ နတ်မကြိုက်သည့် အလုပ်ကိုလုပ်လျှင် နတ် စားလိမ့်မည်။ ရွာသူရွာသားများ အဖျားအနာ ထူပြောလိမ့်မည်။ အဖိတ်အ အသေအပျောက် ရှိလိမ့်မည်ဟု ဆိုကာ ကန့်ကွက်နေကြသည်။

ထို့ကြောင့် လူကြီးများကို မလွန်ဆန်သာ၊ တောင်ယာ စောစော ခုတ် ကို နတ်က မကြိုက်ဟု ဆိုလျှင် ရွာသူရွာသားများ အငတ်ဘေးနှင့် ရင်ဆိုင် ကို ထိုနတ်က ကြိုက်နှစ်သက်သလော။ ကိုညိုပု မစဉ်းစားတတ်အောင် ဖြစ် သည်။

ယခု ရက်ပိုင်းအတွင်း ကိုညိုပု ထမင်းမစား။ လက်ကျန်ဆန်ကို သူ့အ သူ့ဇနီးနှင့် သူ့သားအတွက် ခြိုးခြံထားသည်။ သူကိုယ်တိုင်ကမူ သစ်ဥသစ်ဖု ဟင်းသီးဟင်းရွက်များနှင့် မှိုများကိုသာ စားနေသည်။ သူ့ဝမ်း မပြည့်လ နေပါစေ။ သူ ဆာလျှင် အကြောင်းမဟုတ်။ သူ့အမေ၊ သူ့ဇနီးနှင့် သူ့သား ကလေးတို့သာလျှင် အရေးကြီးသည်ဟု ကိုညိုပု ပိုင်းဖြတ်ထားသည်။

“မောင်ချစ်ကြီးကို ဆန်နည်းနည်းတော့ ပေးမှဖြစ်မယ် အမေ။ ရန်သူ တိုက်နေတဲ့ အခုလို အချိန်မျိုးမှာ ကျွန်တော်တို့ ရွာသားတွေ ငတ်လို့ သေရ အဖြစ်မျိုးတော့ ကျွန်တော် အဖြစ်မခံနိုင်ဘူး။ ကျွန်တော် တောထဲသွာ မျှောက်ဥနဲ့ ဟင်းသီးဟင်းရွက် ခူးပါ့မယ်”

“မောင်ချစ်ကို သူ့ဟာသူ တောထဲသွားပြီး သူ့ဟာသူ ခူးပါစေလား”

ဟု အမေလုပ်သူက စောဒကတက်ပြန်သည်။

“မောင်ချစ်ကြီး အာဟာရပြတ်နေပြီ အမေ၊ ဒီအချိန်မှာတော့ ဘယ်နည် နဲ့မှ သူ သွားနိုင်မှာ မဟုတ်ဘူး၊ အားရှိလာအောင် တစ်ခုခုကို အရင်စာ လိုတယ်။ တစ်ရက်၊ နှစ်ရက်နေလို့ သူ အားရှိလာတော့မှ တောထဲကိုသွာ ကျွန်တော် ပြောပါ့မယ်”

ကိုညိုပုသည် ပြောပြောဆိုဆိုဖြင့် ဆန်နှိုဆီဘူးလေးလုံးယူကာ ထွက်သွ တော့သည်။

ရွာသားတို့သည် စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုဒဏ်ကို တစ်နေ့ထ တစ်နေ့ ပိုပြီး ခံစားလာကြရသည်။ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်





ဖြင့် သူတို့သည် တစ်နေကုန် တောတွင်းသို့သွားကာ စားစရာ အသီးအရွက် တို့ကို ရှာဖွေကြရ၏။

ယခင်ကလည်း ဤသို့သော အငတ်မျိုးကို သူတို့ ကြုံခဲ့ရဖူးသည်။ သို့သော် ယခုလောက် မဆိုးဝါးခဲ့။ ဟိုတုန်းက ဆားရှိသည်။ သစ်ဥ၊ သစ်ဖုများကို ဆားနှင့် စား၍ ဖြစ်သည်။ ယခု ဆား မစားရသည်မှာလည်း ကြာပြီ။ ဆား မရသည့် အတွက် နဂိုကတည်းက ခွန်အားပြတ်နေကြရသည့် ရွာသားများမှာ ဆားမပါ ဘဲ အစာကို မျိုချရသည့်အတွက် ခံတွင်း မလိုက်နိုင်အောင်၊ အာဟာရ မဖြစ် နိုင်အောင် ရှိနေကြသည်။

ရွာနီးချုပ်စပ်တွင်ရှိသော စားကောင်းသောက်ကောင်းသည့် အသီးအရွက် တို့သည်လည်း တုံးကုန်ပြီ။ ထို့ကြောင့် ရွာနှင့် အလွန်ဝေးသည့် တောကြီးခေါင် ခေါင်အတွင်း တောင်ပေါ်မြင့်မြင့်အထိ တက်ကာ လှည့်လည် ရှာဖွေနေကြရ သည်။

ကိုညိုပု အိမ်မှာရှိသည့်ဆန်သည် မည်သူ့ကိုမျှ ခွဲဝေပေးခြင်း မပြုလျှင် သူတို့ မိသားစုအတွက် နှစ်လစာ ကောင်းကောင်း လုံလောက်သည်။ သို့သော် သည်း မောင်ချစ်ကြီး အပါအဝင် အခြား ရွာသားများကိုပါ ခွဲဝေပေးကမ်းနေရ သောကြောင့် တစ်လမျှ ကြာသောအခါ ကိုညိုပုတို့တွင် ဆန်လက်ကျန် မရှိ တော့ချေ။

အမေသည် အသီးအရွက်ကိုသာ စားနေရသဖြင့် တစ်ကြိမ်တွင် အစာ အဆိပ်ဖြစ်ကာ ရေတိမ်တွင် နစ်ပြီလားဟု ထင်ကြရသည်။ မလေးယုသည်လည်း အာဟာရပြတ်လာပြီ ဖြစ်သဖြင့် ကိုယ့်သားငယ်ကိုပင် ကိုယ် မချိုပိုးနိုင်သည့် အခြေအနေသို့ ရောက်လာသည်။ ဆာလောင်မွတ်သိပ်သောကြောင့် ငိုကြွေး နေသည့် သားငယ်ကို သည်အတိုင်းကြည့်ကာ မရှုနိုင်မကယ်နိုင် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရတော့သည်။

တစ်ရွာလုံး အငတ်ဘေးနှင့် မည်မျှပင် ရင်ဆိုင်နေရစေကာမူ ရွာလုံခြုံရေး အတွက် ကင်းစောင့်သည့် အလုပ်ကိုကား လုံးဝ အလစ်ဟင်းမခံကြ။ ကင်းစောင့် နေကြသည့် လူငယ်များသည် တောတွင်းသို့သွားကာ အစားအသောက်များ ရှာချင်ကြ၏။ သို့သော်လည်း ကိုညိုပုနှင့် ဦးလေးပါတို့က ခွင့်မပေး။ ကင်းတဲ များမှာ ကိုယ်တာဝန်ကျရာ နေရာမှာ အချိန်ပြည့် နေစေသည်။ သူတို့အတွက် လိုအပ်သည့် ဆန်များကို ကိုညိုပုနှင့် ဦးလေးပါတို့က သူတို့စားမည့် ဆန်များထဲမှ ခွဲဝေပေးလိုက်သည်။ သူတို့ ကိုယ်တိုင်ကား ရရာသစ်ဥသစ်ဖုကိုသာ စားနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုညိုပုသည် ကင်းတဲတွင် တစ်နေကုန် ထိုင်နေ၏။ သူနှင့်အတူ မော
ထွန်းကလေးလည်း ရှိသည်။ မောင်ထွန်းကလေးသည် ကိုညိုပု၏ အရိပ်သဖွ
ဖြစ်နေပြီ။ ကိုညိုပု သွားရာသို့ တကောက်ကောက် လိုက်သည်။ ထို့မှမ
ကိုညိုပု၏ လုပ်ငန်းများတွင်လည်း သူ တတ်စွမ်းသမျှ ပါဝင်အကူအညီပေး
ပြီ။ သူတို့သည် တောင်အောက်သို့ လှမ်းမျှော်ကြည့်နေကြသည်။ ဒတ်ထွ
ချောင်းသည် နေရောင်အောက်မှာ တဖိတ်ဖိတ် လက်နေ၏။

"ဟောဟိုက လွင်ပြင်ကြီး ဖြစ်နေတဲ့ နေရာဟာ တို့ရွာ နေရာပေါ့"

ဟု ကိုညိုပုက လက်ညှိုးထိုးကာ မောင်ထွန်းကလေးကို ပြသည်။

"ကျွန်တော်တို့ ရွာကို ဘယ်တော့ ပြန်ကြမလဲဟင် ဦးလေး"

မောင်ထွန်းကလေးက အားတက်သရော မေး၏။

"တို့တစ်တွေ အဘက်ဘက်က အင်အားပြည့်ဖြိုးလာတဲ့ အချိန်ပေ
ကလေးရယ်၊ ဒါပေမယ့် အဲဒီ အချိန်ရောက်အောင် အများကြီး စောင့်ရဦးမယ်"

* * *

ဒီဇင်ဘာလတွင် အချိန်အခါ မဟုတ်ဘဲ မိုးသည်းထန်စွာ ရွာပြန်သည်
မိုးသည် တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ ရက်ပေါင်း များစွ
အဆက်မပြတ် ရွာသွန်းနေ၏။ မိုးသာမက လေကပါ ရောချ ထန်လိုက်သည်
ရာသီဥတုများ အလွန် ဖောက်ပြန်ကုန်ကာ အအေးဓာတ်လည်း ပိုကဲလာသည်
သစ်ပင်ကြီးငယ်တို့ လဲကျကာ လမ်းများ ပိတ်ဆို့ကုန်၏။ ချောင်းများတွင်လည်
ရေလျှံလာသည်။

ရွာသူရွာသားတို့ဘွင်လည်း အဝတ်အစားများ နွမ်းပါးကြပြီ။ ရှိသည်
အဝတ်ကိုပင် ဖြစ်သလို ချုပ်လုပ်ဝတ်ခဲ့ကြရလေရာ နှစ်ကာလ အတန်ကြာလာ
ဖြစ်သဖြင့် ဆွေးမြည့်ပေါက်ပြဲကုန်ကြသည်။ ယောက်ျားကလေးတို့သည် ရှိသည်
အဝတ်ကိုပင် ဖြစ်သလိုဝတ်ကာ အရှက်လုံရုံမျှဖြင့် ထသွားထလာ လုပ်နိုင်ကြ
သေးသည်။ အဆိုးဆုံးမှာ မိန်းကလေးများ ဖြစ်သည်။ သူတို့ ကိုယ်ပေါ်မှ ထမီ
များမှာ ရွှေ့နှောက် လှည့်စရာပင် မကျန်တော့။ အဖာအထေး ဗရပွ အစုတ်
အပြဲ ထပ်ထပ်ကြမ်းကာ အရှက်လုံရန်ပင် ခက်ခဲနေတော့သည်။ မလွှဲမကင်းသာ
သဖြင့် အပြင်ထွက်ရသည့် အခါတိုင်းတွင် အပေါက်အပြဲကို လက်နှင့်ကွယ်ကာ
သွားနေကြရသည်။

စုတ်ပြဲသည့် အဝတ်အစားများကြောင့် အရှက်မလုံနိုင်တော့သောအခါ





တွင် ချစ်သူချင်းပင် ဖြစ်စေကာမူ မျက်နှာချင်းဆိုင်လျှင် မျက်နှာ မထားတတ်
အောင် ဖြစ်နေကြရရှာ၏။

ထိုအရှက်ကို ဖုံးကွယ်နိုင်ရန်အတွက် သူတို့အဖို့ အပ်လိုသည်။ အပ်ရှိမှ
သာနိုင် ထေးနိုင်မည်။ ချုပ်နိုင် လုပ်နိုင်မည်။ ယခင်တုန်းက အပ်လိုသည့်အခါ
မြေပြန့်သို့ဆင်းပြီး အပ်ဝယ်နိုင်ခဲ့ကြ၏။ ယခု မသွားနိုင်။ မြေပြန့်သို့ မရောက်
သည်မှာလည်း နှစ်ကာလ ကြာမြင့်လှပြီ။ ရှိသမျှအပ်တို့လည်း အကြောင်း
အမျိုးမျိုးကြောင့် ကုန်ပြီ။

ယခုလို ရက်ကြာမြင့်စွာ၊ မိုးသည်းထန်စွာ ရွာသဖြင့် အအေးဓာတ် လွန်ကဲ
သာချိန်တွင် မိမိကိုယ်ကို လုံလုံခြုံခြုံ မထွေးနိုင်သဖြင့် အအေးဒဏ် ခံစားနေကြရ
သည့် ရွာသူရွာသားများ၏ မျက်နှာသည် ပြာနှမ်းလာ၏။ ကလေးငယ်တို့မှာ
အအေးမိကာ အဖျားအနာ ထူပြောလာသည်။ သူတို့အတွက် အားကိုးရာမှာ
မီးဖိုတစ်ခုသာ ရှိတော့သည်။ ထိုသို့သော အဖြစ်ဆိုးများကို မြင်တွေ့နေရသဖြင့်
မျှနိုင် မရှိက်နိုင် ဖြစ်နေရသူမှာ ကိုညိုပု ဖြစ်သည်။ ထို့ကြောင့် အကြံဉာဏ်
တလေးများ ရလိုရငြား ဘကြီးဆန်းနှင့် သွားတွေ့၏။

"ဘကြီးဆန်း၊ ဟိုးရှေးရှေးတုန်းက ကျွန်တော်တို့ ဘာနားလူမျိုးတွေ
အဝတ်အစား ဝတ်ခဲ့ကြသလား"

ဟု မေးကြည့်သည်။

"ဝတ်ခဲ့တာပေါ့၊ ဘာဖြစ်လို့လဲ"

"အဝတ်အစား ဝတ်ခဲ့တယ်ဆိုရင် အဝတ်တွေကို သူတို့ ဘယ်လို ချုပ်ကြ
သလဲ"

သည်မေးခွန်းကို ဘကြီးဆန်း အလေးအနက် စဉ်းစားရတော့သည်။ သူ
သည် ထိုင်နေရာမှ ထသွားကာ အိမ်ထောင့်တစ်နေရာတွင် တစ်စုံတစ်ခုကို
ရှာဖွေနေသည်။ အတန်ကြာသောအခါ သူ ရှာသည့်ပစ္စည်းကို တွေ့သဖြင့်
ကိုညိုပု ရှိရာသို့ ထလာ၏။ သူလက်ထဲမှာ တစ်ထွာခန့်ရှည်သည့် ဝိုင်ယာကြိုး
တစ်ချောင်း ပါလာသည်။ ထိုဝိုင်ယာကြိုးကို မီးဖိုပေါ်သို့ တင်လိုက်သည်။

"ရှေးရှေးတုန်းက ဘာနားလူမျိုးတွေဟာ ဟောဒီလို ဝိုင်ယာကြိုးရဲ့ တစ်
ဖက်ကို ချွန်တယ်၊ ကျန်တစ်ဖက်ကို နဖားဖောက်တယ်၊ ဒီလိုလုပ်ပြီး အပ်အဖြစ်နဲ့
သုံးကြတာပဲ"

ဟု ပြန်ပြောသည်။

"နဖားပေါက်ကို ဘယ်လို ဖောက်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တာပဲ၊ နဖားပေါက် ဖောက်ဖို့က ခပ်ခက်ခက်ရယ်"

ဘကြီးဆန်းသည် ပြောပြောဆိုဆိုဖြင့် မီးဖိုချောင်အတွင်းသို့ ဝင်သွားကာ မီးဖိုရှိ ပြာများကို အပြန်ပြန် အလှန်လှန် တူးဆွပြန်၏။ ခဏကြာသောအခါ သံချွန်တစ်ချောင်းကို တွေ့လာသည်။

"ဟိုတုန်းကတော့ တို့ရွာမှာ အပ်နဖားပေါက် ဖောက်တတ်တဲ့ လူတစ်ယောက်ပဲ ရှိတယ်ကွယ့်၊ သူကလည်း ဆုံးသွားတော့ ဖောက်တတ်တဲ့လူ မရှိတော့ဘူး"

"ကျွန်တော် ကြိုးစားကြည့်မယ်၊ မနက်ဖြန်ကျရင် ဘကြီးဆန်း ကျွန်တော့်ကို ကူပါဦး"

"အင်း မင်း လုပ်ကြည့်မယ်ဆိုရင် ဘကြီးဆန်းလည်း မင်းနဲ့ အတူတူ ကြိုးစားမှာပေါ့ကွယ်၊ နဖားပေါက် ဖောက်ရတာ ခက်တော့ အင်မတန် ခက်သကွယ့်နော်၊ ဒါပေမယ့် လိုလျှင်ကြံဆ နည်းလမ်းရပဲ မောင်ညိုပုရေ"

နောက်နေ့တွင် သူတို့နှစ်ယောက်သည် အပ်နဖားပေါက် ဖောက်နိုင်ရေးအတွက် မနားမနေ ကြိုးစားကြသည်။ သို့သော် အပေါက် ဖောက်လိုက်တိုင်း နဖားက ပဲ့သွားသဖြင့် မအောင်မြင်။ တစ်ထွာခန့်ရှိသော သံမဏိ ဝိုင်ယာကြိုးသည် တဖြည်းဖြည်း တိုလာသည်။ တစ်ညှိုစာမျှပင် မရှိချင်တော့။

သူတို့ အားမလျှော့။ ဇွဲကောင်းကောင်းဖြင့် မဖြစ်မနေ ကြိုးစားကြသည်။ ညနေစောင်းသောအခါ အပ်တစ်ချောင်းစာမျှသာ အရှည်ကျန်တော့သည့် ဝိုင်ယာကြိုးကို အောင်မြင်စွာ နဖားပေါက် ဖောက်လိုက်နိုင်ကြတော့သည်။ သို့ဖြင့် ချုပ်အပ်တစ်ချောင်းကို သူတို့ ရလိုက်ကြလေတော့၏။

သူတို့နှစ်ယောက် အောင်မြင်စွာ ပြုလုပ်နိုင်သောအပ်သည် ရွာသူရွာသားများ တစ်ယောက်လက်မှ အခြား တစ်ယောက်လက်သို့ ကူးပြောင်းသွား၏။ နောက်သုံးရက်ခန့် ကြာသောအခါ မိန်းမပျိုကလေးများနှင့် ယောကျ်ားပျိုကလေးများသည် ရွှင်ရွှင်ပြုံးပြုံးဖြင့် အတူအကွ လက်တွဲသွားလာနိုင်ကြပြီ။ တောတွင်းသို့ အတူသွားကာ စားစရာ သောက်စရာများကို ရှာဖွေနိုင်ကြပြီ။ သူတို့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် အဝတ်များရှိ အပေါက်အပြဲတို့သည် ကောင်းစွာ ချုပ်လုပ်ဖာထေးပြီးပြီ။ အဝတ်လုံလုံလဲလဲဖြင့် နွေးနွေးထွေးထွေး နေနိုင်ကြပြီ။ ထို့ကြောင့် သူတို့၏ နှုတ်ခမ်းကလေးများလည်း ပြန်လည် နီရဲလာကြသည်။ ပါးပြင်ကလေးများလည်း သွေးရောင် ပြန်လွှမ်းလာကြသည်။

မည်သို့ဆိုစေ အငတ်ဘေးကမူ သူတို့ကို ဆိုးဆိုးဝါးဝါး နှိပ်စက်နေဆဲပင်





ဖြစ်သည်။

မြေနိမ့်ရာ လှံစိုက်သကဲ့သို့ အငတ်ဘေးဒဏ်ကို အလူးအလဲ ခံစားနေကြရ သည့်မှာပင် ပြင်သစ်ကင်းထောက်များက သူတို့ အခြေချ နေထိုင်သည့်နေရာကို အမြဲတစေပင် စုံစမ်းရှာဖွေနေကြသည်။ တောင်ခြေမှ ပေါ်ထွက်လာသည့် ခြေရာက်သံများကို ကောင်ဟွာရွာသားတို့ ကြားကြရပြန်သည်။

တစ်နှစ်ဟောင်း၍ တစ်နှစ်ပြောင်းလာပြီ။

ဇန်နဝါရီလတွင်လည်း ငတ်မွတ်ခေါင်းပါးသည့် ဒုက္ခသည် လျော့နည်း သွား။ ပို၍ပို၍သာ ဆိုးဝါးလာသည်။ ရွာသူရွာသားတို့သည် လူနှင့် မတူတော့။ တစ်ကိုယ်လုံးတွင် မျက်လုံးနှစ်လုံးသာလျှင် ကျန်တော့သည့်အခြေသို့ ရောက်လာသည်။ မျောက်ဥများ၊ မှိုများနှင့် အခြား စားစရာများသည် ရှာပတ်လည်တွင် မရှိတော့။ အလွန်ဝေးသည့်အရပ်နှင့် အလွန် မြင့်မားသည့် တောင်ထိပ်များ တွင်သာ ရှာဖွေတွေ့ရှိနိုင်တော့သည်။ ကျန်းမာသန်စွမ်းသည့်သူများပင် အလွန် ပင်ပန်းစွာ သွားမှ ရောက်နိုင်သည့်ဒေသများ ဖြစ်သည်။ ခွန်အား ဆုတ် ယုတ်နေပြီဖြစ်သည့် သူများမှာ အိပ်ရာထက်တွင် လဲရင်း သေမင်းခေါ်မည့် အချိန်ကို စောင့်နေကြရလေပြီ။ တစ်ရွာလုံးသည် တိတ်ဆိတ်ကာ သုသာန် တစပြင်လို ဖြစ်နေ၏။ ယင်မမည်းကောင်များ ပျံသန်းနေသည်ကိုသာ မြင်တွေ့ ကြရ၏။

မောင်ငယ်ကလေးသည် အစာရေစာ ပြတ်သဖြင့် နောက်ဆုံး အားအင် ကုန်ခန်းကာ သတိလစ်နေသည်။ သူ့အဖေသည် လွန်ခဲ့သည့်နှစ်က ပြင်သစ်တို့ လက်ချက်ဖြင့် အနိစ္စရောက်ခဲ့သည်။ သူ့မိခင်မှာ ဖျားနာပြီး ကွယ်လွန်ခဲ့သည်။ ထို့ကြောင့်လည်း သည်ကလေးမှာ အားကိုးစရာ မရှိတော့။ ကျွေးမွေးမည့်သူ မရှိတော့။ သူ့ဝမ်းစာ သူရှာစားနိုင်သည့်အရွယ်လည်း မဟုတ်သေး။

မောင်ငယ်သည် မြေပြင်ပေါ်တွင် တိရစ္ဆာန်လို ဝပ်တွားကာ လူပ်ရှားသွား လာနေသည်။ မတ်တတ်ရပ်နိုင်သည့် ခွန်အားလည်း သူ့တွင် မရှိတော့ပြီ။ ရှိသမျှ ခွင်အားကလေးဖြင့် တွားသွားနေရင်း မြက်များကို ကျွဲနွားများလို စားသောက် နေသည်။ ပြီးတော့ ထိုစားပြီးသမျှ မြက်များကို ပြန်အန်ထုတ်လိုက်ပြန်သည်။ သူ၏ ဝမ်းမီးကလည်း အစာကို ကြေအောင်ချက်နိုင်သည့် အစွမ်း မရှိတော့။

နောက်ဆုံး မြက်တောထဲမှာ သတိလစ်ကာ မေ့မြောနေတော့သည်။ ရွာသူရွာသားတို့က မောင်ငယ်ကို သနားသည်မှာ မှန်၏။ ကရုဏာသက်သည် မှာ မှန်၏။ မမြင်ရက်၊ မကြည့်ရက် ဖြစ်သည်မှာ မှန်၏။ သို့သော်လည်း မည်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမျှ သူ့ကို ကောက်ယူမွေးစားခြင်း မပြုကြ။ တစ်ရွာလုံး အငတ်ဘေးဆိုက်
ချိန်တွင် ကောင်းမင်း မြောက်မင်း မကယ်နိုင်သည့် အဖြစ်မျိုးကြောင့် မကြည့်
သော်လည်း ကြည့်နေကြရသည်။ ကိုယ်မချို အမိသော်လည်း သားတော်
ဖြစ်နေကြရသည်။

တစ်ညတွင် မလေးယုသည် နေအိမ်၌ ကလေး နို့တိုက်နေ၏။ အာဟာ
မဖြစ်သဖြင့် အားပြတ်နေရာ သူ့ခေါင်းသည် အောက်သို့ ငိုက်စိုက်ကျနေသည်
ထိုအခိုက် ကလေးငယ်တစ်ဦးကို ကျောပိုးလာသည့် သူယောက်ျားကို လှမ်း
လိုက်ရသည်။ ကိုညိုပု ကျောပေါ်မှ ကလေးငယ်သည် မောင်ငယ် ဖြစ်သည်
မလေးယုသည် ယောက်ျားဖြစ်သူကို ဘာမှ မပြော။ သို့သော်လည်း မျက်
အတွင်းမှ မျက်ရည်များ ဒလဟော ကျလာသည်။

"မလေးယုရေ၊ တို့လင်မယားနှစ်ယောက် သားတစ်ယောက်စီ ရသွား
ပေါ့ကွာ၊ ဒီကလေးစားဖို့ မျောက်ဥ သွားတူးလိုက်ဦးမယ်"

မလေးယုနှင့် ကိုညိုပု၏ မိခင်သည် ပြိုင်တူလိုပင် ခေါင်းများကို ခါယ
လိုက်ကြသည်။ နှစ်ယောက်စလုံး၏ မျက်နှာမှာလည်း မျက်ရည်များ ရွှဲရွှဲစိုနေ
အမေသည် အိမ်ပြင်သို့ ထွက်သွားပြီး ပြန်ဝင်လာသောအခါ ကုန်းနေသ
သူ့ကျောပေါ်တွင် ထင်းများ ပါလာသည်။ ထိုထင်းများကို အောက်ချကာ ထ
စည်းပေါ်မှာ ထိုင်ရင်း ညည်းတွားလိုက်၏။

"မောင်ညိုပု၊ မင်း ဒီမိန်းမနဲ့ မင်း သားကိုတောင် မငတ်အောင် ကျွေး
လို့လား"

ဟုလည်း သားဖြစ်သူကို လှမ်းမေးလိုက်၏။

"အမေ ဒီကလေးရဲ့ အဖေဟာ ရန်သူသတ်လို့ သေသွားပြီ။ ကျန်ရစ်ခဲ့
ဒီကလေးကိုတော့ ကျွန်တော်တို့ အသေမခံနိုင်ဘူး"

နောက်ရက် အနည်းငယ် ကြာသောအခါ တာလမ်းရွာသားများသ
မြင်သစ်လက်အောက်မှ ထွက်ပြေးကာ ချူလေးတောင်၏ တစ်ဖက်ခြမ်းသ
သွားရောက် ခိုလှုံနေကြကြောင်း ကိုညိုပု ကြားရသည်။ တာလမ်းရွာသား
လည်း အစာရေစာ ခေါင်းပါးခြင်းနှင့် ကြုံတွေ့နေရသည်။ ထို့ပြင်မက မည်
ထောင်ချောက် လုပ်ရမည့်အကြောင်း၊ ခြောင့်များ မည်သို့ လုပ်ရမည့်အကြောင
များကိုလည်း သူတို့ မသိကြ။ ထိုအကြောင်းကို ကြားသည်နှင့် တစ်ပြိုင်တည
ကိုညိုပုသည် တာလမ်းရွာသားများ ရှိရာသို့ ထွက်ခွာလာခဲ့သည်။

'ထောင်ချောက်တွေ ဘယ်လို လုပ်ရမယ်၊ ခြောင့်တွေ ဘယ်လို ထောင်





ယ်ဆိုတာ ငါ သွားပြမှ ဖြစ်မယ်။ ဒါမှမဟုတ်ရင် မြင်သစ်တွေ နှိပ်စက်သမျှ
ပြီး လက်နက်ပြန်ချနေကြရလိမ့်မယ်။ တို့ပြည်သူတွေဟာ ညီညွတ်နေကြမှ၊
စ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေကြမှ အင်အား
ကောင်းလာပြီး မြင်သစ်ကို တိုက်နိုင်မယ်' ဟု ကိုညိုပု တွေးမိသည်။

တာလမ်းရွာမှ ကိုညိုပု ပြန်လာသောအခါ ရှတ်တရက် အိမ်တွင်းသို့
င်ဘဲ အိမ်ပေါက်ဝမှာ ရပ်နေသည်။

မိခင်၊ ဇနီးနှင့် သားတို့ကို ဘာကြောင့် မိမိ ကောင်းစွာ လုပ်ကျွေး မွေးမြူ
ခြင်း မရှိသနည်းဟု သူကိုယ်သူ စဉ်းစားနေမိသည်။ သူတို့ကို ဘာကြောင့်
ပေါင်းစုံ ပေးနေမိသနည်းဟု တွေးနေမိသည်။

ထိုအခိုက်မှာပင် အတွင်းမှ သူ့မိခင်၏အသံကို ကြားလိုက်ရသည်။

"မောင်ညိုပုရေ တစ်ခါတည်း ထမင်းဝင်စားလိုက်ပါလား"

ထမင်း ဆိုသော်လည်း တကယ် ထမင်း မဟုတ်။ မျောက်ဥ၊ ကြွေးဥသာ
င် ဖြစ်သည်။ ညစာဝိုင်းတွင် ဝင်ထိုင်ရင်း သားဖြစ်သူ၏ လက်ကလေး
စ်ဖက်ကို ဆွဲယူ ပွတ်သပ်လိုက်သည်။

"မောင်ငယ်ရော နေကောင်းရဲ့လား"

အမေက ဘာမှ ပြန်မဖြေ။

"ကောင်းပါတယ်၊ တော်တော် သက်သာလာပြီ။ စောစောက မျောက်ဥ
ည်းနည်း စားတယ်" ဟု မလေးယုက ဝင်ဖြေသည်။

အိမ်ထောင့်တစ်နေရာတွင် မောင်ငယ် အိပ်နေသည်ကို မြင်ရသည်။ သူ့
ိယ်ပေါ်တွင် အမေ့ စောင်တစ်ထည် လွှမ်းခြုံပေးထားသည်ကို တွေ့ရ၏။
မေ ကိုယ်တိုင်ကမူ ခြုံစရာစောင် မရှိတော့ဘဲ မီးဖိုဘေးမှာ ထိုင်ရင်း အရိုး
ပြိုင်းပြိုင်း ထနေသည့် သူ့လက်များကို မီးဖိုပေါ်မှာ မီးကင်နေသည်။ အလွန်
းသည့်ရာသီ ဖြစ်သည်။ တစ်ခါတစ်ရံ မီးညွန့်များက အမေ့လက်ကို တက်
ပ်သည်။

"တာလမ်းရွာသားတွေက ထောင်ချောက်တွေ လုပ်ထားဖို့ သဘောတူကြ
လား" ဟု အမေက ကိုညိုပုကို လှမ်းမေးသည်။

"သဘောတူပါတယ် အမေ"

ညဥ့် အတန်ငယ် နက်လာသဖြင့် အသီးသီး အိပ်ရာသို့ ဝင်ကြသည်။
မေက အိပ်ရာထဲရောက်မှ ကိုညိုပုကို စကား လှမ်းပြောလိုက်သည်။

"မောင်ညိုပုရေ၊ မောင်လူကိုရော တွေ့သေးသလား။ သူ့ရှေ့အသက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှင်နိုင်ပါ့မလားကွယ်"

မောင်လှသည် မောင်နှောင်း၏သား ဖြစ်သည်။ မောင်နှောင်းသည် မောင် ငယ်၏ အဖေနှင့်အတူ ပြင်သစ်များ၏ သတ်ဖြတ်ခြင်းကိုခံခဲ့သူ ဖြစ်သည်။ သူသည်လည်း ဥမမည် စာမမြောက်သေးသည့် အရွယ်ပင် ဖြစ်သည်။

ကိုညိုပုသည် အိပ်နေရာမှ လူးလဲထလိုက်၏။ အမေ မေးသည့်စကား အမေ့ လေသံတို့သည် မောင်လှကို ကရုဏာသက်နေကြောင်း ထင်ရှား သည်။ ထို့ကြောင့်လည်း အမေ့ကို အလွန် ကြည်ညိုသွားသည်။ အမေ့ ခါတိုင်းထက် ပိုပြီး ချစ်သွားသည်။

"ဦးလေးပါကို ကျွန်တော် တောင်းပန်တာနဲ့ သူပဲ မောင်လှကို မွေးစား ထားတယ် အမေ၊ ဘကြီးသိန်းကိုလည်း မောင်ကောင်းသမီးကလေးကို မွေးစား ကျွန်တော် ပြောထားတယ်၊ အခုတော့ ကလေးတွေအတွက် စိတ်အေးနေ ပါပြီ"

* * *

အစာရေစာ ခေါင်းပါးမှု ဘေးဒဏ်ကို အပြင်းအထန် ခံစားနေရချိန်မှာ ကိုညိုပု၏ ဘုံပြာရွာကလေးသည် ပြင်သစ်တို့၏ တိုက်ခိုက်ခြင်းကို ခံရ တော့သည်။

ရွာသူရွာသားများအနက် အရွယ်ကောင်းသည့် သန်သန်မာမာရှိသူများ အားလုံးလိုလို မျောက်ဥရှာရန် တောတွင်းသို့ ဝင်နေကြခိုက် ဖြစ်သည်။ အချို့ အလွန် မြင့်မားသည့် တောင်ထိပ်ဖျားပေါ်သို့ ရောက်နေကြလေသည်။ သ ကြီးရွယ်အိုများနှင့် ကလေးငယ်များ၊ မိန်းမများသာလျှင် ရွာတွင်း၌ ကျန်ရစ် ကြသည်။

ဘေးအန္တရာယ် ကျရောက်လာမည့် အကြောင်းကို မည်သူမျှ မသိကြ အေးအေးလူလူဖြင့် ကိုယ့်အလုပ်ကိုယ် လုပ်နေကြခိုက် ဖြစ်သည်။ ပြင်သစ်မျာ ရုတ်တရက် ဝင်ရောက် တိုက်ခိုက်သောအခါကျမှသာလျှင် မိမိတို့ အငိုက်ခံလို ရပြီဖြစ်ကြောင်း သိကြလေတော့သည်။ ထို့ကြောင့် ရွာတွင်း၌ ကျန်ရစ်ခဲ့ အားလုံး ကိုယ်လွတ်ရုန်းကာ ပြေးကြရသည်။

ကိုညိုပုတို့ ဇနီးမောင်နှံသည်လည်း သားငယ်ကို ရင်ဝယ်ပိုက်ကာ ချောင် ကမ်းနံဘေးသို့ ပြေးခဲ့ကြရသည်။ လေးနှင့် မြားကိုပင် ယူချိန် မရခဲ့။

နေ့လယ်ပိုင်းသို့ ရောက်သောအခါ ပေါက်ကွဲသံများကို ကြားကြရ သည်။ မလေးယုသည် သားငယ်ကို ပိုက်ကာ ကျောက်ဂူတစ်ခုအတွင်း





ဝင်ရောက် ပုန်းအောင်းနေ၏။

ထိုအခိုက် ကိုညိုပုသည် တောခုတ်မားကို ကျစ်ကျစ်ပါအောင် ကိုင်ကာ ရွာဘက်ဆီသို့ ပြေးထွက်သွားသည်။

မလေးယုက စိုးရိမ်တကြီးဖြင့် ကိုညိုပုကို လှမ်းအော်လိုက်သေး၏။ သို့ သော်လည်း အဝေးသို့ ရောက်သွားပြီဖြစ်သော ကိုညိုပုသည် သူ့အော်သံကို မကြားနိုင်တော့။ မလေးယု မျက်လုံးအစုံမှာ မျက်ရည်များ စီးကျလာသည်။

ရွာဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ မီးခိုးလုံးများ အလိပ်လိုက် အလိပ်လိုက် တက်လာသည်ကို မြင်တွေ့ရသည်။ တစ်နေရာတည်းမှ မဟုတ်၊ နေရာအနှံ့အပြားမှ မီးခိုးလုံးများ အဆက်မပြတ် တက်လာခြင်း ဖြစ်သည်။

"တို့ ဘုံပြာရွာကလေးကိုတော့ ပြင်သစ်တွေ မီးတင်ရှို့လိုက်ကြပါပေါ့ ကလား"

ဟု ယူကျုံးမရစွာဖြင့် မလေးယု ညည်းတွားမိသည်။

* * *

ရွာသူရွာသား ကိုးဆယ်တို့သည် ရှေ့နောက် စီတန်းကာ ချူလေးတောင်၏ ပို၍ပို၍ မြင့်မားသောအရပ်ဆီသို့ တရွေ့ရွေ့ တက်နေကြပြန်ပြီ။

သစ်ရွက်ခြောက်တို့သည် လေတွင် တဖြောက်ဖြောက် ကြွေကျနေကြ၏။ ငှက်အပေါင်းတို့က အပူအပင်ကင်းမဲ့စွာ သံစုံကျူးနေကြသည်။

သူတို့ အပူအပင် ကင်းမဲ့နေကြသလောက် ဘုံပြာရွာသားတို့ ဆက်လက် ရင်ဆိုင်ရဦးမည့် ဘဝကား မတွေးဝံ့စရာပင် ဖြစ်သည်။

သူတို့သည် လက်ချည်းသက်သက်ဖြင့် သစ်ပင်များကို ခုတ်လှဲကြရချေ တော့မည်။ ကြွေးဥ၊ မျောက်ဥများကို သူတို့ လက်ချောင်းကလေးများဖြင့် တူးဆွ ဖော်ထုတ်ကြရချေတော့မည်။ ကွဲတင်းကုပ်များကို သူတို့သွားဖြင့် ကိုက်ဖြတ်ကာ တည်ဆောက်ကြရချေတော့မည်။

တစ်ရွာသားလုံး ထိုသို့သော ဘဝဆိုးဆိုးသို့ ရောက်အောင် ဖန်တီးလိုက် သည့် ကောက်ကျစ်စဉ်းလဲသော၊ ရက်စက်ကြမ်းကြုတ်သော ပြင်သစ်များကို သူတို့ မည်မျှ မုန်းတီးစက်ဆုပ်နေကြပြီကို ခန့်မှန်း သိသာနိုင်ပါသည်။

ဘုံပြာရွာကို သည်တစ်ကြိမ် ပြင်သစ်တို့ ဝင်ရောက် တိုက်ခိုက်ခြင်းသည် အဆိုးဝါးဆုံးသော ဘေးဒုက္ခများကို ယူဆောင်လာခြင်းနှင့် အတူတူပင် ဖြစ် သည်။

ပြင်သစ်တို့သည် တစ်ရွာလုံးကို မီးတင်ရှို့လိုက်ကြ၏။ ရွာသူရွာသားတို့



www.burmeseclassic.com

www.burmeseclassic.com



သည် အလစ် ဝင်တိုက်ခြင်းကို ခံလိုက်ရသဖြင့် ဘာပစ္စည်းမှ မယူနိုင်။ အသက် ဘေးမှ လွတ်မြောက်ရန် အနိုင်နိုင်ပင် ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ရသည်။

ထို့ကြောင့် သူတို့ တစ်ရွာလုံးရှိ ပုဆိန်များ၊ ပေါက်တူးပေါက်ပြားများ၊ ဓားများ၊ လှံများ စသည်ဖြင့် သံနှင့် ပတ်သက်သော လက်နက်ကိရိယာ အသုံးအဆောင် အားလုံးတို့ကို ပြင်သစ်များ၏ သိမ်းယူသွားခြင်း ခံလိုက်ကြရသည်။

ပုဆိန်၊ ပေါက်တူးပေါက်ပြား၊ ဓား စသည်တို့သည် မြေပြန့်တွင်သာ ဝယ်ယူရရှိနိုင်သည်။ ထိုလက်နက်များ မရှိလျှင် တောတွင်း တောင်တွင်း၌ လူသားတို့ မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်မည် မဟုတ်ကြောင်းကို သူတို့ ကောင်းစွာ သိကြသည်။ ထို့ကြောင့်လည်း ရွာသားတို့၏ အသက်သွေးကြောဖြစ်သော ယင်းလက်နက်များကိုသာ တစ်ခုမကျန် သိမ်းယူသွားကြလေသည်။ ဘာနားလူမျိုးအားလုံး မျိုးပြုတ်သွားရန် ထိုးနှက်လိုက်ခြင်းပင် ဖြစ်သည်။

ဦးလေးပါသည် ဝါးချွန်တစ်ချောင်းကို လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ရွာသားအားလုံးတို့၏ ရှေ့မှ ခေါင်းဆောင်ကာ ချီတက်လာသည်။

အသက်အရွယ် အိုမင်းခြင်း၊ အစာရေစာ ပြတ်လပ်ခြင်း၊ ဆားမစားရခြင်းတို့ကြောင့် ဦးလေးပါသည် အလွန်တရာ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်၏။ သို့သော်လည်း သူ့နှုတ်ဖျားမှမူ အလွန်တရာ တက်ကြွသည့်၊ နာကြည်းမှုလည်း အပြည့်ပါသည့် သီချင်းတစ်ပုဒ်ကို ခေါ်မာန်ပါပါဖြင့် သီဆိုလျက် ရှိသည်။

*"ဟယ် ပြင်သစ် အယုတ်တမာ၊ မကောင်းသမျှ ဩချလောက်စရာ။*
*မိစ္ဆာဒိဋ္ဌိပမာ၊ ခင်းတို့ရဲ့ အမှားပေါင်း ကုဋေကုဋာ။*
*တို့ဆန်ကိုခိုး၊ တို့ပြောင်းမျိုးကို လုယက်၊ တို့လက်နက်ကို နိုင့်ထက်စီးနင်း အဓမ္မသိမ်းယူတာ။*
*တို့အသက် ဖက်ရွက်ပမာ၊ ဇီဝိန်ကြွေစေချင်သလား၊ ရန်သူအယုတ်တမာ။*
*မိစ္ဆာဒိဋ္ဌိပမာ ခင်းတို့ရဲ့ အမှားပေါင်း ကုဋေကုဋာ။*
*ကြည့်စမ်းပေါ့ နယ်ချဲ့မိစ္ဆာ၊ ဘယ်သူ အရင် ဇီဝိန်ကြွေမလဲ၊ ငါတို့ မဖြစ်နိုင်ပါ။ ဟော့ ခင်းတို့သာ . . . ခင်းတို့သာ စိစိညက်ညက် မုချ ကြေမည်သာ"*

ဦးလေးပါ၏ အသံသည် လေးလေးနှင့်မှန်မှန် ထွက်ပေါ်နေသည်။

သို့သော်လည်း ကိုးဆယ်သော ရွာသူရွာသားတို့၏ အသည်းနှလုံးကို ယူကျုံး ဆွဲငင်လျက် ရှိသည်။

"ဟော့ ခင်းတို့သာ ခင်းတို့သာ စိစိညက်ညက် မုချ ကြေမည်သာ"

ဟူသော အပိုဒ်သို့ ရောက်သောအခါ ကြားရသူ အားလုံး ကြက်သီး





တဖြန်းဖြန်း ထကြရသည်။ ဇာတိသွေးများ တဖွားဖွား ကြွလာသည်။

သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နာမကျန်းဖြစ်နေသူများ အပါအဝင် ရွာသူရွာသား ကိုးဆယ်တို့သည် တိကျခိုင်မာသော ယုံကြည်ချက်ဖြင့် ကျောက်တုံး ကျောက်ဆောင်များကို ကျော်လွှားခဲ့ကြ၏။ စမ်းချောင်းများကို ဖြတ်သန်းခဲ့ကြ၏။ သွေးစုပ်သန်သော တောင်ကျွတ်တို့သည် သူတို့ ခြေထောက်များ၊ ခန္ဓာကိုယ်များတွင် တွယ်ကပ်ကာ ရှိစုမဲ့စု သွေးများကို စုပ်ယူလျက် ရှိကြ၏။ သူတို့ တစ်ကိုယ်လုံးမှာလည်း သွေးချင်းချင်းနီလျက် ရှိချေပြီ။

သို့သော် သူတို့ ဘာကိုမှ မမှု။ မတုန်လှုပ်။ နောက်မတွန့်။ ယုံကြည်ချက်ဖြင့် တက်ကြွစွာ ရှေ့သို့ ဆက်လက် ချီတက်နေကြမြဲပင် ဖြစ်သည်။ ပို၍မြင့်သော ချုလေးတောင်၏ ထိပ်ဖျားဆီသို့ အားခဲ တက်ကြမြဲပင် ဖြစ်သည်။

မီးလောင်ပြင် လုံးလုံး ဖြစ်သွားသည့် သူတို့၏ ဘုံပြာရွာသစ်ကလေးကို ကျောခိုင်းရတော့မည့် ထိုနေ့ မနက်ပိုင်းက ကိုညီပုသည် အလွန် သောကရောက်နေခဲ့ရ၏။ လူတိုင်းလူတိုင်းသည် အစာရေစာ ခေါင်းပါးမှုကြောင့် အားအင်ကုန်ခန်းနေကြပြီ။ ဆားမရသောကြောင့်လည်း ရောဂါဘယ ထူပြောနေကြပြီ။

သူတို့ ကိုယ်ပေါ်မှ အဝတ်အစားများသည်လည်း အဖာတစ်ရာနှင့် ဖြစ်နေကြပြီ။ အချို့ နေရာများတွင် ချုပ်ရိုးချင်းထပ်နေပြီ ဖြစ်သဖြင့် နောက်ထပ် ချုပ်၍၊ ဖာ၍၊ ထေး၍ပင် မရနိုင်တော့။

ပြီးတော့ သူတို့လက်တွင် ဓားမရှိ။ ပုဆိန် မရှိ။ ပေါက်တူးပေါက်ပြားမရှိ။ ထိုသို့ လက်တို ငါးရိုးမျက် ဖြစ်နေသည့်အချိန်မှာပင် ပြင်သစ်တို့ထံမှ ခြိမ်းခြောက်မှုတစ်ခု ထပ်မံ ရောက်ရှိလာပြန်သည်။

> ကောင်ပတ္တာရွာသားများ လက်နက်ချကြမည်ဆိုလျှင် မိမိတို့ သိမ်းယူခဲ့သည့် ဓားနှင့် ပုဆိန်များ အားလုံးကို ပြန်ပေးမည်။ အသစ်များကိုလည်း ထပ်မံ ပေးဦးမည်။ ထို့ပြင်မက လူတစ်ကိုယ်လျှင် ဆားတစ်အိုးစီလည်း ဝေပေးမည်။
>
> ရိက္ခာပြတ်လပ်ပြီး အစာငတ်သည့်ဒုက္ခကို ကောင်းစွာ ခံစားရကာ ထိုဒုက္ခ၏ ဆိုးဝါးပုံကိုလည်း ကောင်းစွာ သိကြသည့် ဘာလန်းကုန်းမဲ၊ ကုန်းချိုင့်နှင့် ဟာရိုးရွာသားများသည် မိမိတို့ ပြင်သစ်များ ထံတွင် လက်နက်ချကြပြီး ဖြစ်သည်။ ယခု သူတို့ ကောင်းစွာ စားသောက်နေကြရပြီ။ ခံတပ်များ၊ လမ်းများလည်း ဆောက်လုပ် ပြီးစီး



www.burmeseclassic.com

www.burmeseclassic.com



နေပြီ ဖြစ်သဖြင့် နောက်ထပ် ချေးတပ်ဆွဲရန် မလိုတော့။

ကောင်ဟွာရွာသားတို့သည် အဘယ်ကြောင့် ထွက်ပြေး တိမ်းရှောင်နေကြသနည်း။ သင်တို့သည် စားလက်နက်များ မရှိဘဲနှင့် တောင်ယာများကို မည်သို့ ခုတ်ထွင်ရှင်းလင်း စိုက်ပျိုးကြမည်နည်း။ သင်တို့သည် မည်သည့်နည်းဖြင့် စားရေရိက္ခာ ရကြမည်နည်း။ ကျောက်တုံးများကိုစားပြီး အသက်ရှင်ကြမည်လော။ သို့တည်းမဟုတ် ကိုယ့်အသား ကိုယ်ပြန်စားပြီး အသက်ရှင်ကြမည်လော။

ပြင်သစ်တို့၏ ခြိမ်းခြောက်မှုကို ကြားရသောအခါ ရွာသားအားလုံး ခေါင်းငိုက်စိုက် ကျသွားကြသည်။ သို့သော် သူတို့နှုတ်ဖျားမှ တစ်စုံတစ်ရာ ထုတ်ဖော်ပြောခြင်းကား မရှိ။

ထိုနေ့ မနက်မှာပင် မြာပုံဘဝသို့ ကူးပြောင်းသွားသော ရွာလယ်တွင် ရွာသားများ စုဝေးကြသည်။ ကိုညိုပုသည် ရွာသားတို့ အလယ်ရှိ ကျောက်တုံးကြီး တစ်တုံးပေါ်သို့ တက်လိုက်သည်။ အာဟာရပြတ်နေသည့် ရွာသားအားလုံးကို ကြည့်ရသည်မှာ အားရဖွယ် တစ်စက်ကလေးမျှ မရှိ။

"ပြင်သစ်တွေဟာ ကျွန်တော်တို့ရွာကို မီးလောင်တိုက်သွင်းခဲ့ပြန်ပါပြီ။ ကျွန်တော်တို့ ရွာသားတွေ ဘယ်နေရာမှာ အခြေချနေကြတယ် ဆိုတာကို သူတို့ သိသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တခြား တစ်နေရာကို ရွှေ့ပြောင်းကြရပါဦးမယ်။ ဟောဒီ ချူလေးတောင်ပေါ်မှာ ပိုပြီး မြင့်တဲ့နေရာကို ရောက်အောင် တက်ကြရပါဦးမယ်။ ပိုပြီးကောင်းတဲ့ ပိုပြီးလည်း လုံခြုံစိတ်ချရတဲ့ နေရာကို ရှာဖွေကြရပါဦးမယ်။

နေရာကောင်းတစ်ခုကို တွေ့ရင် ကျွန်တော်တို့ရဲ့ ရွာသစ်တစ်ရွာကို တည်ကြရပါဦးမယ်။ ကျွန်တော်တို့ရဲ့ ဟာနေတဲ့ဝမ်းတွေကို ဖြည့်နိုင်အောင် စိုက်ကွင်းတွေ ခုတ်ထွင်ရှင်းလင်းကြရပါဦးမယ်။ ပြီးတော့ ရန်သူ မဝင်နိုင်အောင် ထောင်ချောက်တွေ၊ ကြောင့်တွေ ထောင်ကြရပါဦးမယ်။ အဲဒီလို ရရာလက်နက်ကို စွဲကိုင်ပြီး ရန်သူကိုတိုက်ရင်း ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဦးလေးဟို ပို့ပေးမယ့် ဆားကို စောင့်ကြရပါဦးမယ်။

အခုဆိုရင် ကျွန်တော်တို့လက်မှာ ရှိရှိသမျှ ဆူး၊ ဆောက် တန်ဆာပလာ အားလုံးလိုလို ပြင်သစ်တွေ အနိုင့်အထက် လုယက်ယူသွားကြပါပြီ။ ဒါပေမယ့် ကျွန်တော့်မှာ စားနဲ့ ပုဆိန် အချို့အဝက် ကျန်ပါသေးတယ်။ ဦးလေးပါနဲ့ ဘကြီးဆန်းတို့မှာလည်း အချို့အဝက် ကျန်ပါသေးတယ်။ ဒီလက်နက်တွေ အားလုံးကို





ကျွန်တော်တို့ တစ်ရွာလုံး အလှည့်ကျ ခွဲဝေသုံးစွဲကြမယ်။ တကယ်လို့ ကျွန်တော်တို့လက်မှာရှိတဲ့ စားတွေ၊ ပုဆိန်တွေနဲ့ မလောက်ငရင် ကျောက်တုံးတွေကို အသွားထက်လာအောင် ကျွန်တော်တို့ လုပ်ကြမယ်။ အဲဒီ ကျောက်တုံးတွေကို ကျောက်လက်နက်များအဖြစ် ပြောင်းလဲ ကိုင်ဆောင်ကြမယ်။

တစ်နေ့သောအခါ ဒီရန်သူတွေဟာ မုချ ကျဆုံးရမယ်။ အဲဒီလို ရန်သူတွေ ကျဆုံးတဲ့အခါမှာ ခေါင်းဆောင်ကြီး ဦးလေးဟို ပို့ပေးမယ့် စားအချောင်းပေါင်းများစွာ၊ ပုဆိန် အလက်ပေါင်းများစွာကို ကျွန်တော်တို့ ရကြမှာ ဖြစ်ပါတယ်"

စသည်ဖြင့် ကိုညိုပုက စိတ်အားထက်သန်စွာဖြင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းပြသည်။

လူဦးရေ ကိုးဆယ်မျှသော ရွာသူရွာသားတို့သည် မတုန်မလှုပ် ကျောက်ရုပ်လို တိတ်ဆိတ်စွာ ရပ်နေကြသည်။ ကိုညိုပုက သူတို့ အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ကျွန်တော်နဲ့ အတူတူ ဘယ်သူ လိုက်မလဲ၊ ဦးလေးပါနဲ့ အတူတူ ဘယ်သူ လိုက်မလဲ"

မည်သူမျှ အဖြေမပေး။ သူတို့အားလုံး ခေါင်းများ ငိုက်စိုက်ကျလျက် ရှိကြပြီ။ ပြီးတော့ သူတို့၏ ဦးခေါင်းများကို ဖြည်းလေးစွာဖြင့် အားအင်ကုန်ခန်းစွာ မော့ပြီး ကိုညိုပုကို ကြည့်ကြသည်။

"ကျုပ်တို့ကို ဘယ်ခေါ်သွားဦးမှာလဲဗျာ"

ဟု မေးသယောင် ထင်မှတ်ရသည်။ သူတို့ အားလုံးသည် ဆားတစ်ပွင့်မျှ မစားရဘဲ နှစ်နှစ်တာ ကြာမြင့်အောင် ဒုက္ခခံခဲ့ကြရသည်။ သူတို့ အသစ်တည်ဆောက်ထားသည့် ဘုံပြာရွာကလေး မီးလောင်ပြာကျသည့် အချိန်မှစ၍ ချုံပုတ်များအတွင်းမှာ အိပ်စက်ခဲ့ကြရသည်။ သို့သော် ရာသီဥတုနှင့် မှက်ခြင်ယင်တို့၏ နှောင့်ယှက်မှုကြောင့် ထိုချုံပုတ်များ အတွင်း၌လည်း သူတို့ အိပ်မပျော်နိုင်ခဲ့ကြ။ မျက်လုံး အကြောင်သားဖြင့်ပင် မိုးစင်စင် လင်းခဲ့ကြရလေသည်။

ဦးလေးပါသည် ခါးကို ကိုင်းလိုက်၏။ သားငယ် မောင်ထွန်း၏လက်ကို ကုန်း၍ ဆွဲလိုက်၏။ ပြီးတော့ ရွာပြင်သို့ ဦးတည်ကာ ဖြည်းလေးစွာ စတင်ထွက်ခွာသွားသည်။

"ငါ အရင်သွားမယ်၊ မောင်ညိုပုနဲ့ အတူတူ လိုက်ချင်တဲ့သူတွေ ငါ့နောက်ကို လိုက်ခဲ့ကြပေတော့"

ဦးလေးပါ ရှေ့ရှုရာနောက်သို့ ရွာသားတစ်ယောက်က စတင် ခြေရွှေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးတော့ နောက်တစ်ယောက်။ နောက်ပြီးတော့ နောက်ထပ်တစ်ယောက် ရွာသူရွာသား ကိုးဆယ်စလုံး ဦးလေးပါ ခေါင်းဆောင်ရာနောက်သို့ ရှိစုမဲ့ ပစ္စည်းကလေးများကို သယ်ကာ စီတန်းပြီး လိုက်ကြသည်။

ရွာသား အားလုံးတို့၏လက်တွင် ပြာအိုးကလေးများ ကိုယ်စီနှင့် ဖြစ်သည်။ ထိုပြာအိုးကလေးများကို ကိုညိုပု ငေးစိုက်ကြည့်နေရင်း ရင်တွင်းမှာ နာကြည် လာသည်။ သည်ပြာတစ်အိုးသည် တစ်အိမ်ထောင်အတွက် အနည်းဆုံး နှစ်နှစ် ဖူလုံမည် ဖြစ်သည်။ ကိုညိုပုသည် ရဲဘော်ခင် ပြောခဲ့သည့် စကားများ ပြန်လည် ကြားယောင်နေမိသည်။

'ကျုပ်တို့ဟာ ပါတီဝင်ရဲဘော်တွေ ဖြစ်တယ်။ ပါတီဝင်ကေဒါတွေ ဖြ တယ်။ ခေါင်းဆောင်ကြီးဟိုနဲ့ ကျုပ်တို့ တိုင်းသူပြည်သားတွေက ကျုပ်တို့ ယုံကြည်တယ်။ ကျုပ်တို့ရဲ့ မွန်မြတ်တဲ့၊ တရားမျှတတဲ့ တော်လှန်ရေး လွတ်လပ်ရေ ကြီးပမ်းမှုများကို ယုံကြည်တယ်။ ပြည်သူတွေရဲ့ ယုံကြည်မှုတွေ ပြည့်ဝအောင် လည်း ကျုပ်တို့က ကျေးဇူးဆပ်တဲ့ အနေနဲ့ တုံ့ပြန်ပြီး အလုပ် လုပ်ပြကြရမယ်

ရွာသူရွာသားများသည် တောင်းများနှင့် တစ်မျိုး၊ အိုးများနှင့် တစ်သွယ် ပြာများကို သယ်ကြသည်။ ပြီးတော့ ဦးလေးပါ နောက်သို့ တောက်တောက် အောင် လိုက်ကြသည်။

ရွာထိပ် အဝင်ပေါက်ရှိ ကျောက်တုံးကြီးသည် သူ့ကို ကျော်ဖြတ်ပြီ ထွက်ခွာသွားကြသည့် ရွာသားများကို နှုတ်ဆက်ရင်း တစ်ယောက်၊ နှစ်ယောက် သုံးယောက် စသည်ဖြင့် ရေတွက်နေသယောင်။ အားလုံး စုစုပေါင်း ကိုးဆယ်ပြည့် သောအခါတွင် ထိုကျောက်တုံးသည်လည်း အထီးကျန် ဘဝဖြင့် ကျန်ရစ်ခဲ့လေ တော့သည်။

သူတို့သည် ချူလေးတောင်ပေါ်သို့ မြင့်နိုင်သမျှအထိ မြင့်မြင့်တက်ကြ မည် ဖြစ်သည်။ ပို၍ မြင့်သောနေရာမှာ ပို၍ ခက်ခဲကြမ်းတမ်းသည့် ဘဝကို ရင်ဆိုင် ရုန်းကန်ကြရဦးမည် ဖြစ်သည်။

"မိစ္ဆာဒိဋ္ဌိပမာ ဒင်းတို့ရဲ့ အမှားပေါင်း ကုဋေကုဋာ၊ ကြည့်စမ်းပါ
နယ်ချဲ့မိစ္ဆာ၊ ဘယ်သူ အရင် ဇီဝိန်ကြွေမလဲ၊ ငါတို့ မဖြစ်နိုင်ပါ
ဟေ့ ဒင်းတို့သာ . . ဒင်းတို့သာ စိစိညက်ညက် မုချ ကြေမည်သာ"

ကိုညိုပုသည် သူ့အသံကို အမြင့်နိုင်ဆုံးသို့ မြှင့်တင်ကာ ဦးလေးပါနှင့် အများ ဆိုနေသည့် သီချင်းကို လိုက်ဆိုလိုက်သည်။

ကိုညိုပု လူပျိုဘဝတုန်းက သူ သီဆိုခဲ့သည့် သီချင်းများကို မလေးယု နားထောင်၍ မဝနိုင်။ မတင်းတိမ်နိုင်ခဲ့။ ကိုညိုပု သီဆိုသည့် အသံသည် ကျေး ငှက်သာရကာများ တေးသီကျူးကြသည်ကို နားထောင်ရဘိသကဲ့သို့ နားဝင်ပီယံ ရှိလွန်းလှသည်။

သို့သော် ယခု ယခင်ကလို မဟုတ်တော့ပြီ။ ကိုညိုပု အသံသည် ငယ်စဉ်က ကဲ့သို့ပင် အောင်မြင်လှပါ၏။ သို့သော်လည်း နွဲ့နှောင်းပျော့ပျောင်းခြင်း မရှိ။ ပြတ်သားလာသည်။ ပီပြင် တိကျလာသည်။ ရန်သူတို့ကို စိန်ခေါ် လိုက်ဘိသကဲ့သို့ လည်း ရှိချေသည်။

"ကြည့်စမ်းပါ နယ်ချဲ့မိစ္ဆာ၊ ဘယ်သူ အရင် ဇီဝိန်ကြွေမလဲ၊ ငါတို့
မဖြစ်နိုင်ပါ။ ဟေ့ ဒင်းတို့သာ . . . ဒင်းတို့သာ စိစိညက်ညက် မုချ
ကြေမည်သာ"

* * *

"အစ်ကို ကိုမောင်ချစ်ကြီး၊ ကျောက်တုံးကြီး လိမ့်စပြုပြီလား"

မောင်ချစ်ကြီးသည် ပြူးကျယ်သည့် သူ့မျက်လုံးကြီးများ ပိတ်သည်အထိ သဘောကျစွာဖြင့် တဟားဟား ရယ်သည်။

"အခု ငါ ကျောက်တုံး မဟုတ်တော့ပါဘူး ညီမလေးတို့ရာ။ လေ ဖြစ်နေ ပြီကွ။ လှစ်လှစ် လှစ်လှစ်နဲ့ အလွန် မြန်တဲ့လေ ဖြစ်နေပြီကွ။ ဘယ်အလုပ်မဆို ငါ အရင် စလုပ်တာပဲ မဟုတ်လား။ ဒီနှစ် ကောက်ရိတ်လာလည်း ငါ စရိတ်တာပဲ မဟုတ်လား"

မောင်ချစ်ကြီးသည် သီချင်း တအေးအေး သီဆိုရင်း လမ်းပေါ်မှ ကျောက် ခဲကလေးများကို ခြေထောက်ဖြင့် ကန်ကာကန်ကာ လုပ်ရင်း မိန်းကလေးများ အနီးမှ ထွက်လာခဲ့သည်။ တွန့်လိမ်နေသည့် သူ့ဆံပင်များသည် လေထဲမှာ ဝဲပျံနေသည်။ သူ့လက်များသည်လည်း အငြိမ် မနေနိုင်အား။ ခါးမှာ လွယ်ထား သည့် အိုးစည်ကို တီးနေရသဖြင့် အလုပ်များနေသည်။ သူ့ကို မြင်ရသူတိုင်း မရယ်ဘဲ မနေနိုင်ကြ။

ယခုနှစ်တွင် မောင်ချစ်ကြီး အငတ်ဘေးနှင့် ဝေးကွာသွားသည်။ မည်သူ့ ကိုမျှ အားကိုးမနေရတော့။ သူကိုယ်တိုင် စိုက်သည့် သူ့လယ်မှ ကောက်ဦးစပါး များ ထွက်နေပြီ။ သူ့လုပ်စာကို သူကိုယ်တိုင် စားနိုင်ပြီ။

ယခု မောင်ချစ်ကြီးသည် ယခင် မောင်ချစ်ကြီး မဟုတ်တော့။ ယခင်လို အပျင်းထူပြီး အားအားရှိတိုင်း မိန်းမပျိုကလေးများ အနီးသို့သွားကာ ရစ်သီရစ်သီ လုပ်နေတတ်သော မောင်ချစ်ကြီး မဟုတ်တော့။ လက်ကြောတင်းအောင်





www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်သော မောင်ချစ်ကြီး ဖြစ်လာပြီ။

ထို့ကြောင့်လည်း မောင်ချစ်ကြီးကို ကြည့်ကာ 'အိပ်ပျော်နေသည့်ကျောက်တုံးကြီး နိုးလာပြီ' ဟု ရွာသားများက ပြောစမှတ်ပြုကြသည်။

ဘုံပြာရွာကလေးတွင် စားနပ်ရိက္ခာ ရှားပါးပြီး အငတ်ဘေးနှင့် ကြုံတွေ့ရသည့် အကြောင်းရင်းမှာ မိုးဦး စောစောကျခြင်းပင် ဖြစ်သည်။

ထိုအကြောင်းများနှင့် ပတ်သက်ပြီး ကိုညိုပု အလေးအနက် စဉ်းစားနေသည်။ ရာစုနှစ်ပေါင်းများစွာ သူတို့၏ ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းက အငတ်ဘေးကို မကြာခဏ ကြုံတွေ့ခဲ့ကြရ၏။ တစ်ခါတစ်ရံတွင် ရာပေါင်းများစွာသော ဘာနားလူမျိုးတို့၏ အသက်ကို ဆုံးရှုံးစေခဲ့သည်။ တစ်ခါတစ်ရံတွင် ရွာပေါင်းများစွာ ရွာလုံးကျွတ်သည်အထိ အငတ်ဘေးကြောင့် သေမင်းခေါ်ရာနောက်သို့ လိုက်ကြရသည်။

သို့သော်လည်း ဘာနားလူမျိုးတို့သည် စိုက်ကွင်းများကို မိုးမကျမီ စောစောကြိုတင် ခုတ်ထွင်ရှင်းလင်းခြင်းကို မပြုလုပ်ဝံ့ကြ။ ဘိုးစဉ်ဘောင်ဆက်ကတည်းက သတ်မှတ်ထားခဲ့သည့် အစဉ်အလာ ဓလေ့ထုံးစံကြီးက သူတို့ကို ခြိမ်းခြောက်နေသည်။

မတ်လနှင့် ဧပြီလတွင်သာ စိုက်ခင်းများကို ရှင်းရမည်။ ထိုထက် အချိန်စောပြီး ရှင်းလျှင် နတ်မကြိုက်။ နတ်မကြိုက်သည်ကို ဖောက်လုပ်လျှင် တစ်ရွာလုံး သေသည်အထိ နတ်ဖမ်းစားမည် ဖြစ်သည်။ ထို့ကြောင့် အငတ်ခံပြီး အသေခံကြမည်။ နတ်မကြိုက်သည့် အလုပ်မျိုးကိုမူ မလုပ်ဟု သူတို့ ဖွတ်တင်းခံနေခဲ့ကြသည်။ ထိုအကြောင်းများကို စဉ်းစားရင်းဖြင့် ကိုညိုပု အိပ်မပျော်နိုင်သည့်ညများ များလာသည်။

"အို အရှင်နတ်မင်း၊ အရှင်နတ်မင်းသည် မည်သည့်အတွက်ကြောင့် ဘာနားလူမျိုးများကို မလိုမုန်းထား ဖြစ်နေရသနည်း၊ နယ်ချဲ့ပြင်သစ်များကို အဘယ်ကြောင့် မမုန်းဘဲ နေသနည်း၊ ပြင်သစ်တို့သည်သာလျှင် ပိုမို ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြပါသည်" စသည်ဖြင့် တမ်းတ ရေရွတ်နေမိသည်။

ယုတ္တိမတန်သည့် အစဉ်အလာ တစ်ခုကို တော်လှန်လိုသည့် စိတ်များ တဖွားဖွား ပေါ်လာသည်။ ထို့ကြောင့်လည်း ဦးလေးပါကို သွားတွေ့သည်။

"ဦးလေးပါ၊ ကျွန်တော်တော့ ဇန်နဝါရီလမှာပဲ စိုက်ခင်းတွေ ရှင်းတော့မယ်"

ကိုညိုပု စကားကို ကြားရသောအခါ ဦးလေးပါသည် မယုံကြည်နိုင်သလို သူ့ကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်သည်။

"မင်း စိတ်မှ မှန်ရဲ့လား မောင်ညိုပုရယ်၊ ဘာစကားတွေ လာပြောနေတာ လဲ၊ မင်း နတ်အဖမ်းစားခံပြီး သေချင်လို့လား။ ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ...င်းကို ဘယ်နည်းနဲ့မှ နတ်က ခွင့်လွှတ်မှာ မဟုတ်ဘူး။ အပြစ်ပေးမှာ သေချာ ...ယ်။ အဲဒီ အခါကျရင် ဘယ်သူ ခေါင်းဆောင်ပြီး ပြင်သစ်ကို တိုက်ကြမလဲ။ ...ခီပွာယ် မရှိတာတွေ မလုပ်ချင်စမ်းပါနဲ့ကွာ"

ဦးလေးပါသည် ဤရွာတွင် ဗဟုသုတ ကြွယ်ဝသူ ဖြစ်သည်။ ဦးလေးပါက ...ကောင်းဘူးဟေ့ ဆိုလျှင် တစ်ရွာလုံးကလည်း မကောင်းဘူး ဖြစ်ကြသည်။ ...လေးပါက ကောင်းတယ်ဟေ့ ဆိုလျှင်လည်း တစ်ရွာလုံးက ကောင်းတယ် ...ကြသည်။ ဦးလေးပါ၏ အလိုနှင့် ဆန့်ကျင်ပြီး ဖောက်လုပ်လျှင် ရွာသား အားလုံး ...လည်း ကိုညိုပုကို ထောက်ခံကြမည် မဟုတ်ကြောင်း သူ သိသည်။

သို့သော်လည်း သည်အတိုင်း ခေတ်မမီတော့သည့် ရှေးဟောင်း အစဉ်အလာတစ်ခုကို ဖောက်လိုက်နာနေလျှင် သည်နှစ် မုချ အငတ်ဘေးနှင့် ရင်ဆိုင်ကြရဦးမည်။

ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေသည့် မိုးသားများဖြင့် ပိတ်ဖုံးနေသည်။ ...တ်မင်းသည် မည်သည့်အတွက်ကြောင့် မိုးဦး စောစောကျခွင့် ပြုထားသနည်း။ ...ရားမျှတမှု လုံးဝ မရှိ။ ပြည်သူတို့ အငတ်ဘေးနှင့် ရင်ဆိုင်ကြရဦးမည်။ အငတ်ဘေးနှင့် ကြုံရလျှင် ရန်သူကို မည်သည့်နည်းဖြင့် ခုခံတော်လှန်တိုက်ခိုက်...ည်နည်း။

ကိုညိုပုသည် မီးဖိုဘေးတွင် တစ်ညလုံး ထိုင်ရင်း စဉ်းစားနေမိသည်။

မလေးယုက အိပ်ရာထဲမှ ထလာသည်။

"ကိုညိုပု ရှင် မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူးကွာ၊ ဒီနှစ်လည်း တို့ အငတ်ဘေးနဲ့ ရင်ဆိုင်ကြရဦး ...ယ်၊ ဘယ်မှာသွားပြီး အိပ်နိုင်ပါတော့မလဲ"

မလေးယုသည် သူ့ခင်ပွန်းကို ငေးကြည့်နေသည်။ သို့သော်လည်း သူ ...ာကို ဆိုလိုမှန်း မလေးယု မသိ။ သားကို ရင်ခွင်တွင်းသို့ ပွေ့ယူပြီး နို့တိုက် ...ိုက်သည်။ ပြီးတော့ သူလည်း အိပ်မပျော်နိုင်တော့။

ကိုညိုပုသည် မီးဖိုတွင်းမှ မီးစများကို နေသားတကျ ဖြစ်သွားအောင် ...င်ပေးလိုက်သည်။ မီးဖွားများက အပေါ်သို့ လွင့်ပျံတက်လာသည်။ အပြင်...က် ...ွင်မူ ပိန်းပိတ်အောင် မှောင်နေသည်။ တစ်မိုးလုံးလည်း မိုးသားများ ဖြည့်နေရာ





www.burmeseclassic.com

www.burmeseclassic.com



ကြယ်တစ်လုံးမျှ ပေါ်ထွက်မလာနိုင်။

"မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ကိုညိုပုသည် အတွေးလွန်ရင်း သူ့နှုတ်ဖျားမှ အသံထွက်သွား၏။

"ကိုညိုပု၊ ရှင် ဘာဖြစ်နေတာလဲ၊ ဘယ်သူနဲ့ စကားပြောနေတာလဲ"

မလေးယုက ကိုညိုပုထံမှ စကားပြောသံ ကြားသဖြင့် လှမ်းမေးလိုက်သည်။

"မလေးယုရေ၊ အိပ်တော့ . . . အိပ်တော့၊ မနက်ကျရင် စောစောထ ငါ့ဖို့ ထမင်းချက်ကွာ၊ ငါ တောင်ယာသွားခုတ်မယ်"

"ရှင့်ဥစ္စာက အခုမှ ဇန်နဝါရီလပဲ ရှိသေးတာပဲ"

"ငါ သိပါတယ်၊ ဒါပေမယ့် မနက်ဖြန် ငါ တောင်ယာသွားခုတ်မယ်"

နောက်နေ့ မနက်တွင် ကိုညိုပု တောင်ယာခုတ်ရန် ထွက်သွားသည်။ မလေးယုလည်း သူနှင့်အတူ လိုက်သွားသည်။ အမေကမူ မျက်ရည်စက်လ ဖြင့် အိမ်တွင် ကျန်ရစ်ခဲ့၏။ လမ်းမှာ ဦးလေးပါနှင့် သူတို့ တွေ့ကြသေးသည်။

"မောင်ညိုပုတို့ ဘယ်လဲဟေ့၊ မင်း သမင် သွားမပစ်ဘူးလား။ အခု လ သမင်လိုက်လို့ အကောင်းဆုံးပေါ့၊ သမင်တွေ သူတို့ ပုန်းတဲ့နေရာက ထွက် မြူးတဲ့လပဲ" ဟု ဦးလေးပါက ဆီးပြောသည်။

"ကျွန်တော်တို့ တောင်ယာ သွားခုတ်ကြမလို့ ဦးလေးပါရေ၊ ဒီလိုမှ မလ ရင် ကျွန်တော်တို့ အငတ်ဘေးနဲ့ ကြုံကြရဦးမယ်။ ကျွန်တော်တို့ တစ်ရွာလ ပြင်သစ်ရှေ့မှောက်မှာ ဒူးထောက်ပြီး အညံ့ခံကြရဦးမယ်။

ဒါကြောင့် ကျွန်တော်ကစပြီး တောင်ယာခုတ်မယ်။ နတ်က မကြိုက် အပြစ်ပေးမယ်ဆိုရင်လည်း ကျွန်တော် အရင် အသေခံမယ်။ တကယ်လို့ နတ် ကျွန်တော့်ကို အပြစ်မပေးဘဲ ချမ်းသာခွင့်ပေးမယ် ဆိုရင်လည်း နောက်နှစ်ကျ ကျွန်တော်တို့ တစ်ရွာလုံး တောင်ယာ စောစော ခုတ်ကြမယ်"

ကိုညိုပုတို့ လင်မယားသည် ထိုမျှသာ ပြောပြီး ဆက်လက် ထွက်ခွာသွ ကြ၏။

ဦးလေးပါသည် ဘကြီးဆန်းဆီသို့ ပြေးကာ အကျိုးအကြောင်း ပြော သည်။ မောင်ညိုပုကို နတ်မဖမ်းစားအောင် ဝိုင်းဝန်း ဆုတောင်းပေးဖို့ပါ ပြော သည်။

သို့သော်လည်း ဘကြီးဆန်းက ခေါင်းကိုသာ တွင်တွင်ခါ၏။ သည် အလုပ်မျိုးကို မည်သည့်နည်းနှင့်မျှ နတ်က ချမ်းသာခွင့်ပေးမည် မဟုတ်ကြော





ခင် ခေတ်အဆက်ဆက်ကတည်းက မည်သူမျှ မလုပ်ကိုင်ရဲခဲ့ကြကြောင်းဖြင့် ာ စိတ်ထိခိုက်စွာဖြင့် ပြန်ပြောပြသည်။

ဦးလေးပါသည် ကိုညိုပုအတွက် စိတ်ထိခိုက်သဖြင့် မျက်ရည်များပင် လာသည်။ ရွာသူရွာသားများကို ကိုညိုပု အလွန် ချစ်ကြောင်း သူ သိသည်။ ညိုပုလို လူမျိုးတစ်ယောက် နတ်ဖမ်းစားသဖြင့် ဆုံးရှုံးရမည်ဆိုလျှင် သူတို့ တွက် ကြီးမားသော ဆုံးရှုံးမှုကြီးသာ ဖြစ်သည်။

ထိုသတင်းသည် တစ်ရွာလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား၏။ ရွာသူ သား အားလုံး စိမ်မချမ်းမသာ ဖြစ်ကြသည်။ မျက်ရည်တစမ်းစမ်း ဖြစ်ကြ ည်၊ ကိုညိုပု၏ တန်ဖိုးကို သူတို့ ကောင်းစွာ သိကြသည်။

သို့သော် ထိုသို့ စိတ်မကောင်းဖြစ်ကြသည့် ရွာသူရွာသားများထဲတွင် ာင်ချစ်ကြီး တစ်ယောက် မပါချေ။ မောင်ချစ်ကြီးသည် ဘိုးစဉ်ဘောင်ဆက် တည်းက သူ့လူမျိုးများ ကိုးကွယ်ခဲ့သောနတ်ကို သိပ်ဂရုစိုက်သူ မဟုတ်။ တ်နှင့် ခြောက်၍လည်း ကြောက်တတ်သူ မဟုတ်။ ပြီးတော့ သူ့တွင် စားစရာ သည်က ကိုညိုပုက သူ့ကို ဆန်ပေးဖူးသည်။ တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး ကြောင်းကို မောင်ချစ်ကြီး ကောင်းစွာ နားလည်သည်။

ထို့ကြောင့် တောခုတ်ဓားကိုဆွဲကာ အခြား လက်တစ်ဖက်က ပလွေတိုကို ိုင်ရင်းဖြင့် ကိုညိုပု တောင်ယာခုတ်ရာနောက်သို့ လိုက်လေတော့သည်။ ကိုညိုပု ာင်ယာခုတ်ရာတွင် သူလည်း အားကြိုးမာန်တက် ပါဝင်ကူညီ ခုတ်လေ ာ့သည်။

တစ်ရွာလုံးက သူတို့သုံးယောက်ကို စောင့်ကြည့်နေကြသည်။ ဆယ်ရက် ြာလည်း သူတို့ မသေ။ တစ်လကြာလည်း သူတို့ မသေ။ ရွာသား အားလုံး ံ့အားသင့်နေကြသည်။

ထိုနှစ်တွင်လည်း မိုးဦး စောစောကျပြန်သည်။ မတ်လကတည်းက မိုး ည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေသည်။ အခြား ရွာသူရွာသားတို့ ခုတ် ားသည့် တောင်ယာစိုက်ခင်းများ အားလုံးကို စွန့်လွှတ်ကြရပြန်၏။ ထိုအခါ ွင် ကိုညိုပုနှင့် မောင်ချစ်ကြီးတို့၏ တောင်ယာများကား အလွန် အောင်မြင် ထွန်းလျက် ရှိချေပြီ။

ကိုညိုပုနှင့် မောင်ချစ်ကြီးတို့၏ စိုက်ခင်းများသည် မပျက်စီးရုံသာမက ွက်နှုန်းလည်း အဆမတန် ပိုများလာသည်။ ထို့ကြောင့်လည်း သူတို့နှစ် ာက်၏ ဆန်စပါးများကျေးဇူးဖြင့် တစ်ရွာလုံး အငတ်ဘေးမှ ကင်းလေးခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

နောက်နှစ်တွင်လည်း ဇန်နဝါရီလကတည်းက တောင်ယာများကို ခုတ် ထွင် ရှင်းလင်းကြသည်။ ဘကြီးဆန်းက ထုံးစံအတိုင်း ကန့်ကွက်ပြန်သည် နတ်က တစ်ကြိမ်သာလျှင် ခွင့်လွှတ်မည်၊ နှစ်ကြိမ် ခွင့်လွှတ်လိမ့်မည် မဟုတ် အကြောင်းပြပြန်သည်။ မျက်ရည်စလေး တစမ်းစမ်းဖြင့် စိတ်မကောင်းဖြစ် သည်။

သို့သော် ယခုနှစ် တောင်ယာခုတ်သူသည် ကိုညိုပု တစ်ယောက်တည် မဟုတ်တော့။ တစ်ရွာလုံး ကိုညိုပုကိုကြည့်ပြီး သူ့အတိုင်း လိုက်လုပ်ကြလေ သည်။ ဇန်နဝါရီလကတည်းက တောင်ယာခုတ်ပြီး စိုက်ပျိုးနှင့်သောကြော ကိုညိုပု၏ စိုက်ခင်းများ အောင်မြင်ခဲ့သည်ကို သူတို့ မြင်တွေ့ကြရပြီး ဖြစ်သည် ကိုညိုပု၏ ကျေးဇူးဖြင့် ထိုတစ်နှစ် အငတ်ဘေးနှင့် ကင်းဝေးခဲ့ကြရခြင်း ဖြ သည်။ ကိုညိုပုကို မည်သည့် နတ်ကမျှ ဖမ်းစားခြင်း မရှိသည်ကိုလည်း သူ အားလုံး မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပြီ။ ထို့ကြောင့် ကိုညိုပုတို့နှင့် အတူ ဇန်နဝါရီလကတည်းက တောင်ယာများ ခုတ်ကြသည်။

စိုက်ခင်းများ ဖြစ်ထွန်း အောင်မြင်သောကြောင့် တစ်ရွာလုံး ပျော်ရွှင်မ ဖြစ်နေကြသည်။ မောင်ချစ်ကြီးသည် ကိုညိုပုနောက်သို့ တကောက်ကော လိုက်လေ့ ရှိ၏။ ကိုညိုပု လုပ်သမျှ အလုပ်ကို သူလည်း တစ်သဝေမတိ လိုက်လုပ်နေ၏။ ကိုညိုပု ပြောသမျှ စကားကိုလည်း တစ်သဝေမတိမ်း လိုက် နားထောင်လေ့ ရှိ၏။ ထို့ကြောင့် မောင်ချစ်ကြီး အမေက . . .

"နင့်မလည်း ဖြည်းဖြည်း မောင်ညိုပုအမြီး ဖြစ်နေပြီ" ဟုပင် ပြော သည်။

"ကိုညိုပု ပြောသမျှ နားထောင်ပြီး သူလုပ်တဲ့အတိုင်း လိုက်လုပ်နေ ကျွန်တော်တို့ ထမင်းမငတ်ကြတာ အမေရေ့"

ဟု မောင်ချစ်ကြီးက ပြန်ရှင်းပြသည်။

သဘာဝ ဘေးအန္တရာယ်ကို ရှောင်တိမ်းပြီး စိုက်ပျိုးကြသဖြင့် အောင် သော်လည်း တိရစ္ဆာန်တို့ ဝင်ရောက် ဖျက်ဆီးသည့် အန္တရာယ်နှင့် ရင်ဆိုင် ရပြန်သည်။ တောဝက်များ၊ ဝက်ဝံများက စိုက်ခင်းများကို လာရောက် ဖျက် ကြသည်။ အချိန်ပြည့်လည်း ထိုင်စောင့်ပြီး ခြောက်မနေနိုင်။ စိုက်ခင်းများ ခြံခတ်သော်လည်း မအောင်မြင်။ ကာရံထားသည့် ခြံစည်းရိုးများကို ကိုက်ဖြ ကာ အတွင်းသို့ အလွယ်တကူ ဝင်ရောက်လာကြသည်။





ထိုကိစ္စနှင့် ပတ်သက်ပြီး ကိုညိုပုနှင့် မောင်ချစ်ကြီးတို့ တိုင်ပင်ကြသည်။

"ချောင်းထဲက ရေစီးအားကို ယူပြီး ခလောက်တွေ ကျွန်တော် လုပ်မယ်။ စိုက်ခင်းတွေ ပတ်လည်မှာ ခလောက်တွေ အများကြီး လုပ်ထားမယ်။ ဒါအတွက် တော့ အစ်ကိုညိုပု ဘာမှ မပူနဲ့။ ကျွန်တော် ကောင်းကောင်း လုပ်တတ်တယ်"

ဟု မောင်ချစ်ကြီးက ကိုညိုပုကို ပြောသည်။

"အေး ကောင်းတယ်၊ မင်းက ဒါမျိုးဘက်က စွမ်းတယ်။ ကလေးတွေကိုပါ ခေါ်ပြီး သင်ပေးလိုက်။ အားလုံး ဝိုင်းလုပ်တော့ ပိုမြန်တာပေါ့ကွာ"

သို့ဖြင့် မောင်ချစ်ကြီး ခေါင်းဆောင်ပြီး ခလောက်များ လုပ်ကြသည်။ ဝါးများခုတ်ပြီး ဝါးလုံးတစ်ချောင်းတွင် တစ်ဖက်စွန်း၌ ကျောက်ခဲ၊ အခြား တစ်ဖက်စွန်း၌ ရေပုံးကို ခလုတ်ဖြင့် ချိတ်ဆွဲထားသည်။ ဝါးလုံး၏ အလယ်တွင် ဒေါက်ထောက်၍ ရေပုံး တပ်ဆင်ထားသည့်ဘက်ကို ချောင်းရေဘက်၌ ထား သည်။ ရေပုံးထဲတွင် ရေပြည့်သောအခါ ထိုဘက်အစွန်းက အောက်သို့ နိမ့်ကျ သွားသည်။ ကျောက်ခဲတပ်ထားသည့်ဘက်က အပေါ်သို့ ထောင်တက်သွားကာ ဝါးပိုးခလောက်များကို ရိုက်မိသည်။ ကြိုးနှင့် ဆက်ထားသည့် ခလောက်များ သည် တစ်ခုမှတစ်ခုသို့ ဆက်တိုက် ရိုက်မိသဖြင့် ကျယ်လောင်သောအသံများကို မြည်ဟည်းစေသည်။

ရေ၏ အလေးချိန်ကြောင့် အောက်သို့ ငိုက်စိုက်ကျသွားသော ရေပုံးတွင် ခလုတ်တစ်ခုကို ပြုလုပ်ထားရာ အောက်သို့ ငိုက်စိုက်ကျသွားချိန်၌ ခလုတ်က ပွင့်ပြီး ရေများ ထွက်ကျကုန်သည်။ ရေကုန်သောအခါ ပေါ့သွားသဖြင့် အပေါ်သို့ ပြန်ထောင်လာပြန်သည်။

ချောင်းတွင်းမှ ရေသည် ပုံးအတွင်းသို့ တဖြည်းဖြည်းချင်း ကျပြန်သည်။ ပြည့်သောအခါ အောက်သို့ စိုက်ကျသွားပြန်သည်။ ကျောက်ခဲ တပ်ဆင်ထားသည့် ဘက်က အပေါ်သို့ ထောင်သွားကာ ခလောက်များကို ရိုက်မိပြန်သည်။

ထိုနည်းဖြင့် အသံမြည်ပြန်သည်။ ချောင်းရေ ရှိနေသမျှ ကာလပတ်လုံး အချိန်ပြည့် အသံမြည်နေသည့်နည်း ဖြစ်သည်။

မောင်ချစ်ကြီး တီထွင်သည့်နည်းမှာ အလွန် အောင်မြင်သည်။ ခလောက် သံများ အမြဲမပြတ် မြည်နေသောကြောင့် စိုက်ခင်းများကို ဖျက်မည့် တောကောင် များ မလာဝံ့တော့ချေ။ ရွာသူရွာသား အားလုံးတို့ ကိုယ့်အလုပ်ကိုယ် အေးအေး ချမ်းချမ်း လုပ်ကိုင်နိုင်ကြသည်။

ထိုကိစ္စ ပြီးပြန်တော့လည်း ကိုညိုပု မနားနိုင်သေး။ ပြာကို ဆားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စားနေရခြင်းမှ အခြား ပိုကောင်းသော အရာတစ်ခုခုနှင့် အစားထိုးရန် ကိုညိုပု ကြိုးစားနေသည်။ တစ်တောလုံး၊ တစ်တောင်လုံးကို မနားမနေ လှည့်လည်သွားကာ တွေ့ရာရာ အသီးများ အရွက်များကို မြည်းစမ်းကြည့်သည်။ ဆားဓာတ်ပါသည့် အသီးအရွက်များကို ရှာခြင်း ဖြစ်သည်။

ထိုသို့ အမြည်းကောင်းသောကြောင့် တစ်ကြိမ်တွင် သေမလို ဖြစ်ဖူးသည်။ သူ စားကြည့်မိသည့် အသီးသည် အဆိပ် ဖြစ်နေ၏။ ထို့ကြောင့် အဆိပ်သင့်ကာ သေလုမြောပါး ခံလိုက်ရသည်။ အိပ်ရာပေါ်တွင် ရက်အတန်ကြာ လဲခဲ့သည်။

နေကောင်းပြန်တော့လည်း ကိုညိုပု အားမလျှော့။ သူ့ ဇွဲကောင်းမှုကြောင့် ဆားဓာတ်ပါသည့် အသီးတစ်မျိုးကို တောနက်အတွင်းမှ ရှာဖွေတွေ့ရှိလာသည်၊ ရွာသူရွာသားများ စားသုံးကြည့်ကြသောအခါ ဆားအစစ်ထက်ပင် ပိုမို အရသာရှိနေကြောင်း တွေ့ကြရသည်၊ ထိုအပင်များကို မျိုးယူလာပြီး ရွာပတ်လည်မှာ စိုက်ပျိုးထားသည်၊ အပင်များ စိုက်ပျိုးပြီးပြန်သောအခါ ရှင်သန်ရေးအတွက် အမြဲမပြတ် ရေလောင်းသည့် တာဝန်ကို ဆက်လက်ယူနေသူမှာလည်း ကိုညိုပုပင် ဖြစ်သည်။

ယခုဆိုလျှင် သူတို့ရွာမှာ အစစ ပြည့်စုံနေပြီဟု ဆိုရမည်။ တောင်ယာများကို မိုးနှင့် လွတ်အောင် စောစောခုတ်ပြီး စိုက်ပျိုးကြသောကြောင့် အငတ်ဘေးနှင့်လည်း သူတို့ ဝေးကြပြီ။ အာဟာရ ဖြစ်ထွန်းအောင် ဝဝလင်လင် စားနိုင်ကြပြီ။ ဆားဓာတ်ပါသည့် အသီးတစ်မျိုးကိုလည်း တွေ့ရှိထားပြီ ဖြစ်သောကြောင့် ဆားမစားရမည်ကိုလည်း ပူစရာ မလိုတော့။

ယခုလို အစစ ပြည့်စုံလာသောအခါ သမိုင်းပေးတာဝန်ကို သူတို့ ထမ်းဆောင်ကြတော့၏။ ထိုတာဝန်ကား ကျူးကျော်သူ ပြင်သစ်ကို တိုက်ထုတ်ရေးပင် ဖြစ်သည်။

ကိုညိုပုသည် သူ့ရွာတွင်းရှိ လက်ရွေးစင် လက်ဖြောင့်တပ်သားများနှင့်အတူ ပြင်သစ်များရှိရာ လန်းလန်းရွာနှင့် ဈေးငှားရွာအနီးသို့ သွားသည်။ ပြင်သစ်စခန်းများကို အလစ်ဝင်တိုက်သည်။

ပထမ တိုက်ပွဲတွင် ပြင်သစ်စစ်သား ဆယ့်ငါးယောက် ကျဆုံးအောင် တိုက်ခိုက် အောင်ပွဲခံခဲ့သည်။ သို့သော်လည်း ပထမတိုက်ပွဲ ဖြစ်ပွားသည့် လန်းလန်းရွာသည် သူတို့နှင့် ခရီးဝေးကွာလွန်း၏။ ထို့ကြောင့် ဒုတိယတိုက်ပွဲအဖြစ် ဈေးငှားရွာရှိ ရန်သူစခန်းကိုတိုက်ရန် သတ်မှတ်လိုက်ကြသည်။

ထိုဒုတိယ တိုက်ပွဲတွင်လည်း သူတို့ အောင်မြင်ကြပြန်သည်။ တောက်ရှိုး





ဖြင့် ပြုလုပ်ထားသော စာခြောက်ရှပ်များကို ရန်သူအထင်ဖြင့် ပြင်သစ်တို့က ဖိလိုက်ရာ ခြောင့်စူးခြင်း၊ မြှားမှန်ခြင်းများကြောင့် ပြင်သစ်စစ်သား ရှစ်ယောက် ကျဆုံးသွားပြန်သည်။

ဥသြငှက်များ၏ တွန်ကျူးသံကို ကြားကြရပြီ။

သည်ငှက်အော်သံကို ကြားရတိုင်း သူတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေကို မည်သူမျှ မလွမ်းဘဲ မနေနိုင်ကြ။ သူတို့ရွာ၏ သာယာပုံ၊ ရွာဘေးတွင် ငြိမ့်ညောင်းစွာ စီးဆင်းနေသောချောင်း၏ လှပပုံများကို သတိမရဘဲ မနေနိုင်ကြ။ မလွမ်းဆွတ်ဘဲ မနေနိုင်ကြ။

ဘိုးစဉ်ဘောင်ဆက်ကတည်းက သူတို့ တည်ဆောက်နေထိုင်ခဲ့ကြသည့် ကောင်ပွာရွာသည် မြေဩဇာလည်း ပိုမို ကောင်းမွန်သောရွာ ဖြစ်၏။ ရာသီဥတုလည်း သမမျှတ၏။ကောက်ပဲသီးနှံ စိုက်ပျိုးရာတွင် ပိုမို ကျွမ်းကျင်လာသည့် ယခုလို အချိန်မျိုးတွင် မြေဩဇာ အလွန်ကောင်းသည့် သူတို့ရွာသို့ ပြန်ပြီး စိုက်ပျိုးရမည်ဆိုက မည်မျှ အောင်မြင်မည် ဖြစ်ကြောင်းကို သူတို့ စိတ်ကူးယဉ်ကြရသည်။

ယခုဆိုလျှင် ခြောင့်လည်း ကောင်းစွာ လုပ်တတ်ပြီ။ ထောင်ချောက်များကိုလည်း အောင်မြင်စွာ လုပ်တတ်ပြီ။ လေးနှင့် မြှားအရာတွင်လည်း တစ်ဖက်တမ်းခပ်ပြီဟု ဆိုနိုင်လောက်သည်။ တစ်ချက်ပစ်လျှင် မြှားငါးစင်း ထွက်သော အော်တိုမက်တစ် ဒူးလေးများကိုလည်း တီထွင်ထားကြပြီ။ သစ်ပင်များပေါ်တွင်လည်း ခြောင့်များ ထောင်တတ်ပြီ။ ရန်သူလာလျှင် မြေပြင်မှာသာ ခြောင့်ရှိသည်မဟုတ်။ သစ်ပင်ပေါ်တွင်လည်း ခြောင့်ပေါင်းများစွာနှင့် ရင်ဆိုင်ရမည် ဖြစ်သည်၊ ထိုခြောင့်တို့သည် သစ်ပင်ပေါ်သို့တက်မှ စူးမည်မဟုတ်။ သစ်ပင်အောက် ဝင်မိလျှင်ပင် မိုးသီးမိုးပေါက်ပမာ ကျလာအောင် သူတို့ စီမံတတ်ကြပြီ။

ထို့ထက်ပို၍ သူတို့ အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းသည် ရန်သူ မမြင်မတွေ့နိုင်အောင် အိုးအိမ်များ ဆောက်လုပ်နေထိုင်နည်းပင် ဖြစ်သည်။ တောနက်နက်အတွင်း၌ အိမ်များကို လျှို့ဝှက်စွာ ဆောက်လုပ်ထားကြသည်။ ရိက္ခာနှင့် အသုံးအဆောင်များကို လျှို့ဝှက်အိမ်များတွင် သိုလှောင်ထားကြသည်။ ရန်သူလာလျှင် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များကို ထိုအိမ်များ အတွင်း၌ တစ်မုဟုတ်ချင်း ဖျောက်ပစ်လိုက်နိုင်သည်။

သို့ကလို ရန်သူကို တိုက်ခိုက်နည်း၊ ရန်သူ၏ ဘေးအန္တရာယ်ကြား တိမ်းရှောင်နည်းများကို တတ်မြောက်ကြပြီ ဖြစ်သောကြောင့် သူတို့ရွာသို့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချင်လာကြသည်။ အတတ်ပညာများဖြင့် သူတို့ရွာတွင် ဘေးကင်းအောင် နေထိုင်နိုင်ရမည်ဟု သူတို့ အားလုံး ယုံကြည်လာကြသည်။

ကိုညိုပုသည် ထိုအကြောင်းများကို ဦးလေးပါနှင့် တိုင်ပင်ကြည့်၏။ အခြား ရွာသားများနှင့် တိုင်ပင်ကြည့်၏။ အားလုံးက ကိုညိုပုကို ထောက်ခံကြသည်။ သူတို့၏ ကောင်ဟွာရွာကလေးသို့ လူတိုင်းလူတိုင်းက ပြန်သွားချင်နေကြသည်။

သည်လိုဖြင့်ပင် ကောင်ဟွာရွာသား ကိုးဆယ်တို့သည် သုံးနှစ်သုံးမိုးလုံး သူတို့ ပုန်းအောင်းနေထိုင်ခဲ့ရာ ချူလေးတောင်ကြီးကို ကျောခိုင်းလိုက်ကြ၏။ သူတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ကောင်ဟွာရွာသို့ ပြန်ပြောင်းလာကြ၏။ အိုးသစ်အိမ်သစ်များ တည်ထောင်ကြ၏။ မီးလောင်ပြင် ဖြစ်ခဲ့ရသည့် သူတို့ရွာကလေးကို အသက် ပြန်သွင်းလိုက်ကြ၏။ ကျူးကျော်သူ ပြင်သစ်ကို ခုခံ တိုက်ခိုက်ရန် ပြင်ဆင် အားမွေးလိုက်ကြ၏။

တောင်ဟွာရွာသားများ မျိုးပြုတ်ရန်အတွက် ရန်သူများက မောင်းထုတ်ခဲ့သည်။ တောင်ပေါ်သို့ မောင်းတင်ခဲ့ကြသည်။ ပြီးတော့ ဆားနှင့် လက်နက်များ ဝယ်မရအောင် ပိတ်ခဲ့ ဆို့ခဲ့သည်။ ရှိသမျှ စူး၊ ဆောက် တန်ဆာပလာများကိုပါ အဓမ္မ တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။

သို့သော် ကောင်ဟွာရွာသားများ မျိုးမပြုတ်ခဲ့။ မျိုးမပြုတ်ရုံသာမကသေး ပို၍ ကြီးခိုင်သော အတတ်ပညာများ၊ ခွန်အားများ၊ ယုံကြည်ချက်များဖြင့် ရန်သူကို တိုက်ခိုက်ရန် သူတို့ရွာဟောင်းသို့ပင် ပြန်ဆင်းလာကြချေပြီတည်း။

* * *

အဘွားအိုသည် ဓားမတိုတစ်ချောင်းဖြင့် ဝါးများကို သပ်ကာ မြားလုပ်နေသည်။ သူပတ်လည်မှာ အသင့်ချွန်ပြီး မြားဖြင့် ပြည့်နှက်နေသည်။ မြားအစင်းပေါင်း မည်ရွေ့မည်မျှကို ပြုလုပ်ပြီးဖြစ်ကြောင်း သူ မမှတ်မိနိုင်တော့။ ပတ်လည်တွင် မြားပုံကြီးက ဟီးထနေသည်။ သို့သော် သူလက်များသည် မရပ်တန့်သေး။

တစ်ရွာလုံးတွင်ရှိသော ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမမကျန် တတ်နိုင်သမျှ မြားလုပ်ကြရန် ကိုညိုပုက မေတ္တာရပ်ခံထားသည်။ထို့ကြောင့်လည်း သူတို့ တစ်ရွာလုံး အစွမ်းကုန် လုပ်နေကြခြင်း ဖြစ်သည်။

မောင်ထွန်းကလေးသည် မောင်ချစ်ကြီး၊ ကိုမောင်စစ်တို့နှင့်အတူ တစ်ရွာလုံးသို့ လှည့်ကာ တစ်အိမ်တက်ဆင်းဖြင့် မြားများကို လိုက်လံ သိမ်းယူသည်။ ပြီးတော့ တောတွင်းသို့ သယ်သွားကြသည်။ အပြင်မှာ မိုးစဲနေပြီ။

တောတွင်းရှိ သစ်ပင်တစ်ပင်၏ ခြေရင်းတွင် စဉ့်အိုးတစ်လုံး ရှိသည်။





...ောင်ထွန်းသည် စဉ့်အိုးအနီးတွင် ရပ်ပြီး လေတင်၊ လေအောက်ကို ကြည့်နေသည်။ လေကြောင်းကို သိသောအခါကျမှ လေတင်ဘက်နေပြီး စဉ့်အိုးအဖုံးကို သတိကြီးစွာဖြင့် ဖွင့်လိုက်သည်။ မီးတုတ်မှ အလင်းရောင်ဖြင့် စဉ့်အိုးတွင်းသို့ မြားများကို တစ်ချောင်းပြီးတစ်ချောင်း နှစ်လိုက်သည်။ စဉ့်အိုးတွင်းမှာ မြားဆိပ်များ ရှိသည်။ ထို့ကြောင့် သတိကြီးစွာထားပြီး ပြုလုပ်နေခြင်း ဖြစ်သည်။ အဆိပ်...သော မြားများကို ပလိုင်းအတွင်းသို့ စနစ်တကျ ထည့်သည်။

အဆိပ်ကို ကိုင်တွယ် အသုံးပြုရာတွင် သတိမလစ်ဖို့ ကိုညိုပုက အကြိမ်ကြိမ် သတိပေးထားသည်။ မြားကို အဆိပ်လူးပုံ လူးနည်းများလည်း ကောင်းစွာ ...င်ပြထားသည်။ မြားဆိပ်များကို ရှူရှိုက်မိပါက ရက်ပိုင်းအတွင်း သေသွားနိုင်သည်။

အန္တရာယ် ကြီးမားသောကြောင့် အဆိပ်များကို အသုံးမပြုရန် လူကြီးများ...က ကိုညိုပုကို တားမြစ်ကြသေးသည်။ သို့သော်လည်း ရန်သူအပေါ်တွင် စိတ်...နာကြီး နာနေသည့် ကိုညိုပုက လက်မခံ။

သန်းခေါင်ခန့် အချိန်ကျမှ မောင်ထွန်းတို့ မြားများကို အဆိပ်လူးပြီးသည်။ မောင်ထွန်းကလေးသည် လူပျိုကြီးဖားဖား ဖြစ်လာပြီ၊ သူ့အသက် (၁၆) ...ပြည့်ပြီ။ အရွယ်နှင့် မလိုက်အောင်လည်း ကျန်းမာသန်စွမ်းလှသည်။ အလွန်...ရာလည်း ဖျတ်လတ် သွက်လက်သည်။ လေးထောင့်ကျသော မေးရိုးကြီးများသည် သူ့အဖေ ဦးလေးပါနှင့် တစ်ပုံစံတည်း ဖြစ်သည်။

ကိုညိုပု သွားလေရာ နောက်သို့လည်း တကောက်ကောက် လိုက်နေ...တတ်၏။ ကိုညိုပု ခိုင်းသမျှကိုလည်း မညည်းမညူ လုပ်ကိုင်လေ့ ရှိ၏။ ရပ်ရေး...ရေး မှန်သမျှတွင်လည်း သူ မပါသည့်နေရာ မရှိ။ မည်သည့် အလုပ်ကိုမဆို ...ိုမကပ် လုပ်ကိုင်တတ်သူလည်း ဖြစ်သည်။

ကောင်ဟွာရွာသို့ သူတို့ ပြန်ရောက်လာကြပြီးနောက် ပြင်သစ်တို့ လာ...ောက် တိုက်ခိုက်ခြင်းကို နှစ်ကြိမ်တိုင်တိုင် ခံခဲ့ကြရသည်။ နှစ်ကြိမ်စလုံးတွင်...ည်း အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြသည်။ သူတို့မှာ ဆန်လည်း အလုံ...လောက် ရှိပြီ။ သူတို့၏ စည်းလုံးညီညွတ်သော အင်အားကြောင့် ပြင်သစ်...တို့လည်း အလွယ်တကူ တိုက်ခိုက် သိမ်းပိုက်နိုင်ခြင်း မရှိကြ။ ထို့ကြောင့်လည်း ...ငယ်ပိုင်းက သူတို့ကိုယ်သူတို့ ယုံကြည်မှု ပိုများလာကြသည်။

"ကျားဆိုတဲ့ သတ္တဝါကောင်ဟာ ဒဏ်ရာ လေးငါးခါလောက် ရလိုက်ရင် ...နောက် လာရဲတော့တာမှ မဟုတ်ဘဲ။ ပြင်သစ်တွေလည်း ဘာသားလုပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့၊ နောက်ဆိုရင် ဒီကောင်တွေ တို့ကောင်ဟွာရွာနားကို ကပ်ရဲတော့မှ မဟုတ်ပါဘူး" ဟု မောင်ချစ်ကြီးက ပြောလေ့ ရှိသည်။

တစ်နေ့တွင် မောင်ချစ်ကြီးသည် လူငယ်များကို ခေါင်းဆောင်ပြီး တော တွင်းသို့ သစ်သီးရှာ ထွက်ကြသည်။

ထိုအချိန်မှာပင် ပြင်သစ်တို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာကြ၏။ ရွာ တွင်းမှာလည်း လောက်လောက်လားလား လူငယ်များ မရှိ။

ပြင်သစ်တို့သည် ရွာတွင်းသို့ကား မဝင်ရဲ။ ရွာအပြင်ရှိ တောင်ယာစိုက် ခင်းများကို ဝင်ရောက် ဖျက်ဆီးကြသည်။ စစ်သားများစွာလည်း ခြောင့်ရှုးသပြ ခံကြ၍ရာရကြသည်။ နောက်ဆုံးတွင် ရွာသူရွာသား ရှစ်ယောက်ကို ဖမ်းဆီး ခေါ် ဆောင်သွားသည်။

အဖမ်းခံရသူများထဲတွင် မောင်ချစ်ကြီး၏အမေ ဒေါ်ဟူး မလေးယု၏ညီ မလှလှနှင့် အခြား အဘိုးအို၊ အမယ်အို ခြောက်ယောက်တို့ ပါသည်။ ယင် မားစာခံ ရှစ်ယောက်တို့ကို ဖမ်းဆီး ခေါ်ဆောင်သွားရာ လမ်းတစ်လျှောက်တွင် ပြင်သစ်တို့က ရက်ရက်စက်စက် ရိုက်နှက် ညှဉ်းပန်းသွားကြသည်။ ကောင်ဟွာ ရွာသားများ အကြွင်းမဲ့ လက်နက်ချခြင်း မပြုပါက ယခု မားစာခံ ရှစ်ယောက် စလုံးကို ခေါင်းဖြတ်သတ်မည်ဟုလည်း ရာဇသံ ပေးသွားကြသည်။

မိမိတို့ ရွာသားရှစ်ယောက်၏ အသက် မဆုံးရှုံးရေးအတွက် လက်နက်ချ မည်ဟု ရွာသားများက ဆုံးဖြတ်ကြသည်။ ကိုညိုပုက အကြိမ်ကြိမ် တောင်းပ တားမြစ်နေ၏။

နောက်ဆုံး တားမရတော့သည့်အဆုံးတွင် အိမ်ထောင်စု ခြောက်ဆူ လူသုံးဆယ်တို့ကိုသာ သွားရောက် လက်နက်ချရန် ခွင့်ပြုလိုက်သည်။ ယင် လူသုံးဆယ်တို့သည် နာမကျန်းဖြစ်နေသူများ၊ ကလေးသူငယ်များနှင့် မိန်းမများ ဖြစ်သည်။

လက်နက်ချပြီးသောအခါ သူတို့ အားလုံးသည် ဟာရိုးရွာရှိ ပြင်သစ်စခန်း တွင် နေကြရသည်။ ထိုစခန်း၏ ပတ်လည်တွင် သံဆူးကြိုးများ ကာထားသည် စစ်သားအစောင့်များကိုလည်း မပြတ်ချထားသည်။

ဤသို့ ဖြစ်ရသည့်အတွက် မဖြေဆည်နိုင်ဆုံးသောသူမှာ မောင်ချစ်ကြီး ဖြစ်သည်။ ရွာရှိ လူငယ်များကို ခေါင်းဆောင်ပြီး တောတွင်းသို့ သွားနေခဲ့ ကြောင့် ယခုလို အငိုက်မိရသည်ဟု တဖျစ်တောက်တောက် ပြောနေသော သည်။ သူ့အမေကိုယ်တိုင် အဖမ်းခံရသည့်အထဲ ပါသွားသောကြောင့် မိုး





တ်ထိခိုက်ရပြန်သည်။

ထိုသို့ ဖြစ်သည့်နေ့မှစပြီး ကိုညိုပုသည် မောင်ချစ်ကြီးကို စကားမပြော။ ညိုပုလည်း အလွန် စိတ်ထိခိုက်နေကြောင်း သူတို့ အားလုံး သိကြသည်။

"ရန်သူကို တို့ စပြီး မတိုက်ခင်ကတည်းက တို့ရွာသူရွာသားတွေအပေါ်မှာ ဦး သစ္စာထားခဲ့ကြတယ်။ ရွာသား အားလုံးကလည်း တို့အပေါ်မှာ ယုံကြည် အားကိုးခဲ့ကြတယ်၊ ဒါကြောင့်လည်း နောက်ဆုံး တို့ ဘာလုပ်ချင်သလဲ၊ တို့လုပ် ချင်တဲ့အတိုင်း ရွာသား အားလုံးက ကျေနပ်ခဲ့တယ်။ ထောက်ခံ အားပေးခဲ့ကြ သယ်။ ဒီကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ဝတ္တရားကျေအောင် မင်းတို့ ဘာပြန် လုပ်ပေးခဲ့ကြသလဲ"

ကိုညိုပုသည် စိတ်ထိခိုက်စွာဖြင့် လူငယ်များ အားလုံးကို ပြောနေသည်။ သူတို့အားလုံး ခေါင်းငိုက်စိုက် ဖြစ်နေကြသည်။ မောင်ချစ်ကြီးသည် ကိုညိုပုနှင့် က်နှာချင်း မဆိုင်ရဲသောကြောင့် မျက်နှာလွှဲနေသည်။ ထိုအချိန်မှာပင် ကိုညိုပု သူ့ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်လာနေသည်။

"ဒီနေ့ည မင်း မောင်ထွန်းနဲ့လိုက်သွား၊ မောင်ထွန်းပြောတာ နားထောင်။ ောင်ထွန်းခိုင်းတာလုပ်"

ယခင်အခါများက ကိုညိုပု ထိုသို့ပြောလျှင် မောင်ချစ်ကြီးသည်-

"ဟာဗျာ ဘာဖြစ်လို့ ကျုပ်က မောင်ထွန်းခိုင်းတာ လုပ်ရမှာလဲ။ သူက ကြီးလား၊ ကျွန်တော်က လူကြီးလား။ ဒီကောင် ကလေးပဲ ရှိသေးတဲ့ဥစ္စာ"

ဟု ပြန်ပြောလေ့ရှိ၏။ ယခုမူ မောင်ချစ်ကြီးသည် တုန်လှုပ်သောအသံဖြင့်-

"အစ်ကိုညိုပုရယ် ကျွန်တော့် အမှားပါဗျာ၊ ကျွန်တော့်အမှား . . ."

"ထားပါကွာ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ငါလည်း အခု လိုက်သွားမှ မယ်" ဟု မောင်ချစ်ကြီး စကားကို အဆက်မခံဘဲ ဖြတ်ပြောလိုက်သည်။

"အစ်ကိုညိုပု ဘယ်ကို သွားမှာလဲ"

"ငါ ဟာရိုးရွာက အကျဉ်းစခန်းကို သွားရမှာပေါ့"

"ဟာ အစ်ကိုညိုပု"

မောင်ချစ်ကြီး စကားအဆုံးကို နားမထောင်တော့ဘဲ ကိုညိုပုက ကျော ထွက်သွားသည်။

မောင်ချစ်ကြီး ဗိုရ်၍ စိတ်မကောင်း ဖြစ်သွားရပြန်သည်။ ဟာရိုးရွာသို့ သွားတွင် ကိုညိုပု တစ်စုံတစ်ရာသော ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရပါက င် တရားခံ ဖြစ်ဦးတော့မည်။ မပြောကောင်း မဆိုကောင်း ထိုသို့ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါက သူကိုယ်သူပင် ခွင့်လွှတ်နိုင်တော့မည် မဟုတ်။

* * *

ကောင်ပွာရွာသား သုံးဆယ်တို့ လက်နက်ချရန် ရွာတွင်းမှ ထွက်
သွားကြစဉ်က ကိုညိုပုသည် ရွာအဝင် စည်းရိုးတံခါးဝမှ ရပ်ကြည့်နေခဲ့သည်
သူ့ရင်ထဲမှာ အလွန် ထိခိုက်နေသည်။ ထို့ကြောင့် စကားတစ်လုံးမျှ မပြော
နေဝင်ချိန်ရောက်သည်အထိ ထိုရွာထိပ်မှာပင် မတုန်မလှုပ် ရပ်နေခဲ့သည်။

အိမ်ပြန်လာသောအခါတွင်လည်း အငူသား ထိုင်နေပြန်၏။

ကိုညိုပု နဖူးပေါ်တွင် အရေးများ တွန့်စပြုလာပြီ ဖြစ်ကြောင်းကို ထိုည
မလေးယု သတိပြုမိသည်။ ကိုညိုပုသည် လူငယ် မဟုတ်တော့။ လူလတ်ပိုင်း
ရောက်ပါပေါ့လားဟု သတိထားမိသည်။

နောက်နေ့ မနက်စောစောတွင် ကိုညိုပုသည် လေးနှင့် မြားကို ယူ
နေအိမ်မှ ထွက်ခဲ့သည်။ လမ်းခုလတ်မှာ ဦးလေးပါနှင့် တွေ့သည်။

"မောင်ညိုပု ဘယ်လဲ"

"ဦးလေးပါ။ ကျွန်တော်တို့ဟာ ပါတီကျေးဒါတွေ ဖြစ်တယ်။ ကျွန်တေ
ရွာသားတွေ ဘယ်သွားသလဲ၊ သူတို့သွားရာ နောက်ကို ကျွန်တော်တို့လည်
လိုက်ရမယ်။ ဒီကိစ္စကို မနေ့ညက ကျွန်တော် အလေးအနက် စဉ်းစားခဲ့တ
ကျွန်တော် ဟာရိုးရွာကို လိုက်သွားပြီး ကျွန်တော့် ရွာသားတွေ လွတ်မြော
ရေးအတွက် ကြိုးစားရမယ် ဦးလေးပါ။ ကျွန်တော်က လူငယ်ပါ။ ခရီးကြမ်း
မယ့် သွားနိုင်ပါတယ်။ ဦးလေးပါကတော့ အသက်ကြီးပြီ၊ ရွာမှာ နေခဲ့ပြီး အ
အရာရာ စောင့်ရှောက်လိုက်ပါ"

ကောင်ပွာရွာမှ ဟာရိုးရွာသို့ရောက်အောင် တစ်နေ့ခရီး သွားရသ
ကိုညိုပုသည် ဟာရိုးရွာအနီး ရောက်သောအခါ တောင်ပေါ်သို့တက်ပြီး ပု
အောင်းနေသည်၊ ပြင်သစ် အစောင့်စစ်သားသည် မကြာခဏ ဆိုသလို အ
သို့ ထွက်လာပြီး တောင်တောင်မြောက်မြောက်သို့ လှည့်ကြည့်တတ်၏။ ပြီး
ကင်းတဲအတွင်းသို့ ပြန်ဝင်သွားတတ်သည်၊ ထိုသို့သော အချိန်တိုင်းတွင်
နေရာမှ ခုန်ထွက်ပြီး ပြင်သစ်စစ်သားကို အသေမသတ်မိအောင် သူစိတ်က
ကြိုးစားထိန်းနေရ၏။

ညမှောင်လာသောအခါ တောထဲမှာ ပို၍ မှောင်လာသည်၊ ပြင်သ
ရန်မျှသာ မဟုတ်သေး။ တောတွင်းရှိ သားရဲတိရစ္ဆာန်တို့၏ ရန်ကိုလ
ကြောက်ရသေးသည်၊ ထို ပထမညမှာပင် ကျားနှင့် ပက်ပင်း တိုးသေးသ





သစ်ပင်တစ်ပင်၏ နောက်ကွယ်တွင် ပုန်းအောင်းနေခဲ့ရသည်။ ကျားက မိမိကို
ရန်မမူသဖြင့် တော်ပေသေးတော့သည်။

နောက်တစ်နေ့တွင် သူသည် ချုံတစ်ခုအတွင်းမှာ ပုန်းအောင်းရင်း ဟာရိုး
ရွာသားများ လာလိုလာငြားဖြင့် စောင့်နေ၏။ သို့သော် နေသာကုန်သွားသည်
မည်သူ တစ်စုံတစ်ယောက်မျှ ရောက်မလာချေ။ သူသည် ဟာလာသည့်ဝမ်းကို
အနီးရှိ သစ်ရွက်နုများကို ခူးယူစားခြင်းဖြင့် ဖြည့်လိုက်ရသည်။

သို့ဖြင့် နေဝင်ရသောအခါ တောင်ပေါ်သို့ ပြန်တက်ပြီး ပုန်းအောင်းနေရ
ပြန်သည်၊ နောက်တစ်နေ့ မိုးလင်းသောအခါ တောင်အောက်သို့ဆင်းပြီး ချုံပုတ်
အတွင်းမှာ ပုန်းကွယ်ရင်း ရွာသားများ အလာကို စောင့်ရပြန်၏။

ထိုအခိုက်မှာပင် ရွာသားတစ်ယောက် လျှောက်လာသည်ကို မြင်တွေ့
လိုက်ရသည်၊ မိမိတို့ ရွာသား ဖြစ်မည်အထင်ဖြင့် ဝမ်းသာအားရ လှမ်းကြည့်
မိသည်။ သို့သော် သူ့ရွာသား မဟုတ်။ ဟာရိုးရွာသား ဖြစ်နိုင်သည်။

ပြင်သစ်များ လက်အောက်တွင် အဖိနှိပ် အချုပ်ချယ်ခံနေရသည့် ရွာသား
တစ်ယောက်ကို ငါးနှစ်အတွင်း ပထမဦးဆုံးအကြိမ် မြင်တွေ့ဖူးခြင်း ဖြစ်သည်။

ချုံအတွင်းမှ ထွက်ရေး မထွက်ရေးကို စဉ်းစားရသေးသည်။ ထိုသူသည်
မိမိကို ဖမ်းဆီးပြီး ပြင်သစ်များလက်သို့ အပ်လိုက်လေမလား။ သည်လိုတော့
လည်း ဖြစ်နိုင်ဖွယ် အကြောင်း မရှိပါ။ ထိုသူသည်လည်း ပြင်သစ်တို့၏ လက်
အောက်တွင် ဘေးဒုက္ခပေါင်းစုံနှင့် နေထိုင်ခဲ့ရသူ ဖြစ်ချေသည်။

ကိုညိုပုသည် ချုံတွင်းမှ ထွက်ရပ်လိုက်၏။ ဟာရိုးရွာသားသည် ချုံတွင်းမှ
ထွက်လာသည့် ကိုညိုပုကို ခြေဆုံးခေါင်းဖျား သေသေချာချာ ကြည့်သည်။
ထို့နောက် နောက်ကြောင်းသို့ လှည့်ကာ တစ်ချိုးတည်း ပြေးလေတော့သည်။

"ဟေ့ မပြေးနဲ့ . . မပြေးနဲ့၊ ငါ ကောင်ပွာရွာကပါကွ။ မင်းတို့ကို တွေ့ချင်
လို့ လာတာပါ" ဟု အော်ရင်း ကိုညိုပုကလည်း နောက်မှ အတင်းလိုက်သည်။

ကောင်ပွာရွာ ဟူသော အမည်ကို ကြားသောအခါ ထိုလူငယ်သည်
ကိုညိုပုကို သမင်လည်ပြန် လှည့်ကြည့်သေး၏။ ကိုညိုပု လက်ထဲမှ လေးနှင့်မြား
တို မြင်သောအခါ လာလမ်းအတိုင်း ပြန်ပြေးသည်။

ထိုလူငယ် ရွာသို့ ပြန်ရောက်သွားပြီး တောတွင်း၌ ကိုညိုပု ရောက်နေ
သည့်သတင်း ပြန့်သွားလျှင် သူ့တွင် အန္တရာယ် အလွန်ကြီးတော့မည် ဖြစ်သည်။
သူ့အစီအစဉ်များ အားလုံးလည်း ပျက်စီးရချေတော့မည်။

ထို့ကြောင့် ကိုညိုပုသည် ရှိသမျှ ခွန်အားကိုသုံးကာ အံကြိတ် တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပြီး နောက်က ဖွတ်အတင်းလိုက်၏။

*နှစ်ရက်လုံးလုံး သူ ထမင်းမစားခဲ့ရ။ ထို့ကြောင့် အားအင်များ ကုန်ခန်းလာ*ကာ မျက်စိများ ပြာဝေလာသည်။ နားထဲမှ လေများ တဝူးဝူး ထွက်လာသည်။ ပတ်လည်မှာ ကျန်ရစ်ခဲ့သော သစ်ပင်တို့သည် ဖောက်ထိုးမိုးမျှော်များ ဖြစ်ကာ သူ့ကိုယ်ပေါ်သို့ လဲကျတော့မည်ဟု စိတ်ထဲမှာ ထင်လာသည်။

သို့ဖြင့် စမ်းချောင်းငယ်တစ်ခု အနီးသို့ ရောက်သောအခါ ရှေ့မှ လူငယ်ကို မီလာသည်။ ကိုညိုပုသည် ရှိသမျှအားဖြင့် ဆွဲမိဆွဲရာကို လှမ်းဆွဲလိုက်၏။ လူငယ်၏ အင်္ကျီစကို ဆွဲမိလျက်သား ဖြစ်သွားသည်။

"မင်း ဘာလို့ ပြေးတာလဲ၊ ဘာဖြစ်လို့ ပြေးတာလဲ"

ကိုညိုပုက ဗလုံးဗထွေး မေးသည်။ နှစ်ယောက်စလုံး အမောဆို့နေကြ၏။ နားထဲမှ လေများ ထွက်နေသဖြင့်လည်း တစ်ယောက် ဘာပြောသည်ကို ကျန်တစ်ယောက်က ရုတ်တရက် မကြားနိုင်။ အနည်းငယ် အမောပြေလာသော အခါကျမှ ပြာဝေနေသည့် မျက်စိတို့လည်း ကြည်လင်စ ပြုလာသည်။

"အစ်ကိုကြီးရယ်၊ ကျွန်တော့်ကို ချမ်းသာပေးပါဗျာ။ ကျွန်တော့်ကို မသတ်ပါနဲ့။ ကျွန်တော် လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး ခင်ဗျာ။ ပြင်သစ်တွေက အတင်းအဓမ္မ ခိုင်းလို့ မလုပ်ချင်ဘဲနဲ့ လုပ်ရတာပါ။ ကျွန်တော့်ကို မသတ်ပါနဲ့ ခင်ဗျာ"

စသည်ဖြင့် ထိုလူငယ်က သနားစဖွယ် တောင်းပန်နေသည်။ အခြေအနေကို ယခုမှပင် ကိုညိုပု ရိပ်စားမိတော့၏။

"ဘယ်လောက် ယုတ်မာတဲ့ ပြင်သစ်တွေလဲ၊ ကောင်ဟွာရွာကို တိုက်ဖို့အတွက် ဟာရိုးရွာသားတွေကို လမ်းပြလုပ်ခိုင်းတယ်။ ပြီးတော့ ဒီလို လမ်းပြတဲ့အတွက် ကောင်ဟွာရွာသားတွေက ဟာရိုးရွာသားတွေ အပေါ်မှာ အခဲမကျေဖြစ်နေကြတယ်လို့ ရန်တိုက်ပေးတယ်။ ဟာရိုးရွာသားတွေကို တွေ့ရာသချိုင်းမားမဆိုင်းဘဲ သတ်လိမ့်မယ်လို့ လုပ်ကြံပြီး ခြောက်လှန့်ထားတယ်။ ဒီလို မမှန်တာတွေ ပြောပြီး သွေးခွဲထားလို့ အရင်နှစ်က ကောင်ဟွာရွာကို ဟာရိုးရွာသားတွေဟာ ပြင်သစ်ကို ကြောက်တာထက် ကောင်ဟွာရွာသားတွေကို ပိုပြီးကြောက်နေကြပြီ"

ကိုညိုပုသည် ထိုလူငယ် နားလည်သဘောပေါက်အောင် အမျိုးမျိုး ရှင်းပြနေ၏။ ပထမ အကြောက်ပြေအောင် လုပ်ရသည်။ အကြောက်ပြေသောအခါကျမှ မိမိ လိုချင်သည့် အကူအညီကို တောင်းရသည်။ ညနေစောင်းသောအခါ





သူ လိုချင်သည့် အကူအညီကို ရတော့သည်။

ကိုညိုပုသည် ဟာရိုးရွာမှ ယခင် သူကြီးဟောင်းနှင့် တွေ့ဆုံလိုသည်။ ...က်ဖြန် မနက်တွင် တောင်ယာအတွင်းသို့ မိမိနှင့် လာရောက် တွေ့ဆုံရန် ...ပြောပေးဖို့ ထိုလူငယ်က သဘောတူသွားသည်။

ကိုညိုပုသည် ကောင်ဟွာရွာသို့ ပြန်ချင်သေး၏။ သို့သော်လည်း မနက်ဖြန် ...ချိန်မီ ပြန်မရောက်မည်ကို စိုးရိမ်သဖြင့် မပြန်တော့ဘဲ တောင်ပေါ်သို့ ပြန် ...က်ပြီး ကျောက်ဂူတစ်ခုအတွင်းမှာ ပုန်းအောင်းနေလိုက်သည်။

ညသန်းခေါင်လောက် ရောက်သောအခါ တောဆင်ရိုင်းတစ်အုပ် ကိုညိုပု ...န်းအောင်းရာ တောတွင်းသို့ ရောက်လာ၏။ သစ်ပင်များကို ချိုးဖဲ့ရင်း ကျယ် ...လောင်သော အသံများဖြင့် အော်ဟစ် ဆူညံနေကြသည်။ သူသည် ကျောက်ဂူ ...တွင်းမှာ အသက်ကိုမျှ ရဲရဲ မရှူဝံ့ဘဲ ပုန်းအောင်းနေရသည်။

ယခင် သုံးနှစ်တုန်းက ကောင်ဟွာရွာသား ငါးယောက်ကို ပြင်သစ်တို့ထံ ...ွင် လက်နက်ချရန် ကိုညိုပု ခွင့်ပြုခဲ့ဖူး၏။ ယင်းတို့အနက် လေးယောက်မှာ ...သတ်ခံခဲ့ရသည်။ ယခုလည်း ရွာသားသုံးဆယ်ကို လက်နက်ချရန် သူ ခွင့်ပြု ...ပြန်ပြီ။ ယခု လက်နက်ချသူ အားလုံးတို့မှာ သက်ကြီးရွယ်အိုများ၊ ကလေးသူ ...ယ်များနှင့် အမျိုးသမီးများ ဖြစ်သည်။

သူတို့ကို မျက်ခြည်မပြတ်ကြည့်ပြီး မည်နည်းမည်ပုံ ကယ်တင်ရမည်ကို ...ည်းလမ်းရှာဖွေနိုင်မှ အားလုံး အသက်ချမ်းသာရာ ရပေမည်။ ယခု သုံးဆယ် ...ာမက စောစောက ဖမ်းသွားသည့် ရှစ်ယောက်တို့ကိုလည်း ကယ်တင်ရန် ...ရေးကြီးသည်။ အားလုံးကို တစ်ပါတည်း ကယ်တင်နိုင်မှ ဖြစ်မည်။ ထိုသို့ ...ယ်တင်နိုင်အောင် မည်သို့ လုပ်ရမည်နည်း။ ကိုညိုပု ဘာမှ မစဉ်းစားတတ် ...သေး။

ကိုညိုပုသည် ကျောက်ဂူအတွင်းမှာ လဲလျောင်းရင်း နောက်နေ့သို့ ရောက် ...မ်သာ စိတ်စောနေသည်။ အချိန် ဟူသည်မှာ တစ်စုံတစ်ရာကို စောင့်ဆိုင်းရ ...သည့်အခါတွင် ပိုမို ရှည်ကြာသည်ဟု ထင်ရစမြဲပင်။

နောက်တစ်နေ့ နေ့ခင်းပိုင်းတွင် ကိုညိုပု စောင့်နေရာ တောင်ယာအတွင်း ...သို့ ဟာရိုးရွာ၏ သူကြီးဟောင်း ရောက်လာ၏။ ကိုညိုပုနှင့် သိဟောင်းကျွမ်း ...ဟောင်းပင် ဖြစ်၏။ အဘိုးကြီးသည် ကိုညိုပုကို မြင်သည်နှင့် တစ်ပြိုင်တည်း ...က်ရည်ဖြိုင်ဖြိုင် ကျလေတော့သည်။

"မောင်ညိုပုရယ်၊ တို့ဒုက္ခကို ကြည့်ပါဦး။ တို့တစ်ရွာလုံး ပြင်သစ်လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ဘယ်သူမှ မနေချင်ပါဘူး။ အကုန် ဒုက္ခရောက်ကုန်ကြပြီ။ မတ
နိုင်လွန်းလို့သာ နေကြရတာ၊ ဒီလောက် ဒုက္ခရောက်ရတဲ့အထဲကို မင်းတို့
သားတွေကို ဘာလို့ လွှတ်လိုက်ရတာလဲ"

အဘိုးကြီး၏ စကားကို ကြားရသောအခါ ကိုညိုပုသည် နှုတ်ခမ်
ပြုတ်မတတ် ကိုက်ထားသည်။ သူ့ရင်ထဲမှာ ဆို့လာသည်။

"အမှန်တော့ ကျွန်တော် လွှတ်လိုက်တာ မဟုတ်ပါဘူး၊ အခု သူ
ဘယ်လိုဖြစ်နေကြသလဲ၊ သူတို့အကြောင်းကို သိချင်တာနဲ့ ကျွန်တော် ခရီးအ
ကြီးကနေ လာခဲ့ရတာပါ ဦးလေးရယ်"

သူတို့နှစ်ယောက်သည် သစ်ပင်တစ်ပင်၏ဘေးမှ ချုံတစ်ခုအတွင်း၌ ထ
နေကြသည်။ ရွာသားများ အားလုံး အကျဉ်းစခန်းအတွင်း၌ ဒုက္ခခံစားနေကြ
ကို အဘိုးကြီးက ပြောပြသည်။

"စိတ်မချမ်းသာစရာ ကောင်းလိုက်တာ ဦးလေးရယ်။ ကြားရက်စရာ
ထောင်ရက်စရာတောင် မရှိဘူး။ ပြည့်စုံအောင် ပြောပြပါဦး၊ ဘယ်လို အ
အနေ ရောက်နေကြသလဲ"

အဘိုးကြီး ပြောပြသော အကြောင်းအရာများသည် စိတ်မချမ်းမြေ့ဖွယ်
များချည်းသာ ဖြစ်သည်။ ပြင်သစ်လက်အောက်တွင် နေထိုင်ကြသူများသ
ဆားနှင့် အဝတ်အစားကို အလုံအလောက်ရကြောင်း စောစောက သူတို့ ကြ
ရသည်။ ယခုမှ ဇာတ်ရည်လည်လာသည်။ ဆားနှင့် အဝတ်အစားများ ရှိသ
မှာ မှန်၏။ သို့သော်လည်း မိမိတို့ ဘာနားလူမျိုးများအတွက် မဟုတ်။

ဤရွာတွင်းမှာ ရွာသား လေးရာကျော် နေထိုင်ကြသည်။ ရွာသူကြီး
မိသားစုများသာလျှင် ဆားအနည်းငယ်နှင့် အဝတ်အစား အနည်းငယ်စီ ရ
သည်။ ကျန် ရွာသားများမှာ ဘာတစ်ခုမှ မရကြ။

မနက် (၈)နာရီတွင် သံချောင်းခေါက်သည်။ ထိုအခါ ရွာထိပ်တံခါးကြီး
ဖွင့်ပေးပြီး ရွာသားများ တောင်ယာသို့ သွားစေသည်။ ညနေ (၅)နာရီတွ
သံချောင်းတစ်ခါ ခေါက်သည်။ တောင်ယာလုပ်နေကြသည့် ရွာသားများအ
လုံး ရွာတွင်း ပြန်ရောက်သောအခါ တံခါးကို ပိတ်လိုက်သည်။ နောက်တစ်
နံနက် (၈)နာရီအထိ မည်သူမျှ အပြင်သို့ ထွက်ခွင့် မရတော့။ သူတို့အားလုံး
ဘဝသည် ဝက်များ၊ ကျွဲများနှင့် ဘာမှ မခြားတော့ချေ။

သူတို့ကို အချိန်မရွေးလည်း ခွေးတပ်ဆွဲသေးသည်။ ထရပ်ကားများ
တင်ခေါ်သွားပြီး ပြင်သစ်စခန်းများရှိသည့် ပလေကူး၊ ဘီယင်ဟွာ၊ ဒတ်တူ





စသည့် အရပ်များသို့ ပို့တတ်ကြသည်။ တစ်လ၊ နှစ်လကြာ၍ ရွာသို့ ပြန်ရောက် သောအခါ ရောဂါပေါင်းစုံနှင့် မသေရုံတစ်မည်သာ ကျန်တော့သည်။ သူတို့၏ စိုက်ပျိုးလက်စ တောင်ယာများ၊ လယ်ကွင်းများသည်လည်း ချုံနွယ်ပိတ်ပေါင်း တို့ဖြင့် ပျက်စီးနေပြီကိုသာ မြင်တွေ့ကြရတော့သည်။

ဤစခန်းအတွင်းမှာရှိသော ငယ်ရွယ်သူ အမျိုးသမီးမှန်သမျှတို့သည်လည်း အကြိမ်ကြိမ် မုဒိမ်းကျင့်ခြင်းကို ခံကြရပြီးသူများချည်းသာ ဖြစ်သည်။ ပြင်သစ် စစ်သားတို့၏ မုဒိမ်းကျင့်ခြင်းကို ခံကြရသဖြင့် ရောဂါပေါင်းစုံတို့လည်း ကူးစက် ပျံ့နှံ့နေသည်။ အရှက်ကို အသက်နှင့်လဲသည့်အနေဖြင့် မိန်းကလေးတစ်ယောက် ဆိုလျှင် သူ့ကိုယ်ပေါ်မှ အဝတ်များကို ဆွဲဆုတ်ပြီး ကြိုးလုပ်ကာ ကြိုးဆွဲချ သေသွားဖူးသည်။

အသက်အရွယ်ငယ်သည့် ယောကျ်ားများကိုလည်း အတင်းအဓမ္မ စစ်ထဲ သို့ ဆွဲသွင်းကာ စစ်မြေပြင်သို့ စေလွှတ်နေသည်။ တစ်ခါက ရွာသားတစ်ယောက် ကို ပြင်သစ်တို့က မသင်္ကာ ဖြစ်သည်။ တောထဲသို့သွားပြီး 'ဟိုချီမင်း ခေါင်း ဆောင်သည့် တော်လှန်ရေးတပ်' တို့နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဖမ်းဆီး ရိုက်နှက်သည်။ ထိုမျှသာမကသေးဘဲ ပထမအကြိမ် သတိပေးသည့်အနေဖြင့် လက်တစ်ဖက်ကို လက်ကောက်ဝတ်မှ ဖြတ်ပစ်လိုက်သည်။

ကောင်ဟွာရွာသား သုံးဆယ့်ရှစ်ယောက်တို့နှင့် ပတ်သက်၍မူ အဘိုးကြီး ကောင်းကောင်း မသိ။ စခန်းအတွင်း၌ အိမ်များ ဆောက်ခိုင်းကာ အကျယ်ချုပ် ဘဝဖြင့် နေရသည် ဟူသော သာမန်သတင်းမျှကိုသာ ပြောပြနိုင်သည်။ သူတို့ကို ပြင်သစ်တို့က ဆားအနည်းငယ်စီ ပေး၏။ သို့သော်လည်း မည်သူကမျှ မယူဘဲ ငြင်းဆန်လိုက်ကြသည် ဆိုသည်။

"ကျွန်တော့်ရွာသားထဲက တစ်ယောက်ယောက်နဲ့ တွေ့ချင်တယ် ဦးလေး ရယ်။ ကူညီနိုင်ပါ့မလား"

အဘိုးကြီးသည် လေးလေးနက်နက် စဉ်းစားပြီးမှ အဖြေ ပြန်ပေးသည်။

"စီစဉ်ပေးမယ်လေ၊ ဒီနေ့ မွန်းလွဲပိုင်း ဟောဒီ တောင်ယာထဲမှာပဲ တွေ့တာ ပေါ့"

အဘိုးကြီး ပြန်သွားသောအခါ ကိုညိုပုသည် အရိပ်ကောင်းသည့် နေရာ တစ်ခုကို ရှာသည်။ ခဏတော့ အိပ်လိုက်ဦးမှ ဖြစ်မည်။ သို့သော်လည်း သူ အိပ် မပျော်နိုင်။ သို့ဖြင့် သစ်ပင်တစ်ပင်ပေါ်သို့ တက်ပြီး တောင်ယာပတ်လည်ကို အပေါ်မှ စီးကြည့်သည်။ ထိုအခိုက် တစ်စုံတစ်ယောက် ဝင်လာသည်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ ထို တစ်စုံတစ်ယောက်သည် ပတ်လည်သို့လှည့်ပြီး တစ်ခုခုကို ရှာဖွေနေဟန် ရှိ၏။ ပြီးတော့ အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်လိုက်သည်။

"မောင်ညိုပု၊ ဟေ့. . . မောင်ညိုပု၊ မင်း ဘယ်မှာလဲ"

အသံကြားတော့မှ မောင်ချစ်ကြီး၏အမေ အဒေါ်ဟူးဖြစ်ကြောင်း သိရတော့သည်။ ကိုညိုပုသည် သစ်ပင်ပေါ်မှ ကမန်းကတန်း လျှောဆင်းလိုက်သည်။ ထို့ကြောင့် သူ့ရင်ဘတ်မှာ ပွန်းပဲ့သွားသည်။ ဒေါ်ဟူးသည် ကိုညိုပုကို မြင်သည်နှင့် တစ်ပြိုင်တည်း ပြေးဖက်ကာ ရှိုက်ကြီးတငင် ငိုတော့သည်။

"မငိုပါနဲ့ အဒေါ်ရယ်၊ အချိန်ရှိတုန်း ကျွန်တော်တို့ စကားပြောကြရအောင်"

"ငါ့သား မောင်ချစ်ကြီးရော ပြင်သစ်တွေရဲ့ ရန်ကမှ သူ လွတ်ရဲ့လားကွယ်၊ မင်းနဲ့အတူတူ ဘာဖြစ်လို့ လိုက်မလာတာလဲ"

"မောင်ချစ်ကြီး ရှိပါတယ် အဒေါ်၊ ရွာကို စောင့်ရှောက်ဖို့ နေခဲ့တယ်"

စောစောပိုင်းက ဖမ်းဆီးခြင်းခံရသည့် ရွာသားရှစ်ယောက်အနက် နှစ်ယောက်ကိုသာ ထောင်မှ ပြန်လွှတ်ပေးသေးကြောင်း၊ နောက်ထပ် လိုက်လာကြသည့် ရွာသားသုံးဆယ်ကို အတင်းအဓမ္မ အိမ်များ ဆောက်လုပ်ခိုင်းကြောင်း ဟာရိုးရွာသားများနှင့်အတူ အကျဉ်းစခန်းအတွင်းမှာပင် နေထိုင်ကြရကြောင်း၊ ဆန်နှင့်ဆား အနည်းငယ်စီကို ပေးကြောင်း သို့သော်လည်း မည်သူကမျှ မယူဘဲ ငြင်းဆန်လိုက်ကြကြောင်း၊ အားလုံးက မိမိတို့ရွာသို့ ပြန်ရောက်ရေးကိုသာ စိတ်စောနေကြကြောင်းဖြင့် ဒေါ်ဟူးက ပြောပြသည်။

"ဒါထက် လှလှရော အဒေါ်၊ သူ နေကောင်းရဲ့လား"

ကိုညိုပုက သူ့ခယ်မလေးအကြောင်းကို မေးမြန်းသည်။

လှလှ အမည်ကို ကြားသည်နှင့် တစ်ပြိုင်တည်း အဘွားကြီးသည် ကြကြပါအောင် ငိုပြန်လေတော့သည်။ လှလှကို ပြင်သစ်စစ်သားများက ဝိုင်းဝန်းပြီး မတော်မတရား ပြုကျင့်လိုက်ကြကြောင်း၊ ထို့မှမက အဓမ္မကျင့်ပြီးနောက် အချုပ်ခန်းအတွင်းမှာပင် ထည့်သွင်း ချုပ်နှောင်ထားကြောင်း ပြောပြသည်။ ကိုညိုပု ရင်ထဲမှာ တင်းကျပ်လာသည်။

"အဒေါ်တို့အားလုံး အခုချက်ချင်း အိမ်ကို ပြန်ချင်ကြပါပြီ မောင်ညိုပုရယ်။ ဒီအရပ်မှာ ဘယ်သူမှ မနေချင်ပါဘူး၊ တစ်နေ့နေ့မှာတော့ ဖြစ်တဲ့နည်းနဲ့ ထွက်ပြေးရမှာပဲ၊ အခု လှလှ ရေတိမ်နစ်ရတဲ့ အဖြစ်ကိုပဲ ကြည့်လေ"

ကိုညိုပုသည် ဒေါ်ဟူး ပြောသမျှကို စိတ်ထိခိုက်စွာဖြင့် နားထောင်ရင်း



တွေးနေသည်။ ပြီးမှ တစ်လုံးချင်း ပြောပြသည်။

"အခု မဖြစ်နိုင်သေးဘူး အဒေါ်၊ တခြားရွာသားတွေကိုပါ ပြောပြပါ ပြင်သစ်တွေ ခိုင်းတဲ့အတိုင်း အိမ်တွေ ဆောက်ကြပါ၊ သူတို့ပေးတဲ့ ဆန်နဲ့ဆားကိုလည်း ယူကြပါ၊ သူတို့ သင်္ကာမကင်းဖြစ်အောင် ဘာတစ်ခုမှ မလုပ်ပါနဲ့လို့၊ ပြီးတော့ အခု ချက်ချင်းလည်း ထွက်မပြေးပါနဲ့ဦး၊ အခြေအနေ ပေးတာနဲ့ တစ်ပြိုင်တည်း အဒေါ်တို့အားလုံးကို ကျွန်တော် လာခေါ်ပါ့မယ်"

ထိုညက ကောင်ဟွာရွာသို့ ကိုညိုပု ပြန်သောအခါ ညဥ့်အလွန် နက်လှပြီ။ တောထဲမှာ အဖော်မပါဘဲ တစ်ယောက်တည်း ဖြတ်ပြန်ရသဖြင့် ကျားကသမင်ကို လိုက်သည့်အသံများကိုလည်း ကြားနေရသည်။ သို့သော် ဘာကိုမှ သူ မမှု။ သူ့စိတ်ထဲမှာ ပြင်သစ်စစ်စခန်းအတွင်းရှိ သူ့ရွာသားများ လွတ်မြောက်ရေး တစ်ခုတည်းသာ ရှိနေသည်။

ယခုအချိန်တွင် ပြင်သစ်များ သင်္ကာမကင်း မဖြစ်အောင် နေထိုင်တတ်ကြရန်လိုသည်။ သို့မှသာ ထောင်သွင်း အကျဉ်းချထားသော ရွာသားအားလုံး ပြန်လွှတ်လာမည်။ ယခု ထောင်တွင်းမှာ ခြောက်ယောက် ကျန်နေသေးသည်။ ထို ခြောက်ယောက်စလုံး လွတ်သည့်အချိန်အထိ စောင့်ဆိုင်းရမည် ဖြစ်သည်။ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် နည်းလမ်းပေါင်းများစွာတို့ကို သူ စဉ်းစားလာခဲ့သည်။

နောက်တစ်နေ့ မနက်တွင် ကိုညိုပုကို ကောင်ဟွာရွာမှာ မြင်တွေ့ကြရသည်။ ဦးလေးပါ၊ ဘကြီးဆန်းနှင့် အစည်းအဝေး ပြုလုပ်ကြသည်။

"ရွာကိုတော့ ဦးလေးပါနဲ့ ဘကြီးဆန်း လက်မှာပဲ အပ်ခဲ့ရမှာပဲ။ ရွာလုံခြုံရေးအတွက် ဦးလေးတို့ အစစအရာရာ ဂရုစိုက်ပြီး စောင့်ရှောက်ပါ။ အဆိပ်လူးမြားတွေ၊ ငြောင့်တွေကိုလည်း တတ်နိုင်သမျှ လုပ်ကြဖို့ ရွာသားတွေကို ဆော်ဩပါ။ ကျွန်တော်ကတော့ ဟာရိုးစခန်းနဲ့ အနီးဆုံးတစ်နေရာမှာ သွားနေမယ်။ ပြင်သစ်တွေမှာ အလွန် ကောက်ကျစ်ညစ်ပတ်တဲ့ ပရိယာယ်တွေ ရှိနေသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ ရွာသားတွေ အဖမ်းခံနေရတဲ့ အရပ်နဲ့ အနီးဆုံးမှာနေပြီး ပြင်သစ်တွေရဲ့ လှုပ်ရှားမှု ပရိယာယ်တွေကို ကြည့်ရမယ်။ ကျွန်တော်တို့လူတွေ လွတ်မြောက်ရေးအတွက် နည်းလမ်းရှာရမယ်"

ကိုညိုပုစကားကို ကြားရသောအခါ ရွာသား အားလုံးက ကိုညိုကို ပို၍လေးစားလာကြသည်။ မလေးယုသည် တောင်းတစ်ခုအတွင်းသို့ ပြောင်းဆန်များ၊ ပြာများကို ထည့်ပေးလိုက်သည်။ ကိုညိုပုအတွက် လိုအပ်သည်များ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေးပြီး တောင်ယာသို့ ထွက်သွားသည်။

"အမေရေ ကျွန်မ တောင်ယာထဲ သွားတော့မယ်" ဟု ယောက္ခမဖြစ်သူကို လှမ်းပြောခဲ့သည်။

"ညည်းယောကျ်ား ပြန်လာမှ အတူတူ သွားကြပါလား"

ဟု အဘွားကြီးက ပြောကြည့်သေး၏။ စိတ်နှလုံးထားကောင်းပြီး ဒုက္ခမျိုးစုံ ခံနေရသည့် ချွေးမလုပ်သူကို ကြည့်ကာ အဘွားကြီး စိတ်မကောင်းဖြစ်နေသည်။

"နေပစေတော့ အမေ၊ ရပ်ရွာကိစ္စတွေနဲ့ သူ သိပ်အလုပ်ရှုပ်နေတယ်၊ ကျွန်မ တစ်ယောက်တည်း လုပ်နိုင်ပါတယ်"

ကိုညိုပုသည် သူ့အစီအစဉ်အတိုင်း ဟာရိုးစခန်းဆီသို့ အရောက်လာခဲ့သည်။ ပထမတစ်ခေါက်က ပုန်းအောင်းခဲ့သည့် နေရာများမှာပင် ပုန်းရင်းဖြင့် စခန်းတွင်းရှိ သူ့ရွာသားများနှင့် အဆက်အသွယ်လုပ်သည်။

ဒေါ်ဟူးသည် လှလှနှင့်အတူ ကိုညိုပုကိုတွေ့ရန် ရောက်လာသည်။ ကိုညိုပု ရွာပြန်သွားနေခိုက် လှလှကို အခြား သုံးယောက်နှင့်အတူ ထောင်မှ လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။ ယခုဆိုလျှင် ထောင်တွင်း၌ နှစ်ယောက်သာ ကျန်တော့သည်။

ကိုညိုပုကို တွေ့သည်နှင့် တစ်ပြိုင်တည်း လှလှသည် ရှိုက်ကြီးတငင် ငိုတော့၏။ သည်ကလေးမသည် ယခုမှ ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။ အရွယ်မရောက်သေးဘဲနှင့် သူ့ဘဝမှာ အဖျက်ဆီးခံလိုက်ရသည်။ သူ့ကို နှစ်သိမ့်စကား ပြောရန် ကိုညိုပု ကြိုးစား၏။ သို့သော်လည်း တစ်လုံးမျှ နှုတ်ဖျားမှ ထွက်မလာ။

"မငိုပါနဲ့ ညီမလေးရယ်၊ တို့အားလုံး ဒီငရဲပြည်ထဲက လွတ်ကြမှာ အမှန်ပါပဲ"

ဟူသော စကားကိုသာ အက်ကွဲသောအသံဖြင့် နောက်ဆုံး ပြောနိုင်တော့သည်။

* * *

မိုးက အတန်ငယ် သည်းထန်သည်။ မိုးမှောင်ကျသဖြင့် ဝန်းကျင်တစ်ခုလုံးလည်း အမှောင်ထု ကြီးစိုးနေသည်။ ဟာရိုးရွာအတွင်း တစ်နေရာ၌ ကောင်ဟွာရွာသား ခြောက်ယောက်တို့သည် မီးဖိုဘေးမှာ ဝိုင်းထိုင်နေကြသည်။ မီးရောင် အပြင်သို့ မထွက်အောင် သူတို့ ဂရုစိုက်နေကြရ၏။ ညနေဝင်မီးငြိမ်းချိန် မီးရောင်တစ်ခုခုကို မြင်ပါက စစ်သားများက အမေးအစမ်းမရှိ သေနတ်နှင့်



စ်တတ်သည်။

နေ့ခင်းဘက်တွင် ပူသလောက် ညဘက်တွင် အအေးဓာတ် လွန်ကဲလွန်းသည်။ လှလှသည် စောင်တစ်ထည်ကို လည်ပင်းသို့ရောက်အောင် ဆွဲတင်ခြုံထားသည်။

"ချူလေးတောင်ပေါ်က တို့ရွာသားတွေကတော့ တို့ကို မေ့ကုန်ကြပါပြီကွာ"

ဟု ဘကြီးသိန်းက ညည်းသည်။ ဆံပင်ဖြူများဖြင့် ဖွေးဖွေးလှုပ်နေသော သူ့ခေါင်းကို ဒူးပေါ်မှာ တင်ထားရင်း အဘိုးကြီး စိတ်ထိခိုက်နေသည်။

"ဟုတ်ပါတယ်၊ ချူလေးတောင်ကြီးကလည်း တို့ကို မေ့သွားပါပြီ။ တို့ကလည်း သူ့ကို ကျောခိုင်းမိခဲ့ကြတယ် မဟုတ်လားကွာ။ တို့အပြစ်ပါပဲ၊ တို့ရဲ့ ...တ်မဲ့မှုပါပဲ။ မောင်ညိုပုက တို့ကို အတန်တန် တားပါလျက်နဲ့ သူ့စကားကို ...းမထောင်ဘဲ ငရဲပြည်ကို ခုန်ဆင်းခဲ့ကြတယ်။ တို့အပြစ်နဲ့တို့ ခံရတာပါပဲ၊ ...ို့ကို မောင်ညိုပုတို့ မေ့သွားတာလည်း အပြစ်မဟုတ်ပါဘူး၊ သူတို့ မှန်ပါတယ်"

ကျန်လူများသည် ဘာစကားမှ ဝင်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ...င် ဘကြီးသိန်း ပြောသည်များကို အငူသား နားထောင်နေကြသည်။ ထိုအခိုက် ...ှိုက်သံတစ်သံ ထွက်လာသည်။ ရှိုက်ကြီးတငင် ငိုလိုက်သောအသံ ဖြစ်သည်။ ...အသံကြားရာဘက်သို့ သူတို့ လှည့်ကြည့်လိုက်သည်။ ရှိုက်ကြီးတငင် ငိုကြွေးနေ...သူကား မလှလှပင်တည်း။

ဘကြီးသိန်း ပြောသည့်စကားကို ကြားသောအခါ လှလှ အလိုလို ဝမ်း...ည်းလာသည်။ သည်ရွာထဲမှာ ဒုက္ခခံစားနေကြရသည့် မိမိတို့အားလုံးကို ကောင်...ဟွာရွာသားများက မမေ့ကြောင်း လှလှ ကောင်းကောင်းသိသည်။ ပြီးတော့ ...မိတို့ လွတ်မြောက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် မိမိ၏ ...ိုဖြစ်သူ ကိုညိုပုသည် တောတွင်း၌ ဒုက္ခမျိုးစုံ ခံစားရင်း စောင့်ဆိုင်းနေသည် ...ဟုတ်ပါလား။ ထိုအကြောင်းများကို မည်သူ့ကိုမျှ ပြန်မပြောရန် ကိုညိုပုက ...အတန်တန် မှာလိုက်သည်။

လှလှသည် ဖွင့်မပြောမိရန် ကြိုးစား၏။ သို့သော် သူ့စိတ်ကိုသူ မထိန်းနိုင်။ ...ည်အကြောင်းကို ဖွင့်ပြောခြင်းအားဖြင့် အန္တရာယ် ရှိနိုင်သည်ဟု သူ မထင်။ ...ို့ကြောင့် နောက်ဆုံး စိတ်ကို မထိန်းနိုင်တော့ဘဲ ငိုသံဖြင့် ဖွင့်ပြောလိုက်မိလေ...တော့သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကောင်ဟွာရွာသားတွေက ကျွန်မတို့ကို မမေ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မိုးတွေ ဘယ်လောက်ရွာရွာ၊ မုန်တိုင်းတွေ ဘယ်လောက်ထန်ထန် သူတော တောထဲမှာ စောင့်နေတယ်၊ ကျွန်မတို့ကို သူသနားပြီး လာစောင့်နေတာ"

"ဘယ်သူလဲ၊ တောထဲမှာ ဘယ်သူ လာစောင့်နေတာလဲ"

ကျန်ငါးယောက်က တစ်ပြိုင်တည်း မေးလိုက်ကြသည်။

"ချူလေးတောင်ပေါ်က လူတစ်ယောက်"

"ဘယ်သူ ဟဲ့ . . . တို့ကို ဘာဖြစ်လို့ အစကမပြောတာလဲ၊ ဘယ်သူ လာ စောင့်နေတာလဲ"

သိချင်ဇောဖြင့် ဝိုင်းဝန်းမေးကြသည်။ လုလု စိတ်မထိန်းနိုင်တော့၊ မျက်ရည် များ ဖြိုင်ဖြိုင်ကျရင်းဖြင့် ထုတ်ဖော် ပြောမိတော့သည်။

"အစ်ကိုကြီး ကိုညိုပုရယ်၊ ကျွန်မတို့ ဒီကို ရောက်လာကတည်းက ... လိုက်လာပြီး တောထဲမှာ ပုန်းနေတယ်။ ကျွန်မတို့ကို ကယ်ဖို့ ရောက်နေတာ ကျွန်မတို့ လွတ်မြောက်ဖို့ သူ ကြိုးစားနေတာ"

"မင်း သူနဲ့ ဘယ်မှာတွေ့ခဲ့သလဲ"

လုလုသည် သူနှင့် ကိုညိုပုတို့ တွေ့ကြသည့် အကြောင်းများကို တစ်လုံး ကျန် ပြောပြလိုက်သည်။ ခြောက်ယောက်စလုံး၏ မျက်လုံးများ အရောင်တဖိတ် ဖိတ် တောက်လာသည်။ ဝမ်းသာသော မျက်ရည်များလည်း စို့လာသည်။ ... အကြောင်းကိုပင် လေသံဖြင့် တိုးတိုးပြောကြ၏။

"ဟုတ်ပါရဲ့နော်၊ တို့ တော်တော် အသုံးမကျတာဘဲ၊ မောင်ညိုပု ပြောသ ကို တို့နားထောင်ရမယ်၊ ပြင်သစ်တွေနဲ့ တစ်သက်လုံး အတူတူနေချင်ယော ဆောင်ကြရမယ်။ ဒီအကြောင်းကို ဘယ်သူမှ မသိစေနဲ့၊ ပြင်သစ်တွေသာ ... အကြောင်းကို သိသွားရင် ပြောတဲ့လူတော့ သေဖို့သာပြင်ပေတော့"

ဘကြီးသိန်းသည် အားလုံးကို သတိပေးလိုက်၏။ သူတို့အားလုံး လွတ် မြောက်မည့်ရက်ကို မျှော်တွေးပြီး ကြည်နူးကာ စိတ်အား တက်ကြွနေကြသည်။

နောက်ရက်အနည်းငယ် ကြာသောအခါ တောင်တွင်းမှာ ကျန်ရစ်ခဲ့သည့် ရွာသားနှစ်ယောက်လည်း ပြန်လည် လွတ်မြောက်လာ၏။

"ဟောဒီ ကောင်ပွာရွာသား သုံးဆယ့်ရှစ်ယောက်စလုံး ထောင်ချောက်ထဲ က ကြွက်စုတ်တွေ ဖြစ်သွားပြီ။ သူတို့ ထွက်ပြေးမှာတို မပူနဲ့တော့"

ဟု ပြင်သစ် လက်ပါးစေများက ပြောကြသည်။

* * *

တောင်ပေါ်မှာရှိသော ကောင်ပွာရွာသားတို့သည် နှစ်ရက်နှင့် နှစ်ညလုံးလုံး





ပြောင့်လုပ်ခြင်းဖြင့် မအားမလပ်နိုင်အောင် ရှိနေကြသည်။ ကျန်ရွာသား ငါးဆယ် တို့သည် ရွာလယ်မွှာရုံရှေ့မှာ စုစည်းကြသည်။ ဦးလေးပါက သူ့ရွာသားများကို မျက်လုံးတစ်ချက်ဝေ့ကာ ကြည့်လိုက်သည်။ ရွာသားငါးဆယ်၊ တောင်းအလုံး ပေါင်း ငါးဆယ်၊ ထိုတောင်းတစ်လုံးလျှင် အဆိပ်လူးထားသည့် ပြောင့်အချောင်း ပေါင်း လေးရာစီ။

"ပြင်သစ်စခန်းတွင်းမှာ တို့ရွာသားတွေ ဘယ်လောက် ဒုက္ခရောက်နေကြ တယ်ဆိုတာ မောင်ညိုပုဆီက ကြားပြီးကြပြီ မဟုတ်လား၊ အခု သူတို့အားလုံးကို တို့သွားပြီး ကယ်တင်ကြတော့မယ်။ မောင်ညိုပု ရှေ့က အရင်သွားနှင့်ပြီ၊ အချိန် ရှိတုန်းမှာ တက်သုတ်နှင်ကြရမယ်။ ပြောင့်တွေကို အကောင်းဆုံးဖြစ်အောင် ထောင်ကြရမယ်"

ဦးလေးပါသည် စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ရှေ့မှ ခေါင်းဆောင် ကာ ရွာပြင်သို့ ရှေးရှု ချီတက်ခဲ့သည်။ ကျန်ရွာသား အားလုံးတို့က ဦးလေးပါ နောက်မှ တစ်သွေးတစ်သံ တစ်မိန့် လိုက်ပါသွားကြသည်။

* * *

ဟာရိုးရွာအတွင်း၌လည်း လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ သို့သော် အားလုံး အလွန် တိတ်ဆိတ်စွာဖြင့် သတိ ဝီရိယ ကြီးစွာထားကြသည်။ အသက်ကိုပင် ရဲရဲ မရှူဝံ့ကြ။ သူတို့အားလုံး၏ မျက်လုံးများသည် ပြင်သစ် အစောင့်စစ်သားရှိ ရာ ကင်းတဲဆီသို့ စူးစိုက်ရင်း အမှောင်တွင်းကို အာရုံစိုက်နေကြသည်။

ခေါ်ဟူးနှင့် လုလုသည် ကိုညိုပုကို လမ်းပြကာ သူတို့ရွာသားများရှိသည့် အိမ်များသို့ လှည့်လည် ခေါ်ဆောင်ခဲ့သည်။ သူရောက်သည့် နေရာတိုင်းမှ လေသံမျှသာကျယ်သည့် စကားပြောသံများက ဆီးကြိုနေတတ်သည်။ ငိုကြီး ချက်မဖြင့် ကိုညိုပုကို နှုတ်ဆက်ကြသည်။ ကိုညိုပုစကားကို နားမထောင်မိခဲ့ သောကြောင့် သူတို့ ဒုက္ခရောက်ရသည့်အကြောင်း ပြောကြခြင်း ဖြစ်သည်။

"မငိုနဲ့၊ စကားမပြောကြနဲ့ ဟာရိုးရွာသားတွေနဲ့ ပြင်သစ်တွေ သိကုန်လို့ အစီအစဉ်တွေ အားလုံး ပျက်သွားမယ်။ ကျွန်တော့်ကောင်းကြောင်းတွေ သိပ် မပြောကြနဲ့ဦး၊ ကျွန်တော်ဟာ ကေဒါရဲဘော်ပဲ။ အားလုံး ကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်ပြီး လုပ်ပေးရမယ့်တာဝန် ရှိပါတယ်။ ကျွန်တော်တို့အားလုံး ကိုယ့် ရွာကိုယ် ပြန်ရောက်ပြီး အားလုံး ဘေးမသီရန်မခ ဖြစ်တော့မှ ကျွန်တော့်ကို ချီးကျူးချင် ချီးကျူးကြပါ၊ ခုတော့ ဘာမှ မပြောကြနဲ့ဦး"

ကိုညိုပုသည် သူ့ကို ဆီးကြို ချီးကျူးစကားပြောသူများ၊ ကျေးဇူးတင်စကား



www.burmeseclassic.com

www.burmeseclassic.com

ပြောသူများအား ပိတ်ပင်ခဲ့ကာ သူ လုပ်စရာရှိသည်များကို လျှင်လျှင်မြန်မြန် လုပ်သည်။ ရွာသားအားလုံး အိမ်ပြင်သို့ ရောက်ကြပြီ။ သူတို့ ကျောပေါ်မှာ တောင်းများကိုယ်စီ ပါကြသည်။ အမှောင်ထဲမှာပင် ကိုညိုပုက လူကို ရေတွက်၏။ စုစုပေါင်း သုံးဆယ့်လေးယောက်။ စိတ်မကျေနပ်သဖြင့် နောက်တစ်ကြိမ် ပြန်ရေ သည်။ သုံးဆယ့်လေးယောက်ပဲ ဖြစ်သည်။ နောက်ထပ် အကြိမ်ကြိမ် ထပ်ရေ သည်။ သုံးဆယ့်လေးယောက်က တိုးမလာ။

"လေးယောက် လိုနေတယ်၊ ဘယ်သူ လိုနေတာလဲ"

ဟု ကိုညိုပုက မေးသည်။

ရွာသားတို့သည် အမှောင်တွင်းမှာပင် တစ်ယောက်အမည်ကို တစ်ယောက် လေသံဖြင့် ခပ်အုပ်အုပ် ခေါ်ကြ၏။

"မောင်ဟန်ရေ မင်းဘယ်မှာလဲ"

"ဟဲ့ ခင်မြ၊ နင်ပါရဲ့လား"

စသည်ဖြင့် တစ်ယောက်ကိုတစ်ယောက် ခေါ်ကြသည်။ လေးယောက်တ တော့ ပျောက်မြဲပင်။ လူကို သေသေချာချာ စစ်သောအခါကျမှ ဦးအုန်းတို့ မိသားစု ပျောက်နေခြင်းဖြစ်ကြောင်း သူတို့ သိရတော့သည်။

ဟာရီးရွာထဲမှာ ဦးအုန်းတို့၏ ဆွေမျိုးသားချင်းများ ရှိသည်။ ဦးအုန်းသည် သူ့ကလေးသုံးယောက်နှင့်အတူ ဟာရီးရွာမှာ နောက်ချန်နေခဲ့ရန် ကျန်ခြင်းဖြစ် သည်။ ဤမျှ များပြားသော လူအုပ်ကြီးနှင့် ဤစခန်းအတွင်းမှ ထွက်ပြေးပါက ပြင်သစ်အစောင့်များမြင်လျှင် သေနတ်ဖြင့် အပစ်ခံရမည်ကို ကြောက်သော ကြောင့် မလိုက်ရဲဟုဆိုကာ နောက်ချန်နေခဲ့ခြင်း ဖြစ်သည်။ ဦးအုန်းသည် ကလေးသုံးယောက်နှင့်အတူ အိမ်ထောင့်တစ်နေရာမှ ငြိမ်သက်စွာ ထိုင်နေ၏။

"ဦးလေး တစ်နေ့ကျရင် ကျွန်တော်တို့ ကောင်ဟွာရွာသားတွေကို ဦးလေး ပြန်တိုက်ချင်လို့လား"

"မောင်ညိုပု ဘာစကားပြောလိုက်တာလဲကွာ၊ ကောင်ဟွာရွာသားတွေကို ငါက ပြန်တိုက်ချင်တယ်လို့ ပြောလိုက်တာလား။ ငါ့သားသမီးတွေ၊ ငါ့မြေးမြစ် တွေကို ငါ ပြန်တိုက်ရမှာလား"

"ဒီလိုဆိုရင် ကျွန်တော်တို့နဲ့အတူတူ ဦးလေး လိုက်ခဲ့ပါ။ ပြင်သစ်တွေ ကျွန်တော်တို့ရွာကို တိုက်နိုင်အောင် ဘယ်သူတွေ လမ်းပြခဲ့တယ်ဆိုတာ ဦးလေး သိတယ် မဟုတ်လား။ အကြိမ်ပေါင်းများစွာ လမ်းပြခဲ့သူတွေဟာ ဟောဒီ ဟာရီး ရွာသားတွေ ဖြစ်တယ်။ ဒီလို လမ်းပြတာဟာလည်း သူတို့စိတ်နဲ့ သူတို့ကိုယ်





လုပ်ကြတယ်လို့ ထင်သလား။ မဟုတ်ဘူး ဦးလေး၊ သူတို့ ကျောပေါ်မှာ ထောက် ထားတဲ့ ပြင်သစ်တို့ရဲ့ လှံစွပ်ကို ကြောက်လို့ စိတ်မပါဘဲ လမ်းပြလုပ်ကြရတာ။ ဦးလေးဟာ ကောင်ဟွာရွာသား ဖြစ်တယ်။ ကောင်ဟွာရွာကို သွားတဲ့လမ်း အကြောင်း ဦးလေး ကောင်းကောင်းသိတယ်။ ဦးလေး ရင်ဝကို ပြင်သစ်က လှံစွပ်နဲ့ ထောက်ပြီး လမ်းပြခိုင်းရင် ဘယ်နဲ့လုပ်မလဲ"

ဦးအုန်း၏ သားတစ်ယောက်သည် မတ်တတ်ထလာပြီး ဝင်ပြောလိုက် သည်။

"အဖေ အစ်ကိုညိုပုတို့နဲ့ ကျွန်တော် ပြန်လိုက်သွားမယ်"

ဦးအုန်းသည် ပလိုင်းတွင် ချီထားသည့် ကြိုးကို ဆုပ်ကိုင်ထားသည်။ သားတစ်ယောက်က လိုက်သွားမည် ဆိုသောအခါ ထိုကြိုးကို လက်လွှတ်လိုက် ရသည်။ နောက်တစ်ယောက်ကလည်း လိုက်မည်ဆိုပြန်သည်။ နောက်ဆုံး တစ် ယောက်ကလည်း မနေခဲ့နိုင်ဟု ဆိုပြန်သည်။ ကိုညိုပုသည် ဦးအုန်း၏ တောင်း ထဲသို့ ငုံ့ကြည့်လိုက်သည်။ တောခုတ်ဓားများ၊ ပုဆိန်များ၊ ပေါက်ပြားများနှင့် အဝတ်အထည်အချို့ကို မြင်ရသည်။

ကိုညိုပုသည် ဘာမှ ဆက်မပြောတော့ဘဲ လှေကားအတိုင်း ဆင်းလာခဲ့ သည်။ အောက်ဆုံး လှေကားထစ်သို့ ရောက်သောအခါ နောက်မှ ခေါ်သံကို ကြားရသည်။

"မောင်ညိုပု. . . မောင်ညိုပု ငါလည်း လိုက်ခဲ့ပါတော့မယ်ကွာ၊ ဒါပေမယ့် ပြင်သစ်တွေ တို့နောက်ကို လိုက်တိုက်ရင် ဘယ်လိုလုပ်မလဲ"

အဘိုးကြီးကို ကိုညိုပု ပြန်လှည့်ကြည့်လိုက်၏။

"ဦးလေး အဲဒီတောင်း ကျွန်တော့်ကို ကမ်းလိုက်၊ ပြင်သစ် လိုက်တိုက် မှာကို မကြောက်ပါနဲ့လေ၊ ဦးလေးပါနဲ့ ကျွန်တော်တို့ ရွာသားတွေက ပြင်သစ်တွေ လိုက်လာမယ့် လမ်းတစ်လျှောက်မှာ ကြောင့်တွေထောင်ပြီး လမ်းပိတ်ထားပြီး ပါပြီ"

သည်လိုဖြင့်ပင် သုံးဆယ့်ရှစ်ယောက်သော ကောင်ဟွာရွာသားတို့သည် ပြင်သစ်စခန်းအတွင်းမှ ထွက်လာခဲ့ကြသည်။ သူတို့ အသင့်ထွက်နိုင်အောင် လည်း စောစောကတည်းက သံဆူးကြိုးများကို ကိုညိုပုက ကြိုတင် ဖြတ်တောက် ထားပြီး ဖြစ်သည်။

စခန်းအပြင်သို့ ရောက်သောအခါ သူတို့သည် ကောင်းကင်သို့ မော့ကြည့် လိုက်ကြသည်။ ရွှန်းပသော ကြယ်တစ်လုံးသည် ချူလေးတောင်ထိပ်တွင် တွဲလွဲ

www.burmeseclassic.com



ခိုနေသည်။ သည်တောင်ပေါ်မှာ သူတို့ရွာ ရှိသည်။ အကြိမ်ကြိမ် အဖျက်ခံပြီး အကြိမ်ကြိမ် ပြန်လည် တည်ဆောက်ခဲ့ရသောရွာ၊ အကြိမ်ကြိမ် စွန့်ပစ်ခဲ့ရပြီး အကြိမ်ကြိမ် ပြန်လာကာ တည်ဆောက်ခဲ့ရသောရွာ ဖြစ်သည်။

သူတို့ရွာကို သူတို့ ချစ်သည်။ သူတို့ရွာနံဘေးမှ ဖြတ်သန်း စီးဆင်းသွားသည့် သူတို့ချောင်းကို သူတို့ ချစ်သည်။ သူတို့ရွာ၏ သာယာပုံကို သူတို့ မြတ်နိုးသည်။ သူတို့ရွာသည် မောင်ချစ်ကြီး၏ ပလွေသံဖြင့်လည်း ဖုံးလွှမ်းနေတတ်သည်။ မောင်ချစ်ကြီး၏ ပတ္တလားသံဖြင့်လည်း အလှထူးနေတတ်သည်။

ကိုညိုပု စွန့်စားပြီး တောင်ယာများကို စောစော ခုတ်ထွင်ကာ စိုက်ပျိုးသောကြောင့် မိုးစောစောကျသဖြင့် တောင်ယာပျက်ရသည့် ဒဏ်မှလည်း သူတို့ လွတ်ကင်းခဲ့ကြပြီ။ အစားရေစာလည်း သူတို့ရွာမှာ ပေါများနေပြီ။

ဦးလေးဟို လွှတ်လိုက်မည့် ရဲဘော်မောင်ခင်နှင့် ဦးလေးဟို၏ ပြည်ချစ်လက်နက်ကိုင်တပ်များသည်လည်း မသွေမုချ ရောက်လာမည် ဖြစ်သည်။ ထိုသို့သောအခါတွင် သူတို့ရွာသည် ပို၍ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသည့်ရွာ ဖြစ်ချေဦးတော့မည်။

မိမိတို့သည် ပြင်သစ်လက်အောက် စစ်စခန်းတွင် တစ်လတာမျှ နေထိုင်ခဲ့ကြဖူးပြီ။ မည်မျှ ကြီးမားသောဒုက္ခကို ခံစားခဲ့ရကြောင်းများကိုလည်း သူတို့ ကောင်းစွာ သိကြပြီ။ ရန်သူကို အနိုင်မခံ အရှုံးမပေးစတမ်းလည်း ငါးနှစ်ငါးမိုးလုံး သူတို့ တိုက်ခိုက်ခဲ့ဖူးပြီ။ မိမိတို့ ဇာတိချက်ကြွေ ရွာငယ်ကလေးမှာ နေထိုင်ရသည့် အရသာက မည်မျှ ကြီးမားကြောင်းလည်း အားလုံး သဘောပေါက်ကြပြီး ဖြစ်သည်။

ဦးအုန်းသည် သူ ဖြတ်သန်း ကျော်လွှားခဲ့ရသည့် အဖြစ်အပျက်များကို ပြန်စဉ်းစားရင်း သူ့အမှားများကို သူမြင်ကာ ဝမ်းနည်းပက်လက် ဖြစ်လာသည်။ သို့ကြောင့် ခြေလှမ်းကို ပို၍ မြန်မြန်လှမ်းလိုက်၏။ သူချစ်သောရွာကို သူမြန်မြန် ရောက်ချင်ပြီ။

အရုဏ်တက်သောအခါ တောတွင်းတစ်နေရာမှ ကြိုဆိုနေသည့် ဦးလေးပါ ခေါင်းဆောင်သော ရွာသားငါးဆယ်တို့နှင့် သူတို့ ပေါင်းစည်းမိကြသည်။ သူတို့အားလုံး အပျော်ကြီး ပျော်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် ပြေးဖက်လိုက်ကြသည်။ မသေလို့ တွေ့ကြရ မေ့နိုင်ပါ့မလားဟု မြည်တမ်းကြသည်။

"ကိုင်းဟေ့. . . ကိုင်းဟေ့၊ ဒီမှာ အချိန်ဖြုန်းမနေနဲ့၊ ရွာကို အမြန်ဆုံး





ရောက်ဖို့က အရေးကြီးတယ်၊ မြန်မြန်လုပ်ကြ"

ဟု ဆော်သြကြသည်။

ဘကြီးသိန်းနှင့် ကိုမောင်စစ်က အဖမ်းခံရွာသားများကို ဦးဆောင်ပြီး ရွာဆီသို့ ဆက်လက် ချီတက်ကြသည်။ ဦးလေးပါ၊ ကိုညိုပု၊ မောင်ချစ်ကြီးနှင့် အခြားလူငယ်များက နောက်ချန်နေရစ်ကာ ပြင်သစ်တို့ လိုက်လာနိုင်မည့်လမ်းများတွင် ခြောင့်များ ထောင်ကြသည်။

သူတို့ မျှော်မှန်းထားသကဲ့သို့ပင် နေ့လယ်ပိုင်းတွင် သေနတ်သံများ ကြားကြရသည်။ ပြင်သစ်များ နောက်က လိုက်လာပြီး တိုက်ခိုက်ခြင်း ဖြစ်သည်။ သို့သော် သူတို့ ပြုလုပ်ထားသည့် ခြောင့်များက အလွန် ထိရောက်လေရာ ပြင်သစ်စစ်သား ခြောက်ယောက် ဒဏ်ရာရပြီး ပြန်ဆုတ်သွားကြသည်။

ရွာသားကိုးဆယ်တို့သည် ကောင်ဟွာရွာအတွင်းမှာ ပြန်လည် စုစည်းမိကြပြန်ပြီ။

ထိုညက အစည်းအဝေးက ပြုလုပ်ကြသည်။ မိမိတို့ရွာကို အခြားသင့်လျော်ရာ တစ်နေရာသို့ ပြောင်းရွှေ့သွားသင့် မသွားသင့်၊ မိမိတို့သည် ပြင်သစ်များကို အချိန်ကြာမြင့်စွာ ဆက်လက် တိုက်ခိုက်နေကြရဦးမည့် အကြောင်းများကို ကိုညိုပုနှင့် ဦးလေးပါတို့ တိုင်ပင်ကြသည်။

"ပြင်သစ်တွေကို ဘယ်လောက်ကြာအောင် ကျွန်တော်တို့ တိုက်နေကြရဦးမှာလဲ"

ဟု ကိုမောင်စစ်က ဝင်မေးသည်။

"သူတို့အားလုံး ရှုံးပြီး တို့တိုင်းပြည်က လုံးဝ မောင်းထုတ်လိုက်နိုင်တဲ့ အချိန်အထိ တိုက်ရမှာပဲ၊ တို့လက်ထက်မှာ အောင်ပွဲမရသေးဘူးဆိုရင် တို့သားသမီးတွေ၊ တို့မြေးမြစ်တွေ လက်ထက်တိုင်အောင် တိုက်ကြရမှာပဲ"

ဟု ကိုညိုပုက ပြန်ရှင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## တတိယပိုင်း

မီးဖိုငယ်တစ်ခု၏ အလင်းရောင်ကို တောင်ယာခင်း အလယ်တည့်တည့်တွင် ညလုံးပေါက် မြင်တွေ့နေရသည်။ အလင်းရောင်သည် ငြိမ်းလည်း မသွား၊ ပို၍လည်း ကြီးမလာ။

ကိုညိုပုသည် မီးဖိုဘေးမှာထိုင်ရင်း သူ့လက်များကို နွေးလာအောင် မီးကင်လျက် ရှိသည်။

သူ့ဘဝအကြောင်းကို သူ ပြန်စဉ်းစားနေမိသည်။ ယခုဆိုလျှင် သူ့အသက် လေးဆယ်တင်းတင်း ပြည့်ပြီ ဖြစ်၏။ သူ တောင်ယာခုတ်ခဲ့သည်မှာ အကြိမ်ပေါင်း သုံးဆယ် ရှိချေပြီ။

မီးကင်ရင်း သူ့လက်များကို သူ ပြန်ကြည့်နေမိသည်။ သူ့လက်များသည် သန့်သန့်ရှင်းရှင်း မရှိ။ ချွေးများ၊ သွေးများ၊ မြေမှုန့်များဖြင့် လိမ်းကျံနေသည်။ ပြီးတော့ မာကျော တောင့်တင်းနေ၏။

မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်သည်။ သို့သော်လည်း မီးရောင်များကို မျက်စိထဲမှာ မြင်ယောင်လာသည်။ တောထဲမှ အသံပေါင်းစုံတို့ကိုလည်း ကြားနေရ၏။ သားရဲတိရစ္ဆာန်များ အော်ကြသည့်အသံ မဟုတ်ပါ။ တောခြောက်သံ၊ တောလှုန့်သံများလည်း မဟုတ်ပါ။

အသံတို့သည် ပြတ်မသွား။ ညသည် ကျွက်ကျွက်ညံနေသည်။ သည်ညသည် ငိုညည်းနေခြင်းလား၊ အသံဆိုး၊ အသံနက်တို့ကို တစ်ခဲနက် ပြုလုပ်နေခြင်းလား။

အမှန်တော့ ရွာသားများ ကျောက်လက်နက်ကို ကိုင်စွဲကာ သစ်ပင်များ



တို ခုတ်ထွင် ရှင်းလင်းနေကြခြင်း ဖြစ်သည်။ ကျောက်လက်နက်များကို ကိုင်စွဲကာ တောင်ယာခုတ်နေကြခြင်း ဖြစ်သည်။

လွန်ခဲ့သည့် နှစ်နှစ်က သူတို့၏ ဘုံပြာရွာကလေးကို ရန်သူများ ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ပို၍ လုံခြုံနိုင်မည်ဖြစ်သော ချူလေးတောင်၏ မြင့်မားရာ အပိုင်းများသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ ထိုသို့ ရွှေ့ပြောင်းစဉ်က သူတို့တစ်ရွာလုံး၏ လက်တွင် တောခုတ်ဓားနှင့် ပုဆိန် (၁၂)လက်သာ ရှိချေတော့သည်။

ထို (၁၂)လက်မျှသော ဓားများ၊ ပုဆိန်များဖြင့် နှစ်နှစ်အတွင်း တောင်ယာအကွက်ပေါင်း(၆၀)ကို သူတို့ ခုတ်ထွင် ရှင်းလင်းကာ စိုက်ပျိုးနိုင်ခဲ့ကြ၏။ အလဲအလှယ် မရှိဘဲ ထိုဓားနှင့် ထိုပုဆိန်များကိုသာ ထပ်တလဲလဲ အသုံးပြုခဲ့ရသောကြောင့် ဓားသွားတို့လည်း ပဲ့ခဲ့ပြီ။ ပုဆိန်သွားတို့လည်း တုံးခဲ့ပြီ။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ရင်း၊ ပြောင်းရင်းဖြင့် အချို့လည်း ပျောက်ဆုံးခဲ့ပြီ။ နောက်ဆုံး ကျန်သည့် ဓားနှင့် ပုဆိန်တို့ကို သူတို့ တစ်ရွာလုံးပိုင်သည့် ဘုံပစ္စည်းအဖြစ် သတ်မှတ်ကြရတော့သည်။

ရွာသားတို့သည် ထိုလက်နက်များကို အလှည့်ဖြင့် အသုံးပြုခဲ့ကြရ၏။ လက်နက်က နည်းပြီး အသုံးပြုသူက များပြားနေသဖြင့် အချို့က နေ့ဘက်တွင် တောင်ယာခုတ်ကာ၊ အချို့က ညဘက်တွင် ခုတ်ခဲ့ကြသည်။ ထိုသို့ မဟုတ်မူဘဲ နေ့နှင့်ညကို ခွဲခြားနေ၍လည်း မဖြစ်နိုင်။

ထိုနည်းအားဖြင့် နေ့ပေါင်းများစွာ၊ ညပေါင်းများစွာတို့တွင် အသုံးပြုသည့်လူသာ ပြောင်းသွားသည်။ ဓားနှင့်ပုဆိန်တို့က အနားယူချိန် မရကြ။ တစ်ယောက်က လက်မှ ချသည်နှင့် တစ်ပြိုင်တည်း တစ်ယောက်က ကောက်ယူကာ လုပ်ငန်းခွင် ဝင်ခဲ့ရ၏။

ဓားနှင့်ပုဆိန် မလုံလောက်သောအခါ ရွာသားအချင်းချင်းလည်း စိတ်ဝမ်းကွဲစ ပြုလာသည်။ သူ့အလှည့်၊ ငါ့အလှည့် ငြင်းခုံကြရင်းဖြင့် ရန်ပွဲကလေးများ ဖြစ်ပွားလာကြရသည်။ ထိုသို့ ရန်ပွဲဖြစ်သည့်အခါတိုင်း အချိန်မီ သွားရောက်ဖျန်ဖြေနေသူကား ကိုညိုပုပင် ဖြစ်ချေသည်။

သူတို့အားလုံးထဲတွင် ဓားနှင့်ပုဆိန်ကို အကြောင်းပြုပြီး အငြင်းမပွားသူ အစစအရာရာ မိမိကသာ အနစ်နာခံသူကား ဦးလေးပါ၏သား မောင်ထွန်းကလေးပင် ဖြစ်သည်။

မောင်ထွန်းသည် တစ်နေ့တွင် ကြက်မတမ်းမ အရွယ်ခန့်ရှိသော ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးတစ်တုံးကိုထမ်းကာ တောထဲမှ ပြန်လာ၏။ သူ့ကျောက်တုံးသည် တစ်ဖက်တွင် အသွားကဲ့သို့ ထက်နေသည်။ ထိုကျောက်တုံးဖြင့် သူ့တောင်ယာအတွင်းသို့ သွားသည်။ သစ်ပင်တစ်ပင်၏ အခြေကို ထိုကျောက်တုံးဖြင့် ထုထောင်း ခုတ်ဖြတ်သည်။ သစ်ခေါက်များ တဖွားဖွား လွင့်စဉ်သွားသည်။ သစ်စေးများပေါ်လာသည်။ သူ အလွန် ပင်ပန်းပါ၏။ သို့သော် မနား။ ည မိုးစုပ်စုပ်ချုပ်သည်အထိ ထိုသစ်ပင်ကို ဇွဲနပဲဖြင့် ခုတ်လှဲသည်။

မိုးချုပ်သောအခါ သူ့ကျောက်တုံးကို သူထမ်းကာ အိမ်သို့ ပြန်လာခဲ့သည်။ ကျောက်တုံးကို ပစ်ချပြီး အရုပ်ကြိုးပြတ် ဖြစ်သွားတော့၏။ စကားလည်း မပြောနိုင်။ အစာလည်း မစားနိုင်။ သူ့လက်အစုံသည် ကျောက်တုံးကိုကိုင်ပြီး သစ်ပင်ခုတ်ရသည့်အတွက် သွေးချင်းချင်းနီနေသည်။ တဖြည်းဖြည်းဖြင့် လက်နှစ်ဖက်စလုံး ရောင်ကိုင်းလာသည်။ အံကို တင်းတင်းကြိတ်လိုက်သည်။ မောင်ထွန်းမငိုပါ။ မျက်ရည် တစ်စက်မကျပါ။ ထိုသို့သော အကြောင်းများကြောင့်လည်း မောင်ထွန်းကို အသည်းမာသူ၊ ဇွဲကြီးသူအဖြစ် ရွာသားအားလုံးက လေးလေးစားစား ပြောကြရခြင်း ဖြစ်သည်။

နောက်သုံးရက်ကြာသောအခါ သူ့လက်မှ အနာများ သက်သာလာသည်။ မောင်ထွန်းသည် သူ့ကျောက်တုံးကိုယူကာ တောင်ယာသို့ သွားပြန်၏။ စောစောက ခုတ်လက်စဖြစ်သော အလွန် ကြီးမားသည့် သစ်ပင်ကြီးကို ဆက်လက်ခုတ်လှဲပြန်၏။

သည်လိုဖြင့်ပင် အလွန် ကြီးမားသည့် သစ်ပင်ကြီးသည် အရင်းမှ ပြတ်ကာ လဲကျသွားတော့သည်။ မောင်ထွန်းသည် သူ့ကျောက်လက်နက်ပေါ်မှာ ဝင့်ကြွားစွာဖြင့် ခြေစုံရပ်နေသည်။ ဖြတ်သွားဖြတ်လာများကိုလည်း လှမ်းအော်ပြောလိုက်သည်။

“ခင်ဗျားတို့ ဦးလေးဦးညိုပု လမ်းစဉ်ကို လိုက်ချင်ကြသလား။ ဦးလေးဦးညိုပုရဲ့ လမ်းစဉ်အတိုင်း လိုက်ချင်ကြတယ်ဆိုရင် ရရာ ကျောက်လက်နက်တွေကို စွဲကိုင်ပြီး ကိုယ့်တောင်ယာ ကိုယ်ခုတ်ကြပါ။ ဓားနဲ့ပုဆိန်တွေကို အသက်ကြီးသူတွေ အသုံးပြုကြပါစေ”

မောင်ထွန်း စကားကို ကြားသောအခါ ရွာသားများက ရယ်မောသွားကြသည်။ သို့သော်လည်း နောက်ရက် အနည်းငယ်ကြာသောအခါ ရွာသားတို့သည် ချွန်ထက်သည့် ကျောက်တုံးများကို ကိုင်စွဲကာ တောင်ယာများကို နေ့ရောညပါ ခုတ်ထွင် ရှင်းလင်းနေကြပြီ ဖြစ်၏။





ကိုညိုပုသည် နေ့ပိုင်းတွင် သူ့တောင်ယာမှာ အလုပ်လုပ်၏။ ညပိုင်းတွင် အခြား တောင်ယာများရှိ သစ်ပင်များကို သွားလှဲပေးနေတတ်သည်။ ကိုညိုပု ကူညီခုတ်ထွင်ပေးသည့် တောင်ယာများသည် အသက်အရွယ် ကြီးရင့်ပြီး ကောင်းစွာ အလုပ်မလုပ်နိုင်တော့သူများ၊ ရန်သူတို့၏ သတ်ဖြတ်ခြင်းကို ခံရသူများ၊ မုဆိုးမများ သို့မဟုတ် မိဘမဲ့ ကလေးသူငယ်များ ပိုင်ဆိုင်သည့် တောင်ယာများ ဖြစ်စမြဲပင်။

ယနေ့ညလည်း မုဆိုးမတစ်ယောက်၏တောင်ယာကို ကိုညိုပု လာရောက်ရှင်းပေးနေခြင်း ဖြစ်သည်။ ထိုအချိန်တွင် မလေးယုသည် မိမိတို့ပိုင်သည့် တောင်ယာကို ခုတ်နေခိုက် ဖြစ်၏။ နားစွင့်လိုက်သောအခါ မလေးယု၏ သီချင်းသံကို ကြားရသည်။ သူ့ဇနီးသည် မည်မျှ ပင်ပန်းသောအလုပ်ပင် ဖြစ်စေကာမူ သီချင်းတအေးအေးဖြင့် မညည်းမညူ လုပ်ကိုင်တတ်သူ ဖြစ်သည်။

“အင်း မလေးယုကတော့ အလုပ်လုပ်နေတုန်း၊ ငါကတော့ အလုပ်ခွင်က အစောကြီး အနားယူနေမိပါကလား။ အေးလေ သူတို့က နေ့ဘက်မှာမှ အလုပ်မလုပ်ကြရဘဲ။ ငါကတော့ နေ့လည်းလုပ်၊ ညလည်းလုပ် အလုပ်နဲ့လက် ပြတ်သူမှ မဟုတ်ဘဲ။ ဒီလို အချောင်ခိုချင်တဲ့ စိတ်မျိုးလည်း ထားလို့ မဖြစ်သေးဘူး။ ငါက ကေဒါရဲဘော် ဖြစ်တယ်။ သူများတွေနဲ့ မတူဘူး။ လူတကာထက် ငါက ပိုပြီး အလုပ်လုပ်ရမယ်၊ ငါက အများတကာထက် ပိုပြီး အနစ်နာခံရမယ်၊ ငါက ရှေ့က လုပ်ပြမှ ငါ့ရွာသားတွေက နောက်က လိုက်လာကြမှာ၊ ဒီည ဒီအပင်ကို ပြီးအောင် လှဲမယ်”

ကိုညိုပုသည် စဉ်းစားရင်းဖြင့် သူ့ကိုယ်သူ ပြန်ပြောနေမိသည်။

ကျောက်တုံးကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်လိုက်၏။ ပြီးတော့ သစ်ပင်အရင်းကို ခွန်နှင့်အားနှင့် လွှဲခုတ်လိုက်သည်၊ သူသည် အနားမယူ။

ကြက်ဦးတွန်သံကို ကြားလိုက်ရသည်။ ထိုအခါတွင် သစ်ပင်လည်း ပြတ်လုတဲတဲ ကျန်တော့သည်။

ကြိုးတစ်ချောင်းကိုယူကာ သစ်ပင်ပေါ်သို့ တက်ခဲ့သည်။ လုံးပတ်ကောင်းသည့် သစ်ကိုင်းတွင် ထိုကြိုးကို ချည်ပြီး ပြန်ဆင်းခဲ့သည်။ ပြီးတော့မှ လေအောက်သို့သွားပြီး ထိုကြိုးစကို ဆွဲယူသည်။ တစ်ဖက်က လေကလည်း တိုက်ပေးနေချိန်၊ သစ်ပင်အရင်းကလည်း ပြတ်လုတဲတဲ ရှိနေချိန်၊ ကြိုးဖြင့် ချည်နှောင်ပြီး ခိုင်မျှခွန်အားဖြင့် ဆွဲယူချိန်များ တိုက်ဆိုင်မိသောအခါ ရောမ သစ်ပင်ကြီးသည် မြေပေါ်သို့ ဗုန်းဗုန်းလဲလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညိုပုရေ တော်လောက်ပါပြီဗျာ။ အရက်တက်တော့မယ်၊ အိမ်ပြန်ပြီး
အနားယူပေဦးတော့ဗျာ။ မနက်ဖြန်ကျရင်လည်း ခင်ဗျား တောင်ယာကို ခင်ဗျား
ခုတ်ရဦးမှာပဲ"

ဟု လဲကျသွားသည့် သစ်ပင်မှ သစ်ရွက်များက သူ့ကို ပြောနေသယောင်
ရှိသည်။

သူ အိမ်ပြန်ရောက်သောအခါ မလေးယုသည် အိပ်ပျော်နေပြီ ဖြစ်
မီးမဖိုတော့ဘဲ မလေးယုဘေးတွင် အသာဝင်လှဲလိုက်သည်။ မလေးယု ရင်ခွင်
မှ သားငယ်လည်း အိပ်မောကျနေသည်။

သူသည် ဇနီးဖြစ်သူ၏လက်ကို ဆွဲယူကြည့်လိုက်၏။ ဤလက်သည်လည်
မိန်းမသားတစ်ယောက်၏ လက်နှင့် မတူ၊ သွေးခြည်ဥကာ ကြမ်းထော်နေသည်
လျှော်စောင်တစ်ခုကို ဆွဲယူကာ ဇနီး၏ကိုယ်ပေါ်သို့ ဖြန့်လွှမ်းပေးလိုက်သည်

လွန်ခဲ့သည့် တစ်နှစ်မှစ၍ မလေးယုတွင် အဝတ်အစား မရှိတော့။
စောက ရှိခဲ့သည့် အဝတ်များကိုလည်း အကျီအသေးကလေးများအဖြစ် ပြော
ချုပ်ကာ သားငယ်ကို ဆင်ခဲ့ရသည်။ ကိုယ်တိုင်မှာမူ လျှော်ထည်များကိုသ
ဖြစ်သလို ရက်လုပ် ဝတ်ဆင်နေရသည်။

သူ့ဇနီးအကြောင်းကို စဉ်းစားရင်းဖြင့် ကရုဏာစိတ်များ တဖွားဖွား
လာသည်။ မလေးယု၏ နဖူးမှ ဆံပင်ကလေးများကို သပ်ပေးလိုက်သည်။
အခါတွင် သူ့လက်မှ သွေးစသွေးနများသည် ဇနီး၏ မျက်နှာပေါ်မှာ လိမ်းကျံ
လျက်သား ဖြစ်သွားပြန်သည်။

ကိုညိုပုသည် အမှောင်တတန်းတန်း တွေးရင်းဖြင့် အိပ်မပျော်နိုင်အော
ရှိနေသည်။ သူ့ရွာသား ကိုးဆယ်တို့၏အကြောင်းကို စဉ်းစားနေမိသည်။ သ
ရွာသားတို့သည် လွန်ခဲ့သော သုံးနှစ်က သူ ခေါင်းဆောင်ခေါ်သည့်အတိုင်
ချူလေးတောင်ပေါ်သို့ မငြင်းမဆန် လိုက်ပါခဲ့ကြ၏။ တစ်ဖန် တောင်အော
ပြန်ဆင်းကြဦးစို့ဟု ဆိုပြန်တော့လည်း မညည်းမညူ လိုက်ပါခဲ့ကြ၏။ ထိုစဉ်
သူတို့တွင် အဝတ်အစား အလုံအလောက် ရှိသေးသည်။ ယခု သစ်ခေါက်များ
ဖြစ်သလို လျှော်ထုတ်ယူကာ ရက်လုပ်ထားရသည့် အဝတ်များကိုသာ အရှက်လုံ
ဝတ်ဆင်နေကြရပြီ။

ချူလေးတောင်ပေါ်မှ တောင်အောက်သို့ ပြန်ဆင်းခဲ့ကြတုန်းက ငြိမ်းချ
စွာ နေနိုင်ကြတော့မည်ဟု သူတို့ ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း ဟာ
ရွာအတွင်းရှိ မိမိတို့၏ ရွာသားများကို သွားရောက် ကယ်တင်ခဲ့ပြီးသည့် အခ





၍ ငြိမ်းချမ်းရေး မရှိတော့။ နှစ်ကြိမ်တိုင်တိုင် ကိုယ်လွတ်ရုန်းကာ ပြေးခဲ့ကြ
ပြီ။

ဦးလေးဟို ပို့လိုက်မည့် ပြည်ချစ်တပ်သားများကို သုံးနှစ်သုံးမိုးလုံး ဖွဲ့နပဲ
င့် စောင့်ဆိုင်းခဲ့ရခြင်းသည် အလွန် အချိန်ကြာညောင်းလှသည်ဟု သူတို့စိတ်
ထဲမှာ ထင်မှတ်မိ၏။ ရဲဘော်ကိုခင် ပြန်လာမည့်ရက်ကို လက်ချိုးရေတွက်ရခြင်း
ည်လည်း အချိန် ရှည်ကြာလွန်းလှပေသည်။

ဒတ်ဟွာချောင်းအတွင်းမှာရှိသည့် ကျောက်တုံးတို့သည်လည်း ရေတိုက်
းသည့်အတွက် အချွန်အတက်များ ပျောက်ကာ အလုံးများဘဝသို့ ပြောင်းလဲ
ာချေပြီ။

မည်သို့ပင်ဆိုစေ ကောင်ဟွာရွာသားတို့ကား အပြုံးမပျက်ကြ။ ယုံကြည်
တ်ကို အပျောက်မခံကြ။ ကိုညိုပု ခေါင်းဆောင်ရာနောက်သို့ ကျေကျေနပ်နပ်
င့် မမိုတ်မသုန် လိုက်ပါလျက်ပင် ရှိကြသည်။ ရရာလက်နက်ကို ကောက်ယူ
ာ သစ်ပင်များကို ခုတ်လှဲနေကြဆဲပင် ဖြစ်သည်။ တောင်ယာများတွင် ပြောင်း
င်များကို စိုက်ပျိုးနေကြဆဲပင် ဖြစ်သည်။ ရွာပတ်လည်တွင် ကြောင့်များ ထောင်
ကြဆဲပင် ဖြစ်သည်။ သွေးလူးသောလက်များဖြင့် ရန်သူကို ခုခံတိုက်ခိုက်
ဆဲပင် ဖြစ်သည်။

သူတို့ ရင်ဆိုင်နေကြရသည့်ဘဝသည် အလွန်တရာ ကြမ်းတမ်း ခက်တ
ှာ်လှပါ၏။ ထို ကြမ်းတမ်းသည့်ဒဏ်ကို မခံနိုင်တော့ဘဲ ရွာသူရွာသားများ
န်သူထံတွင် အညံ့ခံ အရှုံးပေးသွားမည့်အရေးကိုမူ ကိုညိုပု အကြောက်ဆုံး၊
စိုးရိမ်ဆုံး ဖြစ်သည်။

အမှန်တော့ ကိုညိုပု ကိုယ်တိုင်လည်း အားအင် ကုန်ခန်းလာသည်။
ို့သော် ယုံကြည်ချက်နှင့် ဇွဲကို သူ မလျှော့။ ရွာသူရွာသားများကို စည်းရုံး
ဲ့ဆော်ဆဲပင် ဖြစ်သည်။ တစ်အိမ်တက်ဆင်း အားပေးမြဲပင် ဖြစ်သည်။

သူ့ဇနီးဖြစ်သူ မလေးယု အပါအဝင် ရွာသူရွာသားတို့ကား သူတို့စိတ်
ထဲတွင် မည်သို့ ခံစားနေရကြောင်းကိုမူ ဖွင့်ဟ ထုတ်ဖော်ပြောဆိုခြင်း မရှိကြ။
သူတို့အားလုံး တောင်ယာသို့မူ မှန်မှန် သွားကြပါ၏။ ကိုယ်ကျရာ တာဝန်များကို
မှန်မှန်လုပ်ကိုင်ကြပါ၏။

ကြုံတွေ့နေရသည့် ဘေးဒုက္ခပေါင်းစုံကို ကြံ့ကြံ့ခံကြခြင်းဖြင့် ကောက်ရိတ်
န်သို့ ရောက်လာပြန်သည်။

ရွာသားတို့သည် လယ်ကွင်းများထဲမှာ တပျော်တပါး ကောက်ရိတ်ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သီချင်းတကြော်ကြော် အော်ဆိုနေကြသည်။ ထိုအထဲတွင် မလေးယုလည်း ပါသည်။ ရွာသားတို့၏ ပျော်မြူးသံကို ကြားရသောအခါ ကိုညိုပုလည်း အလို ပျော်မြူးလာသည်။

ပျော်လွန်းသဖြင့် သူဟစ်ပြီး ငိုလိုက်ချင်သည်။ သူ့ရွာသားတို့သည် သူ့အ ကို တစ်သဝေမတိမ်း လိုက်နာနေကြပါလားဟု စဉ်းစားမိသည်။ ထို့ကြော လည်း ထိုနေ့က သူ့တောင်ယာထဲတွင် အခါတိုင်းနေ့များထက် နှစ်ဆပိုပြီး အလုပ်လုပ်ခဲ့သည်။ သစ်ပင်များကို လှဲခဲ့သည်။

"မလေးယုရေ မင်းကို ချစ်သလို၊ ငါ့အမေနဲ့ ငါ့သားကို ချစ်သလို ငါ့ရွာသ တွေကိုလည်း နည်းနည်းမှ မလျော့တဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်ပါတယ်ကွာ"

ဟု သူ့နှုတ်ဖျားမှ ရေရွတ်မိသည်။

ညသည် အလွန် တိတ်ဆိတ်နေသည်။

ထိုအခိုက် သာယာညင်းပျောင်းသည့် တယောသံကို ကြားလိုက်ရသ မှန်ပါသည်။ တယောသံသည် လိပ်ပြာတောင်ပံခတ်သံများကဲ့သို့ သာ နာပျော်ဖွယ် ကောင်းလှသည်။

မိမိတို့ရွာတွင် ဤကဲ့သို့သော တယောသံကို မကြားရသည်မှာ သုံး သုံးမိုး ကျော်ခဲ့ပြီ၊ ယခု ကြားရပြန်ပြီ၊ ဤတယောသံကား မောင်ချစ်ကြီး တယောသံပင်တည်း။

သူတို့ရွာမှာ အဝတ်ချုပ်ရန် အပ် ရှားပါးလာသည်။ တယောသံကို ထောင်ရေးသည် အဓိက မဟုတ်။ ရွာသူရွာသားတို့ အရှက်လုံနိုင်အောင်၊ ရာ ဥတုဒဏ် ခံနိုင်အောင် အဝတ်အထည်များ ချုပ်လုပ်ရေးကသာ အဓိက သည်။ ထို့ကြောင့်လည်း ရွာတွင်းမှာ ရှိရှိသမျှသော တယောများ၏ ကြိုးမျာ ဖြုတ်ယူကာ အဝတ်ချုပ်အပ် လုပ်ခဲ့ကြရသည်။ ထိုအချိန်ကစပြီး ဤရွာ တယောသံ ဆိတ်သုဉ်းခဲ့ရခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်လောက်တုန်းက ရန်သူ့အခြေအနေ ကင်းထောက်ကြည့်ရှုရန် အမှတ် (၁၉)လမ်းမကြီးသို့ ကိုညိုပုတို့ သွားခဲ့ကြသ ထိုလမ်းမကြီးဘေး တစ်လျှောက်တွင် တယ်လီဖုန်းကြိုးများ သွယ်တန်းထ သည်ကို မြင်ရသည်။ ပြင်သစ်တို့သည် ဤတယ်လီဖုန်းကြိုးများကို အသုံးပြု သူတို့အချင်းချင်း သတင်းပေးကြ၏။ မိမိတို့ ပြည်သူများကို တိုက်ခိုက် ဖိနှိပ် ရန် အစီအစဉ်များ ပြုလုပ်ကြ၏။

ထိုအကြောင်းများကို စဉ်းစားမိသောအခါ ကိုညိုပု သွေးဆူလာသ





သူသည် ချက်ချင်းပင် တယ်လီဖုန်းကြိုးများကို တက်ဖြတ်သည်။ ရသမျှတို့ကို အခွေများ လုပ်လိုက်သည်။ အလွန်ကြီးမားသည့် တယ်လီဖုန်းကြိုးခွေကြီး ငါးခွေ တို ရလာသည်။ သူ့လူများနှင့်အတူ ထမ်းပြီး ရွာသို့ ပြန်ခဲ့၏။ သူတို့ရွာတွင် ရှိမဖြစ် လိုအပ်နေသည့် အဝတ်ချုပ်အပ်များ လုပ်ရမည်။

ထိုကြိုးများကို မြင်သောအခါ မောင်ချစ်ကြီး အလွန် ပျော်နေသည်။ တယောကြိုး လုပ်ရလျှင် မည်မျှ ကောင်းချိမ့်မည်နည်းဟု ကိုညိုပုကို လာပြော သည်။

"မောင်ချစ်ကြီးရာ၊ ကြိုးတွေ နည်းနည်းနောနောမှ မဟုတ်ဘဲ၊ မင်းကြိုက် သလောက်ယူစမ်း၊ တယောတွေ ကြိုက်သလောက် လုပ်စမ်း၊ တစ်အိမ်ကို တယောတစ်လက် လုပ်ပေးချင်သလား၊ မင်းကြိုက်သလောက် လုပ်နိုင်တယ်"

သည်လိုဖြင့်ပင် သူတို့ရွာမှာ တယောသံ မြိုင်လာသည်။ မောင်ချစ်ကြီး တစ်ယောက်ကို နေရာတကာမှာ တယောတစ်လက်နှင့် တွေ့ရတတ်သည်။ သူ့တယောလက်သံကို ရွာသူရွာသားများ နားဆင်ခွင့် ရကြသည်။

"ကိုမောင်ချစ်ကြီး၊ ရှင့် တယောလက်သံကို နားထောင်ချင်လို့ တောထဲက တိရစ္ဆာန်တွေ ထွက်လာလိမ့်မယ်"

ဟု အပျိုကလေးများက မောင်ချစ်ကြီးကို စကြသည်။

ကိုညိုပုသည် သူ့ရွာသားများ၏ အဖြစ်အပျက်၊ သူတို့ ရုန်းကန်ခဲ့ကြရသည့် ဘဝများကို အမျှင်မပြတ် ပြန်စဉ်းစားနေမိသည်။ အဖြစ်အပျက်တို့သည် စီကာ တ်ကုံးဖြင့် တစ်ခုပြီးတစ်ခု သူ့အတွေးရေလျဉ်ထဲသို့ ရောက်ရှိလာသည်။

အပြင်မှာ တယောသံကို ကြားနေရဆဲ ဖြစ်သည်။ သူ့ရွာကိုသူ အလွန် ချစ်ပါသည်။ သူ့ရွာသူရွာသားများကို သူ အလွန် ချစ်ပါသည်။ မောင်ချစ်ကြီးကို သည်း သူ ချစ်ပါသည်။ ပြီးတော့ သူ့ဇနီး၊ သူ့သား၊ သူ့အမေကိုလည်း သူ ချစ် ပါသည်။

ကိုညိုပုသည် မလေးယုဘက်သို့ ပို၍ တိုးကပ်သွားကာ ဇနီးဖြစ်သူကို ဖွေ့ထားလိုက်သည်။

မလေးယုသည် အသက်ကို မှန်မှန်ရှူနေ၏။ ကလေးငယ်တစ်ယောက်လို စ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။

* * *

နေ အလွန် ပူပြင်းသည့် နေ့တစ်နေ့ ဖြစ်သည်။

တစ်ရွာလုံးသည် ပြင်းထန်သည့် အပူရှိန်အောက်မှာ ငြိမ်သက်စွာ လဲလျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ရွာပတ်လည်တွင် လေပွေများ မြူးနေသည်။ တစ်ခါတစ်ရံတွင် လေ... တို့သည် ရွာတွင်းသို့ပင် ဝင်ရောက်လာကြပြီး အမှိုက်သရိုက်များနှင့် ပေါ်ပါးသ... ပစ္စည်းများကို သယ်ဆောင်ကာ ထွက်သွားကြသည်။

ထိုအခိုက် ဦးအုန်း ယူဆောင်လာသည့် သတင်းဆိုးဆိုး တစ်ပုဒ်သ... ကောင်ပွာတစ်ရွာလုံးသို့ လေပွေလို ချက်ချင်း ပျံ့နှံ့သွားသည်။ စောစော... ငြိမ်သက်နေသည့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကောင်ပွာရွာသားတို့သည် နှစ်ပေါင်းများစွာ အခက်အခဲမျိုးစုံကို ရင်... ခုခံခဲ့ကြ၏။ သေဘေးများနှင့် အကြိမ်ကြိမ် သူတို့ ရင်ဆိုင်ခဲ့ကြရ၏။ သို့သော... သူတို့ မတုန်လှုပ်ခဲ့။

ပြင်သစ်က သူတို့တစ်ရွာလုံး မျိုးပြုတ်အောင် အမျိုးမျိုး လုပ်ခဲ့ကြ... ဆား မစားရအောင် ဝင်ပေါက်များ ပိတ်ထားခဲ့ကြ၏။ သူတို့ စိုက်ပျိုးထားသ... ဆန်စပါးများကို လုယက်ယူငင်ကာ မီးလောင်တိုက်သွင်းခဲ့ကြ၏။ သို့သော် သူ... မတုန်လှုပ်ခဲ့။

ကြုံတွေ့လာရသမျှသော ဘေးအန္တရာယ်ပေါင်းစုံတို့ကို ကြံ့ကြံ့ခံ ရင်... ရင်း အံကြိတ်ကာ တွန်းလှန်နိုင်ခဲ့ကြသည်။ ပြီးတော့ ခေါင်းဆောင်ကြီး ဦးလေ... ပို့ပေးမည့် ပြည်ချစ်တပ်များနှင့် ကေဒါရဲဘော်များကို ဖွဲ့ကြီးကြီးဖြင့် စောင့်... ခဲ့ကြသည်။

ယခု ဦးအုန်း ယူလာသည့် သတင်းကမူ သူတို့အားလုံးကို တုန်လှုပ်ချော... ချားစေတော့သည်။ သူတို့တစ်ရွာလုံး ဆောက်တည်ရာမရအောင် ဖြစ်စေတေ... သည်။

ဦးအုန်းသည် ဒတ်ပွာချောင်းအတွင်းသို့ ငါးသွားရှာရင်း ရွာသို့ ပြန်... လာကာ ကိုညိုပုကို တကြော်ကြော် ခေါ်ပြီး ကိုညိုပု ဘယ်မှာနည်းဟု မေး... နေသည်။

"ဦးအုန်း ဘာဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"မောင်ညိုပု ဘယ်မှာလဲ၊ မောင်ညိုပုကို ပြောမှဖြစ်မှာ"

"ကိုညိုပု ကုန်းခါးကို သွားနေတယ်။ ဘာကိစ္စ သူနဲ့ တွေ့ချင်နေရတာ..."

"ပြင်သစ်တွေ. . ."

ဦးအုန်းသည် ရှေ့သို့ စကားမဆက်နိုင်။

"ပြင်သစ်တွေ ဘာဖြစ်သလဲ၊ ပြင်သစ်စစ်တပ်တွေ ချီတက်လာလို့လာ..."

"မဟုတ်ဘူး၊ သူတို့ ဘာလန်းလူမျိုးတွေကို ပြောပြတယ်။ အဲဒီက တစ်..."





ကျုပ်က ကြားလာတာ"

"ဘာကြားခဲ့တာလဲ"

"ပြင်သစ်တွေက ပြောတယ်၊ ကျုပ်တို့ တစ်ပြည်လုံးမှာ သူတို့ကို တိုက်ခိုက်နေတဲ့ လူတွေအကုန်လုံး၊ ခေါင်းဆောင်ကြီးဟိုရဲ့ လမ်းစဉ်ကို လိုက်နာကြတဲ့လူတွေ အားလုံး ဟန္ဒိုင်မြို့မှာရော၊ ဆိုင်ဂုံမြို့မှာရော အားလုံး အရေးနိမ့်သွားပြီတဲ့၊ ကျွန်တော်တို့ တပ်တွေအားလုံး ပြိုပျက်သွားပြီတဲ့၊ ခေါင်းဆောင်ကြီးဟိုလည်း မရှိတော့ဘူးတဲ့"

ဦးအုန်းစကားကို ကြားကြရသောအခါ သူတို့ပတ်လည်မှာ အမှောင်ကြီး ကျသွားသည်ဟု ထင်လိုက်သည်။ လူငယ်တို့သည်လည်း စိတ်ဓာတ်ကျကာ ခြေဦးတည့်ရာသို့ ထွက်သွားကြသည်။ အိမ်ပေါင်းများစွာတို့တွင် သောက်ရေသုံးရေ မရှိသော်လည်း အမျိုးသမီးများသည် ရေခပ်လိုစိတ် မရှိကြတော့။ လူကြီးတို့သည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် ဦးအုန်းပြောသည့် သတင်းကို ဆွေးနွေးကြသည်။ တက်ကြွမှုအားလုံး သူတို့ထံမှ လုံးဝ ပျောက်ကွယ်သွားတော့သည်။

"ဒီတစ်ကြိမ်တော့ တို့တိုင်းပြည် တို့မြေပေါ်မှာ ဘယ်သူမှ မကျန်တော့ဘူး၊ တောင်ယာခုတ်ဖို့ ဓားလည်း မရှိတော့ဘူး၊ စားစရာ ဆားလည်း မရှိတော့ဘူး၊ ဒုက္ခပါပဲ ကျုပ်တို့အားလုံး ဟာရီးရွာသားတွေလို နေကြရတော့မယ်။ ကျုပ်တို့ ဘဝကံဟာ ဘာဖြစ်လို့ ဒါလောက်တောင် ဆိုးဝါးရတာလဲဗျာ"

ဘကြီးအိုင်သည် အလွန် ဝမ်းနည်းကြေကွဲသော လေသံဖြင့် မရှုနိုင်၊ မကယ်နိုင် ညည်းညူရှာသည်။ ကျန်အဘိုးကြီးများ အားလုံးလည်း မျက်စိပျက်၊ မျက်နှာပျက် ဖြစ်ကုန်ကြသည်။

ဘကြီးဆန်းသည် မီးဖိုကို မတုန်မလှုပ် ကျောက်ရုပ်လို ငေးကြည့်နေသည်။ ပုံတိုပတ်စပေါင်းများစွာ သူ့အသိဉာဏ်အတွင်းသို့ ရောက်လာသည်။ တောင်များအကြောင်း၊ မြစ်များအကြောင်း၊ တောများအကြောင်း၊ ဘာနားလူမျိုးများအကြောင်း၊ ပြီးတော့ တစ်တိုင်းတစ်ပြည်လုံး အကြောင်းများ သူ့ခေါင်းထဲသို့ စုပြုံရောက်လာသည်။

သူ့တိုင်းပြည်တွင် သူရဲကောင်း ဗိုလ်အောင်ထူးတို့လို ပုဂ္ဂိုလ်များ ပေါ်ခဲ့သည့်အကြောင်းကို စဉ်းစားမိပြန်၏။ ပြီးတော့ တိုင်းသူပြည်သားများအပေါ် အလွန် ကြင်နာသည့် တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်အောင် ခေါင်းဆောင် တိုက်ပွဲဝင်နေသည့် ခေါင်းဆောင်ကြီးဟိုချီမင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စဉ်းစားမိပြန်သည်။

ခေါင်းဆောင်ကြီး ဟိုချီမင်းတား ကျူးကျော်သူ ပြင်သစ်များကို တစ်တိုင် တစ်ပြည်လုံးက အံ့ကြွတော်လှန်ကာ မောင်းထုတ်အောင် လှုံ့ဆော်ပေးနိုင်ခဲ့ ဖြစ်သည်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ခေါင်းဆောင်ကြီး ဟိုချီမင်းလို ပုဂ္ဂိုလ်မျိုး ခေါင်းဆောင်ကြီးရဲ့ သွန်သင်ချက်တွေကို လိုက်နာနေတဲ့ ကေဒါရဲဘော်တွေ ပုဂ္ဂိုလ်မျိုး၊ ပြီးတော့ စနစ်တကျ ဖွဲ့စည်းထားတဲ့ မျိုးချစ်တပ်မတော်မျိုး အချေမှုန်းခံရတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ပြင်သစ်တွေကို မယုံ ဒီကောင်တွေ ပြောစကားကို မယုံပါနဲ့"

ဘကြီးဆန်းသည် ခေါင်းကို တွင်တွင်ခါရင်း သူ့နှုတ်ဖျားမှ တစ်လုံး ထွက်လာသည်။

မောင်ထွန်းသည် သူ့အဖေ ဦးလေးပါဘေးတွင် ထိုင်ရင်း စဉ်းစားသည်

"ဦးလေး ဦးညိုပုကို စောင့်မှပဲ၊ ဒီကိစ္စကို ဦးလေး ဦးညိုပုကို မေးကြည့် ဖြစ်မှာပါ"

ဟုလည်း သူ့ကိုယ်သူ ပြန်ပြောနေသည်။

မောင်ထွန်းစကားကို ရွာသားအားလုံးက သဘောတူကြသည်။

နောက်တစ်နေ့ မနက်စောစောတွင် ဦးလေးပါသည် လူငယ်များကို ကာ ရွာပတ်လည်ရှိ ခြောင့်များကို စစ်ဆေးခိုင်းလိုက်သည်။ အားလုံး နေသ တကျ ခြေရာမပျက် လက်ရာမပျက် ရှိနေကြသည်ကို တွေ့ရသည်။ ရွာသား အားလုံး ကိုညိုပုအလာကို စောင့်နေကြဘိသကဲ့သို့ ခြောင့်တို့သည်လည်း ပတ်လည်မှ ခေါင်းထောင်ကာ သူတို့ခေါင်းဆောင်ကြီး ကိုညိုပုကို စောင့်မျှော် နေကြသယောင်။

နောက်တစ်နေ့တွင် ကိုညိုပု ရောက်လာသည်။ ရွာသို့ ပြန်ရောက်လျှ ရောက်ချင်း ထိုသတင်းကို ကိုညိုပု ကြားရတော့သည်။ မရှေးမနှောင်းမှာပ မောင်ထွန်း ရောက်လာသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးလေး ဘယ်လို သဘောရသလဲ"

"ကိစ္စမရှိဘူး မောင်ထွန်း၊ ရွာသားတွေ အားလုံး ဒီညနေ ဓမ္မာရုံမှာ လာ ကြဖို့ သွားပြောထားပါ"

လုံခြုံရေးတာဝန်ကျ အစောင့်များမှတစ်ပါး ရွာသားများအားလုံး ရွာလယ် ဓမ္မာရုံမှာ ထိုနေ့ညနေ စုဝေးကြသည်။





"ဦးလေးအုန်း၊ ဦးလေးအုန်းကို ဒီသတင်း ဘယ်သူပြောတာလဲ"

ကိုညိုပုက လှမ်းမေးလိုက်သည်။

"ဘာလန်းရွာသားတွေ ပြောတာပဲ"

"ဒီအကြောင်း သူတို့ ဘယ်လိုလုပ် သိသတဲ့လဲ"

"ဟာရိုးရွာကို ချေးတပ်နဲ့ လိုက်သွားရတုန်းက ပြင်သစ်တွေက သူတို့ကို ပြောလိုက်တာတဲ့"

ကိုညိုပု၏ မျက်လုံးအစုံသည် အရောင်တဖိတ်ဖိတ် တောက်သွားသည်။

"ပြင်သစ်တွေကို ဘယ်သူ ယုံသလဲ၊ ပြင်သစ် ပြောစကားကို အမှန်လို့ ဘယ်သူ ယုံသလဲ"

သူသည် ရွာသားအားလုံးကို စပါးကြီးမြွေ၏ မျက်လုံးကဲ့သို့ တောက် ပြောင်ပြီး ညို့ဓာတ်ပါသော မျက်လုံးများဖြင့် ဝေ့ကြည့်လိုက်သည်။ အားလုံး တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေကြသည်။ မောင်ထွန်းကလေးသည်သာလျှင် သက်ပြင်းကြီးကို ဆွဲဆွဲငင်ငင် ချလိုက်သည်။ သူ့ရင်ထဲမှာ ပေါ့သွားသည်။ ကိုညိုပုကို လှမ်းကြည့်လိုက်သည်။ ကိုညိုပု မျက်လုံးအစုံအတွင်းမှာ မည်သူများ မီးလာထွန်းသွားပါလိမ့်ဟု သူ စဉ်းစားနေမိသည်။

"ပြင်သစ်တွေဟာ အကောင်းကို အဆိုးဖြစ်အောင်၊ အဆိုးကို အကောင်း ဖြစ်အောင်၊ ဂျပိုးကို လိပ်ဖြစ်အောင် လုပ်တတ်တယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ ကြတာ ကြာပါပြီ။ သူတို့ ပါးစပ်ဖျားက ထွက်လာတဲ့စကားတွေဟာ ဘယ်တုံးက မှန်ခဲ့ဖူးလို့လဲ။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဦးလေးဟိုဟာ ဟနွိုင်မြို့မှာ အသက်ရှင်လျက် ရှိနေဆဲပဲ ဖြစ်တယ်။ ကျူးကျော်သူ ပြင်သစ်တွေကို ခုခံတိုက် ခိုက်နေဆဲပဲ ဖြစ်တယ်။ ခေါင်းဆောင်ကြီး ဟိုချီမင်း အသက်ရှင်နေသမျှ ကာလ ပတ်လုံး မျိုးချစ်တပ်မတော်သားတွေဟာလည်း အသက်ရှင်နေကြမှာ ဖြစ်ပါ တယ်။ ရဲဘော်ခင်တို့လို ကေဒါရဲဘော်တွေဟာလည်း အသက်ရှင်နေကြမှာ ဖြစ်တယ်။ ခင်ဗျားတို့ ကျုပ်တို့လို တောင်ပေါ်ရွာကလေး တစ်ရွာကိုတောင်မှ နိုင်အောင်မတိုက်နိုင်တဲ့ ပြင်သစ်တွေဟာ ခေါင်းဆောင်ကြီး ဟိုချီမင်းလို ပုဂ္ဂိုလ် မျိုးကို ဘယ်လိုလုပ် အမှုန့်ခြေနိုင်မှာတဲ့လဲ"

ကိုညိုပု၏ စကားလုံးများသည် မီးတောက်မီးလျှံများလို အရှိန်အဝါ ကြီး မားလွန်းလှသည်။ အင်အား ကြီးမားလွန်းလှသည်။ သူသည် ထိုစကားလုံးများ ကို ရွာသူရွာသားများကို ပြောပြနေရုံသာမဟုတ်။ သူ့ကိုယ်သူလည်း ပြန်ပြောပြ နေသကဲ့သို့ သူ့စိတ်ထဲမှာ ထင်မှတ်ယုံကြည်နေသည်။ သူသည် ပရိသတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး လှည့်လည်ကြည့်ကာ အကဲခတ်နေ၏။ ပြီးတော့မှ ဦးအုန်းကို လှမ်းမေးလိုက်ပြန်သည်။

"ဦးလေးအုန်း၊ ခင်ဗျား ဘယ်သူ့ကို ယုံသလဲ၊ ပြင်သစ်တွေကို ယုံသလား၊ ဦးလေးဟိုကို ယုံသလား"

ဦးအုန်းသည် ခေါင်းငိုက်စိုက် ကျသွားသည်။ ကိုညိုပုကို မျက်နှာချင်း မဆိုင်ရဲလောက်အောင် ဖြစ်သွားသည်။ သူ့ကို ဝိုင်းကြည့်နေကြသည့် ရွာသားများ၏ မျက်လုံးဒဏ်ကိုလည်း မခံနိုင်အောင် ဖြစ်သွားသည်။

"မဟုတ်ပါဘူး . . . မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဒီလို မမေးပါနဲ့။ ကျွန်တော်တို့ အားလုံး ခေါင်းဆောင်ကြီးဟိုကိုပဲ ယုံကြည်ပါတယ်"

"ရေရှည်စစ်ပွဲကို ဆင်နွှဲနိုင်အောင်အတွက် ကျုပ်တို့ တောင်ယာစိုက်ခင်းတွေကို ပိုကောင်းအောင် ကြိုးစားလုပ်ရမယ်လို့ ကျုပ်တို့ကို ဘယ်သူက သွန်သင်ခဲ့တာလဲ၊ ဘယ်သူက ရှေ့ဆောင်လမ်းပြလုပ်ခဲ့တာလဲ၊ ကင်းလူမျိုးတွေနဲ့ သောင်းလူမျိုးတွေ ချစ်ကြည်ရင်းနှီးစွာနဲ့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမယ်လို့ ကျုပ်တို့ကို ဘယ်သူက လမ်းညွှန်ခဲ့တာလဲ၊ ဒီလို ခေါင်းဆောင်ခဲ့တာ၊ သွန်သင်ခဲ့တာ၊ ရှေ့ဆောင်လမ်းပြ လုပ်ခဲ့တာဟာ ခေါင်းဆောင်ကြီး ဦးလေးဟို မဟုတ်ဘူးလား၊ သူ့ရဲ့ သွန်သင်ချက်တွေဟာ မမှန်ဘူးလား။ ကျုပ်တို့ရဲ့ မျိုးချစ်တပ်မတော်သားတွေနဲ့ ကေဒါရဲဘော်တွေ အချေမှုန်းခံလိုက်ရပြီလို့ ခေါင်းဆောင်ကြီးဟိုက ကျုပ်တို့ကို မပြောဘူး၊ တစ်ခါမှ မပြောဖူးဘူး။ ဒီလိုဆိုရင် ကျုပ်တို့ဟာ ပြင်သစ်တွေ ပြောတာကိုယုံပြီး ဘာဖြစ်လို့ ထိတ်လန့်တကြား ဖြစ်နေကြရမှာလဲ"

ရွာသားများ အားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သူ့ရွာသားများကို အကဲခတ်ကြည့်ပြီး ရှေ့သို့ တိုးလာရန် ကိုညိုပုက ပြောလိုက်သည်။ အားလုံး ရှေ့တိုးလာသောအခါကျမှ အသံခပ်အုပ်အုပ်ဖြင့် စကားဆက်ပြောသည်။

"ကျွန်တော် ကုန်းခါးကိုအသွား လမ်းမှာ ဘာလန်းရွာက ကိုခွူးနဲ့ တွေ့ခဲ့တယ်။ ဘာလန်းရွာထဲမှာ ကင်းလူမျိုးတစ်ယောက် ရောက်နေတယ်တဲ့။ ကျုပ်တို့ကောင်ပွာရွာအကြောင်းကို မေးနေတယ်လို့ ကိုခွူးက ပြောပြလိုက်တယ်"

ရွာသား အားလုံးသည် ကိုညိုပု စကားကို အာရုံစိုက်နေကြသည်။ သူတို့ မျက်လုံးများသည်လည်း သိလိုဇောဖြင့် အရောင်လက်နေကြသည်။

"အဲဒီကင်းလူမျိုးက အခု ဘယ်မှာနေသတဲ့လဲ"

"သူဟာ ရဲဘော် ကိုခင် မဟုတ်ဘူးလား"

"အစ်ကိုညိုပု သူ့ကို ခင်ဗျား သွားတွေ့ဖို့ ကောင်းတယ်"





"သူဟာ ဦးလေးဟို လွှတ်လိုက်တဲ့သူများလား"

"နောက်ပြီး ဘာထူးသေးလဲ၊ ဦးလေးဟို သတင်းရော ဘာထပ်ကြားခဲ့သေးသလဲ"

မေးခွန်းပေါင်းစုံဖြင့် ကိုယ်သိလိုရာကို ဝိုင်းမေးကြသည်။

"ကျွန်တော်လည်း ဒီကိစ္စကိုပဲ စဉ်းစားနေတယ်။ သူ့ကို အခု ချက်ချင်းတော့ တွေ့ဖို့ မကောင်းသေးဘူး။ သူဟာ ပြင်သစ်တွေ လွှတ်လိုက်တဲ့ သူလျှိုလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ကို ထောင်ဖမ်းဖို့ လုပ်တာလည်း ဖြစ်နိုင်တယ်။ သူဟာ ဦးလေးဟို လွှတ်လိုက်တဲ့လူ ဟုတ် မဟုတ်ဆိုတာ မသိနိုင်သေးဘူး"

ဦးလေးပါက တစ်ထောင့်မှ ထပြောသည်။

"မောင်ညိုပု၊ ပြင်သစ်တွေဟာ ကျားလို အကောင်မျိုး၊ ဘယ်နေရာမှာ လူရောက်နေတယ် ဆိုတာကို သူတို့ အနံ့ခံနိုင်တယ်။ ပြီးတော့ ဒီလူကို ဘယ်လို ချောင်းမြောင်းပြီး ရန်ပြုရမယ် ဆိုတာလည်း သိတယ်။ အခု မသွားနဲ့ဦး၊ မင်းကို ပြင်သစ်တွေ ဖမ်းမိသွားရင် တို့ရွာကို ဘယ်သူမှ စောင့်ရှောက်နိုင်တော့မှာ မဟုတ်ဘူး"

အစည်းအဝေး ပြီးသောအခါ သန်းခေါင်ကျော်ပြီ။ ကိုညိုပုသည် အိမ်သို့ ပြန်လာရင်း နဖူးပေါ် လက်တင်ကာ စဉ်းစားနေ၏။

မမှာရုံမှာ လူစုမကွဲသေးဘဲ ရှိသည်။ ဘကြီးဆန်းနှင့် လူငယ်များ ကျန်ရစ်ခဲ့ကြသေးသည်။ ဘကြီးဆန်းသည် ထုံးစံအတိုင်း ပုံတိုပတ်စများကို ပြောရင်း ကျန်ရစ်ခဲ့သည်။ ယနေ့ည သူပြောသည့် အကြောင်းမှာ သူ့ရဲကောင်းဗိုလ်အောင်ထူး၏အကြောင်း ဖြစ်သည်။ ဗိုလ်အောင်ထူး အကြောင်းကို သူပြော၍ အားမရနိုင်။ နားထောင်သူများကလည်း နားထောင်၍ မဝနိုင်။ ထို့ကြောင့်လည်း အကြိမ်ကြိမ်ပင် ထပ်ခါတလဲလဲ ပြောပြနေရသောပုံပြင် ဖြစ်သည်။

ကိုညိုပုသည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း ဘာလန်းရွာသို့ ရောက်လာသည်ဆိုသော ကင်းလူမျိုး အကြောင်းကို အပြန်ပြန်အလှန်လှန် စဉ်းစားနေသည်။ ဘာလန်းရွာသို့ ရောက်လာသည် ဆိုခြင်းမှာ အမှန်လော။ သူသည် မည်သူ ဖြစ်သနည်း။ ရဲဘော်ကိုခင်လော သို့မဟုတ် ဗိုလ်အောင်ဒွန်းလော။ ဦးလေးဟို စေလွှတ်လိုက်သည့်လူ အစစ်အမှန် ဖြစ်လေသလော။

သူ့ရဲကောင်းဗိုလ်အောင်ထူး၏ အကြောင်းကို ကိုညိုပုလည်း စိတ်ဝင်စားခဲ့ပါသည်။ ဗိုလ်အောင်ထူး လက်တွင် ရှိခဲ့သည့် ဓားမျိုးကို သူလည်း လိုချင်ခဲ့ပါသည်။ ယခု သူ့ရဲကောင်း ဗိုလ်အောင်ထူးတို့ အမျိုးဖြစ်သည့် ကင်းလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရောက်လာပြီဟု ဆိုသည်။ ထိုသူသည် မည်သူနည်း။

ထိုသူကို ယခုချက်ချင်း သွားမတွေ့သင့်သေးဟု ဦးလေးပါ ပြောခြင်းမှာ မှန်သည်။ မိမိ မသွားလျှင် မည်သူ သွားမည်နည်း။ ထိုသူသည် မိမိ တွေ့ထိုက်သော ဦးလေးဟို စေလွှတ်လိုက်သည့်လူ ဖြစ်နေမည်လော။ ဖြစ်နေမည်ဆိုလျှင် မိမိ ဘာကြောင့် မသွားရမည်နည်း။ သွားရမည်။ ရွာသား အားလုံးကလည်း ထိုလူစိမ်းကို မြင်ချင်နေကြပြီ။ မိမိသည် ဤရွာတွင် ကေဒါရဲဘော် ဖြစ်သည်။ မိမိသာလျှင် အရင်သွားသင့်သည်။ အနစ်နာခံရမည် ဆိုလျှင်လည်း မိမိသာလျှင် အနစ်နာခံသင့်သည်။

နောက်တစ်နေ့ မနက်တွင် ကိုညိုပုသည် ဘာလန်းရွာနံဘေးရှိ တောတွင်းသို့ ထွက်လာခဲ့သည်။ သူနှင့်အတူ ရွာမှ လူငယ်ငါးယောက်ကိုလည်း ခေါ်ခဲ့သည်။ ထိုအထဲတွင် မောင်ချစ်ကြီးလည်း ပါသည်။ သူတို့သည် ကိုညိုပုနှင့် မလှမ်းမကမ်းမှ လိုက်ပါကြရ၏။ အန္တရာယ် တစ်စုံတစ်ခုနှင့်ကြုံလျှင် အချိန်မီ ကူညီနိုင်ရန်လည်း လေးကောင်း၊ မြားကောင်းများကို အပြည့်အစုံ စွဲကိုင်ထားကြသည်။ ယခု ရောက်နေသည်ဆိုသော ကင်းလူမျိုးသည် ပြင်သစ်သူလျှို ဖြစ်ပါက သူ့ကို ဝိုင်းဝန်းတိုက်ခိုက်ကြမည်။

* * *

ထိုကင်းလူမျိုးနှင့် တွေ့ဆုံပြီး ကိုညိုပုတို့လူသိုက် ရွာသို့ ပြန်ရောက်လာကြသည်။ ရွာသားများနှင့် ပြန်တွေ့သောအခါ မောင်ချစ်ကြီးက သူတွေ့ခဲ့ရသည်များကို ဝမ်းသာအားရဖြင့် ရေပက်မဝင်အောင် ပြန်ပြောသည်။

"အို လူချောတစ်ယောက်ပါပဲဗျာ။ သူ့မျက်နှာက ကျုပ်တို့ ဘာနားလူမျိုးတွေ မျက်နှာမျိုးပဲ။ သူ့နှာခေါင်းနားမှာ အနာရွတ်တစ်ခု ရှိတယ်။ အရင် ဒဏ်ရာပေါင်းတစ်ခုကြောင့် ဖြစ်နေတဲ့ အနာရွတ်လို့ ပြောတယ်။ သူ့မျက်လုံးတွေဟာ သိပ်နက်တာပဲ။ ပြီးတော့ စိတ်နှလုံးထားကောင်းတဲ့ မျက်လုံးမျိုးဗျ။

သူ့အဝတ်အစားတွေလား၊ ရိုးရိုး အဝတ်အစားပါပဲ။ အကောင်းစားတွေ မဟုတ်ပါဘူး။ သူစီးထားတဲ့ ခြေညှပ်ဖိနပ်ကတော့ ပြင်သစ်တွေဆီက သိမ်းလိုက်ရတဲ့ ရာဘာနဲ့ လုပ်ထားတာလို့ ပြောတယ်။ သူ့ဆံပင်ကတော့ တိုတိုပါပဲ။ သူ့မှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတော့ မရှိဘူး"

ထိုကင်းလူမျိုးက ဘာတွေ ပြောလိုက်သေးသလဲဟု ဝိုင်းမေးသောအခါ မောင်ချစ်ကြီးက မဖြေဘဲ . . .

"အဲဒါတော့ အစ်ကိုညိုပုကို မေးကြည့်ကြ"





ဟု ပြန်ပြောသည်။

"သူ့နာမည် ဘယ်လိုခေါ်သတဲ့လဲ"

ဦးလေးပါက ဝင်မေးသည်။

"ကိုဌေးတဲ့၊ ရဲဘော်ဌေးပေါ့။ ကျန်တာတွေကတော့ မောင်ချစ်ကြီး ပြောတဲ့အတိုင်းပါပဲ"

"ကဲ ဟုတ်တယ် မဟုတ်လား။ ငါပြောတာ မမှန်ဘူးလား"

ဟု မောင်ချစ်ကြီးက ဂုဏ်ယူစွာဖြင့် လူငယ်များကို လှမ်းပြောသည်။

"ဦးလေးဟိုနဲ့ ပတ်သက်တဲ့သတင်း ဘာများကြားခဲ့ရသေးသလဲ"

ဦးလေးပါက မေးပြန်၏။

"ဦးလေးဟို ဟန္ဒိုင်မြို့မှာ ရှိနေတုန်းပဲလား"

မောင်ထွန်းကလည်း သူ သိချင်သည့် အကြောင်းကို မေးပြန်၏။

"မရှိတော့ဘူး၊ ဦးလေးဟို ဟန္ဒိုင်မြို့က ထွက်သွားတာ ငါးနှစ်လောက်ရှိပြီတဲ့"

ကိုညိုပုက သူ့ခေါင်းကို ယမ်းလိုက်ရင်း ပြုံးလျက် ဖြေသည်။ အားလုံးက သူ့ကို ဝိုင်းကြည့်နေကြသည်။ ဘာကြောင့်လဲ။ ဦးလေးဟို ဘာကြောင့် ဟန္ဒိုင်မြို့မှာ မနေသလဲ၊ ပြင်သစ်များက ဟန္ဒိုင်မြို့ကို သိမ်းပိုက်လိုက်ကြပြီလား။

"ဦးလေးဟိုဟာ ဟန္ဒိုင်မြို့ကနေပြီး တစ်လ၊ နှစ်လပဲ ပြင်သစ်တွေကို တိုက်တယ်။ ပြီးတော့ တခြားတစ်နေရာကို ပြောင်းသွားတယ်။ အခု ဦးလေးဟို ဗီယက်ဘက် ဆိုတဲ့ အရပ်မှာ ရှိနေတယ်"

"ဗီယက်ဘက် . . . ဗီယက်ဘက် အဲဒီအရပ်က ဘယ်နားမှာ ရှိသလဲ"

ကိုညိုပုသည် ရွာသားများကို လှည့်ကြည့်လိုက်၏။ ပြီးတော့ တံခါးပေါက်သို့ ထသွားသည်။ ခုနစ်စဉ်ကြယ်နှင့် ဓူဝံကြယ်တို့သည် အရောင် တဖိတ်ဖိတ် လက်နေသည်။

"ဟောဒီအရပ်မှာ ရှိတယ်"

ရွာသား အားလုံး အပြင်သို့ ထွက်လိုက်လာကြသည်။ ကိုညိုပု ညွှန်ပြသည့်ဘက်သို့ မျှော်ကြည့်ကြသည်။ တောက်ပနေသည့် ကြယ်များကို သူတို့ မြင်ကြရသည်။

"ဦးလေးဟို နေတာ ဟောဒီ အရပ်မှာပဲ"

ကိုညိုပုက ထပ်ပြောပြန်သည်။

ဤအရပ်တွင်ရှိသော ဓူဝံကြယ်သည် မည်သည့်အခါတွင်မှ ရွေ့လျားခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ပကတိ တည်ငြိမ်သည်။ အခြားအခြားသော ကြယ်တွေ၊ လတွေ ရွေ့လျား ပြောင်းလဲလင့်ကစား ဓူဝံကြယ်သည် ရွေ့လျားခြင်း မရှိ။

ထိုအကြောင်းကို စဉ်းစားမိသောအခါ ရွာသားများ၏ စိတ်ဓာတ်မှာ တက်ကြွလာသည်။ ထိုအရပ်တွင် ရှိနေသည့် ဦးလေးဟိုသည်လည်း ထိုအရပ်မှ ဓူဝံကြယ် မရွေ့ပြောင်းသလို ရွာသားများ၏ အသည်းနှလုံး အတွင်းမှာလည်း ဘယ်နံ့ရောအခါတွင်မှ ရွေ့ပြောင်းတော့မည် မဟုတ်ကြောင်း သူတို့အားလုံး သဘောပေါက်လိုက်ကြသည်။

အပြင်မှာ လေတိုက်နေသည်။ သူတို့ အားလုံး၏ မျက်နှာများသည် အပြင်က လေအေးအေး တိုက်ခတ်ခြင်း ခံရသဖြင့် ပို၍ လန်းဆန်းလာကြသည်။

"ကျုပ်တို့ရဲ့ ကောင်ဟွာရွာကလေး တစ်ရွာကိုတောင်မှ နိုင်အောင် မတိုက်နိုင်တဲ့ ပြင်သစ်တွေဟာ ခေါင်းဆောင်ကြီး ဟိုချီမင်းလို ပုဂ္ဂိုလ်မျိုးကို ဘယ်လို လုပ်ပြီး အမှုန့်ခြေနိုင်မှာတဲ့လဲ"

ဟု ကိုညိုပု ပြောခဲ့သည့်စကားများကို သူတို့အားလုံး ပြန်လည် ကြားယောင်နေကြသည်။

ကိုညိုပု မှန်ပါသည်။ ဦးလေးဟိုသည် တစ်ပြည်ထောင်လုံးကို ခေါင်းဆောင်လျက် ရှိသည်။ ကောင်ဟွာရွာသားများကဲ့သို့ပင် ရန်သူကို ဒူးမထောက်စတမ်း တိုက်ခိုက် တွန်းလှန်နေကြသည့် ပြည်သူပေါင်းများစွာ ရှိသည်။ ကောင်းကင်တွင် မရေမတွက်နိုင်သော ကြယ်များ ရှိသည်။ ဦးလေးဟို၏ ခေါင်းဆောင်မှုဖြင့် ရန်သူကို ခုခံတိုက်ခိုက်နေကြသူများမှာလည်း ကောင်းကင်ပေါ်မှ ကြယ်ပွင့်များကဲ့သို့ပင် မရေမတွက်နိုင်အောင် ရှိသည်။ ဦးလေးဟိုသည် အလွန် အစွမ်းထက်သည့် ခေါင်းဆောင်ကြီးပင် ဖြစ်ချေသည်တကား။

သူတို့သည် ဦးလေးဟို နေထိုင်ရာအရပ်ဆီသို့ မျှော်ကြည့်ပြီး မီးဖိုနံဘေးသို့ ပြန်လာကြ၏။

"နောက်ထပ် ဘာတွေများ ထူးခဲ့သေးသလဲ"

ဟု ဝိုင်းမေးကြပြန်သည်။

ပြောစရာ အကြောင်းတွေကတော့ အများကြီး ဖြစ်ပါသည်။ သတင်းပေါင်း များစွာကို ရဲဘော်ဒွေးက ကိုညိုပုအား ပြောပြခဲ့သည်။ သို့သော် အကုန်လုံးကို ကိုညိုပု မမှတ်မိနိုင်။ ထို့ကြောင့်လည်း သူ မှတ်မိသလောက်ကိုသာ ပြန်ပြောပြနိုင်သည်။

အမှတ် (၁၉) လမ်းမကြီး၏ တောင်ဘက်ဖျားရှိ ပြင်သစ်စစ်စခန်း တစ်ခုတွင် ဘာနားလူမျိုးတို့သည် ပြင်သစ်များကို ခုခံတော်လှန်နေသည့် အကြောင်း၊ ပြင်သစ်စခန်းများကို မီးတင်ရှို့ပြီး တောင်ပေါ်သို့ ထွက်ပြေးလွတ်မြောက်သွားကြကြောင်း၊ သူတို့သည် တောင်ပေါ်တွင် ရွာတည်ကာ ကောင်ဟွာရွာသားများကဲ့သို့ပင် ပြင်သစ်ကို ဆန့်ကျင်တိုက်ခိုက်နေကြကြောင်း၊ အနောက်ဘက်ဘုန်းပြင်မြင့်ဒေသ တောင်ပိုင်းတွင် ဦးလေးဟို၏ တပ်များက ပြင်သစ်စခန်းများတို့ တိုက်ခိုက် သိမ်းပိုက်ကာ လက်နက် အကြီးအသေးပေါင်း များစွာတို့ကို သိမ်းပိုက်ရယူလိုက်ကြကြောင်း၊ မြေပြန့်ဒေသရှိ ပြည်နယ်ကြီး လေးခုကိုလည်း ပြင်သစ်တို့ လက်လွှတ်လိုက်ကြရကြောင်း၊ ထိုပြည်နယ်ကြီး လေးခုသည် ဆန်စပါးများ၊ ဆားများ၊ ဓားနှင့် ပုဆိန်များ အများဆုံး ထုတ်လုပ်နိုင်သည့် ပြည်နယ်များဖြစ်ကာ ထိုဒေသမှ ထွက်သည့်ပစ္စည်းများကို ဦးလေးဟို၏ တပ်များက ရယူ သုံးစွဲနိုင်နေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်သူများကို အင်အား ကောင်းကောင်းဖြင့် တိုက်ခိုက်နိုင်ကြကြောင်းဖြင့် ကိုညိုပုက သူ မှတ်မိသမျှများကို ပြန်ပြောပြသည်။

"ကောင်းလိုက်တာကွာ၊ ကောင်းလိုက်တာ"

ဟု ဝမ်းသာအားရ ဝိုင်းအော်ကြသည်။

"ဒါထက် ဦးလေးဟိုနေတဲ့ ဗီယက်ဘက် အကြောင်းရော ဘာထပ်ထူးခဲ့သေးသလဲ"

"ဗီယက်ဘက်လား၊ ဟုတ်တယ်၊ ရဲဘော်ဒွေးက ပြောလိုက်ပါသေးတယ်။ ကျွန်တော်တို့တွေ ဆက်တိုက် အောင်ပွဲခံနေကြတယ်။ ပြင်သစ်တွေလက်ထဲက ပြည်နယ်ကြီး သုံးခုကိုလည်း ကျွန်တော်တို့ တပ်တွေက ပြန်သိမ်းလိုက်ကြပြီ။ ပြင်သစ် စစ်သားတစ်ယောက်ကိုလည်း ကျွန်တော်တို့ တပ်တွေက ဖမ်းလိုက်နိုင်တယ်။ အဲဒီအထဲမှာ ဗိုလ်မှူးကြီးနှစ်ယောက် ပါတယ်"

သူ ကြားခဲ့ရသမျှများကို ပြန်ပြောရသည်မှာ မမောနိုင် မပန်းနိုင်အောင် ရှိနေသည်။ စိတ်ဓာတ်လည်း တက်ကြွလာသည်။ မိမိတို့ တိုင်းပြည်သည် ရန်သူများထက် ပိုမို အင်အားကြီးမားကြောင်း သိရသဖြင့် ပို၍ စိတ်အားထက်သန်လာသည်။ ပြင်သစ်များသည် မိမိတို့ ကောင်ဟွာရွာမှာသာ အရေးနိမ့်နေကြသည်မဟုတ်။ မိမိတို့ တစ်ပြည်ထောင်လုံးရှိ အရပ်ဒေသပေါင်း များစွာတို့မှာပါ အရေးနိမ့်နေကြခြင်း ဖြစ်သည်။

သူတို့ စကားဝိုင်းသည် အလွန် ညဉ့်နက်မှ လူစုကွဲသည်။ အိမ်ပြန်ရောက်သောအခါ အမေ စောင့်နေသည်ကို တွေ့ရသည်။





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

"ရဲဘော်ငွေး ဘာဖြစ်လို့ လိုက်မလာတာလဲ မောင်ညိုပု၊ တို့ရွာသားတွေ မြင်ရတာပေါ့"

"ကျွန်တော်က မခေါ်ခဲ့တာပါ အမေ"

"ဘာဖြစ်လို့လဲ"

"သူဟာ ဦးလေးဟို လွှတ်လိုက်တဲ့လူ ဟုတ် မဟုတ် မသေချာသေးဘူး။ သူနဲ့ ကျွန်တော် တစ်ခါပဲ တွေ့ရသေးတာ။ သူ့အကြောင်းကို သေသေချာချာ သိအောင် မကြာခဏ သွားတွေ့ရဦးမယ် အမေ"

ဤကိစ္စနှင့် ပတ်သက်ပြီး အားလုံးက ကိုညိုပုနှင့် တစ်သဘောတည်း ရှိကြသည်။ သို့သော်လည်း သူတို့အားလုံးက ရဲဘော်ငွေးကို မြင်ချင်ကြပြီ။

ထိုညက အမေလည်း အိပ်မပျော်။ ကိုညိုပုလည်း အစဉ်းစားလွန်ရင်းဖြင့် အိပ်မပျော်နိုင်အောင် ရှိသည်။ သူတို့အားလုံး ရဲဘော်ငွေး အကြောင်းကိုသာ စဉ်းစားနေကြခြင်း ဖြစ်သည်။

ဘာလန်းရွာထဲမှာ ပြင်သစ်လိုလားသူ အမြောက်အမြားရှိကြောင်း ကိုညိုပု သိသည်။ မောင်စနှင့် မောင်ခူးတို့ နှစ်ယောက်သာလျှင် ယုံကြည်စိတ်ချရသော သူများ ဖြစ်သည်။ ထို့ကြောင့်လည်း ရဲဘော်ငွေးကို ဘာလန်းရွာအနီးရှိ တောထဲတွင် တာရှည်မထားချင်။ တစ်ဖန် မိမိတို့ရွာတွင်းသို့ ခေါ်လာ၍လည်း မဖြစ်။

ကောင်ဟွာရွာသားများ ပြင်သစ်စခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သည့် အချိန်မှစ၍ ပြင်သစ်တို့သည် မိမိတို့ကို အလစ်မပေးဘဲ တရစပ် လိုက်လံ တိုက်ခိုက်လျက် ရှိသည်။ တစ်ခါတစ်ရံ စစ်သားငါးရာမျှ အင်အားရှိသော တပ်ကြီးများဖြင့် မြေပြင်ပစ် အမြောက်ကြီးများကို အသုံးပြုကာ မိမိတို့ကို တိုက်ခိုက်ခဲ့သည်။ တစ်ခါတစ်ရံတွင် စစ်သားတစ်ထောင်ပါသော တပ်များဖြင့်ပင် တိုက်ခိုက်ကြသည်။

ထိုသို့ တိုက်ခိုက်တိုင်း ပြင်သစ်များဘက်တွင်လည်း ကြီးစွာသော ဆုံးရှုံးမှုများ ရှိခဲ့၏။ မိမိတို့ ကောင်ဟွာရွာလည်း စိစိညက်ညက် ကြေခဲ့ရသည်သာမများသည်။ မိမိတို့သည် ရွာကို မီးတင်ရှို့ကာ ကိုယ်လွတ်ရုန်း ပြေးခဲ့ကြရသည်။ အခြား တစ်နေရာမှာ ရွာသစ်တည်ကြရသည်။

မုဆိုးစိုင်သင်သလို ယခုအခါ သူတို့လည်း ရှောင်တတ် တိမ်းတတ်ကြပြီ။ တိုက်တတ် ခိုက်တတ်ကြပြီ။ ထို့ကြောင့် မူလ ရွာဟောင်းနေရာသို့ တဖြည်းဖြည်း ပြန်လည် ရွှေ့ပြောင်းလာခဲ့ကြသည်။ ရွာပတ်လည်တွင် ကြောင့်များ နေရာလပ်မကျန် စိုက်ထူရေး၊ လုံခြုံရေးအတွက် မျက်ခြည်မပြတ် ကင်းစောင့်ရေးများနှင့်



တ်သက်၍ သိမကိစ္စည်းကမ်းများကို ချမှတ်ထားကြသည်။

ကြောင့်တို့သည် မြေပြင်ပေါ်မှာသာ မဟုတ်၊ ရေထဲမှာလည်း ရှိသည်။ ခေါင်းပေါ်မှ သစ်ပင်များပေါ်မှာလည်း ရှိသည်။ မိမိတို့ရွာသို့ ဝင်နိုင်သည့် လျှို့ဝှက်လမ်းကို မိမိတို့ ရွာသားများသာလျှင် သိကြသည်။

အခြား ရွာသားများက ကောင်ဟွာရွာသို့ လာရောက်ပြီး ကိုညိုပုနှင့် တွေ့ဆုံလိုလျှင် အလွန် သတိထားပြီး စစ်ဆေးရသည်။ ထိုသူသည် တိုင်းပြည်ကို တကယ် ချစ်မြတ်နိုးသူ ဟုတ် မဟုတ်၊ ကျူးကျော်သူ ပြင်သစ်များကို တိုက်ခိုက်လိုသူ ဟုတ် မဟုတ်၊ ပြင်သစ်တို့က ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်သည့်အခါတွင် မိမိကိုယ်သာ အနာခံပြီး ကောင်ဟွာရွာသို့ လာရာလမ်းကို ဖွင့်မပြောမည့်သူ ဟုတ် မဟုတ် စိတ်ချရမှသာ မိမိတို့ကိုယ်တိုင် သွားရောက်ခေါ်ယူခြင်း ပြုသည်။ လမ်းသွားရာတွင်လည်း တစ်ချက်တိမ်းမည် မကြံနှင့်၊ အကွက်စေ့အောင် ချထားသည့် ကြောင့်နှင့် လွတ်ကင်းနိုင်မည် မဟုတ်ချေ။

တစ်နေ့တွင် ရဲဘော်ကိုငွေးနှင့် ကိုညိုပုတို့ တောတွင်း၌ စကားပြောနေကြသည်။

"ကိုညိုပုရေ . . . ခင်ဗျားနဲ့ အတူတူ ခင်ဗျားတို့ရွာကို လိုက်ချင်တယ်ဗျာ၊ ရွာသားတွေနဲ့လည်း တွေ့ချင်တယ်"

"ခင်ဗျားသွားလို့ မဖြစ်သေးပါဘူး၊ လမ်းက သိပ်ကြမ်းတယ်၊ ရောမကျောက်တုံးကြီးတွေ ပိတ်နေတယ်။ ချောက်ကမ်းပါးတွေကလည်း သိပ်မတ်တယ်၊ ကျားလည်း ပေါတယ်ဗျာ၊ ဆင်တွေလည်း များတယ်၊ တောင်ပေါ်ကျွတ်ကြီးတွေကတော့ ပြောမနေနဲ့တော့၊ တစ်နေ့မှ လမ်းတွေရှင်းပြီး ခင်ဗျားကို ခေါ်ပါ့မယ်"

ရဲဘော်ငွေးသည် ကိုညိုပုကို ကြည့်နေလိုက်သည်။ ယနေ့ တစ်မနက်လုံး သူတို့နှစ်ယောက် ထိုင်စကားပြောခဲ့ကြသည်။ သို့သော်လည်း ကောင်ဟွာရွာနှင့် ပတ်သက်၍ ကိုညိုပုထံမှ အလွန် ကြားရခဲသည်။ ကောင်ဟွာရွာသည် မည်သည့် အရပ်လောက်တွင် ရှိသည် ဟူ၍ပင် ခန့်မှန်း၍ မရနိုင်။ ရွာသားဦးရေ မည်မျှ၊ မည်သည့်လက်နက်များ စွဲကိုင်သနည်း၊ ဘာတစ်ခုမှ မေး၍မရနိုင်။

ကိုညိုပုသည် မအိပ်နိုင်သည်နှင့် ထွေရာလေးပါးကို စဉ်းစားနေသည်။ အထူးသဖြင့် ရဲဘော်ငွေးအကြောင်းပဲ ဖြစ်သည်။ ယခုလို အချိန်မျိုးတွင် ရဲဘော်ကိုခင်ကို ပိုသတိရသည်။ ရဲဘော်ကိုခင်သည် သူ့ကို အလုံးစုံ သင်ပြပေးနိုင်ခြင်း မရှိခဲ့၊ ယခုလို အချိန်မျိုးတွင် မိမိတို့နှင့်အတူ ရဲဘော်ကိုခင် ရှိနေမည် ဆိုပါက

www.burmeseclassic.com



မည်မျှ ကောင်းချိမ့်မည်နည်းဟု စဉ်းစားမိသည်။

ယခု ရဲဘော်ငွေး ရောက်လာသည်။ ရဲဘော်ငွေးသည် အကြောင်းအရာ ပေါင်း များစွာကို မိမိအား သင်ကြားပေးနိုင်လိမ့်မည်ဟု ကိုညိုပု တွေးမိသည်။ ပြင်သစ်ကို မည်သို့ တိုက်ခိုက်ရမည့်အကြောင်း၊ ပြီးတော့ အခြား စိတ်ဝင်စားစရာ အကြောင်းများ။

ဩဂုတ်လ တော်လှန်ရေးရက်များ အကြောင်းကို ပြန်ပြောင်း စဉ်းစားမိသည်၊ ကိုညိုပု အန်ခေးမြို့သို့သွားပြီး လွတ်လပ်ရေး အခမ်းအနား တက်ခဲ့သည့် အကြောင်းများ ဖြစ်သည်။

ကောင်ဟွာရွာသည် အခြားအခြားသော စမ်းချောင်းများကဲ့သို့ပင် မြစ်ကြီး အတွင်းသို့ စီးဝင်သည့် စမ်းချောင်းတစ်ခုပင် ဖြစ်သည်။ ဤရွာသည် အခြား အခြားသော ဘဝတူစမ်းချောင်းများနှင့် သုံးနှစ်သုံးမိုး အဆက်ဖြတ်ခြင်းကို ခံခဲ့ရ သည်။ ယခု ရဲဘော်ငွေး ရောက်လာပြီး အခြားအခြားသော စမ်းချောင်းများ သည် တော်လှန်ရေး အရှိန်အဟုန်ဖြင့် စီးဆင်းနေကြကြောင်း ကိုညိုပုတို့ သိရ ပြီ။ တော်လှန်တိုက်ခိုက်နေခြင်းမှာ မိမိတို့ တစ်ရွာတည်းမဟုတ်။ အောင်ပွဲများ ခံယူရရှိနေခြင်းမှာ မိမိတို့ တစ်ရွာတည်းမဟုတ်။

ကိုညိုပုသည် အိပ်ရာမှထကာ အပြင်သို့ ထွက်လိုက်၏။ ဦးလေးဟိုရှိရာ မြောက်စူးစူးအရပ်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကောင်းကင်မှာ မိုးသားများ ဖြင့် မှောင်မည်းနေသည်။

ထိုအခိုက် အမေ ထလာသည်ကို တွေ့လိုက်၏၊

"အမေ မအိပ်သေးဘူးလား"

"အိပ်မပျော်သေးပါဘူး၊ မိုးရွာရင် ရဲဘော်ငွေး မိုးစိုတော့မှာပဲ"

ဟု အမေက ပြောသည်။ ကိုညိုပုလည်း ထိုအကြောင်းကိုပင် စဉ်းစားနေ ခိုက် ဖြစ်သည်။

"ရဲဘော်ငွေးကို ဒီအိမ်ခေါ်ခဲ့ပါလား၊ သူ့ခမျှာ သနားစရာကွယ်"

"အခု ခေါ်လို့ မဖြစ်သေးပါဘူး အမေ၊ မနက်ဖြန် ကျွန်တော် သွားပြီး သူ့အတွက် တဲကလေးတစ်လုံး ဆောက်ပေးခဲ့ပါ့မယ်"

* * *

ကိုညိုပုသည် ရဲဘော်ငွေး၏ တဲအတွင်းမှာ မောင်စနှင့်အတူ ထိုင်နေ သည်။ သူ့စိတ်များသည် လွန်ခဲ့သည့် ဆယ်နှစ်ကာလသို့ ပြန်ရောက်သွား၏။

ဒတ်ဟွာချောင်းကိုဖြတ်ပြီး အန်ခေးသို့ သွားခဲ့စဉ်က ဖြစ်သည်။ ပြင်သစ်





များကို လေးနှင့်ပစ်လျှင် သေွးမထွက်ဟု ဆိုသောကြောင့် ပြင်သစ်များကို ကြည့် ၍ သွားခဲ့သည်။ ထိုစဉ်က ပြင်သစ်တို့၏ ဗုံးဒဏ်ကြောင့် မီးလောင်ထားသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော အဘိုးကြီးတစ်ယောက်ကို သူ တွေ့ခဲ့ရ သည်။

ထိုအဘိုးကြီး၏ ကျောပေါ်တွင် မောင်စ ဆိုသော ကလေးငယ်တစ် ယောက် ပါသည်။ မောင်စ၏ မိဘများသည် ပြင်သစ်တို့ နှိပ်စက်ညှဉ်းပန်းသော ကြောင့် ကွယ်လွန်သွားခဲ့ကြရာ မောင်စကလေးမှာ မိဘမဲ့ကလေး ဖြစ်နေသည်။ ထိုမောင်စကလေးသည် ယခု သူနှင့်အတူတူ ထိုင်နေသောကလေး ဖြစ်ချေ သည်။ လူလားမြောက်လာပြီ ဖြစ်သောကြောင့် လူကောင်ကြီးလည်း ထွားနေ သည်။

မောင်စ ဘာလန်းရွာမှာ ကြီးပြင်းခဲ့ရ၏။ သူ ဆယ်နှစ်သားအရွယ် ရောက် သောအခါ ချေးတပ်ဆွဲရာသို့ ပါသွားသည်။ ပြင်သစ်တို့၏ ရိုက်နှက်ညှဉ်းပန်း ခြင်းကို ခံရသည်။ ထို့ကြောင့်လည်း တောင်ပေါ်သို့ ထွက်ပြေးလွတ်မြောက်ခဲ့ရ သည်။

ကောင်ဟွာရွာက ပြင်သစ်များကို ခုခံတိုက်ခိုက်နေပြီဖြစ်ကြောင်း သူ ဆယ့်နှစ်နှစ်သား အရွယ်တွင် သတင်းကြားရသည်။ သူသည် ကောင်ဟွာရွာသို့ လိုက်သွားချင်၏။ သို့သော်လည်း မည်သည့်အရပ်တွင် ရှိကြောင်းကို သူ မသိ။ ကောင်ဟွာရွာ အကြောင်းများကို ကိုခူးအား မေးကြည့်မိသည်။

"ကောင်ဟွာရွာမှာ ကိုညိုပုဆိုတာ ရှိတယ်။ သိပ်တော်တဲ့လူ၊ စိတ်ကောင်း သိပ်ရှိတဲ့လူ၊ သူတို့ ပြင်သစ်တွေကို တော်လှန်တိုက်ခိုက်နေကြတယ်"

"ဦးလေးရော သူတို့နဲ့ ဘာဖြစ်လို့ သွားပေါင်းပြီး ပြင်သစ်တွေကို မတိုက် တာလဲ"

"ငါကတော့ မဖြစ်သေးပါဘူးကွာ၊ ငါ့မှာ အဖေရှိတယ်၊ အမေရှိတယ်၊ သမီးကလေး ရှိတယ်။ ဒါကြောင့် ဒီရွာကို မခွာနိုင်ဘူး။ ကိုညိုပုတို့ တော်လှန်ကြ တယ် ဆိုတာက အလွန် ပင်ပန်းခက်ခဲတဲ့အလုပ်၊ ငါ့သမီး ငယ်ငယ်ကလေးက ဒီဒုက္ခတွေ ခံနိုင်မှာ မဟုတ်ဘူး"

ထို့နောက်ပိုင်းတွင် ဘာလန်းရွာသို့ ရဲဘော်ငွေး ရောက်လာပြီး ကိုခူးနှင့် အဆက်အသွယ်လုပ်သည်။ ကိုခူးက ရဲဘော်ငွေးကို ဘာလန်း တောတွင်းတွင် နေရာသို့ ပို့ပေးသည်။ ထိုအချိန်ကစပြီး မောင်စကလေးသည် ရဲဘော်ငွေးနှင့် လိုက်လာကာ တောတဲမှာပင် အတူနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု သူ့အသက် ဆယ့်ရှစ်နှစ် ရှိပြီ။ ကိုညိုပုနှင့် ရဲဘော်ဌေးတို့ကြားတွင် ဆက်သားအဖြစ် တာဝန်ယူနေသူ ဖြစ်သည်။ ဘာလန်းရွာသားများ အားလုံး တွင် ကောင်ဟွာရွာသို့ သွားသည့်လမ်းကို မောင်စတစ်ယောက်တည်း သိသည် အလွန်လည်း နှုတ်လုံသည်။ ကောင်ဟွာရွာနှင့် ပတ်သက်၍ ရဲဘော်ဌေးကို တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောသူမဟုတ်။

တစ်နေ့မနက် ရဲဘော်ဌေးက ကိုညိုပုကို တွေ့လိုသောကြောင့် မောင် အား ကိုညိုပုကို သွားခေါ်ခိုင်းသည်။ သူ့တာဝန်ကို ထမ်းဆောင်ပြီးသော မောင်စသည် သူ့မှတ်စုစာအုပ်ကလေးကိုဖွင့်ကာ ခဲတံတစ်ချောင်းဖြင့် စာ ရေးနေသည်။ ရဲဘော်ဌေးက သူ့ကို စာသင်ပေးနေခြင်း ဖြစ်သည်။ ကိုညိုပုသည် သူ စာရေးနေသည်ကို ဘေးမှ ကြည့်နေ၏။

"မောင်စရေ မင်းကို ရဲဘော်ဌေး စာသင်ပေးတာ ဘယ်လောက်ကြာပြီ မင်း အတော်တောင် ရေးနိုင်နေပြီပဲ"

"ငါးရက်ရှိပြီ၊ ကျွန်တော် ဉာဏ်သိပ်မကောင်းဘူးဗျာ၊ စာတတ်တာ နှေး လွန်းတယ်"

ထိုစကားကို ကြားသဖြင့် ရဲဘော်ဌေးက ဝင်ပြောသည်။

"ဟာ. . . မဟုတ်တာဘဲ၊ မင်း စာဖတ်တာ မနှေးပါဘူးကွ၊ သိပ်တတ်လွ တာပဲ၊ မင်း နှစ်လအတွင်း ကောင်းကောင်း ရေးတတ်၊ ဖတ်တတ် ဖြစ်သွား သေချာပါတယ်"

ကိုညိုပုသည် မောင်စကို ကြည့်နေရင်းဖြင့် သူ့ကလေးဘဝကို ပြန်ပြော စဉ်းစားနေမိသည်။ သူ့ကလေးဘဝသည် ပျော်ရွှင်စရာများ၊ စိတ်မချမ်းသာစ များဖြင့် ရောပွမ်းနေ၏။ ပြီးတော့ မောင်စနှင့် ရဲဘော်ဌေးတို့ကို သနားကြင် သည့်စိတ်များ၊ အားကျသည့်စိတ်များလည်း ဝင်လာပြန်သည်။

"ကိုညိုပု ခင်ဗျားလည်း စာရေးစာဖတ်သင်ဖို့ ကောင်းတယ်၊ သင်မလား" ဟု ရဲဘော်ဌေးက မေးသည်။

"ကျွန်တော်ကတော့ အသက်ကြီးပါပြီဗျာ၊ စာသင်လို့ ရတော့မှာ မဟုတ် ပါဘူး၊ ပြင်သစ်ကို ဘယ်လို တိုက်ရမယ်ဆိုတာပဲ ကျွန်တော် သင်ချင်ပါတယ်"

ကိုညိုပုသည် သူ့စကားကိုသူ သဘောကျသဖြင့် ရယ်မောနေသည်။

ထိုတစ်လလုံးလုံး ကိုညိုပုသည် ရဲဘော်ဌေးရှိရာ တောတွင်းသို့ နှစ်ရ တစ်ကြိမ်၊ သုံးရက်တစ်ကြိမ်ကျ မှန်မှန်သွားလေ့ ရှိသည်။ တဖြည်းဖြည်းနှ ရဲဘော်ဌေးသည် ရဲဘော်မောင်ခင်ကဲ့သို့သော လူမျိုးဖြစ်ကြောင်း မြင်တွေ့လာ





သည်။ ထို့ကြောင့် ကောင်ဟွာရွာအကြောင်းကို တစ်နေ့ နည်းနည်းဖြင့် တစ်စ တစ်စ သိခွင့်ပေးလာသည်။

ရဲဘော်ဌေးကလည်း ကိုညိုပု မသိ၊ နားမလည်သေးသည်များကို ပြန်သင် ပေးသည်။

ရဲဘော်ဌေး၏ အကြံပေးချက်အရ ကိုညိုပုသည် သူ့ရွာသားများကို စုစည်း ကာ တောင်ယာများကို စုပေါင်းလုပ်ကိုင်ကြရန် စီစဉ်သည်။ ယခင်က ကိုယ့် တောင်ယာကိုယ် လုပ်ခဲ့ကြသည်။ ကျန်းမာသန်စွမ်းသူများအတွက် အကြောင်း မဟုတ်သော်လည်း မကျန်းမာသူများ၊ မုဆိုးမများ၊ မိဘမဲ့ကလေးများအဖို့မူ မကြာခဏ အစာရေစာအတွက် ဒုက္ခရောက်ကြရသည်။ ထိုသို့သော အခါမျိုး တွင်လည်း ကျန်လူများက ဝိုင်းဝန်း ထောက်ပံ့ကြရသည်သာ ဖြစ်သည်။

ယခု တောင်ယာများကို စုပေါင်းလုပ်ကိုင်ကြရန် ပြင်ဆင်ကြသည်။ အဖွဲ့ များကို ဖွဲ့လိုက်သည်။ ကျန်းမာသန်စွမ်းသူများ၊ အလုပ်ကောင်းစွာ မလုပ်နိုင်သူ များကို မျှပြီး ထည့်ကြသည်။ အဖွဲ့တိုင်းသည် မိမိတို့ တောင်ယာများကို အလှည့် ကျဖြင့် စနစ်တကျ လုပ်ကိုင်ကြသည်။ လုပ်ငန်းများ ပိုမို အောင်မြင်ပြီး တွင် ကျယ်လာသည်ကို မြင်တွေ့ရသည်။ ရွာသူရွာသား အချင်းချင်းလည်း ပိုမို စည်းလုံးညီညွတ်လာကြသည်။

ထိုမှစပြီး ကိုညိုပုသည် သူ မဖြေရှင်းနိုင်သည့် ပြဿနာတစ်ရပ်ရပ်နှင့် ကြုံရတိုင်း ရဲဘော်ဌေးထံသို့သွားကာ အကြံဉာဏ် ရယူစမြဲ ဖြစ်သည်။ ရဲဘော် ဌေးကလည်း အမှန်ဆုံးအဖြေကို ပေးနိုင်စမြဲ ဖြစ်သည်။

ကိုညိုပုသည် ရဲဘော်ဌေးနှင့် စကားထိုင်ပြောနေသည်။

မောင်စက သူ့မှတ်စုစာအုပ်ဖြင့် စာကျက်နေသည်။ မောင်စသည် ရဲဘော် ဌေးအတွက် ဝတ်ကြီးဝတ်ငယ် ပြုနေသူ ဖြစ်၏။ သူသည် ညဘက်တွင်သာ ဤတဲအတွင်း၌ အနေများပြီး နေ့ပိုင်းတွင်မူ ရဲဘော်ဌေး စားရန် သားငါးအရှာ ထွက်နေတတ်သည်။

ရဲဘော်ဌေးကို ရွာသို့ ခေါ်လာရန် ရွာသားများကလည်း ပြောကြပြီ။ ကိုညိုပုကလည်း ဆုံးဖြတ်ပြီး ဖြစ်သည်။ ယခု ကောက်သစ်စိုက်ပြီးလျှင် ရွာသို့ အပြီးပြောင်းခိုင်းတော့မည်။သို့သော်လည်း သူ့အစီအစဉ်ကို ဘာတစ်ခုမျှ ကြိုတင် မပြောမထား။

ကောင်ဟွာရွာကို အခြားတစ်နေရာသို့ မပြောင်းတော့ရန် ရဲဘော်ဌေးက ပြောပြနေသည်။



www.burmeseclassic.com

"ဒါတော့ မဖြစ်နိုင်ဘူး ရဲဘော်ဌေး၊ ကျွန်တော်တို့ ရွာသားတွေကလည်း တစ်နေရာတနေ တစ်နေရာကို ပြောင်းမနေချင်ကြပါဘူး။ တစ်နေရာထဲ မရွှေ့မပြောင်းဘဲ အခြေစိုက် နေလို့ရနိုင်တာ မဟုတ်ဘူး၊ ရန်သူလက်ထဲ ရော ကုန်မှာပေါ့။ ကျွန်တော်တို့ ထောင်ထားတဲ့ခြောင့်တွေ၊ ထောင်ချောက်တွေ တာကလည်း တစ်ကြိမ်သာ ထိရောက်တာ၊ ရန်သူသိသွားပြီးတဲ့နောက် ဘာ အသုံးဝင်တော့တာ မဟုတ်ဘူး။ ရန်သူလာပြီး ဖုံးစာကျွေးတာနဲ့ ကျုပ်တို့အား မျိုးပြုတ်ကုန်ပါ့မယ်ဗျာ။ ကောင်ဟွာရွာသားတွေဆိုတာ အခုတော့ တောတွင် တိရစ္ဆာန်လို ဖြစ်နေပြီ။ ဒီကနေ့ ဒီချုံပုတ်ထဲမှာ ရှိပေမယ့် နောက်တစ်နေ့ တခြား ချုံပုတ်ထဲ ရောက်သွားပြီ"

"တောင်ယာစိုက်ခင်းတွေကရော"

"ဒါတွေလည်း ဘယ်တတ်နိုင်မှာလဲ၊ စိုက်ခင်းတွေနဲ့ ဝေးဝေးကို မပြေး ဘူး ဆိုရင်တော့ ဆက်လုပ်နိုင်တယ်။ ဝေးရာကို ပြေးရပြီဆိုရင် အားလုံး စွန့်ပစ်ခဲ့ရတာပါပဲ။ ဟောဒီ တောင်ပေါ်မှာ ကျွန်တော်တို့ စွန့်ပစ်ခဲ့ရတဲ့ တောင် ယာ စိုက်ခင်းပေါင်း မရေတွက်နိုင်တော့ဘူး။ ကိုယ့်တောင်ယာကို ကိုယ်မချစ် လို့မှ မဟုတ်ဘဲ။ ကျွန်တော်တို့ ချွေးတွေ သွေးတွေနဲ့ ရင်းထားရတဲ့ စိုက်ခင်း တွေပဲဗျာ။ ဒါတွေကို စွန့်ပစ်ရတဲ့အခါ စိတ်ထိခိုက်ရတာပေါ့။ ဒါပေမယ့် ဘယ် တတ်နိုင်ပါ့မလဲ"

ရဲဘော်ဌေးသည် အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ရွက်များကို ခူးယူကာ လက်ဖြင့် ခြေနေသည်။

"ကျွန်တော်တို့ ခေါင်းဆောင်ကြီး ဦးလေးဟိုက ကျွန်တော်တို့ကို သွန်သင် တယ်၊ ကျွန်တော်တို့တွေဟာ ပြင်သစ်ကို ရေရှည်စစ်ပွဲ ဆင်နွှဲတိုက်ခိုက်နိုင် အောင်အတွက် ကျွန်တော်တို့ တောင်ယာတွေကို ကောင်းကောင်း လုပ်ရမယ် တဲ့။ ဒါမှ ကျွန်တော်တို့မှာ စားနပ်ရိက္ခာ ပြည့်စုံမယ်တဲ့။ စိုက်ခင်းတွေကို စွန့်ခွာ ပြီး ထွက်ပြေးနေရရင် အငတ်ဘေးကြုံတာနဲ့ ရန်သူကို ကျွန်တော်တို့ ရေရှည် စစ်ပွဲ ဆင်နွှဲနိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ နည်းလမ်းရှာရ မယ်။ တစ်နေရာထဲမှာ နေမယ်။ ပြင်သစ်ကို တိုက်မယ်။ ကျွန်တော်တို့ တောင် ယာတွေကို ရင်အုပ်မကွာ အလုပ်လုပ်မယ်။ ဘယ်ကိုမှ မပြေးဘဲ လုပ်မယ်။ အဲဒီလို လုပ်နိုင်အောင် နည်းလမ်းရှာကြရမယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ရွာတို့ပြန်ပြီး စုစည်းယူရမယ် ကိုညိုပု"





"ဟုတ်ပြီ၊ ဘယ်လို စုစည်းရမလဲ"

ကောင်ဟွာရွာကို တော်လှန်သော အမာခံရွာအဖြစ် ပြန်လည် စုစည်းနိုင်ရေးနှင့် ပတ်သက်ပြီး ကိုညိုပုနှင့် ရဲဘော်ဌေးတို့ တစ်နေကုန် ဆွေးနွေးကြသည်။

ပြောက်ကျားတပ်များ ဖွဲ့စည်းရမည်။ တောနက်နက် အတွင်း၌ လျှို့ဝှက် သော နေအိမ်များ၊ လျှို့ဝှက်သောရွာကို တည်ဆောက်ရမည်။ စားနပ်ရိက္ခာ များကို ထိုလျှို့ဝှက်အရပ်တွင် သိုလှောင်ထားရမည်။ မြေအောက်တွင် ဥမင် လိုဏ်ခေါင်းများ တူးရမည်။ ရန်သူ ရောက်လာသောအခါ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ထိုမြေအောက် ဥမင်လိုဏ်ခေါင်း များမှတစ်ဆင့် ဘေးလွတ်ရာသို့ ရှောင်တိမ်း ပုန်းအောင်းနေရမည်။ ခြောင့်များ ကို ပိုမို စိုက်ထောင်ထားရမည်။ ကင်းစောင့်သူနှင့် ကင်းလှည့်သူများကို အင်အား ပိုမို တိုးချဲ့ပေးရမည်။ အစီအစဉ်ပေါင်း များစွာကို သူတို့ ဆွေးနွေးကြ၏။

နေစောင်း၍ ပြန်ချိန်တန်သောအခါ ကိုညိုပုသည် သူယူလာသည့် ဘူးသီး ခြောက် ရေတကောင်းတစ်ခုကို ရဲဘော်ဌေးအား လှမ်းပေးသည်။

"ဘာတွေများလဲဗျ"

"ဒီဘူးခြောက်ရေတကောင်းထဲမှာ ပျား[illegible]တွေ ပါတယ်။ ရဲဘော်ကိုခင် ကျွန်တော်တို့နဲ့ လာနေတုန်းက သူ အမြဲပဲ ပျားရည် စားတယ်။ ကင်းလူမျိုးတွေ ဟာ ပျားရည် အလွန် ကြိုက်တတ်ကြကြောင်း ကျွန်တော်တို့ရွာသားတွေ သိ ကြတယ်။ ဒါကြောင့် ခင်ဗျားအတွက် ကျွန်တော့်ရွာသားတွေက ပေးလိုက်တာ"

ဘာနားလူမျိုးတို့၏ ထုံးစံအရ လက်ဆောင်ပစ္စည်းကို ငြင်းပယ်ခွင့် မရှိချေ။

"အေးဗျာ ခင်ဗျားတို့ ကောင်ဟွာရွာသားတွေ အားလုံးကို ကျွန်တော်က နှုတ်ဆက်လိုက်တဲ့ အကြောင်း ပြောပြပေးပါ"

* * *

မြူတိမ်ကင်းစင်သည့် ညတစ်ည ဖြစ်သည်။

ထို့ကြောင့်လည်း လ အလွန် သာနေ၏။ ကြယ်များကိုလည်း အပြည့်အစုံ မြင်တွေ့ရသည်။

ရဲဘော်ဌေးနှင့် ကိုညိုပုတို့ နှစ်ယောက်သည် သစ်ရွက်ခြောက်များကို အခင်းလုပ်ကာ ပက်လက်အိပ်ရင်း ကောင်းကင်သို့ မော့ကြည့်နေကြသည်။ သူတို့နှစ်ယောက် စတင် တွေ့ဆုံသည့် အချိန်မှစ၍ ပထမဦးဆုံးအကြိမ် တော တွင်း၌ အတူတူ ညအိပ်ခြင်း ဖြစ်သည်။

ဖွဲ့စည်းပြီးဖြစ်သော ပြောက်ကျားတပ်ဖွဲ့များတွင် ပါဝင်သူများ စာရင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဌေးအား ပြောပြနေသည်။ ပြီးတော့ လျှို့ဝှက်တဲငါးလုံး ဆောက်လုပ်
သည့် အကြောင်း၊ ကိုညိုပုသည် သူ့ရွာအကြောင်းနှင့် ပတ်သက်ပြီး မခြွင်း
တော့ဘဲ အိပ်သွန်ဖာမှောက် ပြောပြလိုက်သည်။

သူတို့သည် အတွေးကိုယ်စီနှင့် ငြိမ်နေကြပြန်၏။ ပတ်ဝန်းကျင်မှာ တိတ်
ဆိတ်နေသည်။

"ရဲဘော်ဌေး၊ ဦးလေးဟိုနေတဲ့ ဗီယက်ဘက်ကို ခင်ဗျား ရောက်ဖူးသလား"

ဟု ကိုညိုပုက မေးရင်းဖြင့် တိတ်ဆိတ်မှုကို ဖျက်လိုက်သည်။

"မရောက်ဖူးဘူး၊ ဗီယက်ဘက်ဟာ သိပ်ဝေးတယ်။ ဒါပေမယ့် ဟိုက
ဘော်တွေတော့ အမြဲမပြတ် လာကြတယ်။ ကျွန်တော်တို့ဆီကို သတင်း
အောင်နဲ့ လိုအပ်တဲ့ ညွှန်ကြားချက်တွေ ပေးရအောင်"

"ဒီမှာ ရဲဘော်ဌေး၊ ခင်ဗျားဟာ ဦးလေးဟို အနားမှာ မနေဘူးပေမယ့်
ပြင်သစ်တွေကို ဘယ်လို တိုက်ရမယ်ဆိုတာကျတော့ ကောင်းကောင်းကြီး သိ
ပါကလား။ ခင်ဗျားကို ဘယ်သူက သင်ပေးတာလဲ"

"ပါတီက ကျွန်တော့်ကို သင်ပေးတာပေါ့ဗျာ"

"ပါတီဆိုတာ ဘာလဲ၊ ကျွန်တော် နားမလည်ဘူး"

ရဲဘော်ဌေးသည် အိပ်နေရာမှ ထထိုင်လိုက်သည်။ ပြီးတော့ ကိုညို
သိလိုသည်များကို ရှင်းပြသည်။

ယနေ့ည အကြောင်းအရာပေါင်း များစွာကို ကိုညိုပု သိခွင့်ကြုံသည်
ဤတိုင်းပြည်သည် အလွန် ကျယ်ပြောကြောင်း၊ မြစ်ချောင်းအင်းအိုင်ပေါ
များစွာတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ တောတောင် ကန္တာရများလည်း ရှိကြော
မြစ်ချောင်းအင်းအိုင်တို့သည် ပင်လယ်များအတွင်းသို့ စီးဝင်ကြကြော
ပင်လယ် ဟူသည်မှာ ကမ်းမမြင် လမ်းမမြင်ဖြစ်ပြီး ငှက်များပင်လျှင် တစ်ဖ
ကမ်းသို့ ရောက်အောင် မပျံသန်းနိုင်ကြကြောင်း။

မိမိတို့တိုင်းပြည်တွင် မြေဩဇာ အလွန်ကောင်းသည့် အရပ်များရှိကြော
သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ကြောင်း၊ မိမိတို့ ပြည်သူများသည် အလွ
စိတ်ထားနှလုံးထား ကောင်းကြကြောင်း၊ လူကောင်းများသည် ဆင်းရဲနွမ်း
ကြကြောင်း၊ ကောက်ကျစ်စဉ်းလဲသူများသာလျှင် ချမ်းသာကြကြောင်း။

ပြင်သစ်တို့သည် မိမိတို့ တိုင်းပြည်သို့ အခြား တိုင်းတစ်ပါးမှ ရောက်
လာကြပြီး မိမိတို့ လူမျိုးများကို ချေးတပ်ဆွဲကြောင်း၊ မိမိတို့ထံမှ အခွန်အတု
များ ကောက်ယူကြကြောင်း၊ အဖိနှိပ်ခံပြည်သူတို့သည် ထိုဒဏ်များကို မခံမရ





နိုင် ဖြစ်လာကြသောအခါတွင် ဖိနှိပ်သူများကို ပြန်လည် တော်လှန်တိုက်ခိုက်
ကြကြောင်း၊ သို့သော်လည်း စနစ်တကျ မဟုတ်သောကြောင့် တော်လှန်ရေး
များသည် အရှုံးများနှင့်သာ ထပ်တလဲလဲ ရင်ဆိုင်ခဲ့ကြရကြောင်း။

ယခု ပါတီပေါ်လာပြီ ဖြစ်ကြောင်း၊ ပါတီက တော်လှန်ရေးများကို ခေါင်း
ဆောင်ကြောင်း၊ ပါတီက ခေါင်းဆောင်သောအခါကျမှပင် ရန်သူပြင်သစ်တို့
အရှုံးနှင့် ရင်ဆိုင်ကြရခြင်း ဖြစ်ကြောင်းဖြင့် ကိုညိုပု နားလည်အောင် ရှင်းပြ
သည်။

"ပါတီဆိုတာ ဦးလေးဟိုကိုပဲ ခေါ်တာလား"

"မဟုတ်ဘူး။ ဦးလေးဟိုဟာ ပါတီမှာ အဖွဲ့ဝင်တစ်ယောက်သာ ဖြစ်တယ်။
ပါတီထဲမှာ အဖွဲ့ဝင်တွေ အများကြီး ရှိတယ်။ ဦးလေးဟိုက အဲဒီပါတီရဲ့ ခေါင်း
ဆောင်"

"ပါတီဝင်တွေ အများကြီးပဲလား"

"ဟုတ်တယ်၊ အများကြီးပဲ။ ထောင်ပေါင်းများစွာ ရှိတယ်။ ဆင်းရဲနွမ်းပါး
သူ၊ ကျွန်သပေါက်ဘဝမှာ မပျော်ပိုက်နိုင်သူ၊ ပြင်သစ်နဲ့တကွ ဖိနှိပ်သူ လူတန်း
စားကို မုန်းတီးစက်ဆုပ်သူ၊ အလုပ်ကြိုးစားသူ၊ သေရမှာ မကြောက်သူ၊ ရန်သူကို
ဦးဦးဖျားဖျား တိုက်ချင်သူ၊ ဒုက္ခမျိုးစုံကို ခံနိုင်ရည်ရှိသူတွေ အားလုံးဟာ ပါတီကို
ဝင်ကြတယ်။

ဟုတ်တယ် ကိုညိုပု၊ ကျွန်တော်တို့ဟာ ပါတီ မရှိဘဲနဲ့ ရန်သူကို မတိုက်နိုင်
ဘူး။ ပါတီဝင်တွေဟာ သူ့ကိုယ်သူ တိုးတက်အောင် လုပ်နေရုံတင် မဟုတ်ဘူး၊
တခြားလူတွေ တိုးတက်အောင်လည်း လုပ်နိုင်တယ်။ ဘာမဆို အလုပ်လုပ်စရာ
ရှိရင် သူက အရင် စ,လုပ်တယ်၊ မခိုမကပ်ဘူး။ ပြီးတော့ အမှန်တရားနောက်ကို
တခြား ပြည်သူတွေပါ လိုက်လာအောင် သူက ရှေ့ဆောင်လမ်းပြ လုပ်တယ်။
ပါတီ မရှိဘူးဆိုရင် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲ အင်အားကြီးကြီး ရန်သူ
ကို ဘယ်လောက်ပဲ မုန်းမုန်း ကျွန်တော်တို့ အနိုင် မတိုက်နိုင်ဘူး၊ ဘယ်နေရာမှာ
မဆို ဘယ်အလုပ်မှာမဆို မှန်ကန်အောင် ကျွန်တော်တို့ လုပ်နိုင်ကြမှာ မဟုတ်
ဘူး"

ကိုညိုပုသည် ကောင်းကင်ကို ကြည့်ရင်းဖြင့် သူ့စိတ်ထဲမှာ တွေးစရာတွေ
များလာသည်။ ရဲဘော်ကိုခင်လို လူမျိုး၊ ယခု ရဲဘော်ဌေးလို လူမျိုး။ ပြီးတော့
ဦးလေးဟို၏ မျိုးချစ်ပြည်သူ့တပ်မတော်တို့သည် ကင်းလူမျိုးများ ဖြစ်ကြ၏။
သူတို့သည် မြေပြန့်မှနေ၍ ဆင်းရဲဒုက္ခမျိုးစုံကို ခံစားကာ ဤတောင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်လာကြသည်။ ဘားမြစ်ကို ဖြတ်ကျော်ကြသည်။ အလွန်ဝေးခေါင်သည့် ခရီးကြမ်းကြီးများကို ဖြတ်သန်းကြသည်။ သူတို့၏ စွန့်စားမှုကို ကိုညိုပု မလေးစားဘဲ မနေနိုင်တော့။

ယခု ရဲဘော်ငွေသည်ပင်လျှင် ဤတောထဲ၌ နှစ်လလုံးလုံး ဒုက္ခခံပြီး နေသည်မှာ မိမိတို့ အမြင်။ သို့သော် သူသည် စိတ်ဓာတ်လည်း မကျ။ ငြီးငွေ့ဟန်လည်း မပြ။ ပြီးတော့ သောင်းလူမျိုးများကိုလည်း သူတို့ နှစ်နှစ်ကာကာ ချစ်ကြသည်။ မြေပြန့်တွင် အေးချမ်းစွာ နေထိုင်နိုင်ကြပါလျက်နှင့် တောင်ပေါ်သားများ လွတ်မြောက်ရေးအတွက် စွန့်စားကြသည်။ ထိုအရာ အားလုံးတို့သည် ပါတီ၏ ကျေးဇူးများချည်း ဖြစ်သည်။

ကိုညိုပုသည် သူတို့ ခံစားခဲ့ရသည့် မရေမတွက်နိုင်သော ဒုက္ခများ အကြောင်းကို ပြန်စဉ်းစားနေမိသည်။ သူ့ဇနီး၊ သူ့အမေ၊ သူကိုယ်တိုင်၊ ပြီးတော့ ရွာသူရွာသားများ ခံစားခဲ့ကြရသည့် ဒုက္ခများကို စဉ်းစားကြည့်မိသည်။ ယခု ပါတီပေါ်လာပြီ။ ထိုဒုက္ခများမှ ကင်းဝေးအောင် ခေါင်းဆောင်ပေးနိုင်မည့် ပါတီ ပေါ်လာပြီ။

ထိုပါတီသို့ ဝင်လိုစိတ်များ သူ့မှာ တဖွားဖွား ပေါ်လာသည်။

"ရဲဘော်ငွေ ကျွန်တော်ရော ပါတီဝင်တစ်ယောက် ဖြစ်နိုင်သလားဟင်"

ဟု စိတ်အားထက်သန်စွာ မေးမိ၏။

"ဖြစ်နိုင်တာပေါ့၊ ခင်ဗျား အလုပ်တကယ်လုပ်ရင် ဖြစ်နိုင်တာပေါ့"

"ကျွန်တော် လုပ်မယ် ရဲဘော်ငွေရာ"

ကိုညိုပုသည် ထိုညတစ်ညလုံး တစ်မှေးမျှ အိပ်မပျော်တော့။ သူ့မျက်လုံးထဲမှာ ကြယ်တာရာပေါင်း များစွာကိုသာ မြင်တွေ့ရသည်။ ထို့ကြောင့် သူသည် ရဲဘော်ငွေဘက်လှည့်ပြီး မေးပြန်၏။

"ရဲဘော်ငွေ၊ ခင်ဗျားဟာ ဒုက္ခပေါင်းစုံကို ရင်ဆိုင်ခဲ့တာပဲနော်"

မနက် အရုဏ်တက်လုသည်အထိ သူတို့ စကားပြောကြသည်။ ရဲဘော်ငွေက သူ့ဘဝအကြောင်းကို ပြောပြသည်။

သူသည် ငယ်စဉ်က သူဌေးတစ်ယောက်အိမ်တွင် အစေခံ လုပ်ခဲ့ရကြောင်း၊ စားရတော့ မဝရေစာဖြစ်ပြီး လုပ်ရတော့ မတန်တဆ ဖြစ်ကြောင်း၊ အမြဲတစေလည်း ရိုက်နှက်ခြင်းကိုသာ ခံနေရကြောင်း၊ သူ လူလားမြောက်သော အခါ ပါတီသို့ ဝင်လိုက်ပြီး ယနေ့ထက်တိုင်အောင် တော်လှန်ရေး လုပ်နေကြောင်း၊ သူ့တွင် အိမ်ထောင်မရှိ၊ သားသမီး မရှိကြောင်းဖြင့် ပြောပြသည်။



"ကျွန်တော့်ရွာကို သွားတဲ့လမ်း ကောင်းသွားပြီ၊ မနက်ဖြန် ခင်ဗျားကို ကျွန်တော် လာခေါ်မယ်"

ဟု နောက်တစ်နေ့ ခွဲခါနီးတွင် ကိုညိုပုက ပြောသည်။

"ကျောက်တုံး အကြီးကြီးတွေနဲ့ တောင်ကျွတ် အကြီးကြီးတွေ မရှိတော့ဘူးလား"

ဟု မေးရင်း ရဲဘော်ငွေက ရယ်နေသည်။

"အများကြီး ရှိသေးတယ်။ ဒါပေမယ့် ခင်ဗျားလို ပါတီဝင်တစ်ယောက်ဟာ ဘယ်လို အခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်ကြောင်း ကျွန်တော် သိတယ်။ ကျွန်တော်လည်း ခင်ဗျား လမ်းစဉ်နောက် လိုက်မှာပါပဲ"

ကိုညိုပုကလည်း ရယ်နေ၏။ တစ်ယောက်လက်ကို တစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

* * *

ဘကြီးဆန်းသည် ရက်အတန်ကြာသည်အထိ ဘာအလုပ်ကိုမျှ မလုပ်။ ရွာရိုးကိုးပေါက်လျှောက်ကာ တစ်အိမ်တက်ဆင်းဖြင့် ရယ်စရာ စကားများကို ပြောနေသည်။ လူစုစုမြင်လျှင် ထိုလူအုပ်အတွင်းသို့ သူ ဝင်လာတတ်သည်။

"မင်းတို့ မြင်ပြီ မဟုတ်လားဟေ့၊ ဦးလေးဟိုနဲ့ ကင်းလူမျိုးတွေက တို့ ကောင်ဟွာရွာသားတွေအတွက် လက်နှစ်ဖက်စီ ပို့လိုက်တာ"

သူ့စကားကို အားလုံးက ဝိုင်းရယ်ကြသည်။

"ဟုတ်တယ်လေ၊ မင်းတို့ စဉ်းစားကြည့်ပါလား။ တို့မှာ ဓားတွေ၊ ပုဆိန်တွေ မရှိတော့ဘူးဆိုရင် တို့ ဘာပြောသလဲ။ တို့တော့ လက်ရုံးပြုတ်ပြီလို့ ပြောတယ် မဟုတ်ဘား။ အခု ဦးလေးဟိုက တို့အတွက် ဓားလေးချောင်းနဲ့ ပုဆိန် ငါးလက် ပို့လိုက်တယ် ဆိုတော့ တို့ရွာသားတွေအတွက် လက်နှစ်ဖက် တပ်ပေးလိုက်တာပေါ့ကွ"

ဟု ပြောရင်း တဟားဟား ရယ်မောကာ အခြား တစ်အုပ်စုရှိရာသို့ ထွက်သွားပြန်သည်။

ဓားနှင့် ပုဆိန်များကိုသယ်ပြီး ရဲဘော်ငွေ ရောက်လာခဲ့သည်။ ထိုနေ့ကို ကောင်ဟွာရွာသားများ မေ့နိုင်ကြတော့မည်မဟုတ်။ အဖိုးမဖြတ်နိုင်အောင် တန်ဖိုး ကြီးမားလှသည့် ယင်းဓားနှင့် ပုဆိန်များကို တောင်ယာခုတ်သည့်အဖွဲ့များအား ခွဲဝေပေးလိုက်ကြသည်။

ထိုနေ့မနက်က နေအလွန်သာသည်။ ရွာလယ်မဏ္ဍပ်၏ အမိုးပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ထိုးကျနေသော နေရောင်သည် ရွှေရောင်တောက်နေသည်။ ရွာသားအား သည် သည်အရပ်မှာ စုဝေးရောက်ရှိလာကြ၏။ ချစ်မြတ်နိုးဖွယ်ကောင်းသော ရွာသားများ၏ မျက်နှာများကို ကိုညိုပုက သိမ်းကျုံးကြည့်လိုက်သည်။

သည်လို စုစုဝေးဝေးဖြင့် ပြုံးရွှင်နေသည့် မျက်နှာများကို မြင်ရပြန်သော အခါ ကိုညိုပု ဝမ်းသာလုံး ဆို့နေသည်။ ဘာစကားကစပြီး ပြောရမည်တို သူ မသိတော့။ ရွာသား အားလုံးကလည်း သူ ပြောမည့်စကားကို နားစွင့် ကြသည်။

တစ်ရံရောအခါက ချုလေးတောင်ရိပ်များသည် သူတို့ မျက်နှာများပေါ် သို့ ထိုးကျနေခဲ့သည်။ မည်သူမျှ မပြုံးနိုင် မရွှင်နိုင်ခဲ့ကြ။ လေးနှစ်တာမျှ တာ ပတ်လုံး မသေထမင်း မသေဟင်းကို စားပြီး သူတို့ အသက်ရှင်ခဲ့ကြရသည် ရွာသားအားလုံး အရိုးပေါ် အရေတင် ဖြစ်ခဲ့ကြရသည်။ မျက်တွင်းဟောက် ဖြင့် အားအင်ကုန်ခန်းခဲ့ကြရသည်။ ကိုညိုပုသည် ဓားနှင့် ပုဆိန်များကို ကော ယူလိုက်ပြီး ခေါင်းပေါ်သို့ ထောင်ပြလိုက်သည်။

"ရွာသူရွာသားအပေါင်းတို့ ခင်ဗျား၊ ဘုံပြာရွာမှာ ကျွန်တော်တို့တစ်ရွ ရှိစဉ်က ကျွန်တော်တို့ ပိုင်ဆိုင်သမျှ ဓားတွေ၊ ပုဆိန်တွေကို ပြင်သစ်တွေ အတင်းအဓမ္မ လုယူသွားခဲ့ကြပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ကို သေ တွင်းထဲ တွန်းပို့လိုက်တာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ မသေပါဘူး။ ကျွန်တော် တို့ဟာ ကနေ့ထက်တိုင် အသက်ရှင်လျက်နဲ့ ကျွန်တော်တို့ရဲ့ ချက်မြှုပ်ရာ အ ဟောင်းဖြစ်တဲ့ ဟောဒီ ကောင်ဟွာရွာကို ပြန်လာနိုင်ခဲ့ကြပါပြီ။ အခုဆို ကင်းလူမျိုးတွေနဲ့ ခေါင်းဆောင်ကြီး ဦးလေးဟို ပေးလိုက်တဲ့ ဓားတွေ၊ ပုဆိ တွေကိုယူပြီး ကျွန်တော်တို့ဆီကို ရဲဘော်ဌေး ရောက်လာပါပြီ။ ကျွန်တော် ဟာ ကျွန်တော်တို့ရဲ့ တောင်ယာတွေကို ပိုကောင်းအောင် စိုက်ပျိုးကြရပါတော့ မယ်။ ကျွန်တော်တို့ဟာ လုံလောက်တဲ့ အစားအစာကို ရပါတော့မယ်။ ပြီးတော့ ကျွန်တော်တို့ကို သေတွင်းထဲ တွန်းချခဲ့တဲ့ ပြင်သစ်တွေ ကျွန်တော့်တို့အ သေတွင်းထဲကို ဆင်းကြရမှာ အမှန်ပါပဲ"

ရွာသားကိုးဆယ်တို့သည် တစ်ပြိုင်တည်း ပြုံးနေကြသည်။ အမျိုးသမီးမျ သည်လည်း ပြုံးပန်းများ တဝေဝေနှင့်။ သွားမရှိတော့သည့် အဘိုးအို၊ အဖေ အိုများတို့သည်လည်း အားပါးတရ ပြုံးလျက်။ ကလေးငယ်တို့သည် ပျော်ရွ မြူးထူးစွာဖြင့် သူတို့လက်များကို မြှောက်လျက်။

ကိုညိုပု၏ နောက်ဘက်တွင် ရပ်နေသော ရဲဘော်ဌေး၏ မျက်နှာသည်





သည်း သဘာလောင်းကာ အပြုံးအပေါင်းတို့ ခညောင်းလျက်။

ရွာသားကိုးဆယ်တို့ကို အုပ်စုတိုးစု ခွဲလိုက်သည်။ အဖွဲ့ခေါင်းဆောင် သပ်သူတို့သည် အစီအစဉ်အလိုက် ကိုညိုပု ရပ်နေရာသို့ ရောက်လာကြသည်။ ပြီးတော့ ကိုညိုပု ကမ်းပေးသည့် ဓားနှင့် ပုဆိန်တို့ကို မိမိတို့ကျရာအတိုင်း သူငင်ကာ တောင်ယာများ ရှိရာသို့ ဆက်လက် ချီတက်ကြသည်။

နောက်ဆုံးအဖွဲ့သည် အမျိုးသမီးအဖွဲ့ ဖြစ်၏။ ထိုအမျိုးသမီးအဖွဲ့ကို ခေါင်းဆောင်လာသူကား မလေးယုပင်တည်း။

မလေးယုသည် အလွန် သန်မာလှသည်။ မြင့်မားသော သစ်ပင်များပေါ် သို့လည်း ရှဉ့်တစ်ကောင်၏ ပေါ့ပါး လျင်မြန်မှုမျိုးဖြင့် သွက်လက်စွာ တက်နိုင် သည်။ သစ်ကိုင်းများကိုလည်း ကျွမ်းကျင်စွာ ချိုင်နိုင်သည်။ သူသည် အမြဲတမ်း ပြုံးနေတတ်သူ ဖြစ်၏။ စကားနည်းနည်း ပြော၏။ အလုပ်များများ လုပ်၏။

ဇနီးဖြစ်သူသည် ခင်ပွန်းဖြစ်သူ၏ ရှေ့မှာ ရပ်လိုက်သည်။ ခင်ပွန်း ဖြစ်သူ က ဇနီးဖြစ်သူ၏ လက်ထဲသို့ နောက်ဆုံးကျန်သော တောခုတ်ဓားတစ်ချောင်း ကို ပေးအပ်လိုက်သည်။ လင်ရော မယားပါ ပြုံးနေကြသည်။ သူတို့ကို ဝိုင်းကြည့် နေကြသည့် ရွာသားများကလည်း ပြုံးနေကြသည်။

စိမ်းစိုသည့် သစ်ရွက်များပေါ်သို့ ထိုးကျနေသည့် နံနက်ခင်း နေရောင် သည်လည်း သူတို့နှင့်အတူ ပြုံးနေသယောင် ထင်ရသည်။ ပြီးတော့ ရွာသူရွာ သား အားလုံးတို့သည် သီချင်းကို သံပြိုင်ဆိုကာ တောင်ယာခုတ်ရန် ညီညာ စွာ ချီတက်သွားကြသည်။

မိစ္ဆာဗိဋ္ဌိပမာ . . . ဒင်းတို့ရဲ့ အများပေါင်း ကုဋေကုဋာ။ ကြည့်စမ်းပါ့
နယ်ချဲ့မိစ္ဆာ . . . ဘယ်သူ အရင် ဇီဝိန်ကြွေမလဲ . . . ငါတို့ မဖြစ်နိုင်ပါ
. . . ဟော့ ဒင်းတို့သာ . . . ဒင်းတို့သာ စိစိညက်ညက် မုချကြေမည်သာ။

* * *

ကိုညိုပုတို့ ကောက်ယူ မွေးစားခဲ့သည့် မိဘမဲ့ကလေး မောင်ငယ်သည် အသက် (၁၂) သား ရှိလာပြီ ဖြစ်၏။ သူသည် မလေးယု တောင်ယာခုတ်သွား သောအခါတိုင်းတွင် နောက်မှ တကောက်ကောက် လိုက်ကာ တတ်နိုင်သမျှ တို့ကို ကူညီလုပ်ဆောင်ပေးခဲ့သည်။ တောတွင်းမှ ကိုညိုပု ပြန်လာတိုင်းလည်း တွေ့ဥသော် လည်းကောင်း၊ မျောက်ဥသော် လည်းကောင်း၊ နှစ်ခုစီ ပါလာတတ် ဖြစ်သည်။ တစ်ခုသည် မောင်ငယ်ဖို့ဖြစ်ပြီး ကျန်တစ်ခုသည် သူတို့သားလေး အတွက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသို့ ရဲဘော်ဌေး ရောက်လာသည့် အချိန်မှစ၍ မောင်ငယ်သည် ရဲဘော်ဌေး နောက်သို့ တကောက်ကောက် လိုက်ပြန်သည်။ ရဲဘော်ဌေး သွားရာတွင် အရိပ်ပမာ ပါလေ့ရှိသည်။ ပြီးတော့ ရဲဘော်ဌေးထံမှလည်း ကင်းလူမျိုးတို့၏ စကားကို သင်ယူလျက် ရှိသည်။

ရဲဘော်ဌေးသည် ခရိုင်ကော်မတီဝင်များနှင့် တွေ့ဆုံရန် ခရီးထွက်သွားသည်။ ငါးရက်ကြာလျှင် ပြန်လာမည်ဟု ပြောသွားသည်။

ရဲဘော်ဌေး ထွက်သွားသည့်နေ့မှစပြီး မောင်ငယ်သည် ကြိုးတစ်ချောင်းကို ယူကာ တစ်နေ့လျှင် ကြိုးထုံး တစ်ထုံး ထုံးထားသည်။ ယနေ့ ငါးထုံးပြည့်သောနေ့ ဖြစ်သည်။ ထို့ကြောင့် သူသည် ဘယ်မှမသွားဘဲ အိမ်ပေါ်တွင်ထိုင်ကာ ရဲဘော်ဌေး လာမည့်လမ်းကိုသာ မမှိတ်မသုန် မျှော်ကြည့်နေသည်။ အမှန်တော့ ရဲဘော်ဌေးကို မျှော်နေသူမှာ မောင်ငယ်တစ်ယောက်တည်း မဟုတ်ပါ။ ကောင်ပွာတစ်ရွာလုံး ဖြစ်ပါသည်။

ဤရွာသို့ ရဲဘော်ဌေး ရောက်လာသည်မှာ တစ်လပင် မပြည့်တတ်သေးချေ။ သို့သော်လည်း ထိုမျှ တိုတောင်းသည့် အချိန်အတွင်းမှာပင် ရဲဘော်ဌေးသည် သူတို့ရွာသားလုံးလုံး ဖြစ်နေချေပြီ။ ပြီးတော့လည်း သူ ရောက်လာသည့်နေ့က ဆားတစ်ကျည်တောက် အကြောင်းကိုလည်း မမေ့နိုင်ကြ။

ရဲဘော်ဌေးမှာ ဝါးကျည်တောက်တစ်လုံး ပါလာသည်။ အဖုံးကို ဖွင့်သောအခါ အတွင်း၌ ဆားများကို မြင်တွေ့ရသည်။ ကောင်ပွာရွာသားများ လေးနှစ်လုံးလုံး မမြင်ဘူးတော့သည့် ဆားများ ဖြစ်သည်။ ရဲဘော်ဌေးသည် ထိုဆားများကို တစ်ရွာလုံးရှိ အိမ်ထောင်စုတိုင်းကို အချိုးကျ ခွဲဝေပေးလိုက်သည်။

နောက် ရက်အနည်းငယ် ကြာသောအခါ တစ်ညနေတွင် ရဲဘော်ဌေးသည် အပြင်မှ မောကြီးပန်းကြီး ပြန်ရောက်လာ၏။ ပင်ပန်းလွန်းသဖြင့် အိမ်ရှေ့ခန်း ကြမ်းပြင်ပေါ်မှာ တုံးလုံးလှဲလိုက်ရုံနှင့် အိပ်ပျော်သွားတော့သည်။

ကိုညိုပု၏ မိခင်သည် ရဲဘော်ဌေး အိပ်ပျော်နေရာ အနီးသို့ ရောက်လာပြီး သူ့ဖိနပ်နှင့် ဦးထုပ်များကို သိမ်းဆည်းပေးသည်။ ပြီးတော့ ပွင့်နေသော ဝါးကျည်တောက်ကို ငုံ့ကြည့်လိုက်သည်။ အထဲမှာ တွေ့ရသောအရာများကား ပြာများပင်တည်း။

ရဲဘော်ဌေးသည် သူ့တွင်ရှိသော ဆားများကို သူ မစား။ ရွာသားများကို ခွဲဝေပေးလိုက်ခြင်း ဖြစ်သည်။ သူကိုယ်တိုင်မှာမူ ပြာများကိုသာ ဆားအဖြစ်နှင့် စားသုံးနေခြင်းဖြစ်ကြောင်း သိကြရသည်။ အနစ်နာခံနိုင်စွမ်းရှိသော ပါတီ





ရဲဘော် ဖြစ်သည်။

အိမ်တွင်လည်း သူသည် အလုပ်မရှေး။ ထမင်းဟင်းချက်ရန် ရှိလျှင်လည်း ဝင်ချက်လိုက်၏။ တံမြက်စည်းလှည်းရန် ရှိလျှင်လည်း ဝင်လှည်းလိုက်၏။ တောင်းရက်စရာ ရှိလျှင်လည်း ဝင်ရက်လိုက်သည်။ ဝက်များကို အစာကျွေးရာ၊ ရေသယ်ရာ စသည်ဖြင့် အောက်ခြေသိမ်း တာဝန်ရ အလုပ်များတွင်လည်း သူ ပါလိုက်သည်သာ ဖြစ်၏။ သည်အိမ်မှာ သူ ကူညီလုပ်ကိုင်ရန်များ ပြီးလျှင် အခြား တစ်အိမ်သို့ ကူးပြောင်းသွားပြီး ဝိုင်းဝန်းလုပ်ကိုင်ပေးဦးမည် ဖြစ်သည်။

ညနေ နေဝင်ဖိုးဖျချိန် ရောက်သည်နှင့် တစ်ပြိုင်တည်း ရွာဘေးရှိ ချောင်းသို့ သူသွားမည်။ သူနှင့်အတူ ရွာတွင်းရှိ ကလေးများ အားလုံး လိုက်ပါသွားကြလေ့ ရှိသည်။ ချောင်းတွင်းသို့ ရောက်သောအခါ ကလေးငယ်များ အားလုံးကို တစ်ယောက်ပြီးတစ်ယောက် စိတ်ရှည်လက်ရှည်ဖြင့် ရေချိုးပေးမည်။

ညဦးပိုင်းရောက်လျှင် ကလေးများကို စုဝေးစေပြီး၊ မြေပြန့်ဒေသ အကြောင်းများ၊ ပုံတိုပတ်စများကို ပြောပြပြန်သည်။ ထိုအခါမျိုးတွင် အချို့ကလေးများသည် သူ့ရင်ခွင်တွင်းမှာ လည်းကောင်း၊ အချို့သည် သူ့ကျောပေါ်သို့ ဖက်တက်၍ လည်းကောင်း၊ အချို့တို့သည် သူ့ဇက်ကို ခွစီး၍ လည်းကောင်း ရှိနေတတ်ကြစမြဲ ဖြစ်သည်။

သူသည် ကလေးအားလုံး၏ နာမည်များကိုလည်း ကောင်းစွာ မှတ်မိသည်။ ထိုကလေးများကို စုဝေးပြီး သီချင်းဆို သင်ပေးသည့်အခါတွင်လည်း သင်ပေးနေတတ်သည်။

မောင်ငယ်သည် ရဲဘော်ဌေး သင်ပေးသည့် သီချင်းကို တိုးတိုးဆိုရင်း ရွာပြင်သို့သာ မျှော်နေသည်။ သူ မျှော်နေခိုက်မှာပင် သူ့မြင်ကွင်းသို့ တစ်စုံတစ်ယောက် ဝင်လာသည်။ ဦးထုပ်နှင့် သေနတ်ပြောင်းဝကို လှမ်းမြင်လိုက်ရသည်။ မြင်ကွင်းသည် တဖြည်းဖြည်း ပီပြင်လာသည်။ မောင်ငယ်နှင့် တစ်ရွာလုံး စောင့်မျှော်နေကြသည့် ရဲဘော်ဌေးပင်တည်း။

မောင်ငယ်သည် ထိုင်နေရာမှ တစ်ဟုန်ထိုးထကာ ရဲဘော်ဌေးဆီသို့ အော်ဟစ်ပြေးလေတော့သည်။

"အစ်ကိုဌေး ပြန်လာပြီဟေ့၊ အစ်ကိုဌေး ပြန်လာပြီ"

ဆန်ထောင်းသည့် အမျိုးသမီးတို့သည်လည်း ဆန်အထောင်း ရပ်လိုက်ကြ၏။ ပြီးတော့ ရဲဘော်ဌေး လာရာဘက်သို့ ထွက်ကြည့်ကြသည်။

"ဟုတ်ပါရဲ့ အစ်ကိုဌေး ပြန်လာပြီဟေ့၊ မောင်ငယ် တော်တော် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com

လျှင်တယ်"

ဟု တစ်ဆင့်စကား တစ်ဆင့်နား ပြောကြသည်။

ရွာသားအားလုံး ရဲဘော်ဌေး ရှိရာသို့ ဝိုင်းအုံပြေးလာကြသည်။ ရဲဘော်ဌေးသည် အလွန် လေးလံသည့် တောင်းတစ်လုံးကို ထမ်းလာခဲ့သည်။

"တောင်းထဲက ဘာတွေလဲ အစ်ကိုဌေး"

"ခရီးသွားရတာ ချောချောမောမောပဲ မဟုတ်လား"

"ရဲဘော်ဌေး ဘာသတင်းထူးခဲ့သလဲ"

တစ်ယောက်တစ်ပေါက်ဖြင့် ကျွက်ကျွက်ညံအောင် ဝိုင်းမေးကြသည်။ မည်သူ၏ မေးခွန်းကို စ,ဖြေရမှန်း မသိတော့။ ကိုယ့်တူ ကိုယ့်သား ကိုယ့်ရပ်ရွာကို ပြန်လာသကဲ့သို့ ဖက်လှဲတကင်း ကြိုဆိုကြခြင်း ဖြစ်သည်။ ရဲဘော်ဌေးသည် ပခုံးပေါ်မှတောင်းကို အောက်သို့ ချလိုက်သည်။ ပြီးတော့ တောင်းပေါ်တွင် အုပ်ထားသည့် သစ်ရွက်များကို ဖယ်လိုက်သည်။

"ဟောတော့ ဆားတွေပါလား"

ရဲဘော်ဌေးသည် မျက်နှာပေါ်မှ ချွေးများကို သုတ်ပစ်လိုက်၏။

"ဦးလေးဟိုဆီက ပို့လိုက်တဲ့ ဆားတွေ"

ဟုသာ ပြောပြီး ကိုညိုပုကို သွားခေါ်ခိုင်းလိုက်သည်။ မောင်ငယ်သည် ကိုညိုပု ရှိရာသို့ ပြေးထွက်သွား၏။

ကိုညိုပု ရောက်လာသောအခါ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ခရိုင်ကော်မီတီက ကျွန်တော်တို့ဖို့ ဘာများ ပေးလိုက်သေးသလဲ"

ရဲဘော်ဌေးက ကိုညိုပု မေးသည်ကို မဖြေ။ သူကသာ မေးခွန်းတစ်ခု ပြန်မေးလိုက်သည်။

"ကိုညိုပု၊ ဒတ်ပွာချောင်းထဲကို စမ်းချောင်းပေါင်း ဘယ်လောက်များများ စီးဝင်သလဲ"

"အများကြီးပေါ့၊ ဒတ်ပွာချောင်းထဲကို စီးဝင်တဲ့ စမ်းချောင်းတိုင်းဟာ အနည်းဆုံး ရွာတစ်ရွာစီလောက်ကိုတော့ ဖြတ်ပြီး စီးခဲ့ကြတာပဲ။ ရွာတွေကလည်း အများကြီးဆိုတော့ စမ်းချောင်းတွေလည်း အများကြီးပေါ့"

ရဲဘော်ဌေးသည် ဆေးလိပ်တစ်လိပ်ကို လိပ်နေသည်။ စက္ကူနှင့် လိပ်ခြင်း မဟုတ်။ ရွာသားများက သူ့အတွက် ငှက်ပျောဖက်နုနုကို အခြောက်ခံပြီး ဆေးလိပ် လိပ်နိုင်ရန် လုပ်ပေးထားကြသည်။ ထိုငှက်ပျောဖက်ခြောက်နှင့် လိပ်နေခြင်း





ဖြစ်သည်။

"ကိုညိုပု၊ အခု ပြင်သစ်တွေက အဲဒီ စမ်းချောင်းတွေကို အန်တုဖို့ လုပ်နေပြီ"

"ခင်ဗျားပြောတာ ဘာအဓိပ္ပာယ်လဲ"

"ဒီအိုး ဒီမိုးနဲ့ ဒီလမ်းရွာသားတွေကို ပြင်သစ်တွေက သေနတ်တွေ ထုတ်ပေးနေတယ်လို့ ခရိုင်ကော်မီတီက ကျွန်တော့်ကို ပြောပြလိုက်တယ်။ ဒီသေနတ်တွေနဲ့ ကျွန်တော်တို့ ကေဒါတွေကို သတ်ခိုင်းဖို့ပဲ။ အစီအစဉ်တွေ အားလုံးကို သစ္စာဖောက် ပြင်သစ်အလိုတော်ရိတွေက လုပ်ကြတယ်။ ဒီလက်နက်တွေနဲ့ ကျွန်တော်တို့ကို ပိတ်ဆို့ဖို့ လုပ်ကြတယ်။ အထူးသဖြင့်ကတော့ မကြာခင် ရောက်လာတော့မယ့် ကျွန်တော်တို့ တပ်မတော်တွေနဲ့ ကျွန်တော့်ကို ပိတ်ဆို့မယ်ဖို့ ကြံစည်ကြတာပဲ။ အခုဆိုရင် ကုန်းချိုင့်၊ ကုန်းချော၊ ငါးကျိုးနဲ့ လမ်းကူးရွာတွေကို သေနတ်တွေ ဆက်ဝေလိမ့်ဦးမယ်။ မကြာခင် ကျွန်တော်တို့ အနားတစ်ဝိုက်က ရွာတွေဖြစ်တဲ့ ဘာလန်း၊ ကုန်းမာနဲ့ တာလမ်းရွာတွေကို ရောက်လာတော့မယ်။ ပြင်သစ်တွေဟာ ကျွန်တော်တို့ ကောင်ပွာရွာကို ဝိုင်းရံပိတ်ဆို့ပြီး အပျောက်ရှင်းပစ်ချင်နေတယ်"

ကိုညိုပုသည် ပါးစပ်မှ ဆေးတံကို ဖြုတ်လိုက်ကာ နားထောင်နေသည်။ စာစောပိုင်းက ဒီအိုးရွာသားများကို သေနတ် အချို့အဝက် ထုတ်ပေးကြောင်း ကြားရသည်။ သို့သော်လည်း အမဲလိုက်ရန် ထုတ်ပေးခြင်း ဖြစ်သည်ဟုလောက်သာ နားလည်ခဲ့သည်။ ယခုမှ သူတို့ ရည်ရွယ်ချက် အမှန်ကို သိရတော့သည်။

"ကျွန်တော်တို့ဟာ ဟောဒီ ချူလေးတောင်ကြီးကို အမိအရ ကာကွယ်ရတော့မယ် ရဲဘော်ဌေး"

"ကိုညိုပုပြောတာ မှန်တယ်၊ ပထမဆုံး ကျွန်တော်တို့ လုပ်ရမယ့်အလုပ်က ဟောဒီ ချူလေးတောင်ကြီးကို ကာကွယ်ထားနိုင်ဖို့ပဲ။ ဒီတောင်ပတ်လည်မှာ ကောင်ပွာရယ်၊ ကုန်းမာရယ်၊ တာလမ်းရယ်၊ ဒေးတားရယ်၊ ဘာလန်းရယ် ရွာပေါင်း ငါးရွာရှိတယ်။ ဒီရွာငါးရွာစလုံးက ညီညီညွတ်ညွတ်နဲ့ ပြင်သစ်ကို ခုခံတိုက်အောင် ကျွန်တော်တို့ လုပ်ကြရမယ်"

ကိုညိုပုသည် အလေးအနက် စဉ်းစားနေသည်။

"ကျွန်တော်တို့ရွာက အကြောင်းမဟုတ်တော့ဘူး။ တာလမ်းရွာက ချွေးတပ်ဆွဲ မခံဘဲ နေခဲ့တယ်။ ဒါပေမယ့် သူတို့ လုပ်ထားတဲ့ ခြောင့်တွေက အားရစရာ မကောင်းဘူး။ သူတို့မှာ ပြောက်ကျားတပ်ဖွဲ့တွေလည်း စနစ်တကျ ဖွဲ့


www.burmeseclassic.com

www.burmeseclassic.com



စည်းထားတာ မရှိသေးဘူး။ ဘာလန်းရယ်၊ ကုန်းမာရယ်၊ ဒေးတားရယ်ကတော့ အခုထက်ထိ ပြင်သစ်ချေးတပ် အဆွဲခံနေကြရတုန်းပဲ။ သူတို့ကပါ ကျွန်တော်တို့နဲ့ လက်တွဲ တိုက်လာအောင် စည်းရုံးရမှာပဲ။ စည်းရုံးဖို့က ခက်တော့ တော်တော်ခက်တာပဲ ရဲဘော်ဌေးရာ။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ၊ ကျွန်တော်တို့ အစွမ်းကုန် လုပ်ကြရတော့မှာပေါ့"

"ကျွန်တော်လည်း ဒီလိုပဲ သဘောရတယ် ကိုညိုပု၊ ရန်သူကို တိုက်ဖို့အတွက် တစ်ယောက်ကောင်း၊ တစ်ရွာကောင်း ဆိုတာ မဖြစ်နိုင်ပါဘူး။ ရန်သူကို အနိုင်ရအောင် တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူတွေ အားလုံးက ဝိုင်းဝန်းတိုက်ခိုက်ကြရမယ်။ ကျွန်တော်တို့ အင်အား ပိုကောင်းလာအောင်လုပ်ရင်း ရန်သူ အားလျော့ကျသွားအောင်ပါ တစ်ပါတည်း လုပ်ရမယ်"

သူတို့နှစ်ယောက်သည် အသေးစိတ် အစီအစဉ်များကို တိုင်ပင်ကြသည်။ ညနေပိုင်းတွင်လည်း နှစ်ယောက် မျက်နှာချင်းဆိုင်ကာ မည်သည့် ရွာများကို ပထမဦးဆုံး စတင် စည်းရုံးသင့်ကြောင်း ဆွေးနွေးကြသည်။

"ကုန်းမာ ရွာသူကြီးကတော့ တော်တော် ဆိုးတယ်။ ပြင်သစ် သူလျှိုတွေနဲ့ အဆက်အသွယ် လုပ်ချင်နေတဲ့လူ။ ဒါကြောင့် သူ့ရွာကို အရင်သွားလို့ မဖြစ်သေးဘူး။ ဘာလန်းရွာက လမ်းမကြီးနဲ့ သိပ်နီးနေပြီး ရန်သူက အချိန်မရွေး အန္တရာယ်ပေးနိုင်တဲ့ရွာ ဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ ဒေးတားနဲ့ တာလမ်းရွာတွေကို အရင်ဝင်ရင် ကောင်းမယ်။ ကျွန်တော်က လမ်းသိတယ်။ ဒါကြောင့် ပိုဝေးတဲ့ ဒေးတားရွာကို သွားမယ်။ ရဲဘော်ဌေးက ပိုနီးတဲ့ တာလမ်းရွာကို သွားပါ"

ကိုညိုပု မျက်စိထဲတွင် မြင့်မားသည့် တောင်များကို မြင်လာသည်။ ထိုတောင်သည် သူ မရောက်ဘူးသေးသည့် ဗီယက်ဘက်တောင် ဖြစ်သည်။ ဟုတ်ပါသည်။ ခေါင်းဆောင်ကြီးဟို ရှိနေသည့်တောင် ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံး ညီညွတ်ကြရန်အတွက် ခေါင်းဆောင်ကြီးဟိုသည် မနားမနေ ပြောခဲ့သည်။

ဦးလေးဟို၏ သွန်သင်ချက်များကို လေးနှစ်လေးမိုးလုံးလုံး ကိုညိုပု လိုက်နာခဲ့၏။ သို့သော်လည်း မိသားစု အနည်းငယ်သာ ပါဝင်သည့် သူ့တစ်ရွာတည်း၏ စည်းလုံးညီညွတ်ရေးကိုသာ ကိုညိုပု လုပ်နိုင်ခဲ့သည်။ အခြား ကျေးရွာများကိုပါ စုစည်းယူရမည်ဟု သူ သဘောမပေါက်ခဲ့။

အခြားရွာများရှိ ပြည်သူတို့သည်လည်း မိမိတို့နည်းတူ ဒုက္ခမျိုးစုံကို ခံစားနေကြရသည်။ သူတို့လည်း ပြင်သစ်များကို မုန်းတီးရွံရှာကြသူများ ဖြစ်သည်။





သို့သော် သူ မစည်းရုံးမိခဲ့။ ယခု ပါတီက ထွန်းလင်းပေးလိုက်သည့် အလင်းရောင်ကို သူ မြင်ရပြီ။ ပါတီက စေလွှတ်လိုက်သည့် ရဲဘော်ဌေးနှင့် တွေ့ရပြီ။ ရဲဘော်ဌေး၏ ရှေ့ဆောင်လမ်းပြမှုများကို ခံယူရပြီ။ သည်လမ်းကြောင်းအတိုင်း တစ်သဝေမတိမ်း လိုက်ရန်လည်း ဆုံးဖြတ်ပြီးပြီ။

"မနက်ဖြန် ကျွန်တော် ခရီးစ,ထွက်မယ် ရဲဘော်ဌေး"

"ကောင်းပြီ၊ ကျွန်တော်လည်း တာ့လမ်းရွာကို သွားမယ်"

အနားတွင် အိပ်နေသည့် သားငယ်က ထအော်သည်။ ခြင်ကိုက်သဖြင့် ရဲဘော်ဌေးက စောင်ဖြင့် ဆွဲအုပ်လိုက်သည်။

"ကိုညိုပု၊ ခင်ဗျားလည်း တော်လှန်ရေးအလုပ်တွေ လုပ်နေရတာနဲ့ အိမ်အလုပ် ဘာမှ မလုပ်နိုင်အောင် ဖြစ်နေပြီ။ ခင်ဗျား မိန်းမက ဘယ်လိုထင်မလဲ"

ဟု ရဲဘော်ဌေးက လေသံဖြင့် မေးသည်။

"သူ နားလည်ပါတယ်၊ အရေးမကြီးပါဘူး"

"ဒီနှစ်တော့ ခင်ဗျားတို့ တောင်ယာမှာ ကျွန်တော် ဝင်ကူလုပ်မယ်ဗျာ။ ခင်ဗျားမိန်းမ တစ်ယောက်တည်း လုပ်ခဲ့ရတာ ကြာပြီ"

* * *

ဒေးတားရွာတွင်းရှိ အိမ်ငယ်တစ်လုံးပေါ်မှာ ကိုညိုပု ထိုင်နေသည်။ ဤရွာမှ အိမ်များသည် တစ်ပုံစံတည်းလို ဖြစ်၏။ အမိုးများ ကြီးမားသည်။ ခြေတံတိုသည့် အိမ်နိမ့်များ ဖြစ်သည်။

အိမ်တွင်းမှာ အလွန် ပူနေသည်။ ဝက်တစ်ကောင်သည် အိမ်တိုင်ကို လာပွတ်ရင်း သူ့ကျောအယားဖြေနေ၏။ ဆောက်ထားသည့်အိမ်က မနိုင့်တနိုင်မို့ ယမ်းခါနေသည်။ ဦးအောင်က ထိုဝက်ကို ခြောက်လှန့်လိုက်သောအခါ တအီအီအော်ကာ မလှမ်းမကမ်းသို့ ထွက်ပြေးသည်။ ခဏကြာတော့ နီးရာ ရေဇလားတစ်ခုတွင်းရှိရေကို ပျင်းရိစွာ သောက်နေသည်ကို မြင်တွေ့ရသည်။

ယခင်တုန်းက ဒေးတားရွာသည် ရွာကြီးကြံ့ခိုင် ဖြစ်၏။ အိမ်ကြီးအိမ်ကောင်း အလုံးသုံးဆယ်ထက်မနည်း ရှိ၏။ ကျွဲများ၊ ဝက်များဖြင့်လည်း ချောင်ချောင်လည်လည် ရှိကြသည်။ ယခုဆိုလျှင် အိမ်သေးသေး နှစ်ဆယ်မျှသာ ကျန်တော့သည်။ သူတို့ ဝတ်ဆင်နေကြသည့် အဝတ်အစားများသည် ပြင်သစ်လုပ်ထည်များ ဖြစ်သည်။ သည်အထည်ကလေး တစ်စမျှရဖို့ကို စပါးတစ်တောင်းနှင့် လဲလှယ်ယူနေကြရသည်။

ရွာသားများနှင့် ထိုင်စကားပြောနေရင်း သူတို့ကို ကိုညိုပု အကဲခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ပြင်သစ်တို့နှင့် ဆက်ဆံနေရသဖြင့် မည်မျှအထိ ဆင်းရဲဒုက္ခ ရောက်နေကြရကြောင်းကို အကဲခတ် ကြည့်နေမိသည်။

ရွာလူကြီးများသည် ဆန်အရက်အိုးအနီးမှာ စုထိုင်နေကြသည်။ ကိုညိုပု အကြောင်းကို ဒေးတားတစ်ရွာလုံး ကြားပြီး ဖြစ်၏။ ကိုညိုပုသည် အလွန်တော်သည့် အကြောင်း၊ သူ့ရွာသားများကို အလွန်ချစ်သည့် အကြောင်း၊ သူ့တောင်ယာကိုလည်း အကောင်းဆုံးဖြစ်အောင် စိုက်ပျိုးနိုင်သည့် အကြောင်းများကို သိကြသည်။

ကိုညိုပု ရောက်လာသည်နှင့် တစ်ပြိုင်တည်း ဒေးတားရွာသားများက သူ့ကို လှိုက်လှဲပျူငှာစွာဖြင့် ခရီးဦးကြို ပြုကြသည်။ လိုလေသေးမရှိအောင် ဧည့်ဝတ်ပြုကြသည်။

သည်လို ချစ်ခင်ရင်းနှီးမှုကို ပြသော်လည်း ပြင်သစ်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ ကိုညိုပု ပြောသောအခါ မည်သူကမျှ သဘောမတူကြ။ ဦးအောင် ကိုယ်တိုင်ကပင် လက်မခံချေ။ ဦးအောင်သည် ယခင် တော်လှန်ရေးကာလတုန်းက ကျေးရွာ တော်မတီဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ယခု အသက်အရွယ် အလွန် အိုမင်းနေပြီ။ သူ့ မျက်ခုံးမွေးသည်ပင်လျှင် ဆွတ်ဆွတ်ဖြူလျက် ရှိကြပြီ။

"ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်။ တို့ရွာသားတွေဟာ ပြင်သစ်ကိုလည်း မတိုက်ဖူးဘူး။ ကေဒါတွေကိုလည်း မတိုက်ဖူးဘူး။ အစိုးရကိုလည်း မတော်လှန်ဖူးဘူး။ ပြီးတော့ ပြာကိုလည်း ဆားအဖြစ်နဲ့ စားနိုင်ကြမှာ မဟုတ်ဘူး"

ဟု ဦးအောင်က ပြန်ပြောသည်။

"တို့ရွာကို ပြောင်းပစ်ရမှာလား၊ ဘယ်ကို ပြောင်းရမှာလဲ၊ ကောင်ဟွာရွာသားတွေက ပြောင်းနိုင်ကြပေမယ့် တို့ကတော့ အဲဒီလို ပြောင်းနိုင်မှာ မဟုတ်ဘူး။ နတ်ကလည်း ခွင့်ပြုမှာ မဟုတ်ပါဘူးကွယ်"

စသည်ဖြင့်လည်း လူကြီးပိုင်းက တစ်သံတည်း ထွက်လာကြသည်။

"ရွာကိုဖျက်ပြီး တခြား ပြောင်းပြေးလို့ ဘာအကျိုးရှိမှာလဲ၊ ရွာပတ်လည်မှာ ထောင်ဖို့ ချောင့်တွေ လုပ်နေရတာနဲ့ပဲ တို့တောင်ယာတွေကို ကျောခိုင်းထားရမယ်။ ဒီလိုဆိုရင် ငတ်ပြီး သေရုံကလွဲလို့ ဘာဖြစ်ဦးမှာလဲ။ မောင်ညိုပုရယ် ဒီအလုပ်တော့ မဖြစ်နိုင်ဘူး"

ဟု တစ်ယောက်က ဝင်ပြောပြန်သည်။

ကိုညိုပု၏ တင်ပြချက်များကို လက်မခံနိုင်ကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြသဖြင့် ကိုညိုပုသည် ဘာကစ၍ ဘယ်လို ဆက်ပြောရမည်





ကိုပင် မသိတော့ဘဲ စဉ်းစားနေရသည်။ ရွာသားများ အားလုံး ပြန်သွားကြ၏။ ကိုညိုပုသည် ဦးအောင်၏ အိမ်ပေါ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ပြင်သစ်တို့၏ ကောက်ကျစ်စဉ်းလဲပုံများကို စဉ်းစားနေသည်။

တောင်ယာများကို ဖျက်ဆီးခြင်းသည် တောတွင်းမှ ဝက်ဝံများ မဟုတ်ကြောင်း၊ ဗီယက်မင်း တော်လှန်ရေးသမားများ ဖြစ်ကြောင်း၊ သူတို့ကို ခပ်လှမ်းလှမ်းတွင် တွေ့လျှင် ရှရာလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ရမည် ဖြစ်ကြောင်း၊ အနီးအနားတွင် တွေ့လျှင် လက်ရဖမ်းကာ နားရွက်၊ နှာခေါင်းနှင့် လက်များကို ဖြတ်ကာ ပြင်သစ်များထံသို့ ယူလာပြီး ဆားနှင့် လဲနိုင်ကြောင်း ပြင်သစ်တို့က ဝါဒဖြန့်ထားသည်။

အမျိုးသားသစ္စာဖောက်တို့ကလည်း ပြင်သစ်တို့ အလိုတော်ကျအတိုင်း တိုင်းရင်းသားများကြားမှာ ဝင်ရောက် စည်းရုံးနေကြသည်။

လွန်ခဲ့သည့် ငါးနှစ်တုန်းက ချူလေးတောင်ပေါ်သို့ ရွှေ့ပြောင်းသင့် မပြောင်းသင့် သူတို့ ဆွေးနွေးခဲ့ကြသည့် အကြောင်းများကို ပြန်စဉ်းစားနေမိသည်။ ဆား မစားဘဲ နေနိုင်သူများက ပြင်သစ်ကို ဆက်တိုက်မည်။ မစားဘဲ မနေနိုင်သူများက ပြင်သစ် ချေးတပ်ဆွဲခြင်းကို ဆက်ခံရုံသာ ရှိသည်ဟု ပြောခဲ့သည်။ ကိုးဆယ်မျှသော ရွာသားတို့သည် ပြင်သစ်ကို တိုက်မည်ဟု ဆုံးဖြတ်ကာ သူနှင့်အတူ လိုက်ခဲ့ကြသည်။ ထိုရွာသား ကိုးဆယ်တို့သည် မိမိတို့ရွာထဲတွင် အဆင်းရဲဆုံးသော ရွာသားများဖြစ်ကြောင်း သူ နားလည်သည်။

လွန်ခဲ့သည့်လက ကိုညိုပုကို ပါတီဝင်အဖြစ် လက်ခံလိုက်သည့် အခမ်းအနားတစ်ခု ကောင်ဟွာရွာမှာ လုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် ရဲဘော်ငွေး ပြောသွားသည့်စကားများကို ကိုညိုပု ပြန်လည် ကြားယောင်နေမိသည်။

"ဆင်းရဲနွမ်းပါးသူတိုင်း၊ အဖိနှိပ်အချုပ်ချယ်ခံရသူတိုင်း ပြင်သစ်ကို မုန်းတီးစက်ဆုပ်ကြပါတယ်။ သူတို့ရဲ့ မုန်းတီးစက်ဆုပ်တဲ့စိတ်ကို အုံကြွလာအောင် လုပ်ပေးနိုင်ရင် ကျွန်တော်တို့ရဲ့ အင်အား ပိုကြီးလာမယ်။ ဘာမဆို လုပ်နိုင်မယ်။ သူတို့တစ်တွေဟာ စိတ်ထားနှလုံးထား ကောင်းသူတွေ ဖြစ်ကြပါတယ်။ တစ်နေ့ကျရင် ကျွန်တော်တို့ ပါတီဝင်တွေ ဖြစ်လာနိုင်ပါတယ်"

ရဲဘော်ငွေး၏ စကားများကို သူ ပြန်ကြားနေသည်။ ဒေးတားရွာသားများသည် အလွန် ဆင်းရဲကြ၏။ သူတို့သည် ဘိုးစဉ်ဘောင်ဆက်ကတည်းက ယနေ့ထက်တိုင်အောင် ပြင်သစ် ချေးတပ်ဆွဲပြီး နှိပ်စက်သမျှကို ခေါင်းငုံ့ခံခဲ့ကြရသည်။ သူတို့သည် ပြင်သစ်ကို ချစ်သူများ မဖြစ်နိုင်။ ကိုယ့်တိုင်းပြည်ကို မုန်းတီးသူများ

ပညာငွေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်။ သူတို့၏ စိတ်ဓာတ်ကို မိမိ မဆွဲဆောင်နိုင်သောကြောင့်သာ ဖြစ် ကြောင်း သူ စဉ်းစားမိသည်။

ညနေပိုင်းတွင် ရွာသားများနှင့် တစ်အိမ်တက်ဆင်း လိုက်လံတွေ့ဆုံ သည်။ တစ်လလျှင် ချွေးတပ်လိုက်ရသည့်ရက်ပေါင်း မည်မျှရှိကြောင်းကို စုံစမ်းကြည့်သည်။ ပြင်သစ်များက မည်သို့ ကျွေးမွေးကြောင်း၊ ကလေးများ မည်သည့်အတွက်ကြောင့် ပိန်နေရသည့် အကြောင်း၊ သူတို့ပိုင်သည့် ကျွဲများ ဝက်များကို မည်သူက မည်သို့ အနိုင့်အထက် လုယူခဲ့သည့် အကြောင်းများ မေးမြန်းကြည့်သည်။

ညဦးပိုင်းတွင် ရွာလယ်မမှာရုံ၌ ရွာသားများနှင့် အစည်းအဝေး ထပ်လုပ် သည်။ ရွာသားများအား ပုံပြောပြခွင့်ပြုပါရန် ဦးအောင်ထံမှ ခွင့်ပြုချက်ကို ကိုညိုပုက တောင်းသည်။

ကောင်ဟွာရွာနှင့် ပတ်သက်သည့် ပုံပြင်များကို ပြောလိမ့်မည်ဟု ရွာသား များက ထင်မှတ်ကြသည်။ သို့သော် ကိုညိုပု တကယ်ပြောသော ပုံပြင်များက ကောင်ဟွာရွာနှင့် လုံးဝမဆိုင်။ ဒေးတားရွာသားတို့ တကယ် ကြုံတွေ့ခံစား ကြရသည့် အကြောင်းများသာ ဖြစ်သည်။

ဒေးတားရွာသူ ဒေါ်လှိုင်သည် အလွန် အလုပ်လုပ်နိုင်သူ၊ အလွန် ကျွမ်း ကျင်သူအဖြစ် ဤရွာတွင် နာမည်ကြီးကြောင်း၊ သို့သော်လည်း ဒေါ်လှိုင်၏ တောင်ယာမှာ ပေါင်းပင်၊ မြက်ပင်များသာလျှင် ဖုံးလွှမ်းနေကြောင်း၊ တစ်လတွင် ရက်ပေါင်း သုံးဆယ်ရှိသည့်အနက် ဒေါ်လှိုင်သည် ဆယ့်ငါးရက်လုံးလုံး ချွေးတပ် ဆွဲရာနောက်သို့ လိုက်ပါနေရသဖြင့် သူ့တောင်ယာကို ပြန်မကြည့်နိုင်တော့ ကြောင်း။

ဘကြီးသာယာ၏အိမ်သည် မကြာခင် ပြိုကျတော့မည် ဖြစ်ကြောင်း ပြိုကျတော့မည်ကို သိပါလျက်နှင့် ပြန်မဆောက်နိုင်ကြောင်း၊ ဘကြီးသာယာ၏ သားသည် ချွေးတပ်အဆွဲခံရကြောင်း၊ ထိုမှတစ်ဖန် ဗီယက်မင်းတို့နှင့် ဆက်သွယ် သည်ဆိုပြီး ပြင်သစ်များက ဘကြီးသာယာ၏သားကို လက်ဖြတ်ပစ်ကြောင်း ထိုဒဏ်ရာက သွေးလွန်ပြီး အသက်ဆုံးခဲ့ရကြောင်း၊ ထို့ကြောင့် ဘကြီးသာယာ ၏အိမ်ကို ပြုပြင်ပေးမည့်သူ မရှိတော့ကြောင်း။

မမြလွှမ်သည် ဤ ဒေးတားရွာတွင် ရိုးသားသော မိန်းမပျိုကလေးတစ် ယောက် ဖြစ်ကြောင်း၊ လူချစ်လူခင် ပေါများကြောင်း၊ တစ်နေ့တွင် သူ့ကို ပြင်သစ်များက ဝိုင်းဝန်း မုဒိမ်းကျင့်ကြကြောင်း၊ ယခုဆိုလျှင် မမြလွှမ်သည်





ပြင်သစ်တို့ထံမှ ကူးစက်ရရှိလာသည့် ကာလသားရောဂါကြောင့် အိမ်ထောင် လည်း မပြုနိုင်တော့ကြောင်း၊ သားသမီးလည်း မမွေးနိုင်တော့ကြောင်း စသည် ဖြင့် ဤဒေးတားရွာထဲမှ ရွာသူရွာသားများ အမှန်တကယ် ခံစားခဲ့ကြရသည့် အကြောင်းများကိုသာ ကိုညိုပုက စီကာပတ်ကုံး ပြောပြသည်။

အလယ်မှ မီးဖိုတွင် မီးငြိမ်းသွားသည်။ အားလုံး တုတ်တုတ်မျှ မလှုပ်ဘဲ အတွေးကိုယ်စီဖြင့် ကိုညိုပု ပြောသမျှ စကားလုံးများကြားမှာ နစ်မြုပ်နေကြ သည်။ ပြီးတော့မှ ငိုသံများ ကြားလာရသည်။ တောင်ယာကို မကြည့်နိုင်သဖြင့် အငတ်ဘေးနှင့် ကြုံတော့မည့် ဒေါ်လှိုင်၊ အားကိုးရာ သားကို ဆုံးရှုံးလိုက်ရသည့် ဘကြီးသာယာ၊ လူ့ဘဝဆုံးရှုံးရပြီဖြစ်သော မမြလွှမ်တို့၏ ငိုရှိုက်သံများ။

ကိုညိုပုသည် အပြင်သို့ ထွက်သွားကာ ထင်းတစ်စည်းကို ပွေ့ယူလာခဲ့ သည်။ မီးဖိုတွင်းသို့ ထင်းများ ထပ်ဖြည့်ထည့်သည်။ မီးရောင်များ ပြန်အား ကောင်းလာပြန်သည်။ သည်တော့မှ ဒေးတားရွာသူရွာသား အားလုံးတို့၏ မျက်နှာများကို သတိထားကြည့်လိုက်သောအခါ အားလုံး စိတ်ထိခိုက်နေကြ သည်ကို ကိုညိုပု မြင်ရသည်။ ထွန်းခိုင်သည် မီးဖိုနှင့် နီးရာသို့ တိုးကပ်လာ၏။

"အစ်ကိုညိုပု၊ ကျွန်တော့်အကြောင်းကိုတော့ ဘာဖြစ်လို့ ပြောမပြတာလဲ"

ဟူသော မေးခွန်းဖြင့် စကားဝိုင်းကို ဆက်လိုက်သည်။

"အစ်ကိုညိုပု မပြောရင် ကျွန်တော့်အကြောင်းကို ကျွန်တော် ပြောမယ်။ ကျွန်တော့်လက်ကို ကြည့်စမ်းပါ၊ လက်ချောင်းကလေး နှစ်ချောင်း ပြတ်နေတဲ့ ကျွန်တော့်လက်ကို ကြည့်စမ်းပါ။ ကျွန်တော်ဟာ ချွေးတပ်ဆွဲရာ ပါသွားရင်း အသည်းအသန် ဖျားတယ်။ အလုပ်ကောင်းကောင်း မလုပ်နိုင်ဘူး။ ပြင်သစ်တွေ က အလုပ်မလုပ်နိုင်ရကောင်းလား ဆိုပြီး ကျွန်တော့်ကို ထောင်ထဲထည့်ထား လိုက်တယ်၊ ဒါနဲ့တင် အားမရသေးဘဲ ကျွန်တော့်လက်ချောင်းကလေး နှစ် ချောင်းကို ဖြတ်ပစ်လိုက်တာပါပဲ"

ထွန်းခိုင်၏မျက်နှာကို ကိုညိုပု လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများ သည် မီးဝင်းဝင်းတောက်နေကြသည်။ ထွန်းခိုင်သည် ယခင်က ကောင်ဟွာရွာ သား ဖြစ်သည်။ ကိုညိုပုတို့ ကောင်ဟွာရွာကိုစွန့်ပြီး ချူလေးတောင်ပေါ်သို့ ပြောင်းကာ ပြင်သစ်များကို ဆက်လက် တိုက်ခိုက်ရန် ဆုံးဖြစ်စဉ်က ကိုညိုပု တို့နှင့် မလိုက်နိုင်ဟုဆိုကာ ဒေးတားရွာသို့ ပြောင်းလာသည့် မိသားစုမှ ဖြစ် သည်။ ထိုစဉ်က ထွန်းခိုင်၏အသက် ငယ်ဦးမည်။ ယခု အသက် နှစ်ဆယ်ခန့် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခိုင်တို့ မိသားစုသည် ကိုညိုပုတို့နှင့် မလိုက်ဘဲ ဒေးတားရွာသို့ ပြောင်းရွှေ့လာသည့် အချိန်မှစ၍ ပြင်သစ်တို့၏ ချေးတပ်ဆွဲခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို အများနည်းတူ ခါးစည်းခံခဲ့ကြရသူများ ဖြစ်သည်။

ယခု ထွန်းခိုင်သည် ကောင်းစွာ လူလားမြောက်နေပြီ။ နက်ပြောင်သောအသားအရေသည် တင်းမာနေသည်။ လက်မောင်းများ၊ ကိုယ်လုံးကိုယ်ထည်များသည် ကြီးမားတုတ်ခိုင်နေသည်။

ထိုည ဆွေးနွေးပွဲသည် များစွာ အောင်မြင်သည်ဟု ကိုညိုပု ထင်သည်။

နောက်တစ်နေ့ မနက်တွင် ရွာသို့ သူ ပြန်ခဲ့သည်။ မကြာမကြာ လာပါဦးဟု ရွာသားများက သူ့ကို အတန်တန် မှာကြသည်။

ရွာအပြင် ချောင်းကမ်းနံဘေးသို့ ရောက်သောအခါ နောက်ပိုင်းမှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ထွန်းခိုင် ပြေးလိုက်လာသည်ကို မြင်တွေ့ရသည်။

"အစ်ကိုညိုပု၊ ခေတ်အဆက်ဆက်ကတည်းက ကျွန်တော့် မိဘဘိုးဘွားတွေဟာ ကောင်ပွာရွာက ချောင်းရေကို သောက်ခဲ့ကြရပါတယ်။ ကောင်ပွာရွာက ဆန်စပါးကို စားခဲ့ကြရပါတယ်။ ဒါကြောင့် ရန်သူကို ကောင်ပွာရွာသားတွေနဲ့တွဲပြီး ကျွန်တော်လည်း တိုက်ချင်ပါတယ်။ ကျွန်တော့်ကို ကောင်ပွာရွာရောက်အောင် တစ်ခါတည်း ခေါ်သွားပါ။ ဘယ်လိုဒုက္ခမျိုးနဲ့တွေ့တွေ့ ကျွန်တော် ခံနိုင်ပါတယ်။ ဒေးတားရွာမှာတော့ ကျွန်တော် ဆက်မနေချင်တော့ဘူး"

ကိုညိုပုသည် ဣန္ဒြေရရဖြင့်ပင် ထွန်းခိုင်ကို ချောင်းကမ်းနံဘေးသို့ ခေါ်သွားပြီး ကျောက်တုံးတစ်တုံးပေါ်တွင် အတူထိုင်ကြသည်။

ပြီးတော့ ထွန်းခိုင် ယခုလို အမြင်မှန်ရသည့်အတွက် ဝမ်းသာကြောင်း၊ သို့သော်လည်း ထွန်းခိုင်သည် ဒေးတားရွာမှာပင် ဆက်လက် နေထိုင်သင့်ကြောင်း၊ မိမိတို့ရွာသို့ ခေါ်မသွားလိုသောကြောင့် မဟုတ်ကြောင်း၊ အမြင်မှန်ရလာသည့် ထွန်းခိုင်လို လူမျိုးတစ်ယောက် ဒေးတားရွာမှာ ဆက်လက် နေထိုင်ကာ အမြင်မှန်မရသေးသူများကို တဖြည်းဖြည်း စည်းရုံးယူရန်လိုကြောင်း၊ ရွာတစ်ရွာတည်း ကောင်းနေရုံမျှဖြင့် မလုံလောက်ကြောင်း၊ အခြား ရွာများပါ တော်လှန်ရေး အင်အားစုများနှင့် ပူးပေါင်းလာရန် လိုကြောင်းများကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ကိုညိုပုသည် ချောင်းထဲမှရေကို လက်ခုပ်ဖြင့် ခပ်ယူကာ မျက်နှာသစ်လိုက်သည်။



"ညီလေး မောင်ထွန်းခိုင်၊ တို့တိုင်းပြည်ထဲမှာရှိတဲ့ ဘယ်ချောင်း ဘယ်မြစ်ရေမဆို ကောင်းတာပါပဲ။ ဒါကြောင့် တို့ဟာ ဘယ်ချောင်း ဘယ်မြစ်ရေကိုပဲ သောက်သောက် တို့တိုင်းပြည်ကို ချစ်ကြရမှာပါပဲ။ တို့တိုင်းပြည်ကို ကျူးကျော်သိမ်းပိုက်ထားသူကို မုန်းရမှာပါပဲ။ ဒီအကြောင်းကို တခြား ရွာသားတွေပါ သဘောပေါက်အောင် ပြောပြလိုက်ပါကွာ"

* * *

"ဒေးတားရွာသားတွေကို ကျွန်တော် ငါးခါတောင် ရှင်းပြတယ်ဗျာ။ ဒါပေမယ့် သူတို့ နားမဝင်ကြဘူး။ ဒါကြောင့် ကျွန်တော် ဘာလန်းကို သွားမယ်။ ရဲဘော်ဒွေး ဒေးတားကို တစ်ချီသွားပါဦး"

ဟု ရဲဘော်ဒွေးနှင့် တွေ့သောအခါ ကိုညိုပုက အကျိုးအကြောင်း ရှင်းပြသည်။ ကိုညိုပုသည် ရဲဘော်ဒွေးကိုခေါ်ပြီး ဒေးတားသို့ လိုက်ပို့၏။ ထွန်းခိုင်နှင့် တွေ့ပေး၏။ ပြီးတော့မှ ဘာလန်းရွာသို့ သူ သွားသည်။

တောင်ယာကို သူ ပြန်မကြည့်နိုင်ဘဲ မလေးယုနှင့် လွှဲထားခဲ့ရသည်မှာ ကြာပြီ။ သို့သော်လည်း မလေးယုသည် တစ်ချက်ကလေး မညည်းညူ။ သီချင်းတအေးအေးဖြင့် တောင်ယာတွင်းမှာ ပေါင်းသင်လျက် ရှိသည်။

မြတ်နိုးဖွယ်ကောင်းသော သူ့ဇနီးသည်၏ စိတ်ထား မွန်မြတ်မှုကလေးများကို သူ တွေ့ရပြီ။ တပ်မက်ဖွယ်ကောင်းသော သူ့ဇနီး၏ အလှအပများကို သူ မြင်ရပြီ။ ပြီးတော့ ဦးလေးဟို၏ မှန်ကန်သော ခေါင်းဆောင်မှုကို မြင်ရပြီ။ ရန်သူများ အရေးနိမ့်အောင် တိုက်ခိုက်နိုင်စွမ်းသော ဦးလေးဟို၏ အစွမ်းအစကို မြင်ရပြီ။

ဘာလန်းရွာတွင် ပြင်သစ်များက သူတို့ ယုံကြည်ရသူ တစ်ဦးကို ရွာသူကြီး ခန့်ထားသည်။ ထိုသူကြီးသည် တော်လှန်နေသော ပြည်သူ့တပ်မတော်ကိုလည်း အာခံဝံ့သူ မဟုတ်။ ပြင်သစ်များကိုလည်း လွန်ဆန်ရဲသူ မဟုတ်။ ရွာသားတို့ကလည်း ပြင်သစ်များနှင့် ဆက်ဆံရေး ကောင်းမွန်စေရန်အတွက် သူ့ကို လက်ခံထားခြင်း ဖြစ်သည်။

မောင်စသည် ကောင်ပွာရွာသို့ မကြာခဏ သွားနေသူ ဖြစ်သည်။ ထိုအကြောင်းကို သိထားသော သူကြီးသည် မောင်စကိုလည်း မြန်ကြောက်နေရှာပြန်၏။ ထို့ကြောင့် သူကြီးကို ကောင်းကောင်း ကိုင်ထားနိုင်ရန် မောင်စကို ကိုညိုပုက မှာကြားထားသည်။

"ခင်ဗျား ပြင်သစ်ကိုလည်း မကြိုက်၊ ဘယ်သူ့ကိုမှလဲ သဘော မတွေ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူကြီး လုပ်နေရတာ မရှက်ဘူးလား။ ရွာသားတွေကို ခင်ဗျား အကူအညီ ပေးဖို့ ကောင်းတယ်"

ဟု မောင်စက သူ့ကိုပြောသောအခါတွင်လည်း ဖျာဖျာသလဲ ဖြစ်တတ်သည်။

"ငါ ဘယ်လို အကူအညီပေးရမှာလဲ မောင်စရယ်၊ ပြောပါဦး"

"ပြင်သစ်တွေ ဘာလုပ်မယ်၊ ဘာအစီအစဉ် ရှိတယ်ဆိုတာ ကျွန်တော်တို့ကို ကြိုတင် သတင်းပေးပါ"

ထိုအချိန်မှစပြီး ရွာသူကြီးကို မောင်စတို့ ကောင်းကောင်း အသုံးချသည်။ ပြင်သစ်များက ခွေးတပ်သားသုံးဆယ် ပို့ပေးရမည်ဆိုလျှင်၊ သို့တည်း မဟုတ် ရိက္ခာ မည်ရွေ့မည်မျှ၊ ကျွဲနွား မည်ရွေ့မည်မျှ ဆိုလျှင် မောင်စသည် ကိုညိုပုထံသို့ပြေးကာ အကြံဉာဏ်ယူ၏။

ပြီးလျှင် သူကြီးမှတစ်ဆင့် ရွာသားသုံးဆယ်အစား ယခု ဆယ့်ငါးယောက် ပို့လိုက်ပါကြောင်း၊ မိမိတို့ရွာသားများ နာမကျန်း ဖြစ်နေကြသဖြင့် ယခု ဤမျှသာ ပို့နိုင်ကြောင်း၊ နောက်တစ်ကြိမ်တွင် အပြည့်အဝ ပို့ပေးမည် ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

ကိုညိုပုသည် ဘာလန်းရွာသို့သွားပြီး တစ်ရွာလုံး တောင်ပေါ်သို့ ပြောင်းရန် ပြောသည်။ သို့သော် လက်မခံကြ။ ကိုညိုပု၏ အကြံပေးချက်အရ မောင်စက လူငယ်ငါးယောက်ကို စည်းရုံးထားသည်။ ကိုညိုပုနှင့်လည်း မကြာခဏ တွေ့ဆုံကာ တိုင်ပင်ကြသည်။

တစ်နေ့တွင် ကောင်ဟွာရွာသို့ မောင်စ ရောက်လာ၏။ ကိုညိုပုကို ရွှင်ပြုံးလေသံနှင့် ပြောသည်။

"အစ်ကိုညိုပု၊ ကျွန်တော် သေနတ်တစ်လက် ရတော့မယ်ဗျ"

"ဘယ်က ရမှာလဲ၊ ရဲဘော်ဒွေးဆီကလား"

"မဟုတ်ဘူး၊ ပြင်သစ်တွေဆီက"

သေနတ်ရမယ် ဆိုသောကြောင့် မောင်စ အလွန် ပျော်နေသည်။ ရွာတို့ အနှောင့်အယှက် ပေးနေသည့် ဝက်ဝံများကို ပစ်ခတ်နှိမ်နင်းရန် ဟူသော အကြောင်းပြချက်ဖြင့် ပြင်သစ်က သေနတ်ခြောက်လက်ပေးရန် ရည်ရွယ်သည်။ အမှန်မှာမူ မိမိတို့ ကေဒါများကို ပြန်လည် တိုက်ခိုက်ရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။

ရွာသူရွာသားများ လက်တွင်းသို့ သေနတ်ရောက်လာလျှင် မလွယ်။ လုပ်ရ





ကိုင်ရ ပိုခက်သွားလိမ့်မည်။ ပြဿနာများ ပိုမို ရှုပ်ထွေးကုန်တော့မည်။ ပြင်သစ်များကို ပြန်လည် တိုက်ခိုက်အောင် ဘာလန်းရွာသားများကို ယခုအချိန်တွင် အပိုင် မစည်းရုံးနိုင်လျှင် မဖြစ်တော့။

* * *

ဘာလန်း ရွာသူရွာသားများ အားလုံး ဓမ္မာရုံမှာ စုဝေးကြသည်။ သူကြီးသည် ရွာသားများရှေ့တွင် ရပ်နေသည်။ သူ့ခေါင်းသည် သူ့ပခုံးကြားမှာ မြုပ်နေ၏။

"အခု ပြောမယ့်စကားဟာ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ ပြင်သစ်တွေ ပြောတဲ့စကားပါ။ သူတို့ ပြောတာကို ကျွန်တော်ကတစ်ဆင့် ပြန်ပြောတာပါ။ ကျွန်တော်တို့ရွာဟာ တောင်ပေါ်မှာ နေရတဲ့ရွာ ဖြစ်ပါတယ်တဲ့။ ဒါကြောင့် ကျွန်တော်တို့ရဲ့ တောင်ယာစိုက်ခင်းတွေကို ဝက်ဝံတွေ၊ တောဝက်တွေက မကြာခဏ လာရောက် ဖျက်ဆီးလေ့ ရှိပါတယ်တဲ့။ ဒီရန်ကို ကာကွယ်နိုင်ဖို့၊ ရွာသားတွေရဲ့ လုံခြုံမှုကို နှောင့်ယှက်နေတဲ့ ကျားဆိုးများကို နှိမ်နင်းနိုင်ဖို့ ပြင်သစ်များက ကျွန်တော်တို့ကို သေနတ်ပေးချင်ပါတယ်တဲ့"

ထိုစကားကို ကြားလိုက်ရသောအခါ လူငယ်များက ဝမ်းသာအားရ ဖြစ်သွားကြသည်။ လူတိုင်း သေနတ်လိုချင်နေကြသည်။ ယခုလို အချိန်မျိုးတွင် မိမိတို့ကို သေနတ်ပေးမည် ဆိုသောကြောင့် ပြင်သစ်ကို ကျေးဇူးတင်ကြသည်။ သူတို့သည် လွန်ခဲ့သည့် သုံးနှစ်ခန့်မှစပြီး မဝရေစာကို စားခဲ့ကြရ၏။ သူတို့ စိုက်ခင်းများသည် တောကောင်များ၏ ဖျက်ဆီးခြင်းကို မကြာခဏ ခံခဲ့ကြရသဖြင့် ဝဝလင်လင် မစားခဲ့ကြရ။

ယခု ပြင်သစ်များက မိမိတို့ကို သေနတ်ပေးတော့မည်ဟု ဆိုသည်။ မည်မျှ ကောင်းပါသနည်း။ ညဘက်တွင် တောင်ယာများအတွင်း၌ တဲထိုးမည်။ ထိုတဲထဲမှာ သေနတ်နှင့်စောင့်မည်။ ဝက်ဝံလာလျှင် ထိုသေနတ်ဖြင့် ပစ်မည်။ ဝက်ဝံအသားကိုလည်း မိမိတို့ စားကြရမည်။ မိမိတို့ တောင်ယာများကို ကာကွယ်ပေးရာလည်း ရောက်သည်။ စိတ်ကူးဖြင့် သူတို့ အလွန် ပျော်ကြသည်။

"သေနတ် ဘယ်နှလက် ပေးမှာလဲ"

"ခြောက်လက်"

"ကျည်ဆန်ရော အများကြီး ပေးမှာလား"

"လောလောဆယ်တော့ နည်းနည်းပဲ ပေးဦးမယ်၊ နောက်မှ အများကြီး ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ. . . ယူပါ။ ကျွန်တော့်ကိုလည်း တစ်လက်ပေးပါ"

"ကျွန်တော်လည်း တစ်လက်လောက် လိုချင်တယ်ဗျို့"

"ကျုပ်ကိုလည်း တစ်လက် ကိုင်ခွင့်ပေးပါ"

တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံသွားသည်။ မောင်စလည်း သေနတ်ကို လိုချင်ကြောင်း အော်ပြောလိုက်မိမလို ဖြစ်သွား၏။ သို့သော် မလှမ်းမကမ်းရှိ ကိုညိုပုကို လှမ်းမြင်လိုက်သောကြောင့် အသာငြိမ်နေလိုက်သည်။

"ပြင်သစ်တွေက ပြောတယ်၊ သေနတ်ကိုင်ချင်တဲ့လူတွေ နာမည်စာရင်းပေးရမယ်တဲ့။ အခု ချက်ချင်းတော့ ကျွန်တော်တို့ကို သေနတ်တစ်လက်ပဲ ပေးထားဦးမယ်။ နောက်မှ ကျန်တဲ့သေနတ်တွေကို ပေးမယ်"

အားလုံး တိတ်နေကြသည်။ ကိုညိုပုက ကြားဖြတ်ဝင်မေးလိုက်သည်။

"သေနတ်ကိုင်ဖို့အတွက် နာမည်စာရင်းပေးပြီး မှတ်ပုံတင်ချင်တဲ့လူများ ရှိသလား"

အားလုံး တိတ်နေသည်။ ကိုညိုပုက ဒေးတားရွာသားများ အားလုံးကို သိမ်းကြည့်နေသည်။ ဒေးတားရွာသို့ ကိုညိုပု အရောက်အပေါက် နည်းသည်မှာ မှန်သည်။ သို့သော် သူ့အကြောင်းကို တစ်ရွာလုံးက ကောင်းကောင်း သိသည်။ ကိုညိုပုကို လေးစား၏။ လွန်ခဲ့သည့် ရက်အနည်းငယ်က ပြင်သစ်ကို ပြန်လည်တိုက်ခိုက်နိုင်ရန်အတွက် ဤရွာကို တစ်နေရာသို့ ရွှေ့ပြောင်းသင့်ကြောင်း သူ ပြောခဲ့သည်။ ထိုအခါ လူငယ်တို့သည် စိတ်အားထက်သန်မှုဖြင့် တက်ကြွနေကြသည်။ အမျိုးသမီးများနှင့် လူကြီးများက မျက်ရည်ကျကြသည်။

သူ တင်ပြသည်ကို ဤရွာသားများ လက်ခံနိုင်ခြင်း မရှိခဲ့ကြပါ။ သို့သော်လည်း သူတို့ ကောင်းဖို့အတွက် ကိုညိုပု ပြောခြင်းဖြစ်ကြောင်း သူတို့ သဘောပေါက် နားလည်ကြသည်။ ယခုလည်း သေနတ်ကိစ္စနှင့် ပတ်သက်ပြီး ဤရွာသို့ ကိုညိုပု ရောက်လာသည်။ သည်ကိစ္စကိုပင် သူ ဝင်ပြောရပြန်ပြီ။

"ဘာရည်ရွယ်ချက်နဲ့ ပြင်သစ်က သေနတ်ပေးတာလဲ။ သေသေချာချာ စဉ်းစားပါ။ ခင်ဗျားတို့ ဒေးတားရွာသားတွေကို ဦးဦးဖျားဖျား ပေးတယ်ထင်သလား၊ မဟုတ်ဘူး၊ ခင်ဗျားတို့ကို မပေးခင် ဒီအိုးတို့၊ ဒီမိုးတို့၊ ကုန်းချိုင့်တို့၊ ဒီလမ်းတို့ ဆိုတဲ့ ရွာတွေကို သေနတ်တွေ ထုတ်ပေးပြီးပါပြီ။ ဒီသေနတ်တွေကို အဲဒီရွာသားတွေ ဘယ်လို အသုံးချခဲ့ကြသလဲ"

ထိုအခိုက် ကိုယ်ပေါ်တွင် အင်္ကျီဝတ်မထားသော အရိုးပဒေသာနှင့် အဘိုးကြီးတစ်ယောက်ထပြီး အော်လိုက်သည်။





"ကုန်းချိုင့်ရွာအကြောင်း မပြောပါနဲ့၊ ဒီကောင်တွေအကြောင်း ငါ ကောင်းကောင်း သိတယ်။ ဒီကောင်တွေဟာ ငါတို့ ဘာနားလူမျိုး မဟုတ်တော့ဘူး။ ခွေးတိရစ္ဆာန်တွေ၊ ဒီကောင်တွေဟာ အခု ပြင်သစ် ဖြစ်သွားပြီ။ ပြင်သစ်နောက်လိုက်ခွေးတွေ ဖြစ်သွားပြီ။ ဒီကောင်တွေဟာ သူတို့သဘောနဲ့သူတို့ ပြင်သစ်ဆီမှာ လက်သွားဖြန့်ပြီး သေနတ်တောင်းတယ်။ အဲဒီ သေနတ်တွေနဲ့ ဒီအိုးနဲ့ ဒီမိုးရွာတွေကို ဝင်တိုက်တယ်။ ကေဒါတွေကို သတ်တယ်။ ဒီခွေးတိရစ္ဆာန်တွေအကြောင်းကို မပြောပါနဲ့"

အဘိုးကြီးက ဒေါသတကြီး အော်ပြောပြီး ထိုင်ချသွားသည်။ ပရိသတ်အားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုညိုပု ထလာပြန်သည်။

"ကုန်းချိုင့်ရွာသားတွေ ဘယ်ကလာသလဲ၊ ပြင်သစ်နိုင်ငံက လာတာ မဟုတ်ဘူး။ သူတို့ဟာ ကျွန်တော်တို့ တိုင်းပြည်မှာမွေးတဲ့ ကျွန်တော်တို့ ပြည်သူပြည်သား၊ ကျွန်တော်တို့ တိုင်းရင်းသားတွေသာ ဖြစ်တယ်။ သူတို့ဟာ ကျုပ်တို့ ဘာနားလူမျိုးတွေရဲ့ ဘာသာစကားကို ပြောသူတွေသာ ဖြစ်တယ်။ ကျွန်တော်တို့ ဒုတ်ဟွာချောင်းရေကို သောက်တယ်။

သူတို့ဟာ ပြင်သစ်ဆီကို လိုလိုချင်ချင်နဲ့ သွားပြီး သေနတ်တောင်းကြတာ မဟုတ်ဘူး။ ဒီမိုးနဲ့ ဒီအိုးရွာတွေကို တိုက်ချင်လွန်းလို့ သွားတောင်းတာ မဟုတ်ဘူး။ ပြင်သစ်က ဒီမိုးနဲ့ ဒီအိုးရွာတွေကို ပထမဦးဆုံး သေနတ်ပေးတယ်။ အကြောင်းပြချက်ကတော့ ဝက်ဝံပစ်ဖို့၊ သမင်လိုက်ဖို့ပဲ။ ဒီကောင်တွေ ကောက်ကျစ်စဉ်းလဲပုံကိုကြည့်ပါ။ သမင် တစ်ကောင် နှစ်ကောင်ပစ်၊ ဝက်ဝံ တစ်ကောင် နှစ်ကောင် ပစ်ပြီးတော့ သူတို့ကို ကျည်ဆန် ဆက်မပေးတော့ဘဲ ရပ်ထားလိုက်တယ်။

ဒီအခါမှာ ဒီမိုးနဲ့ ဒီအိုးရွာသားတွေမှာ ကျည်ဆန် လိုလာပြီ။ ကျည်ဆန်လိုချင်တဲ့အတွက် ပြင်သစ်တွေ ပြောသမျှကို တစ်သဝေမတိမ်း လိုက်နာရတော့မယ့် အခြေအနေကို ဆိုက်လာပြီ။ ဒီတော့မှ ပြင်သစ်တွေက ကုန်းချိုင့်ရွာကို သွားတိုက်ခိုင်းတယ်။ သူတို့ ခိုင်းတဲ့အတိုင်းလုပ်ရင် ကျည်ဆန်ပေးမယ်ပေါ့။ ကျည်ဆန် လိုချင်တော့ ပြင်သစ် ခိုင်းသလို လုပ်ကြတော့တာပဲ။

ကုန်းချိုင့်ရွာသားတွေဟာ ဘာလက်နက်မှ မရှိဘဲ တခြားရွာက လာတိုက်တာကို ခေါင်းငုံ့ခံကြရတယ်။ ဒီတော့ တုန်လှုပ်ချောက်ချားနေကြတဲ့ ရွာသားတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ ပြင်သစ်တွေဆီသွားပြီး သေနတ်လက်ဖြန့်တောင်းကြရတော့မယ်။ သေနတ် လိုချင်ရင် ကေဒါတွေကို သတ်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောပြန်တယ်။ ကိုယ့်လုံခြုံရေးက အရေးကြီးနေတော့ သေနတ်ရဖို့အတွက် ပြင်သစ် ပြောသမျှ၊ ခိုင်းသမျှကို ကုန်းချိုင့်ရွာသားတွေ လိုက်လုပ်ကြရပြန်တယ်။

အခုလည်း ဒီအတိုင်းပဲ၊ ဒီရည်ရွယ်ချက်နဲ့ ဘာလန်းရွာသားတွေကို သေနတ်ပေးချင်တယ်လို့ ပြောတာ။ ခင်ဗျားတို့ အဲဒီ သေနတ်တွေ ရရင် ကျုပ်တို့ ကောင်ဟွာရွာကို လာတိုက်ကြရဦးမယ်။ ကျွန်တော့်ကို ခင်ဗျားတို့ ဖမ်းကြရမယ်။ ကျွန်တော့်နှာခေါင်း၊ ကျွန်တော့်နားရွက်၊ ကျွန်တော့်လက်တွေကို ဖြတ်ပြီး ပြင်သစ်တွေဆီမှာ ကျည်ဆန်နဲ့ သွားလဲကြရဦးမယ်"

ပရိသတ်အတွင်းမှာ အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ကိုညိုပုလည်း တစ်ဆက်တည်း ပြောလိုက်ရသဖြင့် မောဟိုက်သွားသည်။ စောစောက သေနတ် လိုချင်ပါသည်၊ သူတစ်လက်ပေးပါ၊ ငါ့တစ်လက်ပေးပါ ဟု တကြော်ကြော် အော်နေကြသူများသည် ခေါင်းငိုက်စိုက်ကျသွားကြသည်။ လူငယ်တို့သည် ကိုညိုပု မျက်နှာကို မော့ကြည့်ရန်ပင် မဝံ့မရဲ ဖြစ်သွားကြသည်။

အမှန်တော့ ကိုညိုပုကို သူတို့၏ အစ်ကိုကြီးသဖွယ် လေးစားခဲ့ကြ၏။ ဘာလန်းရွာနှင့် ကောင်ဟွာရွာသည်လည်း ကင်းကွာ၍ မရ။ တစ်နွယ်ငင် တစ်စင်ပါတွေ ဖြစ်သည်။ ယခုကိစ္စတွင် မိမိတို့မှားကြောင်း လူငယ်များက သိနားလည်ကြသည်။ ထို့ကြောင့် နောက်နောင်ဆိုလျှင် မည်သည့် ကိစ္စတွင်မဆို ကိုညိုပုကို တိုင်ပင်မည်ဟု သူတို့ စိတ်ပိုင်းဖြတ်လိုက်ကြသည်။

"ဒါပေမယ့် ပြင်သစ်က ခင်ဗျားတို့ကို အခု သေနတ်ပေးချင်နေပြီ၊ ခင်ဗျားတို့ ငြင်းလို့ မဖြစ်နိုင်တော့ဘူး"

ကိုညိုပုက စကားဆက်ပြန်၏။ သည်စကားကို ကြားရသောအခါ အားလုံး မျက်လုံးပြူးသွားပြန်သည်။

"ခင်ဗျားတို့ ငြင်းပြီး ချေးတပ်ဆွဲရာနောက်ကို လိုက်တဲ့အခါ ခင်ဗျားတို့ကို ဖမ်းတော့မယ်။ ကေဒါရဲဘော်တွေရဲ့ နောက်လိုက်တွေဆိုပြီး ထောင်ချပစ်တော့မယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘာလုပ်ရမလဲ"

အတန်ကြာ ငြိမ်သက်စွာ နေပြီးမှ တစ်ယောက်က ထမေးသည်။

"ချေးတပ်ဆွဲတာကို မခံနဲ့တော့။ အခု သေနတ်ပို့တော့မယ်ဆိုတော့ ခင်ဗျားတို့ ရွေးဖို့ နှစ်လမ်းပဲ ရှိတယ်၊ သူတို့ပေးတဲ့ လက်နက်တွေယူပြီး ကေဒါတွေကို သတ်မလား၊ ကောင်ဟွာရွာကို တိုက်မလား။ ဒါမှမဟုတ် ကေဒါတွေနဲ့ ပေါင်း၊ ကောင်ဟွာရွာနဲ့ပေါင်းပြီး သူတို့ကို ပြန်တိုက်မလား။ ဒီနှစ်လမ်းက တစ်





လမ်းလမ်းကို ရွေးဖို့ပဲ ရှိတော့တယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ရွာ တောင်ပေါ်ကို ပြောင်းရမှာလား"

"မလိုဘူး၊ ပြောင်းဖို့ မလိုဘူး။ ဒီရွာမှာပဲ ခင်ဗျားတို့ ဆက်နေနိုင်တယ်။ ခင်ဗျားတို့ ကြောင့်တွေ ထောင်ရမယ်။ ထောင်ချောက်တွေ လုပ်ရမယ်။ ပြောက်ကျားတပ်ဖွဲ့တွေ ဖွဲ့ရမယ်။ ဒီလုပ်ငန်းတွေ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျုပ်တို့ ကောင်ဟွာရွာသားတွေက ခင်ဗျားတို့ကို ပြပေးနိုင်တယ်"

ထိုညက ညဉ့်အတော်နက်သည်အထိ ကိုညိုပုနှင့် သူတို့ ဆွေးနွေးကြသည်။ ကိုညိုပုကလည်း မိမိရွာမှ ပြောက်ကျားတပ်ဖွဲ့ဝင် ရှစ်ယောက်ကို စေလွှတ်ပြီး လိုအပ်သည်များ ကူညီမည့်အကြောင်း၊ သင်တန်းများ ပေးမည့် အကြောင်း၊ လျှို့ဝှက်ကျေးရွာ၊ လျှို့ဝှက်ဂိုဒေါင်နှင့် လျှို့ဝှက်လမ်းများကို မည်သို့ လုပ်ရမည့် အကြောင်းများ သင်ပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ကိုညိုပု ရွာပြန်ရောက်ပြီး မောမောနှင့် အိပ်လိုက်သည်။ အိပ်ရာမှ နိုးသောအခါ သူ့အနီးတွင် ထိုင်နေသည့် မောင်စကို တွေ့ရသည်။

"မောင်စ မင်း ရွာကို ပြန်တော့၊ အလုပ်ကောင်းကောင်း လုပ်တော့။ ဘာလန်းရွာသားတွေ ပြင်သစ်ကို ခုခံရဲလာအောင် မင်း စည်းရုံး၊ ပြင်သစ်ပေးတဲ့ သေနတ်ဟာ တို့ရင်ဝကို တို့ပြန်ပစ်ဖို့သာ ဖြစ်တယ်။ တို့လူမျိုးတွေကို တို့ ပြန်သတ်ဖို့သာ ဖြစ်တယ်"

နောက်တစ်လခန့် ကြာသောအခါ မောင်စ ခေါင်းဆောင်သည့် ဘာလန်း ရွာ ပြောက်ကျားတပ်ဖွဲ့နှင့် ပြင်သစ်များ တိုက်ပွဲ ဖြစ်သည်။ မောင်စတို့၏ ဘာလန်းရွာ ပြောက်ကျားတပ်က ရန်သူလေးယောက် ကျဆုံးအောင် တိုက်ခိုက် နိုင်လိုက်ကြသည်။

နောက် ရက်သတ္တ နှစ်ပတ်ခန့် ကြာသောအခါ ဒေးတားရွာသားများသည် ချေးတပ်လိုက်ရန် ငြင်းဆန်ကြကာ တောင်ပေါ်သို့ တစ်ရွာလုံး ပြောင်းရွှေ့လာ ကြသည်။ ရွာသစ်ထည်ကြသည်။ ရွာပတ်လည်မှာ ကြောင့်များ၊ ထောင်ချောက် များ လုပ်ကြသည်။ ထွန်းခိုင်သည် ကောင်ဟွာရွာသို့ ပြောင်းလိုက်ချင်ကြောင်း မပြောတော့။ သူသည် ဒေးတားရွာ ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင် ဖြစ်နေချေ သည်။

* * *

ရဲဘော်ဌေးသည် ကုန်းမာရွာသို့ စည်းရုံးရန် သွားသည်။ ကုန်းမာရွာသူ ကြီးသည် ပြင်သစ်အလိုတော်ရိသက်သက် ဖြစ်သည်။ ထို့ကြောင့် ရဲဘော်ဌေး


www.burmeseclassic.com

www.burmeseclassic.com

လာရာလမ်းမှ သူ့လက်ကိုင်တုတ် ရှစ်ယောက်နှင့် စောင့်ကာ ချုံခိုတိုက်ခိုက်သည်။ ရဲဘော်ဒွေး ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ရသည်။

"ကျွန်တော် ထပ်ကြိုးစားကြည့်ဦးမယ်ဗျာ"

"အခု လောလောဆယ်တော့ ဖြစ်ဦးမှာ မဟုတ်ဘူး ကိုညိုပု၊ ပိုကောင်းတဲ့ နည်းလမ်းတစ်ခုကို ကျွန်တော်တို့ ရှာကြဦးစို့၊ အခု သွားရင်တော့ ခင်ဗျားကို လည်း သတ်မှာပဲ"

ဟု ရဲဘော်ဒွေးက ပြောသည်။ ကိုညိုပုသည် သူ့ဆေးတံကို ကြမ်းပေါ်သို့ ချလိုက်၏။

"ကျွန်တော် ချက်ချင်း သွားမှဖြစ်မယ် ရဲဘော်ဒွေး၊ အခု သူတို့ သိပ်မဆိုး သေးဘူး။ နောက် ပိုဆိုးလာရင် စည်းရုံးရတာ ပိုခက်သွားမယ်"

ကိုညိုပု စကားကို ကြားရသောအခါ ရဲဘော်ဒွေးသည် ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားသည်။ ကိုညိုပုက သူ့သားကို ပွေ့ယူလိုက်ရင်း စကားဆက်သည်။

"လုပ်ရမယ့်အလုပ်ကတော့ မလွယ်ဘူး။ ဒါပေမယ့် ပါတီက တာဝန်ပေးပြီပဲ။ သေရမှာ ကျွန်တော် မကြောက်ပါဘူး၊ ကုန်းမာရွာအကြောင်း ကျွန်တော် သိပါတယ်။ ချမ်းသာတဲ့လူတွေသာ ဆိုးတာပါ။ ဆင်းရဲတဲ့လူတွေ မဆိုးပါဘူး။ သူတို့ဟာ အနိုင့်အထက်လုပ်တာ ခံရလို့ ပြင်သစ်ခိုင်းတာ လုပ်နေရတာပါ။ ပြင်သစ်လက်အောက်မှာ ကောင်းကောင်း နေရမယ်ဆိုရင် ကျွန်တော်တို့ ကေဒါတွေကို ဘယ်ဖမ်းပါ့မလဲ။ ဘယ်မှာလာပြီး သတ်ပါ့မလဲ။ အခုတော့ ကောင်းကောင်း မနေရတဲ့အတွက် ကောင်းကောင်း နေချင်လို့ ဒီအလုပ်တွေ လုပ်နေကြရတာပါ။ ကျွန်တော် သွားမယ်။ ကျွန်တော့်စကားကိုတော့ သူတို့ နားထောင်ကြပါလိမ့်မယ်၊ ဆင်းရဲတဲ့လူတွေဟာ စိတ်နှလုံးထား ကောင်းကြပါတယ်ဗျာ"

"ကျွန်တော်လည်း ခင်ဗျားနဲ့အတူတူ လိုက်ခဲ့မယ်ဗျာ"

"မဖြစ်သေးဘူး၊ ကျွန်တော် အရင်သွားမယ်၊ အားလုံး အဆင်ပြေပြီးမှ ခင်ဗျား သွားတာပေါ့။ တကယ်လို့ ကျွန်တော် အဖမ်းခံရမယ်ဆိုရင် ရွာမှာ ခင်ဗျား ကျန်ခဲ့သေးတာပဲ"

ကိုညိုပုသည် ခေါင်းကို တွင်တွင်ခါယမ်းရင်း ငြင်းပယ်ခဲ့သည်။

နောက်နေ့တွင် ကိုညိုပုသည် ကုန်းမာရွာသို့ ထွက်ခွာသွား၏။

နောက် နှစ်လကြာသောအခါ ကုန်းမာရွာမှ အဆင်းရဲဆုံးသော ရွာသားလေးဆယ်တို့သည် သူတို့ရွာသူကြီးကို ဖမ်းဆီးပြီး နာခေါင်းကိုဖြတ်ရန်၊ လက်နှင့် ခြေမှတ်များကို ဖြတ်ရန် တောင်းဆိုကြသည်။





သူသည် အလွန် ကောက်ကျစ်သောသူ ဖြစ်သည်၊ ပြင်သစ်တို့ကို စိတ်ရောကိုယ်ပါ ကူညီသူ ဖြစ်၏။ ကိုယ့်တိုင်းရင်းသားများအပေါ် သစ္စာဖောက်သူဖြစ်၏၊ ရွာသားများ၏ ဆန္ဒကို မလွန်ဆန်နိုင်သောအခါ သူသည် သူ့မိသားစုကို လည်းကောင်း၊ သူ့အိုး သူ့အိမ်ကို လည်းကောင်း စွန့်ပစ်ထားခဲ့ကာ ပြင်သစ်များ လက်အောက်သို့ ခိုလှုံသွားလေတော့သည်။

ကုန်းမာရွာသား တစ်ရာ့နှစ်ဆယ်ကျော်တို့သည် ချုလေးတောင်ရှိ အခြေခံစခန်းဆီကို ရွှေ့ပြောင်းသွားလေတော့သည်။

* * *

ညသန်းခေါင်ယံအချိန်။

တောင်ဟွာရွာသည် မီးဟုန်းဟုန်း တောက်နေသည်။ မိုးထိုးနေသည့် မီးတောက်ကြီးများကြားမှာ တစ်မုဟုတ်ချင်းပင် တစ်ရွာလုံး ပြာကျသွားတော့သည်။

ဟာရိုးရွာသားများက ပြင်သစ်တို့ကို လမ်းပြခေါ်ဆောင်လာပြီး ကောင်ဟွာရွာကို တိုက်ခိုက် မီးတင်ရှို့ခြင်း ဖြစ်သည်။ ဟာရိုးရွာသားတို့၏ လက်ချက်နှင့် ငါးကြိမ်မြောက် မီးဘေးသင့်ခြင်းလည်း ဖြစ်သည်။ ထို့ထက် ပိုဆိုးသည်မှာ တစ်ရွာလုံး စားရန် စုဆောင်းထားသော စပါးတင်းပေါင်း လေးရာကျော် ဆုံးရှုံးခြင်း ဖြစ်သည်။

ကောင်ဟွာရွာ ပြောက်ကျားတပ်ဖွဲ့ဝင်များသည် ရန်သူများ ရောက်လာချိန်က ရွာတွင် မရှိကြ၊ ဘာလန်း၊ ဖေးတား၊ တာလမ်းနှင့် ကုန်းမာရွာများမှ ပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲလုပ်နေကြခိုက် ဖြစ်သည်။ သူတို့ ပြန်လာသောအခါ ရန်သူများ ဆုတ်ခွာသွားကြပြီ ဖြစ်သည်။

ပြောက်ကျားတပ်ဖွဲ့ဝင်များသည် အစည်းအဝေး သွားတက်နေချိန်တွင် သူငယ်များက ကင်းစောင့်နေကြသည်။ ပြင်သစ်တို့သည် မမျှော်လင့်ဘဲ ရုတ်တရက် ဆိုက်ရောက်လာခြင်း ဖြစ်သည်။ ရွာကို စောင့်ရှောက်နေသည့် သူငယ်တပ်ဖွဲ့၏ ခေါင်းဆောင်မှာ မောင်ထွန်း ဖြစ်သည်။

မောင်ထွန်း သစ်ပင်ပေါ်သို့တက်ပြီး ကင်းစောင့်နေခိုက် ပြင်သစ်များ ရောက်လာခြင်းဖြစ်ရာ အဆင်းမြန်သောကြောင့် လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ မောင်ထွန်းသည် ရှေ့ဆုံးက တက်လာသော ရန်သူများကို သူ့လက်ထဲရှိ လက်ပစ်ဗုံးနှင့် လှမ်းပစ်သည်၊ သို့သော် လက်ပစ်ဗုံးသည် မကွဲ၊ ပြင်သစ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာကို တည့်တည့်မှန်ကာ အောက်သို့ ကျသွားသည်။ ထိုလက်ပစ်ဗုံးမှာ မောင်ထွန်းကို ရဲဘော်ဌေး ပေးထားခြင်း ဖြစ်သည်။

ပြင်သစ်များသည် လက်ပစ်ဗုံးကို တွေ့သောအခါ ကြောက်လန့်တကြား ဖြင့် မြေပြင်ပေါ်သို့ ဝပ်ချလိုက်ကြသည်။ ထိုအထဲမှ ရန်သူနှစ်ယောက် ကြောင့် စူးပြီး ဒဏ်ရာရသွားသည်။

လက်ပစ်ဗုံး မကွဲမှန်း သိသောအခါ ရှေ့သို့ ထိုးတက်လာကြသည်။ မောင် ငယ်သည် ကင်းတဲအတွင်းမှထွက်ကာ ရွာဘက်သို့ ပြန်ပြေးသည်။ ပြင်သစ် တစ်ယောက်က သူ့အင်္ကျီစကို လှမ်းဆွဲထားသဖြင့် သူ့လက်ထဲမှာရှိသော ဓားဖြင့် တအား ပြန်ခုတ်ပစ်ခဲ့ရသည်။ ပြီးတော့ သွေးစွန်းသောဓားကိုကိုင်ကာ ရွာတွင်း သို့ ပြန်ရောက်လာသည်။

မောင်ထွန်းနှင့် မောင်ငယ်တို့သည် ရွာတွင်းရှိ သက်ကြီးရွယ်အိုများ၊ အမျိုး သမီးများနှင့် ကလေးများကို စနစ်တကျ ခေါင်းဆောင်ခေါ်ယူကာ တောနက် အတွင်းရှိ သူတို့၏ လျှို့ဝှက်ရွာသို့ရောက်အောင် ရှောင်တိမ်းနိုင်ခဲ့သည်။ ရွာ ဘက်မှ ပစ်သံခတ်သံများ စဲသွားသောအခါကျမှ သူတို့ ပြန်လာခဲ့ကြသည်။ တစ်ရွာလုံးကား ပြာပုံအတွင်းမှာ ပြားပြားဝပ်လျက် ရှိချေပြီ။

ကောင်ဟွာရွာသည် ပြာပုံအတွင်းမှ ကုန်းထကာ ရွာသစ်တည်ကြရဦး တော့မည်။

ကိုညိုပုသည် စည်းရုံးရေးကိစ္စများအတွက် ဒေးတားရွာသို့ သွားနေသည်။ ကျန်ရစ်ခဲ့သော ရွာသူရွာသားများက ခြောင့်များကို အသစ်လုပ်နေကြရသည်။ မြားတို့ကို အသစ်ချွန်နေကြရသည်။ သူတို့ ရွာပတ်လည်မှာ ထောင်ချောက်များ အသစ် ပြန်လုပ်ကြရဦးမည်။

နေကလည်း အလွန် ပူပြင်းနေသည်။ နဂိုကမှ သွေးပူနေရသည့်အထဲ နေက ပူပြင်းနေသောအခါ သူတို့သွေးများ ပိုဆူနေကြသည်။ ဦးလေးပါသည် ခြောင့်များကို တစ်ချောင်းပြီးတစ်ချောင်း လုပ်၏။ သို့သော် သူ စိတ်တိုင်းမကျ နိုင်။ တစ်ချောင်းလုပ်လိုက်၊ တစ်ချောင်းဖျက်လိုက် ဖြစ်နေသည်။ သူ့စိတ်သည် ခြောင့်လုပ်နေသည့်အထဲတွင် မရှိ။ ဟာရိုးရွာသားများထံသို့ ရောက်နေသည်။ သူ့စိတ်ကိုသူ ထိန်းကြည့်သည်။ မရ။ သူ့ရင်ထဲမှာ ဗလောင်ဆူနေသည်။

ထို့ကြောင့် ကျောက်တုံးပေါ်သို့ သူ တက်ရပ်လိုက်သည်။

"ရွာသားတွေ နားထောင်ကြစမ်းဟေ့။ ဒီတစ်ခါတော့ ဟာရိုးရွာကို တို့ ပြန်ချမှ ဖြစ်တော့မယ်။ တို့ သည်းမခံနိုင်တော့ဘူး။ တို့ကောင်ဟွာရွာသားတွေ





အသက်နဲ့ကိုယ် မြဲနေချင်သလား၊ အသေခံမလား။ တို့အသက်နဲ့ကိုယ် မြဲနေချင် ...င် ဟာရိုးရွာကို အမှုန့်ခြေရမယ်။ ဒီကောင်တွေ တို့ကို လာတိုက်တာ ဘယ်နှ ...ကြိမ် ရှိသွားပြီလဲ။ တို့ဘယ်နည်းနဲ့မှ ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ တို့စပါး ...တွေကိုသယ်ပြီး မသယ်နိုင်တာကို မီးတင်ရှို့သွားတာ ဘယ်သူတွေလဲ။ ပြင်သစ် ...တွေ တို့ရွာကို လာပြီး မီးတင်ရှို့နိုင်အောင် လက်ညှိုးညွှန်ပြတာ ဘယ်သူတွေရဲ့ ...သက်တွေလည်း၊ ဟာရိုးရွာသားတွေရဲ့လက်တွေ ဖြစ်တယ်။ သူတို့ဟာ ဘာနား ...သူမျိုး မဟုတ်တော့ဘူး။ ပြင်သစ်ပေးတဲ့ဆားကို စားတယ်။ ပြင်သစ်ပေးတဲ့ အဝတ်ကို ဝတ်တယ်။ ပြီးတော့ ပြင်သစ်တွေလို ကျင့်ကြံတယ်"

ဦးလေးပါသည် မောသွားသဖြင့် စကားကိုရပ်ပြီး အသက်ရှူနေလိုက် သည်။ သူ့စကားလုံးများသည် အခြား ရွာသားများ၏ အသည်းနှလုံးအတွင်းသို့ သည်း ထိုးဖောက် ဝင်ရောက်သွားသည်။ မောင်ချစ်ကြီးသည် လုပ်လက်စခြောင့် ကို ပစ်ချလိုက်ကာ ကျောက်တုံးပေါ်သို့ တက်လာ၏။

"ခေါင်းဆောင်ကြီး ဦးလေးပါရဲ့ လမ်းစဉ်အတိုင်း လိုက်ချင်ရင်၊ လွတ်လပ် ...နေ လိုချင်ရင် ဟာရိုးရွာသားတွေကို ကျုပ်တို့ တိုက်ကြရမယ်။ ဒီကောင်တွေကို ...ပြင်ခုတ် ကျုံငုတ်မကျန်အောင် မသုတ်သင်ရင် ကျုပ်တို့ရွာ တစ်ခါထပ်ပြီး ...ရှို့ခံရလိမ့်ဦးမယ်။ ဒီမြေပေါ်မှာ ကျုပ်တို့ နေစရာအရပ် ရှိတော့မှာ မဟုတ်ဘူး။ ...ရင်တုန်းက ကျုပ်တို့ တစ်ရွာတည်း ရှိတယ်။ အခု ကျုပ်တို့ဘက်မှာ ရွာတွေ ...များလာပြီ။ ကျုပ်တို့နဲ့ အတူတူ လက်တွဲပြီး ပြင်သစ်ကို တိုက်နေတဲ့ရွာတွေ ...များလာပြီ။ ဒါကြောင့် ကျုပ်တို့ ဟာရိုးရွာကို အရင် အမှုန့်ခြေရမယ်။ ဟာရိုးရွာ ...ရှိတော့ရင် ပြင်သစ်တွေ ကျဆုံးမယ်။ သူတို့ကို ထမင်းကျွေးမယ့်သူ ရှိတော့မှာ ...ဟုတ်ဘူး"

ဟု ဒေါသတကြီးဖြင့် မောင်ချစ်ကြီးက ပြောပြန်သည်။

"ဟာရိုးရွာသားတွေကို မုန်းတီးတဲ့သူမှန်သမျှ ဦးလေးပါနဲ့ ငါ သွားရာ ...နောက်ကို လိုက်ခဲ့ကြ"

ဟုလည်း ဆက်လက် ကြွေးကြော်လိုက်သည်။

သူတို့အားလုံးသည် လူငယ်များချည်း ဖြစ်ကြသည်။ အားလုံး ငါးဆယ် ...ကျော်မျှ ရှိသည်။ သူတို့အားလုံး၏ မျက်လုံးများမှာ ဒေါသကြောင့် မီးဝင်းဝင်း ...တောက်နေကြသည်။ ဦးလေးပါသည် ကျောက်တုံးပေါ်သို့ တက်လာပြန်၏။

"တို့ အခုချက်ချင်း ထွက်လို့ မဖြစ်သေးဘူး။ မြားတွေ လုံလောက်အောင် ...လုပ်ကြရဦးမယ်။ ရဲဘော်ဌေး ယူလာတဲ့ ဓားအချောင်းပေါင်း ...ဆယ်တို့



www.burmeseclassic.com

www.burmeseclassic.com



သွေးကြရဦးမယ်။ မောင်ချစ်ကြီး တောင်ခြေက ဆိပ်လူးမြားတွေ သွားယူဖို့ လူတစ်ယောက်ကို မြားအချောင်းပေါင်း တစ်ရာစီ ဝေပေးပါ။ ဒီနေ့ည တို့ ကြက်ဖတစ်ကောင်သတ်ပြီး ယဇ်ပူဇော်မယ်။ ဟာရိုးရွာကို အမှုန့်ခြေဖို့ မနက်ဖြန် မနက် စောစောထွက်ကြမယ်"

ဦးလေးပါသည် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်၏။ ယခု ဒေါသတကြီး ဖြစ်နေသောအခါ ကျားအိုကြီးတစ်ကောင်ကဲ့သို့ ထင်မှတ်ရသည်။ သူ့လက်ထဲမှာ လေးကို ကျစ်ကျစ်ပါအောင် ကိုင်ထားသည်။ မြားဘူးကိုလည်း လွယ်ထားသည်။

ထိုတစ်ညနေလုံး ကောင်ဟွာရွာသားများသည် အနားမယူနိုင်ကြ။ မြား လုပ်သူကလုပ်၊ ဓားသွေးသူကသွေးဖြင့် ယောက်ယက်ခတ်နေကြသည်။ ညပိုင်း တွင် ကြက်ဖတစ်ကောင်ကိုသတ်ကာ သူတို့ စစ်နိုင်ဖို့အတွက် ယဇ်နတ်ပူဇော် ကြသည်။

အမျိုးသမီးများနှင့် ကလေးများကား မျက်ရည်နှင့် မျက်ခွက် ဖြစ်နေကြ ၏။ ဘာနားလူမျိုးများ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ခဲ့ကြသည့် ခေတ်ဟောင်း တုန်းက အကြောင်းများကို သူတို့ ပြန်ပြောင်း သတိရနေကြသည်။

ထိုသို့ တစ်ရွာနှင့်တစ်ရွာ တိုက်ပွဲဖြစ်ပြီဆိုလျှင် သူတို့ခင်ပွန်းများ၊ မောင် ဘွားများ အသက်ဆုံးရှုံးခဲ့ကြရသည်။ တောအန့် တောင်အန့်မှာ အလောင်းများ ပြန့်ကျဲကာ ကျားစာ ဖြစ်ခဲ့ကြရသည်။ ရွာတို့၏ ပတ်လည်တွင် စီးဆင်းနေသော ချောင်းများသည်လည်း သွေးချင်းချင်းရဲကာ သောက်သုံး၍ မရတော့။

ယခုလည်း လာပြန်ပြီ။ တစ်ရွာနှင့်တစ်ရွာ တိုက်ကြဦးမည်။ အဘွားကြီး များသည် လူငယ်များ၏ ဒေါသကို ကြည့်ကာ မတားရဲအောင် ဖြစ်နေကြ သည်။ ကျိုတ်ငိုရုံမှတစ်ပါး ဘာမှ မတတ်နိုင်ကြတော့။

ဦးလေးပါသည် တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် သူ့သား မောင်ထွန်းကို လိုက်ရှာနေသည်။

"မောင်ထွန်းကို ဘယ်မှာ တွေ့ခဲ့ကြသလဲ။ ဒီကောင် ဘယ်ပျောက်သွား နေသလဲ။ တောထဲမှာ တို့သိမ်းထားတဲ့ အဆိပ်လူးမြားတွေ ဘယ်သူ ယူသွား သလဲ။ တစ်ချောင်းမှ မတွေ့တော့ပါလား"

ဟု လူတွေ့တိုင်းမေးကာ တစ်ရွာလုံးသို့ ကျိုးကန်းတောင်းမှောက် လိုက်ရှာ နေသည်။

ကောင်ဟွာတစ်ရွာလုံး မီးငြိမ်းသွားသည်။ ကျိုတ်ပြီး ရှိုက်နေသံများကိုပင် ကြားရန် မလွယ်တော့။

* * *





ကိုညိုပုသည် တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုကာ အမောဆို့ရင်း ရပ်နေ သည်။ သူ့ပတ်လည်မှာ ကောင်ဟွာရွာသား ငါးဆယ်တို့သည် ဓားများ၊ ဒူးလေး များ၊ ဆိပ်လူးမြားများ၊ သွေးရောင်ဆိုးထားသည့် ဒိုင်းများဖြင့် ရပ်နေကြသည်။ နေရောင်သည် ဓားသွားများ အပေါ်မှာ တလက်လက် တဖိတ်ဖိတ်ဖြင့် ခိုနား နေသည်။

မနေ့ညက သူ့ဆီကို မောင်ထွန်း ရောက်လာသည်။ ဦးလေးပါသည် ရွာ သားများကို ခေါင်းဆောင်ကာ ဟာရိုးရွာသားများကို ယနေ့နံနက် သွားရောက် တိုက်ခိုက်တော့မည်ဖြစ်ကြောင်း သတင်းပေးသည်။

ထိုအချိန်ကစပြီး မောင်ထွန်းနှင့်အတူ ကောင်ဟွာရွာသို့ တစ်ညလုံး လမ်း လျှောက်ပြီး ခရီးပြင်းနှင်ကာ ပြန်လာခဲ့သည်။ ဦးလေးပါတို့ကို မီရန် တောလမ်း ဖြင့် တက်သုတ်နှင်ခဲ့ရသောကြောင့် ယခု ရောက်လာသောအခါ သူ အမောဆို့ နေသည်။ ထို့ကြောင့် ရုတ်တရက် သူ စကားမပြောနိုင်။ ဖားဖိုကဲ့သို့ နိမ့်ချည် မြင့်ချည် ဖြစ်နေသော သူ့ရင်ဘတ်ကို ငြိမ်အောင် နားနေရသည်။ စိတ်ဆန္ဒက လည်း စောခဲ့သဖြင့် မျက်လုံးများပင် ပြာဝေလာသည်။

ဦးလေးပါသည် သူ့လူများကို လှည့်ကြည့်လိုက်၏။ ပြီးတော့ ကိုညိုပုဘက် သို့ ပြန်လှည့်ကာ မေးလိုက်သည်။

"မောင်ညိုပု၊ မင်း ရွာသားတွေနဲ့ အတူတူ ဟာရိုးရွာကို သွားတိုက်ဖို့ လိုက်မယ် မဟုတ်လား"

ကိုညိုပု ဘာမှ မဖြေနိုင်။

"မင်း မလိုက်ပေမယ့်လည်း ဟောဒီရွာသား ခြောက်ဆယ်ကတော့ သွား မှာပဲ။ ငါတို့ရဲ့ ခြေထောက် အစုံပေါင်း ခြောက်ဆယ်မှာ အကြောက်တရား မရှိဘူး။ ငါတို့ရဲ့ လက်အစုံပေါင်း ခြောက်ဆယ်ဟာ ဟာရိုးရွာသားတွေရဲ့ နှလုံး သည်းပွတ်ကို မြားနဲ့ ခွင်းကြမယ်။ မင်း တို့နဲ့ လိုက်မလား။ အခုချက်ချင်း ထွက် မတိုက်နိုင်ရင် ပြင်သစ်ကို တို့ နိုင်အောင်တိုက်နိုင်တော့မှာ မဟုတ်ဘူး"

ကိုညိုပုသည် အမောမပြေသဖြင့် ဘာစကားမှ မပြောနိုင်သေး။

လူအုပ်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မောင်ထွန်းသည် လူအုပ် ကိုတိုးပြီး ကိုညိုပုရှိရာသို့ လာခြင်းဖြစ်၏။ ပြီးတော့ ကိုညိုပု အနားမှာ သူ ရပ်နေသည်။

"မောင်ညိုပု မင်း တို့နဲ့ လိုက်မှာလား"

ဦးလေးပါသည် ကိုညိုပုကို ထပ်မေးပြန်၏။ သို့သော်လည်း ကိုညိုပုထံမှ



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်မရ၊ ဦးလေးပါက သူ့လူများဘက်သို့ မျက်နှာမူလိုက်သည်။

"အားလုံး အသင့်ပြင်၊ လူကြီးတွေ ရှေ့ကသွား၊ လူငယ်တွေ နောက်က လိုက်ခဲ့ကြ။ ကိုင်း ချီတက်"

မောင်ထွန်းသည် ကိုညိုပု၏ လက်ကို ဆွဲဆောင့်လိုက်၏။ ကိုညိုပု မျက်လုံးကို ဖွင့်လိုက်သည်။ ပြီးတော့ လက်တစ်ဖက်ကို မြှောက်ကာ အသံကုန် အော်လိုက်သည်။

"ဦးလေးပါ ကျွန်တော် လိုက်မယ်"

အားလုံး အသံတိတ်သွားကြသည်။

"ကျွန်တော်ဟာ ကေဒါတစ်ယောက် ဖြစ်တယ်။ ကျွန်တော်ချစ်တဲ့ ရွာသားတွေ ဘယ်ကိုသွားသွား ကျွန်တော် လိုက်မယ်။ အခု ကျွန်တော့်တို့ မသွားခင် ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပြုပါ"

"ပြောပါ . . . ပြောပါ"

ဟု ဦးလေးပါက ပြန်အော်၏။

ကိုညိုပုသည် သူ့ရှေ့တည့်တည့်သို့ ကြည့်လိုက်၏။ တိုက်ပွဲဝင်ရန် အသင့် ဖြစ်နေသော ရွာသား ခြောက်ဆယ်တို့ကလည်း ကိုညိုပု ကြည့်ရာသို့ လှမ်း ကြည့်လိုက်ကြသည်။ ထိုနေရာတွင် တောင်ကျရေကို ဝါးပိုက်ဖြင့် သွယ်တန်း ထားသော ရေတံလျှောက် ရှိသည်။ အမျိုးသမီးများနှင့် ကလေးများသည် ထို နေရာတွင် ထိုင်ကာ ငိုကြွေးနေကြ၏။

"သူတို့ ဘာဖြစ်လို့ ငိုနေကြတာလဲ"

ကိုညိုပုက မေးလိုက်သည်။

"အလကား ခွေးတိရစ္ဆာန်မတွေ၊ သတ္တိရှိတဲ့ သားတွေရဲ့အမေ ဖြစ်ဖို့ မတန်ဘူး။ မယားကောင်း မဟုတ်ဘူး။ ကောင်ဟွာရွာသူတွေလို့တောင် ပြော မှာ ရှက်တယ်။ တိရစ္ဆာန်မတွေ၊ တို့ဘက်က ရှုံးမှာ ကြောက်လို့ ငိုနေကြတယ်"

ဦးလေးပါသည် ဒေါသတကြီး စက်ဆုပ်ရွံရှာစွာဖြင့် ပြန်အော်လိုက်သည်။

"မဟုတ်ဘူး၊ သူတို့ကြောက်လို့ မဟုတ်ဘူး။ ဦးလေးပါ မှားနေပြီ။ ကျွန် တော်တို့ ပြင်သစ်တွေကို တိုက်ဖို့ သွားကြတုန်းက သူတို့ ငိုဖူးသလား။ ဘာဖြစ် လို့ မငိုတာလဲ"

ဦးလေးပါသည် ဘာမှ ပြန်မဖြေ။ အားလုံးကလည်း တိတ်ဆိတ်စွာ နား ထောင်နေကြသည်။ ကိုညိုပုသည် ပတ်လည်ကို ကြည့်ပြန်၏။ ပြီးတော့ မောင် ထွန်းလက်ကို ကိုင်ထားရာမှ လွှတ်လိုက်သည်။ စောစောက သူ့စိတ်ထဲမှာ





ဝလောင်ဆူခဲ့သည်။ ယခု စိတ်အေးသွားပြီ။ သူကိုယ်သူ ထိန်းနိုင်ပြီ။

ဤကိစ္စနှင့် ပတ်သက်ပြီး ရွာသားများ လက်ခံလာအောင် ပြောရမည်မှာ မလွယ်ကူကြောင်း သူသိသည်။ ယခင်အခါ တိုက်ပွဲဖြစ်စဉ်ကလည်း ဟာရိုး ရွာသားများပင် ပြင်သစ်တို့ကို လမ်းပြခဲ့သည်။ ထိုလမ်းပြများအနက် ဟာရိုး ရွာသားတစ်ယောက်သည် ကိုညိုပုတို့ စိုက်ထားသည့် စပါးများကို တုတ်တစ် ချောင်းဖြင့် သိမ်းရိုက်ကာ ဖျက်ဆီးနေသည်နှင့် ပက်ပင်း ကြုံခဲ့သည်။ ထိုစဉ်က ကိုညိုပုသည် လေးနှင့် ချိန်ပြီးမှ သူ့စိတ်ကိုသူထိန်းကာ မပစ်ဘဲ နေခဲ့သည်။

ဟာရိုးရွာသားတစ်ယောက်ကို ပစ်ခြင်းသည် ပြင်သစ်ကို ပစ်ခြင်းမမည် ကြောင်း၊ ဟာရိုးရွာသား ကျဆုံးခြင်းသည် မိမိတို့ တိုင်းရင်းသား ကျဆုံးခြင်းသာ ဖြစ်ကြောင်း ရဲဘော်ဒွေးက သူ့ကို ပြောခဲ့ဖူးသည်။

"ကျွန်တော်တို့ ပြင်သစ်တွေကို တိုက်ကြတုန်းက ကျွန်တော်တို့ အဖေတွေ၊ အမေတွေ၊ အိမ်ကမယားတွေနဲ့ သားသမီးတွေ မငိုခဲ့ကြဘူး။ သူတို့မှန်တယ်၊ ဘာဖြစ်လို့ ငိုရမှာလဲ။ ပြင်သစ်တွေဟာ တိုင်းတစ်ပါးကလာပြီး ကျွန်တော်တို့ တိုင်းပြည်ကို သိမ်းထားတယ်။ ကျွန်တော်တို့က သူတို့ကို မောင်းထုတ်ရမယ်၊ တိုက်ထုတ်ရမယ်။ ကျွန်တော်တို့ မိဘတွေ၊ ဇနီးနဲ့ သားသမီးတွေရဲ့ အသက်အိုး အိမ်စည်းစိမ်ကို ကာကွယ်ဖို့ ကျွန်တော်တို့ အသက်ကို စွန့်တန်စွန့်ရမယ်။

ဟာရိုးရွာသားတွေကို တိုက်ရမယ်ဆိုတဲ့ နေရာကျတော့ ဟာရိုးရွာသား တွေဟာ ဘယ်သူတွေလဲ၊ သူတို့ဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေ မဟုတ် ဘူးလား၊ သူတို့ဟာ ကျွန်တော်တို့လိုပဲ ဒုက္ခမျိုးစုံကို ခံစားနေကြရတယ်။ သူတို့ ဟာ ကျွန်တော်တို့လိုပဲ အဖိနှိပ်ခံနေကြရတယ်။ ခေါင်းပုံ အဖြတ်ခံနေရကြရ တယ်။

ပြင်သစ်တွေရဲ့ အကျဉ်းစခန်းတွေထဲမှာ သူတို့ ဘယ်လို ဒုက္ခခံနေကြရ တယ်ဆိုတာ ကျွန်တော်တို့ အားလုံး သိတယ်။ ဘယ်လောက် သနားစရာ ကောင်းတယ်ဆိုတာ သိတယ်။ ဒီလို သနားစရာကောင်းတဲ့ ကျွန်တော်တို့နဲ့လည်း ဘဝတူဖြစ်တဲ့ ကိုယ့်တိုင်းရင်းသားတွေကို ဘာဖြစ်လို့ သွားတိုက်ရမှာလဲ။

ဟာရိုးရွာထဲမှာ အသေသတ်ပစ်ထိုက်တဲ့လူတွေ ရှိပါတယ်၊ သူတို့ဟာ ဘယ်သူတွေလဲဆိုရင် ပြင်သစ်တွေရဲ့ သစ္စာခံတွေပါပဲ။ ပြင်သစ်ခိုင်းရာလုပ်ပြီး ကိုယ့်တိုင်းရင်းသားချင်းအပေါ်မှာ နှိပ်စက်နေတဲ့ အမျိုးသားသစ္စာဖောက်တွေ ပါပဲ။ အဲဒီ လူတွေကို ဟာရိုးရွာသားတွေ ကိုယ်တိုင်က မုန်းတီးကြပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ အဖိနှိပ်လည်း ခံနေရတဲ့ ဟာရိုးရွာသားတွေ အားလုံးကို တိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ဆိုတာတော့ မမှန်ဘူး"

စောစောက အလွန် စိတ်ဓာတ်တက်ကြွနေသည့် မောင်ချစ်ကြီးကို လှမ်း ကြည့်လိုက်သည်။ မောင်ချစ်ကြီးသည် ကိုညိုပုနှင့် မျက်လုံးချင်း မဆိုင်ရဲသလို မျက်နှာလွှဲလိုက်သည်။ ပြီးတော့ လူအုပ်ကြီးကို ကျော်ခိုင်းကာ ချောင်းရှိရာဘက် သို့ ထွက်သွားသည်။ သို့သော် လူအုပ်၏ထိပ်မှာ ရှိနေသော ဦးလေးပါကား ခေါင်းမာနေဆဲပင် ဖြစ်သည်။

"ဟာရိုးရွာသားတွေရဲ့ ရန်ကို မနှိမ်နိုင်ရင် ပြင်သစ်ကို နှိမ်လို့ မဖြစ်နိုင်ဘူး တို့ရွာ ဘယ်မှာရှိတယ်၊ တို့မှာ လူအင်အား ဘယ်လောက်ရှိတယ်၊ တို့မှာ ဘာ လက်နက်တွေ ရှိတယ်ဆိုတာကို ဟာရိုးရွာသားတွေ ကောင်းကောင်း သိထား တယ်။ ဒါကြောင့် သူတို့ကို အရင်ရှင်းရမယ်"

"မဖြစ်နိုင်ဘူး၊ ဟာရိုးရွာသားတွေကို တိုက်တာနဲ့အမျှ ပြင်သစ်ကို နိုင်ဖို့ အခွင့်အလမ်းတွေ နည်းသွားမယ်။ ဟာရိုးရွာသားတွေဟာ ပြင်သစ်နဲ့ ပိုမို ပူး ပေါင်းသွားတာနဲ့အမျှ သူတို့ဘက်မှာ အင်အား ပိုကြီးပြီး ကျွန်တော်တို့ဘက်မှာ အင်အား ပိုနည်းလာမယ်။ ဟာရိုးရွာသားတွေကို ကျုပ်တို့ မုန်းတီးနေလို့ မဖြစ် ဘူး။ သူတို့ကို ကျုပ်တို့ ချစ်ရမယ်။ သူတို့မေတ္တာကိုလည်း ရအောင် ပြန်ယူတတ် ရမယ်။ ကျုပ်တို့ အချင်းချင်း မေတ္တာထားနိုင်တဲ့နေ့ဟာ ပြင်သစ်တွေ သေတွင်း တူးတဲ့နေ့ပဲ"

အားလုံး တိတ်သွားကြပြန်သည်။ ကိုညိုပုက အဘွားကြီးတစ်ယောက်ကို လှမ်းအော်ခေါ်လိုက်သည်။

"ဒေါ်အေး၊ ရှေ့ကို ထွက်ခဲ့စမ်းပါ၊ ခင်ဗျားသား ဘယ်မှာလဲ"

"ငါ့သားက ဟာရိုးရွာကမိန်းမနဲ့ အိမ်ထောင်ကျပြီး အခု အဲဒီရွာမှာပဲ လိုက်နေပါတယ်"

အဘွားကြီးသည် သူ့မျက်လုံးအစုံမှ မျက်ရည်များကို သုတ်ရင်း ပြန်ဖြေ သည်။ လူအုပ်သည် မျက်စိအောက်မှာပင် တစ်စတစ်စဖြင့် လူစုကွဲသွားတော့ သည်။ အားလုံးက ကိုညိုပုကို မျက်နှာချင်းမဆိုင်ဝံ့သလို ခေါင်းများ ငိုက်စိုက်ချ ကာ အခြား တစ်နေရာသို့ ထွက်ခွာသွားကြသည်။ နောက်ဆုံးတွင် အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

ကိုညိုပုသည် မောမောပန်းပန်းဖြင့် အိမ်သို့ ပြန်လာသည်။ သူ့နောက်မှ မောင်ထွန်း လိုက်လာသည်။ အိမ်ရောက်တော့ မလေးယုက ကိုညိုပုအတွက် ထမင်းပြင်ပေးသည်။ သို့သော် ထမင်းဝိုင်းမှာ မထိုင်ဘဲ အပြင်သို့ထွက်ရန် ဟန်





ပြင်လိုက်၏။

"ကိုညိုပု ရှင် မဆာသေးဘူးလား"

"ငါ မဆာပါဘူး၊ တို့ရွာက စပါးတွေ ဆုံးသွားတော့ တို့ရွာသားတွေ အနည်းနဲ့အများတော့ ငတ်ကြဦးမှာပဲ။ ငါကလည်း အိမ်အလုပ်ကို ဘာမှ ပြန် မကြည့်နိုင်ဘူး။ တောင်ယာထဲလည်း မဝင်နိုင်ဘူး မလေးယုရယ်။ ဒါကြောင့် တို့မိသားစုက သူများထက် ပိုဆိုးမယ်ထင်တယ်"

မလေးယုသည် သူ့ယောကျ်ားကို ဝမ်းနည်းပက်လက်ဖြင့် လှမ်းကြည့်လိုက် သည်။

"ကိုညိုပုရယ်၊ ရှင်က ပါတီဝင်ဖြစ်နေမှတော့ ကျွန်မက အလိုလို ပါတီဝင်ရဲ့ မယား ဖြစ်နေပြီပဲ၊ ဘာမှ မပူပါနဲ့။ ကျွန်မ အလုပ်ပိုကြိုးစားပြီး လုပ်ပါ့မယ်။ အမေ့ကိုတော့ ထမင်း မငတ်စေရပါဘူး"

အလိုက်သိလွန်းလှသော မယားအလိမ္မာကို တစ်ချက် ပြုံးကြည့်ခဲ့ကာ ကိုညိုပု အပြင်သို့ ထွက်လာသည်။ ဦးလေးပါဆီသို့ ရောက်သောအခါ ခေါင်း ငိုက်စိုက်ဖြင့် စိတ်ထိခိုက်နေသော ဦးလေးပါကို မြင်တွေ့ရသည်။

"ဦးလေးပါ၊ ရန်သူကို ရေရှည်စစ်ပွဲ ဆင်နွှဲပြီး အနိုင်ယူနိုင်အောင် ကျွန်တော် တို့ ပိုပြီး အလုပ်လုပ်ရမယ်လို့ ရဲဘော်ဌေးက ပြောထားတယ်။ အစစအရာရာ မှာလည်း ပိုပြီး သည်းညည်းခံနိုင်ဖို့လည်း လိုတယ်။ နိုင်ငံရေးအသိ မရှိသေးတဲ့၊ မျက်စိ မပွင့်သေးတဲ့လူတွေ အများကြီး ရှိသေးတယ် မဟုတ်လား၊ ကျွန်တော်တို့ တစ်ပြည်လုံး မျက်စိပွင့်လာတဲ့အခါဟာ ကျွန်တော်တို့ ဒုက္ခတွေ ကုန်ဆုံးတဲ့နေ့ပါ ပဲ။ ပြည်သူတွေ အုံကြွလာအောင် လှုံ့ဆော်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ အချိန်ယူရမယ်။ ပြည်သူအချင်းချင်း ပြန်တိုက်တဲ့နည်းနဲ့ ပြည်သူတွေ မျက်စိပွင့် လာအောင် လုပ်လို့ မဖြစ်နိုင်ဘူး"

"မှန်ပါတယ် မောင်ညိုပုရယ်၊ မင်းဟာ ငါ့ထက် အသက်အများကြီး ငယ်ပါ တယ်။ ဒါပေမယ့် မင်းဟာ အမြဲမှန်တယ်၊ ငါ့ထက်ပိုပြီး အသိပညာ ကြီးပါပေ တယ်"

ဦးလေးပါသည် ယူကျုံးမရဖြစ်စွာဖြင့် တတွတ်တွတ်ပြောရင်း တောင်းပန်ရှာ သည်။

"ကျွန်တော် ပြောတာတွေဟာ ပါတီရဲ့ သဘောတရားတွေပါ၊ ပါတီရဲ့ သွန်သင်ချက်တွေပါ"

အများအိပ်ချိန် ဖြစ်သည်။ သို့သော် တောင်ပတ္တာရွာသားများကား မအိပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သေး။ ခြောင့်လုပ်၍ ကောင်းကြဆဲ ရှိသည်။ ထောင်ချောက်များလုပ်၍ တတ်ကြကြဆဲ ရှိသည်။ ကောင်ဟွာရွာကို သူတို့ ပြန်လည် တည်ဆောက်ကြပြီးသည်။ ယခင်ကထက် သုံးဆတိုးပြီး ခြောင့်များ၊ ထောင်ချောက်များ လုပ်ကြပြီးသည်။ ဟာရီးရွာသားများကိုတိုက်ရန် လုပ်ခဲ့သည့် မြားများသည် ပြင်သစ်တို့ကိုတိုက်ရန် အသင့်ပြင်ထားသည့် မြားများဘဝသို့ ကူးပြောင်းသွားသည်။

* * *

ရဲဘော်ဒွေး၏ လက်နှစ်ဖက်သည် ကိုညိုပု၏ လည်ပင်းကို သိုင်းဖက်ထားသည်။ သူ့ခေါင်းသည် ကိုညိုပု ပခုံးပေါ်သို့ မှေးတင်ထား၏။ သူ့မျက်လုံးများမှိတ်ထားသည်။ ရဲဘော်ဒွေးကား ကိုညိုပု ပခုံးပေါ်တွင် သတိလစ်လျက်ရှိသည်။

ကိုညိုပုသည် သူ့ရဲဘော်ကို ထမ်းကာ ရင်စို့မျှမကသော ချောင်းကို ဖြတ်ကျော်ခဲ့၏။ သူ့ရဲဘော်ကို ရေမစိုရန် သတိကြီးစွာ ထားခဲ့၏။ ပြီးတော့ ပိုမြင့်သော တောင်ထိပ်ဆီသို့ တက်ခဲ့သည်။ သူတို့ ပြုလုပ်ထားသည့် လျှို့ဝှက်ပုန်းအောင်းရာသို့ ရောက်အောင် အပြေးအလွှား လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့နောက်မှ ကလေးချီရင်းဖြင့် မလေးယု အပြေးအလွှား လိုက်လာ၏။ သား၏ကိုယ်ပေါ်မှာ ခြုံထားသည့်စောင်ကို ခွာယူလိုက်ကာ ရဲဘော်ဒွေး၏ ကိုယ်ပေါ်သို့ မလေးယုက ပြောင်းခြုံပေးလိုက်သည်။

တစ်တောလုံး၊ တစ်တောင်လုံးသည် ပေါက်ကွဲသံများ ပဲ့တင်ရိုက်သဖြင့် တုန်ဟည်းနေသည်။ ဘာလန်းရွာကို ရန်သူများ ဝင်ရောက် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

"ကိုညိုပု မြန်မြန်သွားပါ၊ ပြင်သစ်တွေ မီလာပြီး ကိုဒွေးကို ဖမ်းမိသွားပါဦးမယ်"

ဟု မလေးယုက စိုးရိမ်တကြီးဖြင့် လှမ်းပြောလိုက်သည်။

"တိတ်တိတ်နေစမ်း၊ ငါ မသေသေးသမျှ ကာလပတ်လုံး ဘာမှ မကြောက်ကြနဲ့၊ ပြင်သစ်တွေ အဝေးကြီး ရှိသေးတယ်။ မီလာရင်လည်း ငါ အရင် အသေခံမယ်"

လျှို့ဝှက်နေရာသို့ ရောက်သောအခါ လုံခြုံရာတစ်နေရာတွင် ရဲဘော်ဒွေးကို ချထားပြီး ချောင်းအတွင်းသို့ဆင်းကာ ကိုညိုပုက ရေခပ်သည်။ ပြီးတော့ ရဲဘော်ဒွေး၏ ခြေထောက်များကို ဆေးကြော သန့်စင်ပေးသည်။

"မလေးယု၊ မင်း ရဲဘော်ဒွေးကို ဂရုစိုက်လိုက်၊ ငါ ပြောင်းဖူးနည်းနည်း သွားချိုးလိုက်ဦးမယ်"





"ရှင် ဘယ်ကိုသွားမှာလဲ"

"တောင်ယာထဲကို"

"ပြင်သစ်တွေ တောင်ယာထဲကို ရောက်နေကြရောပေါ့"

"မရောက်သေးပါဘူး၊ ငါ သွားမှဖြစ်မှာ၊ ရဲဘော်ဒွေးက ပြောင်းဖူးအရင့်တွေ မစားနိုင်ဘူး။ သူ သိပ်အားနည်းနေတယ်"

စကားမဆုံးမီမှာပင် ကိုညိုပု ထွက်သွားသည်။ မလေးယုသည် ရဲဘော်ဒွေးကို ကြည့်ရင်း စိတ်ထိခိုက်နေသည်။ အတူနေသမျှ အချိန်ကလေးအတွင်းမှာပင် သူသည် ရဲဘော်ဒွေးကို သူ့အစ်ကိုရင်းတစ်ယောက်သဖွယ် သံယောဇဉ် ဖြစ်မိ၏။ သူတို့အိမ်မှာ စားစရာဆန် ကုန်တုန်းက ရဲဘော်ဒွေးသည် မြေပြန့်က သူယူလာသည့် ဆန်များကို မလေးယုတို့ သားအမိနှင့် ကိုညိုပုအမေစားဖို့ ထုတ်ပေးသည်။ သူကိုယ်တိုင်မှာမူကား မျောက်ဥနှင့် ကြွေးဥနှင့် အသက်ရှင်ခဲ့သည်။

အမျိုးသမီးအဖွဲ့ခေါင်းဆောင်အဖြစ် မလေးယုကို ရွေးကောက်တင်မြှောက်ကြတုန်းကလည်း မလေးယု စိတ်ချောက်ချားနေခဲ့သည်။ သို့သော် ရဲဘော်ဒွေးက သူ့ကို အားပေးသည်။ အမျိုးသမီးအဖွဲ့ကို မည်သို့ စုစည်းရမည့်အကြောင်း၊ မည်သို့ ခေါင်းဆောင်ရမည့်အကြောင်း၊ အစည်းအဝေးများတွင် မည်သို့ မိန့်ခွန်းပြောရမည့်အကြောင်းများကို သင်ကြားပြသပေးခဲ့သည်။ အဖွဲ့အစည်းနှင့် ပတ်သက်၍ သူ့မှာ ပြဿနာပေါ်တိုင်းလည်း ရဲဘော်ဒွေးထံမှပင် အကြံဉာဏ်များ ရယူခဲ့ရသည်။

မလေးယု၏ အစ်ကိုအရင်းသည် တောင်ယာ မည်သို့ ခုတ်ရမည့် အကြောင်း၊ ကောက်ပဲသီးနှံ မည်သို့ စိုက်ပျိုးရမည့် အကြောင်းများကိုသာ သင်ပေးခဲ့၏။ ရဲဘော်ဒွေးကမူ မိမိတို့တိုင်းပြည် ဘာကြောင့် ဒုက္ခဖြစ်နေရသည့်အကြောင်း၊ ဘားနားအမျိုးသမီးများနှင့် ကင်းအမျိုးသမီးများ မည်သည့်အတွက်ကြောင့် အဖိနှိပ်ခံနေကြရကြောင်းများကို ရှင်းပြသည်။

ပြီးတော့ မိမိခင်ပွန်း ကိုညိုပုသည် တိုင်းပြည်နှင့် လူမျိုးအတွက် မြင့်မြတ်သည့်အလုပ်များကို လုပ်ကိုင်နေရာ မိမိကလည်း ပါတီဝင်တစ်ယောက်၏ ဇနီးအနေဖြင့် မည်သို့ တာဝန်ထမ်းဆောင်ရမည်များကို သဘောပေါက်အောင် ပြောပြလေ့ ရှိသည်။

ရဲဘော်ဒွေး ဖျားနေသည်မှာ နှစ်လခန့်ရှိပြီ။ သူ ဘာလန်းရွာမှ ပြန်လာခဲ့လမ်းတွင် အဆိပ်လူးထားသည့်ခြောင့်စူးသည်။ ဒူးခေါင်းတွင် အစူးခံရခြင်းဖြစ်ရာ ထုံးစကမူ သွေးထွက်ရုံမျှသာရှိသည်။ တဖြည်းဖြည်းနှင့် ဒူးခေါင်းက အလွန်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းလာသည်။ ထိုစကစပြီး အဖျားလည်း ဝင်လာကာ အစာ မစားနိုင်တော့။

ကိုညိုပုတို့ တစ်အိမ်သားလုံးသာမက ကောင်ဟွာတစ်ရွာလုံးက ရဲဘော်ဌေးကို ဝိုင်းဝန်း ဂရုစိုက်ကြသည်။ ပြုစုကြသည်။ ဖျားရည် မပြတ်ရအောင်လည်း ခက်ခက်ခဲခဲ ရှာဖွေပေးကြသည်။ သူတို့ တတ်သမျှ မှတ်သမျှ ဆေးမြီးတိုများဖြင့်လည်း ကုသပေးကြသည်။ သို့သော် ရဲဘော်ဌေးကား သက်သာမလာ။

"မောင်ညိုပုရေ ရဲဘော်ဌေးကတော့ ဒီတောင်ကို ကျော်နိုင်ဖို့ မလွယ်ဘူးထင်တယ်၊ သူ့အတွက် ယစ်ပူဇော်ပေးဖို့ ကောင်းတယ်"

ဟု အမေက မကြာခဏ ပြောသည်။

ရဲဘော်ဌေးကို ကိုညိုပု သနားပါသည်။ သူ့ကျေးဇူး အလွန် ကြီးမားကြောင်းလည်း သိပါသည်။ သူရောက်လာသည့် အချိန်မှစ၍ မိမိတို့လင်မယားအသိကြွယ်ခဲ့သည်။ တစ်ရွာလုံးလည်း မျက်စိပွင့်ခဲ့ကြသည်။ အဘက်ဘက်တွင် မိမိတို့ရွာ တိုးတက်ခဲ့သည်။ ထို့ကြောင့်လည်း ရဲဘော်ဌေး ကျန်းမာလာရေးအတွက် သူ အစွမ်းကုန် ဆောင်ရွက်ခဲ့သည်။

ရဲဘော်ဌေးအတွက် ယစ်ပူဇော်ပေးရန် ဘကြီးဆန်းကလည်း အကြံပေးခဲ့ဖူးသည်။ သို့သော် ကိုညိုပု ခေါင်းခါခဲ့၏။ မိမိတို့ ပါတီဝင်ရဲဘော်များသည် ယစ်ပူဇော်ခြင်း၊ နတ်ကိုးကွယ်ခြင်းများကို မယုံကြည်သင့်ကြောင်း၊ ကြုံတွေ့လာရသည့် ဘေးဒုက္ခများသည် နတ်ဆိုးမိစ္ဆာများက ပေး၍မဟုတ်ကြောင်း၊ ပြင်သစ်နှင့် ငွေရှင်၊ ကြေးရှင်၊ အရင်းရှင်များကြောင့်သာ ဖြစ်ကြောင်းဖြင့် ကိုညိုပုတို့ ရဲဘော်ဌေးက အကြိမ်ကြိမ် ပြောဖူးသည်။

ရဲဘော်ဌေး ပြောသည်ကို ကိုညိုပု လက်ခံခဲ့သည်။ သူ့အိမ်တွင်လည်း ထိုအလုပ်မျိုးကို လုပ်ခွင့်မပေးခဲ့။ ယခု ရဲဘော်ဌေး ဤအခြေအနေသို့ ရောက်သောအခါ ဘာလုပ်ရမည်ကို မသိအောင် ဖြစ်နေသည်။

"မောင်ဌေးတော့ သေတော့မှာပါပဲ မောင်ညိုပုရယ်၊ သူ့အတွက် တို့ယစ်ပူဇော်ပေးရမယ်၊ မလုပ်ရင် မဖြစ်တော့ဘူး"

ဟု ကိုညိုပု အမေက ငိုကြီးချက်မဖြင့် တတွတ်တွတ် ပြောနေသည်။

"မငိုပါနဲ့ အမေရယ်၊ ကျွန်တော့်ရင်ထဲမှာ မီးတောက်နေပြီ"

ကိုညိုပုရင်ထဲမှာ တကယ် မီးတောက်နေပြီ။ သူ့ရဲဘော်ကို သူ အဆုံးမခံနိုင်။ သူ မယုံကြည်သည့်အလုပ်၊ သူ့ရဲဘော် မယုံကြည်သည့် အလုပ်ကိုလည်း သူ မလုပ်နိုင်။ နောက်ဆုံးတွင် အမေတို့ ကြိုက်ရာလုပ်တော့ဟု ခွင့်ပေးလိုက်ရတော့သည်။





ထိုသို့ ယစ်ပူဇော်သော်လည်း လူနာကား ဘာမှ အကြောင်းမထူး။ အကြောင်းမထူးသည့်လူနာကို ကြည့်ရင်း ကိုညိုပု စိတ်ထဲမှာ စိုးရိမ်လာသည်။ အဓိပ္ပာယ်မရှိသည့် အလုပ်ကို ကာယကံရှင် ရဲဘော်ဌေး မသိအောင် မိမိ လုပ်မိလေခြင်းဟုလည်း စိတ်မကောင်း ဖြစ်လာသည်။

သို့သော်လည်း နောက်တစ်ရက် ကြာသောအခါ လူနာ မျက်လုံးပွင့်လာ၏။ တစ်ရွာလုံး ဝမ်းသာအားရ ဖြစ်ကြသည်။ နာလန်ထ ရဲဘော်ဌေးကို ရွာသားများက ဝိုင်းဝန်းပြီး စားကောင်းသောက်ဖွယ်များဖြင့် ပြုစုကြသည်။

ရဲဘော်ဌေး နေကောင်းပါပြီ။

သူ့ရောဂါပျောက်ကင်းပြီး နာလန်ထနေသည့်အချိန်မှာပင် ကောင်ဟွာရွာအတွင်း၌ အမျိုးသမီးပြောက်ကျားတပ်ဖွဲ့ကို ဖွဲ့ဖြစ်အောင် ဖွဲ့ပေးသည်။ အမျိုးသမီး ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်များမှာ မတူးနှင့် မေတို့ ဖြစ်ကြသည်။

ကိုညိုပုနှင့် သူတို့နှစ်ယောက် မနားမနေ အလုပ်လုပ်နေကြ၏။ ကိုညိုပုသည် သူ့ရွာမှာ နေနိုင်လှသည်မဟုတ်။ ရွာငါးရွာသို့ လှည့်ပတ်သွားလာကာ ပြောက်ကျားတပ်ဖွဲ့များကို စည်းရုံးခြင်း၊ ခရိုင်ကော်မတီက ပေးပို့လိုက်သည့် လက်ပစ်ဗုံးများကို ဖြန့်ဝေပေးခြင်းဖြင့် အလုပ်ရှုပ်နေသည်။

ဤနယ်ကို ပြင်သစ်တို့ ထိုးစစ်ကြီးတစ်ခု ဆင်လိမ့်မည်ဟူသော သတင်းများလည်း ထွက်ပေါ်နေသည်။

* * *

ကောင်ဟွာရွာမှ တစ်နာရီခန့် လမ်းလျှောက်သွားလျှင် တူငိုတောင်သို့ ရောက်သည်။ တူငိုတောင်သည် ယနေ့ တစ်မနက်လုံး နှင်းမကွဲဘဲ အုံ့ဆိုင်းနေကာ ဝက်ဝံမြူတစ်ကောင် လဲလျောင်းနေသည်နှင့်ပင် တူတော့သည်။

တောင်ခြေတွင် ပြောက်ကျားတပ်သား ငါးယောက်တို့သည် ရန်သူကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေကြသည်။

ရန်သူပေါင်း များစွာတို့သည် လေးလံသည့် အိတ်ကြီးအိတ်ငယ်တို့ကို သယ်ပိုးကာ ချီတက်နေကြ၏။ သူတို့နှင့်အတူ အလွန်ကြီးမားသည့် လက်နက်ကြီးများကိုလည်း သယ်ဆောင်လာကြသည်။ သူတို့သည် မကြာခဏ နား၏။ တစ်အောင့် နားပြီးလျှင် ဆက်လက် ချီတက်ကြ၏။

"တစ်ကောင်လောက်တော့ တွယ်လိုက်မှထင်တယ်"

မောင်ချစ်ကြီးသည် ရန်သူများကို ကြည့်နေရင်းမှ ကြိတ်မနိုင်ခဲမရဖြစ်လာသည့်ပုံမျိုးဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချက္ကာ. . . ချ၊ အဆိပ်လူးမြားနဲ့ တွယ်ထည့်လိုက်စမ်းပါ"

ဟု ကျန်တစ်ယောက်က အားပေး၏။ သို့သော် အခြား အသက်ကြီးသော ပြောက်ကျားတပ်ဖွဲ့ဝင်တစ်ဦးက မောင်ချစ်ကြီး၏လက်ကို ဖမ်းဆွဲလိုက်သည်။

"တို့ကို အစ်ကိုညိုပု ပေးလိုက်တဲ့တာဝန်က ပစ်ဖို့ မဟုတ်ဘူး။ တို့က စောင့်ကြည့်ဖို့ပဲ၊ သူတို့ ထွက်သွားတဲ့အခါမှာ သတင်းပြန်ပို့ဖို့ တာဝန်ပေးလိုက်တာ မဟုတ်လား"

ပြင်သစ်များသည် ဤတူပိုတောင်ပေါ်သို့ ယမန်နေ့က ရောက်လာကြခြင်း ဖြစ်သည်။ ယခုတစ်ကြိမ် သူတို့ ချီတက်လာခြင်းသည် အလွန် တောင့်တင်းသော အင်နှင့်အားနှင့် ဖြစ်သည်။ သည်အရပ်မှာ ကြာရှည် စခန်းချတော့မည့်ပုံမျိုး ဖြစ်သည်။ သူတို့အားလုံး ကာကီယူနီဖောင်းများကို ဝတ်ဆင်ထားကြသည်။ လက်နက်ကိုယ်စီလည်း ကိုင်ဆောင်ထားကြသည်။ သူတို့ကို ခုခံတိုက်ခိုက်နေသည့် ပြောက်ကျားရွာ ငါးရွာကို မြေလှန်ပစ်ရန်လည်း ကြံရွယ်ထားကြပုံရသည်။

ရဲဘော်ဌေးသည် ပြည်နယ်ကော်မတီ အစည်းအဝေးသို့ သွားရောက်တက်နေခိုက် ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ရေး အစီအစဉ်များ အားလုံးကို ကိုညိုပုက တာဝန်ယူ ကွပ်ကဲနေရသည်။

ကျေးရွာငါးရွာမှ ပြောက်ကျားခေါင်းဆောင်များ ကောင်ဟွာရွာမှာ စည်းဝေးပြီး တိုက်ပွဲအစီအစဉ်များ ရေးဆွဲကြသည်။

ကောင်ဟွာနှင့် တာလမ်းရွာ ပြောက်ကျားတပ်ဖွဲ့များသည် ပြင်သစ်များ ချီတက်လာသည့် အမှတ် (၁၉) လမ်းမကြီးတစ်လျှောက်မှနေ၍ ချုံခိုတိုက်ပွဲများ ဆင်နွှဲရမည်။

ဘာလန်းရွာ တပ်ဖွဲ့များသည် ခတ်လမ်းရွာမှ ချီတက်လာမည့် ရန်သူများကို ပိတ်ဆို့ထားရမည်။

ပိုးလယ်ဘုံစခန်းမှ ချီတက်လာသည့် ရန်သူများကို ကောင်ဟွာနှင့် ဒေးတားရွာ ပြောက်ကျားတပ်ဖွဲ့များက ဖြတ်တောက် တိုက်ခိုက်ရမည်။

ရန်သူတို့ ယခုတစ်ကြိမ် ချီတက်လာခြင်းသည် ယခင်ကလို အနည်းအကျဉ်း မဟုတ်။ အင်ကြီးအားကြီးနှင့် ဖြစ်သည်။ ထို့ကြောင့် ကျေးရွာများကို အမိအရ ကာကွယ်ခြင်းထက် စပါးစိုက်ခင်းများကို တတ်နိုင်သမျှ ကာကွယ်ရမည်။ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများကို လျှို့ဝှက်နေရာသို့ ပို့ထားရမည်။

စိုက်ခင်းများ အဖျက်ဆီး မခံရရေးအတွက် ပြောက်ကျား အားလုံးသည် ရင်မြေကတုတ် လုပ်ပြီး တိုက်ပွဲဝင်ကြမည် ဖြစ်သည်။ သူတို့အားလုံး သွေးကြွနေကြသည်။



"ငါတို့ တောင်ယာတွေကို ရန်သူ့သွေးနဲ့ ဆေးပစ်မယ်"

ဟု တက်ကြွစွာ ကြုံးဝါးနေကြသည်။

ကိုညိုပုသည် ပြောက်ကျားတပ်သား ဆယ့်ငါးယောက်နှင့်အတူ ရန်သူကို ချုံခိုတိုက်ရန်အတွက် သီအုန်းချောင်းဘေးက အသင့်စောင့်နေသည်။

မောင်ထွန်းကလည်း တပ်သား ဆယ့်ငါးယောက်ကို ခေါင်းဆောင်ကာ တိုးလမ်းချောင်းနံဘေးမှ စောင့်ဆိုင်းလျက် ရှိသည်။

"တို့တော တို့တောင်ထဲမှာ ရှိရှိသမျှ ပစ္စည်းတွေဟာ အဖိုးတန်တယ်။ တို့ အင်အားနည်းတုန်းက ဒီအဖိုးတန် ပစ္စည်းတွေကို ရန်သူတွေဟာ အကြိမ်ကြိမ် လာပြီး လုယက်တိုက်ခိုက်ယူခဲ့ကြတယ်။ ဒီတစ်ခါတော့ သက်ငယ်တစ်ချောင်းတောင် တို့ မပေးဘူး။ မင်းတို့ သဘောတူတယ် မဟုတ်လား"

ကိုညိုပုသည် သူ့ရဲဘော်များကို ကြည့်ပြီး မေးလိုက်သည်။

"သဘောတူပါတယ်"

တစ်သံတည်း ဝိုင်းဖြေကြသည်။

"သတ္တိပြောင်ပြောင် တိုက်တဲ့လူ၊ ရန်သူ အများဆုံး ကျအောင် တိုက်နိုင်တဲ့လူကို ခေါင်းဆောင်ကြီး ဦးလေးဟိုက ဆုချီးမြှင့်လိမ့်မယ်။ သူရဲဘောကြောင်တဲ့လူကို ဝိုင်းပြီး ရှုတ်ချမယ်"

"ကျွန်တော်တို့ ဒီမှာ တိုက်နေကြတာကို ဦးလေးဟို သိသလား"

ဟု တစ်ယောက် ဝင်မေးသည်။

"သိတယ်၊ ဦးလေးဟိုဟာ ဘာမဆို အားလုံးကို သိတယ်"

"စိတ်ချပါ၊ ကျွန်တော်တို့ အထဲမှာ သူရဲဘောကြောင်တဲ့လူ တစ်ယောက်မှ မပါပါဘူး"

"ကျွန်တော်တို့ စိုက်ခင်းတွေကို ရန်သူ့သွေးနဲ့ ဆေးပစ်မယ်"

ဟု တညီတညွတ်တည်း ကြွေးကြော်လိုက်ကြသည်။

ကိုညိုပုသည် ယမန်နေ့ညက သူ့ရဲဘော်များကို စောစော အိပ်ခိုင်းခဲ့သည်။ သို့မှသာ နောက်တစ်နေ့တွင် အင်အားရှိရှိဖြင့် တိုက်ပွဲဝင်နိုင်မည် ဖြစ်သည်။

မနက်က မောင်ချစ်ကြီးကို ခေါင်းဆောင်တင်ပြီး ပြောက်ကျားတပ်ဖွဲ့ဝင် လေးယောက်တို့နှင့်အတူ ရန်သူတို့၏ အခြေအနေကို တူပိုတောင်ခြေသို့ စေလွှတ်ကြည့်ခိုင်းသည်။

"ငါဆိုက အမိန့်မရဘဲနဲ့ ရန်သူကို စ,မတိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုညိုပုက သူ့ကို သေသေချာချာ မှာလိုက်သေးသည်။

ယခု ထိုစကားကို မောင်ချစ်ကြီး မေ့ပြီ။ ရန်သူများကိုကြည့်ရင်း မောင်ချစ်ကြီး လက်ယားလာသည်။ ရန်သူစစ်ကြောင်း တစ်ကြောင်းသည် သီအုန်းချောင်းဘက်သို့ လည်းကောင်း၊ ကျန်စစ်ကြောင်း တစ်ကြောင်းသည် တိုးလမ်းချောင်းဘက်သို့ လည်းကောင်း တရွေ့ရွေ့ ချီတက်နေကြသည်။

"မင်းတို့နှစ်ယောက်၊ အစ်ကိုညိုပုကို ပြန်ပြီး သတင်းပို့ပါ"

ဟု မောင်ချစ်ကြီးက အမိန့်ပေးလိုက်သည်။

"ခင်ဗျားရော ကျွန်တော်တို့နဲ့ မလိုက်ဘူးလား"

"ငါ နောက်က လိုက်ခဲ့မယ်၊ ဒီကောင်တွေကို ခဏ စောင့်ကြည့်လိုက်ဦးမယ်"

မောင်ချစ်ကြီးသည် သစ်ပင်တစ်ပင်၏ နောက်ကွယ်မှနေပြီး ရန်သူများကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူနှင့် ရန်သူသည် ပေတစ်ရာကျော်မျှသာ ကွာဝေးတော့သည်။ သူ့မှာ အဆိပ်လူးမြောင့် အချောင်းနှစ်ရာ ပါလာသည်။ နောက်သို့ သူ ပြန်ဆုတ်ရာ လမ်းတစ်လျှောက်တွင် ထိုမြောင့်များကို စိုက်ခဲ့ရန် ဖြစ်သည်။ မည်သည့်နေရာများတွင် စိုက်ထားခဲ့ကြောင်းကိုလည်း မှတ်သားထားရမည်။ သို့မှသာ နောက်ပိုင်းတွင် ပြန်ရှင်း၍ လွယ်ကူမည်။

လျှို့ဝှက်စခန်းသို့သွားရာ လမ်းဆုံသို့ ရောက်သောအခါ ကိုညိုပု ရှိရာသို့ သူ အပြေးလာခဲ့သည်။

"ရန်သူတွေ ဘယ်နားရောက်ပြီလဲ"

"ညောင်ပင်ကြီးနား ရောက်နေပြီ"

ဟု မောင်ချစ်ကြီးက ပြန်ဖြေသည်။ ထိုညောင်ပင်ကြီးသည် သူတို့ မြောင့်များ ထောင်ထားရာ နယ်မြေနှင့် ခြားထားသော နယ်ခြားပင် ဖြစ်သည်။

"အချိန် မရှိတော့ဘူး၊ သီအုန်းချောင်းကိုပြေး၊ ကောင်းကင်က မိုးပျံမြောင့်တွေကို အသင့်လုပ်ထားဖို့ ရဲဘော်ငါးယောက်ကိုပြော၊ ကျန်ရဲဘော် ငါးယောက်နဲ့အတူ ငါ ဒီမှာ နေခဲ့ပြီး မြေပြင်မြောင့်တွေကို အသင့်လုပ်ထားမယ်"

မိုးပျံမြောင့်များသည် သူတို့ တီထွင်ထားသည့် အလွန် ထိရောက်သော လက်နက် ဖြစ်သည်။ ဝါးပင်များကို အပင်လိုက် ချွန်ထားသည်။ ကြိုးများဖြင့် ဆိုင်းထားသည်။ ထိုကြိုးများကို ဖြတ်လိုက်သောအခါ ဝါးပင်တို့သည် ရန်သူရှိရာသို့ မြားပစ်သလို ပြေးပြီးစိုက်မည်။ သုံးဖာလုံခန့် အဝေးသို့တိုင်အောင် ရောက်နိုင်သည်။ ပြီးတော့ သစ်ပင်များပေါ်တွင်လည်း မြောင့်ပေါင်းများစွာကို





အသင့်စိုက်ထားသည်။ သစ်ပင်များကို အရင်းမှဖြတ်ပြီး အသာထောင်ထားသည်။ သွားတိုက်သည်နှင့် တစ်ပြိုင်တည်း ရန်သူများအပေါ်သို့ လဲကျမည် ဖြစ်သည်။ သစ်ကိုင်းများမှ မြောင့်များက ရန်သူကို မလွတ်တမ်း စူးမည် ဖြစ်သည်။

တစ်အောင့်အကြာမှာပင် ရန်သူများ ရောက်လာကြသည်။ ကိုညိုပုတို့သည် ချုံကွယ်နောက်မှ အသင့်ပြင်ထားကြသည်။

"ပစ်ကွင်းထဲ ရောက်လာရင် ငါ အရင် ပစ်မယ်။ ပြီးရင် မင်း ဆက်ပစ်"

ဟု သူ့ဘေးမှ ဟုတ်ရွှေကို တိုးတိုး အမိန့်ပေးထားသည်။

စကားမဆုံးသေးမီမှာပင် ပစ်ကွင်းအတွင်းသို့ ရန်သူများ ရောက်လာသည်။ ကိုညိုပု ဒူးလေးမှ မြားတစ်စင်း ထွက်သွားသည်။ တစ်ယောက်ကို တည့်တည့်မှန်သည်။ တစ်ဆက်တည်းမှာပင် ဟုတ်ရွှေ၏ ဒူးလေးမှ မြားတစ်စင်း ထွက်သွားပြန်သည်။ နောက်တစ်ယောက်၏ ရင်ဝသို့ တည့်တည့် စူးဝင်သွားသည်။

ပစ်ပြီးသည်နှင့် တစ်ပြိုင်တည်း သူတို့အားလုံး နောက်သို့ ပြေးဆုတ်ခဲ့ကြသည်။ ရန်သူတို့သည် မည်သည့်အရပ်မှ မြားလာသည်ကို မသိလိုက်ဘဲ ဝပ်သူကဝပ်၊ ကွယ်သူကကွယ် ဖြစ်ကုန်သည်။ သူတို့ ဝပ်ချလိုက်သည့် မြေကြီးသည် အဆိပ်လူးမြောင့်မွေ့ရာများ ဖြစ်နေကြလေရာ မြေပေါ်သို့ ဝပ်ချလိုက်သူတိုင်း မြောင့်စူးပြန်သည်။ ထို့ကြောင့် သူတို့ သေနတ်များကို ဦးတည့်ရာသို့ ရမ်းပစ်ကြသည်။

ပြောက်ကျားတပ်သားတို့သည် သူတို့ ဖောက်လုပ်ထားသည့် လျှို့ဝှက်မြေအောက်လမ်းများအတိုင်း တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း တိုက်ခိုက်ကြသည်။ ရန်သူတို့ကလည်း ဦးတည့်ရာပစ်ရင်း ရှေ့သို့သာ တက်ခိုင်းနေသည်။ ပြောက်ကျားများက သူတို့နောက်မှ ထက်ကြပ်မကွာလိုက်ကာ လစ်လျှင်လစ်သလို တိုက်ခိုက်နေကြသည်။

သီအုန်းချောင်းသို့ ကိုညိုပု ရောက်လာသည်။

"မောင်ချစ်ကြီး၊ မိုးပျံမြောင့်တွေ အသင့်ဖြစ်ပြီလား"

"ဖြစ်ပါပြီ"

"အားလုံး သတိထားကြ၊ ရန်သူတွေ လာနေပြီ"

ရန်သူများကို တွေ့ရပြီ။ မော်တာဆန်တို့သည် ချောင်းအတွင်းသို့ကျပြီး ပေါက်ကွဲနေသည်။ မော်တာဆန် ကွဲလိုက်တိုင်း ရေပန်းများ တက်လာသည်ကို ကြည့်၍ပင် ကောင်းနေသည်။ ဟုတ်ရွှေက ကိုညိုပုလက်ကို လှမ်းပြီး ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို လာမှန်နိုင်သလား"

"မမှန်နိုင်ပါဘူးကွ၊ သူတို့ကိုသာ မှန်မှာပါ။ မင်း သူတို့မျက်နှာကို ကြည့်ပါလား။ ဘယ်လောက် ကြောက်နေကြသလဲ ဆိုတာ၊ ကဲ အသင့်လုပ်၊ ငါ ပစ်မယ်။ ပြီးရင် မင်းပစ်"

မြားနှစ်စင်း ထွက်သွားပြန်၏။ ပြင်သစ်နှစ်ယောက် လဲကျသွားပြန်၏။ ကျန်လူများသည် ရုတ်တရက် မြေပေါ်သို့ ဝပ်မချရဲကြတော့။

"မိုးပျံခြောင့်တွေ ဆွဲတော့ဟေ့"

ကိုညိုပုက အော်လိုက်သည်။

ဝါးရုံများ သိမ့်သိမ့်ခါသွားသည်။ သစ်ပင်ကြီးများ လဲပြိုကျသွားသည်။ သစ်ကိုင်းကြီးများ ပြုတ်ကျသွားသည်။ ခြောင့်ကြီး၊ ခြောင့်ငယ်များသည် ရန်သူများကို အညှာတာကင်းမဲ့စွာ စူးဝင်ကြသည်။ ရန်သူတို့သည် သွေးရူးသွေးတန်းဖြစ်ကာ ဦးတည်ရာသို့ တရကြမ်း ပစ်ခတ်နေကြ၏။ တစ်တောလုံး၊ တစ်တောင်လုံး သေနတ်သံများဖြင့် တုန်ဟည်းနေသည်။ ယမ်းငွေ့များဖြင့် ဖုံးလွှမ်းနေသည်။

မောင်ချစ်ကြီးသည် ပြောက်ကျားရဲဘော် ဆယ်ယောက်ကို ခေါ်ဆောင်ပြီး တောင်ယာခင်းများဆီသို့ ထွက်သွားသည်။ နောက်ပိုင်းတွင် ကိုညိုပုတစ်ယောက်သာ ကျန်ခဲ့သည်။ ရန်သူတို့သည် ဒဏ်ရာရသူများကို ဆေးများ ထည့်ပေးနေကြ၏။ ဒဏ်ရာကြောင့် အသံဆိုး အသံနက်ကြီးများဖြင့် အော်နေကြသည်။

"မိစ္ဆာကောင်တွေ တို့လူမျိုးတွေကို သတ်တုန်းကတော့ မင်းတို့ ဒီလို မအော်ဘူးပါလား"

ဟု ကိုညိုပု ပါးစပ်မှ ရေရွတ်နေမိသည်။

ရန်သူများသည် စစ်ကြောင်း သုံးကြောင်း ခွဲလိုက်ကြ၏။ စစ်ကြောင်းတစ်ကြောင်းက ရွာဆီသို့ လည်းကောင်း၊ တခြား တစ်ကြောင်းက သီအုန်းချောင်းနံဘေးရှိ တောင်ယာခင်းများဆီသို့ လည်းကောင်း၊ ကျန်တစ်ကြောင်းက ကိုကိုးချောင်းဘက်ဆီသို့ လည်းကောင်း ချီတက်သွားကြသည်။

ကိုညိုပုသည် သူ့ရွာဆီသို့ ပြန်ပြေးချင်စိတ် ပေါက်နေ၏။ ရွာတွင်းမှာ ဘာမှ မရှိတော့ပါ။ ဝက်များ၊ ကြက်များ၊ ကျွဲများနှင့် စားနပ်ရိက္ခာများ အားလုံးကို လျှို့ဝှက်နေရာသို့ ပို့ထားပြီး ဖြစ်သည်။ သို့သော်လည်း သူ့ရွာ မီးတင်ရှို့ခံရမည်ကို စိုးရိမ်နေသည်။ ပြင်သစ်များကို စတင် တိုက်ခိုက်ခဲ့သည့် အချိန်မှစ၍ သူ့ရွာ မီးရှို့ခံရသည်မှာ ကိုးကြိမ်တိုင် ရှိပြီ။ ယခု တစ်ကြိမ်ထပ်ပြီး အရှို့မခံနိုင်။

သူသည် ရွာဆီသို့ တစ်ဟုန်ထိုး ပြေးလာခဲ့သည်။ လမ်းခုလတ် ရောက်





သောအခါ တောင်ယာများကို စဉ်းစားမိပြန်သည်။ တောင်ယာများသည် ပို၍ အရေးကြီးသည်။ တောင်ယာ စိုက်ခင်းများကို အရေးအကြီးဆုံးထားပြီး ရှိသမျှ အင်အားဖြင့် ခုခံကာကွယ်ရမည်ဟု ခရိုင်ကော်မတီနှင့် ရဲဘော်ငွေးက သူ့ကို သွန်ကြားထားသည်။ ရိက္ခာလုံလောက်နေသမျှ ကာလပတ်လုံး ရွာသားတို့သည် ရွာပေါင်းများစွာကို တည်ဆောက်နိုင်ကြသည်။ ရန်သူတို့သည် ရွာသားများ ရိက္ခာမလုံလောက်အောင် စိုက်ခင်းများကို အရင်ဖျက်ကြမည်သာ ဖြစ်၏။

ကိုညိုပုသည် တောင်ယာသို့ ပြေးခဲ့သည်။ မောင်ချစ်ကြီးနှင့် ရဲဘော်ရှစ်ယောက်ကို ကိုကိုးချောင်းသို့လွှတ်ပြီး ရန်သူများကို ဖြတ်တောက် တိုက်ခိုက်စေသည်။ သူနှင့် ကျန်ခုနစ်ယောက်က သီအုန်းချောင်းနံဘေးမှ စောင့်နေသည်။

တိုးလမ်းချောင်းဘက်မှ ပေါက်ကွဲသံများကို ဆက်တိုက် ကြားလိုက်ရသည်။ အားလုံး ငြိမ်သက်စွာဖြင့် နားထောင်နေကြသည်။ လက်ပစ်ဗုံးများဖြင့် ရန်သူကို ဖြတ်တောက်တိုက်ခိုက်နေသည့် မောင်ထွန်း၏ ရုပ်ပုံကို သူတို့မျက်စိထဲမှာ မြင်လာသည်။

"မောင်ထွန်းတော့ သူ့လက်ပစ်ဗုံးတွေနဲ့ ချနေပြီကွ"

"မောင်ချစ်ကြီး မြန်မြန်လုပ်၊ မောင်ထွန်း စ,ချနေပြီ၊ မင်း မြန်မြန်သွားစမ်း၊ မောင်ထွန်းလို တိုက်စမ်း"

ခဏအကြာတွင် ကိုကိုးချောင်းဘက်မှ ပစ်ခတ်သံများ ကြားရသည်။ တစ်ဆက်တည်းမှာပင် သီအုန်းချောင်းဘက်မှ သေနတ်သံများပါ ပေါ်ထွက်လာသည်။ ကိုညိုပုသည် ပစ်ကွင်းအတွင်းသို့ ဝင်လာသည့် ရန်သူနှစ်ယောက်ကို တည့်တည့် ပစ်ချလိုက်၏။ ရန်သူတစ်ဦးမှ အချို့သည် တောင်ယာအတွင်းသို့ ရောက်လာကာ စပါးများကို ဓားဖြင့် သိမ်းကျုံးပြီး ရိုက်ချွေပစ်နေသည်။ ကိုညိုပုသည် ထိုသူကို ချိန်ပြီး ပစ်လိုက်၏။ မှန်သော်လည်း မလဲဘဲ နောက်သို့ ဆုတ်ပြေးသွားသည်။ နောက်ထပ် မြားတစ်စင်း ထပ်လွှတ်လိုက်သည်။ ဟုတ်ရွေကလည်း သူ့ဒူးလေးဖြင့် ပစ်သည်။ ရန်သူသည် ခြံစည်းရိုးကို ကျော်လွှားနိုင်ခြင်း မရှိတော့။ တောင်ယာကို မဖျက်နိုင်တော့ဘဲ ရန်သူများ အကျအဆုံး များစွာနှင့် ဆုတ်သွားသည်။

သေနတ်သံများ ဝေးသွားပြီ။ တူငိုတောင်ဘက်ဆီသို့ ပြန်ဆုတ်သွားကြခြင်း ဖြစ်သည်။

ကိုညိုပုသည် မြေပြင်ပေါ်သို့ ကျောခင်းချလိုက်သည်။ သူ့မျက်နှာမှာ အပြုံးပန်းဆင်နေသည်။ သူ့ရဲဘော်များ၏ ညီညွတ်သော၊ သတ္တိပြောင်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သော တိုက်ပွဲအကြောင်းကို စဉ်းစားရင်း အိပ်ပျော်သွားသည်။

တစ်စုံတစ်ယောက်က သူ့လက်ကို လာကိုင်လိုက်သဖြင့် လန့်နိုးသွားသည်။ ဖွင့်ကြည့်လိုက်သောအခါ အမျိုးသမီး ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင် မေ

"အစ်ကိုကြီးညိုပု ထမင်းစားလိုက်ပါဦး"

ကိုညိုပု အိပ်ရာမှ ထလိုက်သည်။

"ဒါလောက် တိုက်ပွဲပြင်းထန်နေတဲ့ကြားက ထမင်းချက်ရဲသလား၊ ညည်း သေနတ်မှန်မှာ မကြောက်ဘူးလား။ ငါ့ညီမ သတ္တိကို ချီးကျူးပါတယ်ကွာ ဦးလေးဟိုက မင်းတို့ အမျိုးသမီးတွေကို ဂုဏ်ပြုပါလိမ့်မယ်"

မေသည် ကိုညိုပုနှင့် မောင်ချစ်ကြီးအတွက် ထမင်းယူလာခြင်း ဖြစ်သည်။ ပြီးတော့ မောင်ချစ်ကြီးကို တစ်နေရာမှာ သွားပြီး ထမင်းကျွေးနေသည်။ သူ နှစ်ယောက်ကို ကိုညိုပုက လှမ်းနောက်လိုက်သောအခါ မေက ရှက်ပြုံး ခေါင်းငုံ့နေသည်။ မောင်ချစ်ကြီးက တဟားဟား ရယ်နေသည်။

မောင်ချစ်ကြီးနှင့် မေတို့ ရည်ငံနေကြသည်ကို တစ်ရွာလုံးက သိ ယခင်က မောင်ချစ်ကြီးကို ကြိုက်မည့် မိန်းကလေး လုံးဝ မရှိခဲ့။ မောင်ချစ်ကြီး အပျင်းထူတတ်လွန်းသဖြင့် သူနှင့်ရလျှင် အားလုံး ငတ်သေမည်ဟု ပြောစမှတ် ပြုခဲ့ကြသည်။ ယခု မောင်ချစ်ကြီးသည် ယခင် မောင်ချစ်ကြီး မဟုတ်တော့ တောင်ယာကို ကောင်းကောင်း လုပ်ပြီ။ ရပ်ရေးရွာရေးနှင့် ပတ်သက်လာလျှင် လည်း သူ ရှေ့ဆုံးက ထွက်ပြီ။ သို့ကလို ပြောင်းလဲလာသောကြောင့်လည်း မေက သူ့ကို မေတ္တာတုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဘာလန်းရွာဘက်က သေနတ်သံများ ကြားရပြန်သည်။ မောင်ချစ်ကြီးက ဘာလန်းရွာသို့ စစ်ကူလိုက်သွားချင်၏။

"သူတို့ရွာမှာ မောင်စ ခေါင်းဆောင်ပြီး တိုက်လိမ့်မယ်။ တို့ဆီမှာ အစ အသင့်ပြင်ထား။ ရန်သူတွေ တစ်ကျော့ပြန်လာပြီး တိုက်လိမ့်ဦးမယ်"

ဟု ကိုညိုပုကပြောကာ မောင်ချစ်ကြီး၏ အဆိုကို ပယ်ချလိုက်သည်။

ညဘက် ရောက်လာသည်။ ကောင်းကင်မှ ဆန်းစ,လသည် အလင်းရောင် မှိန်လှ၏။ ကိုညိုပုသည် မီးတုတ်တစ်ချောင်းဖြင့် သူ့လူများကို ရေတွက်ကြည့်နေ သည်။ အခြား ရွာများမှ ပြောက်ကျားခေါင်းဆောင်များပါ ရောက်နေကြသည်။

ယနေ့ တိုက်ပွဲများတွင် ဘာလန်းရွာသားများက ရန်သူ လေးယောက် လည်းကောင်း၊ ကောင်ဟွာရွာသားများက ရန်သူ ဆယ့်ခြောက်ယောက် လည်းကောင်း သုတ်သင် ချေမှုန်းနိုင်ခဲ့သည်။ ထိုမျှမက မိမိတို့၏ ဆန်တစ်



တိုပင် ရန်သူများ လုယက်ယူငင်နိုင်ခြင်း မရှိ။

ရဲဘော်များ အကြားတွင် ကိုညိုပု မတ်တတ်ရပ်လိုက်သည်။

"ဒီကနေ့ တိုက်ပွဲတွေမှာ မောင်စ၊ မောင်ထွန်းနဲ့ မောင်ချစ်ကြီးတို့ဟာ သတ္တိပြောင်မြောက်စွာနဲ့ ရန်သူကို ခုခံတိုက်ခိုက်ခဲ့ကြောင်း ရဲဘော်ဒွေး ပြန်လာ တဲ့အခါမှာ အစီရင်ခံမယ်။ ရဲဘော်ဒွေးက ခရိုင်ကော်မတီကို အစီရင်ခံပေးလိမ့် မယ်။ ခရိုင်ကော်မတီက ဦးလေးဟိုကို အစီရင်ခံစာ တင်ပေးလိမ့်မယ်။ ဒါပေမယ့် ငါတို့ဟာ အနားယူလို့ မဖြစ်သေးဘူး။ ရန်သူတွေဟာ တို့နဲ့ သိပ်နီးကပ်နေသေး တယ်။ အချိန်မရွေး လာတိုက်နိုင်တယ်"

"ကျွန်တော်တို့ ရန်သူကို ဒီည သွားတိုက်ရင် ဖြစ်မလား"

"ဖြစ်တယ်၊ ရန်သူဟာ တူငိုတောင်မှာ ဒီနေ့ည စခန်းချနေတယ်။ မနက်ဖြန် ကျရင် တို့ဆန်တွေကိုလုဖို့ လာကြလိမ့်ဦးမယ်။ သူတို့ကို ဒီည ကောင်းကောင်း အိပ်ခွင့်ပေးမလား"

ကိုညိုပု အသံသည် တက်ကြွနေ၏။

"မပေးဘူး"

တစ်သံတည်း ဝိုင်းအော်ကြသည်။

"မနက်ဖြန် တို့တောင်ယာတွေထဲကို လာခွင့်ပေးမလား"

"မပေးဘူး"

"တစ်ရွာကို ပြောက်ကျားတပ်သား ဆယ့်ငါးယောက်စီစုပြီး တူငိုတောင် ခြေမှာ ခြောင့်ထောင်ပါ။ မနက်ဖြန် ရန်သူ ဆင်းလာမယ့် လမ်းတိုင်းမှာ ကွက် လပ်မကျန်အောင် ခြောင့်ထောင်ပါ။ ခြောင့်တွေကို စနစ်တကျ ထောင်ပြီးရင် ရန်သူရဲ့စခန်းထဲကို လက်ပစ်ဗုံးနဲ့ ပစ်သွင်းပါ။ ဒီတာဝန်တွေ ပြီးမှ ရဲဘော်တို့ ကိုယ့်အိမ်ကိုယ်ပြန်ရမယ်"

ကိုညိုပု အမိန့်အတိုင်း ပြောက်ကျားရဲဘော် ခုနစ်ဆယ်တို့သည် ပြင်သစ် စခန်းချထားရာ တူငိုတောင်တစ်ဝိုက်တွင် ခြောင့်များ စနစ်တကျ ထောင်ကြ သည်။ ခြောင့်များ ထောင်ပြီးသောအခါ ပြင်သစ်တို့ စခန်းချနေသော ရွက်ထည် တဲများပေါ်သို့ မြားမိုး ရွာချကြသည်။ ရန်သူတို့ အလန့်တကြား ထလာသော အခါ လက်ပစ်ဗုံးများဖြင့် ပစ်သွင်းခဲ့ကြလေသည်။

"မနက်ဖြန်ကျရင် မင်းတို့ သေဖို့သာ ပြင်ကြပေါ့ကွာ"

* * *

နောက်တစ်နေ့တွင် ရန်သူများသည် တူငိုတောင်ပေါ်မှ အောက်သို့

www.burmeseclassic.com

www.burmeseclassic.com



မဆင်းနိုင်ဘဲ ရှိနေကြသည်။ ကျေးရွာ ငါးရွာမှ ပြောက်ကျားတပ်ဖွဲ့ဝင်များသည် တောင်ခြေမှ ဝိုင်းရံပိတ်ဆို့ထားကြ၏။ ရန်သူတို့ ရွက်ထည်တဲထဲမှ ထွက်သည် တစ်ပြိုင်တည်း မြားမိုးရွာကြသည်။ ခြောင့်များ ပတ်လည် ထောင်ထား ကြောင့်လည်း ထွက်တိုက်ရန် ခက်နေသည်။ ထို့ကြောင့် သူတို့သည် မော် များဖြင့် ဦးတည့်ရာသို့ ရမ်းပစ်နေကြသည်။

ကိုညိုပုက ရွာအားလုံးသို့ လှည့်လည် စစ်ဆေးနေသည်။ ခြောင့်များ စနစ်တကျ ထောင်စေသည်။ အားလပ်နေသူများကို မြားသင်ခြင်း၊ ခြောင့်လု ခြင်းများဖြင့် တာဝန်ပေးသည်။

ပြောက်ကျားတပ်ဖွဲ့ဝင်များသည် နေ့လယ်ဘက်တွင် တောင်ယာများ သွားရောက် စောင့်ရှောက်ကာကွယ်ပေးကြသည်။ လျှို့ဝှက်စခန်းတွင် ရှိနေ သော သက်ကြီးရွယ်အိုများကလည်း မြားသင်ခြင်း၊ ခြောင့်လုပ်ခြင်း စသ သူတို့ တတ်နိုင်သော တာဝန်များကို တက်တက်ကြွကြွ ထမ်းဆောင်ကြသည်။

စိုက်ခင်းများအတွင်းမှာ စပါးများ မှည့်ကြပြီ။ ထို့ကြောင့် နေ့လယ်ဘ တွင် ပြောက်ကျားတပ်ဖွဲ့များ၏ အကာအကွယ်ဖြင့် စပါးများ ရိတ်သိမ်း သည်။ ညဘက်တွင်မူ တူငိုတောင်ကိုဝိုင်းပြီး ခြောင့်များ ထောင်ကြသည်။

မွန်းလွဲပိုင်းတွင် အစောင့်တာဝန်ကျသူများမှတစ်ပါး အားလုံး နားနေအိ စက်ကြရသည်။ ပဥ္စမမြောက်နေ့တွင် ရန်သူများ လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို မြင်တွေ့ရသည်။

ရန်သူများ ဆုတ်ခွာတော့မည်ဖြစ်ကြောင်း၊ လူငယ်ကလေးများသည် ခြောင့်များကို ပိုမို လုပ်ကိုင်ပေးကြရမည် ဖြစ်ကြောင်း၊ အမျိုးသမီးများသည် စစ်မြေပြင်တွင် စားသောက်ရန် နှစ်ရက်စာရိက္ခာကို အသင့်ပြင်ထားရမည် ဖြစ် ကြောင်း၊ ပြောက်ကျားတပ်ဖွဲ့များသည် ရန်သူများ ဆုတ်ခွာရာလမ်းတစ် လျှောက် ထက်ကြပ်မကွာ လိုက်ပါပြီး အပြင်းအထန်ဆုံး တိုက်ခိုက်ရမည် ဖြစ် ကြောင်း ကျေးရွာငါးရွာစလုံးသို့ ကိုညိုပုက အမိန့်ပေးလိုက်သည်။

ဆဋ္ဌမမြောက်နေ့တွင် ရန်သူများ အမှန်တကယ် ဆုတ်ခွာကြလေသည်။

မောင်ချစ်ကြီး ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်ငါးယောက်တို့ကို ရန်သူ နောက်ကျောမှ လိုက်ပြီးတိုက်ရန် ကိုညိုပုက အမိန့်ပေးလိုက်သည်။ သူကိုယ်တိုင် ကမူ အခြားတပ်ဖွဲ့ဝင် ဆယ်ယောက်ကို ခေါင်းဆောင်ပြီး ရန်သူ၏ တပ်ဦးသို့ သွားကာ ဖြတ်တောက်တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

ရန်သူတို့ တောင်ခြေသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း မောင်ချစ်ကြီးတို့





အဖွဲ့က စတင် တိုက်ခိုက်သည်။ ရန်သူများသည် သွေးပျက်နေသူများပမာ ဦးတည့်ရာသို့ သေနတ်များ ပစ်ဖောက်ရင်း တရကြမ်း ဆုတ်ခွာကြသည်။ သူတို့ ဆုတ်ခွာရာ လမ်းတစ်လျှောက်တွင်လည်း မြေပြင်ခြောင့်များ၊ မိုးပျံခြောင့်များ သာမက ရေအောက်မှာပင် ခြောင့်များ ကွက်လပ်မရှိအောင် ထောင်ထားခြင်း နှင့် ရင်ဆိုင်တိုးနေကြရသည်။ ချောင်းများ၊ စမ်းချောင်းများ၊ ရေအိုင်များကို တွေ့သောအခါ ဘေးကင်းမည်အထင်ဖြင့် ရန်သူတို့ ဆင်းကြ၏။ ထိုအခါတွင် ရေအောက်မှ ခြောင့်များနှင့် တွေ့ကြရပြန်သည်။ အခြားအခြားသော ထောင် ချောက်ပေါင်း များစွာတို့ကိုလည်း သူတို့ ရှောင်တိမ်း၍မရ။

ညဘက်တွင် ရန်သူတို့သည် သစ်ပင်များအောက်တွင် ဖြစ်သလို အိပ်ကြ ရ၏။ ပြောက်ကျားတပ်သားများကား သူတို့ခေါင်းပေါ်မှ သစ်ပင်များပေါ်တွင် နေရာယူကာ အပေါ်စီးမှနေ၍ ရန်သူများကို တိုက်ခိုက်ကြသည်။ ရန်သူက မိမိတို့ကို ရှာဖွေသောအခါ မျောက်များ၊ ရှဉ့်များသဖွယ် သစ်ပင်များပေါ်မှာပင် ချက်စီအောက်က ပျောက်ကုန်ကြတော့သည်။

ပြောက်ကျားများကို သူတို့မျက်စိဖြင့် တပ်အပ် မမြင်လိုက်ကြရ။ ထိုကြား ထဲကပင် မြားတို့သည် အရပ်ဆယ်မျက်နှာမှ ရောက်လာပြီး ရင်ဝသို့ စူးဝင်ကြ ၏။ တပ်ဆုတ်ရာ တစ်လျှောက်တွင်လည်း ရှေ့ကပိတ်ပြီး တိုက်ခိုက်ခြင်း၊ ခါး လယ်မှဖြတ်၍ ဖြတ်တောက် တိုက်ခိုက်ခြင်း၊ နောက်ပိုင်းမှ ထက်ကြပ်မကွာလိုက် ပြီး တိုက်ခိုက်ခြင်းများကို ခံနေကြရသည်။

ဤတိုက်ပွဲကား ရန်သူတို့ အကျအဆုံး ကြီးမားစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးရသည့် တိုက်ပွဲဝင် ဖြစ်ချေတော့သည်။

မိုးသည် မမှော်လင့်ဘဲ သည်းထန်စွာ ရွာချလိုက်သည်။ လျှပ်စီးများ ပြိုးပြိုး ပြက်ပြက် လက်နေသည်။ ကိုညိုပုတို့၏ ရွာငါးရွာမှ ရွာသူရွာသားများကား ရန်သူအပေါ် ကြီးမားစွာ အောင်ပွဲရလိုက်သဖြင့် အပျော်ကြီး ပျော်နေကြသည်။

* * *

အန်ခေးခရိုင်ပါတီကော်မတီ အတွင်းရေးမှူးနှင့် ကိုညိုပုတို့ စကားပြော နေကြသည်။

"ကျွန်တော်တို့ ခရိုင်ကော်မတီက ကောင်ဟွာရွာကို ဆုချီးမြှင့်ချင်ပါတယ်။ ဘယ်လိုဆုမျိုး လိုချင်တယ်ဆိုတာ ရဲဘော်ညိုပု ပြောပါဦး"

ကိုညိုပုသည် အလေးအနက် စဉ်းစားနေ၏။ မည်သည့် ဆုမျိုးကို ယူရ မည်နည်း။ မိမိရွာသည် အားလုံး လိုနေ၏။ အရာရာတွင် မပြည့်မစုံ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားယူရမလား။ အဝတ်အစား ယူရမလား။ အဝတ်ချုပ်အပ် ယူရမလား။ ပြီးတော့ လက်နက်ယူရမလား။ လက်နက်သာရမည်ဆိုလျှင် မောင်ထွန်းတစ်ယောက် မည်မျှ ပျော်မည်ကို သူ တွေးကြည့်နေသည်။ သို့သော်လည်း ခရိုင်ကော်မတီသည် မိမိတို့ကို လက်နက်ပေးနိုင်လိမ့်မည် မဟုတ်။ သူတို့မှာလည်း အရာရာ လိုအပ်နေသည် မဟုတ်လား။

ကောင်ပွာရွာသားတို့သည် လက်နက်ရလိမ့်မည်ဟု မတွေးတောမိ။ တည်းက မြင်သစ်များကို တိုက်ခိုက်ခဲ့သည်။ ယခုလည်း သူတို့ ဆက်လက် တိုက်ပွဲဝင်ကြဦးမည်သာ ဖြစ်သည်။

"ရဲဘော်ညိုပု၊ ဘာဆုမျိုး လိုချင်ပါသလဲ"

အတွင်းရေးမှူးက ထပ်မေးပြန်၏။

"ကျွန်တော် ထင်ပါတယ်၊ ကျွန်တော်တို့ ကောင်ပွာရွာအနေနဲ့ကတော့ ဆားတစ်တောင်းလောက်နဲ့ တောခုတ်ဓား နည်းနည်းပါးပါးရရင် တော်ပါပြီ"

"ဒါပဲလား"

အတွင်းရေးမှူးက ကိုညိုပု အဖြေကို သဘောကျသဖြင့် ရယ်သည်။

ကိုညိုပုကလည်း ပြန်ပြုံးသည်။ သို့သော် သူ ဘာမှ ပြန်မပြောတော့။ ခရိုင်ကော်မတီရုံးမှာ သူတစ်ည အိပ်ခဲ့သည်။ နောက်တစ်နေ့ မနက်တွင် ခရိုင်ကော်မတီအတွင်းရေးမှူးက ကောင်ပွာရွာအတွက် ဆားတစ်တောင်း၊ ဓား ခြောက်ချောင်း၊ သေနတ်နှစ်လက်၊ ခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဓာတ်ပုံတစ်ပုံ၊ အလံတစ်ခုနှင့် အဝတ်ချုပ်အပ် အချောင်းပေါင်း တစ်ရာတို့ကို ယူလာပေးသည်။

ကိုညိုပု အလွန် ဝမ်းသာသွားသည်။ သူ မမျှော်လင့်သော ပစ္စည်းများ ရသဖြင့် မျက်ရည်များပင် လည်လာသည်။

"ကောင်ပွာရွာသားတွေက ပါတီကို ကျေးဇူးတင်လို့ ဆုံးနိုင်တော့မှာ မဟုတ်ပါဘူး။ ခေါင်းဆောင်ကြီး ဦးလေးဟိုကို ကျေးဇူးတင်လို့ ဆုံးနိုင်တော့မှာ မဟုတ်ပါဘူး"

ဟု ကိုညိုပုပါးစပ်မှ တတွတ်တွတ် ရွတ်နေမိသည်။

ယခုဆိုလျှင် ရွာလယ်မွှာရုံမှာ ပါတီအလံ တလွင့်လွင့် လူနေပြီ။ ထိုအလံတော်၏ အောက်တွင် ခေါင်းဆောင်ကြီး ဦးလေးဟို၏ ရုပ်ပုံကြီးကို ချိတ်ဆွဲထားကြသည်။ မနက်တိုင်း ရွာသူရွာသားများ မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ မဝင်မီ သည်မွှာရုံမှာ လာရောက် စုဝေးကြသည်။ ပြီးတော့ ပါတီအလံတော်ကို အလေးပြုသည်။ ခေါင်းဆောင်ကြီးဟိုကို အလေးပြုသည်။





"သူ့ပုံကြီး ဒီမှာ ရှိနေပေမယ့် သူကတော့ ကျုပ်တို့နဲ့ အဝေးကြီးမှာ ရှိနေတယ်။ လွတ်လပ်ရေးရရင် အနှံခေးနဲ့ ကျုပ်တို့ရွာကို လမ်းမကြီးတစ်ခု ဖောက်ရမယ်။ အဲဒီ လမ်းမကြီးကနေပြီး ခေါင်းဆောင်ကြီးဟိုဟာ ကျုပ်တို့ ကောင်ပွာရွာကို အလည်လာလိမ့်မယ်။ ကျုပ်တို့က အိုးစည်ဗုံမောင်းတွေတီးပြီး ကြိုဆိုရမယ်"

ရွာသားတစ်ယောက်သည် အလံတော်နှင့် ဦးလေးဟို၏ပုံကိုကြည့်ရင်း သူ့စိတ်ထဲမှာ ပေါ်လာသည်များကို ထုတ်ဖော်ပြောဆိုနေသည်။

ကိုညိုပုသည် သေနတ်တစ်လက်ကို တင်းတင်းကိုင်ရင်း မတ်မတ်ကြီး ရပ်နေကာ ဦးလေးဟို၏ပုံကြီးကို ကြည့်နေသည်။

"တောကြီး မြိုင်ကြီးထဲမှာ ပေါက်တဲ့ ရောမသစ်ပင်ကြီး အသက်ရှည်သလောက် ဦးလေးဟို အသက်ရှည်ပါစေ။ ဒါမှ သစ်ပင်ကြီးက အရိပ်အကြီးကြီး ပေးနိုင်သလို ဦးလေးဟိုဟာလည်း သားစဉ်မြေးဆက် အဆက်ဆက်တွေကို ခေါင်းဆောင်သွားနိုင်မှာ ဖြစ်တယ်"

ဟု ကိုညိုပုက ပြောနေသည်။

ကောင်ပွာရွာသားတို့သည် စနစ်တကျ တန်းစီလိုက်ကြသည်။ ပြီးတော့ သူတို့ ဝေစုရသော ဆားများကို အလှည့်နှင့် ယူသွားကြသည်။ ဦးလေးဟို ပို့မည့်ဆားကို နှစ်ပေါင်းများစွာ သူတို့စောင့်ရင်း ရန်သူကို ခုခံတော်လှန်ခဲ့သည်။ ယခု သူတို့ မျှော်သည့်ဆား ရောက်ပြီ။ သည်ဆားသည် သူတို့၏ ရိုးတွင်းခြင်ဆီ အသည်းနှလုံးအတွင်းသို့ ရောက်အောင် စိမ့်ဝင်စွဲမြဲသွားမည့်ဆား ဖြစ်ချေသည် တကား။

* * *

ကောင်းကင်ပေါ်တွင် လ,အိမ်ဖွဲ့နေသည်။ အချို့ကလည်း လထီးဆောင်းသည်ဟု ဆိုသည်။ လ၏ပတ်လည်တွင် အဝိုင်းကြီးဖြစ်ကာ ထိုအဝိုင်းထဲတွင် အစက်အပြောက်များ ထင်နေသည်။ အစိမ်းရောင်၊ ခရမ်းရောင်၊ အဝါရောင် အရောင်ကလည်း စုံလှသည်။

အိပ်နေရာမှ ကိုညိုပု လန့်နိုးလာသည်။

ထို့ကြောင့် ဝါးကျည်တောက် နှစ်ခုကိုယူကာ ချောင်းဘက်သို့ ထွက်ခဲ့သည်။ ချောင်းထဲမှ ရေကိုသယ်ပြီး ပြန်တက်လာခဲ့သည်။ သူ့နောက်တွင်လည်း ဝါးကျည်တောက် နှစ်ခုစီဖြင့် အရိပ်နှစ်ခုက ပါလာသည်။ အမေနှင့် မလေးသို ဖြစ်သည်။ အခြားတစ်နေရာသို့ လှမ်းကြည့်လိုက်သောအခါ ရေသယ်လာသော လူတစ်ယောက်ကို မြင်ရပြန်သည်။ ထိုသူသည် ရဲဘော်ဒွေး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ယာရွာသားများ ညဘက်တွင်ပါ အလုပ်လုပ်နေကြရသည်မှာ တစ်လကျော်ရှိပြီ။ ယခုနှစ် ရာသီဥတုဖောက်ပြန်လွန်းလှ၏။ နေအလွန်ပူသည်။ ဆောင်းထဲ ဆောင်ထဲမှာပင် ဖြစ်လင့်ကစား နေပူရှိန်သည် လွင်တီးခေါင်မှာတို့ ပူပြင်းလွန်းလှသည်။ သည်နယ်တစ်ဝိုက်တွင် သစ်ပင် အားလုံးမှ သစ်ရွက်များ အားလုံး ကြွေကျသွားပြီ ဖြစ်သည်။ ချောင်းအချို့လည်း ရေခန်းခြောက်ကုန်ပြီ။

သည်လိုသာ လအိမ်ဖွဲ့နေဦးမည်ဆိုလျှင် ရာသီဥတု ဆက်လက် ဖောက်ပြန်နေပေဦးတော့မည်။ ကျန်နေသေးသည့် ချောင်းများအားလုံး ရေခန်းခြောက်ကြပေဦးတော့မည်။

ကိုညိုပုသည် အလွန် သောကရောက်နေ၏။ တောင်ယာများ အားလုံး စိုက်ခင်းများ အားလုံးတို့သည်လည်း ခြောက်ခန်းနေကြပြီ ဖြစ်သည်။ သည် အတိုင်းသာသွားလျှင် မိမိတို့ အငတ်ဘေးနှင့် ကြုံကြရဦးမည်။ ရန်သူကို တိုက်ရန် အင်အား မဖြည့်တင်းနိုင်ဘဲ ဖြစ်ရဦးတော့မည်။

ကိုညိုပုသည် တစ်ရွာပြီးတစ်ရွာ လှည့်လည် သွားလာကာ သက်ကြီး ရွယ်အိုများနှင့် တွေ့ဆုံသည်။ ယခုလို မိုးခေါင်သည့်အဖြစ်၊ ရာသီဥတု ဖောက် ပြန်သည့်အဖြစ်မှ လွတ်မြောက်အောင် မည်သို့ လုပ်ရမည်နည်းဟု မေးသည်။ အားလုံးက ခေါင်းကိုသာ တွင်တွင်ခါကြ၏။ ဤကဲ့သို့ ပူပြင်းသည့် ရာသီမျိုးတို့ သူတို့ တစ်သက်တွင် မတွေ့ဘူးကြဟု ဆိုသည်။

ရဲဘော်ငွေးနှင့် တိုင်ပင်သောအခါ ရွာသားအားလုံး ချောင်းတွင်းမှရေတို သယ်ပြီး အပင်များကိုလောင်းရန် အကြံပေးသည်။ ကင်းလူမျိုးများသည်လည်း သစ်ပင်များကို ရေလောင်း စိုက်ပျိုးလေ့ ရှိသည်ဟု ပြော၏။

အလွန် ခက်ခဲသည့်နည်း ဖြစ်သည်။ ဘာနားလူမျိုးများသည် သစ်ပင်တို့ ရေလောင်းပြီး မစိုက်ဘူးခဲ့။ သူတို့ မလုပ်ဘူးခဲ့သည့် အလုပ်ကို လုပ်နိုင်ကြပါ့ မည်လားဟု သံသယပွားမိသည်။ ရေလောင်းစိုက်မည် ဆိုလျှင်လည်း ချောင်း တွင်းမှာရှိသော ရေသည် ဤမျှများပြားသည့် စိုက်ခင်းများအတွက် လုံလောက် နိုင်ပါမည်လော။

ရေလောင်းစိုက်ပျိုးခြင်းကို နတ်မကြိုက်သဖြင့် မလုပ်ရန် လူကြီးများက တားကြသည်။ နတ်ဖမ်းစားလျှင် တစ်ရွာလုံး ဒုက္ခရောက်မည်ဟု ပြောကြသည်။

သို့သော် ကိုညိုပု နားမထောင်၊ အပြစ်မဲ့သော မိမိတို့လူမျိုးများကို အား အားရှိတိုင်း ဖမ်းစားချင်သည်ဆိုသည့် နတ်ကို သူမကြောက်တော့။

ထို့ကြောင့် သူတတ်စွမ်းသမျှ သူ့စိုက်ခင်းများကို သူတို့မိသားစုက ရေ





လောင်းကြည့်သည်။ အပင်များ လန်းဆန်းရှင်သန်လာသည်ကို တွေ့ရသည်။ သည်နည်း အောင်မြင်နိုင်ကြောင်း သူ သဘောပေါက်လာသည်။ ထို့ကြောင့် ညဘက်များတွင် အားသွန်ခွန်စိုက် ရေလောင်းသည်။ သူ့စိုက်ခင်းများ အောင် မြင်လာသည်ကို အခြားရွာသူရွာသားများ မြင်တွေ့သောအခါ ရဲဘော်ငွေးနှင့် ကိုညိုပုတို့ လမ်းစဉ်နောက်သို့ အားလုံး လိုက်ပါလာကြသည်။

မြေကြီးသည် အလွန်ရေငတ်နေ၏။ လောင်းလိုက်သမျှ ရေများကို တစ်မှု ဟုတ်ချင်း စုပ်ယူသွားသည်။ သူတို့ စိတ်မပျက်ကြ၊ တစ်ညပြီးတစ်ည ဆက် လောင်းသည်။ ဇွဲကောင်းကောင်းဖြင့် သည်းခံလောင်းကြသည်။ သူတို့ အလွန် အိပ်ရေးပျက်နေကြပြီ ဖြစ်၏။ သို့သော်လည်း နေ့လယ်ပိုင်းတွင် နေမင်းက မညှာမတာ ပူပြင်းလွန်းသောကြောင့် အလုပ် မလုပ်နိုင်ကြ။ မြေကြီးကလည်း ပိုခြောက်နေသဖြင့် ရေလောင်း၍ မလောက်နိုင်။ ထို့ကြောင့်လည်း အပင်ပန်းခံ ပြီး ညဘက်များမှာသာ ဆက်လက် လုပ်ကိုင်ကြသည်။

ကိုညိုပုသည် ရွာသားများကို အုပ်စုဖွဲ့ပေးလိုက်သည်။

“တို့ ပြင်သစ်ကို ညီညီညွတ်ညွတ်နဲ့ တိုက်ခိုက်ခဲ့ကြသလို မိုးခေါင်တဲ့ အန္တရာယ်ကိုလည်း တို့ညီညွတ်မှုနဲ့ စုပေါင်းတိုက်ခိုက် ကာကွယ်ကြမယ်”

သူသည် ထိုစကားကို မနားမနေပြောရင်း ရွာသားများကို စည်းရုံးခဲ့သည်။ သူ့ရွာပြီးတော့ ဘာလန်း၊ ဒေးတား၊ တာလမ်းနှင့် ကုန်းမာရွာများကိုလည်း သူတို့ လမ်းစဉ်အတိုင်း လိုက်ရန် စည်းရုံး ဆော်ဩနိုင်ခဲ့လေသည်။

ကိုညိုပုသည် သစ်ပင်များကို ရေလောင်းရင်းဖြင့် အားအင် ကုန်ခန်းလာ သည်။ သူ့မျက်လုံးများ ရီဝေလာသည်။ ထို့ကြောင့် ခဏနားပြီး အပန်းဖြေလိုက် သည်။ သို့သော်လည်း ကြာကြာ အပန်းမဖြေနိုင်။ မနက်တုန်းက ရဲဘော်ငွေးနှင့် သူ ပြောခဲ့သည့်စကားများကို ပြန်လည် ကြားယောင်နေမိသည်။ ရဲဘော်ငွေး သည် ခရိုင်ကော်မတီ အစည်းအဝေးမှ ပြန်လာပြီး သူနှင့် တိုင်ပင်ခဲ့ကြသည်။

“ကျွန်တော်တို့ တပ်တွေ လာနေပြီ”

ထိုစကားကို ကြားလိုက်ရသောအခါ ကိုညိုပု ဝမ်းသာလုံး ဆို့သွားသည်။ နှစ်ပေါင်းများစွာ သူ မျှော်ခဲ့ရသည့်တပ်များ၊ သူတို့ ရွာသားများလည်း လည်ပင်း ညောင်ရေအိုးဖြစ်အောင် မျှော်ခဲ့ရသည့်တပ်များ၊ သူတို့ အားကိုးတကြီးဖြင့် စောင့်နေကြသည့် တပ်များ၊ ယခု လာနေကြပြီတဲ့။

ဗိုလ်အောင်ဒွန်းနှင့် သူ့တပ်များကို သူ့မျက်စိထဲမှာ မြင်လာသည်။ ခာတ်ပိုး၊ မန်းချိုင့်နှင့် ပိုးလယ်ဘုံရှိ ပြင်သစ်စခန်းများကို တိုက်ခိုက်ခဲ့ကြသည့် ဗိုလ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဒွန်း၏တပ်များကို သတိရလာသည်။ သည်တပ်များ ဘယ်တော့ ရောက်လာကြမှာလဲ။ မနက်ဖြန်လား၊ သန်ဘက်ခါလား၊ ရောက်လာမည့်တပ်များက အင်အား ဘယ်လောက်ရှိသလဲ။

"၁၉၄၇-၄၈ ခုနှစ်လောက်တုန်းက ဒီအရပ်ကို ရောက်လာခဲ့ဖူးတဲ့ ဗိုလ်အောင်ဒွန်းတို့လို တပ်မျိုးတော့ မဟုတ်ဘူး။ သူတို့ဟာ ဒေသခံတပ်တွေ ဖြစ်တယ်။ လူဦးရေလည်း သိပ်များမှာ မဟုတ်ဘူး၊ သူတို့ ကိုင်တာကလည်း လက်နက်ငယ်များပဲ ဖြစ်တယ်၊ သူတို့ဟာ ဒီအရပ်ကို ရောက်လာပြီး ဒေသခံ ပြောက်ကျားတွေနဲ့ ပေါင်းမယ်၊ ပြီးတော့ ပြင်သစ်ကို အတူပူးတွဲ တိုက်ကြမယ်။ သူတို့ဟာ ချက်ချင်းတော့ ရောက်လာကြဦးမှာ မဟုတ်ဘူး။ ဒါပေမယ့် လိုအပ်တဲ့ ပြင်ဆင်မှုတွေကိုတော့ ကျွန်တော်တို့ လုပ်ထားကြရမယ်။ ကျွန်တော်တို့ဘက်မှာ ကျေးရွာငါးရွာပဲ ရှိသေးတယ်။ ကျွန်တော်တို့ ဆက်ပြီး စည်းရုံးရမယ့်ကိစ္စတွေ ပတ်ပတ်လည်မှာ အများကြီး ကျန်သေးတယ်။ တာဝန်ယူပြီး စည်းရုံးပေးမယ့်လူလည်း မရှိပြန်ဘူး၊ ဒါကြောင့် နယ်မြေကော်မတီ ခေါင်းဆောင်တစ်ယောက်ကို ဒီနယ်မြေအတွက် ခရိုင်ကော်မတီက တာဝန်ပေးချင်တယ်။ ခရိုင်ကော်မတီက သဘောကျနေသူကတော့ ခင်ဗျားပဲ ကိုညိုပု၊ ဘယ်လို သဘောရသလဲ"

ကိုညိုပုသည် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ ကိုညိုပုစိတ်ထဲမှာ မည်သို့ ပူပင်သောကရောက်နေကြောင်း ရဲဘော်ဌေး သိသည်။ မိုးခေါင်သောကြောင့် သည်ဒေသရှိ ကျေးရွာများ အငတ်ဘေးနှင့် ရင်ဆိုင်ရမည်ကို ကိုညိုပု စိုးရိမ်နေခြင်း ဖြစ်သည်။ သူ မရှိလျှင် ကျန်သည့်လုပ်ငန်းများကို မည်သူက တာဝန်ယူလုပ်ကိုင်ပေးမလဲဟု သူ စိတ်မချခြင်း ဖြစ်သည်။ ရဲဘော်ဌေးသည် ပြုံးပြီး ကိုညိုပု၏ပေါင်ကို ပုတ်လိုက်သည်။

"အစ်ကိုညိုပု၊ ခရိုင်ကော်မတီအနေနဲ့ ဒီရွာတွေကို အမြဲမပြတ် စောင့်ကြည့်နေမှာပါဗျာ၊ ဒါကြောင့်လည်း ဘာနားလူမျိုးတွေကို စည်းရုံးနိုင်မယ့် နယ်မြေကော်မတီ ခေါင်းဆောင်ကြီးအဖြစ် ခင်ဗျားကို တာဝန်ပေးချင်နေကြတာပေါ့၊ နောက်ပြီးတော့ ခင်ဗျား မရှိရင်လည်း အခြား ကေဒါတွေက ဒီရွာငါးရွာကို စောင့်ရှောက်ကြပါလိမ့်မယ်"

"နယ်မြေကော်မတီရုံးမှာ သွားပြီး တာဝန်ယူရမယ်ဆိုရင် ဘယ်တော့လောက် သွားရမှာလဲ"

ကိုညိုပုက ကြောင့်ကြစိတ်တစ်ဝက်နှင့် ပြန်မေးလိုက်သည်။

"ခင်ဗျားအပေါ် တည်ပါတယ်၊ အခု သွားချင်ရင်လည်း ဖြစ်တယ်"





ကိုညိုပုသည် အတန်ကြာ တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ စကားပြန်ပေးသည်။

"ခရိုင်ကော်မတီကို ကျွန်တော် အဆိုတစ်ခု တင်ချင်တယ်၊ ဒီအကြောင်းကို ကျွန်တော် စဉ်းစားနေတာ ကြာပါပြီ၊ ဘာလဲဆိုရင် ဦးလေးပါရယ်၊ မောင်ထွန်းရယ်၊ မောင်ချစ်ကြီးရယ်၊ ကိုမှောင်စစ်ရယ်ကို ပါတီဝင်အဖြစ် လက်ခံဖို့ပါပဲ။ သူတို့ဟာ စည်းရုံးရေးကိုလည်း ကောင်းကောင်းလုပ်နိုင်ကြတဲ့လူတွေပါ၊ ရန်သူကိုလည်း ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့တဲ့လူတွေပါ၊ သူတို့လေးယောက်ကို ပါတီဝင်အဖြစ် လက်ခံလိုက်ရင်တော့ ကျွန်တော့်ရွာတွေအတွက် ကျွန်တော် စိတ်ချနိုင်ပြီ၊ ဒီအဆိုကို ခရိုင်ကော်မတီမှာ တင်ပြဖို့ပါပဲ"

နောက်နေ့တွင် ရဲဘော်ဌေးသည် ခရိုင်ကော်မတီသို့ ထိုကိစ္စတင်ပြရန် ထွက်ခွာသွားသည်။ တစ်ပတ်ကြာပြီးနောက် ရဲဘော်ဌေး ပြန်လာသောအခါ ကိုညိုပု၏ အဆိုအတိုင်း ဦးလေးပါတို့ လေးယောက်ကို ပါတီဝင်အဖြစ် လက်ခံကြောင်းနှင့် ကိုညိုပုကို ကောင်ဟွာရွာ ပါတီကလာပ်စည်း ခေါင်းဆောင်အဖြစ် ခန့်အပ်ကာ တာဝန်ပေးလိုက်ကြောင်းများကို သိရတော့သည်။

နောက်ဆယ်ရက်ကြာသောအခါ ကိုညိုပုသည် နယ်မြေပါတီ ကော်မတီရုံးတွင် ပါတီတာဝန်များ ထမ်းဆောင်ရန်အတွက် ထွက်ခွာသွားသည်။ သူသည် တောင်အောက်ရွာများဖြစ်သော ဒီမိုးနှင့် ငါးကျိုးရွာများသို့တိုင်အောင် သွားရောက်ပြီး စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရသည်။

လပြည့်နေ့တွင် ကောင်ဟွာရွာသို့ သူ ပြန်လာ၏။ ပါတီကလာပ်စည်း အစည်းအဝေးခေါ်သည်။ ပါတီဝင် မဟုတ်သည့် ရွာသားများကိုလည်း တက်ခွင့်ပေးသည်။ သူတို့သည် ဝေဖန်စရာ ရှိသည်များကို ဝေဖန်၏။ ချီးကျူးမှတ်တမ်းတင်စရာ ရှိသည်များကို ချီးကျူးမှတ်တမ်းတင်၏။

ပါတီဝင်သစ် လေးယောက်တို့သည် သူတို့တာဝန်များကို ကျေပွန်စွာ ထမ်းရွက်နေကြသည်များကို မြင်တွေ့ရသည်။ မောင်ထွန်းသည် ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင်အဖြစ်နှင့် လည်းကောင်း၊ မောင်ချစ်ကြီးသည် ဒုတိယခေါင်းဆောင်အဖြစ်နှင့် လည်းကောင်း၊ ဦးလေးပါသည် တောင်ယာနှင့် စိုက်ခင်းများကို ကြီးကြပ်သူအဖြစ်နှင့် လည်းကောင်း ကိုမောင်စစ်သည် လျှို့ဝှက်စခန်းရှိ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများနှင့် ပစ္စည်းပစ္စယများကို လည်းကောင်း အသီးသီး တာဝန်ယူကာ ထိန်းသိမ်းပေးနေကြသည်။

ကိုညိုပုသည် နယ်မြေပါတီ ကော်မတီတွင် မည်မျှပင် အလုပ်များစေကာမူ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရွာသို့ကား သုံးလေးရက် တစ်ကြိမ်ကျ ပြန်လာလေ့ ရှိသည်။ စိုက်ခင်းများအတွင်းမှ အသီးအနှံပင်များကို ရေဝင်လောင်းပေးလေ့ ရှိသည်။ ထိုသို့ ပြန်လာသည့်အခါတိုင်း သန်းခေါင်ကျော်ရုံမျှသာမဟုတ်၊ မြောက်အရပ်မှ မှုံ့ကြယ်ပျောက်ကာ ရောင်နီပေါ်သည်အထိ ယာခင်းထဲမှာ သူ အလုပ်လုပ်ရင်း ရှိနေတတ်သည်။

တိတ်ဆိတ်သော ညများတွင်လည်း မောင်ချစ်ကြီး၊ ကိုမောင်စစ်၊ မောင်ထွန်းနှင့် ဦးလေးပါတို့ သံပြိုင်ဆိုကြသည့် သီချင်းသံသည် ကောင်ဟွာရွာ၏ ညကို လွှမ်းမိုးနေတတ်သည်။

ရှေ့သို့သာချီ . . . သိမ်းစွန်ငှက်သို့ ပမာညီ . . . ရဲဘော်အများ စုပေါင်းညီညာသည် . . . တစ်ပြည်ထောင်လုံး အနှံ့ဖြန့်ကြက်ကာ လက်တွဲတိုက်ပွဲဝင်ကြပြီ။ ရှေ့သို့သာချီ . . .။

* * *

မိုးခေါင်သည့်ဒဏ်ကို ကောင်ဟွာရွာသားတို့ ကြံ့ကြံ့ခံခဲ့ကြပါ၏။ ချောင်းထဲမှရေကို ရနိုင်သမျှ သယ်ယူကာ စိုက်ခင်းများကို ရေလောင်းခဲ့ကြပါ၏။ သို့သော်လည်း ထင်သလောက် မှန်းခြေမကိုက်ဘဲ အငတ်ဘေးနှင့် ကြုံမြဲ ကြုံရလေသည်။ ရေလောင်းစိုက်ပျိုးသည့်အတွက် အကျိုးကျေးဇူး အနည်းနှင့်အများကိုကား ရရှိခဲ့ပါ၏။

ထိုအချိန်မှာပင် ဒေသခံတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ သူတို့သည် ၎င်းတို့နှင့်အတူ ပါလာသော ဆန်များကို ရွာသားများအား ဝေပေးလိုက်သည်။ သူတို့ ကိုယ်တိုင်မှာမူကား ဟင်းရွက်ဟင်းသီး၊ သစ်ဥသစ်ဖုများကိုသာ ရှာဖွေစားသောက်နေကြသည်။

အောက်တိုဘာလမှစပြီး စားနပ်ရိက္ခာ ရှားပါးလာခြင်း ဖြစ်လေရာ ဒေသခံတပ်များသည် တောင်ယာများကို ခုတ်ထွင်ရှင်းလင်းကာ ရွာသားများနှင့်အတူ စိုက်ပျိုးရေးကို အားတက်သရော ပူးပေါင်းလုပ်ကိုင်ကြသည်။

ပြီးတော့ ရွာခံပြောက်ကျားတပ်ဖွဲ့များကို ဦးဆောင်ပြီး အမှတ် (၁၉) လမ်းမကြီးသို့သွားကာ ပြင်သစ်စစ်တပ်များကို ချုံခိုတိုက်ပွဲများလည်း မကြာခဏ ဆင်နွှဲကြသည်။

ထိုအခိုက် ကောင်ဟွာ၊ ဘာလန်းနှင့် ကုန်းမာရွာများအတွက် ဦးလေးဟို ပို့လိုက်သည့် ဆန်တင်းပေါင်း တစ်ရာကို ခရိုင်ကော်မတီကတစ်ဆင့် ပို့ပေးသဖြင့် ရွာသားများ အတန်ငယ် ရှူသာရှိုက်သာ ဖြစ်သွားကြသည်။





တစ်ချိန်တည်းမှာပင် ပြင်သစ်တပ်များကို တိုက်ခိုက်ရန် မိုးချစ်တပ်မတော်ကြီး ရောက်လာတော့မည် ဖြစ်၏။ ထိုတပ်မတော်ကြီးအတွက် လက်နက်ခဲယမ်းမီးကျောက်များ အချိန်မီ သယ်ပို့ပေးရန် အပျော်တမ်းတပ်များ လိုနေသည်။

ကိုညိုပု ရွာသို့ ပြန်ရောက်လာသည်။ မောင်ထွန်းကို ရွာရှိ ပြောက်ကျားတပ်ဖွဲ့များအား ကွပ်ကဲအုပ်ချုပ်စေသည်။ အမျိုးသား နှစ်ဆယ်နှင့် အမျိုးသမီး ရှစ်ဦး ပါဝင်သည့် အပျော်တမ်းတပ်ဖွဲ့ကို မောင်ချစ်ကြီးအား ခေါင်းဆောင်စေပြီး လက်နက်ခဲယမ်းမီးကျောက်များ သယ်ရန် စေလွှတ်လိုက်သည်။ မောင်ချစ်ကြီးတို့အဖွဲ့သည် မြေပြန့်ဒေသများအထိ သယ်ပို့ပေးကြရသည်။

ရန်သူကို အင်အားကြီးဖြင့် တိုက်ခိုက်နေသော၊ အောင်ပွဲများကိုလည်း အလီလီ ဆင်နွှဲရရှိနေသော မိမိတို့၏ တပ်မတော်သားများကို မြင်တွေ့ရသောအခါ မောင်ချစ်ကြီးတို့လူသိုက် ပျော်မဆုံးနိုင်အောင် ရှိနေကြသည်။ အလွန်ကြီးမားသည့် စက်အမြောက်ကြီးများကို သူတို့ မြင်တွေ့ကြရသောအခါ အလွန်အံ့ဩနေကြသည်။ သွေးလည်း အလွန် တက်ကြွလာသည်။

သူတို့အဖွဲ့ ရွာမှ ထွက်သွားသည်မှာ တစ်လကျော်ပြီ။ ရွာသားများကလည်း သူတို့အဖွဲ့ ပြန်အလာကို စောင့်နေကြသည်။ သူတို့ ပြန်လာမှ စစ်မြေပြင်သတင်းများကို ကြားကြရမည် ဖြစ်သည်။ အတွေ့အကြုံသစ်များကို မေးမြန်းကြရမည် ဖြစ်သည်။

တစ်မနက်တွင် မောင်ချစ်ကြီးတို့ ရှိနေသည့် နေရာနှင့် မနီးမဝေးကို ရန်သူလေယာဉ်ပျံများ အသုတ်လိုက် ပျံသန်းလာကြသည်။ပြီးတော့ ဗုံးများကို တရစပ်ကြဲချသည်။ တစ်တောလုံး တစ်တောင်လုံး သိမ့်သိမ့်တုန်နေသည်။ မီးတောက်များသည် ကမ္ဘာပျက်သလို တဟုန်းဟုန်း ပေါ်ထွက်လာသည်။

လေယာဉ်ပျံများ ပြန်သွားပြီး မီးတောက်များ ငြိမ်းသွားသောအခါတွင် ပြည်သူ့တပ်မတော်သားများသည် ဘေးမသီ ရန်မခဖြင့် သူတို့ ခိုအောင်းနေကြသည့် နေရာများမှ ထွက်လာကြသည်။ တောတို့သည် ပန်းအပန်မပျက်။ တောင်တို့သည် အပြုံးမပျက်ကြ။

ထိုညက ကိုညိုပုသည် အပျော်တမ်းတပ်ဖွဲ့ဝင် နှစ်ရာတို့ကို ခေါင်းဆောင်ပြီး ကုန်းကြမ်းတောင်ပေါ်သို့ တက်ခဲ့ကြ၏။ ထိုတောင်ပေါ်တွင် ရှိသည့် လက်နက်ခဲယမ်းမီးကျောက်များကို တပ်မကြီးအတွက် သယ်ဆောင်ပေးရန် ဖြစ်သည်။

ညသန်းခေါင်ယံတွင် သူတို့သည် တောင်ကမ်းပါးမှနေပြီး မြေပြန့်ဆီသို့ မျှော်ကြည့်နေကြ၏။ ထိုအခိုက်မှာပင် မြေပြန့်ဆီမှ ပေါက်ကွဲသံများ၊ အမြောက်



www.burmeseclassic.com

www.burmeseclassic.com



သံများကို ကြားကြရသည်။ မီးတောက်များ တက်လာသည်ကိုလည်း မြင်တွေ့ရသည်။ မည်သည့်နေရာတွင် တိုက်ပွဲဖြစ်နေကြောင်း သူလူများက သိချင်ကြသည်။ မည်သည့်နေရာတွင် တိုက်ပွဲဖြစ်နေကြောင်းကို ကိုညိုပု သိပါသည်။ သို့သော်လည်း စစ်ရေးကိစ္စ ဖြစ်သဖြင့် သူ မပြော။

ထိုအခိုက် အနီရောင် မီးကျည်တစ်လုံးနှင့် အစိမ်းရောင် မီးကျည်တစ်လုံး တက်လာသည်။ နောက်ထပ် အနီနှင့် အစိမ်းတစ်တွဲ တက်လာပြန်သည်။ ခဏအကြာမှာပင် နောက်တတိယတစ်တွဲ တက်လာပြန်သည်။

"ရဲဘော်တို့၊ ငါတို့ တပ်မတော်က ရန်သူစခန်း သုံးခုကို သိမ်းလိုက်ပြီ"

ဟု ထိုအခါကျမှပင် ကိုညိုပုက စခန်းအမည်နှင့်တကွ အတိအကျ ပြောပြသည်။

ထိုနေ့ကစပြီး စစ်မြေပြင်မှ သတင်းများသည် နောက်တန်းသို့ အဆက်မပြတ် ရောက်လာနေသည်။ မိမိတို့တပ်များက ရန်သူ၏ မည်သည့် စခန်းများကို သိမ်းပိုက်လိုက်ကြောင်း၊ ရန်သူသုံ့ပန်းပေါင်း မည်မျှကို ဖမ်းဆီးရမိကြောင်း၊ ရန်သူလက်မှ လက်နက်ခဲယမ်းမီးကျောက်များ မည်မျှအထိ သိမ်းဆည်းရမိလိုက်ကြောင်း သတင်းများ အတောမသတ် ရောက်နေသည်။ မိမိတို့ တပ်များ၏ အောင်ပွဲသည် အရှိန်အဟုန် လွန်စွာ ကြီးမားနေပြီ ဖြစ်၏။ ရန်သူတပ်များသည် အထိအနာကြီး နာကာ အကျအဆုံးများစွာဖြင့် တစ်ဆုတ်တည်း ဆုတ်နေကြရသည်။ သူတို့လက်မှ နယ်မြေများ တစ်ခုပြီးတစ်ခု လက်လွှတ်ဆုံးရှုံးနေကြရသည်။

ကိုညိုပုသည် တစ်ချက်လေးမျှ အနားယူချိန် မရ၊ ရွာသို့ ပြန်မရောက်သည်မှာလည်း ကြာပြီ၊ တပ်မတော်က သိမ်းပိုက်ပြီးသည့် နယ်မြေများ စနစ်တကျ ပြန်လည် စုစည်းနိုင်ရေး၊ ရန်သူများလက်မှ သိမ်းယူရရှိသော လက်နက်များနှင့် ရန်သူတို့ စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ပြေးသည့် လက်နက်များကို တပ်မတော်သို့ အပ်ရေး၊ စာရင်းပြုစုရေး၊ ပြောက်ကျားတပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းရေး၊ ရန်သူနောက်သို့ တပ်မတော်က တရစပ် လိုက်တိုက်နေရာတွင် နယ်ကျွမ်းသည့် ဒေသခံများက လမ်းပြပေးရေး လုပ်ငန်းများကို စီစဉ်ရင်းဖြင့် မအားနိုင်အောင် ဖြစ်နေသည်။

သူမုတ်ဆိတ်မွေးများ၊ နှုတ်ခမ်းမွေးများမှာ အဆမတန် ရှည်နေပြီ ဖြစ်သော်လည်း သူ မရိတ်နိုင်အား။

တစ်နေ့တွင် ခရိုင်ကော်မတီအတွင်းရေးမှူး ရဲဘော်ခင်အေးနှင့် လာရောက် တွေ့ဆုံရန် မှာကြားသော စာတစ်စောင် ကိုညိုပုနှင့် ရဲဘော်ဌေးတို့ထံ ရောက်လာသည်။ သူတို့သည် ချက်ချင်းပင် ခရိုင်ကော်မတီသို့ သွားကာ ရဲဘော်ခင်အေးနှင့် တွေ့ဆုံကြသည်။





ရဲဘော်ခင်အေးက ဟာရိုးရွာသားများသည် ယခုအခါ ပြင်သစ်များကို ခုခံတော်လှန်ရန် ဆန္ဒပြင်းပြနေကြပြီ ဖြစ်ကြောင်း၊ သို့သော်လည်း ပြင်သစ်များလက်အောက်မှ ထွက်ပြေးပြီး မည်သည့်အရပ်တွင် နေထိုင်ရမည်မသိ ဖြစ်နေကြကြောင်း၊ ဤနယ်ရှိ ကျေးရွာအားလုံးသည်လည်း ရိက္ခာပြတ်လပ်နေကြကြောင်း၊ မိမိတို့တပ်များသည် ပြင်းထန်သည့် တိုက်ပွဲများကို ဆက်လက် ဆင်နွှဲနေရလေရာ ဤကျေးရွာများကို လောလောဆယ် ရိက္ခာပေးပို့ ထောက်ပံ့နိုင်မည် မဟုတ်ကြောင်း၊ ဟာရိုးရွာတွင် လူဦးရေ လေးရာကျော် ရှိကြောင်း၊ ထိုသူများကို မည်သို့ နေရာ ချထားပြီး မည်သို့ ဆောင်ရွက်ရမည်ကို အကြံဉာဏ် လိုချင်သောကြောင့် ဆင့်ခေါ် ရခြင်း ဖြစ်ကြောင်းများကို ရှင်းပြသည်။

ကိုညိုပုက တစ်ည စဉ်းစားပါရစေဦးဟု ပြောခဲ့သည်။ နောက်တစ်နေ့မနက်တွင် ရဲဘော်ခင်အေးနှင့် သူတို့ ပြန်ဆုံကြသောအခါ ကိုညိုပုက သူ့အစီအစဉ်များကို တင်ပြသည်။

"ဟာရိုးရွာသားတွေကို ကောင်ဟွာနဲ့ ဘာလန်းရွာက တာဝန်ယူပြီး လေးလလောက် ကျွေးထားရင် ဖြစ်ပါလိမ့်မယ်။ ဒီအချိန်မှာ ဟာရိုးရွာသားတွေကလည်း သူတို့အတွက် တောင်ယာတွေ စိုက်ဖို့ လိုပါတယ်။ ဒီအလုပ်ဟာ တော်တော်တော့ ခက်မယ့်အလုပ်ပါပဲ။ ဒါပေမယ့် ကောင်ဟွာရွာမှာ ပါတီဝင် ရဲဘော်တွေ များပါတယ်၊ ဒီကိစ္စကို ကျွန်တော်တို့ လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ရဲဘော်ခင်အေးသည် ရဲဘော်ညိုပုကိုကြည့်ပြီး လေးစားစိတ်များ တဖွားဖွား ပေါ်လာသည်။ ဤနယ်တစ်လွှားတွင် ရဲဘော်ညိုပု၏ အမည်သတင်း လျှမ်းလျှမ်းတောက် ကျော်ကြားလာသည့် အကြောင်းရင်းကို သူ ခန့်မှန်းမိပြီ။

ရဲဘော်ညိုပုသည် သူ့ကိုယ်ကျိုးအတွက် ဘယ်သောအခါတွင်မျှ မကြည့်။ သူ့ရွာသားများအတွက်၊ သူ့နယ်သားများအတွက်၊ သူ့လူမျိုးများအတွက်၊ သူ့တိုင်းရင်းသားများအတွက်၊ သူ့တိုင်းပြည်အတွက်သာလျှင်ကြည့်ပြီး မတွန့်မဆုတ် လုပ်ကိုင်နေသူ ဖြစ်သည်။ အစစအရာရာ ရှေ့ဆုံးမှ အနစ်နာခံနေသူ ဖြစ်သည်။ လုပ်စရာရှိလျှင် ရှေ့ဆုံးမှ ထွက်လာသူ ဖြစ်သည်။ အခွင့်အရေး ယူစရာရှိလျှင် နောက်ဆုံးမှ ထွက်လာသူ ဖြစ်သည်။ တိုင်းပြည်က တကယ် အားကိုးထိုက်သော ပါတီဝင်တစ်ယောက် ဖြစ်ကြောင်း၊ ရဲဘော်ခင်အေး လုံးဝ ယုံကြည်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤသို့သော အကြောင်းများကြောင့်လည်း ရဲဘော်ညိုပု၏ အမည်သည် ဤတစ်နယ်လုံးတွင် ကျော်ကြားနေခြင်း ဖြစ်သည်။ အမှန်တော့ သူ့အမည်သည် ဤနယ်မှာသာမကတော့။ သည်နယ်ကို ကျော်လွန်ကာ အခြားအခြားသော နယ်မြေများသို့ပါ ထိုးဖောက် ရောက်ရှိနေပြီ။ အခြားအခြားသော ပါတီဝင်များ ကြားမှာပါ မွှေးကြိုင်နေပြီ။ အခြားအခြားသော မျိုးချစ်တပ်မတော်များ အကြား မှာ ဖုံးလွှမ်းနေပြီ။

ကောင်ပွှာရွာသို့ ကိုညိုပု ပြန်ခဲ့သည်၊ ခရီးရောက်မဆိုက်ပင် ပါတီ ကလာပ်စည်း အစည်းအဝေး ခေါ်လိုက်သည်။ ဟာရိုးရွာသားများကို မိမိတို့ထံ ကောက်သစ်ပေါ်ချိန်အထိ လက်ခံပြီး ကျွေးမွေးထားရမည့် အကြောင်းကို ရဲဘော်များအား တင်ပြသည်။

သူ့စကားကို ကြားသောအခါ အားလုံး အံ့အားသင့်သွားကြသည်။ ထို့နောက် ကိုညိုပု ရှင်းပြသည်များကို ကြားရသောအခါ မောင်ချစ်ကြီးမှတစ်ပါး အားလုံးက သဘောတူလက်ခံကြသည်၊ အကျိုးသင့်အကြောင်းသင့် အပြန်ပြန် အလှန်လှန် ဆွေးနွေးကြသောအခါကျမှ လက်ခံသွားသည်။

လူလေးရာကျော်ကို မိမိတို့တွင် စားစရာ မရှိဘဲ ခေါ်ယူကျွေးမွေးထားရ မည် ဆိုခြင်းမှာ အလွန် မဖြစ်နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း သူတို့အားလုံး သဘောပေါက်ကြသည်။

ရာသီဥတုသည် ဘာမှ မရေရာသေး။ နောက်တစ်မိုး ကောင်းမည် မကောင်းမည်ကို မည်သူမျှ အတပ် မပြောနိုင်သေး။ နောက်တစ်နှစ်လည်း ဆက်ပြီး ငတ်နေနိုင်သေးသည်။ သို့သော် မိမိတို့ရွာက စံပြလုပ်ပြလိုက်လျှင် အခြား ရွာသားများက လိုက်ပါလာကြလိမ့်မည်ဟု သူတို့ မျှော်လင့်ထားကြ သည်။

“ထွက်ပေါက်ကတော့ ခပ်ခက်ခက်ရယ်၊ ဒါပေမယ့် ကျွန်တော်တို့ ရွာသား တွေ အလုပ်ကို နှစ်ဆတိုး လုပ်ကြမယ်ဗျာ။ အရင်တုန်းက တစ်အိမ်ထောင်ကို တောင်ယာတစ်ကွက်သာ ခုတ်တယ်၊ ဒီနှစ် နှစ်ကွက် ခုတ်မယ်။ ကျွန်တော်တို့ ပါတီဝင်တွေက သူများထက်ပိုပြီး တောင်ယာတစ်ကွက် ပိုလုပ်ကြမယ်”

ဟု မောင်ထွန်းက စိတ်အားထက်သန်စွာ ပြောသည်။

ဦးလေးပါသည် သူ့သားကို အားရစိတ်ဖြင့် လှမ်းကြည့်လိုက်သည်။ အစည်းအဝေး လုပ်နေသည့် အချိန်များတွင် မောင်ထွန်းက ဦးလေးပါကို အဖေ





ဟု ခေါ်သော်လည်း ဦးလေးပါကမူ သူ့သားကို ရဲဘော်ဟု ခေါ်လေ့ရှိသည်။

“ကောင်းတယ်၊ ရဲဘော်ပြောတာ မှန်တယ်။ သာမန် ရွာသားတွေထက် တို့ပါတီဝင်တွေက အလုပ်ပိုလုပ်ရမယ်။ တို့အိမ်မှာ တို့သားအဖနှစ်ယောက်ပဲ ရှိတယ်။ ဒါပေမယ့် ရဲဘော်မောင်ထွန်းက သုံးကွက်လုပ်မယ်၊ ငါက သုံးကွက် လုပ်မယ်”

“ရဲဘော်ကိုညိုပုကတော့ နယ်မြေကော်မတီမှာ တာဝန်ယူနေရတဲ့အတွက် အလုပ်များတယ်။ ဒါကြောင့် သာမန်ရွာသားတွေလို နှစ်ကွက်ပဲ လုပ်ပါ”

ဟု ကိုမောင်စစ်က ဝင်ဆွေးနွေးသည်။

“ကိစ္စမရှိပါဘူး၊ ရဲဘော်တို့လည်း ပါတီဝင်ပဲ၊ ငါလည်း ပါတီဝင်ပဲ၊ ရဲဘော်တို့ လုပ်သလောက် ငါလည်း လုပ်ရမယ်၊ တို့ပါတီဝင်တွေက အစစ အနစ်နာခံပြီး လုပ်ပြမှ ကျန်တဲ့ရွာသားတွေ မခိုမကပ်ဘဲ ပါလာကြမှာ၊ တို့က အခွင့်အရေးရှာပြီး အချောင်သမား လုပ်နေရင် ကျန်တဲ့လူတွေကို ဘယ်မှာ စည်းရုံးလို့ ရတော့မလဲ။ အဲဒီတော့ ဒီရွာမှာ ရဲဘော်တို့ တာဝန်ယူပြီး ဆွေးနွေးထားပါ။ ငါ ဘာလန်းရွာကို သွားဆွေးနွေးမယ်။ ညကျရင် ရွာလုံးကျွတ် အစည်းအဝေး ခေါ်မယ်”

သူတို့ ကလာပ်စည်း အစည်းအဝေးပြီးတော့ မိုးစင်စင် လင်းလျက်ရှိပြီ။ သို့သော်လည်း မနားနိုင်ကြသေး၊ ကိုညိုပုသည် ဘာလန်းရွာသို့သွားပြီး ဟာရိုး ရွာသားများကို လက်ခံထားရေးအတွက် ဆွေးနွေးရပြန်သည်။

ညဘက်တွင် ကောင်ပွှာရွာတွင်း၌ ရွာလုံးကျွတ် အစည်းအဝေးလုပ်သည်။ သူတို့ မျှော်လင့်ထားကြသကဲ့သို့ပင် အခက်အခဲများကို တွေ့ကြရတော့သည်။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းကပင် ဆန်တင်းပေါင်း လေးရာကျော်ကို ပြင်သစ်များနှင့်အတူ ဝင်ရောက် လုယက်ဖျက်ဆီးခဲ့ကြသော ဟာရိုးရွာသား လေးရာကျော်ကို ယခု သူတို့ကပင် လက်ခံကျွေးမွေးရဦးမည် ဆိုခြင်းမှာ. . .။

ပရိသတ်ကြီးသည် စိတ်ထိခိုက်ခြင်း၊ ဒေါသထွက်ခြင်း၊ မကျေချမ်းနိုင်ခြင်း များဖြင့် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေသည်။

“ရဲဘော် ရွာသား အပေါင်းတို့”

တိတ်ဆိတ်ခြင်းကို ဘကြီးအိမ်၏အသံက ဖျက်ဆီးပစ်လိုက်သည်။ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကာ ခေါင်းထောင်လာကြသည်။

“ပြင်သစ်တွေကို သစ္စာခံပြီး တို့ကို နည်းမျိုးစုံနဲ့ ရန်ရှာခဲ့တဲ့ ဟာရိုးရွာသား တွေကို မောင်ညိုပုက သနားကရုဏာသက်လွန်းသပဆိုရင် သူ့မှာရှိတဲ့ဆန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲဝေကျွေးလိုက်ပါ။ ကျုပ်တို့ကတော့ သူတို့အပေါ်မှာ ကရုဏာ မထားနိုင်တဲ့ အတွက် ဆန်တစ်စေ့မှ မပေးနိုင်ပါဘူး။ ကျုပ်တို့ ဆန်တွေကို အကြိမ်ကြိမ် လုယက်ဖျက်ဆီးခဲ့သူတွေကို ကျုပ်တို့ ဆန်တွေ စားခွင့်မပေးနိုင်ဘူး။ ကျုပ်ရဲ့ ရည်ကို ကြည့်ပါ၊ လူနဲ့ တူသေးရဲ့လား။ ကျုပ်ဟာ အိုမင်းမစွမ်း ဖြစ်နေပြီ ဒါပေမယ့် တစ်နေ့လုံး တစ်ညလုံး အလုပ်လုပ်နေရတုန်းပဲ။ ဘာဖြစ်လို့ လုပ်နေ ရသလဲ၊ ကျုပ်စားဖို့ ကျုပ်ကိုယ်တိုင် ပင်ပန်းတကြီး စိုက်ပျိုးထားတဲ့ ဆန်တွေကို ဟာရိုးရွာသားတွေ လုယက်ယူငင်သွားကြလို့ ဖြစ်တယ်။ ရွာသားတွေ အားလုံး က စေတနာထက်သန်ပြီး လက်ခံကျွေးမွေးချင်သပဆိုရင် ကျွေးပါ။ ကျုပ်က တော့ တခြားရွာကို ပြောင်းတော့မယ်"

ဘကြီးအိမ်သည် အသက်အရွယ် ထောက်လာသည်က တစ်ကြောင်း ဝမ်းတစ်ထွာအတွက် ပင်ပန်းတကြီး မနားမနေ လုပ်ကိုင်နေရသည်က တစ် ကြောင်းတို့ကြောင့် အလွန်ပင် အားအင်ကုန်ခန်းချည့်နဲ့နေပြီ ဖြစ်သည်ကို အားလုံး သိကြသည်။

"ရဲဘော်တို့၊ ဟာရိုးရွာသားတွေဟာ ကျုပ်တို့လူမျိုး၊ ကျုပ်တို့ သွေးချင်း တွေပဲ ဖြစ်တယ်။ သူတို့ကို အငတ်ထားမလား၊ နောက်ပြီးတော့ ပြင်သစ်တွေ လက်မှာ ခွေးသေ ဝက်သေ သေရစ်တော့လို့ စွန့်ပစ်ထားမလား။ ကျုပ်တို့ ရွာသားတွေဟာ နှစ်ပေါင်းများစွာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရုန်းကန်ခဲ့တယ်။ အင်မတန် အင်အားကြီးမားတဲ့ ရန်သူကို အန်တုပြီး ခုခံတိုက်ခိုက်ခဲ့တယ်။ ဒီအချိန်တုန်းက ကျုပ်တို့တစ်ရွာတည်း ဖြစ်တယ်။ ကျုပ်တို့မှာ အင်အား မရှိဘူး။ အခု ကျုပ်တို့ဘက်မှာ နောက်ထပ် လေးရွာ ရောက်လာပြီ။ ကျုပ်တို့ အင်အား ကြီးလာပြီ။ မကြာခင်က ဖြစ်ခဲ့တဲ့ တိုက်ပွဲက သက်သေခံတယ်။

တောင်ထိပ်ပေါ်ကို လူတစ်ယောက်တည်း တက်ရင် အလွန် မောတယ်။ အဖော်တစ်ယောက်နဲ့ အတူတက်ရင် အမောသက်သာတယ်။ နောက်ထပ် အဖော် အများကြီးနဲ့တက်ရင် မောဖို့ နေနေသာသာ ပျော်တောင် ပျော်သေး တယ်။ ဒီသဘောပဲ။ ကျုပ်တို့ အငတ်ဘေးနဲ့ ကြုံတွေ့နေရတာမှန်တယ်။ ကျုပ် တို့ချည်း ငတ်နေရင် ပင်ပန်းတယ်။ အပေါင်းအဖော် များများနဲ့ ငတ်ရရင် ခံသာတယ်။ ပြီးတော့ ကျုပ်တို့နဲ့ လက်တွဲပြီး အငတ်ဘေးကို တွန်းလှန်မယ့် အင်အားစုတွေ ပိုများလာတဲ့အတွက် အငတ်ဘေးကို ကျုပ်တို့ နိုင်အောင် တိုက် ပစ်နိုင်တယ်။ နောက်ထပ် တိုးပွားလာမယ့် ဟာရိုးရွာသား လေးရာကျော်နဲ့ ပေါင်းပြီး ပြင်သစ်ကိုတိုက်ရင် ကျုပ်တို့ အောင်ပွဲဟာ ပိုပြီး မြန်ဆန်လာမယ်။





ကျုပ်တို့ အင်အားကြီးမားလာခြင်းဟာ ရန်သူ အင်အားနည်းပါးသွားခြင်းပဲ ဖြစ်တယ်။ ကျုပ်တို့ အင်အားနည်းပါးခြင်းဟာ ရန်သူ အင်အားကြီးမားခြင်းပဲ ဖြစ်တယ်။ ဟာရိုးရွာသားတွေကို လက်ခံချင်တဲ့လူမရှိရင် သူတို့ဟာ ကိုးကွယ်ရာမဲ့ ဖြစ်သွားမယ်။ ရန်သူဘက်ကို ရောက်သွားနိုင်တယ်။ ဒီတော့ ရန်သူ အင်အားကြီး မားသွားအောင် လုပ်မလား၊ ကျုပ်တို့ အင်အားကြီးမားလာအောင် လုပ်မလား"

ကိုညိုပုသည် ရွာသားများ၏ မျက်နှာကို အကဲခတ်ရင်း ထိုင်ချလိုက်သည်။

"ဟာရိုးရွာသားတွေဟာ မရိုးသားဘူး ထင်ပါတယ်။ သူတို့မှာ စားစရာ မရှိတုန်းက ပြင်သစ်နဲ့ပေါင်းပြီး ကျုပ်တို့ကို ဒုက္ခမျိုးစုံ ပေးခဲ့တယ်။ အခု သူတို့မှာ စားစရာရှိရင် ပြင်သစ်ဆီ ပြန်သွားပြီး ကျုပ်တို့ကို ပြန်တိုက်ဦးမယ့် အကောင်တွေ"

ဟုတ်ရွှေသည် ချောင်တစ်ချောင်တွင် ထိုင်နေရာမှ ထပြောလိုက်သည်။ ဟုတ်ရွှေ၏ စကားကို ရွာသားအများက ထောက်ခံကြပြန်သည်။

"တို့တော့ မကျွေးနိုင်ဘူး"

ဟု ဒေါ်ဟူးက ထအော်သည်။

"ကျုပ်တို့လည်း မကျွေးနိုင်ဘူး၊ လက်လည်း မခံနိုင်ဘူး"

ဟု တစ်ယောက်က အော်ပြန်သည်။

"တစ်ချိန်တုန်းက ကျွန်တော်တို့အပေါ်မှာ သူတို့ မကောင်းခဲ့တာ မှန်ပါ တယ်။ အခုအချိန်မှာ သူတို့ ခိုကိုးရာမဲ့နေတယ်၊ ဒီလိုအချိန်မျိုးမှာ ကျွန်တော် တို့က သူတို့အပေါ် ပြန်ကောင်းပြလိုက်ရင် ကျွန်တော်တို့စိတ်ရင်းကို သူတို့ နားလည်လာကြမှာ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ကို ကျွန်တော်တို့ လက်ခံလိုက် ခြင်းဟာ ကျွန်တော်တို့ အင်အားကို တိုးပွားအောင် စည်းရုံးလိုက်ခြင်းနဲ့လည်း အတူတူပါပဲ။ ဟာရိုးရွာသား လေးရာနဲ့ အင်အားဖြည့်တင်းလိုက်ခြင်းဟာ ကျွန်တော်တို့အတွက် အလုပ်လုပ်နိုင်မယ့်လက်တွေ ပိုများလာခြင်းပါပဲ။ ဟာရိုး ရွာသားတွေကို ထမင်းကျွေးခြင်းဟာ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ ပြန်ပြီး ထမင်းကျွေးခြင်းနဲ့ အတူတူပါပဲ"

"ဖြစ်ပါတယ် . . . ဖြစ်ပါတယ်၊ စေတနာထားတတ်တဲ့ ရဲဘော်ညိုပုပဲ သူတို့ကို ကျွေးပါ။ ကျုပ်တို့ကတော့ ဆန်တစ်စေ့တောင် မကျွေးနိုင်ဘူး။ ဘယ် နည်းနဲ့မှလဲ လက်မခံနိုင်ပါဘူး"

ဘကြီးအိမ်၏အသံ ပေါ်လာပြန်သည်။ သည်လိုဖြင့်ပင် အစည်းအဝေး လူစုကွဲသွားသည်။ ကိုညိုပု စကားကို မည်သူကမျှ နားမဝင်နိုင်ကြပါလား။

ကိုညိုပုသည် မအိပ်နိုင်သေးဘဲ ဘာလန်းရွာသို့ ခရီးဆက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလန်းရွာမှ သူ ပြန်လာသောအခါ သန်းခေါင်ကျော်နေပြီ။

အိမ်ရှေ့လှေကားမှ ခြေသံကြားသောကြောင့် မလေးယု အိပ်ရာမှ ထ နိုးလာသည်။ အပြင်ထွက်ကြည့်လိုက်သောအခါ ကိုညိုပုကို မြင်ရသည်။

"ကိုညိုပု ဘယ်လဲ၊ ရှင့်တောင်းထဲက ဘာတွေလဲ"

"ငါ ဟာရိုးရွာသားတွေကို ပေးဖို့ ဆန်နည်းနည်း လာယူတာ"

"စောစောက ပြောပါတော့လား ကိုညိုပုရယ်"

ကိုညိုပု ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

"မလေးယုတို့မှာ ဆန်တောင်းတစ်ရာလောက် ရှိသေးတယ် မဟုတ်လား တောင်းလေးဆယ်လောက်ဆိုရင် မင်းတို့ သားအမိအတွေအတွက် လောက်ငှ ပါ့မလား၊ လောက်မယ်ဆိုရင် ပိုတာတွေကို ငါ ပေးလိုက်ချင်တယ်"

ဟု သူ့ဇနီးကို လေသံဖြင့် မေးသည်။

"ဒီနှစ် ကျွန်မတို့ နှစ်ယောက်စလုံး တောင်ယာတွေ ပိုခုတ်ကြမှာပဲ၊ မြီး မြဲမြဲနဲ့ စားရင်လည်း ဖြစ်ပါတယ်၊ ပေးသာ ပေးလိုက်ပါ"

ကိုညိုပု အလွန် ဝမ်းသာသွားသည်။ သူ့ဇနီးကိုလည်း ပို၍ ချစ်မြတ်နိုး သွားသည်။

ကိုညိုပုသည် ဦးလေးပါ၊ မောင်ချစ်ကြီး၊ ကိုမောင်စစ်တို့နှင့်အတူ ဆန် တောင်းကိုထမ်းကာ တောထဲသို့ ဝင်ခဲ့ကြသည်၊ လမ်းခုလတ်သို့ ရောက်သော အခါ မောင်ထွန်းကို သူတို့ သတိရကြသည်။

"မောင်ထွန်းရော"

"သူ မကြာခင် လိုက်လာလိမ့်မယ်"

ခဏအကြာတွင် မောင်ထွန်း လိုက်လာသည်။ သူနှင့်အတူ ဟုတ်ရွှေ ဘကြီးသိန်းတို့နှစ်ယောက်ကိုပါ တွေ့ရ၏။ သူတို့အားလုံး ဆန်တောင်းများ ကိုယ်စီထမ်းလာကြသည်။

ကိုညိုပုတို့သည် ပါတီဝင်များ ဖြစ်၏။ သူတို့က စတင်၍ အနစ်နာခံပြလျှင် ကျန်လူများပါ လိုက်နာလာလိမ့်မည်ဟု သူတို့ ယုံကြည်ကြသည်။ ထို့ကြောင့် လည်း မှန်ကန်သော လမ်းစဉ်ကို အနာခံပြီး လုပ်ပြသည်။ သူတို့ ယုံကြည်သည့် အတိုင်းပင် နောက်ရက် အနည်းငယ်အတွင်းမှာ တောင်ဟွာရွာသားများသာမက ဘာလန်းနှင့် တာလမ်းရွာသားများကပါ ဟာရိုးရွာသားများကို ဆန်များ ဝိုင်းဝန်း ထောက်ပံ့ကြတော့သည်။

* * *



ဒတ်ဟွာချောင်းတစ်လျှောက်မှာ သစ်ကြီး၊ ဝါးကြီးများဖြင့် အရိပ်အာဝါသ ကောင်းလှသည်။ ယခု ထိုအရိပ်အာဝါသကောင်းသည့် နေရာတွင် တဲကြီးများ ဆောက်လုပ်ပြီး ရွာသစ်တည်လျက် ရှိနေပြီ။ ထိုရွာသစ်ကား ဟာရိုးရွာသစ်ပင် တည်း။

ဟာရိုးရွာသားများသည် တောင်ယာများကို အင်တိုက်အားတိုက် ခုတ်ထွင် ရှင်းလင်းစိုက်ပျိုးကြသည်။ ကျန်ရွာသားများကလည်း ဝိုင်းဝန်းကူညီကြသည်။

ပြောက်ကျားတပ်ဖွဲ့ဝင်များက ဟာရိုးရွာသားများကို ပြောက်ကျားတပ် များ ဖွဲ့စည်းစေသည်။ လိုအပ်သည့် သင်တန်းများ ပေးသည်။ ရွာပတ်လည်တွင် ခြောင့်ထောင်နည်းများ၊ ထောင်ချောက်ထောင်နည်းများ၊ လျှို့ဝှက်ရွာတည်နည်း များ၊ ထိုလျှို့ဝှက်ရွာသို့ သွားရာ လျှို့ဝှက်လမ်းဖောက်လုပ်နည်းများ၊ မြေအောက် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်နည်းများကို သင်ကြားပြသပေးကြသည်။

သည်လိုဖြင့်ပင် ဟာရိုးရွာသစ်ကြီး စည်ကားလာသည်၊ သည်နယ်မြေတွင် ပြောက်ကျားတပ် အင်အားသည်လည်း တစ်ထောင်ကျော်သည်အထိ ပိုမို အင်အားကောင်းလာတော့သည်။

* * *

မတ်လသို့ ရောက်သောအခါ ပြည်နယ်မြို့တော်တွင် ကျင်းပမည့် ပွဲတော် တစ်ခုသို့ တက်ရန် ကိုညိုပုထံ ဆင့်စာရောက်လာသည်။

"အစ်ကိုညိုပုရေ ခင်ဗျားကို ကျွန်တော်တို့ နယ်မြေရဲ့ စံပြလုပ်သားအဖြစ် ရွေးလိုက်ပြီ"

ဟု ရဲဘော်ဒွေးက ပြောသည်၊ သည်စကားကို ကိုညိုပု နားမလည်။

"အခု ကျင်းပမယ့်ပွဲတော်က စံပြလုပ်သားကြီးတွေကို ဆုချီးမြှင့်မယ့်ပွဲ တော်၊ စစ်သူရဲကောင်းတွေကို ဆုချီးမြှင့်မယ့်ပွဲတော်၊ စံပြလုပ်သားဆိုတာ ကျုပ် တို့နယ်မှာ အလုပ်အလုပ်ဆုံး၊ အတော်ဆုံး ပုဂ္ဂိုလ်မျိုးကို ရွေးတာ။ အခု ခင်ဗျား ကို စံပြလုပ်သားအဖြစ် ပါတီက ရွေးလိုက်ပြီ"

"ဒီလိုဆိုရင် ဦးလေးပါကို လွှတ်ရရင် မကောင်းဘူးလား၊ ကျွန်တော်တို့ တိုက်ပွဲဝင်ခဲ့ရတာတွေနဲ့ ပတ်သက်ပြီး သူကမှ အလုံးစုံသိတာ"

"မဖြစ်ဘူး၊ ပြည်နယ်ပါတီကော်မတီက ခင်ဗျားကို ရွေးလိုက်တာ"

သည်လိုဖြင့်ပင် ကိုညိုပုသည် ပြည်နယ်မြို့တော်သို့ ထွက်ခွာလာခဲ့သည်။ သူ့ကို စံပြလုပ်သားအဖြစ် အရွေးခံရသည်ဆိုတော့ တစ်ရွာလုံး ပျော်မဆုံး ဖြစ် နေကြသည်။ တစ်နယ်လုံး ပျော်မဆုံး ဖြစ်နေကြသည်။ သူတို့နယ်မှာတွင် သူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သာလျှင် အရွေးခံရသည် မဟုတ်ပါလား။

လမ်းတွင် ကိုညိုပု စားသွားရန် ကြက်ဥများ ဝိုင်းထည့်ပေးလိုက်ကြသည်။ ပျားရည်ပုလင်းများလည်း ပေးလိုက်ကြသည်။ ပြောင်းဖူးများ ထည့်ပေးသူက ပေးလိုက်သည်။ ရွာသားများကို နှုတ်ဆက်ပြီး ကိုညိုပု သွားမည်အပြုတွင် . . . ခ

"မောင်ညိုပုရေ အစစအရာရာ သတိဝီရိယနဲ့ သွားနော်"

ဟု အမေလုပ်သူက အသက်လေးဆယ်ကျော် စံပြသူရဲကောင်းကြီးကို စိုးရိမ်တကြီး မှာကြားလိုက်လေရာ ကြားရသူတိုင်းက မရယ်ဘဲ မနေနိုင်အောင် ဖြစ်ကြသည်။

* * *

ပတ်ဝန်းကျင် တစ်ခုလုံး မှောင်နေသည်။ တစ်မိုးလုံးလည်း ကြယ်တစ်လုံးမှ ပင် ပေါ်ထွက်မလာ။ ထိုသို့ အမှောင်ဖုံးနေဆဲမှာပင် လင်းခနဲ လက်ခနဲ မီးရောင် များ ပြိုးပြက်လာသည်။ ပေါက်ကွဲသံများကို ရုတ်တရက် ကြားလိုက်ကြရသည်။

"မီးတွေငြိမ်း . . . မီးတွေငြိမ်း ချောင်းထဲကို အကုန်သွားကြ၊ မြန်မြန်လုပ် ကြပါလား"

ကိုညိုပု၏ အော်သံက တစ်ရွာလုံးကို ပြန့်ထွက်သွားသည်။

စက်အမြောက်သံများသည် ရွာပြင်ရှိ တောင်ယာများအတွင်းသို့ တရစပ် ကျပြီး ပေါက်ကွဲနေသည်။ သစ်ပင်များ အပိုင်းပိုင်း ပြတ်ကျကုန်သည်။

"အိမ်ထဲမှာ ဘယ်သူမှ မနေကြနဲ့၊ ရန်သူက အရမ်းပစ်နေတယ်။ ဒီကနေ့ ရန်သူရှစ်ယောက် တို့ထောင်ချောက်ထဲမှာမိလို့ တို့ကို လက်စားလာချေတာ"

ကိုညိုပုသည် တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် ရွာသားများကို ချောင်းတွင်း သို့ သွားပုန်းနေရန် အော်ပြောနေသည်။ ပြီးတော့ သူတို့အားလုံး ချောင်းထဲသို့ လာကာ စုထိုင်နေကြသည်။

ပြင်သစ်များသည် အနောက်တောင်တန်းဒေသများတွင် အထိအနာကြီး နာခဲ့သည်။ နောက်ပိုင်းသို့ တစ်ဆုတ်တည်း ဆုတ်နေခဲ့ကြရသည်။ ထို့ကြောင့် လည်း ယခု ဤဒေသသို့ လာပြီး အင်အားကြီးဖြင့် ထိုးစစ်ဆင်ခြင်း ဖြစ်သည်။

ယခုလို ပြင်သစ်များ လာရောက် မတိုက်ခိုက်မီကတည်းက ပြင်သစ် တပ်ရင်း နှစ်ရင်းဖြင့် ဤဒေသကို ထိုးစစ်ဆင်တော့မည့်အကြောင်း ရဲဘော်များ ထံမှ ရွာသားများ ကြားသိထားခဲ့ပြီး ဖြစ်သည်။ ရန်သူတို့သည် ချုလေးတောင် ပေါ်မှာ နေရာယူပြီး တောင်ပေါ်မှ တောင်အောက်သို့ မနားတမ်း ပစ်ခတ်နေ ကြခြင်းဖြစ်ရာ စက်အမြောက် ကျည်ဆန်များသည် နေရာလပ် မကျန်အောင်



ကျပြီး ပေါက်ကွဲနေသည်။ အထူးသဖြင့် ကောင်ဟွာရွာ၏ တောင်ယာခင်းများ အတွင်းသို့ ပိုကျနေသည်။

သည်တိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေသူမှာ မောင်ထွန်း ဖြစ်သည်။ မောင်ထွန်းသည် သူ့ပြောက်ကျားတပ်ဖွဲ့ဖြင့် ရန်သူများကို ရှစ်ကြိမ်တိုင်တိုင် ထွက်တိုက်သည်။ ရန်သူနှစ်ဆယ်ကျော်ကို သုတ်သင်နိုင်ခဲ့သည်။

ပြင်သစ်တို့သည် သည်နယ်မြေရှိ ရွာများမှ ဆန်စပါးများကိုပါ လုယက် ရန် ကြိုးစားကြသည်။ သူတို့တွင် ရိက္ခာအခက်အခဲလည်း ပေါ်နေပြီ ဖြစ်သဖြင့် ဆင်ကန်းတောတိုး တိုက်နေခြင်း ဖြစ်သည်။ သို့သော်လည်း ကောင်ဟွာ၊ ဘာ လန်း၊ တာလမ်း၊ ကုန်းမာနှင့် ဟာရိုးရွာ ပြောက်ကျားတပ်ဖွဲ့များသည် ဒေသ ပါတီကော်မတီမှ စေလွှတ်လိုက်သည့် တပ်များနှင့် တွဲဖက်ကာ ပြောင်ပြောင် မြောက်မြောက် ခုခံတိုက်ခိုက်နေကြသောကြောင့် ဆန်တစ်စေ့မျှပင် မရနိုင် အောင် ဖြစ်နေသည်။

ကိုညိုပုသည် ပြည်နယ်မြို့တော်တွင် ဆုနှင်းပွဲ တက်အပြီး ပြင်သစ်များ ထိုးစစ်ဆင်သည့် အချိန်နှင့် အလောတော် အချိန်မီ ပြန်ရောက်လာသည်။ နေ့ပိုင်းတွင် ပြောက်ကျားတပ်ဖွဲ့များကို ခေါင်းဆောင်ပြီး တိုက်ပွဲဝင်သည်။ ညပိုင်း တွင် ရွာစဉ်လှည့်ကာ သူတက်ခဲ့ရသည့် ပွဲတော်၏ အတွေ့အကြုံများကို ရှင်းပြ သည်။ ယနေ့ည ကောင်ဟွာရွာတွင် ပြန်လည် ရှင်းလင်းပွဲ ဖြစ်သည်။

ရွာသားအားလုံး၊ ကလေးလူကြီး၊ ယောက်ျားမိန်းမမကျန် ကိုညိုပုဘေးမှာ ဝိုင်းထိုင်နေကြသည်။ ကောင်းကင်တွင် ခုနစ်စဉ်ကြယ်ပြောင်ကို လှမ်းမြင်ရသည်။ တာနားအပျိုချောတစ်ယောက်၏ လည်ပင်းမှ ပုတီးကို ကိုညိုပု မြေးမြင်မိသည်။ ၎င်း ခုနစ်စဉ်ကြယ်နှင့် အလွန်တူသည်။ ပြီးတော့ ကျန်ကောင်းကင်ရှိ ကြယ်ပွင့် များသည် ယခု သူတက်ခဲ့ရသည့် ပွဲတော်တွင် ထွန်းထားသော ရောင်စုံလျှပ်စစ် မီးလုံးများနှင့် တစ်သဝေမတိမ်း တူသည်ဟု သူ ထင်မိသည်။

သူ့စိတ်ဓာတ်များ အလွန် တက်ကြွနေသည်။ ကာဘိုင်သေနတ်ကို လက် တွင် တင်းတင်းကိုင်ရင်း သူ ကြုံခဲ့ရသည်များကို ပြန်ပြောပြနေသည်။

ပွဲတော်တွင် အမှတ် (၅) ဒေသကြီးမှ နိုင်ငံရေးမှူး၊ ပြီးတော့ နယ်ပေါင်းစုံ လူမျိုးပေါင်းစုံ၊ အသက်အရွယ်ပေါင်းစုံ၊ ယောက်ျား မိန်းမ စံပြလုပ်သားများ၊ စစ်သူရဲကောင်းများ ပြောပြကြသည့် သူတို့၏ အတွေ့အကြုံများကို ပြန်လည် ကြားယောင်နေသည်။ စိတ်တက်ကြွဖွယ်ကောင်းသော ထိုပုဂ္ဂိုလ်ပေါင်းစုံတို့ ပြောပြကြသည့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများ အကြောင်းကို ပြန်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသည်။

ကိုညိုပုကို အမှတ် (၅) စစ်နယ်မြေကြီး၏ စစ်သူရဲကောင်းနှင့် စံပြလုပ်သားအဖြစ် ရွေးချယ် ဂုဏ်ပြုကြသည်။ သူ့ကိုလည်း သူ့အတွေ့အကြုံများကို အခမ်းအနားတွင် ပြန်ပြောပြခွင့်ပေးသည်။

လျှပ်စစ်မီးရောင်များ ထိန်ထိန်သာရာ စင်မြင့်ပေါ်သို့ သူတက်လိုက်သည်။ အနယ်နယ်အရပ်ရပ်မှ သူရဲကောင်းများ၊ စံပြလုပ်သားများ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံများ၊ ပါတီခေါင်းဆောင်များကို သူ တွေ့သည်။ သူ လန့်မနေပါ။ သူ အလွန် တက်ကြွနေသည်။

ထိုပရိသတ်ကြီးကို ကိုညိုပု ပြောပြသည့် အတွေ့အကြုံကား ကောင်ဟွာရွာ၏ အတွေ့အကြုံပင်တည်း။ မိမိတို့ ရွာသားများသည် သက်ငယ်ပြာကို ဆားအဖြစ် စားကာ နှစ်ပေါင်းများစွာ ပြင်သစ်နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည့်အကြောင်း၊ စားနပ်ရိက္ခာ ပြတ်လပ်သဖြင့် သစ်ဥ သစ်ဖုကို နှစ်ပေါင်းများစွာ စားပြီး ရန်သူကို ဒူးမထောက်စတမ်း တိုက်ပွဲဝင်ခဲ့သည့်အကြောင်း၊ တောင်အောက်တွင် မလုံခြုံတော့သောအခါ ပို၍ မြင့်မားသည့် ချုံလေးတောင်ထိပ်သို့ တက်ကာ နယ်ချဲ့ကို အန်တုခဲ့သည့်အကြောင်း၊ မြားအစင်းပေါင်းများစွာ ပြောင့်အချောင်းပေါင်း ကုဋေကုဋာတို့ကို ပြုလုပ်ပြီး ရပ်ရွာကို ကာကွယ်ရင်း ရှောင်တတ်တိမ်းတတ်၊ ပုန်းတတ်အောင်းတတ်အောင် လေ့ကျင့်ခဲ့ကြသည့်အကြောင်း. . .။

ကိုညိုပု စကားပြောပြီး စင်မြင့်ပေါ်မှ ဆင်းလိုက်သောအခါ သူ့ခြေထောက်သည် မြေကြီးနှင့် မထိတော့။

အနယ်နယ် အရပ်ရပ်မှ စံပြလုပ်သားများ၊ သူရဲကောင်းများသည် မိုး ဘနန်း လက်ခုပ်တီး ဩဘာပေးကာ ချီးကျူးထောမနာပြုကြသည်။ ပြီးတော့ သူ့ဆီသို့ ပြေးလာကာ သူ့ကို ပွေ့ဖက်ပြီး ပခုံးနှင့် ဝိုင်းထမ်းကြသည်။ ပရိသတ် အတွင်းသို့ သူ့ကို ထမ်းပြီး လှည့်လည်ကြသည်။ ပတ်လည်တွင် လက်ခုပ်တီးသံသည် မဆုံးနိုင်တော့။ မရပ်တန့်နိုင်တော့။

အမှတ် (၅) စစ်နယ်မြေ၏ နိုင်ငံရေးမှူး စင်ပေါ်သို့ တက်လာသည်။

"ပြင်သစ်နယ်ချဲ့တွေဟာ နှစ်ပေါင်း ရာပေါင်း များစွာကြာအောင် စစ် တိုက်နိုင်ကောင်း တိုက်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် နယ်ချဲ့တွေဟာ ရဲဘော်ညီး နဲ့ ကောင်ဟွာရွာကို သူတို့ရှေ့မှောက်မှာ ဒူးထောက်အညံ့ခံအောင် ဘယ်တော့ တိုက်နိုင်မှာ မဟုတ်ပါဘူး"





ဟူသော နိုင်ငံရေးမှူး၏ စကားသံများသည် ပွဲခင်းကြီးတစ်လုံးသို့ လွှမ်း လာသည်။

"ဟုတ်တယ် . . . ဟုတ်တယ်၊ တို့ကို ဘယ်တော့မှ ဒူးထောက်အောင် မလုပ်နိုင်ဘူး"

ဟု သူ့ပတ်လည်မှ ရွာသားများက တက်ကြွစွာ ဝိုင်း၍ ကြွေးကြော်လိုက် ကြသည်။ ထိုအခါကျမှပင် ကိုညိုပုသည် သူ့ရွာသားများကို သူ့အတွေ့အကြုံ များ ပြန်လည် တင်ပြနေခြင်းဖြစ်ကြောင်း သတိပြန်ရတော့သည်။

ကိုညိုပု ပြန်ပြောပြသည့်စကား ဆုံးသည်နှင့် တစ်ပြိုင်တည်း ဦးလေးပါ သည် ကိုညိုပုကို ပြေးဖက်လိုက်သည်။ မောင်းချစ်ကြီး၏ဆိုင်းသံ ပေါ်လာသည်။ မတူးနှင့်အများ ဝိုင်းဆိုလိုက်သော သီချင်းသံ ပေါ်လာသည်။

"ရှေ့သို့သာချီ . . . သိမ်းစွန်ငှက်သို့ ပမာညီ . . . ရဲဘော်များ စုပေါင်း
ညီညာသည် . . . တစ်ပြည်ထောင်လုံး အနှံ့ဖြန့်ကြက်ကာ လက်တွဲ
တိုက်ပွဲဝင်ကြပြီ . . .။ ရှေ့သို့သာချီ . . ."

သီချင်းသံသည် တောအနှံ့ တောင်အနှံ့သို့ ပြေးကာ ရိုက်ခတ်သွားသည်။ ရန်သူတို့ကလည်း စက်အမြောက်များဖြင့် တရစပ် ပစ်ခတ်နေသည်။ သို့သော် လည်း သူတို့သီချင်း၏ တောနှင့်တောင်သို့ ပဲ့တင်ရိုက်သွားသည့်အသံကိုကား ဖုံးလွှမ်းနိုင်ခြင်း မရှိပါချေ။

ရန်သူမမြင်အောင် အဝတ်များကွယ်ပြီး မီးခွက်များထွန်းရန် ကိုညိုပုက ပြောသည်။ ရွာသားများသည် စောင်နှင့်ကွယ်ပြီး မီးခွက်ကလေးများ ထွန်းကာ ကိုညိုပု အနီးသို့ တိုးကပ်ကြသည်။ ကိုညိုပုသည် ပွဲတော်က ပေးလိုက်သည့် အထုပ်ကလေးကို သတိကြီးစွာထားပြီး ဖြေလိုက်သည်။ ဘေးမှ ရွာသားအားလုံး အသက်ရှူရန်ကိုပင် မေ့ကာ အာရုံစိုက်ပြီး ကြည့်နေကြသည်။

ပေါက်တူးတစ်ချောင်းကိုထမ်းပြီး တောင်ယာခုတ်ရန် သွားနေသည့် သမ္မတကြီး ဟိုချီမင်း၏ ဓာတ်ပုံတစ်ပုံ၊ သမ္မတကြီး ဟိုချီမင်းက ကိုညိုပုကို ဆုချီးမြှင့်လိုက်သည့် ပိုးဝတ်စုံတစ်ထည်၊ ပထမတန်းစား တိုက်ပွဲဝင် စစ်သူရဲ ကောင်းအဖြစ် ကိုညိုပုကို ပေးအပ်သည့် ဆုတံဆိပ်၊ ပထမတန်းစား တိုက်ပွဲဝင် သူရဲကောင်းရွာအဖြစ် ကောင်ဟွာရွာကို ပေးအပ်လိုက်သည့် ကြေးတံဆိပ်၊ ကောင်ဟွာရွာ၏ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သည့် အကြောင်းများကို ဖော်ပြ ရေးသားထားသော ဆုလက်မှတ်တစ်စောင်နှင့် ကိုညိုပု ပခုံးတွင် လွယ်ထား သည့် ကာဘိုင်သေနတ်တစ်လက်တို့ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများသည် ချောင်းတွင်းမှရေနှင့် လက်သွားဆေးကြသည်။ ပေကျံနေသည့် သူတို့လက်များသည် သမ္မတကြီးဟိုချီမင်း ပေးအပ်သည့် ဤပစ္စည်းများကို ကိုင်ရန်မသင့်။ ထို့ကြောင့် ကောင်းစွာ သန့်စင်ပြီးမှသာ ဤပစ္စည်းများကို ကိုင်တွယ်ကြည့်ရှုကြမည် ဖြစ်သည်။ ပြီးတော့ တမြတ်တနိုးဖြင့် တစ်ယောက်တစ်လှည့် ကိုင်ကြည့်နေကြသည်မှာ သန်းခေါင်ယံသို့ တိုင်တော့သည်။

မောင်ထွန်း အနှစ်သက်ဆုံး ပစ္စည်းမှာ ကာဘိုင်သေနတ် ဖြစ်သည်။ မောင်ထွန်းသည် ကာဘိုင်သေနတ်ကို လက်မှမချတော့။ တဆဆဖြင့် ချိန်ကြည့်လိုက်၊ မောင်းတင်ကြည့်လိုက်ဖြင့် သူ အလွန် သဘောကျနေသည်။ ထို့ကြောင့် ကိုညိုပုက ထိုကာဘိုင်သေနတ်ကို မောင်ထွန်းအား ကိုင်ခွင့်ပြုလိုက်သည်။

နောက်တစ်နေ့တွင် ကာဘိုင်သေနတ်ဖြင့်ပင် မောင်ထွန်း တိုက်ပွဲဝင်သည်။ ရန်သူများကို ထိုသေနတ်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ပစ်ချနိုင်ခဲ့၏။

တိုက်ပွဲသည် နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသည်။ ရန်သူများက ရက်ရှည်စစ်ပွဲ ဆင်နွှဲရန် ကြံရွယ်ထားပုံရသည်။ သူတို့ သဲကြီးမဲကြီး တိုက်နေသည့်ရွာမှာ ကောင်ဟွာရွာပင် ဖြစ်သည်။ ကောင်ဟွာရွာကို အခြားရွာများနှင့် အဆက်ဖြတ်ပစ်ရန် ကြိုးစားနေသည်။ သို့သော်လည်း ကောင်ဟွာရွာ ပြောက်ကျားတပ်များက ရန်သူတို့၏ ထိုးစစ်မှန်သမျှကို အောင်မြင်စွာ ရိုက်ချိုးနိုင်ခဲ့သည်ချည်းသာ ဖြစ်သည်။ ရန်သူတို့သည် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်လာ၏။ ကောင်ဟွာရွာကို အခြားရွာများနှင့် အဆက်ဖြတ်ရန် ကြိုးစားရင်း ပြောက်ကျားတို့ကြားမှာ သူတို့ ပိတ်မိလာသည်။ နောက်ပိုင်းမှ ရိက္ခာထောက်ပံ့မှု စစ်ကူပေးပို့မှုများနှင့် အဆက်ပြတ်လာသည်။ ထိုသို့ အဆက်ပြတ်လာလေ၊ ရန်သူများက ဆင်ကန်းတောတိုး တိုက်လေ ပြုလုပ်လာကြ၏။

ရက်ရှည်ဆင်နွှဲနေရသည့် ထိုတိုက်ပွဲများတွင် တပ်ဦးမှနေ၍ ရှပ်ရှပ်ချွံချွံ တိုက်နေသူမှာ မောင်ထွန်းပင် ဖြစ်ချေသည်။ မောင်ထွန်း၏ သူရသတ္တိနှင့် တိုက်ရည်ခိုက်ရည်ကို သူတို့ တစ်နယ်လုံး ပြောမဆုံးအောင် ရှိကြသည်။ မောင်ထွန်းသည် သူကိုယ်တိုင် သူရသတ္တိ ပြည့်စုံရုံ တိုက်ရည်ခိုက်ရည် ကောင်းရုံသာမဟုတ်၊ သူ့ပြောက်ကျားတပ်များကိုလည်း စနစ်တကျ အုပ်ချုပ်ခေါင်းဆောင်နိုင်စွမ်း ရှိလေသည်။

သည်တိုက်ပွဲများမှာပင် မောင်ထွန်းသည် ကောင်ဟွာရွာ၏ စံပြသူရဲကောင်းအဖြစ် ရွေးချယ်အသိအမှတ်ပြုခြင်းကို ခံရလေတော့သည်။

* * *





တိုက်ပွဲဖြစ်၍ ရက်ပေါင်းသုံးဆယ် ပြည့်သောနေ့။

ချူလေးတောင်ပေါ်မှ သစ်ပင်ပေါင်းများစွာတို့ မီးသွေးတုံးဖြစ်ကာ ခေါင်းငိုက်စိုက် ကျခဲ့ရသည်။ ရန်သူလေယာဉ်ပျံပေါင်း များစွာတို့သည် ထိုရက်များအတွင်း မီးလောင်ဗုံးပေါင်း များစွာကို အဆက်မပြတ် ကြဲချခဲ့သည်။ အရိပ်အာဝါသ ကင်းမဲ့နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးမှာ လင်းနေသည်။ နေရောင်အောက်တွင် မျက်စိကျိန်းလောက်သည်။ သစ်ကြီးဝါးကြီး မရှိဘဲ သတ်ငယ်များနှင့် ချုံနွယ်ပိတ်ပေါင်းများသာ ပေါက်ခဲ့သည့် တောင်တို့သည် တောင်ကတုံးများ ဘဝသို့ ပြောင်းလဲသွားကြပြီ ဖြစ်သည်။

သေနတ်သံများ တိတ်သွားပြီ။ ချူလေးတောင်မှ ပြောက်ကျားရွာများကို အမှုန့်ခြေရန် ကြီးမားသည့် အင်အားဖြင့် ရက်ပေါင်းများစွာ စစ်ထိုးခဲ့သည့် ရန်သူတို့သည် ရည်မှန်းချက် မအောင်မြင်ဘဲ ကစဉ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားကြပြီ။

ကောင်ဟွာရွာထိပ်ရှိ တောင်ယာ၏ အလယ်တည့်တည့် တစ်နေရာ။

မောင်ထွန်းသည် မြေပြင်ပေါ်မှာ ပက်လက်ရှိနေသည်။ သူ့မျက်လုံးအစုံသည် အိပ်မောကျနေဘိသို့ မှေးမှိတ်ထားသည်။ သူ့လက်တစ်ဖက်က ပြောင်းဖူးပင်ပေါက် တစ်ပင်ကို ဆုပ်ကိုင်ထားသည်။ ကျန်လက်တစ်ဖက်က ကိုညိုပု ပေးလိုက်သည့် ကာဘိုင်သေနတ်ကို တင်းတင်းကြီး ဆုပ်ထားသည်။ သူ့နဖူးပေါ်တွင် ပြောင်းဖူးမွေးတို့သည် ရွှေခြည်မျှင် ငွေခြည်မျှင် တန်းနေဘိသကဲ့သို့ ရှိသည်။

ကျည်ဆန် ခါးပတ်တည့်တည့် သူ့ဝမ်းဗိုက်တွင်ကား သွေးတို့သည် တသွင်သွင် ယိုစီးကျလျက်။

တိုက်ပွဲဖြစ်၍ ရက်ပေါင်းသုံးဆယ် ပြည့်သည့်နေ့၊ ကျူးကျော်စစ်ပွဲကို ခုခံစစ်ပွဲဖြင့် အောင်မြင်စွာ ရိုက်ချိုးဟန့်တားလိုက်သည့်နေ့တွင် ကောင်ဟွာရွာ စစ်သူရဲကောင်းကြီး၊ ပြောက်ကျားခေါင်းဆောင်ကြီး၊ နောက်ဆုံး သွေးတစ်စက်ကျန်သည်အထိ ရန်သူကို ဒူးမထောက်ခဲ့သည့် တော်လှန်ရေးသမားကြီး ရဲဘော်မောင်ထွန်း စစ်မြေပြင်မှာ ကျဆုံးရရှာလေတော့သည်။

ကိုညိုပု၊ မောင်ချစ်ကြီး၊ ကိုမောင်စစ်၊ မတူး၊ မေနှင့် မမြလွမ်တို့သည် ဘေးမှာ ကျောက်ရုပ်လို ငြိမ်သက်နေကြသည်။ သူတို့ မျက်လုံးအစုံမှ သံတွဲသံခဲများ အရည်ပျော်ကာ တားမနိုင် ဆီးမရ စီးကျနေကြသည်။

ယနေ့မနက် ရန်သူတို့သည် ကောင်ဟွာရွာ၏ တောင်ယာကို ဖျက်ဆီးရန် အတင်းထိုးဖောက်တိုက်ခိုက်လာသည်။ ရန်သူဘက်မှ အဓိက ရည်ရွယ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတိုက်ခြင်း ဖြစ်သောကြောင့် ရှိသမျှ အင်အားများကို စုပြုံအသုံးပြု ကာ တိုက်ခြင်း ဖြစ်သည်။

မောင်ထွန်းသည် သူ့ပြောက်ကျားတပ်နှင့်အတူ တောင်ယာထိပ်မှနေ၍ ကြံ့ကြံ့ခံသည်။ မိမိပိုင်သောမြေကို ရန်သူ့လက်သို့ တစ်လက်မမျှ မအပ်ဟူသော ပိုင်းဖြတ်ချက်ဖြင့် ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သည်။ သူ့ရဲကောင်းကြီး ရဲဘော် မောင်ထွန်း အောင်မြင်ပါသည်။

မောင်ထွန်း လက်ချက်ဖြင့် ရန်သူများ အတုံးအရုံး ကျသည်ကို ပြောက် ကျားတပ်သားများ မျက်ဝါးထင်ထင် မြင်ခဲ့ကြရသည်။ အားလုံး စိတ်ဓာတ်တက် ကြွလာသည်။ မောင်ထွန်းသည် အသက်ပင် ငယ်သော်လည်း ခေါင်းဆောင် ပီသစွာဖြင့် ရှေ့ဆုံးမှတက်၍ တိုက်ခဲ့သည်။ သူ့ရဲဘော်များထက် ခြေတစ်လှမ်း နောက်သို့ မယိုင်ဘဲ တိုက်ပွဲဝင်ခဲ့သည်။ ထိုသူ့ရဲကောင်းကြီး ယခု ကျဆုံးရရှာပြီ။

နာကြည်းဆို့နစ်သော ရှိုက်သံတစ်ချက် ကိုညိုပုထံမှ ထွက်ပေါ်လာသည်။ ပူလောင်ရီဝေသည့် မျက်လုံးများဖြင့် မောင်ထွန်းကို သူ ငေးကြည့်နေသည်။ သည်မောင်ထွန်းကလေးကို သူ့သားလိုလည်း ချစ်ခဲ့ရသည်။ သူ့ညီကလေးလို လည်း ဆုံးမခဲ့ရသည်။ သူ့တူကလေးလိုလည်း သံယောဇဉ်ကြီးခဲ့ရသည်။ သူ့ သူငယ်ချင်းလိုလည်း တွယ်တာခဲ့ရသည်။ သူ့ရဲဘော်လိုလည်း လက်တွဲကာ တိုက်ပွဲဝင်ခဲ့သည်။ ယခု မောင်ထွန်းကလေး ကျဆုံးရှာပြီ။ အသက်ကုန်နေပြီ ဖြစ်သည့် မောင်ထွန်းကိုကြည့်ကာ မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ကိုညိုပုသည် နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်သည်။ ပြတ်ကျသွား မတတ် ကိုက်လိုက်သည်။ ပြီးတော့ မောင်ထွန်း နံဘေးမှာ ထိုင်ချလိုက်သည်။ အလွန် ကြည်လင်တောက်ပသည့် မောင်ထွန်း၏ မျက်လုံးအစုံတို့ဖြင့် သူ့ကို ကြည့်စေချင်သည်။ မဖြစ်နိုင်တော့ပြီ၊ မောင်ထွန်း၏ နဖူးပေါ်တွင် ရွှေခြည် ငွေခြည်တန်းသလို ကျနေသည့် ပြောင်းဖူးမွေးများကို သူ့လက်ဖြင့် အသာအယာ ဖယ်လိုက်သည်။ မျက်ရည်များကို သူ မတားနိုင်တော့။

"ကျွန်တော်တို့ အခမ်းအနား ဒီနေ့ည လုပ်မလား"

ဟု မောင်ချစ်ကြီးက ကိုညိုပုကို မေးလိုက်သည်။

"လုပ်မယ်"

"မောင်ထွန်းကို ဘယ်တော့ သင်္ဂြိုဟ်မလဲ"

"ဒီညနေ သင်္ဂြိုဟ်မယ်"

ကောင်ဟွာရွာမှ ရွာသားသုံးယောက်၊ ဘာလန်းရွာမှ မောင်စနှင့် ဒေးတား





ရွာမှ ထွန်းခိုင်တို့ကို ပါတီဝင်အဖြစ် လက်ခံသည့် အခမ်းအနား ယနေ့ ကျင်းပ ရန်ရှိသည်။ ပါတီကို အလွန်ချစ်သည့် ပါတီဝင်ရဲဘော် မောင်ထွန်းကား ဤ အခမ်းအနားသို့ တက်နိုင်ရှာတော့မည် မဟုတ်ချေ။

ထိုအခိုက် ဦးလေးပါ ရောက်လာသည်။ ပရိသတ်က ဦးလေးပါအတွက် လမ်းဖယ်ပေးလိုက်ကြသည်။ ဦးလေးပါသည် တိုက်ပွဲဖြစ်နေခိုက်တွင် လျှို့ဝှက် စခန်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးများကို တာဝန်ယူကာ ကာကွယ်စောင့် ရှောက်နေခဲ့သည်။

ဦးလေးပါသည် တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေပြီ။ ဆံပင်တို့လည်း အနည်းငယ်သာ ကျန်တော့သည်။ သူ့မျက်လုံးများသည် အတွင်းသို့ ချိုင့်ဝင်နေ ကြ၏။ မောင်ထွန်း၏အလောင်းကို မျက်တောင်မခတ်ဘဲ သူ စိုက်ကြည့်နေ သည်။ သူ မငို။ သူ့မျက်လုံးထဲမှ မျက်ရည် တစ်စက်မျှ ထွက်မလာ။

သို့သော် မောင်ထွန်းကိုကြည့်ရင်း သူ စဉ်းစားနေသည်။ သည်နေရာတွင် သူ့သား လဲလျောင်းနေခြင်း မဟုတ်ဘဲ သူကဲ့သို့ အသက်အရွယ်ကြီးသည့် အဘိုး ကြီးသာ ဖြစ်ပါက မည်မျှ ကောင်းချိမ့်မည်နည်းဟု သူ စဉ်းစားနေသည်။ တိုင်း ပြည်အတွက် မောင်ထွန်းလို ငယ်ရွယ်သူအနေဖြင့် အလုပ်လုပ်စရာတွေ အများ ကြီး ကျန်နေသေးသည်။

ထိုညနေက မောင်ထွန်းကို စစ်အခမ်းအနားဖြင့် စစ်သူရဲကောင်းများကို သင်္ဂြိုဟ်သည့် ထုံးစံအတိုင်း ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြသည်။ ရွာလုံးကျွတ်၊ နယ်လုံးကျွတ် သည်အခမ်းအနားသို့ တက်ကြသည်။ မောင်ထွန်း၏ ဂုဏ်ပုဒ် များကို ထုတ်ဖော်ချီးကျူးကြသည်။

မောင်ထွန်းကား ကျဆုံးခဲ့လေပြီ။ သို့သော် မောင်ထွန်း ချစ်မြတ်နိုးသည့် ပါတီကား အင်အားနှစ်ဆမျှမက ကြီးမားတိုးတက်လာပြီတည်း။

* * *

ရက်ပေါင်းသုံးဆယ်ကြာ တိုက်ပွဲအပြီး ကိုညိုပုသည် ခရိုင်ကော်မတီ အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

ပါတီ၏ အစီအစဉ်ဖြင့် မောင်စကို မြေပြန့်သို့ပို့ကာ ကျောင်းဆက်တက် စေသည်။ မောင်ချစ်ကြီးသည် ကောင်ဟွာရွာ ပြောက်ကျားတပ်ဖွဲ့၏ ခေါင်း ဆောင် ဖြစ်လာသည်။ ဦးလေးပါသည် နယ်မြေဒေသပါတီ ကော်မတီဝင် ဖြစ် လာသည်။

ကိုညိုပုသည် ချလေးတောင်မျှသာမက မြေပြန့်ရှိ ရွာများသို့ပါ မနားမနေ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး စည်းရုံးရေးများ၊ ရပ်ရွာအေးချမ်းသာယာရေးများ၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးများ၊ ပြောက်ကျားတပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းရေးများကို လုပ်ကိုင်နေရ သည်။ သူ့ရွာသို့ပင် မကြာခဏ ပြန်လာနိုင်ခြင်း မရှိတော့။

တစ်ညတွင် ကိုညိုပုသည် ဒီအိုးရွာတွင် လျှို့ဝှက်ရွာ တည်ဆောက်နည်း များကို ပြသပြီး ပြန်လာခဲ့၏။ လမ်းခုလတ်ရောက်သောအခါ ဘားမြစ်၏ ဟိုမှာ ဘက်ကမ်းတွင် လူအမြောက်အမြားကို လှမ်းတွေ့နေရသည်။ မည်သူတွေ ဖြစ် မည်နည်း။ သူတို့သည် ဥဒဟို သွားလာကာ ကျယ်ကျယ်လောင်လောင် စကား များ ပြောဆိုနေကြ၏။ အားလုံး ပျော်မြူးနေကြပုံရသည်။ ကိုညိုပုသည် ဘားမြစ် တစ်ဖက်ကမ်းသို့ ကူးလိုက်သည်။ သစ်ပင်တစ်ပင်၏နောက်မှာ ကွယ်လိုက်သည်။

မိမိတို့၏ မျိုးချစ်တပ်မတော်ကြီး ဆိုက်ရောက်လာတော့မည့် သတင်းကို ယမန်နေ့ကပင် သူသိခဲ့ပြီး ဖြစ်သည်။ ယခု မျိုးချစ်တပ်မတော်သားများကို မြင်တွေ့ရသောအခါကျမှ ထိုအကြောင်းကို ကိုညိုပု သတိရတော့သည်။ သူတို့ ရောက်လာကြပါပေါ့ကလား။

ကိုညိုပုသည် သစ်ပင်နောက်ကွယ်မှ ရှေ့သို့ ခုန်ထွက်လိုက်သည်။

လက ထိန်ထိန်သာနေသည်။

သူတို့ စောင့်မျှော်နေခဲ့ကြသည့် မျိုးချစ်တပ်မတော်သားများ ဖြစ်ပါသည်။ တောင်ပေါ်ပစ် အမြောက်ကြီးများ၊ စက်အမြောက်ကြီးများဖြင့် ရွှင်လန်းအားရ ဖွယ်ကောင်းသော တပ်မတော်သားများ။

ကိုညိုပုသည် တောင်ကမူ တစ်ခုပေါ်သို့ တက်လိုက်သည်။ လရောင် အောက်တွင် တောင်ကမူပေါ်၌ စစ်သူရဲကောင်းကြီး ကိုညိုပု ရပ်နေပုံမှာ သူ့ရဲ ကောင်းမာန် အလွန် ပါပါသည်။

သူ့ရင်ဘတ်မှာ ကြည့်ပါဦး။ သမ္မတကြီးဟိုချီမင်းကိုယ်တိုင် ပေးအပ်သည့် စစ်သူရဲကောင်းတံဆိပ်များ၊ စံပြလုပ်သားတံဆိပ်များ။ ကာတိုင်သေနတ်ကိုလွယ် ပြီး သမ္မတကြီးဟိုချီမင်း ပေးလိုက်သည့် ယူနီဖောင်းကို ဝတ်ဆင်ထားသော ကိုညိုပုသည် သူ့ရဲကောင်းကြီးပီပီ အလွန်တရာ ခံ့ညားနေပါသည်။

သူ့ရှေ့မှ ဖြတ်သွားကြသော တပ်မတော်သားတို့သည် သူ့ကို မြင်တွေ့ လိုက်ကြသောအခါ လှိုက်လှိုက်လှဲလှဲ လေးလေးစားစားကြီး အလေးပြုသွားကြ သည်။ ပြီးတော့ စစ်သူရဲကောင်းကြီး ရဲဘော်ညိုပု သည်နေရာတွင် ရှိနေကြောင်း သူတို့အချင်းချင်း လက်ဆင့်ကမ်း သတင်းပို့ကြသည်။

ထိုသတင်းသည် သည်နေရာတစ်ဝိုက်မှာ ချက်ချင်း တောမီးလို ပျံ့နှံ့





သွားသည်။ တပ်မတော်သားများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ သည်။ တောင်ကမူပေါ်မှ ကိုညိုပုကို အလေးပြုကြသည်။ သူ့ရင်ဘတ်ပေါ်မှ စစ်သူရဲကောင်းတံဆိပ်များသည် လရောင်တွင် တဖိတ်ဖိတ်လက်၍ နေပါသည်။

ကိုညိုပုသည် အလွန် ရွှင်လန်းလာ၏။ အလွန် အားတက်လာ၏။ သူ့ကို အလေးပြုသွားကြသည့် ငယ်ရွယ်နုပျိုသော တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားကလေးများကို လေးလေးစားစား ပြန်၍ အလေးပြုကာ စေ့စေ့ စပ်စပ် ကြည့်ရင်း ပီတိဖြစ်နေ၏။

"ရဲဘော်ညိုပု မဟုတ်လားဗျို့"

ဟု တစ်ယောက်က လှမ်းအော်မေးသည်။ နောက်တစ်ယောက်က ချီ တက်နေသည့် လူအုပ်ထဲမှ ထွက်လာကာ ကိုညိုပုလက်ကို ဖမ်းဆွဲလိုက်သည်။

"ရဲဘော်ညိုပု ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

ဟု မေးပြန်သည်။

ကိုညိုပုသည် ထိုရဲဘော်၏လက်ကို ပြန်ဆုပ်ကိုင်ထားသည်။ နောက်တစ် ယောက်လာပြီး နှုတ်ဆက်ပြန်သည်။ သူတို့ကို ကိုညိုပု မမှတ်မိပါ။ နောက်တစ် ယောက် ရောက်လာပြန်သည်။ သူတို့ နှုတ်ဆက်ပြန်သည်။

"ရဲဘော်ညိုပု၊ ကျွန်တော် အရင်တုန်းက ဗိုလ်အောင်ဒွန်းတပ်နဲ့ ပါလာဖူး တဲ့ ရဲဘော်ပါ"

"အို"

ကိုညိုပုသည် တစ်လုံးသာ ပြောနိုင်သည်။ မည်သည့်နည်းနှင့်မျှ မမှတ်မိ နိုင်ပါ။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ တိုက်ပွဲပေါင်း များစွာကို ကျော်ဖြတ်ခဲ့ပြီးပြီ။ လူပေါင်းများစွာနှင့် ဆုံတွေ့ခဲ့ပြီးပြီ။ ကိုညိုပု မမှတ်မိနိုင်ပါ။ ဗိုလ်အောင်ဒွန်း တပ်ကဟု ဆိုသောကြောင့် သူ အလွန် ပျော်သွားသည်။ သူ့အသက်သည် ဆယ့်ငါးနှစ်လောက် ပြန်ငယ်သွားသည်။ ထိုရဲဘော်ကို တင်းတင်းကျပ်ကျပ်ကြီး ပြန်ဖက်ထားလိုက်မိသည်။

"ရဲဘော်ညိုပု၊ ကျွန်တော်တို့ ရှေ့ကို ဆက်ချီတက်ရဦးမယ်။ ကျွန်တော်တို့ ပြန်တွေ့ကြသေးတာပေါ့။ ဒါထက် မောင်ထွန်းကလေး တစ်ယောက်ရော ကြီးလှရောပေါ့နော်။ နေကောင်းတယ် မဟုတ်လား"

ကိုညိုပု ရင်ထဲမှာ ဆို့သွားသည်။ ဘာစကားမှ ပြန်ပြီး မပြောနိုင်တော့။ သူတို့အားလုံး သူ့မျက်စိအောက်မှ ထွက်ခွာကာ ပျောက်ကွယ်သွားကြသည်။ ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ တစ်မိုးလုံးအပြည့် ကြယ်များကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ယခု မျိုးချစ်တပ်မတော်ကြီးမှ ရဲဘော်တို့သည်လည်း ကောင်းကင်မှ ကြယ်ပွင့်များသဖွယ်ပါတကား။

သူသည် ခရိုင်ကော်မတီရုံးသို့ ဆက်ထွက်ခဲ့သည်၊ နောက်နေ့မှစပြီး တစ်နယ်လုံးတွင်ရှိသော ရွာပေါင်းများစွာသို့ ကာဘိုင်သေနတ်တစ်လက် လွယ်ကာ လှည့်လည် လှုပ်ရှားနေသည့် ကိုညိုပုကို လူတိုင်း မြင်တွေ့ကြရသည်။ သူတို နေရာတကာမှာ တွေ့သည်။ ရွာတိုင်းမှာ တွေ့သည်။ စကားဝိုင်းတိုင်းမှာ တွေ့သည်။ တောင်ယာတိုင်းမှာ တွေ့သည်၊ အလွန် အလုပ်လုပ်နိုင်သည့် ရဲဘော်ညိုပု ဖြစ်ချေသည်။

* * *

နွေဦးပေါက်သည်နှင့် တစ်ပြိုင်တည်း မိမိတို့ဘက်က ရရှိသည့် အောင်ပွဲတို့သည် မရေမတွက်နိုင်အောင် ဖြစ်လာသည်။ ရန်သူတို့ အခိုင်အမာ တပ်စွဲထားသည့် ကုန်းတွင်းစခန်းကို ရက်ပေါင်း နှစ်ဆယ်ကြာအောင် မိမိတို့ တပ်များက ထိုးဖောက် တိုက်ခိုက်ကြသည်။ ပြီးတော့ စတုရန်းမိုင်ပေါင်း (၁၄၀၀၀) ကျယ်ဝန်းသည့် နယ်မြေကြီးကို ရန်သူလက်မှ ပြန်လည် သိမ်းပိုက်ကာ လွတ်မြောက်စေလိုက်သည်။

ချူလေးတောင်မှာ တောပန်း တောင်ပန်းများဖြင့် အလှထူးနေပြီ။ ချူလေးတောင်ပေါ်နှင့် တောင်ခြေရှိ ရွာပေါင်းများစွာတို့တွင်လည်း စိမ်းလန်းစိုပြည်သော တောင်ယာစိုက်ခင်းများဖြင့် အသာယာကြီး သာယာနေပြီ။

ကိုညိုပုတို့၏ ကောင်ဟွာရွာအပါအဝင် နယ်မြေသည် ရန်သူသိမ်းပိုက်ထားသော နယ်မြေနှင့် မိမိတို့ ပြန်လည် သိမ်းပိုက်ကာ လွတ်မြောက်စေလိုက်သည့် နယ်မြေများ၏ စပ်ကြားနယ်နိမိတ် ဖြစ်နေသည်။ ထို့ကြောင့် ဤနယ်တစ်ဝိုက်တွင် စောစောက ကိုညိုပုတို့ စိုက်ထူထားခဲ့ကြသည့် ခြောင့်များကိုလည်း ပြန်လည် ရှင်းလင်းကြသည်၊ မိမိတို့တပ်များ ချီတက်ရာတွင် အနှောင့်အယှက် မဖြစ်စေရန် လမ်းရှင်းပေးကြသည်။

ခေါင်းဆောင်ကြီး ဟို၏ မွေးနေ့သို့ ရောက်ရန် ရက်အနည်းငယ်သာ လိုတော့သော မေလ။

တစ်ပြည်ထောင်လုံး အုတ်သော်သောင်းတင်း ဖြစ်သွားစေသည့် သတင်းကြီးတစ်ပုဒ်ကို ကြားလိုက်ကြရသည်။

သောင်းလူမျိုးနှင့် ကင်းလူမျိုး တောင်သူလယ်သမားများ ပါဝင်ဖွဲ့စည်းထားသော မိမိတို့၏ မျိုးချစ်တပ်မတော်ကြီးသည် ဗီယက်ဘက် တောင်တန်းများ





အနီးရှိ ရန်သူ၏ အကြီးမားဆုံးနှင့် အင်အား အတောင့်တင်းဆုံးသော ဒိန်ဘင်ဖူးခံတပ်ကြီးကို အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်ကြပြီဆိုသော သတင်းကြီးပင် ဖြစ်လေတော့သည်။

မိမိတို့ဘက်က နယ်မြေသိမ်း တိုက်ပွဲများကို အရှိန်အဟုန် ကြီးမားစွာဖြင့် ဆက်လက် ဆင်နွှဲနေသည်၊ နယ်မြေပေါင်း များစွာကိုလည်း လွတ်မြောက်စေလျက် ရှိသည်။

ကောင်ဟွာ၊ ဘာလန်း၊ တာလမ်း၊ ကုန်းမာ၊ ဒေးတား၊ ဟာရိုးရွာများတစ်ဝိုက်တွင် ပစ်သံခတ်သံများ လုံးဝ စဲသွားပြီ။ ရန်သူများ လုံးဝ ဆုတ်ခွာသွားကြပြီ။ သူတို့ယာ၊ သူတို့လယ်ကို ရွာသူရွာသားတို့ ပျော်ပျော်ပါးပါးဖြင့် အေးအေးချမ်းချမ်း စိုက်ပျိုးလုပ်ကိုင် စားနိုင်ကြပြီ။

တိုင်းပြည် လွတ်လပ်ရေး ရပြီဆိုလျှင် ပို၍ မြေဩဇာကောင်းသည့် ရာသီဥတုလည်း သမမျှတသည့် အမှတ် (၁၉) လမ်းမကြီး၏ ဘေးသို့ မိမိတို့ရွာများကို ရွှေ့ပြောင်းကာ ဆယ်ဆတိုးပြီး စိုက်ပျိုးရေးများ လုပ်လိုက်မည်ဟုလည်း ကိုညိုပု ကြံရွယ်ထားသည်။

အမှတ် (၁၉) လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်ရှိ ယမ်းငွေ့မပြယ်သေးသော မြေကွက်များကို ယခင် စစ်မြေပြင်ဖြစ်ခဲ့ရာမှ မကြာမီ စိုက်ခင်းများအဖြစ်သို့ ပြောင်းပစ်လိုက်မည်ဟု သူ အားခဲထားသည်။

သို့သော် သူမှာ အနားမရနိုင်သေး။ အလုပ်နှင့်လက် မပြတ်သေး။

* * *

တို့ကိုခွဲလို့ တော်လှန်ရေးစစ်ပွဲ ဆက်လက် ဆင်နွှဲမယ့်သူရယ်၊
မင်းလျှောက်ရမယ့်လမ်းက သာယာဖြောင့်ဖြူးလှပါတယ်။ အသည်း
လက်ဆောင် ပေးလိုက်ပါရဲ့၊ မေတ္တာလက်ဆောင် ပါးလိုက်ပါတယ်။
တို့ကိုခွဲလို့ တိုက်ပွဲ ဆင်နွှဲမယ့် သူရဲကောင်းကြီးရယ်။
မင်းလျှောက်ခဲ့တဲ့ လမ်းအသွယ်သွယ်၊ မင်း ချမှတ်ခဲ့တဲ့ လမ်းစဉ်ကိုကွယ်၊
တစ်သဝေမတိမ်းရအောင် တို့ထိန်းလို့ လျှောက်ပါ့မယ်။ ဖဝါးခြေထပ်
လိုက်ပါ့မယ်။ မင်း ပျောက်ကွယ်ပေမယ့်လည်း မင်းအပြန်လမ်းကို ရော်
ရမ်းလို့ မျှော်မှန်းနေတော့မယ်။

ကျောက်ဆောင် ကျောက်တုံးများ အကြားတွင် စမ်းချောင်းမှ ရေစီးသံသဖွယ် သာယာနာပျော်ဖွယ်သော မိန်းကလေးတို့၏ သီချင်းသံသည် ခေါင်းလေနှင့်အတူ လွင့်ပျံ့မျောလာသည်။ သီချင်းဆိုနေသူ အားလုံးတို့၏ ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



များကား ငိုက်စိုက်ကျလျက်၊ သူတို့၏ မျက်လုံးအစုံတို့မှလည်း မျက်ရည်များ အသွယ်သွယ် စီးကျလျက်။

မောင်ချစ်ကြီးသည် ပလွေကို လွှမ်းမောဖွယ်ကောင်းအောင် ချွဲကူနေသည်။ သူ့လျှာသည် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။ သူ့လက်များသည် ပလွေပေါက်ကို အလွဲလွဲ အချော်ချော် ပိတ်မိဖွင့်မိနေ၏။ သူ့မျက်လုံးအိမ်မှ စီးကျနေသည့် မျက်ရည်များသည်လည်း ပလွေတွင်းသို့ စီးဝင်သွားသည်။

ကိုညိုပုသည် ကျောက်ရုပ်လို မလှုပ်မယှက် ထိုင်နေသည်။ သူ့ခေါင်းထဲမှာ အတွေးမျှင်များ ရောထွေးနေသည်။ သူ့ရင်ထဲမှာ မီးဟုန်းဟုန်း တောက်နေသည်။ သားငယ်သည် လက်ချောင်းကလေးများကို ပါးစပ်အတွင်းသို့ သွင်း၍ စုပ်ယူရင်း ကျန်လက်တစ်ဖက်ဖြင့် သူ့လည်ပင်းကို သိုင်းဖက်ထားသည်။

ကလေးငယ်သည် ဘာကိုမှ မသိ။ ဘာကိုမှ နားမလည်။ သူ့ပတ်လည်မှာရှိသော လူများအားလုံး ငိုရှိုက်နေကြသည်။ ဘာအတွက် ငိုရှိုက်နေကြသည်ကို သူမသိ။ သိရန်လည်း သူ့အသက်က ငယ်လွန်းသေးသည်။ နားမလည်နိုင်တော့သည့် အဆုံးတွင် ဖခင်၏လည်ပင်းကို လက်နှစ်ဖက်စလုံးဖြင့် သိမ်းကျုံး၍ ဖက်လိုက်သည်။ ကိုညိုပုက ခြောက်ကပ်စွာ တစ်ချက်ရှိုက်လိုက်ပြီး သားငယ်ကို ပွေ့ယူလိုက်သည်။

"သားလေး၊ မင်းက သိပ်ငယ်လွန်းတော့ ဘာမှ သိမှာမဟုတ်ဘူး။ ဒီနေ့တစ်ပြီး မင်းမှာ အမေ မရှိတော့ဘူး။ မင်းဟာ မိတဆိုးကလေးအဖြစ်နဲ့ လောကမှာ လျှောက်ရဦးမယ်။ မင်း လူလားမြောက်လာရင်လည်း မင်းအမေကို မင်းမှတ်မိနိုင်တော့မှာ မဟုတ်ပါဘူးကွယ်။ အခု ဟောဒီ ချောင်းကမ်းနံဘေးက သစ်ပင်ကြီးအောက်မှာရှိတဲ့ အဲဟို မြေပုံကလေးထဲမှာ မင်းအမေ အိပ်ပျော်နေပြီ။ သူ ဘယ်တော့မှ ပြန်နိုးလာတော့မှာ မဟုတ်ဘူး"

ကိုညိုပု အသံသည် တဖြည်းဖြည်း တိမ်ဝင်သွားသည်။ သူသည် ခြောက်ကပ်စွာ ရှိုက်လိုက်ရင်းဖြင့် သားငယ်ကို အကြင်နာတရား ကြီးမားစွာ တင်းတင်းကြီး ပွေ့ထားလိုက်မိသည်။

စည်းရုံးရေးကိစ္စများဖြင့် ကိုညိုပု ခရီးလွန်နေတုန်း မလေးယု နေမကောင်းဖြစ်သည်။ သုံးရက်မျှသာ အပြင်းအထန် ဖျားလိုက်ပြီး ကွယ်လွန်သွားခြင်းဖြစ်သည်။ ရဲဘော်ဒွေးသည် သူတတ်နိုင်သည့်နည်းဖြင့် မလေးယု အသက်ကို အစွမ်းကုန် လုယူသည်။ ခရိုင်ကော်မတီကလည်း လိုအပ်သည့် ဆေးစွမ်းကောင်းမျိုးစုံတို့ကို ပို့ပေးသည်။ သို့သော် သေခြင်းတရားကို မလေးယုခမျာ မလွန်ဆန်





နိုင်ရှာတော့။

မလေးယုသည် ရက်ပိုင်းအတွင်းမှာပင် ပါတီဝင် ဖြစ်တော့မည့် ရဲမေဖြစ်သည်။ ခရိုင်ကော်မတီသို့ တင်ပြထားပြီး ဖြစ်သည်။ ခရိုင်ကော်မတီကလည်း သဘောတူထားပြီး ဖြစ်သည်။

ကိုညိုပုသည် သူ့ဇနီး အလိမ္မာအကြောင်းကို တသိကြီး စဉ်းစားနေမိသည်။

ယောက်ျားများနှင့်တန်းတူ ရင်ပေါင်တန်းပြီး အလုပ်လုပ်ခဲ့သည့် မိန်းမ၊ နိုင်ငံရေးတာဝန်များနှင့် ခင်ပွန်းဖြစ်သူ အလုပ်များနေပြီး အိမ်ကိစ္စများကို ပြန်မကြည့်နိုင်သည့်အခါများတွင် လိုလေသေး မရှိအောင် သူကိုယ်တိုင် မညည်းမညူ လုပ်ခဲ့သည့်မိန်းမ။ မည်မျှပင် အလုပ်ပင်ပန်းစေကာမူ အပြုံးမပျက်ဘဲ သီချင်းတအေးအေးဖြင့် ဖွဲ့ကောင်းခဲ့သော မိန်းမ။ လင်၏ အကြိုက်မှန်သမျှကို မတွန့်မတိုစတမ်း လိုက်လျောနိုင်ခဲ့သည့် မိန်းမ။

ယခု နောက်ဆုံး အိပ်စက်ခြင်း အနေဖြင့် အိပ်ပျော်သွားချေပြီ။

မလေးယုကို သင်္ဂြိုဟ်ပြီး နောက်နှစ်ရက်အကြာတွင် ရဲဘော်ဒွေးက ကိုညိုပုကို စာတစ်စောင် လာပေးသည်။

ကိုညိုပုကို မြောက်ပိုင်းသို့ စေလွှတ်ရန် ပါတီက ဆုံးဖြတ်လိုက်သည့်အကြောင်း၊ မြောက်ပိုင်းဒေသတွင် တပ်မတော်ကြီးတစ်ခု အသစ်ဖွဲ့စည်း တည်ထောင်ရာတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်တာဝန်ယူရမည့်အကြောင်း၊ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီးစီးသောအခါကျမှ ပြန်လာရမည့်အကြောင်း။

ပို၍ ကြီးမားသော ရာထူးအဆင့်ဖြင့် တာဝန်ကြီးများကို ကိုညိုပု ထမ်းဆောင်ရပေဦးတော့မည်။

အမေသည် ဘေးမှာရပ်ပြီး သူတို့အားလုံးကို ငေးကြည့်နေသည်။

အမေ့ဆံပင်များ ဖြူလှပြီ။ အမေသည် ခါးပိုကိုင်းလာပြီဖြစ်ရာ ယခင်ကထက် အရပ် ပိုပုသွားသည်။ ယခု လူလွတ်ချည်း လမ်းမလျှောက်နိုင်တော့။ တောင်ဝှေးအကူ ယူရပြီ။ သည်အချိန်မှာပင် ချွေးမက ကွယ်လွန်သည်။ ယခု သားနှင့် မြေးက တစ်ရပ်တစ်ကျေးသို့ သွားကြဦးတော့မည်။ သူ မည်သူနှင့်နေမည်နည်း။

သူတို့မှာ တိုက်ပွဲတွေ ရှိသေးသည်။ ယခင်က ကျူးကျော်သူ ဗြိတိသျှနယ်ချဲ့တစ်ဦးတည်းကိုသာ တိုက်ခဲ့ရသည်။

ယခု အမေရိကန်နှင့် အမေရိကန်၏ ရုပ်သေးသမ္မတ ငိုဒင်းဒင် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည့် အစိုးရ။

သူတို့ တိုက်ပွဲများသည် မပြီးသေး။ ပို၍ ကြီးမားသော၊ ပို၍ အချိန်ကြာမြင့်သော တိုက်ပွဲများကို တစ်ပြည်လုံး စည်းလုံးညီညွတ်သောအားဖြင့် တိုက်ကြရဦးမည်။

"အမေ၊ ကျွန်တော်တို့မှာ ရန်သူတွေ ရှိနေသေးတယ်။ ပိုပြီး အင်အားကြီးမားတဲ့ ရန်သူတွေ ရှိနေသေးတယ်။ ပိုပြီး ကောက်ကျစ်စဉ်းလဲတဲ့ အမေရိကန်နဲ့ ငိုဒင်ဇင်အစိုးရဆိုတဲ့ ရန်သူတွေကို ဆက်လက် ချေမှုန်းဖို့ ကျန်နေသေးတယ်။

ဦးလေးဟိုရဲ့ တာဝန်ပေးတာကို ကျွန်တော် လက်မခံဘူးဆိုရင် ရန်သူတွေ ပိုအားကောင်းသွားလိမ့်မယ်။ ဦးလေးဟို သွန်သင်တာတွေကို ကျွန်တော် လက်မခံဘူး ဆိုရင် ကျွန်တော်တို့ဘက်က အင်အားပိုနည်းသွားလိမ့်မယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ၊ ကျွန်တော်တို့ ရွာသားတွေ၊ ကျွန်တော်တို့ မိသားစုတွေ အေးအေးချမ်းချမ်း နေနိုင်ကြဖို့အတွက် ကျွန်တော်တို့ တိုက်ပွဲဆက်ဝင်ကြရဦးမယ်။ အမေ ဘာမှ မပူပါနဲ့။ ကျွန်တော် မရှိပေမယ့် ကျွန်တော်တို့ရွာသားတွေက အမေ့ကို သူတို့အမေ အရင်းတစ်ယောက်လို စောင့်ရှောက်ကြပါလိမ့်မယ်"

ကိုညိုပုသည် သူ့အမေကို အကျိုးအကြောင်း ရှင်းပြသည်။ အမေအိုတိုသည်ရွာသားတွေ၏ လက်မှာသာ အပ်ခဲ့ရတော့မည်။ သို့သော် သူ စိတ်ချပါသည်။ သူ့ရွာသားများအကြောင်း၊ သူ့ရဲဘော်များအကြောင်း၊ သူ့လူမျိုးများအကြောင်းကို သူ ကောင်းကောင်း သိပါသည်။

"သားရယ် ပျားရည်တစ်ပုလင်းလောက် ယူသွားပြီး ဦးလေးဟိုကို ပေးလိုက်ပါဦး"

BURMESE CLASSIC

* * *

မြှောရုံမှာ အားလုံး စုဝေးနေကြသည်။ ကိုညိုပုကို နှုတ်ဆက်ပွဲ ကျင်းပကြခြင်း ဖြစ်သည်။

ကိုညိုပုသည် စကား အနည်းငယ်ပြောရန် ကြိုးစားကြည့်၏။ သို့သော် တစ်လုံးမျှ ထွက်မလာ။ ရဲဘော်ဌေးသည် စကားအနည်းငယ်ပြောရန် ကြိုးစားကြည့်၏။ သို့သော် တစ်လုံးမျှ ထွက်မလာ။

ကိုညိုပုသည် မောင်ချစ်ကြီး၊ ဦးလေးပါ၊ ကိုမောင်စစ်၊ မတူး၊ ဘကြီးဆန်း၊ ဘကြီးသိန်း၊ မောင်စ သူ့ရဲဘော်များ၊ သူ့ရွာသားများ၏ မျက်နှာများကို တစ်လှည့်စီ ကြည့်နေသည်။ သူတို့မျက်နှာများကို မီးရောင်က ထိုးလိုက်သောအခါ ရွှေရောင်ပေါက်သွားသည်။





သူ့အတွေးများသည် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလသို့ ပြန်ရောက်သွားသည်။

သစ်ဖုသစ်ဥနှင့် သက်ငယ်ပြာကိုစားကာ ဒုက္ခခံခဲ့ကြသည့်အကြောင်းများ၊ ကျောက်လက်နက်ကို ကိုင်စွဲပြီး တောင်ယာခုတ်ခဲ့ကြရသည့် အကြောင်းများ၊ လေးမြှားကိုဆွဲပြီး နယ်ချဲ့ကို တွန်းလှန်ခဲ့ရသည့် တော်လှန်ရေးတိုက်ပွဲများ။

ယခု အစစပြောင်းလဲလာပြီ။ ဦးလေးပါသည် ခါးမကုန်းသေး၊ မောင်တွန်းကွယ်လွန်ပြီးသည့် နောက်ပိုင်းတွင် တောင်ယာသုံးကွက်ကို ဇွဲကောင်းကောင်းနှင့် လုပ်ကိုင်နေသေးဆဲ ဖြစ်သည်။

ဘကြီးဆန်းသည် ပါတီဝင် ဖြစ်လာပြီ။ နတ်များကို ယခင်ကလောက် ပသကိုးကွယ်ခြင်း မရှိတော့။ သူ့ဝသီအတိုင်း ပုံတိုပတ်စများကိုကား ပြောနေဆဲဖြစ်သည်။ သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူး အကြောင်းကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျ ပြောနေသေးဆဲ ဖြစ်သည်။ သို့သော် သူ့ဗိုလ်အောင်ထူးပုံပြင်သည် ယခင်ကလို မဟုတ်တော့။

"တို့ပျောက်သွားတဲ့ ဗိုလ်အောင်ထူးရဲ့ဓားကို အခု တို့ရပြီကွ။ ဗိုလ်အောင်ထူးရဲ့ဓားဟာ ဘာလဲဆိုရင် စည်းလုံးညီညွတ်မှုပဲ။ ကင်းလူမျိုးတွေနဲ့ သောင်းလူမျိုးတွေ ညီညွတ်ရေးရကြတယ်။ တို့တိုင်းရင်းသားတွေ အားလုံး စည်းလုံးကြတယ်။ အရင်တုန်းက ဗိုလ်အောင်ထူးရဲ့ဓားကို ဘယ်သူမှ ရအောင် ရှာမပေးနိုင်ခဲ့ဘူး။ အခု ရပြီ။ ဒါဟာ ပါတီရဲ့ ကျေးဇူးပဲ။ ခေါင်းဆောင်ကြီး ဦးလေးဟိုရဲ့ ကျေးဇူးပဲ"

စသည်ဖြင့် သူ့ရဲကောင်းကြီး ဗိုလ်အောင်ထူး၏ ပျောက်ဆုံးသွားသော ဓားကို သူ ပြန်တွေ့နေချေပြီ။

မောင်စကို ကိုညိုပု လှမ်းကြည့်လိုက်သည်။ မောင်စသည် မြေပြန့်သို့ သွားပြီး ကျောင်းတက်ခဲ့သည်မှာ ရှစ်လကြာပြီ။ ယခု ကေဒါအဖြစ် ခေတ္တပြန်လာပြီး အလုပ်လုပ်ခြင်း ဖြစ်သည်။ ယခု သူ ကောင်းစွာ စာရေးတတ်ပြီ၊ ဖတ်တတ်ပြီ။ ဤရွာတွင်ရှိသော ကလေးများကိုလည်း စာပြန်သင်ပေးနေပြီ၊

သည်နယ်တစ်လွှားမှာရှိသော ဘာနားလူမျိုးများ တိုးတက်လာကြပြီ၊ အသိဉာဏ် ရင့်သန်လာကြပြီ။ မျက်စိပွင့်လာကြပြီ၊ သည်နယ်၏ ဟိုမှာဘက်သော နယ်များတွင်လည်း ယခင်က အဖိနှိပ်ခံ ပြည်သူများ ဖိနှိပ်ချုပ်ချယ်မှုအောက်မှ ရုန်းကန်ထွက်ရကောင်းမှန်း သိကြပြီ။

သည်နယ်တစ်လွှားတွင်ရှိသော ပြည်သူများ တိုးတက်လာကြသလို အခြား



www.burmeseclassic.com

www.burmeseclassic.com



နယ်များရှိ ပြည်သူများ တိုးတက်လာအောင် အစွမ်းကုန် ဆောင်ရွက်ဖို့အတွက် သူ တော်လှန်ရေးခရီး ဆက်ရဦးမည်။ လူမှုတော်လှန်ရေးများကို ဆက်လက် ဆင်နွှဲရဦးမည်။

ရွာသားများကို သူ ငေးကြည့်လိုက်သည်။ ရွာသားများ ပြောနေသည့် အသံများ သူ့နားထဲသို့ ဝင်လာသည်။

"ရဲဘော် အစ်ကိုကြီးညိုပု ခင်ဗျား။ အစ်ကိုကြီးညိုပုဟာ ခေါင်းဆောင်ကြီး ဦးလေးဟိုနဲ့ တွေ့ဆုံမယ့်သူ ဖြစ်ပါတယ်။ အဲဒီလို တွေ့တဲ့အခါမှာ ကောင်ဟွာ ရွာသားတွေ ဒီကနေ့ ငိုကြတဲ့အကြောင်း၊ မျက်ရည်ကျတဲ့အကြောင်း ဦးလေးဟို ကို ပြောမပြလိုက်ပါနဲ့ ခင်ဗျား။

ကျွန်တော်တို့ မငိုချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လာပြီး စီးကျလာတာသာ ဖြစ်ပါတယ်။ ဘာကြောင့် ဒီလို ဖြစ်ရသလဲဆိုရင် အစ်ကိုကြီးညိုပုကို ကျွန်တော်တို့ ချစ်ခင်မြတ်နိုးလေးစားကြ လို့ပဲ ဖြစ်ပါတယ်။

တောတွေ၊ တောင်တွေ၊ မြစ်ချောင်းအင်းအိုင်တွေ အသက်ရှည်သလို ခေါင်းဆောင်ကြီးဟို အသက်ရှည်ဖို့ ကျွန်တော်တို့ ကောင်ဟွာရွာသားတွေက ဆုတောင်းနေကြကြောင်း ပြောပြပေးပါ ခင်ဗျား။

ကျွန်တော်တို့ ဘာနားလူမျိုးတွေဟာ သက်ငယ်ပြာကို ဆားအဖြစ်စား၊ သစ်ခေါက်လျှော်ကို အဝတ်အဖြစ်နဲ့ဝတ်၊ ကျောက်လက်နက်တွေနဲ့ တောင်ယာ ခုတ်ပြီး ကျောက်တုံးကျောက်ဆောင်တွေ၊ တောတွေ၊ တောင်တွေကပါ အုံကြွ လာပြီး နယ်ချဲ့ပြင်သစ်ကို အနိုင်မခံ အရှုံးမပေးဘဲ တော်လှန်တိုက်ခိုက်အောင် စည်းရုံးနိုင်ခဲ့ကြကြောင်း ပြောပြပေးပါ ခင်ဗျား။

ရဲဘော်အစ်ကိုကြီးညိုပု ခင်ဗျား။ ကျွန်တော်တို့ နောက်ဆုံး မှာလိုက်ချင် တာကတော့ ပြင်သစ်နယ်ချဲ့ကို အဲဒီလို တိုက်ခိုက်နိုင်ခဲ့တဲ့ ကျွန်တော်တို့ ဘာနား လူမျိုးတွေကို အခု ရန်သူလက်သစ် အမေရိကန်နဲ့ ငိုဒင်ဇင် ရုပ်သေးအစိုးရက ဘယ်လိုနည်းနဲ့မှ နိုင်အောင် မတိုက်နိုင်ဘူး ဆိုတာ စိတ်ချ ယုံကြည်နေပါလို့ ခေါင်းဆောင်ကြီးဟိုကို ကျွန်တော်တို့က စကားလက်ဆောင် ပါးလိုက်ကြောင်း ပြောဖြစ်အောင် ဆက်ဆက်ပြောပြလိုက်ပါ ခင်ဗျား"

**အယောက်တော်လှအောင်**

(မှုရင်းစာပြီးနှစ်၊ ၁၉၅၃၊ ဒီဇင်ဘာ-၂)



www.burmeseclassic.com